http://www.dhammadownload.com



နတ်တို့ချစ်ရာ ဒေသနာတော်

[မဟာသမယသုတ္တန်များ အဖွင့်]

- ဤစာအုပ်ကို ဖတ်ရှုမည့် မမွေမိတ်ဆွေအား ကြိုတင် ပန်ကြားလိုသည်မှာ **ရှေးဦးအမှာ** နှင့် **မဟာသမယသုတ်၏ မဟာနိဒါန်း** တို့ကို ရှေးဦးစွာ ဖတ်ရှုရန် ဖြစ်ပါသည်။ သို့မှသာလျှင် ဤစာအုပ်တွင် ပါရှိသော သိဖွယ် မှတ်ဖွယ်၊ လက်တွေ့ ကျင့်သုံးဖွယ်များကို လွယ်ကူ ရှင်းလင်းစွာ နားလည် သဘောပေါက်မည် ဖြစ်ပါသည်။

- ဤစာအုပ်တွင် မဟာသမယသုတ် အပါအဝင် သုတ္တန်ကြီး ခုနစ်သုတ်ကို ပါဠိသက်သက်ဖြင့်လည်းကောင်း၊ ပါဠိနှင့် မြန်မာပြန်ဖြင့်လည်းကောင်း၊ သုတ္တန်ကြီး ၇ သုတ်၏ အဖွင့်အကျယ်ဖြင့်လည်းကောင်း စနစ်တကျ စီစဉ် ဖော်ပြထားပါသည်။ ထို့ပြင် မဟာသမယ သုတ္တန်များနှင့် ဆက်နွယ် ကျုံးဝင်လျက်ရှိသော ဇာတ်တော် ၇ ဇာတ်ကိုလည်း တသီးတသန့် စီစဉ် ဖော်ပြထားပါသည်။ ဖတ်ရှု လေ့လာသူ ဓမ္မမိတ်ဆွေများ လွယ်ကူ သက်သာစွာဖြင့် မှတ်သား ရယူနိုင်စေရန် ရှေးရှု ရည်ရွယ်ပါသည်။

- မဟာသမယသုတ္တန်များကို ရွတ်ဖတ်လျှင် နတ်ဒေဝတာတို့က ချစ်ခင်ပြီး စောင့်ရှောက် မစသည်ဟူ၍ မှတ်သားသိရှိသူ များစွာ ရှိနေပါသည်။ မည်ကဲ့သို့သော နတ်ဒေဝတာ အမျိုးအစားများပေနည်း၊ နတ်ဒေဝတာတို့၏ ချစ်ခင်စောင့်ရှောက်မှု ဟူသည်မှာ အဘယ်နည်း၊ နတ်ဒေဝတာတို့၏ ချစ်ခင် စောင့်ရှောက်မှုကို မည်သို့ ရရှိနိုင်သနည်း။ ထို အစောင့်အရှောက်ဖြင့် ကျန်ုပ်တို့ မည်သည့် အကျိုးကျေးဇူးများကို ရရှိနိုင်သနည်း စသည့် နတ်ဒေဝတာများနှင့်၊ ကျန်ုပ်တို့ လူသားများ သဘာဝကျကျ ဆက်သွယ်မှုကို ဤစာအုပ်တွင် လေ့လာ သိရှိနိုင်ပါသည်။

- **နတ်တို့ချစ်ရာ ဒေသနာတော်** မည်သော ဤစာအုပ်သည် ဖတ်ရှု လေ့လာ ကျင့်သုံးသူတိုင်း လောကီ အကျိုးစီးပွား၊ လောကုတ္တရာ အကျိုးစီးပွား လက်ငင်းဒိဋ္ဌ ရရှိခံစားနိုင်ကြလိမ့်မည်ဟု ကျန်ုပ်တို့ ယုံကြည်ပါသတည်း။

နှလုံးလှစာအုပ်တိုက်

http://www.dhammadownload.com

နှတ်ကျိုးရှင်ရာဇဒေသနာတော်

(ပုဒ်ရေ ၁၁၀ မှ ၁၁၁ ကျိုး ရာဇွန်)

မဘဏာ

(ပုဒ်ရေ)

နှလုံးလှစာတည်းအဖွဲ့က တည်းဖြတ်စီစဉ်သည်

http://www.mitanmadownload.com



ပဉ္ဇာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ပြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

http://www.dhammadownload.com

၁၅၈၄၆

နှလုံးလှစာတည်းအဖွဲ့က တည်းဖြတ်စီစဉ်သော

နတ်တို့ချစ်ရှာဒေသနာတော်

(မဟာသမယသုတ္တန်များအဖွင့်)

မာဏဝပြုစုသည်



နှလုံးလှ စာပေဖြန့်ချီရေး၊ စာတိုက်သေတ္တာအမှတ် ၈၇၊
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
[ဖုန်း - ၇၂၉၇၁]

http://www.dhammadownload.com

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၇၂ ခု၊ အောက်တိုဘာလ၊ အုပ်ရေ ၂၅၀၀။

မျက်နှာဖုံးပန်းချီ

စံတိုး

ဘလောက်

ဘသစ်နှင့် သားများ

အဖုံးရိုက်

လှုပအား

စာအုပ်ချုပ်

မင်းမင်းစိုး

ဦးချစ်အောင်(၀၂၀၇)၊ လုပ်အားပုံနှိပ်ဘိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဒေါ်သန်းစိန်(၀၁၁၀၂)၊ ပြည်သူ့မျက်မှန်စာပေ၊ ၁၉၂၊ စွန်နီရန်ပတ်၊ ကမ္ဘာအေးစတီလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

http://www.dhammadownload.com

[စာမူခွင့်ပြုချက်အမှတ်(၀၂၀၅) မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၀၆၃၅)]

http://www.dhammadownload.com



မာတိကာ

ရှေးဦးအမှာ	ဂ
မဟာသမယသုတ်၏ မဟာနိဒါန်း	၁၁
မဟာသမယသုတ် ပါဠိတော်	၄၅
သမ္မာပရိဗ္ဗာဇနီယသုတ် ပါဠိတော်	၅၅
ပုရာဘေဒသုတ် ပါဠိတော်	၅၉
ကလဟဝိဝါဒသုတ် ပါဠိတော်	၆၁
စူဠဗျူဟသုတ် ပါဠိတော်	၆၅
မဟာဗျူဟသုတ် ပါဠိတော်	၆၉
တုဝဋ္ဋကသုတ် ပါဠိတော်	၇၃
မဟာသမယသုတ် မြန်မာပြန်	၇၇
သမ္မာပရိဗ္ဗာဇနီယသုတ် မြန်မာပြန်	၉၃
ပုရာဘေဒသုတ် မြန်မာပြန်	၉၇
ကလဟဝိဝါဒသုတ် မြန်မာပြန်	၁၀၀
စူဠဗျူဟသုတ် မြန်မာပြန်	၁၀၅
မဟာဗျူဟသုတ် မြန်မာပြန်	၁၁၀
တုဝဋ္ဋကသုတ် မြန်မာပြန်	၁၁၅

http://www.dhammadownload.com



မာတိကာ

မဟာသမယသုတ် အဖွင့်	၁၂၀
သမ္မာပရိဗ္ဗာဇနီယသုတ် အဖွင့်	၁၂၉
ပုရာဘေဒသုတ် အဖွင့်	၁၅၃
ကလဟဝိဝါဒသုတ် အဖွင့်	၁၈၀
စူဠဗျူဟာသုတ် အဖွင့်	၁၉၄
မဟာဗျူဟာသုတ် အဖွင့်	၂၀၀
တုဝဋ္ဋကသုတ် အဖွင့်	၂၁၈
တုဝဋ္ဋကသုတ် အဖွင့် (၂)	၂၄၀
ဖဒ္ဒနဇာတ်	၂၆၁
ပထဝိဥဒ္ဒိယဇာတ်	၂၆၅
လဋုကိကဇာတ်	၂၆၉
ရုက္ခဓမ္မဇာတ်	၂၇၂
ဝဋ္ဋကဇာတ်	၂၇၅
အတ္တာဒဏ္ဍသုတ် မြန်မာပြန်ဆိုင်းအဖွင့်	၂၇၇
မဟာကုဏာလဇာတ်	၂၉၃
အကံ့ရာစဉ်အညွှန်း	၂၉၉

http://www.dhammadownload.com



ရှေးဦးအမှာ

စကြဝဋ္ဌာပေါင်း တိုက်တသောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့၏ ကြီးကျယ်လှစ္ဆာသော အစည်းအဝေးကို ပါဋိဘာသာအားဖြင့် **မဟာသမယ** ဟု ခေါ်ပါသည်။ ဒီဃနိကာယ်၊ မဟာဝဂ်မှ ဒုနစ်ခုမြောက် သုတ္တန်ဒေသနာတော်ကြီးမှာ ကြီးကျယ်လှစ္ဆာသော ထိုအစည်းအဝေးကြီး၌ ဘုရားရှင် ဟောကြားတော်မူခဲ့သဖြင့် အရှင်မဟာကဿပ စသော သင်္ဂီတိကာရက အရှင်မြတ်ကြီးများက မဟာသမယသုတ်၏ အမည်တပ်ကာ ပထမ သင်္ဂါယနာ သဘင်၌ မှတ်တမ်းတင်ခဲ့ကြပါသည်။ ထို အစည်းအဝေးကြီး၌ပင် ဘုရားရှင် ဆက်လက်၍ ဟောကြားတော်မူခဲ့သော သမ္မာပရိဗ္ဗာဇနီယသုတ် စသည်တို့သည်လည်း **မဟာသမယသုတ်များ**ဟု ခေါ်ဆိုနိုင်ပါသည်။

သုတ်မဟာဝဂ်၊ မဟာသမယ သုတ်ကို ဝှင့်ဆိုသော အရှင်မဟာဗုဒ္ဓ ဧသာသက (ဣဒံ ပန မဟာသမယသုတ္တနာမ ဒေဝတာနံ ပိယံ မနာပံ) ဟု မိန့်ဆိုခဲ့၏။ ဤမဟာသမယသုတ္တန်မည်သည် နတ်တို့ချစ်အပ်၊ မြတ်နိုးအပ်ပေသည်ဟု အဓိပ္ပာယ်ရ၏။ သုတ်မဟာဝဂ်၊ မဟာသမယ သုတ်ကို ဆိုသဖြင့် ထိုသုတ်နှင့်တဆက်တည်း ဟောကြားထားသော သုတ္တန်များလည်း ပါဝင်နိုင်ပါသည်။ ထို့ကြောင့် **နတ်တို့ချစ်ရာဒေသနာတော်** ဟု ဤစာအုပ်တွင် အမည်တပ်လိုက်ရပါသည်။

ဤသို့ဖွင့်ဆိုကားသည့်အတိုင်း နတ်တို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရသော ဤသုတ္တန်များကို ရှတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် နတ်တို့၏ ကူညီစောင့်ရှောက်မှုကို ခံယူနိုင်ပေသည်။ နတ်တို့၏ကူညီစောင့်စောင့်မှုကို ခံယူရသဖြင့်

http://www.dhammadownload.com

ကောင်းမြတ်သောအကြံအစည်များ ပေါ်ပေါက်လာကာ လောကီ လောကုတ္တရာ အကျိုးစီးပွားတို့ကို ရရှိနိုင်ပေသည်။

နတ်ဗြဟ္မာအပေါင်းတို့၏ စိတ်နှလုံးများ နူးညံ့ ပျော့ပျောင်းလာစေရန် ဘုရားရှင် ဟောကြားတော်မူကြောင်း မဟာသမယသုတ် အဌကထာက ဖွင့်ပြထား၏။ ထိုသို့ဟောကြားတော်မူပြီးနောက် စရိုက်ခြောက်ပါး ကွဲနေကြသော နတ်ဗြဟ္မာအပေါင်းအား စရိုက်အားလျော်သော သုတ္တန် ၆-ခုကို ဟောကြားတော်မူပါသည်။

သို့ဖြစ်၍ ဤသုတ္တန်များသည် နတ်တို့၏ကူညီစောင့်ရှောက်မှုကို ခံယူရုံမျှ သာမဟုတ်ပဲ လေးနက်လှသော ကရားသဘောများ ဆိုရှိနားလည်ရေး အတွက်လည်း လျှောက်ထားများလှပါသည်။ ထိုသုတ္တန် ၆-ခုတို့တွင် ၆၂-ပါး သောဒိဋ္ဌိတို့ကို ပယ်နိုင်ရေးအတွက် အထူးအရေးပေး၍ဟောကြားပါသည်။ ထိုဒိဋ္ဌိအယူတို့ကို တီကွင်ဖြန့်ဖြူး၍ ဆရာတဆူလုပ်နေကြသော ပုဂ္ဂိုလ်ကြီးများ၏ ရှေနောက်မည်သော အဟောအပြောများကိုလည်း တိကျ ခိုင်လုံသောအကြောင်းပြချက်များဖြင့် ချေဖျက်၍ထားပါသည်။ သူတို့၏ကြွားဝါပလွှား၍ ဟောကြားခဲ့သောစကားများကို အကြွားပပါသော စကားများဖြင့် ထုတ်ဖော်၍ထားပါသည်။

ထို့ပြင် ကိလေသာဟူ မြူခပ်သိမ်းတို့ ကုန်ဆုံး၍ စိတ်နှလုံးတည်ငြိမ်သော ရဟန္တာအရှင်မြတ်များ၏အဆင့်ထိ ရောက်နိုင်ရန် စတုပါရိသုဒ္ဓိသီလ စင်ကြယ်ခြင်းမှ စ၍ နည်းမှန်လမ်းကျ ကျင့်သုံးနည်းများကိုလည်း အလေးအနက် ဟောကြားပါသည်။ ထို့ကြောင့် ဤသုတ္တန်များသည် လောကီ လောကုတ္တရာအကျိုးတရားတို့ ပွားစီးရေးအတွက် အားကိုး အားထားပြုနိုင်သော သုတ္တန်ဒေသနာတော်များ ဖြစ်ပါသည်။

ဤသုတ္တန်များကို ဗုဒ္ဓဘုရားရှင်၏ ရှေနှုတ်တော်မှ ထွက်ကျလာခဲ့သည့် အတိုင်း တသွေမတိမ်းရွတ်ဖတ်ပူဇော်လိုသူများအတွက် သုတ္တန် ဒေသနာတော်များ၏ မူရင်းပါဋ္ဌိတော်များကို ဖော်ပြထားပါသည်။ ထို့နောက် ထိုသုတ္တန်များ ဟောကြားရခြင်း၏အကြောင်းရင်းကို မဟာနိဒါန်းသွယ်၍ ဖော်ပြပါသည်။ မဟာနိဒါန်း၏နောက်တွင် မဟာနိဒါန်းနှင့် ဆက်စပ်နေသော သုတ္တန်ဒေသနာတော်ကြီးများ၏ အနက်အဓိပ္ပာယ်ကို ကြည်ညိုနိုင်ကြရန် ပါဋ္ဌိတော်မြန်မာပြန်ကို ဖော်ပြပါသည်။

မဟာသမယသုတ္တန်များ၏ မြန်မာပြန်ကို ဖော်ပြပြီးနောက် ထိုပါဋ္ဌိတော်မူရင်း၏ အနက်အဓိပ္ပာယ်အကျယ်ကို သက်ဆိုင်ရာပါဋ္ဌိတော်နှင့် အဌကထာ

http://www.dhammadownload.com

များ အဲရ ဖော်ပြထားပါသည်။ထို့နောက် ထိုသုတ္တန်များနှင့် ကျိုးကြောင်း ဆက်သွယ်မှုရှိနေသော ဇာတ်တော်များ၊ အတ္ထဒဏ္ဍသုတ် ပါဠိတော်နှင့် ဖွင့်ဆိုချက်များကို ဤစာအုပ်နောက်ပိုင်းတွင် ဖော်ပြလိုက်ပါသည်။ မဟာသမယ သုတ်များနှင့် ပတ်သက်လေသမျှ အဘက်ဘက်မှပြည့်စုံစွာပါရှိစေရန် ကြိုးစားထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဤသုတ္တန်ကြီးများကို ရှုတ်ဖတ်သရဇ္ဈာယ်ကာ လေ့လာကျင့်သုံးလိုကြသော ရဟန်းရှင်လူတို့ လက်ကိုင်ပြုနိုင်ကြမည်ဟု မျှော်လင့်ပါသည်။ ရဟန်းရှင်လူ ပညာရှင်အပေါင်းတို့ ကောင်းမြတ်သော အကြံပေးချက်၊ ပြုပြင်ရန်သွန်ကြားချက်များကိုလည်း အလေးအနက်ခံယူကာ နောက်ထပ် ရိုက်နှိပ်ခွင့်ကြုံသောအခါ ထိုအချက်များ ပြုပြင်ဖြည့်စွက်၍ ပေးမည် ဖြစ်ပါသည်။

နှလုံးလှ စာတည်းအဖွဲ့

http://www.dhammadownload.com



မဟာသမယသုတ်၏ မဟာနိဒါန်း

၁။ ဤ မဟာသမယသုတ်ကိုလည်း မျှားစွာသော သုတ္တန်တို့ နည်းတူ (ဧဝံ မေ သုတံ) "အရှင်ဘုရား၊ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်" ဟူသော စကားဖြင့် အစချီခဲ့ပါသည်။

ဤစကား၏ အနက်အဓိပ္ပာယ်ကို ဤ နိကာယ်၏အစ ဗြဟ္မဇာလသုတ် မှာတုန်းက အကျယ်တဝင့် ဖွင့်ခဲ့ပြီဖြစ်၍ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက ဤသုတ်တွင် ထပ်မံ၍ ဖွင့်မပြတော့ပါ။ ထို့ကြောင့် ဤစကားမျှားကို ပထမသင်္ဂါယနာသဘင်ဆင်ယင်ကျင်းပစဉ်က အရှင်အာနန္ဒာ လျှောက်ထားခဲ့သော စကားပင်ဖြစ်ကြောင်း သိရှိထားကြရပါမည်။ ဒီဃနိကာယ်တွင် ပထမဦးစွာ သီလက္ခန္ဓဝဂ်ကို သင်္ဂါယနာ တင်ကြပြီးနောက် မဟာဝဂ်ကို ဆက်လက်၍ သင်္ဂါယနာ တင်ကြရာ မဟာဂေါဝိန္ဒသုတ် အပြီးတွင် ခုနစ်ခုမြောက်အဖြစ် မဟာသမယသုတ်၏အလှည့် ရောက်လာလေသည်။ ဤတွင် ပုစ္ဆကဖြစ်သော အရှင်မဟာကဿပက

"ငါ့ရှင် အာနန္ဒာ၊ မဟာသမယသုတ်ကို အဘယ်အရပ်မှာ ဘုရားရှင် ဟောတော်မူပါသနည်း"

ဤသို့အစချီ၍ မေးတော်မူလေရာ ဝိသဇ္ဇကဖြစ်သော အရှင်အာနန္ဒာက ဧဝံ မေ သုတံ စသော စကားဖြင့် အစချီ၍ ဖြေကြား လျှောက်ထားရလေသည်။ ထို့ကြောင့် ရည်ညွှန်းခံရသော ပုဂ္ဂိုလ်၊ ဟောကြားရခြင်းအကြောင်းရင်းမျှားနှင့်တကွ ဟောကြားခဲ့သော ဒေသနာတော်မျှားကို ပြည့်ပြည့်စုံစုံ လျှောက်ထားရလေသည်။

http://www.dhammadownload.com

ဤ မဟာသမယသုတ် ဟောကြားရာ အရပ်မှာ အရှင်အာနန္ဒာ မှတ်တမ်း တင်ထားသည့်အတိုင်း သက္ကမင်းမျိုးတို့၏နယ်မြေအတွင်းရှိ မဟာဝုန် တောကြီး ဖြစ်၏။ ဤတွင် သက္က ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို အမွေဋ္ဌသုတ်မှာတုန်းက ဖွင့်ပြခဲ့ပြီးဖြစ်၍ ဤသုတ်၌ ထပ်မံဖွင့်ပြခြင်း မရှိတော့ပေ။ (အမွေဋ္ဌသုတ္တေ ဝုတ္တနယေန) 'အမွေဋ္ဌသုတ်မှာ ဆိုအပ်ပြီးသောနည်းဖြင့်'ဟုသာ ကျမ်းညွှန်း၍ ပြထားပေသည်။ သို့ဖြစ်၍ စာဖတ်သော ပုဂ္ဂိုလ်များအတွက် အနက်အဓိပ္ပာယ် ပြည့်ပြည့်စုံစုံသိရှိနိုင်ရန် အမွေဋ္ဌသုတ်မှာတုန်းက 'သက္က'ဟူသောစကား၏ ဖွင့်ဆိုချက်များကို ဆောင်ယူ၍ ပြရပါဦးမည်။

အမွေဋ္ဌသုတ်၌ ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဘုရားရှင်၏ဂုဏ်သတင်းများကို ကြားနာရ၍ ဘုရားစင်စစ် ဧကန် ဖြစ်မဖြစ် သိရအောင် အမွေဋ္ဌလုလင်အား စေလွှတ်၍ အစုံစမ်းခိုင်းခဲ့၏။ အမွေဋ္ဌသည် ဆရာပုဏ္ဏားကြီး၏ လက်ထောက်အဖြစ်ဖြင့် တပည့်များကို ဝေဒကျမ်းဂန်များပို့ချနေသူဖြစ်၏။ လူငယ်လူရွယ်ပင် ဖြစ်သော်လည်း ပညာဂုဏ်ကြောင့် တပည့်များက လေးစားကြရ၏။ ဆရာပုဏ္ဏားကြီးကလည်း ယုံကြည်စိတ်ချစွာ သူ့ကိုခြီးမြှောက်ထားခဲ့၏။

ဉာဏ်ပညာထက်မြက်လှသော အမွေဋ္ဌ လုလင်သည် မာန်မာနကလည်း ခက်ထန်လှပါ၏။ ဆရာပုဏ္ဏားကြီး၏ အမိန့်အရ ဘုရားရှင်၏ ရွှေတော်မှောက်သို့ ဝင်ရောက်လာရာတွင် ဘုရားရှင်ကို ရှိခိုးဦးချခြင်းမပြုပေ။ ထိုင်နေတော်မူသော ဘုရားရှင်၏ ရွှေတော်မှောက်တွင် မခန့်လေးစား လမ်းသလားလျက်က မခြေမငံသော စကားများကို ပြောဆိုနေ၏။ သူတို့လို ဦးစွန်းဆံပင်မထားသော ရဟန်းများကို ကျက်သရေယုတ်သော ဦးပြည်းခေါင်းတုံးများ၊ ကပ်စေးနှဲသော သဋ္ဌေးကြီးများဟု ဆဲရေးပုတ်ခတ်၏။ မိမိကိုယ်ကို ပြဟ္မာကြီး၏ခံတွင်းမှ ပေါက်ဖွားသူဟု ဘဝင်မြင့်ကာ ရဟန်းများကိုကား ပြဟ္မာကြီး၏ခြေဖမိုးမှ ပေါက်ဖွားသူများဟု နှိမ့်ချ၍ ဆိုခဲ့၏။ ထို့နောက် သက္ကနွယ်ဖွား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ရွှေမှောက်မှာပင် သက္ကမျိုးနွယ်တို့ကို ထိပါးပုတ်ခတ်၍ ပြောလေတော့သည်။

ဤတွင် ဘုရားရှင်က မိမိတို့အမျိုးအနွယ်များ စတင် ပေါ်ထွန်းခဲ့ပုံနှင့် အမွေဋ္ဌတို့ အမျိုးအနွယ်များ စတင်ပေါ်ထွန်းခဲ့ပုံတို့ကို နှိုင်းယှဉ်ကြည့်နိုင်ရန် ထုတ်ဖော် ဟောကြားတော်မူလေသည်။ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ပါဠိတော်ကို အဋ္ဌကထာကထပ်ဆင့်၍ ဆရာစဉ်ဆက်

http://www.dhammadownload.com

လက်ဆင့်ကမ်းကာ ပြောကြားလာခဲ့သော စကားအဖြစ်ဖြင့် ဖွင့်ပြထား သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကမ္ဘာဦးသူတို့၏ မင်းဖြစ်သော မဟာသမ္မတ မင်းကြီး၏ သားသည် ရောဇမည်၏။ ယင်း၏သားကား ဝရရောဇမည်၏။ ထို့နောက် ကလျာဏ၊ ဝရကလျာဏ၊ မန္ဓာတု၊ ဝရမန္ဓာတု၊ ဥပေါသထ၊ ဝရဥပေါသထ၊ ဝရ၊ ဥပဝရ၊ မဃဒေဝဟူသော မင်းများသည် သားစဉ်မြေးဆက် ထီးနန်းစိုးစံ လာခဲ့ကြ၏။ မဃဒေဝမင်းနောက်တွင် ရှစ်သောင်းလေးထောင်သော မင်း ဆက်များ စိုးစံခဲ့ကြ၏။ ထို့နောက် သြက္ကာကမင်းဆက်သုံးဆက် စိုးစံကြ ပြန်၏။ သုံးဆက်မြောက်ဖြစ်သော သြက္ကာကမင်းကြီး၌ မိဖုရားငါးယောက် ရှိလေရာ သူတို့၏အမည်များမှာ ဟတ္ထာ၊ စိတ္တာ၊ ဇန္တု၊ ဇာလိနီနှင့် ဝိသာခါ တို့ ဖြစ်ကြလေသည်။ မိဖုရားတပါးတပါး၌ အခြွေအရံ မိန်းမငါးရာစီ ရှိကြ လေသည်။

အကြီးဆုံးသော ဟတ္ထာမိဖုံရားကြီးမှ သြက္ကာမုခ၊ ကရကဏ္ဍု၊ ဟတ္ထိနိက၊ သိနိသူရဟူသော သားတော်လေးပါးနှင့် ပိယာ၊ သုပ္ပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာဟူသော သမီးတော်ငါးပါးကို ဖွားမြင်လေသည်။ ဤသို့ သားသမီး ကိုးယောက်ကို ဖွားမြင်ပြီးနောက် ဟတ္ထာမိဖုရားကြီး နတ်ရွာစံလေတော့သည်။

ထိုနောက် သြက္ကာကမင်းကြီးသည် အဆင်းလှ၍ငယ်ရွယ်သော မင်းသမီး တပါးကို ရွေးကောက်ကာ မိဖုရားခေါင်ကြီးအရာမှာ ထားလေသည်။ ထိုမိဖုံရားမှ ဇန္တုဟူသော သားတော်တပါး မွေးဖွားလေသည်။ သားတော် လေးငါးရက်သားအရတွင် တန်ဆာဆင်ယင်၍ ခမည်းတော်မင်းကြီးထံ ပြသ ကြရာ မင်းကြီးက နှစ်ထောင်းအားရသဖြင့် မိဖုရား လိုရာဆုကိုတောင်းရန် ခွင့်ပြုလိုက်လေသည်။

မိဖုရားသည် ပေးအပ်သောဆုကို ချက်ချင်းလက်ငင်း မတောင်းသေးပဲ ဆွေမျိုးများနှင့် တိုင်ပင်ပြီးမှတောင်း၏။ သူ တောင်းသောဆုကား သူ့ သားတော်အား ထီးနန်း စည်းစိမ် လွှဲအပ်ရန် ဖြစ်သတည်း။ ဤတွင် မင်းကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် "ဟယ် သူယုတ်မ၊ သင် ပျက်စီးလေ လော့။ သင်သည် ငါ့သားတော်များ၏ ပျက်စီးခြင်းကို အလိုရှိရသလော" ဟု ခြိမ်းခြောက်၏။

မိဖုရားသည် ဆိတ်ကွယ်ရာအရပ်၌ မင်းကြီးကို ကျေနပ်အောင် ပြုစုပြီး လျှင် သူ လိုရာဆုကိုသာ ထပ်ကာထပ်ကာ တောင်း၏။ "အရှင်မင်းကြီး၊

http://www.dhammadownload.com

တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရသော အရှင်မင်းကြီးအတွက် ပြောခဲ့ပြီး သော စကားတခွန်းကို ချတ်ယွင်းသွားအောင် မပြုသင့်ပါ" စသည်ဖြင့် မင်းကြီး၏ စကားဖြင့် မင်းကြီးကို တုပ်နှောင်ဖွဲ့ချည်လေသည်။ ဤတွင် မင်းကြီးသည် မိမိပေးထားပြီးသော ကတိစကားကို ရှောင်ရှား၍ မရနိုင် တော့သဖြင့် သားတော်များကိုခေါ်ပြီးလျှင် အကြောင်းမှန်ကို ဖွင့်အန် ရလေတော့သည်။

"သားတော်တို့၊ ငါခမည်းတော်သည် သင်တို့၏ ညီထွေး ဇန္တု မင်းသားလေးကို ရှုစားရသောနေ့တုန်းက သူ့မယ်တော်အား လိုရာဆုကို တောင်းရန် ရုတ်တရက် နှုတ်ထွက်၍ပေးခဲ့မိချေပြီ။ မိဖုရားသည် သူ့သား တော်အား ထီးနန်းစည်းစိမ်လွှဲအပ်ရန် တောင်းဆိုလာ၏။ သို့ဖြစ်၍ သင် သားတော်တို့သည် ဘေးရန်ကင်းစွာ နေနိုင်ကြစေရန် ဤနန်းတော်မှ ထွက်ခွာကြကုန်လော့။ မင်္ဂလာဆင်တော်နှင့် မင်္ဂလာမြင်းတော်ကိုချန်လှပ်၍ အလိုရှိသမျှသော ဆင်၊ မြင်း၊ ရထား၊ ရွှေ၊ ငွေ ဘဏ္ဍာများကို ယူသွားကြ ကုန်လော့။ ငါခမည်းတော်ကွယ်လွန်သောအခါကျမှ ထီးနန်းစည်းစိမ်ကို ဆက်ခံ၍ မင်းပြုရစ်ကြ"

ဤသို့ မိန့်ကြားပြီးနောက် အမတ်ကြီးရှစ်ယောက်နှင့်တကွ သားတော် များကို နှင်ထုတ်လိုက်လေသည်။ သားတော်များသည် အမျိုးမျိုး အဖုံဖုံ ငိုကြွေးကြပြီးလျှင် "ခမည်းတော်ဘုရား၊ သားတော်များမှာ အပြစ်ရှိလျှင် ခွင့်လွှတ်တော်မူပါ ဘုရား" ဟု တောင်းပန်ယင်း ရှိခိုး ကန်တော့ကြ၏။ မင်းကြီး၏ နန်းတွင်းသူအပေါင်းကိုလည်း ကန်တော့ကြ၏။ ဤတွင် မင်း သမီး ငါးယောက်တို့ကလည်း "ငါတို့သည် မောင်များနှင့် မခွဲနိုင်ပါ။ မောင်များနှင့်အတူ လိုက်ပါကြပါအံ့" ဟု ဆိုကြကုန်၏။သို့ဖြစ်၍ မင်းသား များသည် နှမတော်မင်းသမီးများကိုပါ တပါတည်းခေါ်လျက် နန်းတော် ထက်မှ ဆင်းလာခဲ့ကြ၏။ စစ်ဟပ်ကြီးစွာ ခင်းကျင်းလျက် မြို့တော်မှ ထွက်လာခဲ့ကြလေ၏။

တိုင်းသူပြည်သား လူအများသည်လည်း မင်းသားများ နောက်မှာ လိုက်ပါလာကြကုန်၏။ "မင်းသားများသည် ခမည်းတော်မင်းကြီး နတ်ရွာ စံသောအခါ တိုင်းတော်ပြည်တော်ပြန်လာ၍ မင်းပြုကြကုန်လတ္တံ့။ ယခု ငါတို့လိုက်ပါ၍ ပြုစုလုပ်ကျွေးကြကုန်အံ့" ဟု အချင်းချင်း တိုင်ပင်၍ လာ ကြကုန်၏။ ပထမနေ့မှာပင် ပရိသတ်အစုအဝေးသည် တယူဇနာမျှ ဖြစ်

http://www.dhammadownload.com

လာ၏။ ဒုတိယနေ့တွင်ကား နှစ်ယူဇနာမျှ ဖြစ်လာ၏။ တတိယနေ့တွင်မူ သုံးယူဇနာမျှ များပြားလာလေတော့သည်။

မိမိတို့ ပရိသတ်ကြီးကိုကြည့်ကာ မင်းသားများ တိုင်ပင်ကြရလေတော့သည်။

"ညီတော်တို့၊ ငါတို့၏ နောက်လိုက်နောက်ပါ ဗိုလ်ခြေ အစုအဝေးသည် ကြီးမားလှ၏။ အကယ်၍ ငါတို့သည် ပြည်နီးချင်း မင်းတပါးကို စစ်ထိုး၍ မြို့ရွာနယ်ပယ်များကို သိမ်းပိုက်လိုသော် သိမ်းပိုင်နိုင်စွမ်း ရှိကြ၏။ ထိုမင်းသည် ငါတို့၏ထိုးစစ်ကို ခုခံနိုင်မည်မဟုတ်ပေ။ သို့ရာတွင် သူတပါးကို တိုက်ခိုက်နှိပ်စက်ခြင်းဖြင့် ငါတို့ အဘယ်အကျိုးရှိမည်နည်း။ ဤဇမ္ဗူဒိပ်ကျွန်းသည် ကျယ်ဝန်းလှ၏။ ငါတို့သည် မည်သည့် မင်းမျှ မသိမ်းပိုက်ရသေးသော တောအရပ်တွင် မြို့တော်ကို တည်ကြကုန်အံ့"

ဤသို့တိုင်ပင်၍၊ ဤသို့ဆုံးဖြတ်၍ မင်းသား မင်းသမီးများနှင့် တကွ နောက်လိုက် နောက်ပါများသည် ဟိမဝန္တာတောင်ခြေသို့ ထွက်ခွာ လာကြလေ၏။ မြို့တည်ရန်နေရာကို ရှာကြလေ၏။

ထိုအခါန်တုန်းက ကျွန်ုပ်တို့ ဂေါတမ ဘုရား အလောင်းတော်သည် ပစ္စည်းဥစ္စာ အလွန်တရာပေါများကြွယ်ဝသော ဗြဟ္မဏ မဟာသာလမျိုးဌ်ဖြစ်ကာ ကပိလပုဏ္ဏားဟု အမည်တွင်၏။ ကပိလပုဏ္ဏားသည် လူ့ဘောင်လူ့ဘဝကို ပြီးငွေ့လာသဖြင့် ရသေ့ပြုကာ ဟိမဝန္တာတောင်ခြေရှိ ရေကန်ကြီးတခု၏ ကန်ဘောင်၌ သစ်ရွက်မိုးကျောင်းကလေးဆောက်၍ နေထိုင်၏။ ကပိလ ရှင်ရသေ့သည် ဘုမ္မဇာလမည်သော အတတ်ပညာကို တတ်မြောက်ထား၏။ ထိုအတတ်ပညာဖြင့် အထက်အရပ်တွင် အတောင်ရှစ်ဆယ် တိုင်အောင်လည်းကောင်း၊ အောက်အရပ် မြေကြီးထဲတွင် အတောင်ရှစ်ဆယ် တိုင်အောင်လည်းကောင်း အကျိုးရှိမည့်အရာများနှင့် အပြစ်ဖြစ်မည့် အရာများကို သိမြင်လေသည်။

ကပိလရှင်ရသေ့ နေထိုင်ရာအရပ်၌ မြက်များ၊ ချုံများ၊ နွယ်များသည် လက်ယာရစ်လည်လျက် အရွှေအရပ်သို့ ဦးညွတ်၍နေကြကုန်၏။ သားသမင်များ၊ဝက်များကို အတင်းလိုက်လာကြသော ခြင်္သေ့၊ကျား စသည်တို့သည် ထိုနေရာသို့ ရောက်လတ်သော် ဆက်လက်၍ မလိုက်နိုင်ကြတော့ပေ။ ဖားများ၊ကြွက်များကို အတင်းလိုက်၍ဖမ်းကြသော မြွေများ၊ကြောင်များသည် ထိုနေရာသို့ ရောက်လတ်သော် ဆက်လက်၍မလိုက်နိုင်ကြတော့ပေ။ အတင်းတရကြမ်း လိုက်လာကြသော သတ္တဝါကြီးများသည် အလိုက်ခံကြရသော

http://www.dhammadownload.com

သတ္တဝါကလေးများက ပြန်၍အခြိမ်းအခြောက်ခံကြရသဖြင့် ပြန်၍ ပြေးကြရကုန်သည်သာ ဖြစ်၏။ ထိုကြောင့် ကပိလ ရှင်ရသေ့သည် "ဤသည်ကား မြေတို့၏ အထွတ်အမြတ်ပေတည်း" ဟု သိ၍ ထိုနေရာမှာပင် သစ်ရွက်မိုး ကျောင်းကို ဆောက်လုပ်လေ၏။

မြို့နေရာရှာဖွေကြသော မင်းသားများသည် ကပိလရှင်ရသေ့၏ သစ်ရွက်မိုး ကျောင်းသို့ ရောက်လာကြ၏။ ကပိလ ရှင်ရသေ့က မေးသဖြင့် မင်းသားများက အကြောင်းစုံကို လျှောက်ထားကြ၏။ ဤတွင် ကပိလရှင်ရသေ့သည် မင်းသားများကို ကရဏာသက်ကာ

"မင်းသားတို့၊ ဤသစ်ရွက်မိုး ကျောင်းနေရာ၌ တည်ထောင်သော မြို့သည် ဇမ္မူဒီပ်ကျွန်း တခွင်၌ အထွတ်အမြတ်ဆုံး မြို့တော် ဖြစ်လတ္တံ့။ ဤမြို့၌ မွေးဖွားသော ယောကျ်းတို့တွင် တယောက် တယောက်သော ယောကျ်းသည် အခြား ယောကျ်း တရာကိုလည်းကောင်း၊ တထောင်ကိုလည်းကောင်း လွှမ်းမိုးခြင်းငှာ စွမ်းနိုင်လတ္တံ့။ ဤနေရာ၌ မြို့တော်ကို တည်ထောင်ကြကုန်လော့။ သစ်ရွက်မိုး ကျောင်းနေရာ၌ မင်း၏ နန်းတော်ကို တည်ဆောက်ကြကုန်လော့။ ဤနေရာဌာန၌ ရပ်တည်မိလျှင် စကြာလ၏ သားသည်လည်း စကြဝတေးမင်း၏ အင်အားဖြင့် အလွန်တရာ မြင့်မြတ်လာပေသည်" ဟု မိန့်ဆိုလေ၏။

ထိုအခါ မင်းသားများက "အရှင်ဘုရား၊ ဤနေရာသည် အရှင်ဘုရား၏ နေရာ မဟုတ်ပါလော" ဟု လျှောက်ထားကြ၏။

ကပိလရှင်ရသေ့က "မင်းသားတို့၊ ငါ၏နေရာ ဖြစ်နေသည်ကောဟု တွေးတော မနေကြကုန်လင့်။ ငါ့အတွက် မြို့နှံဘေးတနေရာတွင် သစ်ရွက်မိုး ကျောင်းကို ဆောက်၍ ပေးကြကုန်လော့။ မြို့တော် တည်ပြီးသော အခါ ကပိလဝတ္ထု ဟူ၍ မော်ကွန်းထိုးကြကုန်လော့" ဟု မိန့်ကြား၏။ မင်းသားတို့လည်း ကပိလရှင်ရသေ့ မိန့်ကြားသည့်အတိုင်း လိုက်နာကာ ကပိလဝတ္ထု မြို့တော်ကို တည်ထောင်၍ အခြေတကျ နေထိုင်ကြလေ၏။

ဤသို့ နေထိုင်၍ ကာလ အတန်ကြာလာသော အခါ အမတ်တို့သည် မင်းသားများ၏ ရွှေရေးအတွက် တွေးတော ကြရလေသည်။

"အချင်းတို့၊ ဤမင်းသားတို့သည် အရွယ်ရောက်လာကြကုန်ပြီ။ သူတို့သည် သူတို့၏ ခမည်းတော်မင်းကြီးထံ နေကြရပါမူ ခမည်းတော် မင်းကြီးက သူတို့ကို ထိမ်းမြားလက်ထပ်၍ ပေးလိမ့်မည်။ ယခုအခါ၌ကား ခမည်းတော်မင်းကြီး၏ မျက်ကွယ်မှာ ဖြစ်နေ၍ ငါတို့၏ တာဝန် ဖြစ်နေပေပြီ"

http://www.dhammadownload.com

ဤသို့ တွေးတောကာ ဤအကြောင်းကို မင်းသားများထံ တင်လျှောက်ကြရ၏။ မင်းသားများသည် အမတ်တို့ လျှောက်တင်ချက်ကို အလေးအနက် စဉ်းစားကာ "အို အမတ်တို့၊ ငါတို့နှင့် မျိုးရိုးချင်း တူမျှသော မင်းသမီးများကို ငါတို့ မတွေ့မြင်ကြရကုန်။ နှမတော်များနှင့် မျိုးရိုးချင်း တူမျှသော မင်းသားများကိုလည်း ငါတို့ မတွေ့မြင်ကြရကုန်။ မျိုးရိုးချင်း မတူမျှပဲ အိမ်ထောင်ဖက်၍ နေကြရလတ်သော် ငါတို့မှ ပေါက်ဖွားလာကြသော သားသမီးများသည် အမိဘက်၊ အဖဘက် တဘက်ဘက်မှ မစင်မကြယ် ဖြစ်ကာ မျိုးရိုး ပျက်စီး၍ သွားပေလိမ့်မည်။ ထို့ကြောင့် ငါတို့သည် နှမတော်များနှင့်သာ အိမ်ထောင်ဖက်လိုကုန်၏" ဟု ဆိုကြ၏။ ဤသို့ ဆိုကြသည့်အတိုင်း အကြီးဆုံးအစ်မတော်ကို အမိအရာထားကာ မင်းသားငယ်ပါးနှင့် ကျန်သော မင်းသမီး လေးပါးတို့သည် အသီးသီး အိမ်ထောင်ဖက် ပြုကြလေ၏။

မင်းသားနှင့် မင်းသမီးများမှ သားသမီးများ မွေးဖွားလာကြချိန်တွင် အစ်မတော်အကြီးဆုံးမှာ ကုဋ္ဌန္နနာစုံကပ်လာ၏။ တကိုယ်လုံး အထုတ်အထုတ် ဖြစ်လာ၏။ မင်းသားတို့သည် သူနှင့် အတူနေရ၊ အတူစားရသဖြင့် ရောဂါကူးစက်မည်ကို စိုးရိမ်လာကြ၏။ ထို့ကြောင့် တနေ့သ၌ ဥယျာဉ်ကစားရန် ထွက်လေဟန်ပြုကာ အစ်မတော်ကို ရထားဖြင့် တင်ပြီးလျှင် တောထဲသို့ ခေါ်လာခဲ့ကြ၏။ လူသူကင်းဝေးသော တောထဲတွင် တွင်းကို တူးကာ ထိုတွင်းထဲတွင် စားစရာ သောက်စရာများနှင့်တကွ အစ်မတော်ကို ချထားပြီးလျှင် အပေါ်မှ ပျဉ်ချပ်များမိုး၍ မြေများဖို့၍ ထားခဲ့ကြကုန်၏။

ထိုအချိန်တွင် ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံသော ရာမ အမည် ရှိသော မင်းမှာလည်း ကုဋ္ဌန္နနာရောဂါ စွဲကပ်လေသည်။ ကုဋ္ဌန္နနာသည် ဖြစ်သော မင်းကြီးမှာ ကချေသည်များနှင့် နန်းတွင်းသူများ၏ ရှုံ့ရှာစက်ဆုပ်ခြင်းကို ခံရသဖြင့် နန်းတော်၌ မပျော်မမွေ့နိုင်တော့ပဲ သားတော်ကြီးအား ထီးနန်း စည်းစိမ် လွှဲအပ်ပြီးလျှင် ထိုတောသို့ ထွက်လာလေ၏။ တောထဲမှာပင် သစ်ရွက်တဲတဲတခုကို ဆောက်၍နေကာ တောသစ်မြစ်၊ သစ်သီးများကို စား၍ နေလေ၏။ ဤသို့ စားသောက်သော သစ်မြစ်၊ သစ်သီးများက ဆေးစွမ်းထက်ကြသဖြင့် မကြာမီမှာပင် ရာမ မင်းကြီး၏ ကုဋ္ဌန္နနာရောဂါ ပျောက်ကင်းလေတော့သည်။ ရွှေလိုဝင်းသော ပကတိ အသားအရည်ဖြင့် စိုပြည်၍ လာလေတော့သည်။

http://www.dhammadownload.com

ရာမ မင်းသည် တောထဲ၌ ထိုထို ဤဤ လှည့်လည်လတ်သော် ကလော ပင်ကြီး တပင်မှ အခေါင်းကြီးကို တွေ့မြင်ရာ ထိုအခေါင်းကြီးထဲ၌ တဆယ့် ခြောက်တောင်မျှထိအောင် သုတ်သင်ရှင်းလင်းကာ တံခါးပေါက်နှင့် လေ သာ ပြတင်းကို တပ်လျက်၊ လှေကားကို တပ်လျက် ထိုသစ်ခေါင်းမှာ နေ ထိုင်လေသည်။ ညဉ့်အခါသို့ ရောက်လျှင် မီးအိုးကင်းတွင် မီးဖိုလျက် တောတိရစ္ဆာန်တို့၏ အသံမျိုးစုံကို နားထောင်ယင်း အိပ်၏။ ခြင်္သေ့များ၊ ကျားများ၏ အသံကြွားရာ အရပ်ကို မှတ်သားထား၏။ နံနက်လင်း၍ ထို နေရာသို့ သွားကြည့်သောအခါ ခြင်္သေ့များ၊ ကျားများ၏ စားကြွင်း စား ကျန် အသားများ ရရှိသဖြင့် သစ်ခေါင်းသို့ယူကာ ချက်၍ စားလေသည်။

တနေ့သ၌ ရာမမင်းသည် မိုးသောက်ယံအချိန်၌ မီးလှုံ၍နေစဉ် ကျား တကောင်သည် ရောဂါသည် မင်းသမီးနေရာသို့ ရောက်လာ၏။ မင်းသမီး၏ ကိုယ်နှံ့ဖြင့် လူရှိနေမှန်းသိကာ ဖို့ထားသော မြေကြီးများကို ယက်ထုတ်၏။ ခင်းထားသော ပျဉ်ချပ်ကို ဆဲကုတ်၏။ ပွင့်သွားသော ပျဉ်ချပ်ကြားမှ ကျားကို မြင်လိုက်သောအခါ မင်းသမီးသည် ထိတ်လန့်တကြားအော်ဟစ် ၏။ ကျားသည်လည်း လူသံကို ရုတ်တရက်ကြားရသဖြင့် ထိတ်လန့်တကြား ပြန်ပြေးလေ၏။

ရာမမင်းသည် မင်းသမီးအော်သံကို မှတ်သားထားကာ နံနက်စောစော ထိုနေရာသို့ သွား၍ကြည့်၏။ "တင်းထဲမှာ မည်သူရှိသနည်း" ဟု မေး ကြည့်၏။ ဤတွင် တွင်းထဲရှိ မင်းသမီးက "အရှင်၊ အမျိုးသမီးတယောက် ရှိပါသည်" ဟု ဖြေ၏။

"သင်သည် မည်သည့် အမျိုးအနွယ် ဖြစ်သနည်း"

"အရှင်၊ ကျွန်မသည် သြက္ကာက မင်းကြီး၏ သမီးတော် ဖြစ်ပါသည်"

"ဤသို့ဆိုလျှင် တင်းမှထွက်ခဲ့လော့"

"မထွက်ဝံ့ပါ အရှင်"

"အဘယ့်ကြောင့် မထွက်ဝံ့ပါသနည်း"

"ကိုယ်ရေပြားရောဂါ စွဲကပ်နေ၍ ဖြစ်ပါသည်"

"သို့ဆိုလျှင် မစိုးရိမ်နှင့် နှမ။ သင့်ရောဂါကို ငါ ဆေးကု၍ ပေးနိုင်ပါ သည်"

"သို့သော်လည်း အမျိုးပျက်စီးမည်စိုး၍ သင်နှင့်အတူ မနေနိုင်ပါ"

"အို နှမ၊ ငါသည်လည်း သင်ကဲ့သို့ မင်းမျိုးမင်းနွယ်ပင် ဖြစ်ပါသည်"

http://www.dhammadownload.com

ဤသို့ဆိုကာ ရာမမင်းက တွင်းထဲသို့ လှေကားချ၍ ပေးလိုက်၏။ မင်းသမီးကို တွင်းထဲမှ တွဲ၍ထုတ်ကာ မိမိနေရာသို့ ခေါ်ခဲ့၏။ မိမိ စားသောက်ခဲ့ဖူးသော၊ ဆေးစွမ်းထက်သော တောသစ်မြစ်၊ သစ်သီးများဖြင့် ကျွေးမွေးပြုစု၏။ မကြာမီ မင်းသမီး၏ရောဂါများ ပျောက်ကာ ရွှေလို ဝင်းသော ပကတိ အသားအရည်ဖြင့် စိုပြည်လာတော့သည်။

ရာမမင်းနှင့် မင်းသမီးတို့ အိမ်ထောင်ဖက်ရာမှ ဆယ့်ခြောက်ကြိမ်တိုင်တိုင် နှစ်မြှာပူးသားများ မွေးဖွားကြသဖြင့် ညီအစ်ကို သုံးဆယ့်နှစ်ယောက် ဖြစ်လာကြ၏။ အစဉ်အတိုင်း အရွယ်ရောက်လာကြသော သားတော်များအား ခမည်းတော်က မင်းသားတို့တတ်အပ်သော အတတ်ပညာများ သင်ကြားပေးလေသည်။

တနေ့သ၌ ရာမမင်း၏ မြို့တော်မှာနေသော မုဆိုးတယောက်သည် တောင်စဉ်တလျှောက်၌ ရတနာပစ္စည်း ရှာဖွေယင်း လှည့်လည်လာရာ ရာမမင်းကို တွေ့သော် မှတ်မိသဖြင့် "အရှင်မင်းကြီး၊ ကျွန်ုပ်သည် အရှင်မင်းကြီးကို မှတ်မိပါ၏" ဟု လျှောက်တင်၏။ ရာမမင်းသည် တိုင်းပြည်တော်မှ သိလိုရာရာ သတင်းအားလုံးကို မေးမြန်း၏။ မုဆိုးကလည်း သတင်းအားလုံးကို စီကာပတ်ကုံး လျှောက်တင်၏။ ထိုအခိုက်တွင် သားတော်ကလေးများသည် ခမည်းတော်ထံ ရောက်လာကြ၏။ မုဆိုးက "ဤကလေးများသည် မည်သူတို့ပါနည်း" ဟု မေးမြန်းရာ ရာမမင်းက "ငါ့သားတော်များတည်း" ဟု မိန့်ကြား၏။

ထို့နောက် မုဆိုးက သားတော်လေးများ၏ မိခင်ဘက်မှ အမျိုးအနွယ်ကိုလည်း မေးမြန်း၏။ မိခင်ဘက်မှ အမျိုးအနွယ်ကို သိရသောအခါ "ငါ့အတွက် စကားအရင်းအနှီး ရပေပြီ" ဟု နှလုံးပိုက်၏။ ထို့နောက် တိုင်းပြည်သို့ပြန်ရောက်လျှင် ဗာရာဏသီမင်းအား လျှောက်တင်၏။ ဗာရာဏသီမင်းသည် "ခမည်းတော်ကိုပြန်၍ ပင့်ဆောင်အံ့" ဟူ၍ စစ်အင်္ဂါလေးပါး ချီလျက် တိုင်းတော်ပြည်တော်မှထွက်ခွာ၏။ ခမည်းတော်ရှိရာသို့ ရောက်လတ်သော် ခြေအစုံကို ဦးခိုက်၍ "အရှင်မင်းကြီး၊ ထီးနန်းကို ပြန်၍လက်ခံသိမ်းပိုက်တော် မူပါလော့" ဟု အပ်နှင်း၏။ သို့ရာတွင် ရာမမင်းက လက်မခံတော့ပေ။ "သားတော်၊ တော်ပါပြီ။ ဗာရာဏသီသို့ ပြန်၍မလိုက်လိုတော့ပြီ။ ဤနေရာမှာပင် ဤကလောပင်ကိုဖယ်ရှား၍ မြို့တည်ပေးပါလော့" ဟု မိန့်ကြား၏။ သားတော်မင်းကလည်း ခမည်းတော်၏ မိန့်ကြားချက်အတိုင်း ထိုနေရာမှာပင် မြို့တည်၍ ပေးရလေ၏။ ကလောပင်ကို ဖယ်ရှား၍ တည်ရ

http://www.dhammadownload.com

သဖြင့် ကောလမြို့ဟူ၍လည်းကောင်း၊ ကျားတို့သွားရာလမ်း၌ တည်ထောင်သဖြင့် ဗျဂ္ဃပထမြို့ဟူ၍လည်းကောင်း အမည်နှစ်မျိုးဖြင့် မြို့တော်ကြီးပေါ်ထွန်းလာ၏။ ထိုကောလမြို့မှာ နေထိုင်လာသူများ၊ ထိုမြို့မှ ပေါက်ဖွားလာသူများသည်းလည်း ကောလိယမျိုးနွယ်ဟု အမည်တွင်လာကြလေသည်။

ဤသို့နေလာကြ၍ ကာလကြာလတ်သော် မယ်တော်သည် အရွယ်ရောက်လာသော သားတော်များကို ဤသို့ မိန့်ကြား၏။

"သားတော်တို့၊ ကပိလဝတ္ထု မြို့မှာ နေကြသော သင်တို့၏ ဦးလေးများ ရှိကြ၏။ သူတို့၏မျိုးရိုးကား သကျဟု အမည်တွင်၏။ သင်တို့ဦးလေးများ၏သမီးများသည် ဤသို့ဤပုံ ဆံထုံး ထုံးကြ၏။ ဤသို့ဤပုံ ဝတ်စားတန်ဆာ ဆင်ယင်ကြ၏။ သူတို့တတွေ ရေချိုးဆိပ်သို့ဆင်းလာကြသောအခါ မိမိနှစ်သက်သော မင်းသမီးကို ခေါ်ခဲ့ကြကုန်"

ဤသို့ မယ်တော်က ညွှန်ကြားထားသည့်အတိုင်း သားတော်များသည် သကျမင်းသမီးများ ရေချိုးပြီး၍ ဆံပင်ကို အခြောက်ခံနေကြစဉ် မိမိ နှစ်သက်ရာ မင်းသမီးကို ခေါ်ဆောင်ကာ မိမိတို့အမည်ကို ပြောပြထားခဲ့ကြ၏။ ဤသတင်းကို သကျမင်းဟို ကြားသိရသောအခါ "အချင်းတို့၊ ရှိစေတော့။ သူတို့ကား ငါတို့၏ အမျိုးသာတည်း" ဟု ဆို၍ ဆိတ်ဆိတ် နေကြကုန်၏။

ဤသို့အားဖြင့် သကျမျိုးနွယ်နှင့် ကောလိယ မျိုးနွယ်တို့ ပေါ်ထွန်းလာကြရလေသည်။ ထိုအချိန်မှစ၍ ဘုရားလက်ထက်တော်တိုင်အောင် အမျိုးအနွယ်နှစ်ခုတို့သည် သားပေး သမီးယူပြုကာ ကြည်ဖြူစွာ ဆက်ဆံလာခဲ့ကြလေသည်။

ဤသို့ အမှဋ္ဌသုတ်အဋ္ဌကထာက ဖွင့်ပြပြီးနောက် အမှဋ္ဌသုတ်ပါဋ္ဌိတော်ကို ပြန်၍ အနုသန္ဓေ ဆက်ပေး၏။ အမျိုးအနွယ် ပျက်စီးမည့်ဘေးကို ကြောက်သဖြင့် မိမိတို့ နှမတော်များနှင့် အိမ်ထောင်ဖက်သော သားတော်များအကြောင်းကို သြဏ္ဏာက မင်းကြီး ကြားသိရသောအခါ (သက္ကာဝတ ဘောကုမာရာ) "အချင်းတို့၊သားတော်များသည် စွမ်းနိုင်ကြလေကုန်စွာ့တကား" ဟု ကျူးရင့်လေသည်။ ဤသို့ကျူးရင့်သောစကားကို အစွဲပြု၍ သားတော်များသည် သကျဟု အမည်တွင်ကြောင်း အမှဋ္ဌသုတ်ပါဋ္ဌိတော်မှာ ပြဆိုထားပေသည်။ အမှဋ္ဌတို့ အမျိုးအနွယ်ကိုကား ဤမှာ မလိုအပ်၍ ထုတ်ဆောင်ခြင်း မပြုတော့ပါ။

မဟာသမယသုတ် အဋ္ဌကထာတွင် ဤသို့ အမှဋ္ဌသုတ် ပါဋ္ဌိတော်နှင့် အဋ္ဌကထာတို့ကို ညွှန်ပြပြီးနောက် တရားဟောရာဌာန မဟာဝုန်တောကြီး

http://www.dhammadownload.com

အကြောင်းကိုဆက်၍ဖွင့်ပြ၏။ မဟာဝုန်တောကြီးဟူသည်မှာလူတို့စိုက်ပျိုး၍ ထားရသည်မဟုတ်ပဲ သူ့အလိုလိုပေါက်ရောက်နေသော တောကြီး ဖြစ်၏။ သကျတို့ နယ်မြေမှသည် ဟိမဝန္တာအထိ တစပ်တည်း တည်ရှိနေသော တောကြီး ဖြစ်၏။

ဤသို့ မဟာသမယသုတ္တန်ဟောရာဌာနကို ဖွင့်ပြပြီးနောက် ဤသုတ္တန်ကို နာခံရသော ရဟန္တာအရှင်မြတ်များ အကြောင်းကို အဌကထာက ဆက်၍ ဖွင့်ဆိုလေသည်။ ဤသုတ္တန်ကို နာခံရသော ပုဂ္ဂိုလ်အားလုံးသည် ရဟန္တာ ပုဂ္ဂိုလ်များချည်း ဖြစ်ကြကုန်၏။ ဤ မဟာသမယသုတ္တန်ကို ဟောကြား သော နေ့မှာမှ ဖြစ်လာကြသော ရဟန္တာပုဂ္ဂိုလ်အသစ်များ ဖြစ်ကြ၏။ ဤနေ့မှာမှ ဖြစ်လာကြသော ရဟန္တာပုဂ္ဂိလ်များကို ဖွင့်ဆိုရာမှ သြဏ္ဏာက မင်းကြီးလက်ထက်က အတိတ်ဇာတ်ကြောင်းက တကျော့ ပြန်ပေါ်လာ ပါတော့သည်။

သကျမျိုးနွယ်နှင့် ကောလိယ မျိုးနွယ်တို့သည် နယ်မြေ နှစ်ခုကြားမှ စီးဆင်းလျက်ရှိသော ရောဟိဏီဖြစ်ကိုအမှီပြု၍ ကောက်ပဲသီးနှံ စိုက်ပျိုးကြ ရ၏။ မျိုးနွယ်နှစ်ခုလုံးက မြစ်ကို ဆည်တခုတည်းနှင့် စုပေါင်း၍ဆည်ကာ ရေကို နှစ်ဦးနှစ်ဘက် မျှတစွာ ခွဲဝေစိုက်ပျိုးလာခဲ့ကြ၏။ တိုနှစ်မှာမူ မိုးဦး ခေါင်သဖြင့် မြစ်ရေသည် လုံလုံ လောက်လောက် မလာပေ။ နယုန်လ အတွင်း၌ စိုက်ပျိုး၍ပြီးခါစမှာပင် ကောက်ပင်များ ရေမဝ၍ ညှိုးနွမ်း ကြ၏။ဤတွင် နယ်မြေနှစ်ဘက်လုံးမှ လယ်အလုပ်သမားများသည် ရေကိစ္စ အတွက် စည်းဝေးတိုင်ပင်ကြရလေတော့သည်။

အစည်းအဝေးတွင် ကောလိယဘက်မှ လယ်လုပ်သားများက စတင်၍ ပြောဆိုကြ၏။

"မိတ်ဆွေတို့၊ ဤရေကို နှစ်ဘက်လုံးက အသုံးပြုကြလျှင် သင်တို့လည်း လုံလောက်မည်မဟုတ်။ ငါတို့အတွက်လည်း လုံလောက်မည် မဟုတ်ပေ။ ငါတို့၏ ကောက်ပင်များသည် ရေတကြိမ်သွင်းရုံဖြင့် အောင်မြင်ကြပါလိမ့် မည်။ သို့ဖြစ်၍ ဤရေကို ငါတို့အား ပေးကြပါ"

ဤသို့ ကောလိယလယ်လုပ်သားတို့ တင်ပြသည်ကို သကျဘက်မှ လယ် လုပ်သားများက လက်မခံနိုင်ကြပေ။ သို့ဖြစ်၍

"မိတ်ဆွေတို့၊ သင်တို့၏စပါးကျီများ အပြည့်အလျှံရှိနေချိန်တွင် ငါတို့ သည် အသပြာအမျိုးမျိုးထုပ်ပိုးကာ၊ တောင်းများ အိတ်များကို ဆွဲကိုင်ကာ သင်တို့ အိမ်တံခါးဝတွေမှာ မျက်နှာငယ်ငယ်နှင့် မလည့်လည်နိုင်ကြပေ။

http://www.dhammadownload.com

ငါတို့၏ ကောက်ပင်မျှားမှာလည်း ရေတခါသွင်းရုံနှင့် အောင်မြင်ကြပါလိမ့်မည်။ သို့ဖြစ်၍ ဤရေကို ငါတို့အား ပေးကြပါ''

''ငါတို့ကား မပေးနိုင်ပါ''

သကျနယ်မြေမှ လယ်လုပ်သားတို့၏ တန်ပြန် တင်ပြချက်ကို ကောလိယနယ်မြေမှ လယ်လုပ်သားများက တင်းမာစွာပယ်ချကြ၏။ သကျနယ်မြေမှ လယ်လုပ်သားများကလည်း တဘက်မှတင်ပြချက်ကို တင်းမာစွာ ပယ်ချကြပြန်၏။

ဤသို့ အပြန်အလှန် ငြင်းခုံကြရာမှ စိတ်မထိန်းနိုင်သောလူတယောက်က အခြားတဘက်မှ လူကို ကိုယ်ထိလက်ရောက် ရိုက်ပုတ်လိုက်၏။ ထိုလူကလည်း ငုံ့မခံပဲ ပြန်လှန်၍ရိုက်၏။ သူတို့နှစ်ယောက်မှတဆင့် ရန်မီး ပွားကြကာ နောက်ဆုံးတွင် နှစ်ဘက်လုံးမှ အရှင်သခင်ဖြစ်ကြသော မင်းမျိုးမင်းနွယ်များကိုပါ ထိပါးပုတ်ခတ် လာကြလေတော့သည်။

ကောလိယဘက်မှ လယ်လုပ်သားများက

''သင်တို့သည် ကပိလဝတ္ထုမြို့သားတို့ကို အားကိုး၍ကြုံးဝါးကြကုန်၏။ ကပိလဝတ်မြို့သား သကျမျိုးနွယ်တို့သည် အိမ်ခွေးများ၊ မြေခွေးများကဲ့သို့ မိမိတို့နှမများနှင့် ပေါင်းဖော်ကြကုန်၏။ ထိုကဲ့သို့သောသူများ၏ ဆင်တို့သည်လည်းကောင်း၊ မြင်းတို့သည်လည်းကောင်း၊ ချပ်မိန်ညိုနှင့် လက်နက်တို့သည်လည်းကောင်း ငါတို့အား မည်သို့ပြုနိုင်ကြမည်နည်း''

ဤသို့ ကောလိယလယ်လုပ်သားများက သကျတို့၏ မျိုးနွယ်ကို ထိပါးလာကြသောအခါ သကျတို့ဘက်မှ လယ်လုပ်သားတို့ကလည်း ဒဏ်ကျမခံပြန်၍ ထိပါးကြလေတော့သည်။

''သင်တို့သည် ယခု ကုဋ္ဌန္နုနာရောဂါသည်၏သားသမီးများကို အားကိုး၍ ကြုံးဝါးကြကုန်၏။ ကောလိယမျိုးနွယ်တို့သည် ကိုးကွယ်ရာ မရှိ၊ နေစရာထိုင်စရာ မရှိကြကုန်သည်ဖြစ်၍ တိရစ္ဆာန်များကဲ့သို့ ကလောပင် ခေါင်းမှာ အောင်းခဲ့ကြရကုန်၏။ ထိုကဲ့သို့သောသူများ၏ ဆင်များသည်လည်းကောင်း၊ မြင်းများသည်လည်းကောင်း၊ ချပ်မိန်ညိုနှင့် လက်နက်များသည်လည်းကောင်း ငါတို့အား မည်သို့ပြုနိုင်ကြမည်နည်း''

ဤသို့ အပြန်အလှန်ထိပါးပုတ်ခတ်ကြသော စကားများကို နှစ်ဘက်သော လယ်လုပ်သားများသည် လုပ်ငန်းခွင်ကို ကြိုးကြပ်ရသော အမတ်များထံ တင်ပြကြ၏။ အမတ်များမှတဆင့် သက်ဆိုင်ရာမင်းထံ တင်ပြရ၏။ ထိုအခါ နှစ်ဘက်လုံးမှ မင်းများသည် ရာဇမာန် ရှကြလေတော့သည်။

http://www.dhammadownload.com

"နှမများနှင့် ပေါင်းဖော်သူများ၏ စွမ်းအားကို ပြကြကုန်အံ့" ဟု ကြုံးဝါး၍ သကျမင်းများသည် စစ်တပ်ကြီး ခင်းကျင်း၍ ထွက်လာကြကုန်၏။ ထို့အတူပင် ကောလိယမင်းများကလည်း "ကလောပင်ခေါင်းမှာ အောင်းကြသူများ၏ စွမ်းအားကို ပြကြကုန်အံ့" ဟု စစ်တပ်ကြီးစွာ ခင်းကျင်း၍ ထွက်လာကြကုန်၏။ စစ်တပ်ကြီးနှစ်ခုတို့သည် ရောဟိဏီမြစ်ဆီသို့ အရှိန်အဟုန်နှင့် ချီတက်လာခဲ့ကြကုန်၏။

မြတ်စွာဘုရားသည်လည်း ထိုညမိုးသောက်ယံတွင် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ လောကကိုဆင်ခြင်တော်မူလတ်သော် စစ်ကြီးချီ၍ လာကြသော ဆွေတော်မျိုးတော်များကို မြင်တော်မူ၏။ မြင်တော်မူပြီးနောက် "ငါဘုရားကြွသွားလျှင် သူတို့၏ခိုက်ရန်များ ငြိမ်းမည်လော၊ မငြိမ်းမည်လော" ဟု ဆင်ခြင်တော်မူရာ ငြိမ်းမည့်အကြောင်းနှင့် တကွ သာသနာတော်၌ အကျိုးများမည့် အကြောင်းများကို မြင်တော်မူလေသည်။ ထို့ကြောင့် မည်သည့်အလုပ်အကျွေးကိုမျှ မပြောကြားပဲ ဘုရားရှင် တပါးတည်းသာ သပိတ်ကိုလွယ်ကာ သင်္ကန်းများကို ပြုပြင်ဝတ်ရုံကာ စစ်တပ်နှစ်ခု၏အလယ်ဗဟိုသို့ကြွ၍ ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ကွန့်မြူးစံပယ်တော်မူလျက် နှစ်ဘက်သော ဆွေတော် မျိုးတော်များကို ကြိုလင့်၍ နေတော်မူ၏။

ကပိလဝတ္ထုမြို့တော်မှာ နေကြသော သကျမင်းတို့သည် ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တပြိုင်နက် "ငါတို့ ဆွေမျိုးများ၏ အထွတ်မြတ်ဆုံး ဖြစ်သော ဘုရားရှင် ကြွတော်မူနေပြီ။ ငါတို့၏ ခိုက်ရန်ဖြစ်ပွားသော ကြောင်းခြင်းရာကို ဘုရားရှင် မြင်တော်မူချေ သလော" ဟု စဉ်းစားကြရ၏။ ထိုမှ ဆက်လက်၍ "ဘုရားရှင် ကြွရောက်တော်မူလတ်သော် သူတပါးတို့၏ ကိုယ်ပေါ်၌ လက်နက်ဖြင့် ပစ်ခတ်ထိုးနှက်ရန် ငါတို့ မစွမ်းနိုင်ကြကုန်။ ကောလိယမြို့သား မင်းအများတို့သည် ငါတို့ကို သတ်လိုလျှင် သတ်ကြစေတော့၊ မီးရှို့လိုလျှင် ရှို့ကြစေတော့" ဟု စဉ်းစားကာ လက်နက်များကို မြေသို့ချကြကုန်၏။ လက်နက်မပါသော လက်များဖြင့် ဘုရားရှင်ကို ရှိခိုးလျက် ထိုင်နေကြကုန်၏။ ကောလိယမြို့သား မင်းအများလည်း ထိုနည်းတူပင် တွေးတောကာ ထိုနည်းတူပင် လက်နက်များချ၍ ဘုရားရှင်ကို ရှိခိုးလျက် ထိုင်နေကြကုန်၏။ သွေးချောင်းစီးမျှ တိုက်ခိုက်ရန် မာန်တင်းထားကြသော စစ်ပွဲကြီးသည် သွေးတပေါက်မျှ မကျရပဲ ပြီးဆုံးသွားချေပြီ။ ဤတွင် ဘုရားရှင်က

http://www.dhammadownload.com

"မြတ်သောမင်းတို့၊ အဘယ်အကြောင်းကြောင့် ဤနေရာသို့ ရောက်လာကြကုန်သနည်း"

လက်အုပ်ချီကာ ငြိမ်သက်စွာ ထိုင်နေကြသော နှစ်ဘက်သော မင်းများကို မေးတော်မူ၏။ ဖြစ်ကြောင်းကုန်စင်ကို သိမြင်ပြီးဖြစ်သော်လည်း စကားစထွက်ပေါ်လာစေရန် ဘုရားရှင်တို့၏ ကျင့်ထုံးအရ မေးတော်မူခြင်း ဖြစ်ပေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ ဤနေရာသို့ စုဝေး လာကြခြင်းသည် မြစ်ဆိပ်မှာ ပျော်ပွဲရွင်ပွဲ ကျင်းပရန် မဟုတ်ပါ။ တောင်ပေါ်မှာ ပျော်ပွဲရွင်ပွဲ ကျင်းပရန် မဟုတ်ပါ။ မြစ်ရေထဲမှာ ပျော်ပွဲရွင်ပွဲ ကျင်းပရန် မဟုတ်ပါ။ တောတောင်များကို ကြည့်ရှုရန်လည်း မဟုတ်ပါ။ ဤနေရာ ဌာနဝယ် စစ်ပွဲကြီးစွာ ခင်းကျင်း၍ တိုက်ခိုက်ရန် လာကြခြင်းသာ ဖြစ်ပါသည် ဘုရား"

ဘုရားရှင်၏ အမေးကို နှစ်ဘက်သော မင်းများက ရိုသေစွာ လျှောက်ထားကြ၏။ ထိုအခါ ဘုရားရှင်က

"မြတ်သော မင်းတို့၊ အဘယ်ကို အမှီပြု၍ သင်တို့ ခိုက်ရန်ဖြစ်ကြရပါသနည်း"

"ရောဟိဏီမြစ်ရေကို အမှီပြု၍ ဖြစ်ပါသည် ဘုရား"

"မြတ်သောမင်းတို့၊ ရောဟိဏီ မြစ်ရေသည် မည်မျှ အဖိုး ထိုက်ပါသနည်း"

"အနည်းငယ်မျှသာ အဖိုးထိုက်ပါသည်ဘုရား"

"မြတ်သော မင်းတို့၊ မြေကြီး မည်သည် မည်မျှ အဖိုးထိုက်တန်ပါသနည်း"

"တန်ဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်ပါသည်ဘုရား"

"မြတ်သော မင်းတို့၊ ထိုမြေကြီးကို အစိုးရသော မင်းတို့သည် မည်မျှ အဖိုးထိုက်တန်ပါသနည်း"

"တန်ဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်ပါသည်ဘုရား"

"မြတ်သောမင်းတို့၊ အနည်းငယ်မျှသာ အဖိုးထိုက်တန်သော ရောဟိဏီမြစ်ရေကို အမှီပြု၍ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သောမင်းများ သေကြေ ပျက်စီးစေရန် စစ်ခင်းခြင်းဖြင့် အဘယ် အကျိုးရှိမည်နည်း။ ခိုက်ရန်ဖြစ်ပွားခြင်း၌ သာယာဖွယ် ဟူ၍ လုံးဝ မရှိပေ။ မြတ်သောမင်းတို့၊ ခိုက်ရန် ဖြစ်ပွား၍ အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့မိသောကြောင့် ကြို့ပင်စောင့်

http://www.dhammadownload.com

နတ်တပါးနှင့် ဝက်ဝံတို့၏ ရန်ငြိုးဖွဲ့ခြင်းသည် ဤကမ္ဘာတိုင်အောင် ရောက်လာခဲ့သည်သာတည်း ဟု မိန့်ကြား မူကာ ဖန္ဒနဇာတ်ကို ဟောကြားတော်မူလေသည်။ (ထိုဖန္ဒနဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

ထို့နောက် ဆက်လက်၍ "မြတ်သောမင်းကို၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ မည်သည် သူတပါးစကားကို ကြားလေတိုင်း တထစ်ချ မယုံကြည်ရာ။ ယုန်ကလေး တကောင်၏ စကားကို မစုံးစမ်း မဆင်ခြင်ပဲ ယုံမိကြသဖြင့် ယူဇနာသုံးထောင်ကျယ်ဝန်းသော ဟိမဝန္တာရှိ ခြေလေးချောင်း သတ္တဝါအပေါင်းသည် မဟာသမုဒ္ဒရာရိုရာသို့ ပြေးသွားခဲ့ကြရပ္ဖူးချေပြီ" ဟု မိန့်တော်မူကာ ပထဝီဥန္ဒြိယဇာတ်ကို ဟောကြားတော်မူလေသည်။ (ထိုပထဝီဥန္ဒြိယဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

ထိုမှတဖန် "မြတ်သောမင်းတို့၊ တခါတရံတွင် အားနည်းသော သူသည်လည်း အားကြီးသော သူကို တွန်းလှန်ဖြိုဖျက်ရန် အခွင့်အလမ်းကို တွေ့မြင်ရတတ်၏။ တခါတရံတွင် အားကြီးသော သူသည် အားနည်းသော သူကို ချေမှုန်းဖျက်ဆီးရန် အခွင့်အလမ်းကို တွေ့မြင်ရတတ်၏။ ထိုသို့သော အခွင့်အလမ်းကို တွေ့မြင်ရသဖြင့် အားနည်းလှစွာသော နှံစုတ် ငှက်မငယ်သည် အားကြီးလှစွာသော ဆင်ပြောင်ကြီးကို သတ်နိုင်ခဲ့ချေပြီ" ဟု မိန့်တော်မူကာ လဋ္ဌကိကဇာတ်ကို ဟောကြားတော်မူလေသည်။ (ထိုလဋ္ဌကိကဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြပါထားသည်။)

ဤသို့အားဖြင့် ခိုက်ရန်ဒေါသမျှား ပြေငြိမ်းသွားစေရန် ဇာတ်တော်သုံးခုကို ဟောကြားတော်မူပြီးနောက် စည်းလုံး ညီညွတ်ခြင်း၏ အကျိုးကျေးဇူးကိုပြရန် အလို့ငှာ ဇာတ်တော်နှစ်ခုကို ဆက်လက်၍ ဟောကြားတော်မူလေသည်။

"မြတ်သောမင်းတို့၊ စည်းလုံးညီညွတ်နေသော သူတို့အား သူတပါးတို့က နှိပ်စက်ဖျက်ဆီးရန် အခွင့်အလမ်းကို မမြင်နိုင်ပေ" ဟု မိန့်တော်မူကာ ရုက္ခဓမ္မဇာတ်ကို ဟောကြားတော်မူလေသည်။ (ထိုရုက္ခဓမ္မဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

ထိုမှဆက်လက်၍ "မြတ်သောမင်းတို့၊ စည်းလုံးညီညွတ်နေသော ငုံးတို့အား နှိပ်စက်ဖျက်ဆီးရန် အခွင့်အလမ်းကို တစုံတယောက်မျှ မမြင်နိုင်ပေ။ စည်းလုံးညီညွတ်ရေး ပျက်ပြားခြင်း အချင်းချင်း ခိုက်ရန်ဖြစ်ပွားလာကြသော အခါတွင်ကား ထိုငုံးအပေါင်းကို မုဆိုးက သတ်ဖြတ်၍ ယူသွားခဲ့လေပြီ"

http://www.dhammadownload.com

ဟု မိန့်တော်မူကာ ဝဋ္ဋကဇာတ်ကို ဟောကြားတော်မူလေသည်။ (ထို ဝဋ္ဋကဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

ရန်ပြုခြင်းစေရန်နှင့် စည်းလုံးညီညွတ်စွာ နေကြစေရန် ဤဇာတ်တော် ၅ ခုကို ဟောကြားတော်မူပြီးနောက် အဆုံးတွင် အတ္တဒဏ္ဍသုတ်ကို ဟောကြားတော်မူလေသည်။ (တရားသဘောအားဖြင့် လေးနက်လှသော ဤအတ္တဒဏ္ဍသုတ်သည် မဟာသမယသုတ်များနှင့် ထပ်တူထပ်မျှ အရေးပါလှသည်။ သီဖွယ်မှတ်ဖွယ်၊ လိုက်နာကျင့်သုံးဖွယ်များ အပြည့်အဝ ပါရှိပါသည်။ သို့သော် ဒေသနာစဉ်အရ မဟာသမယသုတ်များတွင် ကြားဝင်ထည့်သွင်း၍ မရနိုင်သဖြင့် နောက်ပိုင်းဇာတ် အဖြစ်ဖြင့်သာ ဖော်ပြထားပါသည်။)

ဤသို့ ဟောကြားတော်မူသော ဒေသနာတော်များကြောင့် နှစ်ဘက်သော မင်းများ၏ စိတ်နှလုံးများ ကြည်လင်ချမ်းမြေ့လာကြကာ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးကျူး၍မပြီးနိုင်အောင် ဖြစ်ကြရပေသည်။

"အကယ်၍သာ ဘုရားရှင် ကြွခြင်တော်မမူခဲ့ပါလျှင် ငါတို့သည် အပြန်အလှန်သတ်ဖြတ်ကာ သွေးချောင်းစီးကြကုန်လတ္တံ့။ ငါတို့ချစ်လှစွာသော သားသမီးများ၊ ညီအစ်ကိုမောင်နှမများကို အိမ်တံခါးဝမှာ မမြင်ကြရတော့လတ္တံ့။ သတင်းစကားကို အပြန်အလှန် သယ်ယူပို့ဆောင်သူပင် မရှိတော့လတ္တံ့။ ဘုရားရှင်ကို အမှီပြု၍သာလျှင် ငါတို့မှာ အသက်ရှင်ခွင့်ရကြ၏။ အကယ်၍ ဘုရားရှင်သည် အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေပါလျှင် ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီး လေးကျွန်းလုံးကို စိုးမိုးအုပ်ချုပ်နိုင်သော မင်းကောင်ဖြစ်လတ္တံ့။ သူ၏သားတော်တို့သည်လည်း တထောင်မက များပြားစွာ ရှိကြလတ္တံ့။ ထို့ကြောင့် မင်းမျိုးများသာခြံရုံလျက် လှည့်လည်သွားလာရလတ္တံ့။ ထိုကဲ့သို့သော စည်းစိမ်ချမ်းသာကိုပင် စွန့်လွှတ်၍ တောထွက်တော်မူပြီးလျှင် ယခု ဘုရားစင်စစ်ကောင်းဖြစ်တော်မူခဲ့ပြီ။ ယခုအခါ၌လည်း မင်းမျိုးများ ခြံရုံလျက်သာလျှင် လှည့်လည်နိုင်ပါစေသတည်း"။

ဤသို့ နှစ်ဘက်မင်းများ တွေးတောကာ ဘုရားရှင်၏ ကျေးဇူးတော်ကို တတ်စွမ်းသမျှ ပေးဆပ်သောအားဖြင့် မင်းသား နှစ်ရာ့ငါးဆယ်စီကို သာသနာတော်အတွက် ပေးလှူကြလေသည်။ ဘုရားရှင်သည် ငါးရာသော မင်းသားတို့ကို တပြိုင်တည်း ရဟန်းပြုပေးတော်မူကာ မဟာဝုန်တောကြီးသို့ ကြွခြင်တော်မူလေသည်။

http://www.dhammadownload.com

ရဟန်းသစ်များမှာ ဘုရားရှင်နှင့်တကွ ခေါင်းဆောင်မင်းများကို လေးစားသောအားဖြင့် ရဟန်းပြုလာရသူများသာဖြစ်၏။ သာသနာ့တာဝန်ကို ထမ်းဆောင်လိုစိတ် ရှိကြသေးသည် မဟုတ်ပေ။ ထို့ကြောင့် ထိုရဟန်းသစ် ငါးရာတို့မှာ သာသနာတော်မှာ ပျော်မွေ့၍ မရနိုင်ကြချေ။ သည်ကြားထဲတွင် မီးလောင်ရာ လေပင့်သကဲ့သို့ သူတို့၏ မယားဟောင်းများကလည်း သူတို့ထံ အမှာစကားများ ဆက်ကာဆက်ကာ ပို့နေကြသေး၏။ "အရှင့်သားတို့၊သာသနာတော်မှာ ပျော်ပျော်ကြီး မနေလိုက်ကြပါနှင့်။ ကျွန်မတို့ မိန်းမသားများချည်း နေ၍မဖြစ်တော့ပါ။ အိမ်မှုကိစ္စများ မပြီးစီးတော့ပါ" ဟု အသနား ခံကြသေး၏။ သို့ဖြစ်၍ ရဟန်းသစ်များခမျာ ပိုမို၍ အနေခက်လာကြရ၏။

ဘုရားရှင်သည် ရဟန်းသစ်တို့၏ စိတ်ဖြစ်ပုံ ဆင်ခြင်တော် မူပြီးလျှင် "ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရားရှင်နှင့် အတူတကွ နေထိုင်လျက်ကပင် သာသနာတော်မှာ ငြီးငွေ့နေကြသေး၏။ သူတို့အား ကုဏာလအိုင်၏ သာယာတင့်တယ်ပုံကို ဟောပြပြီးလျှင် ထိုအိုင်သို့ ခေါ်ဆောင်၍ မမွေ့လျော်သော စိတ်များကို ပယ်ဖျောက်ပေအံ့" ဟု စဉ်းစားတော်မူကာ ကုဏာလအိုင်၏ သာ ယာ တင့် တယ် ပုံများ ကို ဟော ကြား တော်မူလေသည်။

ရဟန်းသစ်များသည် ကုဏာလအိုင်၏ သာယာတင့်တယ်ပုံကို နာကြားရုံနှင့် အားမရကြတော့ပဲ ကိုယ်တိုင်ကိုယ်ကြပ် ရှုမြင်လိုလာကြ၏။ ဘုရားရှင်ကလည်း ရဟန်းသစ်တို့၏ စိတ်အထာကို သိတော်မူသဖြင့် "ရဟန်းတို့၊ ကုဏာလအိုင်ကို ကြည့်လိုကြကုန်သလော" ဟု မေးတော်မူလေရာ

"ကြည့်လိုကြပါသည် အရှင်ဘုရား" ဟု ရဟန်းတို့က လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က ဆက်လက်၍

"ရဟန်းတို့၊ ဤသို့ဆိုလျှင် လာကြကုန်လော့။ ကုဏာလအိုင်သို့ သွားကြကုန်အံ့"

"အရှင်ဘုရား၊ တန်ခိုးရှင်များသာ သွားနိုင်၊ရောက်နိုင်သော နေရာကို တပည့်တော်တို့ မည်သို့သွားနိုင်ပါမည်နည်း"

"ရဟန်းတို့၊ သင်တို့သွားလိုကြလျှင် ငါဘုရား၏ အာနုဘော်ဖြင့် သင်တို့ကို ခေါ်ဆောင်၍သွားအံ့"

"အရှင်ဘုရား၊ ခေါ်ဆောင်တော်မူပါ"

http://www.dhammadownload.com

ဤသို့ရဟန်းသစ်များက တောင်းပန်ကြသဖြင့် ဘုရားရှင်သည် မိမိ၏ တန်ခိုးတော်ဖြင့် ရဟန်းငါးရာကို ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်တော်မူကာ ကုဏာလအိုင်သို့ ပို့ဆောင်တော် မူလေ၏။ မမြင်စဖူး အသွင်ထူးသော ရှုမျှော်ခင်းများကို တအံ့တသြ ကြည့်ရှုနေကြသော ရဟန်းသစ်များအား ဘုရားရှင်က

"ရဟန်းတို့၊ ဤကုဏာလအိုင်၌ ငါးအမျိုးပေါင်း မြောက်မြားစွာ ရှိကြကုန်၏။ မိမိတို့ အမျိုးအမည် မသိရသေးသော ငါးများရှိလျှင် ငါဘုရားထံ မေးလျှောက်ကြကုန်လော့"

ရဟန်းတို့၏ ငြီးငွေ့သောစိတ်ကို ဤသို့ အာရုံပြောင်း၍ ပေးတော်မူ၏။ ဘုရားရှင် လမ်းကြောင်းပေးထားသည့်အတိုင်း ရဟန်းများကလည်း မတွေ့ဖူး၊ မမြင်ဖူးသေးသော ငါးများ၏ အမျိုးအမည်ကို မေးမြန်း၏။ ဘုရားရှင်ကလည်း မေးသမျှကို ဖြေကြားတော်မူ၏။ ငါးများသာမက ထိုတောမှာ ရှိကြသော သစ်ပင်ကြီးငယ်များ၊ တောင်ခြေမှာရှိကြသော သားငှက်တိရစ္ဆာန်များ၏ အမည်များကိုလည်း အမေးအဖြေ ပြုကြပေသည်။ ထိုသို့ အမေးအဖြေ ပြုနေကြစဉ် ဥသြငှက်မင်းသည် ကြီးကျယ်စွာသော မင်းတို့၏ အခြံအရံဖြင့် ကောင်းကင်ခရီးမှ လှည့်လည်၍ လာလေသည်။

ဥသြငှက်မင်းသည် ဥသြငှက်မ နှစ်ကောင်က နှုတ်သီးဖြင့် ကိုက်ချီထားသော တန်းပေါ်တွင် အခန့်သားနားလျက် လိုက်ပါလာ၏။ သူ၏ရှေ၊ သူ၏နောက်၊ သူ၏ ဝဲ-ယာ နံပါးတို့၌လည်း ငှက်မအပေါင်းက ခြံရံ၍ လိုက်ပါလာကြ၏။ ရဟန်းတို့သည် ထိုဥသြငှက်မင်းကို ကြည့်ရှုကြပြီးလျှင် "အရှင်ဘုရား၊ တန်းပေါ်မှာ လိုက်ပါလာသော ဤဥသြငှက်သည် သူတို့၏ မင်းဖြစ်လိမ့်မည်။ လိုက်ပါလာသော ငှက်မများကား သူ၏ အခြွေအရံများ ဖြစ်လိမ့်မည်ဟု တပည့်တော်တို့ ထင်မိပါသည်ဘုရား" ဟု လျှောက်ထားကြ၏။

ဘုရားရှင်က "ရဟန်းတို့၊ မှန်လှပေ၏။ ဤဥသြငှက်မင်းသည်လည်း ငါဘုရား၏ အမျိုးအနွယ်သာတည်း။ ငါဘုရား၏ အစဉ်အဆက်သာတည်း" ဟု မိန့်တော်မူလေရာ

"အရှင်ဘုရား၊ တပည့်တော်တို့သည် ယခုအခါ ဤငှက်များကိုသာ မြင်ကြရပါသေးသည်။ ဤဥသြငှက်မင်းသည် ဘုရားရှင်၏ အမျိုးအနွယ်ဖြစ်ပုံ၊ ဘုရားရှင်၏ အစဉ်အဆက် ဖြစ်ပုံကိုကား မမြင်ကြရသေးပါ။ သို့ဖြစ်ပါ၍

http://www.dhammadownload.com

ဤဥသြဋ္ဌက်မင်းသည် ဘုရားရှင်၏ အမျိုးအနွယ်ဖြစ်ပုံ၊ အစဉ်အဆက်ဖြစ်ပုံကို ကြားနာလိုပါသည် ဘုရား"

"ရဟန်းတို့၊ ကြားနာလိုကြကုန်သလော"

"အရှင်ဘုရား၊ ကြားနာလိုကြပါသည်"

"ထိုသို့ဖြစ်လျှင် ကြားနာကြကုန်လော့"

ဤသို့အစချီတော်မူကာ ကုဏာလ ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

ဤဇာတ်တော် ဒေသနာဖြင့် ရဟန်းတို့၏ ငြီးငွေ့သောစိတ်များကို ဖယ်ရှားတော် မူလေရာ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာလုံး သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ သောတာပတ္တိမဂ်၏ အစွမ်းအားဖြင့် ဈာန်တန်ခိုးများကိုပါ တပြိုင်တည်း ရရှိကြကုန်၏။ (ရဟန်းငါးရာလုံးအား သောတာပန်အဖြစ်သို့ ပို့ဆောင်ပေးနိုင်သော ကုဏာလဇာတ်ကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။)

, ဘုရားရှင်သည် ထိုရဟန်းတို့ တရားထူး ရပုံကို သိရှိတော်မူကာ "ဤရဟန်းတို့အတွက် ဤမျှဖြင့် ရှိစေဦး" ဟု နှလုံးသွင်းတော်မူကာ ကုဏာလအိုင်မှသည် မဟာဝုန်တောသို့ တန်ခိုးတော်ဖြင့် ပြန်ကြွတော်မူလာ၏။ ဘုရားရှင်၏ နောက်တော်ပါးမှ ရဟန်းငါးရာတို့ကလည်း ကြည်ညိုပွယ်ရာ တသိတတန်းကြီး လိုက်ပါလာကြ၏။ အသွားတုန်းကတော့ သူတို့သည် ဘုရားရှင်၏ တန်ခိုးတော်ကို အမှီပြု၍ လိုက်ပါကြရ၏။ အပြန်မှာမူကား မိမိတို့ကိုယ်ပိုင်တန်ခိုးဖြင့် ကောင်းကင်ခရီးမှ လိုက်ပါလာနိုင်ကြပါပေသည်။

မဟာဝုန်တောကြီးသို့ ရဟန်းအားလုံး ဆင်းသက်မိကြသောအခါ ဘုရားရှင်သည် ခင်းထားသော နေရာ၌ ထိုင်တော်မူလျက်

"ရဟန်းတို့၊ လာကြကုန်လော့။ ထိုင်ကြကုန်လော့။ ကြွင်းကျန်သော ကိလေသာတို့ကို အထက် မဂ်သုံးပါးဖြင့် ပယ်သတ်နိုင်ခြင်းငှာ သင်တို့အား ငါဘုရား ကမ္မဋ္ဌာန်းပေးအံ့" ဟု မိန့်တော်မူကာ ကမ္မဋ္ဌာန်းများ ပေးတော်မူ၏။

ရဟန်းတို့သည် ဘုရားရှင်၏ မေတ္တာကရုဏာတော်ကို အလေးအနက် စဉ်းစားမိကြ၏။

"ဘုရားရှင်သည် ငါတို့ သာသနာတော်၌ မပျော်မွေ့ကြောင်းကို သိတော်မူသဖြင့် ကုဏာလအိုင်သို့ခေါ်ဆောင်၍ မပျော်မွေ့သောစိတ်များကို ပယ်ဖျောက်၍ ပေးတော်မူခဲ့၏။ ထိုကုဏာလအိုင်မှာ သောတာပတ္တိဖိုလ်သို့

http://www.dhammadownload.com

ရောက်အောင် ပို့ဆောင်တော်မူခဲ့၏။ ယခု မဟာဝုန်တောကြီးသို့ ပြန်ရောက်သောအခါတွင်လည်း အထက်မင်္ဂသုံးတန်ပန်ဆင်နှိုင်ရေးအတွက် ကမ္မဋ္ဌာန်းများပေးသနားတော်မူပြန်၏။ ငါတို့ကားသောတာပန်တည်းဟူ၍ ငါတို့သည် အချိန်ဖြုန်း၍ မနေသင့်ပေ။ မြင့်မြတ်သော ယောကျ်ားကောင်း ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် ထပ်တူထပ်မျှ ငါတို့လည်း အရဟတ္တဖိုလ်အရောက် ကြိုးစားကြဖို့သင့်ပေသည်” ဟု စဉ်းစားမိကြ၏။

ထို့နောက် ရဟန်းများသည် ဘုရားရှင်၏ခြေတော်အစုံကို ဦးခိုက်ရှိခိုးပြီးလျှင် နေရာမှထ၍ နိသီဒိုင်အခင်းများကို ခါတွက်ကြကာ မိမိတို့နှင့် သင့်လျော်ရာ တောင်ကမ်းပါးယံများ၊ သစ်ပင်ရင်းများသို့ အသီးသီး သွားရောက်၍ ကမ္မဋ္ဌာန်းထိုင်ကြကုန်၏။

ဘုရားရှင်ကလည်း ရဟန်းတို့အကြောင်းကို နှလုံးသွင်းတော် မူလျက် ရှိ၏။ “ဤရဟန်းတို့သည် ပင်ကိုအားဖြင့်လည်း ကမ္မဋ္ဌာန်းတရား လက်ကိုင်ထားလျက် ရှိကြကုန်၏။ နည်းပေးလမ်းပြ ရရှိထားသော ရဟန်းအားကမ္မဋ္ဌာန်းရှုရာတွင် ပင်ပင်ပန်းပန်းဖြစ်ရန် အကြောင်းမည်သည် မရှိပေ။ သွားလေကုန်၊သွားလေကုန်သော ရဟန်းများသည် ဝိပဿနာ ပွားများ၍ အရဟတ္တဖိုလ်သို့ရောက်ကြပြီးလျှင် မိမိ၊မိမိတို့ ရရှိထားသော ဂုဏ်ကျေးဇူးကို လျှောက်ထားရန် ငါဘုရားထံ လာရောက်ကြကုန်လတ္တံ့။ ထိုရဟန္တာပုဂ္ဂိုလ်များ လာရောက်ကြသောအခါ စကြဝဠာပေါင်း တိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းသည် ဤစကြဝဠာတခုတည်းသို့ စုဝေးလာကြကုန်လတ္တံ့။ ကြီးကျယ်စွာသော နတ်ဗြဟ္မာတို့၏ အစည်းအဝေး ဖြစ်လတ္တံ့။ ထို့ကြောင့် ငါဘုရားသည် နတ်ဗြဟ္မာအပေါင်းတို့ ဖူးသာမြင်သာအောင် သစ်ပင်ချုံနွယ်တို့ ကင်းရှင်းသော ဟင်းလင်းပြင်အရပ်မှာ ငါဘုရား နေမှသင့်ပေလိမ့်မည်”။

ဤသို့ နှလုံးသွင်းတော်မူကာ ဟင်းလင်းပြင်ထဲ၌ ထိုင်စရာကို ကိုယ်တော်တိုင် ခင်း၍ ထိုင်နေတော်မူ၏။

ပထမဦးစွာ ကမ္မဋ္ဌာန်းယူ၍သွားသော မထေရ်သည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ ထို့နောက်၊ထို့နောက် အခြားသော ရဟန်းများလည်း အရဟတ္တဖိုလ်သို့ ရောက်လာကြ၏။ နေအရုဏ်ထွက်လာသောအခါ ကြာပဒုမ္မာများ တဖြောက်ဖြောက်ပွင့်လာကြသကဲ့သို့ ဖြစ်၏။

http://www.dhammadownload.com

ပထမဦးစွာ အရဟတ္တဖိုလ်ရောက်သော မထေရ်သည် မိမိရရှိထားသော တရားထူးကို ဘုရားရှင်အား လျှောက်ထားမည်ဟု နှလုံး သွင်းကာ ထက်ဝယ်ဖွဲ့ခွေထားသည်ကို ဖြေလိုက်၏။ နိသိဒိုင်အခင်းကို ခါတွက်ကာ ဘုရားရှင်ရှိရာ လှမ်းလာခဲ့၏။ ထို့နောက်၊ထို့နောက် အခြားသော ရဟန်းများသည်လည်း တန်းစီလျက်လိုက်ပါလာကြ၏။ ရဟန်း ငါးရာတို့သည် ဆွမ်းစားဇရပ်သို့ ဝင်လာကြသကဲ့သို့ တသီတတန်းကြီး ဘုရားရှင်ရှိရာသို့ ကြွချီလာကြ၏။

ပထမဦးစွာကြွချီလာသော မထေရ်သည် ဘုရားရှင်ကို ရှိခိုးကာ သင့်တင့် လျှောက်ပတ်သောအရပ်၌ နိသိဒိုင်အခင်းကို ခင်း၍ထိုင်ပြီးလျှင် မိမိရရှိထားသော တရားထူးကို လျှောက်ထားမည်အပြုတွင် အခြားသောပုဂ္ဂိုလ် တစုံတယောက် ရှိလေသလော၊ မရှိလေသလော ဟု နောက်ကြောင်းကို ပြန်၍ ကြည့်လိုက်ရာ အခြားသော၊ အခြားသော ရဟန်းများကိုလည်း တသီတတန်းကြီး မြင်လိုက်ရ၏။ဤသို့ဖြင့် ငါးရာသော ရဟန္တာအရှင်မြတ်ကြီးတို့သည် ဘုရားရှင်၏ရှေ့တော်မှောက်၌ အစုံအညီ စုဝေးလာမိကြ၏။ သို့ရာတွင် တပါးတလေကမျှ မိမိရရှိထားသောတရားအထူးကို မလျှောက်ထားမိကြပေ။ တပါးနှင့်တပါး ရှက်နေကြသောကြောင့် ဖြစ်ပေသည်။

ရှက်သည်ဆိုသော်လည်း သူသူ ငါငါ ရှက်သကဲ့သို့ ပရိသတ်ကြားထဲ၌ မပြောရဲ၊မဆိုရဲ၊ မနေမထိုင်ရဲသော ရှက်ခြင်းမျိုး မဟုတ်ပါချေ။ မိမိတို့ရရှိထားသောတရားထူးကို ပြစား၍ ဂုဏ်ဖော်လိုသောစိတ်သဘော မရှိခြင်းသာ ဖြစ်ပေသည်။ရဟန္တာပုဂ္ဂိုလ်များမှာ စိတ်သဘောထား နှစ်မျိုးနှစ်စားရှိကြသည် ဟူ၏။ တမျိုးမှာ "သြော်-ငါရရှိထားသောတရားထူးကို နတ်လူအပေါင်းတို့ လျင်မြန်စွာ ထိုးထွင်း၍သိမြင်နိုင်ကြမူ ကောင်းလေစွာ" ဟူ၍ ဖြစ်၏။ နောက်တမျိုးမှာကား ရတနာရွှေအိုးကိုရရှိထားသော ယောကျ်ားသည် သူတပါးကိုမပြောကြားလိုသကဲ့သို့၊ မိမိရရှိထားသော တရားထူးကို သူတပါးအား ပြောကြားလိုစိတ် မရှိခြင်း ဖြစ်ပေသည်။

ဤသို့အားဖြင့် အရိယာအရှင်မြတ်တို့ အညီအညွတ် စုဝေးမိချိန်ကလေးတွင် ယုဂန္ဓိုရ်တောင်၏အရှေ့စွန်းမှ လဝန်းကြီး ထွက်ပြူလာလေသည်။ တိမ်တိုက်၊ ဆီးနှင်း၊ မီးခိုး၊ မြူမှုန်နှင့် ရာဟု ဟူသော ညစ်ညူးကြောင်းတရား ငါးပါးတို့ ကင်းစင်သဖြင့် လဝန်းကြီးသည်ကြည်လင်ထွန်းပလှ၏။ ဘုရားရှင်ပွင့်တော်မူခြင်းဖြင့် တင့်တောင်းတင့်တယ် ရှုချင်ဖွယ်ဖြစ်နေသော လောကကြီးကို အားပါးတရရှုစားလာသကဲ့သို့ ဖြစ်ဘိ၏။ အရှေ့အရပ်မှ လွှင့်တင်

http://www.dhammadownload.com

လိုက်သော ငွေစင်ငွေသား ကြေးမုံဝိုင်းကြီးနှင့်လည်း တူလှပါ၏။ အကွပ်ရေးမှဆွဲ၍ လှည့်ထားသော ငွေစင်ငွေသား စက်ဝန်းကြီးကဲ့သို့ ကျက်သရေရှိလှပါဘိ၏။ ဤသို့သော ငွေလဝန်းကြီး ကောင်းကင်ခရီးသို့ တရိပ်ရိပ်တက်လာချိန်တွင် ဘုရားရှင်သည် သကျတို့၏နယ်မြေအတွင်းရှိ ကပိလဝတ်မြို့တော်၏ အနီး မဟာဝုန်တောကြီး၌ အားလုံးကုန် ရဟန္တာဖြစ်ကုန်သော ရဟန်းငါးရာတို့နှင့်တကွ နေတော်မူလေ၏။

ထိုအရိယာတို့၏အစုအဝေး၌ ဘုရားရှင်သည် မဟာသမ္မတမင်း၏မျိုးနွယ်၌ဖြစ်တော်မူ၏။ ငါးရာသော ထိုရဟန်းတို့သည်လည်း မဟာ သမ္မတမင်း၏မျိုးနွယ်၌ ဖြစ်ကြကုန်၏။ ဘုရားရှင်သည် ခတ္တိယမိဘများမှ ပေါက်ဖွားတော်မူ၏။ ထို ရဟန်းတို့သည်လည်း ခတ္တိယ မိဘများမှ ပေါက်ဖွားကြကုန်၏။ ဘုရားရှင်သည် မင်းအဖြစ်မှ ရဟန်းပြုတော်မူခဲ့၏။ ထိုရဟန်းတို့သည်လည်း မင်းအဖြစ်မှ ရဟန်းပြုလာခဲ့ ကြကုန်၏။ ဘုရားရှင်သည် ထီးဖြူကိုပယ်ပြီးလျင် လက်တော်သို့ ရောက်လုနီးနေသော စကြဝတေးမင်းအဖြစ်ကိုစွန့်လွှတ်၍ ရဟန်းပြုတော်မူခဲ့၏။ ထိုရဟန်းတို့သည်လည်း ထီးဖြူကိုပယ်ကာ လက်သို့ရောက်ပြီးကုန်သော မင်းစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုလာခဲ့ကြကုန်၏။

ဤသို့အားဖြင့် ဘုရားရှင်သည် စင်ကြယ်သောနေရာတွင် စင်ကြယ်သော ညဉ့်အချိန်တွင် မိမိကိုယ်တိုင် ကိလေသာမှ စင်ကြယ်တော်မူကာ ကိလေသာ စင်ကြယ်သော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် ရာဂကင်းတော်မူကာ ရာဂကင်းသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တင် ဒေါသကင်းတော်မူကာ ဒေါသကင်းသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် မောဟကင်းတော်မူကာ မောဟကင်းသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် တဏှာကင်းတော်မူကာ တဏှာကင်းသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် ကိလေသာကင်းတော်မူကာ ကိလေသာကင်းသော အရှင်မြတ်များ ခြံရံလျက်

http://www.dhammadownload.com

မိမိကိုယ်တိုင် စိတ်နှလုံးငြိမ်းချမ်းတော်မူကာ စိတ်နှလုံးငြိမ်းချမ်းသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် စိတ်နှလုံးယဉ်ကျေးတော်မူကာ စိတ်နှလုံးယဉ်ကျေးသော အရှင်မြတ်များ ခြံရံလျက်

မိမိကိုယ်တိုင် ကိလေသာမှ လွှတ်တော်မူကာ ကိလေသာမှလွှတ်သော အရှင်မြတ်များ ခြံရံတော်မူလျက် အလွန်တရာ တင့်တယ်စံပယ်တော် မူလေသည်။ ဤသို့သော အရာမျိုးတွင် အစွမ်းရှိတိုင်း ချီးကျူးဂုဏ်ပြု၍ ကောင်းလှပါပေသည်။

ဤကား မဟာသမယသုတ်များ ဟောကြားရာ အချိန်ကာလ၊ ဟောကြားရာ နေရာဌာနနှင့် နာကြားရသော ပုဂ္ဂိုလ်များကို ပြဆို၍ နိဒါန်းသွယ်ထားခြင်း ဖြစ်ပါသည်။ မဟာသမယသုတ် ပါဋ္ဌိတော်မှ (ဧဝံ မေ သုတံ။ဧကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ) ဟူသော ပါဋ္ဌိများကို ဖွင့်ဆိုချက်များပါတည်း။

ထို့နောက် (ဒသဟိ စ လောကဓာတူဟိ ဒေဝတာ ယေဘုယျေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဉ္စ) ဟူသော ပါဋ္ဌိတော်များအဖွင့်ကို ဆက်လက်၍ တင်ပြပါဦးမည်။

တသောင်းသော လောကဓာတ်တို့မှ နတ်ဗြဟ္မာများသည် ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း များသောအားဖြင့် ဖူးမြင်ရန် လာရောက်ကြကုန်၏။

ဤ ပါဋ္ဌိတော်စကားရပ်၌ များသောအားဖြင့် ဟူသော စကားဖြင့် မလာရောက်သော နတ်ဗြဟ္မာအချိုလည်း ရှိနေသေးကြောင်း သိနိုင်ပေသည်။ မလာရောက်သော ထိုနတ်ဗြဟ္မာများကား အသည်သတ်ဗြဟ္မာများ၊ အရူပါဝစရဗြဟ္မာများနှင့် သမာပတ် ဝင်စားနေကြသော ဗြဟ္မာများ ဖြစ်ပေသည်။

ထို မဟာဝုန်တောကြီး၌ နတ်ဗြဟ္မာတို့ စည်းဝေးလာကြပုံ အစီအစဉ်ကား ဤသို့တည်း။

မဟာဝုန်တောကြီး၏ ပတ်ဝန်းကျင်၌ နတ်ဗြဟ္မာတို့သည် လှုပ်လှုပ်ရွရွဖြစ်နေကြကုန်၏။ "အချင်းတို့၊ သွားကြကုန်အံ့။ ဘုရားဖူးရခြင်းမည်သည်

http://www.dhammadownload.com

အကျိုးကျေးဇူး များလှ၏။ တရားနာရခြင်းသည် အကျိုးကျေးဇူးများလှ၏။ ရဟန်းသံဃာကို ဖူးမြင်ရခြင်းသည် အကျိုးကျေးဇူးများလှ၏။ သွားကြကုန်အံ့၊ သွားကြကုန်အံ့'' ဟု အသံကျယ်ကျယ် ပြောဆိုကာ ဘုရားရှင် နှင့်တကွ ဖြစ်သစ်စ ရဟန္တာအရှင်မြတ်များထံသို့ လာရောက်၍ ရှိခိုးလျက် ထိုင်နေကြကုန်၏။

ဤသို့သော နည်းအားဖြင့် ထိုထိုနတ်တို့၏ အသံကို ကြားကုန်၍ အသံတဆင့် ကြားရာအရပ်မှ နတ်များ၊ ဂါဝုတ်တဝက်၊ တဂါဝုတ်၊ ယူဇနာတဝက်၊ တယူဇနာ၊ ထိုမှတဆင့် ယူဇနာသုံးထောင် ကျယ်ဝန်းသော ဟိမဝန္တာရှိ နတ်များအားလုံး ကြားသိကြကုန်၏။ ထိုမှတဖန် ဇမ္ဗူဒီပ်တကျွန်းလုံးရှိနတ်များ၊ ပုဗ္ဗဝိဒေဟ၊ အပရဂေါယာန၊ ဥတ္တရကုရုဟူသော ကျွန်းကြီးများနှင့် ကျွန်းငယ်တထောင်ရှိ နတ်များလည်း အဆင့်ဆင့် ကြားသိကြကုန်၏။ ဤစကြဝဠာမှတဖန် နိမ်းစပ်ရာ စကြဝဠာများသို့ ဆင့်ကာ ဆင့်ကာ ကြားသိကြကာ ဤစကြဝဠာအပေါင်း တိုက်တသောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးမိကြလေသည်။ စကြဝဠာပေါင်း တိုက်တသောင်းကိုပင် (ဒသသု လောကဓာတုသု) ဟု ပါဠိတော်မှာ ညွှန်ပြထားခြင်း ဖြစ်ပေသည်။

ဤသို့ စည်းဝေးလာကြသော နတ်ဗြဟ္မာများဖြင့် ဤစကြဝဠာ တခုလုံးသည် အထက်ဗြဟ္မာ့ပြည်တိုင်အောင် အပြည့်အသိပ် ဖြစ်နေလေသည်။ အပ်ကျည်ထဲမှအပ်များ အစိအရီထည့်ထားသကဲ့သို့ နေရာလပ် မရှိအောင် ထိစပ်၍ နေကြပေသည်။ ထိုတွင် ဗြဟ္မာ့ပြည်၏ မြင့်ပုံကား ဤသို့တည်း။ သိဟိုဠ်ကျွန်း လောဟပါသာဒကျောင်းတော်ရှိ ဘုံခုနစ်ဆင့်မျှ ကြီးမားလှသော ကျောက်ဆောင်ကြီးကို ဗြဟ္မာ့ပြည်မှ အောက်သို့ လွှတ်ချလိုက်မည် ဆိုလျှင် လေးလကြာခါမှ မြေကြီးသို့ရောက်နိုင်၏။ ဤမျှလောက် ကျယ်ဝန်းသော နေရာတွင် နတ်ဗြဟ္မာ အပေါင်းတို့သည် အကြားအလပ် မရှိအောင် တည်နေကြကုန်၏။ အောက်မှ ပစ်တင်လိုက်သော ပန်းများနှင့် အခိုးများလည်း အထက်သို့ မတက်နိုင်ကြကုန်။ အထက်မှ ပစ်ချလိုက်သော မုန်ညင်းစေ့များလည်း အောက်သို့ ကျစရာ နေရာလပ် အပေါက်အလမ်း မရှိကြကုန်။

ဤကဲ့သို့ နတ်ဗြဟ္မာတွေ့ အပြည့် အသိပ် ရှိနေကြသော်လည်း ဘုရားရှင်၏ နေရာကား ကျဉ်းမြောင်း၍ မသွားပါချေ။ ရောက်၍ ရောက်၍ လာကြသော တန်ခိုးကြီးသော နတ်များသည်လည်းကောင်း၊ မဟာဗြဟ္မာကြီး

http://www.dhammadownload.com

တို့သည်လည်းကောင်း နေရာ ရကြသည်သာ ဖြစ်၏။ ဥပမာ ဒေါးဖြင့် စကြဝဠတေးမင်းကြီး နေရာသည် မကျဉ်းမြောင်းသကဲ့သို့ ဆောက်၍ရောက်၍ လာကြသော တန်ခိုးကြီးသောမင်းများ နေရာရကြသကဲ့သို့တည်း။

ဘုရားရှင်၏ရွှေတော် အနီးအပါးဌာ နတ်ဗြဟ္မာပေါင်း မြောက်မြားစွာ ရှိနေပါလျက် နေစရာထိုင်စရာ ရကြခြင်းကို မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ တုန်းက ဤသို့ ဖွင့်ဆိုထားခဲ့၏။ ဘုရားရှင်၏ ရွှေတော်အနီးအပါးဌာ သားမြီးဖျားကလေး တထောက် တထောက်စာမျှသော နေရာတွင် တန်ခိုးကြီးသော နတ်ကြီး ဆယ်ယောက် ဆယ်ယောက်တို့သည် သေးငယ်လှန်းလှသော ခန္ဓာကိုယ်ကို ဖန်ဆင်းလျက် နေကြကုန်၏။ ထိုနတ်တို့၏ နောက်မှာကား နှစ်ဆယ့်နှစ်ဆယ်သော နတ်ကြီးများ၊ ထို့နောက် သုံးဆယ့် သုံးဆယ်သော နတ်ကြီးများ၊ ထို့နောက်တွင် လေးဆယ့်လေးဆယ်သော နတ်ကြီးများ၊ ထို့နောက်တွင် ငါးဆယ့် ငါးဆယ်သော နတ်ကြီးများ၊ ထို့နောက်တွင် ခြောက်ဆယ့် ခြောက်ဆယ်သော နတ်ကြီးများကို အသီးသီး နေကြကုန်၏။ ထိုသို့ နေကြသော်လည်း ထိုနတ်တို့သည် တယောက်နှင့် တယောက် ခြေချင်း လက်ချင်း ထိမိ ခိုက်မိ မရှိကြပဲ သက်သာချောင်ချိစွာပင် နေနိုင်ကြပေသည်။ ထိုအကြောင်းကို အဂ်ံတ္တရနိကာယ်၊ ဧကကနိပါတ်၊ သမစိတ္တ ပရိယသုတ်မှာလည်း ဘုရားရှင် ဟောတော်မူထားပေသည်။

ဤသို့ နတ်ဗြဟ္မာ အပေါင်းတို့ စည်းဝေးလာကြပုံကို သာမညအားဖြင့် ပေါင်းရုံး၍ ပြပြီးနောက် သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့ ရောက်လာခန်းကို မူ ပါဠိတော်၌ (အထဇေါ စတုန္နံ သုဒ္ဓါဝါသ ကာယိကာနံ ဒေဝါနံ တေဒဟောသိ) စသည် ဝိသေသအားဖြင့် မှတ်တမ်းတင်၍ ထားပေသည်။

ထိုအခါ သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီး လေးယောက်တို့သည် ဤသို့ ကြံစည်ကြပါသည်။ (ပ)ငါတို့သည်လည်း မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ရသော် ကောင်းလေစွ။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်၌ ဂါထာတပုဒ်စီ တပုဒ်စီကို ရွတ်ဆို၍ ပူဇော်ရသော် ကောင်းလေစွ။ ဤသို့ ကြံစည်ကြလေသည်။

ဤကား ရှေးနားမှာပါခဲ့ပြီးသော အကြောင်းများကို ငဝယျာလထိုး၍ ထူးခြားလာသော အကြောင်းများကိုသာ ဖော်ပြထားသော ပါဠိတော်၏ မြန်မာပြန် ဖြစ်ပေသည်။ ဤသို့ ဗြဟ္မာကြီးတို့ ကြံစည်ပုံနှင့် ဗြဟ္မာကြီးတို့ ရောက်လာကြပုံကို အဋ္ဌကထာက အောက်ပါအတိုင်း ပွင့်ပြထားပေသည်။

http://www.dhammadownload.com

သုဒ္ဓါဝါသဘုံ ဟူသည်မှာ ကိလေသာ စင်ကြယ်ကုန်သော အနာဂါမ်ရဟန္တာ ဗြဟ္မာကြီးများနေထိုင်ရာ ဘုံငါးခုတို့ ဖြစ်၏။ ဘုရားရှင်ထံသို့ လာရောက်ရန် ထိုဗြဟ္မာကြီးတို့ အကြံဖြစ်လာရပုံကား ဤသို့တည်း။ ထိုသုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် သမာပတ် ဝင်စားရာမှ သတ်မှတ် ထားသော အချိန်စေ့၍ ထလာပြီး ဗြဟ္မာ့ဘုံကို ကြည့်လိုက်သောအခါ ဗြဟ္မာတယောက်မှ မရှိတော့သော ဘုံဗိမာန်များကိုသာ တွေ့ကြရ၏။ ဆုမ်းစား ပြီးချိန်တွင် ဆုမ်းစားကျောင်း၌ ရဟန်းတပါးမျှ မရှိတော့ သကဲ့သို့ ဖြစ်နေ၏။ ထိုမှ တဆင့် "ဗြဟ္မာ့မျိုးသည် မည်သည့်အရပ်သို့ သွားနေကြကုန်သနည်း" ဟု ဆင်ခြင်လတ်သော် အစည်းအဝေးကြီးသို့ သွားနေကြကြောင်းကို သိမြင်ကြပြီးလျှင် "ဤအစည်းအဝေးသည် ကြီးကျယ်လှ၏။ ငါတို့ကား နောက်ကျနေခဲ့ကြပြီ။ နောက်ကျနေသူများ အတွက် နေရာရရန် ခဲယဉ်းနေပြီ။ ထို့ကြောင့် ငါတို့သွားကြသော် လက်ချည်းသက်သက် မဖြစ်ကြရစေရန် တပုဒ်စီ တပုဒ်စီသော ဂါထာကို သီးကုံး၍ သွားကြကုန်အံ့။ ထိုဂါထာများဖြင့် အစည်းအဝေးကြီးသို့ ငါတို့ လာရောက်ကြောင်း နတ်ဗြဟ္မာအပေါင်းကို အသိပေးကြကုန်အံ့။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးကြရကုန်အံ့" ဟု စဉ်းစား တိုင်ပင်ကြလေသည်။

ထိုသုဒ္ဓါဝါသ ဗြဟ္မာကြီးများသည် ဗြဟ္မာ့ဘုံဌာနရှိစဉ်ကပင် ဂါထာများကို သီကုံးကြပြီးလျှင် တဦးသော ဗြဟ္မာကြီးသည် အရှေ့မျက်နှာမှ စကြဝဠာ အနားရေးပေါ်သို့ သက်ဆင်း၏။ တဦးသော ဗြဟ္မာကြီးသည် တောင်မျက်နှာမှ၊ တဦးသော ဗြဟ္မာကြီးသည် အနောက်မျက်နှာမှ၊ တဦးသော ဗြဟ္မာကြီးသည် မြောက်မျက်နှာမှ စကြဝဠာ အံနားရေးပေါ်သို့ သက်ဆင်းလေသည်။

၂။ အရှေ့ဘက်စကြဝဠာ အနားရေး၌ ဆင်းသက်လာသော ဗြဟ္မာကြီးသည် နီလကသိုဏ်းလျှင် အာရုံရှိသော ဈာန်သမာပတ်ကို ပွားများကာ စိမ်းညိုသော ရောင်ခြည်များကို ထုတ်လွှင့်၏။ တသောင်းသော စကြဝဠာတို့မှ စည်းဝေးလာကြသော နတ်ဗြဟ္မာအပေါင်းကို စိမ်းညိုရောင်သားရေဖြင့် ဝတ်ဆင်ပေးသကဲ့သို့ပြုကာ မိမိရောက်လာသော အကြောင်းကို အသိပေးလိုက်၏။

http://www.dhammadownload.com

ရွှေတော်မှောက်၌ နတ်ဗြဟ္မာတွေ အပြည့်ရှိနေကြသော်လည်း ရွှေတော်တည့်တည့်တွင် မည်သည့်နတ်ဗြဟ္မာမျှ ဖုံးကွယ်၍ထိုင်နေနိုင်ရန် မစွမ်းနိုင်သော လမ်းကြောင်းကား ကွက်လပ်ကျန်နေ၏။ ထိုကွက်လပ်ကျန်နေသော လမ်းကို ဗုဒ္ဓဝိထိ ဟု ခေါ်ရ၏။ အရွှေအရပ်မှ ဆင်းသက်လာသော စိမ်းညိုရောင် ဗြဟ္မာကြီးသည် ထိုဗုဒ္ဓဝိထိမှ ဣန္ဒြေရရ လှုမ်းဝင်လာကာ ဘုရားရွှေတော်မှောက် အရောက်တွင် ကြိုတင်သီးကုံးလာခဲ့သော ဂါထာကို ရွတ်ဆို၍ ပူဇော်လေသည်။

တောင်ဘက် စကြဝဠာ အနှံးရေးသို့ ဆင်းသက်လာသော ဗြဟ္မာကြီးသည် ပီတကသိုက်ကြီးလျှင် အာရုံရှိသော ဈာန်သမာပတ်ကို ဝင်စားကာ ဝါဝါဝင်းသော ရောင်ခြည်များကို ထုတ်လွှင့်၏။ တသောင်းသော စကြဝဠာမှ စည်းဝေး ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းကို ဇရဝါရောင် ဝတ်စုံဖြင့်လှမ်းခြုံပေးသကဲ့သို့ပြုကာ မိမိရောက်လာသောအကြောင်းကို အသိပေးလိုက်၏။

အနောက်ဘက် စကြဝဠာ အနှံးရေးသို့ ဆင်းသက်သော ဗြဟ္မာသည် လောဟိတကသိုက်ကြီးလျှင် အာရုံရှိသော ဈာန်သမာပတ်ကို ဝင်စားကာ ရဲရဲနီသော ရောင်ခြည်များကို ထုတ်လွှင့်၏။ တသောင်းသော စကြဝဠာမှ ရောက်ရှိလာသော နတ်ဗြဟ္မာများကို ကမ္မလာနီဖြင့် လှမ်းခြုံပေးသကဲ့သို့ ပြုကာ မိမိရောက်လာသော အဖြစ်ကို အသိပေးလိုက်၏။

မြောက်ဘက် စကြဝဠာအနှံးရေးသို့ ဆင်းသက်သော ဗြဟ္မာသည် ဩဒါတကသိုက်ကြီးလျှင် အာရုံရှိသော ဈာန်သမာပတ်ကို ဝင်စားကာ ဖြူဖြူဖွေးသော ရောင်ခြည်များကို ထုတ်လွှင့်၏။ တသောင်းသော စကြဝဠာမှ ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းကို မုလေးပန်းဝတ်စုံကို လှမ်းခြုံပေးသကဲ့သို့ ပြုကာ မိမိရောက်လာသော အဖြစ်ကို အသိပေးလိုက်၏။

ဤသို့သော အစီအစဉ်ဖြင့် ဗြဟ္မာကြီး လေးယောက်တို့သည် ဗုဒ္ဓဝိထိမှ ပူဇော်ပြီးနောက် မိမိတို့ စတင်ဆင်းသက်ခဲ့ရာ စကြဝဠာအနှံးရေးသို့ ပြန်၍ ထိုင်နေကြလေသည်။ တဦးပြီးမှ တဦးချင်း ဣန္ဒြေရရ လှုမ်းဝင်လာကာ ဘုရားရွှေတော်မှောက် အရောက်တွင် ကြိုတင်သိကုံးထားခဲ့သော ဂါထာများကို အသီးသီးရွတ်ဆို၍ ပူဇော်ကြလေသည်။ (သုဒ္ဓါဝါသဗြဟ္မာကြီး လေးဦးတို့ ရွတ်ဆိုပူဇော်သော ပါဠိဂါထာမူရင်းကို ပါဠိတော်တွင် လည်းကောင်း၊ မြန်မာလို အနက်အဓိပ္ပာယ်ကို မြန်မာပြန်တွင်လည်းကောင်း

http://www.dhammadownload.com

ကြည့်နိုင်ကြပါသည်။ ထိုဂါထာတို့၏ အနက်အဓိပ္ပာယ်အကျယ်ကို မဟာသမယသုတ် အဖွင့်တွင် လေ့လာနိုင်ပါသည်။)

၃။ သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့၏ ဂါထာရွတ်ဆို၍ ပူဇော်ခြင်းကို ခံတော်မူပြီးနောက် ဘုရားရှင်သည် ရှေးရှေးသော ဘုရားရှင်များလက်ထက်တော်တုန်းက နတ်ဗြဟ္မာတို့၏ အစည်းအဝေးနှင့်လည်းကောင်း၊ နောက်နောင်ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏ လက်ထက်တော်မှာဖြစ်ပေါ်လာမည့် နတ်ဗြဟ္မာတို့၏ အစည်းအဝေးနှင့်လည်းကောင်း မိမိရှေတော်မှ နတ်ဗြဟ္မာတို့၏ အစည်းအဝေးသည် ထပ်တူထပ်မျှဖြစ်ကြောင်း မိန့်ကြားတော်မူ၏။ ထိုမှ ဆက်လက်၍ "ရဟန်းတို့၊ ငါဘုရားသည် အမျိုးတူ စုဝေးနေကြသော နတ်ဗြဟ္မာတို့၏ အမျိုးတူ စု အမည်တို့ကို မြင်ကြားပေအံ့" စသည်ဖြင့် မိန့်ကြားတော် မူပေသည်။

ဤသို့ မိန့်ကြားရခြင်းအကြောင်းကို အဋ္ဌကထာက ဖွင့်ပြထားသည်မှာ ဤသို့ဖြစ်ပါသည်။

ပထဝီမြေပြင်မှ စကြဝဠာအနားရေးထိအောင်လည်းကောင်း၊ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်လည်းကောင်း တခဲနက်စုဝေးနေကြသော နတ်ဗြဟ္မာအပေါင်းကို ရှုစားတော်မူလျက် ဘုရားရှင်သည် ဤသို့ နှုတ်ဆုံးသွင်းတော်မူလေသည်။

"နတ်ဗြဟ္မာတို့၏ ဤအစည်းအဝေးကြီးကား ကြီးကျယ်ပေစွ။ ရဟန်းတို့သည်ကား နတ်ဗြဟ္မာတို့၏ ကြီးကျယ်စွာသော အစည်းအဝေးကြီး ဟူ၍ မသိကြသေးပေ။ ထို့ကြောင့် သူတို့ကို ငါဘုရား ဟောကြားပေအံ့" ဟု နှုတ်ဆုံးသွင်း၍ အဆက်ပါအတိုင်း မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

ဘုရားရှင်က မိမိရှေတော်မှ နတ်ဗြဟ္မာတို့၏ အစည်းအဝေးကို အတိတ်ကာလမှ ဘုရားရှင်များ၊ အနာဂတ်ကာလမှ ဘုရားရှင်များ၏ နတ်ဗြဟ္မာအစည်းအဝေးများနှင့် နှိုင်းယှဉ်တော်မူပြီးလျှင် ယခုလောလောဆယ် ပွင့်တော်မူနေသော အခြားသော ဘုရားတဆူ၏ နတ်ဗြဟ္မာ အစည်းအဝေးနှင့်ကား နှိုင်းယှဉ်တော်မမူပေ။ ဤသို့မနှိုင်းယှဉ်ခြင်းမှာလည်း ဤစကြဝဠာပေါင်း တိုက်တသောင်းတွင် ဤဂေါတမ ဘုရားရှင်မှ တပါး အခြားဘုရားတဆူ မပွင့်နိုင်သောကြောင့် ဖြစ်ပေသည်။

http://www.dhammadownload.com

နတ်ပြဟ္မာတို့၏အမည်များကို ထုတ်ဖော်ဟောကြားရခြင်း၏ အကြောင်းကား ထိုနတ်ပြဟ္မာတို့၏စိတ်များ နူးညံ့ပျော့ပျောင်း လာကြစေရန် ဖြစ်ပေသည်။

ထိုအစည်းအဝေးသို့ ရောက်လာကြသော နတ်များသည် ဤသို့စဉ်းစားမိကြ၏။ "များပြားလှစွာကုန်သော နတ်ပြဟ္မာတို့၏ အစည်းအဝေးတွင် ဘုရားရှင်သည် တန်ခိုးကြီးသော နတ်ပြဟ္မာတို့၏ အမည်များ၊ အမျိုးအနွယ်များကို ဟောကြားတော်မူလိမ့်မည်။ တန်ခိုးမကြီးသော နတ်တို့၏ အမည်များ၊ အမျိုးအနွယ်များကိုကား အဘယ်မှာ ဟောဝံ့ပေလိမ့်မည်နည်း" ဟူ၍ စဉ်းစားမိကြ၏။

ဤတွင် ဘုရားရှင်သည် နတ်တို့၏ စိတ်ဖြစ်ပုံ ဆင်ခြင်တော်မူလတ်သော် ပါးစပ်မှ လက်လျှိုပြီးလျှင် နှုလုံးသားကို ဆုပ်နယ်နှိုင်ဘိသကဲ့သို့ ခိုးထုပ်ခိုးထည်နှင့်တကွသော ခိုးသူကြီးကို ရောင်ဆဲ့၍ဖမ်းလိုက်နိုင်သကဲ့သို့ ထိုနတ်တို့၏ စိတ်ဖြစ်ပုံကို သိရှိတော်မူ၏။ သို့ဖြစ်၍ "တသောင်းသော စကြဝဠာမှ ရောက်လာကြကုန်သော နတ်ပြဟ္မာများတွင် တန်ခိုးကြီးသူ၊ မကြီးသူ ဟူ၍ မရွေးချယ်တော့ပဲ အားလုံးကို အမျိုးတူစုအားဖြင့် ခွဲ၍၊ ငုံ၍ အမည်နှင့် အမျိုးအနွယ်ကို ထုတ်ဖော် ဟောကြားအံ့" ဟု နှုလုံးသွင်းတော်မူလေသည်။

ဤသို့နှုလုံးသွင်းနိုင်ခြင်းမှာလည်း ဘုရားရှင်တို့မည်သည် ထူးကဲမြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့်သာဖြစ်၏။ ဘုရားရှင်တို့မည်သည် နှာနှင့်တကွသော လူအပေါင်းကို မြင်လေသမျှ၊ ကြားလေသမျှ၊ နံလေသမျှ၊ စားလေသမျှ၊ ထိလေသမျှ၊ တွေးကြံလေသမျှ၊ ရလေသမျှ၊ ရှာလေသမျှ၊ စိတ်ကျက်စားလေသမျှသော အာရုံတို့တွင် အားလုံးကို သိနိုင်၏။ ဘုရားရှင်တို့ မသိနိုင်သော အာရုံဟူ၍ မရှိပေ။ ထို့ကြောင့် အထက်ပါအတိုင်း နှုလုံးသွင်းတော်မူနိုင်ခြင်း ဖြစ်ပေသည်။

ဤသို့အားဖြင့် အလုံးစုံသော အာရုံတို့၌ အပိတ်အပင် အဟားအဆီးမရှိ၊ သိမြင်နိုင်စွမ်း ရှိတော်မူသော ဘုရားရှင်သည် အလုံးစုံသော နတ်ပြဟ္မာအပေါင်းကို တရားသိထိုက်သူ၊ တရားမသိထိုက်သူဟူ၍ ဉာဏ်ဖြာတော်ဖြင့် နှစ်ပိုင်း ခွဲတော်မူလိုက်၏။ ထိုတွင် ပဉ္စာနန္တရိယ ကံကြီးငါးပါး၊ အရိယာတို့အား စွပ်စွဲပုတ်ခတ်ခြင်း စသည်ဖြင့် မဂ်ဖိုလ် မရအောင် ကားမြစ်သော ကံကြီးများ ပြုမှားမိသူများသည် တရားမသိထိုက်သော (အဘဗ္ဗ) ပုဂ္ဂိုလ်များ ဖြစ်၏။ ထိုသူများကို တကျောင်းတည်းမှာ အတူနေရသော်လည်း

http://www.dhammadownload.com

ဘုရားရှင်တို့သည် ကြည့်ရှုတော် မမူကုန်။ အထက်ပါ ကံကြီးများ မပြုခဲ့သော တိဟိတ်ပုဂ္ဂိုလ်များသည်ကား တရားသိထိုက်သော (ဘဗ္ဗ) ပုဂ္ဂိုလ်များဖြစ်၏။ ထိုပုဂ္ဂိုလ်များကိုကား ဝေးလံသောအရပ်မှာ ရှိနေကြပါစေ၊ ဘုရားရှင်တို့သည် ထိုသူတို့ ထဲသို့ အရောက်သွားရ၍ ချီးမြှောက်တော်မူကြသည်သာ ဖြစ်ပေသည်။

ထိုသို့သော ဘုရားရှင်တို့ အစဉ်အလာအရ ဤအစည်းအဝေးကြီးမှာ ရောက်နေကြသော နတ်ဗြဟ္မာအပေါင်းတွင် အဘဗ္ဗပုဂ္ဂိုလ်များကို လျစ်လျူရှုတော်မူကာ ဘဗ္ဗပုဂ္ဂိုလ်များကိုသာ ရွေးချောတော်နှင့် သိမ်းယူတော်မူ၏။ တဖန် ထိုဘဗ္ဗပုဂ္ဂိုလ်များတွင်မှ "ရာဂစရိုက် ရှိသူများကား ဤရွေးဤမျှ တည်း။ ဒေါသစရိုက် ရှိသူများကား ဤရွေးဤမျှတည်း။ မောဟစရိုက် ရှိသူများကား ဤရွေးဤမျှတည်း" စသည်ဖြင့် စရိုက်ခြောက်ပါးအားဖြင့် ခြောက်ပုံ ပုံတော်မူ၏။ ထို့နောက် စရိုက်ခြောက်ပါး ကဲ့ပြားသော နတ်ဗြဟ္မာတို့နှင့် သင့်လျော်သော ဒေသနာတော်ကို စူးစမ်းလတ်သော်

ရာဂစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် သမ္မာပရိဗ္ဗာဇနိယာသုတ်ကို လည်းကောင်း၊

ဒေါသစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ကလဟဝိဝါဒသုတ်ကို လည်းကောင်း၊

မောဟစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် မဟာဗျူဟာသုတ်ကိုလည်း ကောင်း၊

ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် စူဠဗျူဟာသုတ်ကိုလည်း ကောင်း၊

သဒ္ဓါစရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် တုဝဋ္ဋကသုတ်ကိုလည်း ကောင်း၊

ဗုဒ္ဓိစရိုက်ရှိသော နတ်ဗြဟ္မာများအတွက် ပုရာဘေဒသုတ်ကိုလည်း ကောင်း ဟောကြားရန် သတ်မှတ်တော်မူလေသည်။

ဤသို့ သတ်မှတ်တော်မူပြီးနောက် တရားနာ ပရိသတ်များ၏ စိတ်ဓာတ်ကို စူးစမ်းတော်မူရ၏။ "ဤပရိသတ်သည် မိမိတို့အလိုအားလျော်စွာ ဟောကြားသော အတ္တစ္ဆာသယဒေသနာဖြင့် သိမြင်ကြကုန်မည်လော။ သူတပါး တို့၏အလိုအားလျော်စွာ ဟောကြားသော ပရစ္ဆာသယဒေသနာဖြင့် သိမြင်

http://www.dhammadownload.com

ကြကုန်မည်လော။ အတ္ထုပ္ပတ္တိအားလျော်စွာ ဟောကြားသော အတ္ထုပ္ပတ္တိက ဒေသနာဖြင့် သိမြင် ကြကုန်မည်လော။ အမေးအဖြေပြု၍ ဟောကြားသော ပုစ္ဆဝသိက ဒေသနာဖြင့် သိမြင်ကြကုန်မည်လော''ဟု စူးစမ်းလိုက်သောအခါ ''အမေးအဖြေပြုလုပ်၍ ဟောကြားသော ပုစ္ဆာဝသိက ဒေသနာဖြင့် သိမြင်ကြမည်''ဟု အဖြေတော်မူလေသည်။

ထိုမှတဖန် ''နတ်ပြဟ္မာအပေါင်း၏ စိတ်ဓာတ်ကို မိမိရရ ဆုပ်ကိုင်ဖမ်းယူကာ စရိုက်ခြောက်ပါး၏ အစွမ်းဖြင့် မေးခွန်းထုတ်နိုင်မည့်သူ တစုံတယောက်ရှိပါ၏လော''ဟု စူးစမ်းလိုက်သောအခါ ''ငါးရာသော ထိုရဟန်းတို့တွင် တပါးတလေမျှ မထုတ်နိုင်''ဟု အဖြေတော်မူလေသည်။

နောက်တဖန် မဟာသာဝကကြီးရှစ်ကျိပ်နှင့် အဂ္ဂသာဝက နှစ်ပါးတို့ကို ပါ သိမ်းကျုံး၍ စူးစမ်းရာတွင်လည်း ''သူတို့လည်း မစွမ်းနိုင်''ဟု အဖြေတော်မူပြန်သည်။ ''အကယ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ရှိနေလျှင် ထို အရှင်မြတ်သည် မေးခွန်းထုတ်ရန် စွမ်းနိုင်မည်လော''ဟု စူးစမ်းကြည့်သော အခါ ''ထိုအရှင်မြတ်လည်း မစွမ်းနိုင်'' ဟု အဖြေ ဖော်လာရပြန်သည်။ တဖန် ''သိကြားမင်း၊ သုယာမနတ်မင်း စသော တန်ခိုးရှင်များတွင် စွမ်းနိုင်သူ တစုံတယောက် ရှိမည်လော''ဟုစူးစမ်းရာတွင်လည်း စွမ်းနိုင်မည့်သူကို ရှာဖွေ၍ မရပါခြေ။

ဤတွင် ဘုရားရှင် စဉ်းစားတော် မူရတော့သည်။

''ငါတို့မေးခွန်းထုတ်ရန် စွမ်းနိုင်သူမှာ ငါကဲ့သို့ ဘုရားရှင်ပင် ဖြစ်ပေသည်။ ငါမှတပါး အခြားသော ဘုရားတဆူ ရှိနေလေသလော''

ဤသို့စဉ်းစား၍ အတိုင်းမသိသော လောကဓာတ်တို့၌ အတိုင်းမသိ ဖြန့်ကြက်နိုင်စွမ်းရှိသော ဉာဏ်တော်ဖြင့် ဖြန့်ကြက်၍ ကြည့်လိုက်သော အခါ အခြားသော ဘုရားတဆူကို မတွေ့မြင်ရပါခြေ။

အခြားသော ဘုရားတဆူ မတွေ့ရခြင်းမှာ အမှန်အားဖြင့် မဆန်းကြယ်လှပါ။ ယခုလို ဘုရားစင်စစ် ကောန်ဖြစ်လာချိန်မှာ မဆိုထားနှင့်၊ ဖွားမြင်သော နေ့တုန်းကပင် မိမိနှင့်တန်းတူသူကို မတွေ့မြင်သဖြင့် ''ငါသည် လောက၌ အမြတ်ဆုံးတည်း''ဟူသော စကားဖြင့် တဘက်သားတို့ မတွန်းလှန်နိုင်အောင် ကြုံးဝါးခဲ့သေးသည် မဟုတ်ပါလော။

ဤသို့လျှင် မိမိနှင့် ယှဉ်ပြိုင်နိုင်မည့် ဘုရားတဆူကို မတွေ့မြင်သဖြင့် ဘုရားရှင် စဉ်းစားတော် မူရပြန်၏။

http://www.dhammadownload.com

"အကယ်၍ ငါဘုရားကိုယ်တော်တိုင်မေး၍ ငါဘုရားကိုယ်တော်တိုင် ဖြေကြားငြားအံ့။ ဤသို့ပြုသော်လည်း နတ်ဗြဟ္မာများ ထိုးထွင်း၍သိနိုင်မည် မဟုတ်ပေ။ အခြားသော ဘုရားတဆူက မေးမြန်း၍ ငါဘုရားက ဖြေကြားရလျှင်ကား အံ့သြစဖွယ်လည်း ဖြစ်ပေလိမ့်မည်။ နတ်ဗြဟ္မာများလည်း ထိုးထွင်း၍ သိနိုင်ကြပေလိမ့်မည်။ ထို့ကြောင့် နိမ္မိတ ကိုယ့်တော်စား ဘုရားတဆူကို ဖန်ဆင်းပေအံ့"။

ဤသို့ စဉ်းစားတော်မူကာ အဘိညာဉ်၏ အခြေခံဖြစ်သော စျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်မှထပြီးနောက် "သပိတ်သင်္ကန်းများ ကိုင်ဆောင်ခြင်းသည်လည်းကောင်း၊ ရှေးရှုကြည့်ခြင်း၊ စောင်းငဲ့၍ ကြည့်ခြင်းသည်လည်းကောင်း၊ ကွေးခြင်း၊ ဆန့်ခြင်းသည်လည်းကောင်း ငါဘုရားနှင့် ထပ်တူထပ်မျှသာလျှင် ဖြစ်စေသော" ဟု စိတ်ညွတ်တော်မူ၍ ကာမာဝစရစိတ်များဖြင့် အခြေခံ ပြုပြီးလျှင် ရူပါဝစရစျာန်စိတ်ဖြင့် အဓိဋ္ဌာန်ပြုတော်မူလိုက်၏။ အဓိဋ္ဌာန် ပြုတော်မူလိုက်သည်နှင့် တပြိုင်နက် အရှေ့ဘက်ကောင်းကင်ပြင် ယုဂန္ဓိုရ်တောင်စွန်းမှ ထွန်းတက်ဆဲ ငွေလဝန်းကြီးကို ခွဲ၍ ထွက်လာသကဲ့သို့ နိမ္မိတကိုယ်တော်စားတဆူ ထွက်ပြူတော်မူလာ၏။

နတ်ဗြဟ္မာအပေါင်းသည် ထိုကိုယ်တော်စားကို ဖူးမြင်ကာ "အခြားသောလမင်းကြီး ထွက်လာပြန်လေသလော" ဟု တွေးတောကြရ၏။ တွေးတောနေဆဲမှာပင် ကိုယ်တော်စားသည် ငွေလဝန်းကြီးနှင့် ဖဲခွာကာ နီး၍ နီး၍ လာလတ်သော် "လမင်းကြီး မဟုတ်ချေတကား။ နေမင်းကြီး တက် လာသည်တကား" ဟု တွေးတောကြရပြန်၏။ တဖန် ထို့ထက်နီးကပ်လာပြန်သော် "နေမင်းကြီး မဟုတ်ချေတကား။ နတ်ဗိမာန်တခု ဖြစ်ပေသည်တကား" ဟု တွေးတောကြရပြန်၏။ ထို့ထက်နီးလာသောအခါ "နတ်ဗိမာန်မဟုတ်ချေ။ နတ်သားတပါး ဖြစ်နေသည်တကား" ဟု တွေးတောကြရပြန်၏။ ထို့ထက်နီးလာသောအခါ "နတ်သားတပါးမဟုတ်ချေ။ ဗြဟ္မာကြီးတပါးဖြစ်နေသည်တကား" ဟု တွေးတောကြရပြန်၏။ နီးသည်ထက်နီးလာသော အခါတွင်မူ "ဗြဟ္မာကြီး မဟုတ်ချေ။ အခြားသော ဘုရားတဆူ ကြွတော်မူလာသည်တကား" ဟု တွေးတောကြရပြန်လေသည်။

နှစ်ဆူသော ဘုရားများကို မျက်ဝါးထင်ထင် ဖူးမြင်ခွင့်ရကြသော နတ်ဗြဟ္မာများတွင် ပုထုဇဉ် ပုဂ္ဂိုလ်များလည်း ပါဝင်၏။ အရိယာပုဂ္ဂိုလ်များလည်း ပါဝင်၏။ ပုထုဇဉ်ပုဂ္ဂိုလ်များသည် "တဆူသော ဘုရားရှင်၏ နတ်ဗြဟ္မာ အစည်းအဝေးသည်ပင် ဤမျှလောက် ကြီးကျယ်သေး၏။ နှစ်ဆူ

http://www.dhammadownload.com

သော ဘုရားရှင်တို့၏ အစည်းအဝေးကား အဘယ်မျှ ကြီးပေလိမ့်မည်နည်း"ဟု တွေးတောကြ၏။ အရိယာဖြစ်သော နတ်ဗြဟ္မာတို့မူကား"တခု သော လောကဓာတ်အတွင်း၌ ဘုရားနှစ်ဆူ ပြိုင်တူပွင့်ရှိးမရှိပေ။ အမှန် စင်စစ် ဘုရားရှင်ကိုယ်တော်တိုင်က မိမိနှင့်တူသော ဘုရားတဆူကို ဖန်ဆင်း ထားခြင်း ဖြစ်ပေသည်"ဟု ဟုတ်တိုင်းမှန်စွာ တွေးသိကြကုန်၏။

ထိုသို့ နတ်ဗြဟ္မာအပေါင်းတို့ ဖူးမြော်နေကြစဉ်မှာပင် နိမိတဘုရားရှင် သည် ကြွတော်မူလာ၏။ ပကတိဘုရားရှင်ကို ရှိခိုးဦးချခြင်းမပြုပဲ ပကတိ ဘုရားရှင်၏ရှေ့၌ ညီတူညီမျှ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။

ပကတိ ဘုရားရှင်အား သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးများ ထင်ရှားကုန်၏။ နိမိတဘုရားရှင်မှာလည်း သုံးဆယ့်နှစ်ပါးသော လက္ခဏာ တော်ကြီးများ ထင်ရှားကုန်၏။ ပကတိဘုရားရှင်၏ ကိုယ်တော်မှ ရောင် ခြည်တော်ခြောက်သွယ် ကွန့်မြူးစံပယ်နေကြ၏။နိမိတဘုရားရှင်၏ကိုယ်တော် မှလည်း ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးစံပယ်နေကြ၏။ ပကတိဘုရား ရှင်၏ ရောင်ခြည်တော်များသည် နိမိတဘုရားရှင်၏ကိုယ်တော်ပေါ်၌ ထင် ဟပ်နေကြ၏။ နိမိတဘုရားရှင်၏ ရောင်ခြည်တော်များသည် ပကတိဘုရား ရှင်၏ ကိုယ်တော်ပေါ်၌ ထင်ဟပ်နေကြ၏။

နှစ်ပါးသော ဘုရားရှင်တို့၏ ထိုရောင်ခြည်တော်များသည် ကိုယ်တော်မှ ထွက်ခွာ၍ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် တက်သွားကြ၏။ ထို့မှ ပြန် လှည့်၍ ဆင်းလာကြပြီးလျှင် နတ်ဗြဟ္မာတို့၏ ဦးခေါင်းထက်၌ သက်ဆင်း ပြီးလျှင် စကြဝဠာ အနားရေး၌ ရပ်တန့် သွားကြကုန်၏။ သို့ဖြစ်၍ စကြဝဠာကြီး တခုလုံးသည် ရွှေစင်ရွှေသား အသွင်သဏ္ဌာန်တို့ဖြင့် ကွေး ညွတ် ယှက်သန်းနေသော စေတီအိမ်ကဲ့သို့ တင့်တယ်၍ နေပေသည်။

စကြဝဠာပေါင်း တိုက်တသောင်းမှ နတ် ဗြဟ္မာ အပေါင်းသည် စကြဝဠာ တတိုက်တည်းတွင် စုဝေးကြကုန်လျက် နှစ်ဆူသော ဘုရားရှင် တို့၏ ရောင်ခြည်ဝမ်းတိုက် အတွင်း၌ ခိုဝင်၍ နေမိကြလေကုန်၏။

ထိုသို့ရှိစဉ်တွင် နိမိတဘုရားရှင်သည် ထိုင်နေတော်မူလျက်ကပင် ပကတိ ဘုရားရှင်၏ ဗောဓိပင်နှင့် ရွှေပလွင်ဝယ် ကိလေသာအပေါင်းကို ပယ်ခွာ တော်မူနိုင်ခဲ့ခြင်းကို ချီးကျူးတော်မူလို၍

http://www.dhammadownload.com

ပုစ္ဆာမိ မုနိပဟူတပည်၊
တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ။
နိက္ခမ္မဿရာ ပနုဇ္ဇ ကာမေ၊
ကထံဘိက္ခုသမ္မာသော လောကေ ပရိဗ္ဗဇေယျ။

ဟူသော သမ္မာပရိဗ္ဗာနိယ သုတ်၏ ပထမဂါထာကို မေးမြန်းတော်မူ လေသည်။

ပကတိဘုရားရှင်သည် နိမ္မိတဘုရားရှင်၏ အမေးဂါထာကို မဖြေကြား သေးမီ နတ်ဗြဟ္မာ အပေါင်း၏ စိတ်နှလုံးထား နူးညံ့ ပျော့ပျောင်း၍ ကောင်းမြတ်သော သစ္စာတရားကို နာယူနိုင်စွမ်းရှိလာကြစေရန် ဤမဟာ သမယသုတ် ဒေသနာကို ဦးစွာဟောကြားတော်မူခြင်း ဖြစ်ပါသတည်း။

http://www.dhammadownload.com



မဟာသမယသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ * ဧဝံ မေ သုတံ-ကံ သမယံ ဘဂဝါ သက္ကေသု ဝိဟရတိ **ကပိလဝတ္ထုသ္မိံ မဟာဝနေ** မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတုဟိ ဒေဝတာ ယေဘုယ္ယေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဿ။ အထ ခေါ စတုန္နံ သုဒ္ဓါဝါသကာယိကာနံ ဒေဝတာနံ တေဒဟောသိ "အယံ ခေါ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ မဟာဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ သဗ္ဗေဟေဝ အရဟန္တေဟိ၊ ဒသဟိ စ လောကဓာတုဟိ ဒေဝတာ ယေဘုယ္ယေန သန္နိပတိတာ ဟောန္တိ ဘဂဝန္တံ ဒဿနာယ ဘိက္ခုသံဃဿ။ ယံနူနာ မယမ္ပိ ယေန ဘဂဝါ တေနုပသင်္ကမေယ္မာမ၊ ဥပသင်္ကမိတ္ဝာ ဘဂဝတော သန္တိကေ ပစ္စေကံ ဂါထံ ဘာသေယ္မာမာ"တိ။

၂။ အထ ခေါ တာ ဒေဝတာ သေယ္ယထာပိ နာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယ္ယ, ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယ္ယ၊

---

* သုတ်မဟာဝဂ် ပါဠိတော် ၂၀၃, သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ၂၄၊ စာမျက်နှာ။

http://www.dhammadownload.com

ဒေဝမေဝ သုဒ္ဓါဝါသေသု ဒေဝေသု အန္တရဟိတာ ဘဂဝတော ပုရတော ပါတုရဟောသုံ။ အထ ခေါ တာ ဒေဝတာ ဘဂဝန္တံ အဘိဝါဒေတ္ဝာ ကေမန္တံ အဋ္ဌံသု။ ကေမန္တံ ဋ္ဌိတာခေါ ကော ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

"မဟာသမယော ပဝနသ္မိံ၊
ဒေဝကာယာ သမာဂတာ။
အာဂတ'မှ ဣမံ ဓမ္မသမယံ၊
ဒက္ခိတာယေ အပရာဇိတာသံ်ဃ"န္တိ။

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

"တတြ ဘိက္ခဝေါ သမာဒဟံသု၊
စိတ္တ'မတ္တာနော ဥဇုကံ အကံသု။
သာရထိံဝ နေတ္တာနိ ဂဟေတ္ဝာ၊
ဣန္ဒြိယာနိ ရက္ခန္တိ ပဏ္ဍိတာ"တိ။

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

"ဆေတ္ဝာ ခီလံ ဆေတ္ဝာ ပလိဃံ၊
ဣန္ဒခီလံ ဥိဟစ္စ မနေဇာ။
တေ စရန္တိ သုဒ္ဓါ ဝိမလာ၊
စက္ခုမတာ သုဒန္တာ သုသုနာဂါ"တိ။

အထ ခေါ အပရာ ဒေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ—

"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တီ"တိ။

http://www.dhammadownload.com

၃။ အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ယေဘုယ်ျန ဘိက္ခဝေ ဒသသု လောကဓာတူသု ဒေဝတာ သန္နိပတိတာ ဟောန္တိ တထာဂတံ ဒဿနာယ ဘိက္ခုသံ်ဃဉ္စ။ ယေပိ တေ ဘိက္ခဝေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သန္နိပတိတာ အဟေသုံ သေယ်ျထာပိ မယ်ှ ဧတရဟိ။ ယေပိ တေ ဘိက္ခဝေ ဘဝိဿန္တိ အနာဂတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ တေသမ္ပိ ဘဂဝန္တာနံ ဧတံပရမာယေဝ ဒေဝတာ သန္နိပတိတာ ဘဝိဿန္တိ သေယ်ျထာပိ မယ်ှ ဧတရဟိ။ အာစိက္ခိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ကိတ္တယိဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ ဒေသေဿာမိ ဘိက္ခဝေ ဒေဝကာယာနံ နာမာနိ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ ဘာသိဿာမီ"တိ။ "ဧဝံ ဘန္တေ"တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

၄။ ဘဂဝါ ဧတဒဝေါစ—

သိလောကမနုကဿာမိ၊ ယတ္ထ ဘုမ္မာ တဒဿိတာ။
ယေ သိတာ ဂိရိဂဗ္ဘရံ၊ ပဟိတတ္တာ သမာဟိတာ။

ပုထူ သီဟာဝ သလ္လီနာ၊ လောမဟံသာဘိသမ္ဘုနော။
ဩဒါတမာနသာ သုဒ္ဓါ၊ ဝိပ္ပသန္န'မနာဝိလာ။

ဘိယျော ပဉ္စသတေ ဥတ္ဒာ၊ ဝနေ ကာပိလဝတ္ထဝေ။
တတော အာမန္တယီသတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတ္ဒာ ဗုဒ္ဓဿ သာသနံ။

တေသံ ပါတုရဟု ဉာဏံ၊ အမနုဿာန ဒဿနံ။
အပ္ပေကေ သတ'မဒ္ဒက္ခုံ၊ သဟဿံ အထ သတ္တရိံ။

http://www.dhammadownload.com

သတံ ဧကေ သဟဿာနံ၊ အမနုဿာန'မဒ္ဒသုံ။
အပ္ပေကေ'နန္တ'မဒ္ဒက္ခုံ၊ ဒိသာ သဗ္ဗာ ဖုဋ္ဌာ အဟုံ။

တဥ္ဥ သဗ္ဗံ အဘိညာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယီသတ္ထာ၊ သာဝကေ သာသနေ ရတေ။

ဒေဝကာယာ အဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
ယေ ဝေါ'ဟံ ကိတ္တယိဿာမိ၊ ဂိရာဟိ အနုပုဗ္ဗသော။

၅။ သတ္တသဟဿာ တေ ယက္ခာ၊ ဘုမ္မာ ကာပိလဝတ္ထဝါ။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဆသဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သာတာဂိရာ တိသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဣစ္စတေ သောဋ္ဌသသဟဿာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဝေဿာမိတ္တာ ပဥ္ဥသတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ကုမ္ဘီရော ရာဇဂဟိကော၊ ဝေပုလ္လ'ဿ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊ ယက္ခာနံ ပယိရုပါသတိ။
ကုမ္ဘီရော ရာဇဂဟိကော၊ သောပါ'ဂါ သမိတိံ ဝနံ။

http://www.dhammadownload.com

၆။ ပုရိမဥ္ဇ ဒိသံ ရာဇာ၊ ဓတရဋ္ဌော ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသသိ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဒက္ခိဏဥ္ဇ ဒိသံ ရာဇာ၊ ဝိရူဋ္ဌော တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသသိ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ပစ္ဆိမဥ္ဇ ဒိသံ ရာဇာ၊ ဝိရူပက္ခော ပသာသတိ။
နာဂါနဥ္ဇ အဓိပတိ၊ မဟာရာဇာ ယသသိ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ၊ သမိတိံ ဝနံ။

ဥတ္တရဥ္ဇ ဒိသံ ရာဇာ၊ ကုဝေရော တံ ပသာသတိ။
ယက္ခာနဥ္ဇ အဓိပတိ၊ မဟာရာဇာ ယသသိ သော။

ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဋ္ဌကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

http://www.dhammadownload.com

စတ္တာရော ေတ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊ ဝေန ကာပိလဝတ္ထဝေ။

၇။ ေတသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဠုနိကာ သဌာ။
မာယာ ကုဋ္ဌေဏ္ဍု ဝိဋေဏ္ဍု၊ ဝိဋုစ္စ ဝိဋုဋေဌာ သဟာ။

စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နဳဃဏ္ဍု နိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။

စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠဋော ရာဇာ ဇနေ သဘော။
အာဂါ ပဇ္ဇသိခေါ စေဝ၊ တိမ္ဗရု သူရိယဝစ္ဆသာ။

ေဘတေ စညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ သဟ ရာဇုဘိ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၀။ အထာဂုံ နဘဂသာ နာဂါ၊ ဝေသာလာ သဟတစ္ဆကာ။
ကမ္ဗလဿတရာ အာဂုံ၊ ပါယာဂါ သဟ ဉာတိဘိ။

ယာမုနာ မတရဋ္ဌာ စ၊ အာဠာ နာဂါ ယသဿိနော။
ရာဝဏော မဟာနာေဂါ၊ သောပါ'ဂါ သမိတိံ ဝနံ။

ယေ နာဂရာဇေ သဟသာ ဟရန္တိ၊
ဒိဗ္ဗာ ဒိဗာ ပက္ခီ ဝိသုဒ္ဓစက္ခူ။
ဝေဟာယသာ ေတ ဝန'မဇ္ဈပတ္တာ၊
စိတြာ သုပဏ္ဏာ ဣတိ ေတသ နာမံ။

အဘယံ တဒါ နာဂရာဇာန'မာသိ၊
သုပဏ္ဏေတာ ခေမ'မကာသိ ဗုဒ္ဓေါ။
သဏ္ဌာဟိ ဝါစာဟိ ဥပဝုယန္တာ၊
နာဂါ သုပဏ္ဏာ သရဏ'မကံသု ဗုဒ္ဓံ။

http://www.dhammadownload.com

၉။ ဇိတာ ဝဇိရဟတ္ထေန၊ သမုဒ္ဒံ အသုရာ သိတာ။
ဘာတရော ဝါသဝဿေတေ၊ ဣဒ္ဓိမန္တော ယသဿိနော။
ကာလကဥ္ဇာ မဟာဘိသ္မာ၊ အသုရာ ဒါနဝေဃသာ။
ဝေပစိတ္တိ သုစိတ္တိ စ၊ ပဟာရာဒေါ နမုစီ သဟ။

သတဥ္ဇ ဗလိပုတ္တာနံ၊ သဗ္ဗေ ဝေရောစနာမကာ။
သန္နယ်ိတ္ဝာ ဗလိသေနံ၊ ရာဟုဘဒ္ဒ'မုပါဂမုံ။
သမယော ဒါနိ ဘဒ္ဒန္တေ၊ ဘိက္ခူနံ သမိတိံ ဝနံ။

၁၀။ အာပေါ စ ဒေဝါ ပထဝီ၊ တေဇော ဝါယော ဟဒါ'ဂမုံ။
ဝရုဏာ ဝါရဏာ ဒေဝါ၊ သောမော စ ယသသာ သဟ။
မေတ္တာကရုဏာကာယိကာ၊ အာဂုံ ဒေဝါ ယသဿိနော။

ဒသေတေ ဒသမာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

ဝေဏ္ဍု ဒေဝါ သဟလိ စ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူ'ပနိသာ ဒေဝါ၊ စန္ဒ'မာဂုံ ပုရက္ခတ္ဝာ။

သူရိယဿူ'ပနိသာ ဒေဝါ၊ သူရိယ'မာဂုံ ပုရက္ခတ္ဝာ။
နက္ခတ္တာနိ ပုရက္ခတ္ဝာ၊ အာဂုံ မန္ဒဝလာဟကာ။
ဝသူနံ ဝါသဝေါ သေဋ္ဌော၊ သက္ကော'ပါဂါ ပုရိန္ဒဒေါ။

ဒသေတေ ဒသမာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

အထာဂုံ သဟဘူ ဒေဝါ၊ ဇလ'မဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ပနိဘာသိနော။

http://www.dhammadownload.com

ဝရုဏာ သဟမမွာ စ၊ အစ္စုတာ စ အနေဇကာ။
သူလေယျံရုစိရာ အာဂုံ၊ အာဂုံ ဝါသဝနေသိနော။

ဒသေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အာဘိဏ္ဍာမုံ၊ ဘဏ္ဍန်ဟုံ သမိတိံ ဝနံ။

သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ အာဂုံ၊ အာဂုံ မနောပဒေါသိကာ။

အထာဂုံ ဟရယော ဒေဝါ၊ ယေ စ လောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊ အာဂုံ ဒေဝါ ယသဿိနော။

ဒသေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အာဘိဏ္ဍာမုံ၊ ဘဏ္ဍန်ဟုံ သမိတိံ ဝနံ။

သုဏ္ဏာ ကရဇ္ဇာ အရုဏာ၊ အာဂု ဝေဿနသာ သဟ။
သြဒါတဂယှာ ပါမေါက္ခာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။

သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာ အဘိဝဿတိ။

ဒသေတေ ဒဿဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အာဘိဏ္ဍာမုံ၊ ဘဏ္ဍန်ဟုံ သမိတိံ ဝနံ။

ခေမိယာ တုသိတာ ယာမာ၊ ကဋ္ဌကာ စ ယသဿိနော။
လမ္ဗီတကာ လာမသေဋ္ဌာ၊ ဇောတိနာမာ စ အာသဝါ။
နိမ္မာနရတိနော အာဂုံ၊ အထာဂုံ ပရနိမ္မိတာ။

http://www.dhammadownload.com

နတ်တို့ချစ်ရာဒေသနာတော်

ဒသေတေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတီမန္တော၊ ဝဏ္ဏဝန္တော ယသသိနော။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခူနံ သမိတိံ ဝနံ။

သဌ္ဌေတေ ဒေဝနိကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
နာမန္ဒယေန အာဂစ္ဆုံ၊ ယေ စ'ညေ သဒိသာ သဟ။

ပဝုတ္ထဇာတိ'မခိလံ၊ ဩဃတိဏ္ဏ'မနာသဝံ။
ဒက္ခေမော'ဃတရံ နာဂံ၊ စန္ဒံဝ အသိတာတိဂံ။

၁၁။ သုဗြဟ္မာ ပရမတ္တော စ၊ ပုတ္တာ ဣဒ္ဓိမတော သဟ။
သနက်ုမာရော တိသော စ၊ သောပါဂ သမိတိံ ဝနံ။

သဟသံ ဗြဟ္မလောကာနံ၊ မဟာဗြဟ္မာ'ဘိတိဋ္ဌတိ။
ဥပပန္နော ဇုတီမန္တော၊ ဘိသ္မာကာယော ယသသိ သော။

ဒသေတ္ထ ဣဿရာ အာဂုံ၊ ပစ္စေကဝသဝတ္တိနော။
တေသဉ္ဇ မဇ္ဈတော အာဂ၊ ဟာရိတော ပရိဝါရိတော။

၁၂။ တေ စ သဗ္ဗေ အဘိက္ကန္တေ၊ သဣန္ဒေ ဒေဝေ သဗြဟ္မကေ။
မာရသေနာ အဘိက္ကာမိ၊ ပဿ ကဏ္ဍဿ မန္ဒိယံ။

ဧတေ ဂဏ္ဍထ ဗန္ဓထ၊ ရာဂေန ဗဒ္ဓ'မတ္ထု ဝေါ။
သမန္တာ ပရိဝါရေထ၊ မာ ဝေါ မုဉ္ဇိ'တ္ထ ကောစိ နံ။

ဣတိ တတ္ထ မဟာသေနော၊ ကဏ္ဍော သေနံ အပေသယိ။
ပါဏိနာ တလ'မာဟစ္စ၊ သရံ ကတ္ဒာန ဘေရဝံ။

ယထာပါဝုဿကောမေဃော၊ ထနယန္တောသဝိဇ္ဇုကော။
တဒါ သော ပစ္စုဒါဝတ္တိ၊ သက်ုဒ္ဓေါ အသယံဝသေ။

http://www.dhammadownload.com

၁၃။ တဋ္ဌ သမ္ဗုံ အာဘိညာယ၊ ဝဝတ္ထိတ္ဝာန စက္ခုမာ။
တတော အာမန္တယီ သတ္ထာ၊ သာဝကေ သာသနေ ရတော။

မာရသေနာ အာဘိက္ကန္တာ၊ တေ ဝိဇာနာထ ဘိက္ခဝေါ။
တေ စ အာတပ္ပ'မကရုံ၊ သုတ္ဝာ ဗုဒ္ဓဿ သာသနံ။
ဝိတရာဂေဟိ ပက္ကာမုံ၊ နေသံ လောမာပိ ဣဉ္ဇယုံ။

သဗ္ဗေ ဝိဇိတသင်္ဂါမာ၊ ဘယာတီတာ ယသဿိနော။
မောဒန္တိသဟ ဘူတေဟိ၊ သာဝကာ တေ ဇနေ သုတာတိ။

မဟာသမယသုတ် နိဋ္ဌိတ်။

http://www.dhammadownload.com



သမ္မာပရိဗ္ဗာဇနိယ သုတ္တ

၁။ * ပုစ္ဆာမိ မုနိံ ပဟူတပညံ၊
တိဏ္ဏံ ပါရဂံတံ ပရိနိဗ္ဗုတံ ဒိဋ္ဌတ္တံ။
နိက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊
ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၂။ ယဿ မဂ်လာ သမူဟတာသေ၊ (ဣတိ ဘဂဝါ၊)
ဥပ္ပာတာ သုပိနာ စ လက္ခဏာ စ။
သော မဂ်လဒေါသဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၃။ ရာဂံ ဝိနယေထ မာနုသေသု၊
ဒိဗ္ဗေသု ကာမေသု စာပိ ဘိက္ခု။
အတိက္ကမ္မ ဘဝံ သမေစ္စ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၄။ ဝိပဒ္ဓကတ္ဝာန ပေသုဏာနံ၊
ကောဓံ ကဒရိယံ ဇဟေယျ ဘိက္ခု။
အနုရောဓဝိရောဓဝိပ္ပဟီနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

---

* သုတ္တနိပါတပါဠိ ၃၃၂-စာမျက်နှာ။

http://www.dhammadownload.com

၅။ ဟိတ္ဌာန ပိယဉ္စ အပိုယဉ္စ၊
အနုပါဒါယ အနိဿိတော ကုဟိဉ္စိ။
သံယောဇနိယေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယ်ျ။

၆။ န သော ဥပဓိသု သာရ'မေတိ၊
အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ။
သော အနိဿိတော အနညနေယျော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၇။ ဝစသာ မနသာ စ ကမ္မုနာ စ၊
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတ္ဌာ ဓမ္မံ။
နိဗ္ဗာနပဒါဘိပတ္ထယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယ်ျ။

၈။ ယော ဝန္ဒတိ မန္တိ နုန္နမေယျ။
အက္ကုဋ္ဌောပိ န သန္ဓိယေထ ဘိက္ခု။
လဒ္ဓါ ပရဘောဇနံ န မဇ္ဇေ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယ်ျ။

၉။ လောဘဉ္စ ဘဝဉ္စ ဝိပ္ပဟာယ၊
ဝိရတော ဆေဒန ဗန္ဓနာ စ ဘိက္ခု။
သော တိဏ္ဏကထံထော ဝိသလ္လော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယ်ျ။

၁၀။ သာရုပ္ပံ အတ္တနော ဝိဒိတ္ဌာ၊
နော စ ဘိက္ခု ဟိံသေယ်ျ ကဉ္စိ လောကေ။
ယထာတထိယံ ဝိဒိတ္ဌာ ဓမ္မံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယ်ျ။

http://www.dhammadownload.com

၁၁။ ယ်ဿာ'နုသယာ နသန္တိ ကေစိ၊
မူလာ စ အကုသလာ သမူဟတာသေ။
သော နိရာသော အနာသိသာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၂။ အာသဝခီဏော ပဟီနမာနော၊
သဗ္ဗံ ရာဂပထံ ဥပါတိဝတ္တော။
ဒန္တော ပရိနိဗ္ဗုတော ဌိတတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၃။ သဒ္ဓေါ သုတဝါ နိယာမဒဿီ၊
ဝဂ္ဂဂတေသု နဝဂ္ဂသာရိ ဓီရော။
လောဘံ ဒေါသံ ဝိနေယျ ပဋိဃံ၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၄။ သံသုဒ္ဓဇိနော ဝိဝဋ္ဌစ္ဆဒေါ၊
ဓမ္မေသု ဝသီ ပါရဂူ အနေဇော။
သခ်ါရနိရောဓဉာဏကုသလော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၅။ အတီတေသု အနာဂတေသု စာပိ၊
ကပ္ပာတီတော အတိစ္စ သုဒ္ဓိပညော။
သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

၁၆။ အညာယ ပဒံ သမေစ္စ ဓမ္မံ၊
ဝိဝဋ္ဌံ ဒိသ္ဒာန မဟာန'မာသဝါနံ။
သဗ္ဗုပဓီနံ ပရိက္ခယာနော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။

http://www.dhammadownload.com

၁၇။ အဒ္ဓါ ဟိ ဘဂဝါ တထေဝ ဧတံ၊
ယော သော ဝေဝိဟာရီ ဒန္တော ဘိက္ခု။
သဗ္ဗသယောဇနယောဂဝိတဝတ္တော၊
သမ္မာ သော လောကေ ပရိဗ္ဗဇေယျာတိ။

သမ္မာပရိဗ္ဗာဇနီယသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



ပုရာဘေဒသုတ္တ

၁။ * ကထံဒသီ ကထံသီလော၊ ဥပသန္တောတိ ဝုစ္စတိ။
တံ မေ ဂေါတမ ပဗြူဟိ၊ ပုစ္ဆိတော ဥတ္တမံ နရံ။

၂။ ဝီတတဏ္ဏော ပုရာ ဘေဒါ၊ (ဣတိ ဘဂဝါ၊)
ပုဗ္ဗမန္တ'မနိသိတော။
ဝေမဇ္ဈေ နု'ပသခေ်ယျော၊
တသ နတ္ထိ ပုရက္ခတံ။

၃။ အက္ကောဓနော အသန္တာသီ၊ အဝိကတ္ထီ အကုက္ကုစော။
မန္တဘာဏီ အနုဒ္ဓတော၊ သ ဝေ ဝါစာ ယတော မုနိ။

၄။ နိရာသတ္တိ အနာဂတေ၊ အတီတံ နာနုသောစတိ။
ဝိဝေကဒသီ ဖဿေသု၊ ဒိဋ္ဌီသု စ နနိယတိ။

၅။ ပတိလီနော အကုဟကော၊ အပိဟာလု အမစ္ဆရီ။
အပ္ပဂဗ္ဘောအဇေဂုစ္ဆော၊ ပေသုဏေယျေ စ နော ယုတော။

---

* သုတ္တနိပါတပါဋ္ဌိ ၄၁၁, မဟာနိဒ္ဒေသပါဋ္ဌိ ၁၆၁ စာမျက်နှာ။

http://www.dhammadownload.com

၆။ သာတိယေသု အနသာဝီ၊ အတိမာနေ စ နော ယုတော။
သက္ကော စ ပဋိဘာနဝါ၊ နာ သဒ္ဓါ နာ ဝိရဇ္ဇတိ။

၇။ လာဘကမ္မာ နာ သိက္ခတိ၊ အလာဘေ စ နာ ကုပ္ပတိ။
အဝိရုဒ္ဓါ စ တက္ကာယ၊ ရသေသု နာနုဂိဇ္ဈတိ။

၈။ ဥပေက္ခကော သဒါ သတော၊ နာ လောကေ မညတေ သမံ။
နာ ဝိသေသီ နာ နီစေယျော၊ တာသ နော သန္တိ ဥဿဒါ။

၉။ ယဿ နိဿယနာ နတ္ထိ၊ ဥတ္တာ ဓမ္မံ အနိဿိတော။
ဘဝါယ ဝိဘဝါယ ဝါ၊ တက္ကာ ယဿ နာ ဝိဇ္ဇတိ။

၁၀။ တံ ဗြူမိ ဥပသန္တော်တော်၊ ကာမေသု အနပေက္ခိနံ။
ဂန္ထာ တာသ နာ ဝိဇ္ဇန္တိ၊ အတရိ သော ဝိသတ္တိကံ။

၁၁။ နာ တာသ ပုတ္တာ ပသဝေါ၊ မေတ္တံ ဝတ္ထု စ ဝိဇ္ဇတိ။
အတ္တာ ဝါပိ နိရတ္တာ ဝါ နာ တာသိံ ဥပလဗ္ဘတိ။

၁၂။ ယေန နံ ဝဇ္ဇုံ ပုထုဇ္ဇနာ၊ အထော သမဏဗြာဟ္မဏာ။
တံ တာသ အပုရက္ခတံ၊ တာသ္မာ ဝါဒေသု နေ'ဇတိ။

၁၃။ ဗီတဂေဓော အမစ္ဆရီ၊ နာ ဥဿေသု ဝဒတေ မုနိ။
နာ သမေသု နာ ဩမေသု၊ ကပ်ံ နေ'တိ အကပ်ိယော။

၁၄။ ယဿ လောကေ သကံ နတ္ထိ၊ အသတာ စ နာ သောစတိ။
ဓမ္မေသု စ နာ ဂစ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတိတိ။

ပုဏ္ဏဘေဒသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



ကလဟဝိဒါ သုတ္တံ

၁။ * ကုတောပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။

မာနာတိမာနာ သဟပေသုဏာ စ၊
ကုတောပဟူတာ တေ တဒ်ဒိဃံ ဗြူဟိ။

၂။ ပိယပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။

မာနာတိမာနာ သဟပေသုဏာ စ၊
မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ။

ဝိဝါဒဇာတေသု စ ပေသုဏာနိ။

၃။ ပိယာ သု လောကသ္မိံ ကုတောနိဒါနာ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ကုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

---

* သုတ္တနိပါတပါဠိ ၄၁၃, မဟာနိဒ္ဒေသပါဠိ ၁၉၆ စာမျက်နှာ။

http://www.dhammadownload.com

၄။ ဆန္ဒာနိဒါနာနိ ပိယာနိ လောကေ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာစ ကုတောနိဒါနာ၊
ယေ သမ္မာရယာယ နရဿ ဟောန္တိ။

၅။ ဆန္ဒော နု လောကသ္မိံ ကုတောနိဒါနော၊
ဝိနိစ္ဆယာ စာပိ ကုတောပဟူတာ။
ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ယေ ဝါပိ ဓမ္မာ သမဏေန ဝုတ္တာ။

၆။ သာတံ အသာတန္တိ ယ'မာဟု လောကေ၊
တ'မ္ပပနိဿာယ ပဟောတိ ဆန္ဒော။
ရူပေသု ဒိဿာ ဝိဘဝံ ဘဝဉ္စ၊
ဝိနိစ္ဆယံ ကုဗ္ဗတိ ဇန္တု လောကေ။

၇။ ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ဧတေပိ ဓမ္မာ ဒ္ဝယမေဝ သန္တေ။
ကထံကထီ ဉာဏပထာယ သိက္ခေ၊
ဣတ္ထာ ပဝုတ္တာ သမဏေန ဓမ္မာ။

၈။ သာတံ အသာတဉ္စ ကုတောနိဒါနာ၊
ကိသ္မိံ အသန္တေ န ဘဝန္တိ ဟေ'တေ။
ဝိဘဝံ ဘဝဉ္စာပိ ယ'မေတ'မတ္ထံ၊
ဧတံ မေ ပဗြူဟိ ယတောနိဒါနံ။

၉။ ဖဿနိဒါနံ သာတံ အသာတံ၊
ဖဿေ အသန္တေ န ဘဝန္တိ ဟေ'တေ။
ဝိဘဝံ ဘဝဉ္စာပိ ယ'မေတ'မတ္ထံ၊
ဧတံ တေ ပဗြူမိ ကုတောနိဒါနံ။

http://www.dhammadownload.com

၁၀။ ဖဿော နု လောကသ္မိံ ကုတောနိဒါနော၊
ပရိဂ္ဂဟာ စာပိ ကုတောပဟူတာ။
ကိသ္မိံ ၂အသန္တေ နု မမတ္တ'မတ္ထိ၊
ကိသ္မိံ ဝိဘူတေ နု ဖုသန္တိ ဖဿာ။

၁၁။ နာမဉ္စ ရူပဉ္စ ပဋိစ္စ ဖဿော၊
ဣစ္ဆာနိဒါနာနိ ပရိဂ္ဂဟာနိ။
ဣစ္ဆာယ'သန္တ်၂ာ နု မမတ္တ'မတ္ထိ၊
ရူပေ ဝိဘူတေ နု ဖုသန္တိ ဖဿာ။

• ဝ ဝ •

၁၂။ ကထံ သမေတဿ ဝဘောတ ရူပံ၊
သုခံ ဒုခဉ္စာပိ ကထံ ဝိဘောတိ။
ဧတံ မေ ပဗြူဟိ ယထာ ဝိဘောတိ၊
တံ ဇာနိယာမာတိ မေ မနော အဟူ။

၁၃။ နသညသညီ နု ဝိသညသညီ၊
နောပိ အသညီ နု ဝိဘူတသညီ။
ဧဝံ သမေတဿ ဝိဘောတိ ရူပံ၊
သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ။

၁၄။ ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော၊
အညံ တံ ပုစ္ဆာမ တဒိဿ ဗြူဟိ။
ဧတ္တာဝတ'ဂ္ဂံ နု ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ၊
ဥဒါဟု အညမ္ပိ ဝဒန္တိ ဧတ္တော။

၁၅။ ဧတ္ထာဝတဂ္ဂ'မ္ပိ ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။
ဧတေသံ ပနေကေ သမယံ ဝဒန္တိ၊
အနုပါဒိသေသေ ကုသလာဝဒါနာ။

http://www.dhammadownload.com

၁၆။ ဧတေ စ ဥတ္တာ ဥပနိဿိတာတိ၊
ဥတ္တာ မုနိ နိဿယေ သော ဝိမံသိ။
ဥတ္တာ ဝိမုတ္တော နု ဝိဝါဒ'မေတိ၊
ဘဝါဘဝါယ နု သမေတိ မိဇောတိ။

ကလဟဝိဝါဒသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



စုဋ္ဌမျှ။ ဟသုတ္တ

၁။* သက်သက်ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဝိဂ္ဂယှ နာနာ ကုသလာ ဝဒန္တိ။
ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ၊
ဣဒံ ပဋိက္ကောသ'မကေဝလီ သော။

၂။ ဧဝမိဝ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ဗာလော ပရော အက္ကုသလောတိ စာဟု။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

၃။ ပရဿ စေ ဓမ္မ'မနာနုဇာနံ၊
ဗာလော မဂေါ ဟောတိ နိဟီနပညော။
သဗ္ဗေဝ ဗာလာ သုနိဟီနပညာ၊
သဗ္ဗေဝိမေ ဒိဋ္ဌိပရိဗ္ဗသာနာ။

---

* သုတ္တနိပါတပါဋိ ၄၁၅, မဟာနိဒ္ဒေသပါဋိ ၂၂၀၊ စာမျက်နှာ။

http://www.dhammadownload.com

၄။ သန္ဒိဋ္ဌိယာ စေဝ နဝေဝဒါတာ၊
သံသုဒ္ဓပညာ ကုသလာ မုတီမာ။
နတေသံ ကောစိ ပရိဟီနပညော၊
ဒိဋ္ဌိ ဟိ တေသမိ တထာ သမတ္တာ။

၅။ နဝါဟမေတံ တထိယန္တိ ဗြူမိ၊
ယ'မာဟု ဗာလာ မိထု အညမညံ။
သကံ သကံ ဒိဋ္ဌိ' မကံသု သစ္စံ၊
တသ္မာ ဟိ ဗာလောတိ ပရံ ဒဟန္တိ။

၆။ ယ'မာဟု သစ္စံ တထိယန္တိ ဧကေ၊
တ'မာဟု အညေပိ တုစ္ဆံ မုသာတိ။
ဧဝမိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ကသ္မာ နဧကံ သမဏာ ဝဒန္တိ။

၇။ ဧကံ ဟိ သစ္စံ နဒုတီယ'မတ္ထိ၊
ယသ္မိံ ပဇာ နောဝိဝဒေ ပဇာနံ။
နာနာ တေ သစ္စာနိ သယံ ထုနန္တိ၊
တသ္မာ နဧကံ သမဏာ ဝဒန္တိ။

၈။ ကသ္မာ နု သစ္စာနိ ဝဒန္တိ နာနာ၊
ပဝါဒိယာသေ ကုသလာဝဒါနာ။
သစ္စာနိ သူတာနိ ဗဟူနိ နာနာ၊
ဥဒါဟု တေ တက္ကမနုဿရန္တိ။

၉။ နဟေဝ သစ္စာနိ ဗဟူနိ နာနာ၊
အညတြ သညာယ နိစ္စာနိ လောကေ။
တက္ကဥ ဒိဋ္ဌိသု ပကပ္ပယိတ္ဝာ၊
သစ္စံ မုသာတိ ဒ္ဝယဓမ္မ'မာဟု။

http://www.dhammadownload.com

နတ်တို့ချစ်ရာဒေဿနာတော်

၁၀။ ဒိဋ္ဌေ သုတေ သီလဝတေ မုတေ ဝါ၊
ဧတေ စ နိဿယ ဝိမာနဒဿီ။
ဝနစ္ဆယေ ဌတ္ဝာ ပဟာသမာနော၊
ဗာလော ပရော အက္ကုသလောတိ စာဟ။

၁၁။ ယေနေဝ ဗာလောတိ ပရံ ဒဟာတိ၊
တေနာ'တုမာနံ ကုသလောတိ စာဟ။
သယ'မတ္တနာ သော ကုသလာဝဒါနော၊
အညံ ဝိမာနေတိ တဒေဝ ပါဝ။

၁၂။ အတိသာရဒိဋ္ဌိယာဝ သော သမတ္တော၊
မာနေန မတ္တော ပရိပုဏ္ဏမာနီ။
သယမေဝ သာမံ မနသာဘိသိတ္တော၊
ဒိဋ္ဌိ ဟိ သာ တဿ တထာ သမတ္တာ။

၁၃။ ပရဿ စေ ဟိ ဝစသာ နိဟီနော၊
တုမော သဟာ ဟောတိ နိဟီနပညော။
အထ စေ သယံ ဝေဒဂူ ဟောတိ ဓီရော၊
န ကောစိ ဗာလော သမကော်သု အတ္ထိ။

၁၄။ အညံ ဣတော ယာ'ဘိဝဒန္တိ မမ်ံ၊
အပရဒ္ဓါ သုဒ္ဓိ'မကေဝလီ ဟော။
ဧဝမ်ိဳ တိတ္ထျာ ပုထုသော ဝဒန္တိ၊
သန္ဒိဋ္ဌိရာဂေန ဟိ တေ'ဘိရတ္တာ။

၁၅။ ဣဓေဝ သုဒ္ဓိံ ဣတိ ဝါဒယန္တိ၊
နာညေသု မမ်ေသု ဝိသုဒ္ဓိ'မာဟု။
ဧဝမ်ိဳ တိတ္ထျာ ပုထုသော နိဝိဋ္ဌာ၊
သကာယနေ တတ္ထ ဒဠ်ံဝဒါနာ။

http://www.dhammadownload.com

၁၆။ သကာယနေ ဝါပိ ဒဋ္ဌံဝဒါနော၊
က'မေတ္ထ ဗာလောတိ ပရံ ဒဟေယျ။
သယံဝ သော မေဓဂ'မာဝဟေယျ၊
ပရံ ဝဒံ ဗာလ'မသုဒ္ဓိဓမ္မံ။

၁၇။ ဝိနိစ္ဆယေ ဌတ္ဝာ သယံ ပမာယ၊
ဥဒ္ဓံ သ လောကသ္မိံ ဝိဝါဒ'မေတိ။
ဟိတ္ဝာန သဗ္ဗာနိ ဝိနိစ္ဆယာနိ၊
န မေဓဂံ ကုဗ္ဗတိ ဇန္တု လောကေတိ။

စူဋ္ဌဗျူဟသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



မဟာမင်္ဂလသုတ်

၁။ * ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊
တတြ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝတော သန္တိကေ
ဣမာ ဂါထာယော အဘာသိ။

၂။ ဗဟူ ဒေဝါ မနုဿာ စ မင်္ဂလာနိ အစိန္တယုံ
အာကင်္ခမာနာ သောတ္ထာနံ ဗြူဟိ မင်္ဂလမုတ္တမံ။

၃။ နာ သေဝနာ စ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ
ပူဇာ စ ပူဇနီယာနံ ဧတံ မင်္ဂလမုတ္တမံ။

၄။ ပတိရူပဒေသဝါသော စ ပုဗ္ဗေ စ ကတပုညတာ
အတ္တသမ္မာပဏိဓိ စ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယော စ သုသိက္ခိတော
သုဘာသိတာ စ ယာ ဝါစာ ဧတံ မင်္ဂလမုတ္တမံ။

---

* သုတ္တနိပါတပါဠိ ၄၁၈, မဟာနိဒ္ဒေသပါဠိ ၂၃၆ စာမျက်နှာ။

http://www.dhammadownload.com

၄။ သီလုတ္တမာ သညမေနာဟု သုဒ္ဓိ'၊
ဝတံ သမာဒါယ ဥပဋ္ဌိတာသေ။
ဣဓေဝ သိက္ခေမ အထဿ သုဒ္ဓိ'၊
ဘဝူပနီတာ ကုသလာဝဒါနာ။

၅။ သစေ စုတော သီလဝတတော ဟောတိ၊
ပဝေဓတီ ကမ္မ ဝိရာဓယိတ္ဒာ။
ပဇပ္ပတီ ပတ္ထယတီ စ သုဒ္ဓိ'၊
သတ္ထာဝ ဟီနော ပဝသံ ဃရမ္ဟာ။

၆။ သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ၊
ကမ္မဥ္စ သာဝဇ္ဇ'နဝဇ္ဇ'မေတံ။
သုဒ္ဓိ' အသုဒ္ဓိန္တိ အပတ္ထယာနော၊
ဝိရတော စရေ သန္တိ'မနုဂ္ဂဟာယ။

၇။ တမူပနိဿာယ ဇိဂုစ္ဆိတံ ဝါ၊
အထ ဝါပိ ဒိဋ္ဌံ ဝ သုသံ မုတံ ဝါ။
ဥဒ္ဓံသရာ သုဒ္ဓိ'မနုတ္ထုနန္တိ၊
အဝီတတဏ္ဟာသေ ဘဝါဘဝေသု။

၈။ ပတ္ထယမာနဿ ဟိ ဇပ္ပိတာနိ၊
ပဝေဓိတံ ဝါပိ ပကပ္ပိတေသု။
စုတူပပါတော ဣဓ ယဿ နတ္ထိ၊
သ ကေန ဝေဓေယျ ကုဟိ' ဝ ဇပ္ပေ။

၉။ ယ'မာဟု ဓမ္မံ ပရမန္တိ ဧကေ၊
တမေဝ ဟီနန္တိ ပနာ'ဟု အညေ။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

http://www.dhammadownload.com

၁၀။ သကဉ်ဓမ္မံ ပရိပုဏ္ဏ'မာဟု၊
အညဿ ဓမ္မံ ပန ဟီန'မာဟု။
ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
သကံ သကံ သမ္မုတိ'မာဟု သစ္စံ။

၁၁။ ပရဿ စေ ဝမ္ဘယိတေန ဟီနော၊
န ကောစိ ဓမ္မေသု ဝိသေသိ အဿ။
ပုထူ ဟိ အညဿ ဝဒန္တိ ဓမ္မံ၊
နိဟီနတော သမ္ပိ ဒဋ္ဌံ ဝဒါနာ။

၁၂။ သဒ္ဓမ္မပူဇာပိ နေသံ တထေဝ၊
ယထာ ပသံသန္တိ သကာယနာနိ။
သဗ္ဗေဝ ဝါဒါ တထိယာ ဘဝေယျုံ၊
သုဒ္ဓီ ဟိ နေသံ ပစ္စတ္တမေဝ။

၁၃။ န ဗြာဟ္မဏဿ ပရနေယျ'မတ္ထိ၊
ဓမ္မေသု နိစ္ဆေယျ သမုဂ္ဂဟီတံ။
တသ္မာ ဝိဝါဒါနိ ဥပါတိဝတ္တော၊
န ဟိ သေဋ္ဌတော ပဿတိ ဓမ္မ'မည်။

၁၄။ ဇာနာမိ ပဿာမိ တထေဝ ဧတံ၊
ဒိဋ္ဌိယာ ဧကေ ပစ္စေန္တိ သုဒ္ဓိံ။
အဒ္ဒက္ခိ စေ ကိဉ်ဉ် တုမဿ တေန၊
အတိသိတ္ဝာ အညေန ဝဒန္တိ သုဒ္ဓိံ။

၁၅။ ပဿံ နရော ဒက္ခတိ နာမရူပံ၊
ဒိသ္ဝာန ဝါ ဥဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ။

http://www.dhammadownload.com

၁၆။ နိဝိဿဝါဒီ နဟိ သုဗ္ဗိနာယော၊
ပကပ္ပိတံ ဒိဋ္ဌိ ပုရက္ခရာနော။
ယံ နိဿိတော တတ္ထ သုတံဝဒါနော၊
သုဒ္ဓိံဝဒေါ တတ္ထ တထ'ဒ္ဒသာ သော။

၁၇။ နဗြာဟ္မဏော ကပ္ပ'မုပေတိ သခ်ါ၊
နဒိဋ္ဌိသာရီ နပိ ဉာဏဗန္ဓု။
ဥတ္ဒာ စ သော သမ္မုတိယော ပုထုဇ္ဇာ၊
ဥပေက္ခတီ ဥဂ္ဂဟဏ္ဒန္တိ မညေ။

၁၈။ ဝိဿဇ္ဇ ဂန္ထာနိ မုနီဓ လောကေ၊
ဝိဝါဒဇာတေသု နဝဂ္ဂသာရီ။
သန္တော အသန္တေသု ဥပေက္ခကော သော၊
အနုဂ္ဂဟော ဥဂ္ဂဟဏ္ဒန္တိ မညေ။

၁၉။ ပုဗ္ဗာသဝေ ဟိတ္ဒာ နဝေ အကုဗ္ဗံ၊
နဆန္ဒဂူ နောပိ နိဝိဿဝါဒီ။
သ ဝိပ္ပမုတ္တော ဒိဋ္ဌိဂတေဟိ ဓီရော၊
နလိမ္ပတိ လောကေ အနတ္တဂရဟီ။

၂၀။ သ သဗ္ဗဓမ္မေသု ဝိသေနိဘူတော၊
ယံ ကိဉ္စိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
သ ပန္နဘာရော မုနိ ဝိပ္ပမုတ္တော၊
နကပ္ပိယော နူပရတော နပတ္ထိယောတိ။

မဟာဗျူဟသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



တုဓဋ္ဌကသုတ္တ

၁။ *ပုစ္ဆာမိ တံ အာဒိစ္စဗန္ဓု၊
ဝိဝေကံ သန္တိပဒဉ္ဇ မဟေသိ။

ကထံ ဒိသ္ဒာ နိဗ္ဗာတိ ဘိက္ခု၊
အနုပါဒိယာနော လောကသ္မိံ ကိဉ္ဇိ။

၂။ မူလံ ပပဉ္ဇသင်္ခါယ၊ (ဣတိ ဘဂဝါ၊)
မန္တာ အသ္မီတိ သဗ္ဗ'မုပရုန္ဓေ။

ယာကာစိ တဏ္ဟာ အဇ္ဈတ္တံ၊
တာသံ ဝိနယာ သဒါ သတော သိက္ခေ။

၃။ ယံကိဉ္ဇိ ဓမ္မ'မဘိဇညာ၊
အဇ္ဈတ္တံ အထ ဝါပိ ဗဟိဒ္ဓါ။

နတေန ထာမံ ကုဗ္ဗေထ၊
နဟိ သာ နိဗ္ဗုတိ သတံ ဝုတ္တာ။

---

*သုတ္တနိပါတပါဠိ ၄၂၁, မဟာစနိဒ္ဒေသပါဠိ ၂၆၃၊ စာမျက်နှာ။

http://www.dhammadownload.com

၄။ သေယျော နတေန မညေယျ၊
နိစေယျော အထ ဝါပိ သရိကွော။
ဖုဋ္ဌော အနေကရူပေဟိ၊
နာ' တုမာနံ ဝိကပ္ပယံ တိဋ္ဌေ။

၅။ အဇ္ဈတ္တမေဝု'ပသမေ၊
နအညတော ဘိက္ခု သန္တိ'မေသေယျ။
အဇ္ဈတ္တံ ဥပသန္တဿ၊
နတ္ထိ အတ္တာ ကုတော နိရတ္တာ ဝါ။

၆။ မဇ္ဈေ ယထာ သမုဒ္ဒဿ၊
ဦမိ နော ဇာယတိ ဌိတော ဟောတိ။
ဧဝံ ဌိတော အနေဇဿ၊
ဥဿဒံ ဘိက္ခု နကရေယျ ကုဟိဉ္ဇိ။

၇။ အကိတ္တယီ ဝိဝဋ္ဌစက္ခု၊
သက္ခိဓမ္မံ ပရိဿယဝိနယံ။
ပဋိပဒံ ဝဒေတိ ဘဒ္ဒ'နွေ၊
ပါတိမောက္ခံ အထ ဝါပိ သမာဓိံ။

၈။ စက္ခူဟိ နေဝ လောလ'ဿ၊
ဂါမကထာယ အာဝရယေ သောတံ။
ရသေ စ နာနုဂိဇ္ဈေယျ၊
နစ မမာယေထ ကဉ္ဇ လောကသ္မိံ။

၉။ ဖဿေန ယဒါ ဖုဋ္ဌဿ၊
ပရိဒေဝံ ဘိက္ခု နကရေယျ ကုဟိဉ္ဇိ။
ဘဝဉ္ဇ နာဘိဇပ္ပေယျ၊
ဘေရဝေသု စ နသမ္ပဝေဓေယျ။

http://www.dhammadownload.com

၁၀။ အန္နာန'မထော ပါနာနံ၊
ခါဒနီယာနံ အထောပိ ဝတ္ထာနံ။
လဒ္ဓါ နဿန္နိဓိံ ကယိရာ၊
နစ ပရိတသေ တာနိ အလဘမာနော။

၁၁။ စျာယီ နပါဒလောလ'ဿ၊
ဝိရမေ ကုက္ကုစ္စာ နပ္ပမဇ္ဇေယ်ျ။
အထာသနေသု သယနေသု၊
အပ္ပသဒ္ဒေသု ဘိက္ခု ဝိဟရေယျ။

၁၂။ နိဒ္ဒံ နဗဟုလီကရေယ်ျ၊
ဇာဂရိယံ ဘဇေယ်ျ အာတာပီ။
တန္ဒိံ မာယံ ဟဿံ ခိဋ္ဌံ၊
မေထုနံ ဝိပ္ပဇဟေ သဝိဘူသံ။

၁၃။ အာထဗ္ဗဏံ သုပိနံ လက္ခဏံ၊
နော ဝိဒဟေ အထောပိ နက္ခတ္တံ။
ဝိရုတဥ္ဇ ဂဗ္ဘကရဏံ၊
တိကိစ္ဆံ မာမကော နသေဝေယျ။

၁၄။ နိန္ဒာယ နပ္ပဝေဓေယျ၊
နဥဏ္ဏမေယ်ျ ပသံသိတော ဘိက္ခု။
လောဘံ သဟ မစ္ဆရိယေန၊
ကောဓံ ပေသုဏိယဥ္ဇ ပနုဒေယျ။

၁၅။ ကယဝိက္ကယေ နတိဋ္ဌေယ်ျ၊
ဥပဝါဒံ ဘိက္ခု နကရေယျ ကုဟိဥ္ဇိ။
ဂါမေ စ နာဘိသဇ္ဇေယ်ျ၊
လာဘကမျာ ဇနံ နလပယေယ်ျ။

http://www.dhammadownload.com

၁၆။ နစ ကတ္ထိတာ သိယာ ဘိက္ခု၊
နစ ဝါစံ ပယုတ္တံ ဘာသေယျ။
ပါဂဗ္ဘိယံ နသိက္ခေယျ၊
ကထံ ဝိဂ္ဂါဟိကံ နကထယေယျ။

၁၇။ မောသဝဇ္ဇေ နနိယေထ၊
သမ္ပဇာနော သဌာနိ နကယိရာ။
အထ ဇီဝိတေန ပညာယ၊
သီလဗ္ဗတေန နာညဲ မတိမညေ။

၁၈။ သုတ္ဝာ ရသိတော ဗဟုံ ဝါစံ၊
သမဏာနံ ဝါ ပုထုဇနာနံ။
ဖရသေန နေ နပဋိဝဇ္ဇာ၊
နဟိ သန္တော ပဋိသေနိံ ကရောန္တိ။

၁၉။ တေဥ္ဇ ဓမ္မဲ မညာယ၊
ဝိစိနံ ဘိက္ခု သဒါ သတော သိက္ခေ။
သန္တိတိ နိဗ္ဗုတိံ ဥတ္ဝာ၊
သာသနေ ဂေါတမဿ နပမဇ္ဇေယျ။

၂၀။ အဘိဘူ ဟိ သော အနဘိဘူတော၊
သက္ခိဓမ္မဲ မနိတိဟဲ မဒဿိ။
တသ္မာ ဟိ တဿ ဘဂဝတော သာသနေ၊
အပ္ပမတ္တော သဒ္ဒါ နမဿဲ မနုသိက္ခေတိ။

တုဝဋ္ဌကသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



၁။ မဟာသမယသုတ် မြန်မာပြန်

၁။ အရှင်ဘုရား၊အာကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်ဘုရား။ အခါတပါးဌ် ဘုရားရှင်သည် သက္ကအမျိုးသားတို့အား အာဏာပိုင်စိုးရာနယ်မြေအတွင်းရှိ ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီးဌ် ဂုဏ်အားဖြင့် ကြီးမြတ်ကုန်သော၊ အားလုံးကုန် ရဟန္တာချည်းဖြစ်ကုန်သော ရဟန်းငါးရာတို့နှင့် အတူတကွ သီတင်းသုံးတော်မူပါသည်။ တသောင်းသော လောကဓာတ်တို့မှ မျှားစွဲကုန်သော နတ်ဗြဟ္မာတို့သည်လည်း ဘုရားရှင်ကိုလည်းကောင်း၊ရဟန်းသံဃာကိုလည်းကောင်း ဖူးမြင်ရန် စည်းဝေးလာကြပါသည်။

ထိုအခါဌ် သုဒ္ဓါဝါသဘုံသား ဗြဟ္မာကြီးလေးယောက်တို့သည် ဤသို့ကြံစည်ကြပါသည်။ "ဤမြတ်စွာဘုရားသည် သက္ကအမျိုးသားတို့ အာဏာပိုင်စိုးရာ နယ်မြေအတွင်းရှိ ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီးဌ် ဂုဏ်အားဖြင့် ကြီးမြတ်ကုန်သော၊ အားလုံးကုန် ရဟန္တာချည်းဖြစ်ကုန်သော ရဟန်းငါးရာတို့နှင့် အတူတကွ သီတင်းသုံးတော်မူနေ၏။ ကသောင်းသော လောကဓာတ်မှ မျှားစွဲကုန်သော နတ်ဗြဟ္မာတို့သည်လည်း ဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြင်ရန် စည်းဝေးလာကြကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်ကြရသော် ကောင်းလေစွ။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရား၏ အထံတော်ဌ် ဂါထာ.တပုဒ်စီ တပုဒ်စီကို ရွတ်ကြရသော် ကောင်းလေစွဟု ကြံစည်ကြပါသည်။

http://www.dhammadownload.com

၂။ ထိုအခါ၌ ထိုသုဒ္ဓါဝ၊ါသ ဗြဟ္မာကြီးလေးယောက်တို့သည် ဥပမာ အားဖြင့် အားကောင်းသော ယောကျ်ားသည် ကွေးထားသော လက်ကို ဆန့်တန်းလိုက်ဘိသကဲ့သို့၊ ဆန့်တန်းထားသောလက်ကို ကွေးယူ လိုက်ဘိသကဲ့သို့ သုဒ္ဓါဝါသဘုံတို့၌ ကွယ်ပျောက်ကြပြီးလျှင် ဘုရားရှင်၏ ရှေ့တော်မှောက်၌ ထင်ရှားစွာ ပေါ်လာကြပါသည်။

ထိုအခါ၌ ထိုဗြဟ္မာကြီးလေးယောက်တို့သည် မြတ်စွာဘုရားကို ရိုသေ စွာ ရှိခိုးကြပြီးလျှင် သင့်တင့်လျောက်ပတ်သောအရပ်၌ ရပ်ကြပါသည်။ ရပ်လေပြီးသော ဗြဟ္မာတယောက်သည် မြတ်စွာဘုရား အထံတော်၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထားပါသည်။

"မဟာဝုန်တော၌ ကြီးကျယ်လှသော အစည်းအဝေး ဖြစ်လာပါသည်။ နတ်ဗြဟ္မာအပေါင်းတို့ အညီအညွတ် လာရောက်ကြပါသည်။ အကျွန်ုပ်တို့ သည်လည်း တစုံတယောက်သော ရန်သူ၏ အနိုင်ယူခြင်းကို မခံရသော ရဟန်းသံဃာကို ဖူးမြော်ရန် ဤ ဓမ္မအစည်းအဝေးသို့ လာခဲ့ကြပါသည် ဘုရား"

ပထမဗြဟ္မာ လျှောက်ပြီးသောအခါ တယောက်သော ဗြဟ္မာသည် မြတ်စွာဘုရား၏အထံတော်၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထားပါသည်။

"ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိတို့စိတ်ကို သမာဓိနှင့် ယှဉ် စေနိုင်ကြပါပေသည်။ ဖြောင့်မတ်အောင် ပြုနိုင်ကြပါပေသည်။ ရထား ထိန်းသည် မြင်းဇက်ကြိုးတို့ကို ကိုင်ရုံမျှသာကိုင်၍ ရပ်တည်နေသကဲ့သို့၊ ပညာရှိကုန်သော ရဟန်းတို့သည် ဣန္ဒြေတို့ကို စောင့်စည်း နိုင်ကြပါ ပေသည် ဘုရား"

ဒုတိယဗြဟ္မာ လျှောက်ပြီးသောအခါ တယောက်သော ဗြဟ္မာသည် မြတ်စွာဘုရား၏အထံတော်၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထားပါသည်။

"အရွယ်နုပျိုသော အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ အဆုံးအမကို ခံယူကြရကုန်သည်ဖြစ်၍ ဣန္ဒြေတို့ကို စောင့်စည်းလျက် ယဉ်ကျေးကြပါပေသည်။ ငြောင့်တို့ကို ပယ် နုတ်ကြကုန်၍၊ တံခါးကျည် မင်းတုပ်ကို ဖယ်ရှားကြကုန်၍၊ တံခါးတိုင်ကို ပယ်နုတ်ကြကုန်၍၊ စိတ်ကိုတုန်လှုပ်စေတတ်သော တရားတို့ မရှိကြကုန်၍၊

http://www.dhammadownload.com

ကိုလေသာ အညစ်အကြေး ကင်းဝေးကြကုန်၍ လွတ်လပ်စွာ သွားလာနိုင်ကြပါပေသည်ဘုရား”

တတိယဗြဟ္မာ လျှောက်ထားပြီးသောအခါ တယောက်သော ဗြဟ္မာသည် ဤဂါထာကို ရွတ်ဆိုလျှောက်ထားပါသည်။

“အလုံးစုံသော သတ္တဝါတို့သည် မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။ ထိုသတ္တဝါတို့သည် အပါယ်လေးပါးသို့ မလားရောက်ကြရကုန်လတ္တံ့။ လူ့ကိုယ်ခန္ဓာကို ပယ်စွန့်၍ နတ်ပြည်သို့ လားကြရပါလိမ့်မည် ဘုရား”

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်ဆိုတော်မူပါသည်။

၃။ “ရဟန်းတို့၊ တသောင်းသော လောကဓာတ်၌ နေကုန်သော များစွာကုန်သော နတ်ဗြဟ္မာတို့သည် ငါဘုရားကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဖူးမြင်ရန် ဤမဟာဝုန်တောသို့လာ၍ စည်းဝေးကြကုန်၏။ရဟန်းတို့၊ရှေးလွန်လေပြီးသောအခါ၌ ကိုလေသာ အညစ်အကြေးမှ ကင်းဝေးကြကုန်သော၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိကုန်သော အကြင်ဘုရားရှင်တို့ ပွင့်ခဲ့ကြကုန်ပြီ။ ထိုဘုရားရှင်တို့၏ လက်ထက်၌လည်း ငါဘုရား၏ လက်ထက်တော်မှာ ယခုအခါ၌ နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးကြကုန်သကဲ့သို့၊ ထိုမျှလောက် အတိုင်းအတာရှိကုန်သော နတ်ဗြဟ္မာတို့သည် စည်းဝေးခဲ့ကြကုန်ပြီ။ ရဟန်းတို့၊ နောင်လာလတ္တံ့သောအခါ၌ ကိုလေသာအညစ်အကြေးမှ ကင်းဝေးကြကုန်သော၊မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိကုန်သော အကြင်ဘုရားရှင်တို့ ပွင့်ကြကုန်လတ္တံ့။ ထိုဘုရားရှင်တို့၏ လက်ထက်၌လည်း ငါဘုရား၏ လက်ထက်တော်မှာ ယခုအခါ၌ နတ်ဗြဟ္မာအပေါင်းတို့ စည်းဝေးကြကုန်သကဲ့သို့၊ ထိုမျှလောက် အတိုင်းအတာရှိကုန်သော နတ်ဗြဟ္မာတို့ စည်းဝေးကြကုန်လတ္တံ့။ရဟန်းတို့၊ငါဘုရားသည် အမျိုးတူစုဝေးနေကြသော နတ်ဗြဟ္မာတို့၏ အမျိုးတူစု အမည်တို့ကို မြွက်ကြားပေအံ့။ ရဟန်းတို့၊ ငါဘုရားသည် အမျိုးတူ စုဝေးနေကြသော၊ နတ်ဗြဟ္မာတို့၏ အမျိုးတူစု အမည်တို့ကို ဟောကြားပေအံ့။ ငါဘုရားဟောကြားသော ထိုဒေသနာတော်ကို သင်တို့

http://www.dhammadownload.com

ကောင်းမှန်စွာ နာကြားကြကုန်လော့။ နှလုံးသွင်းကြကုန်လော့။ ငါဘုရား ဟောကြားပေအံ့''။ ဤသို့ မိန့်ကြားတော်မူပါသည်။

ဤသို့မိန့်တော်မူသည်ရှိသော် ထိုရဟန်းငါးရာတို့သည် ''အရှင်ဘုရား၊ ကောင်းလှပါပြီ''ဟု မြတ်စွာဘုရား၏ စကားတော်ကို နာယူကြပါသည်။

၄။ မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူပါသည်။

''ဘုမ္မစိုး နတ်တို့၏ မှီတင်းနေထိုင်ရာ အရပ်ဒေသနှင့်တကွ အကွရာများ ပေါင်းစပ်ဖွဲ့စည်းထားသော ဂါထာကို ဟောကြားပေအံ့။ ကိလေသာကို ဖောက်ခဲ့ပြီးကုန်သော အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် တော၊ လိုဏ်၊ ဂူကို မှီခိုကိန်းအောင်းကြကုန်၏။ နိဗ္ဗာန်သို့ စေလွှတ်ထားသောစိတ် ရှိကြပေကုန်၏။ စိတ်နှလုံး တည်ကြည်ကြပေကုန်၏။

ငါးရာ့တပါးမျ များပြားလှပေကုန်၏။ ဤဂူမှာ ကိန်းအောင်းသော ခြင်္သေ့မင်းကဲ့သို့ တခုတည်းသောအာရုံ၌ ကိန်းအောင်းသောစိတ် ရှိကြပေကုန်၏။ ကြက်သီးမွေးညင်းထခြင်း ကင်းကြပေကုန်၏။ ဖြူဖွေးသောစိတ် ရှိကြပေကုန်၏။ စင်ကြယ်သောစိတ် ရှိကြပေကုန်၏။ အထူးကြည်လင်သောစိတ် ရှိကြပေကုန်၏။ မနောက်ကျသောစိတ် ရှိကြပေကုန်၏။''

မြတ်စွာဘုရားသည် ကပိလဝတ်မြို့တော်အနီးရှိ မဟာဝုန်တောင့် မိမိနှင့်တကွ ငါးရာ့တပါး ရှိကုန်သော၊ ကိလေသာကို ဖောက်ခဲ့ ဖျက်ဆီးခဲ့ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို ဤပုဂ္ဂိုလ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စည်းဝေးနေကြသော နတ်ပြဟ္မာအပေါင်းကို မြင်နိုင်ကြကုန်၏။ သိတော်မူ၍ သိက္ခာသုံးပါး၌ မွေ့လျော်ကုန်သော တပည့်ရဟန်းတို့ကို မိန့်တော်မူ၏။

''ရဟန်းတို့၊ နတ်ပြဟ္မာအပေါင်းတို့ ရှေးရှုလာရောက်ကြကုန်ပြီ။ ထိုနတ်ပြဟ္မာအပေါင်းတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သင်တို့ သိကြ ရှုကြကုန်လော့''ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ ဆုံးမစကားကို ကြားလျှင်ကြားခြင်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သိမြင်ရန် ကြိုးစားကြပေသည်။

http://www.dhammadownload.com

ထိုရဟန်းတို့အား နတ်ပြဟ္မာတို့ကိုမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ် ထင်ရှား ဖြစ်ပေါ်လာ၏။ အခ္ခါသော ရဟန်းတို့သည် နတ်ပြဟ္မာတရာကို မြင်ကြရကုန်၏။ အခ္ခါသော ရဟန်းတို့သည် နတ်ပြဟ္မာတထောင်ကို မြင်ကြရကုန်၏။ အခ္ခါသော ရဟန်းတို့သည် နတ်ပြဟ္မာ ခုနစ်သောင်းကို မြင်ကြရကုန်၏။

အခ္ခါသော ရဟန်းတို့သည် နတ်ပြဟ္မာတသိန်းကို မြင်ကြရကုန်၏။ အခ္ခါသော ရဟန်းတို့သည် ရာ ထောင် အားဖြင့် ပိုင်းခြားရ၍ မရနိုင်သော နတ်ပြဟ္မာတို့ကို မြင်ကြရကုန်၏။ အကြောင်းကား အရပ်မျက်နှာ အားလုံးသည် နတ်ပြဟ္မာတို့ဖြင့် အပြည့်အသိပ် ဖြစ်နေသောကြောင့်တည်း။

စက္ခုငါးပါးနှင့်ပြည့်စုံသောမြတ်စွာဘုရားသည် ထိုရဟန်းတပါးစီတပါး စီမြင်ရသော နတ်ပြဟ္မာအပေါင်းကိုလည်း ထူးသောဉာဏ်ဖြင့်သိ၍ မျက်မြင်တပ်အပ် ပိုင်းခြားသတ်မှတ်၍ သိက္ခာသုံးပါးဌ မွေ့လျော်ကုန်သော တပည့်ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့၊ နတ်ပြဟ္မာအပေါင်းတို့ ရှေးရှုရောက်လာကြကုန်ပြီ။ ထို နတ်ပြဟ္မာအပေါင်းတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သင်တို့ သိကြ ရှုကြကုန်လော့။ ထို နတ်ပြဟ္မာအပေါင်းတို့ကို ငါဘုရားသည် ပေါ်လွင်ထင်ရှားသော စကားသံဖြင့် အစဉ်အတိုင်း ဟောကြားပေအံ့။

၅။ ခုနစ်ထောင် အရေအတွက် ရှိကုန်သော မြေနှင့်ဆက်စပ်၍ နေတိုင်ကြကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ မျှားသော အခြံအရံရှိကုန်သော နတ်ဘီလူးတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံသို့ ရောက်လာကြကုန်၏။

ခြောက်ထောင်အရေအတွက်ရှိကုန်သော၊ ဟိမဝန္တာအနီးရှိတောင်၌ နေကုန်သော၊ ကဲ့ပြားခြားနားသော အရောင်အဆင်း ရှိကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ မျှားသောအခြံအရံ ရှိကုန်သော ထိုနတ်တို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

http://www.dhammadownload.com

သုံးထောင်အရေအတွက် ရှိကုန်သော၊ သာတာဂီရိတောင်၌ နေကုန်သော၊ ကဲ့ပြားခြားနားသော အရောင်အဆင်းရှိကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ များသော အခြံအရံရှိကုန်သော ထိုနတ်တို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ဤသို့အားဖြင့် တသောင်းခြောက်ထောင် အရေအတွက်ရှိကုန်သော၊ ကဲ့ပြားခြားနားသော အရောင်အဆင်းရှိကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ များသောအခြံအရံ ရှိကုန်သော ထိုနတ်တို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ငါးရာ အရေအတွက်ရှိကုန်တော၊ ဝေသာမိတ္တာတောင်၌ နေကုန်သော၊ ကဲ့ပြားခြားနားသော အရောင်အဆင်းရှိကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ များသော အခြံအရံရှိကုန်သော နတ်တို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ရာဇဂြိုဟ်မြို့ အနီး၌ နေသော နတ်ဘီလူး အကြီးအမှူးသည် ကုမ္ဘီရမည်၏။ သူ၏နေရာသည် ဝေပုလ္လတောင်ဖြစ်၏။ ထို ကုမ္ဘီရ နတ်ဘီလူးကို တသိန်းကျော်သော နတ်ဘီလူးတို့ ခစားကြကုန်၏။ ထိုကုမ္ဘီရ နတ်ဘီလူးသည်လည်း အခြံအရံများနှင့်တကွ မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာပေ၏။

၆။ ဓတရဋ္ဌ နတ်မင်းကြီးသည် မြင်းမိုရ်တောင် အရှေ့မျက်နှာရှိ နတ်အပေါင်းကို ဆုံးမရ၏။ ထိုနတ်မင်းကြီးသည် ကျန်းကြီး ကျန်းငယ် အနယ်နယ် အရပ်ရပ်ရှိ ဂန္ဓဗ္ဗနတ်ဟူသမျှတို့၏ အကြီးအမှူးဖြစ်သော၊ အခြံအရံများသော နတ်မင်းကြီးပါပေတည်း။

http://www.dhammadownload.com

များစွာကုန်သော၊ ဣန္ဒအမည်ရှိကုန်သော၊ ခွန်အားကြီးကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ထိုနတ်မင်းကြီး၏ သားတို့သည်လည်း ဝမ်းမြောက် ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ဝိရူဠ္ဟကနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ တောင်မျက်နှာရှိ နတ်အပေါင်းကို ဆုံးမရ၏။ ထိုနတ်မင်းကြီးသည် ကျွန်းကြီး ကျွန်းငယ် အနယ်နယ် အရပ်ရပ်ရှိ ကုမ္ဘဏ္ဍ နတ်ဟူသမျှတို့၏ အကြီးအမှူးဖြစ်သော အခြံအရံများသော နတ်မင်းကြီးပါပေတည်း။

များစွာကုန်သော၊ဣန္ဒအမည်ရှိကုန်သော၊ခွန်အားကြီးကုန်သော၊တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ထိုနတ်မင်းကြီး၏ သားတို့သည်လည်း ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ဝိရူပက္ခ နတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ အနောက်ဘက် မျက်နှာရှိ နတ်အပေါင်းကို ဆုံးမရ၏။ ထိုနတ်မင်းကြီးသည် ကျွန်းကြီး ကျွန်းငယ် အနယ်နယ် အရပ်ရပ်ရှိ နဂါးဟူသမျှတို့၏ အကြီးအမှူးဖြစ်သော၊ အခြံအရံများသော နတ်မင်းကြီးပါပေတည်း။

များစွာကုန်သော၊ ဣန္ဒအမည်ရှိကုန်သော၊ ခွန်အားကြီးကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ထိုနတ်မင်းကြီး၏သားတို့သည်လည်း မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ကုဝေရနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်အရပ်ရှိ နတ်အပေါင်းကို ဆုံးမရ၏။ ထိုနတ်မင်းကြီးသည် ကျွန်းကြီး ကျွန်းငယ် အနယ်နယ် အရပ်ရပ်ရှိ နတ်ဘီလူးတို့၏အကြီးအမှူးဖြစ်သော၊ အခြံအရံများသော နတ်မင်းကြီး ပါပေတည်း။

များစွာကုန်သော၊ ဣန္ဒအမည်ရှိကုန်သော၊ ခွန်အားကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များ

http://www.dhammadownload.com

ကုန်သော ထိုနတ်မင်းကြီး၏ သားတို့သည်လည်း မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းကြီးသည်လည်းကောင်း၊ တောင်အရပ်၌ ဝိရူဠ့က နတ်မင်းကြီးသည်လည်းကောင်း၊ အနောက်အရပ်၌ ဝိရူပက္ခနတ်မင်းကြီးသည် လည်းကောင်း၊ မြောက်အရပ်၌ ကုဝေရ နတ်မင်းကြီးသည် လည်းကောင်း၊ ဤသို့အားဖြင့် လေးပါးသော နတ်မင်းကြီးတို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ လွန်စွာ ထွန်းတောက်ပကုန်သည် ဖြစ်၍ ကပိလဝတ္ထုမြို့တော်အနီး မဟာဝုန်တောကြီး၌ တည်နေကြကုန်၏။

၇။ မိမိအပြစ်ကို ဖုံးကွယ်အပ်ကုန်သော၊ လှည့်စားတတ်ကုန်သော၊ ကောက်ကျစ်စဉ်းလဲကုန်သော ထိုနတ်မင်းကြီးတို့၏ ကျေးကျွန်တို့လည်းလာကြကုန်၏။ ထိုကျေးကျွန်တို့သည်မိမိအပြစ်ကိုဖုံးကွယ်သောသဘောရှိကုန်သည်ချည်း ဖြစ်၏။ ထိုကျေးကျွန်တို့တွင် တမျိုးကား ကုဋ္ဌေဏ္ဍုမည်၏။ တမျိုးကား ဝိဋ္ဌေဏ္ဍုမည်၏။ တမျိုးကား ဝိဋ္ဌုစ္စမည်၏။ တမျိုးကား ဝိဋ္ဌုဋ္ဌမည်၏။ ထိုဝိဋ္ဌုဋ္ဌကျေးကျွန်သည် အခြားကျွန်တို့နှင့် အတူတကွ လာရောက်ပေ၏။

တမျိုးကား စန္ဒနမည်၏။ တမျိုးကား ကာမသေဋ္ဌအမည်ရှိ၏။ တမျိုးကား ကိန္နိဿဏ္ဍုအမည်ရှိ၏။ တမျိုးကား နိဂဏ္ဍုအမည်ရှိ၏။ ပနာဒအမည်ရှိသော ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ သြပမညအမည်ရှိသော ဂန္ဓဗ္ဗ နတ်မင်းသည်လည်းကောင်း၊ နတ်ပြည် ရထားထိန်းဟူ၍ ကျော်စောသော မာတလိမည်သော ဂန္ဓဗ္ဗနတ်မင်းသည်လည်းကောင်း၊

စိတ္တ၊ သေန၊ စိတ္တသေနအမည်ရှိကုန်သော ဂန္ဓဗ္ဗနတ်မင်းသုံးယောက်တို့သည်လည်းကောင်း၊ နဠမည်သော ဂန္ဓဗ္ဗ နတ်သားသည်လည်းကောင်း၊ ဇနဝသဘမည်သော ဂန္ဓဗ္ဗနတ်မင်းသည်လည်းကောင်း၊ ပဉ္စသိခ အမည်ရှိသော ဂန္ဓဗ္ဗနတ်မင်းသည်လည်းကောင်း၊တိမ္ဗရုအမည်ရှိသော ဂန္ဓဗ္ဗနတ်မင်းသည်လည်းကောင်း၊ သူရိယဝစ္ဆသော အမည်ရှိသော ဂန္ဓဗ္ဗနတ်မင်း၏ သမီးတော်သည်လည်းကောင်း လာကြကုန်၏။

http://www.dhammadownload.com

ဤဆိုအပ်ပြီးသော ဂန္ဓဗ္ဗ နတ်မင်းတို့သည်လည်းကောင်း၊ ထိုနတ်မင်းတို့နှင့်အတူတကွ အခြားသော နတ်မင်းတို့သည်လည်းကောင်း ဝမ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံသို့ ရောက်လာကြကုန်၏။

၈။ ထိုမှတပါး ခြိမ်းခြောက်တတ်သောကြောင့် တစ္ဆက အမည်ရှိကုန်သော နဂါးတို့နှင့်အတူတကွ နာဂသရေအိုင်၌ နေထိုင်ကြကုန်သော နဂါးတို့သည်လည်းကောင်း၊ ဝိသာလရေအိုင်၌ နေလေ့ရှိကုန်သော နဂါးတို့သည်လည်းကောင်း လာရောက်ကြကုန်၏။ ကမ္မလ၊ အဿတရဟူသော အမည်ရှိကုန်သော နဂါးစစ်သူကြီးတို့သည် လာရောက်ကြကုန်၏။ ပယာဂရေဆိပ်၌ နေထိုင်ကြကုန်သော နဂါးတို့သည် အဆွေအမျိုး နဂါးများနှင့်တကွ ရောက်လာကြကုန်၏။

ယမုန်နာမြစ်၌ နေကြကုန်သော၊ အခြံအရံများကုန်သော နဂါးတို့သည်လည်းကောင်း၊ ဓတရဋ္ဌမျိုး၌ ဖြစ်ကုန်သော၊ အခြံအရံများကုန်သော နဂါးတို့သည်လည်းကောင်း ရောက်လာကြကုန်၏။ ရောဝဏ်မည်သော နပျော်သားသည်လည်း သိကြားမင်း စီးရန် ဆင်ပြောင်ကြီးနှင့်တူစွာ မိမိကိုယ်ကို ဖန်ဆင်းတတ်သောကြောင့် မဟာနာဂဟူ၍ ခေါ်ဝေါ်အပ်၏။ ရောဝဏ် ဆင်ကြီးဟု အမည်တွင်သော ထိုနတ်သည်လည်း မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာပေ၏။

နတ်တို့၏ အာနုဘော်ရှိကုန်သော၊ အမိဝမ်းမှ တကြိမ်၊ ဥခုံမှ တကြိမ် အားဖြင့် နှစ်ကြိမ်တိုင်တိုင် ဖွားမြင်ကြရကုန်သော၊ အတောင်ပံရှိကုန်သော၊ ယူဇနာ ရာထောင် ဝေးကွာသော အရပ်ရှိ နဂါးတို့ကို မြင်နိုင်သည်ဖြစ်၍ အလွန်စင်ကြယ်သောမျက်စိရှိကုန်သော အကြင်ဂဠုန်ငှက်တို့သည် မြင်းမိုရ်တောင် ခြေရင်း၌ နေကြကုန်သော ကမ္မလနဂါးမျိုး၊ အဿတရနဂါးမျိုးမှ တပါးသော နဂါး ၆၅ မျိုးတို့ကို စားသောက်လိုသော လောဘ ဖိစီးခံရကုန်သည်ဖြစ်၍ အဆောတလျင်သုတ်ချီကြကုန်၏။ ထို ဂဠုန်ငှက်တို့သည် ကောင်းကင်ခရီးဖြင့် မဟာဝုန်တောသို့ ရောက်လာကြကုန်၏။ ထို ဂဠုန်

http://www.dhammadownload.com

ဌက်တို့သည် ဆန်းကြယ်ကောင်းမွန်သော အတောင်ရှိသောကြောင့် စိတြသုပဏ္ဏ အမည်ရှိကုန်၏။

နဂါးနှင့်ဂဠုန် ပေါင်ဆုံမိရာ ထိုအခါ၌ နဂါးတို့သည် ဂဠုန်တို့ကို မကြောက်ကြရတော့ပြီ။ မြတ်စွာဘုရားသည် နဂါးမင်းတို့အား ဂဠုန်ရန်မှ ကင်းလွတ်အောင် ဆောင်ရွက်ပေးတော်မူ၏။ ထို့ကြောင့် နဂါးနှင့်ဂဠုန်တို့သည် နှုးညံ့ပြေပြစ် ချစ်ဖွယ်သောစကားတို့ဖြင့် နှုတ်ဆက် ပြောဆိုကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

၉။ ဝရဇိန်လက်နက် စွဲကိုင်သော သိကြားမင်းကို အရှုံးပေးခဲ့ကြရကုန်သော၊ သမုဒ္ဒရာကိုမှီ၍ နေကြရကုန်သော သိကြားကြင်လျာ သုဇာတာ၏ မောင် ဖြစ်ကုန်သော အသုရာနတ်တို့သည် တန်ခိုးကြီးကြကုန်၏။ အခြံအရံ များကြကုန်၏။

ကာဠကဉ္ဇ အမည်ရှိကုန်သော၊ ကြောက်မက်ဖွယ် လန့်ဖွယ် ခန့်ထည်ကြီးမားသောကိုယ် ရှိကုန်သော အသုရာ တို့သည်လည်းကောင်း၊ ဒါန ဝေဿ အမည်ရှိကုန်သော အသုရာတို့သည်လည်းကောင်း ရောက်လာကြကုန်၏။ ဝေပစိတ္တိအမည်ရှိသော အသုရာသည်လည်းကောင်း၊ သုစိတ္တိအမည်ရှိသော အသုရာသည်လည်းကောင်း၊ မဟာရာဒ အမည်ရှိသော အသုရာသည်လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း အတူတကွ ရောက်လာကြကုန်၏။

ဗလိအမည်ရှိသော အသုရာမင်းကြီး၏ သားတော် တရာတို့သည် မိမိတို့ဦးရီးတော် ရာဟုအသုရိန်၏ ဝေရောစ ဟူသော အမည်ကို ခံယူကြကုန်၍၊ ဗလိအသုရာမင်းကြီး၏ စစ်သည်အပေါင်းကို ချုပ်ဝတ်တန်ဆာ ကောင်းမွန်စွာ ဖွဲ့စည်းစေ၍၊ ဦးရီးတော် ရာဟုအသုရိန်နတ်မင်းကို ဆည်းကပ်ခစားကြကုန်၍ "ဦးရီးတော်၏ ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းပါစေသတည်း။ မဟာဝုန်တောရှိ ရဟန်းတို့ထံသို့ ဦးရီးတော်အဖူးအမြော်သွားရန် အချိန်တန်ပါပြီ" ဟု လျှောက်တင်ကြကုန်၏။

http://www.dhammadownload.com

၁၀။ အာပေါ အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ ပထဝီ အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ တေဇော အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ ဝါယောအမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ ဝရုဏ အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ ဝါရုဏ အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း၊ ယသ အမည်ရှိသော နတ်မျိုးတို့နှင့်တကွ သောမ အမည်ရှိသော နတ်မျိုးတို့သည်လည်းကောင်း ထိုအခါ၌ ရောက်လာကြကုန်၏။

မေတ္တာစျာန်၊ကရုဏာစျာန်၌ ပရိကံပြု၍ဖြစ်လာကြသောနတ်အပေါင်း၌ အပါအဝင်ဖြစ်ကုန်သော၊ အခြံအရံများကုန်သော နတ်တို့သည် ရောက်လာကြကုန်၏။ ကဲ့ပြုးခြားနားသော အဆင်းရှိကုန်သော၊တန်ခိုးကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ အာပေါနတ် စသောအားဖြင့် ဆယ်စုဆယ်မျိုး တည်နေကြကုန်သော အလုံးစုံသော ထိုနတ်အပေါင်းတို့သည် ဝမ်းမြောက် ရွှင်လန်းကုန်သည်ဖြစ်၍ မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ဝေဏ္ဍုအမည်ရှိသော နတ်အပေါင်းသည်လည်းကောင်း၊ သဟလိ အမည်ရှိသော နတ်အပေါင်းသည်လည်းကောင်း၊ အသမာ အမည်ရှိသော နတ်အပေါင်းသည်လည်းကောင်း၊ ယဓေအမည်ရှိသော နတ်မျိုး နှစ်မျိုးတို့ သည်လည်းကောင်း ရောက်လာကြကုန်၏။ လဗိမာန်ကို ရွှေနောက် နံပါးမှ ပြေးသွား မှီနေကြသောနတ်တို့သည် လနတ်သားကို ရွှေဦးတင်၍ ရောက်လာကြကုန်၏။

နေဗိမာန်ကို ရွှေနောက်နံပါးမှ ပြေးသွား မှီနေကြသော နတ်တို့သည် နေနတ်သားကို ရွှေဦးတင်၍ ရောက်လာကြကုန်၏။ နက္ခတ်တို့ကို ရွှေနောက် နံပါးမှ ပြေးသွား မှီနေကုန်သော နတ်တို့သည် နက္ခတ်တို့ကို ရွှေဦးတင်၍ ရောက်လာကြကုန်၏။ မန္ဒဝလာဟက အမည်ရှိကုန်သော နတ်တို့သည် ရောက်လာကြကုန်၏။

ဝသု အမည်ရှိသော နတ်တို့၏ အကြီးအမှူးဖြစ်၍ ဝါသဝ အမည် ရှိသော၊ ရွှေဘဝတုန်းက အလှူဒါနပေးခဲ့ဖူး၍ ပရိန္ဒဒအမည်ရှိသော သိကြားမင်းသည်လည်း ရောက်လာပေ၏။ ကဲ့ပြုး ခြားနားသော အရောင်ရှိကုန်

http://www.dhammadownload.com

သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံ များကုန်သော၊ ဝေဏ္ဍုနတ်မျိုး စသော အားဖြင့် ဆယ်စုဆယ်မျိုးစီ တည်နေကြသော အလုံးစုံသော ထိုနတ်အပေါင်းတို့သည် ဝမ်းမြောက် ရှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ထိုမှတပါး မီးတောက်မီးလျံ ကဲ့သို့ ထွန်းလင်း တောက်ပ ကုန်သော သဟဘူ အမည်ရှိသော နတ်တို့သည်လည်း ရောက်လာကြကုန်၏။ နှမ်းချပ်ပွင့်ကဲ့သို့ ညိုပြာသော အဆင်းရှိကုန်သည်ဖြစ်၍ ဥမာပုပ္ပ ဟူ၍လည်း အချို့အချို့ အမည်တွင်ကုန်သော အရိဋ္ဌက အမည်ရှိသော နတ်တို့သည် လည်းကောင်း၊ ရောဇ အမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။

ဝရုဏမည်သော နတ်တို့သည်လည်းကောင်း၊ သဟဓမ္မ အမည် ရှိသော နတ်တို့သည်လည်းကောင်း၊ အစ္စုတ အမည်ရှိသော နတ်တို့သည် လည်းကောင်း၊ အနေကဇ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ သူလေယျ၊ ရုစိရ အမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာ ကြကုန်၏။ ဝါနဝသေနိ အမည်ရှိသော နတ်တို့လည်း ရောက်လာကြကုန်၏။

ကဲ့ပြားခြားနားသော အဆင်းရှိကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အဝါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော၊ သဟဘူနတ်မျိုး စသောအားဖြင့် ဆယ်စုဆယ်မျိုးစီ တည်နေကြကုန်သော အလုံးစုံသော ထိုနတ်အပေါင်းတို့သည် ဝမ်းမြောက် ရှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ထိုမှတပါး သမာန အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ မဟာသမာန အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ မာနုသ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ မာနုသုတ္တမ အမည်ရှိသော နတ်တို့သည် လည်းကောင်း၊ ခိဋ္ဌာပဒေါသိက အမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။ မနောပဒေါသိက အမည်ရှိသော နတ်တို့သည်လည်း ရောက်လာကြကုန်၏။

ထိုမှတပါး ဟရိ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ လောဟိတဝါသီ အမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။ အခြံ

http://www.dhammadownload.com

အရုံများကုန်သော ပါရဂ မည်သော နတ်တို့သည် လည်းကောင်း၊ မဟာပါရဂမည်သော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။

ကဲ့ပြား ခြားနားသော အဆင်းရှိကုန်သော၊ တန်ခိုး ကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရုံများကုန်သော သမာနနတ်မျိုး စသောအားဖြင့် ဆယ်စုဆယ်မျိုးစီ တည်နေကြသော အလုံးစုံသော နတ်တို့သည် ဝမ်းမြောက် ရွှင်လန်း ကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ထိုမှတပါး သုက္က အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ ကရမ္ဘ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ အရုဏ အမည်ရှိသော နတ်တို့သည် လည်းကောင်း၊ ဝေဿနဿ အမည်ရှိသော နတ်တို့သည်လည်းကောင်း အတူတကွ ရောက်လာကြကုန်၏။ အကြီးအမှူးဖြစ်ကုန်သော သဒါတဂယှ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ ဝိစက္ခဏ အမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။

သဒါမတ္တ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ ဟာရဂဇ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ အခြံအရုံများကုန်သော မိဿကအမည်ရှိသော နတ်တို့သည်လည်းကောင်း ရောက်လာ ကြကုန်၏။ မိမိ ရောက်ရာ အရပ်တိုင်း၌ မိုးရွာစေတတ်သော ပဇုန္နနတ်သည်လည်း မိုးသံ ထစ်ချုန်းလျက် ရောက်လာပေ၏။

ကဲ့ပြားခြားနားသော အရောင်အဆင်း ရှိကုန်သော၊ တန်ခိုး ကြီးကုန်သော၊ အရောင်အဝါတောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရုံများကုန်သော သုက္ကနတ်မျိုး စသောအားဖြင့် ဆယ်စု ဆယ်မျိုးစီ တည်နေကြကုန်သော အလုံးစုံသော ထိုနတ်တို့သည်လည်း ဝမ်းမြောက် ရွှင်လန်းကြကုန်လျက် မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

ထိုမှတပါး အခြံအရုံများကုန်သော ခေမိယအမည်ရှိသော နတ်တို့သည်လည်းကောင်း၊ တုသိတာဘုံ၌ နေကုန်သော နတ်တို့သည် လည်းကောင်း၊ ယာမာဘုံ၌ နေကုန်သော နတ်တို့သည် လည်းကောင်း၊ တာဝတိံသာဘုံ၌ နေကုန်သော ကဋ္ဌက အမည်ရှိကုန်သော နတ်တို့သည် လည်းကောင်း၊ တာဝတိံသာဘုံ၌ နေကုန်သော လမ္မိတက အမည်ရှိသော နတ်တို့သည် လည်းကောင်း၊ တာဝတိံသာဘုံ၌နေကုန်သော လာမသေဋ္ဌအမည်ရှိသော

http://www.dhammadownload.com

နတ်တို့သည်လည်းကောင်း၊ တာ၀တိံသာဘုံ၌ နေကုန်သော ဇောတ် အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ တာ၀တိံသာဘုံ၌ နေကုန်သော၊ အာသာ အမည်ရှိသော နတ်တို့သည်လည်းကောင်း၊ နိမ္မာနရတိဘုံ၌ နေကုန်သော နတ်တို့သည်လည်းကောင်း ရောက်လာကြကုန်၏။

ကဲ့ပြားခြားနားသော အရောင် အဆင်း ရှိကုန်သော၊ တန်ခိုးကြီးကုန်သော၊ အရောင်အ၀ါ တောက်ပကုန်သော၊ အဆင်းလှကုန်သော၊ အခြံအရံများကုန်သော ခေမိယနတ်မျိုး စသောအားဖြင့် ဆယ်စုဆယ်မျိုးစီ တည်နေကြကုန်သော အလုံးစုံသော ထိုနတ်အပေါင်းတို့သည် ၀မ်းမြောက်ရွှင်လန်းကြကုန်လျက် မဟာစုန်တော၌ ရဟန်းတို့ထံ ရောက်လာကြကုန်၏။

အာပေါနတ် ဆယ်မျိုးမှစ၍ ဆယ်မျိုးခြောက်လီပြားကုန်သော၊ ကဲ့ပြားခြားနားသော အရောင်အဆင်းရှိကုန်သော၊ ထိုဆိုအပ်ခဲ့ပြီးကုန်သော အလုံးစုံသော နတ်အပေါင်းတို့သည်လည်းကောင်း၊ အမျိုးအမည် အရည်အချင်းအဆင်းအားဖြင့် ထပ်တူ ဖြစ်ကုန်သော အခြားသော နတ်တို့သည် လည်းကောင်း၊ အမည်တူများအချင်းချင်း ပေါင်းစည်းကြကုန်လျက် ရောက်လာကြကုန်၏။ အဘယ်အကျိုးငှာ လာရောက် ကြကုန်သနည်း ဟူမူကား--

ပဋိသန္ဓေနေခြင်းမှ လွတ်ကင်းပြီးထသော၊ သံသရာ၀ဲသွားမှ ကူးမြောက်ပြီးဖြစ်သော၊ အာသ၀ကင်းပြီးသော အရိယာ သံဃာကို လည်းကောင်း၊ သံသရာ၀ဲသွားမှ ကူးမြောက်ပြီးဖြစ်သော၊ မကောင်းမှု ဟူသမျှ လုံး၀မပြုထသော၊ ဆီးနှင်း မြူတိမ် သူရိန်မီးခိုးဟူသော ညစ်ကြေးမျိုး ငါးခုမှ ကင်းစင်သော၊ လ၀န်းကဲ့သို့ ကိလေသာ အညစ်အကြေးကင်းစင်ပြီးသော မြတ်စွာဘုရားကိုလည်းကောင်း ဖူးမြင်ကြရကုန်အံ့။ ဤသို့သော အကျိုးငှာ ရောက်လာကြကုန်၏။

၁၁။ သုဇြဟ္မာမည်သော ဇြဟ္မာသည်လည်းကောင်း၊ ပရမတ္ထ မည်သော ဇြဟ္မာသည် လည်းကောင်း ဘုရားရှင်၏ သားတော်ဖြစ်သော ဤအရိယာ ဇြဟ္မာနှစ်ယောက်တို့သည် အတူတကွ ရောက်လာ ကြကုန်၏။ သနင်္ကုမာရ ဇြဟ္မာသည်လည်းကောင်း၊ မောဂ္ဂလိပုတ္တတိဿထေရ် ဖြစ်လာမည့် တိဿ

http://www.dhammadownload.com

ဖြဟ္မာသည် လည်းကောင်း မဟာဝုန်တောရှိ ရဟန်းတို့ထံ ရောက်လာ ကြကုန်၏။။

လက်တချောင်းဖြင့် တထောင်သော စကြဝဠာကို ထွန်းလင်းစေနိုင်သော ဖြဟ္မာတထောင်တို့ ရောက်လာကြကုန်၏။ ထို တထောင်ထဲမှ တယောက် တယောက်သော ဖြဟ္မာကြီးသည် တထောင်သော ဖြဟ္မာကြီးတို့မှတပါး အခြားသော ဖြဟ္မာတို့ထက် အသက်၊ အဆင်း၊ ဂုဏ်သတင်း အားဖြင့် ကျော်လွန်၏။ ဖြဟ္မာ့ပြည်၌ ဆက်ကာ ဆက်ကာ ပဋိသန္ဓေနေရသဖြင့် အရောင်အဝါ လွန်စွာတောက်ပ၏။ ကြောက်လန့် လောက်အောင် ကြီးကျယ်သော ကိုယ်သဏ္ဌာန်လည်း ရှိပေ၏။ များသော အခြံအရံလည်း ရှိ၏။။

ဆိုခဲ့ပြီးသော ဖြဟ္မာတထောင်တို့တွင် အထူးအားဖြင့် တပါးသော သတ္တဝါတို့ကို မိမိအလိုသို့ အသီးသီး လိုက်ပါစေနိုင်သည်ဖြစ်၍ အစိုးရကုန်သော ဖြဟ္မာကြီး တကျိပ်တို့ ရောက်လာကြကုန်၏။ ထိုဖြဟ္မာကြီးတို့၏ အလယ်၌ ဟာရိတ အမည်ရှိသော ဖြဟ္မာကြီးသည်လည်း အခြံအရံ ဖြဟ္မာတသိန်းနှင့်တကွ ရောက်လာပေ၏။

၁၂။ သိကြားမင်းနှင့်တကွသော၊ ဟာရိတ ဖြဟ္မာကြီးနှင့် တကွသော၊ ဤအစည်းအဝေးသို့ရောက်လာကြသော၊ အလုံးစုံသော နတ်ဖြဟ္မာ အပေါင်းကို တိုက်ခိုက်ရန် မာရ်နတ်၏ စစ်တပ်ကြီး ရောက်လာပေ၏။ မာရ်နတ်ယုတ်၏ အချည်းနှီးသော ကြိုးစားမှုကို ရှုကြကုန်လော့။

စစ်သည်ရဲမက်များစွာရှိသော မာရ်နတ်ယုတ်သည် "အို စစ်သည် အပေါင်းတို့၊ သင်တို့ လာကြကုန်လော့။ စည်းဝေးနေသော နတ်ဖြဟ္မာ အပေါင်းကို လက်ရဖမ်းကြကုန်လော့။ မပြေးနိုင်အောင် တုပ်နှောင်ကြကုန် လော့။ သင်တို့၏ ရာဂတည်းဟူသော နှောင်ကြိုးဖြင့် တုပ်နှောင်ကြကုန် လော့။ ထက်ဝန်းကျင်မှ ပိုင်းကြကုန်လော့။ တစုံတယောက်ကိုမျှ မလွှတ်ကြစေနှင့်"။ ဤသို့ မြေပြင်ကိုပုတ်ခတ်၍ ကြောက်လန့်ဖွယ်ရာ ကြုံးဝါးသံကြီး ဟစ်အော်ပြီးလျှင်

လျှပ်စီးတဝင်းဝင်းပြက်သော မိုးဦး လေဦးကဲ့သို့ ကြုံးဝါးသံ ဟစ်ကြွေးညံလျက် (မာရ်နတ်သည်) ဤအစည်းအဝေးကြီးသို့ မိမိစစ်သည်များကို

http://www.dhammadownload.com

စေလွှတ်လိုက်လေပြီ။ ထိုအခါ မာရ်နတ်ယုတ်သည် သူအလိုရှိရာ ဘာတခုမျှ မအောင်မြင်သည်ဖြစ်၍ အမျက်ခြောင်းခြောင်း ထွက်လျက် ပြန်ဆုတ်သွားရပေပြီ။ ဤသို့ မိန့်ကြားတော်မူပါသည်။

၁၃။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မာရ်နတ်ယုတ်၏ ယုတ်မာမှု အလုံးစုံကို ထူးသောဉာဏ်ဖြင့် သိတော်မူ၍ လက်ဝါးပြင်မှ အရေးအကြောင်းများကဲ့သို့ ကဲ့ကဲ့ပြားပြား သတ်မှတ်တော်မူ၍ သိက္ခာသုံးပါးနှင့် မွေလျော်သော တပည့်ရဟန်းတို့ကို မိန့်ကြားတော်မူပါသည်။

"ရဟန်းတို့၊ မာရ်နတ်နှင့်တကွ သူ၏ ရဲမက်စစ်သည်တို့သည် ဤအစည်းအဝေးကြီးဆီသို့ ရှေးရှုလာကြကုန်ပြီ။ ထိုမာရ်နတ်နှင့်တကွ မာရ်နတ်၏ စစ်သည်အားလုံးကို သိကြ ကြည့်ကြကုန်လော့" ။ ဤသို့ မိန့်ကြားတော်မူပါသည်။

ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရား၏ ဆုံးမစကားကို ကြားနာကြရကုန်၍ ထိုတခဏအတွင်းမျှပင် အကာအကွယ် အလို့ငှာ ဖလသမာပတ်ဝင်စားကြကုန်၏။ မာရ်နတ်နှင့်တကွ မာရ်နတ်၏ စစ်သည်ရဲမက် အပေါင်းသည် ရာဂကြော့ကွင်းမှ လွှတ်ကင်းပြီးသော ရဟန်းငါးရာတို့မှ ဝေးရာသို့ ပြေးကြရလေပြီ။ ရာဂကြော့ကွင်းမှ လွှတ်ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များ အကြီးမှူးရှိကုန်သော နတ်ဗြဟ္မာတို့၏ အမေ့းများ တုန်လှုပ်စေရန်မျှ မစွမ်းနိုင်ကြကုန်။

(ထိုအခါ၌ မာရ်နတ်သည် ကိလေသာကင်းပြီးသော ရဟန်းအပေါင်းကို အကြောင်းပြု၍ ဤသို့ မြွက်ဆိုလေ၏။)

"မြတ်စွာဘုရား၊ ထိုသားတော်အားလုံးတို့သည် စစ်မြေပြင်၌ အောင်ပွဲကြီး ဆင်နိုင်ကြပေကုန်၏။ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းကြပေကုန်၏။ ဂုဏ်ရှိန်သတင်း ကြီးမားကြပေကုန်၏ အရိယာဂိုဏ်းဝင် အရှင်တို့နှင့် အတူတကွ ဝမ်းမြောက်နိုင်ကြပေကုန်၏။ လူနတ်ဗြဟ္မာ သုံးဖြာသောလောက၌ ကျော်စော ကြပါပေ၏" ။ ဤသို့ မာရ်နတ်က မြွက်ကြားရပါသတည်း။

http://www.dhammadownload.com



၂။ သမ္မာပရိဗ္ဗာဇနီယသုတ် မြန်မာပြန်

၁။ ကြီးမြတ်သော ပညာရှိတော်မူသော၊ သြဃလေးဖြာ သံသရာမှ ကူးမြောက်တော်မူပြီးထသော၊ နိဗ္ဗာန်တည်းဟူသောတဘက်ကမ်းသို့ တက်လှမ်းတော်မူပြီးထသော၊ ကိလေသာငြိမ်းတော်မူပြီးထသော၊ လောကဓံရှစ်ပါးကြောင့် တုန်လှုပ်ခြင်းမရှိ ပကတိ ခိုင်မြဲတော်မူထသော ပကတိမြတ်စွာဘုရားကို နိမ္မိတကိုယ်ပွား ငါဘုရားက မေးပါအံ့။ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကိုပယ်၍ အိမ်မှထွက်၍ ရဟန်းပြုလာသော သူသည် လောကကြီးမှ လွန်မြောက်စေရန် မည်သို့ကျင့်ရပါမည်နည်း။ (ဤသို့ နိမ္မိတကိုယ်တော်ပွား က မေးမြန်းတော်မူ၏)

၂။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင်ရဟန်းသည် လောကီမင်္ဂလာတို့၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း၊ မိုးကြိုးခခြင်း၊ လောင်မီးကျခြင်းစသည်တို့၏ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း၊ အိပ်မက်၏ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း၊ ထိုထိုအမှတ်အသား လက္ခဏာတို့အရ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း ကောင်းစွာ ပယ်သတ်ခဲ့လေပြီ။ ထိုရဟန်းသည် အပြစ်ရှိသော မင်္ဂလာတို့ကို ပယ်ပြီးသောပုဂ္ဂိုလ် မည်၏။ တိုသို့သောရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

http://www.dhammadownload.com

၃။ အကြင်ရဟန်းသည် လူတို့၏ ကာမဂုဏ်တို့ဌ္ဌလည်းကောင်း၊ နတ်တို့၏ ကာမဂုဏ်တို့ဌ္ဌလည်းကောင်း တပ်မက်သော ရာဂကို ပယ်ဖျောက်ရာ၏။ တစ္ဆာလေးပါးတရားကိုသိ၍ ဘဝသုံးပါးကို ကျော်လွန်၍ တည်နိုင်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၄။ အကြင်ရဟန်းသည်ချောပစ်ကုန်းတိုက်ခြင်း၊ရန်ငြိုးဖွဲ့ခြင်းကို ကျော ခိုင်း၍ မပေးလှူလို ဝန်တိုခြင်းကို ပယ်စွန့်ရာ၏။ သခ်ၤါရ တရားတို့ဌ္ဌ ချစ်ခြင်း မုန်းခြင်းကို ပြုတတ်သော လောဘ ဒေါသကို ပယ်စွန့်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၅။ အကြင်ရဟန်းသည် မျစ်အပ်သောဝတ္ထုနှင့် မချစ်အပ်သော ဝတ္ထု တို့ဌ္ဌ ချစ်ခြင်းမုန်းခြင်းကို ပယ်စွန့်၍၊ တစုံတခုကိုမျှ မစွဲလမ်းမူ၍၊ တစုံတခုဌ္ဌမျှ မမှီမူ၍ သံယောဇဉ်တို့၏အာရုံဖြစ်သောတရားတို့မှ လွတ်မြောက် ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၆။ အကြင်ရဟန်းသည် မြဲမြံစွာ စွဲလမ်းရာဖြစ်သော ခန္ဓာငါးပါးတို့ဌ္ဌ ဆန္ဒရာဂကို ပယ်ရာ၏။ ထိုရဟန်းသည် ဒုက္ခ၏ တည်ရာဖြစ်သော ခန္ဓာငါးပါးတို့ဌ္ဌ အနှစ်သာရကိုရှာ၍ မတွေ့တော့ပေ။ ခန္ဓာငါးပါးတို့ဌ္ဌ မမှီတော့ပေ။ သူတပါးတို့က ဆဲဆောင်၍ မရတော့ပေ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၇။ အကြင်ရဟန်းသည် ဝစီကံနှင့်လည်းကောင်း၊ မနောကံနှင့် လည်း ကောင်း၊ ကာယကံနှင့်လည်းကောင်း သုစရိုက်တရားတို့နှင့် မဆန့် ကျင်မူ၍၊ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်ကို တောင့်တ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၈။ အကြင်ရဟန်းသည် ဝစီကံနှင့်လည်းကောင်း၊ မနောကံနှင့် လည်း ကောင်း၊ ကာယကံနှင့်လည်းကောင်း သုစရိုက်တရားတို့နှင့် မဆန့် ကျင်မူ၍၊ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်ကို တောင့်တ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၉။ အကြင်ရဟန်းသည် လူအပေါင်းသည် ငါ့ကိုရှိခိုးပေ၏ဟူ၍ မတက် ကြွရာ။ အဆဲခံရပြန်သော်လည်း အမျက်မထွက်ရာ။ သူတပါးတို့က

http://www.dhammadownload.com

ပစ္စည်းလေးပါး ပေးလှူကြသဖြင့် မယစ်မူးရာ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၉။ အကြင်ရဟန်းသည် တဏှာကိုလည်းကောင်း၊ ကမ္မဘဝကို လည်းကောင်း အကြွင်းမဲ့ပယ်၍ သူတပါးကိုသတ်ခြင်း၊ နှောင်ဖွဲ့ခြင်းမှ လည်း ရှောင်ကြဉ်၏။ ထိုရဟန်းသည် သို့လောသို့လော တွေးတောယုံမှားခြင်းကို လွန်မြောက်ရာ၏။ ငြောင့်တံသင်းကင်းသည် ဖြစ်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၁၀။ အကြင်ရဟန်းသည် မိမိနှင့် လျော်သော အကျင့်ကိုသိ၍၊ သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာသိ၍ သတ္တလောကတွင် ပါဝင်သော တစုံတယောက်ကိုမျှ မညှဉ်းဆဲရာ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၁၁။ အကြင်ရဟန်းအား အခွါသော အနုသယတို့သည်လည်း မရှိတော့ပြီ။ အရင်းအမြစ်ဖြစ်သော အကုသိုလ်တရားတို့ကိုလည်း ကောင်းစွာ ပယ်နုတ်အပ်ကုန်ပြီ။ ထိုရဟန်းသည် အလိုတဏှာမရှိတော့ပြီဖြစ်၍ တစုံတခုကိုမျှ မတောင့်တတော့ပြီ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၁၂။ အကြင်ရဟန်းသည် အာသဝကုန်ပြီးသည် ဖြစ်၍၊ မာန ကိုးပါးကို ပယ်ပြီးဖြစ်၍၊ ရာဂ၏သွားရာ လမ်းကြောင်းကို ကျော်လွန်ပြီးပြီဖြစ်၍၊ ယဉ်ကျေးသည်ဖြစ်၍၊ ငြိမ်းအေးသည်ဖြစ်၍ မတုန်လှုပ်သော စိတ်ရှိ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၁၃။ အကြင်ရဟန်းသည် မတုန်လှုပ်သော သဒ္ဓါတရားရှိ၏။ ပရမတ္ထတရားကို ကြားဖူးနားဝရှိ၏။ ဟုတ်မှန်၍ မြဲမြံသော မဂ်ဉာဏ်ကို မြင်ပြီးသူဖြစ်၏။ မိစ္ဆာအယူကို လက်ခံခြင်းဖြင့် ထိုအယူရှိသူတို့၌ ဆည်းကပ်ကိုးကွယ်ခြင်းကို မပြုပေ။ လောဘကိုလည်းကောင်း၊ ထိပါးပုတ်ခတ်တတ်

http://www.dhammadownload.com

သော ဒေါသကိုလည်းကောင်း ပယ်ဖျောက်ရာ၏။ ထိုရဟန်းသည် လောက ကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

၁၄။ အကြင်ရဟန်းသည် အလွန် စင်ကြယ်ကြောင်းဖြစ်သော အရဟတ္တ မဂ်ဖြင့် ကိလေသာကို အောင်နိုင်၏။ အဖုံးအပိတ်ကို ဖွင့်လှစ်နိုင် ၏။ သစ္စာလေးပါး တရားတို့၌ လေ့လာပြီးဖြစ်၏။ တဘက်ကမ်းသို့ ဆိုက် ရောက်၏။ တုန်လှုပ်တတ်သောတဏှာ မရှိပေ။ သခ်ါရ ချုပ်ငြိမ်းရာကို သိသောဉာဏ်၌ လိမ္မာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက် အောင် ကျင့်နိုင်ပေရာ၏။

၁၅။ အကြင်ရဟန်းသည် အတိတ်ခန္ဓာငါးပါးတို့၌၊ အနာဂတ် ခန္ဓာ ငါးပါးတို့၌ ငါ၊ ငါ့ဟာဟု ကြံစည်ခြင်းကို ကျော်လွန်နိုင်၏။ အဓွန့်သုံးဖြာကို ကျော်လွန်၍ စင်ကြယ်သော ပညာရှိ၏။ အလုံးစုံသော အာယတနတို့မှ လွတ်ကင်း၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက် အောင် ကျင့်နိုင်ပေရာ၏။

၁၆။ အကြင်ရဟန်းသည် သစ္စာတရား တပါးတပါးကို ပိုင်းခြားကာ သိနှင့်ထား၍၊ သစ္စာတရား အားလုံးကို မဂ်ဉာဏ်ဖြင့် တပြိုင်တည်း သိ၍၊ အာသဝတရားတို့ကို ပယ်ကြောင်းဖြစ်သော နိဗ္ဗာန်ကိုမြင်၍၊ ဥပဓိ တရားအားလုံး ကုန်ပြီဖြစ်၍ တစုံတခုသော တရားကိုမျှ မကပ်ငြိတော့ ပေ။ ထိုရဟန်းသည် လောကကြီးမှလွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူ၏)။

၁၇။ အို ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ အရှင်ဘုရား ဖြေကြား သော စကားသည် ဖြေဆိုသည့်အတိုင်း ဟုတ်မှန်လှ ပါပေ၏။ အာဘယ်ကြောင့်နည်းဟူမူကား ဤသို့ ကျင့်သုံးနေထိုင်သော ရဟန်းသည် ယဉ်ကျေးသည်ဖြစ်၍ သံယောဇဉ်နှင့် ယောဂတို့ကို ကျော်လွန်နိုင်သော ကြောင့်တည်း။ ထိုရဟန်းသည် လောကကြီးမှ ကျော်လွန်အောင် ကျင့်နိုင် သောကြောင့်တည်း။ (ဤသို့ နိမ္မိတဘုရားရှင်က မိန့်ကြားတော်မူ၏။)

http://www.dhammadownload.com



၃။ ပုရာဘေဒသုတ် မြန်မာပြန်

၁။ ဂေါတမနွယ်ဖွား အိုရှင်တော်မြတ်ဘုရား၊ အဘယ်သို့သောပညာနှင့် ပြည့်စုံသောသူ၊ အဘယ်သို့သော သီလနှင့် ပြည့်စုံသောသူကို ကိလေသာ ငြိမ်းအေးသူဟူ၍ ဆိုရပါသနည်း။ နိမ္မိတကိုယ်စား ငါဘုရားသည် မေးအပ်သော ပကတိဘုရားရှင်သည် ထိုယောကျ်ားမြတ်ကို ဖြေကြားတော်မူပါလော့။

၂။ နိမ္မိတကိုယ်စား အိုရှင်တော်မြတ်ဘုရား၊ အကြင်သူသည် ကိုယ်ခန္ဓာ မပျက်စီးသေးမီက တဏှာကင်းပြီးသည်ဖြစ်၍ အတိတ် ကာလကို မကပ်မိပေ။ ပစ္စုပ္ပန်၌လည်း တပ်မက်သူ၊ အမျက်ထွက်သူ စသည်ဖြင့် မရှေ့တွက်သင့်ပေ။ ထိုပုဂ္ဂိုလ်အား အနာဂတ်ကာလ၌လည်း တောင့်တခြင်းမရှိပေ။ (ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။)

၃။ နိမ္မိတကိုယ်စား အိုရှင်တော်မြတ်ဘုရား၊ အကြင်သူသည် ကိုယ်ခန္ဓာ မပျက်စီးသေးမီက တဏှာကင်းပြီးသည်ဖြစ်၍ အတိတ် ကာလကို မကပ်မိပေ။ ပစ္စုပ္ပန်၌လည်း တပ်မက်သူ၊ အမျက်ထွက်သူ စသည်ဖြင့် မရှေ့တွက်သင့်ပေ။ ထိုပုဂ္ဂိုလ်အား အနာဂတ်ကာလ၌လည်း တောင့်တခြင်းမရှိပေ။ (ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။)

၄။ အကြင်ရဟန်းသည် အတိတ်ကို စွဲ၍ စိုးရိမ်ပူဆွေးခြင်း မရှိ။ ဖဿတို့၌ ကင်းဆိတ်ခြင်းကို ရှုလေ့

၅။ အကြင်ရဟန်းသည် အမျက်ထွက်လေ့မရှိ။ ထိတ်လန့်ခြင်းမရှိ။ မိမိ ဂုဏ်ကို ဝါကြွားခြင်းမရှိ။ ကုက္ကုစ္စဖြစ်ခြင်းမရှိ။ ပညာဖြင့်ဆင်ခြင်၍ ပြောဆိုတတ်၏။ မတုန်လှုပ်သောစိတ်ရှိ၏။ နှုတ်စောင့်စည်း၏။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၆။ အကြင်ရဟန်းသည် အနာဂတ်ကာလ၌ ကပ်ငြိခြင်းမရှိ။ အတိတ်ကို စွဲ၍ စိုးရိမ်ပူဆွေးခြင်း မရှိ။ ဖဿတို့၌ ကင်းဆိတ်ခြင်းကို ရှုလေ့

http://www.dhammadownload.com

ရှိ၏။ ဒိဋ္ဌိတို့၌ ဆဲဆောင်၍ မရတော့ပြီ။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၅။ အကြင်ရဟန်းသည် အကုသိုလ်တရားတို့မှ တွန့်ဆုတ်၏။ လူအထင်ကြီးအောင် မပြုတတ်။ အလိုလောဘမရှိ။ ဝန်တိုခြင်း၊ မာန်ခက်ထန်ခြင်းမရှိ။ ပညာရှိတို့ စက်ဆုပ်ဖွယ်ရာ အမူအကျင့်မျိုးမရှိ။ ကုန်းတိုက်စကားကို မဆိုတတ်။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၆။ အကြင်ရဟန်းသည် ကာမဂုဏ် ငါးပါးတို့၌ ယိုစိမ့်ခြင်းမရှိ။ မာန်ထောင်လွှားခြင်းတို့၌ မယှဉ်။ နူးညံ့ပြေပြစ်၏။ သုံးမျိုးသော ဉာဏ် ပညာရှိ၏။ သူတပါး၏စကားကို မယုံကြည်။ တပ်မက်မှု ကင်းနေဆဲ ပုဂ္ဂိုလ် မဟုတ်တော့ပြီ။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၇။ အကြင်ရဟန်းသည် လာဘ်ရလို၍ စာပေကျမ်းဂန်သင်ယူခြင်း၊ ဓုတင်ဆောက်တည်ခြင်းကိုမပြု။ လာဘ်မရခြင်းကြောင့် အမျက်မထွက်။ အလိုတဏှာကြောင့် အမျက်မထွက်။ အရသာတို့၌ တပ်မက်ခြင်းမရှိ။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၈။ အကြင်ရဟန်းသည် ဥပေက္ခာရှုတတ်၏။ အမြဲတစေသတိကောင်း၏။ လူအပေါင်း၌ "ဤသူသည် ငါနှင့် တူမျှ၏" ဟူ၍ မာန်မမူ။ "ဤသူ့ထက် ငါသာ၏" ဟူ၍ မာန်မမူ။ "ဤသူအောက် ငါယုတ်နိမ့်၏" ဟူ၍ မာန်မမူ။ ထိုပုဂ္ဂိုလ်အား ထူထပ်စွာသော ကိလေသာတို့ မရှိကုန်။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

၉။ အကြင်ရဟန်းအား မှီတွယ်တတ်သော တရားမရှိ။ တရားသဘောကို သိ၍ မမှီတွယ်တော့ပေ။ အကြင် ရဟန်းအား ဘဝ ဆက်ခြင်းငှာလည်းကောင်း၊ ဘဝပြတ်ခြင်းငှာလည်းကောင်း အလိုတဏှာ မရှိတော့ပေ။ (ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။)

http://www.dhammadownload.com

၁၀။ ထိုရဟန်းအား ဂန္ဆလေးပါးတို့မရှိကုန်။ ထိုရဟန်းသည် အရာရာသို့ ပျံ့နှံ့တတ်သော တဏှာကို ကျော်လွှန်ခဲ့လေပြီ။ ကာမတို့၌ ငဲ့ကွက်ခြင်းကင်းပြီးသော ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏။

၁၁။ ထိုရဟန်းအား၊ ငါ့သားငါ့သမီးဟု စွဲယူခြင်းသည်လည်းကောင်း၊ ငါဆိတ်ငါသိုးဟု စွဲယူခြင်းသည်လည်းကောင်း၊ ငါ့လယ်ငါ့ယာဟု စွဲယူခြင်းသည်လည်းကောင်း၊ ငါ့မြေငါ့နေရာဟု စွဲယူခြင်းသည် လည်းကောင်း မရှိပေ။ ထိုရဟန်း၌ ယူစရာကို လည်းကောင်း၊ စွန့်ပစ်စရာကို လည်းကောင်း မရအပ်ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်၏။)

၁၂။ ထိုရဟန်းကို ပုထုဇဉ် နတ်လူတို့သည်လည်းကောင်း၊ ပရိဗိုဇ်ရဟန်း နှင့် ပုဏ္ဏားများသည် လည်းကောင်း အကြင်သို့သော အပြစ်ဖြင့် စွပ်စွဲကုန်ရာ၏။ ထိုစွပ်စွဲကြောင်းဖြစ်သော အပြစ်ကို ထိုရဟန်းသည် ပယ်အပ်ပြီ။ ထို့ကြောင့် စွပ်စွဲသော စကားများကြောင့် မတုန်လှုပ်တော့ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်၏။)

၁၃။ ထိုရဟန်းသည် မက်မောခြင်းကင်း၏။ မနာလိုဝန်တိုခြင်းမရှိ။ မိုမိ ထက် မြင့်မြတ်သော ပုဂ္ဂိုလ်တို့၌၊ မိမိနှင့် တူညီသော ပုဂ္ဂိုလ်တို့၌၊ မိမိအောက် နိမ့်ကျသော ပုဂ္ဂိုလ်တို့၌ မိမိကိုယ်ကို နှိုင်းယှဉ်၍ မဆိုပေ။ တွေးတောကြံစည်မှု မပြုသည်ဖြစ်၍ တွေးတော ကြံစည်ခြင်းသို့ မချဉ်းကပ်ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်၏။)

၁၄။ အကြင်ရဟန်းအား လောက၌ မိမိဥစ္စာဟူ၍ ယူစွဲခြင်းမရှိပေ။ မရှိသောကြောင့် စိုးရိမ်ပူဆွေးခြင်း မရှိပေ။ သန်ဂါရ တရားတို့၌ အဂတိတရား မလိုက်စားပေ။ ထိုရဟန်းကို ကြေနပ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်၏။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူသတည်း။)

http://www.dhammadownload.com



၄။ ကလဟဝိဝါဒသုတ် မြန်မာပြန်

၁။ ဂဂါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ ရန်ဖြစ်ခြင်းတို့သည် လည်းကောင်း၊ ငြင်းခုံခြင်းတို့သည် လည်းကောင်း၊ အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ ဝန်တိုခြင်းနှင့်တကွ ဒိုင်းကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့သည်လည်းကောင်း၊ ကုန်းတိုက်ခြင်းနှင့်တကွ မာန်မူခြင်း၊ အလွန်မာန်မူခြင်းတို့သည်လည်းကောင်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ ဂဂါတမနွယ်ဖွား သင်အရှင်မြတ်အား တိုက်တွန်းပါ၏။ ထိုအကြောင်းတရားကို ဖြေကြားတော်မူပါလော့။

၂။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရန်ဖြစ်ခြင်းတို့သည် လည်းကောင်း၊ ငြင်းခုံခြင်းတို့သည် လည်းကောင်း၊ ဝန်တိုခြင်းနှင့်တကွ ဒိုင်းကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့သည် လည်းကောင်း၊ ကုန်းတိုက်ခြင်းနှင့်တကွ မာန်မူခြင်း၊ အလွန်မာန်မူခြင်းတို့သည်လည်းကောင်း ချစ်အပ်သော ဝတ္ထုကြောင့် ဖြစ်ပေါ်လာကြရကုန်၏။ ရန်ဖြစ်ခြင်းတို့သည်လည်းကောင်း၊ ငြင်းခုံခြင်းတို့သည်လည်းကောင်း ဝန်တိုခြင်းနှင့်ယှဉ်ကုန်၏။ ငြင်းခုံမှုတို့ ဖြစ်ပေါ်လာသောကြောင့် ကုန်းတိုက်ခြင်းတို့လည်း ဖြစ်ပေါ်လာရကြကုန်၏။

၃။ ဂဂါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ လောကဌ် ချစ်အပ်သော ဝတ္ထုတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ် လာကြရပါသနည်း။ ထို့ပြင် လောကဌ် အကြင်သူတို့သည် လောဘကြောင့် လှည့်လည်

http://www.dhammadownload.com

သွားလာကြကုန်၏။ ထိုသူတို့၏ လောဘသည်လည်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။ လူ၏ မှီခိုအားထားရာ ဖြစ်သော အကျိုးတရား၌ တောင့်တ မျှော်လင့်ခြင်းသည် လည်းကောင်း၊ ပြည့်စုံပြီးစီးခြင်းသည်လည်းကောင်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။

၄။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ လောက၌ ချစ်အပ်သောအရာ ဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရင်း ရှိကုန်၏။ အကြင်သူတို့သည် လောဘကြောင့် လှည့်လည်သွားလာ ကြကုန်၏။ ထိုသူတို့၏ လောဘသည်လည်း ကာမစ္ဆန္ဒလျှင် အကြောင်းရင်းရှိ၏။ လူ၏ မှီခိုအားထားရာဖြစ်သော အကျိုးတရား၌ တောင့်တမျှော်လင့်ခြင်းသည် လည်းကောင်း၊ ပြည့်စုံပြီးစီးခြင်းသည် လည်းကောင်း ကာမစ္ဆန္ဒလျှင် အကြောင်းရင်း ရှိကုန်၏။

၅။ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ လောက၌ အလိုဆန္ဒသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။ ဆုံးဖြတ်ခြင်းတို့သည်လည်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ အမျက်ထွက်ခြင်းသည် လည်းကောင်း၊ မုသားပြောဆိုခြင်းသည် လည်းကောင်း၊ သို့လောသို့လော ဖြစ်ခြင်းသည်လည်းကောင်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ ကိလေသာ ငြိမ်းတော်မူပြီးသော ဘုရားရှင်ဟောကြားအပ်ကုန်သော၊ အခြားသော ကိလေသာတို့သည်လည်း အဘယ် အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။

၆။ လောက၌ အကြင်ဝေဒနာကို သာယာဖွယ်ဟူ၍ လည်းကောင်း၊ မသာယာဖွယ်ဟူ၍လည်းကောင်း ခေါ်ဆိုကြကုန်၏။ ထိုဝေဒနာကို အကြောင်းပြု၍ အလိုဆန္ဒဖြစ်ပေါ်လာ၏။ လောက၌ သတ္တပါသည် ရုပ်တရားတို့၌ ပျက်စီးခြင်းကိုလည်းကောင်း၊ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း ရှုမြင်၍ ဆုံးဖြတ်ခြင်းကိုပြု၏။

၇။ အမျက်ထွက်ခြင်းသည်လည်းကောင်း၊ မုသား ပြောဆိုခြင်းသည် လည်းကောင်း၊ သို့လောသို့လောဖြစ်ခြင်းသည်လည်းကောင်း ကုန်ဆုံ၊

http://www.dhammadownload.com

အနိဋ္ဌာရုံ နှစ်မျိုး ထင်ရှားရှိသော် ထိုတရားတို့သည် ဖြစ်ပေါ်လာကုန်၏။ သို့လော သို့လော ဖြစ်သောသူသည် ဉာဏ်အမြင်ကိုရခြင်းငှာ ကျင့်သုံးရာ၏။ အဘယ်ကြောင့်နည်း ဟူမူကား- ကိလေသာ ငြိမ်းပြီးသော ဘုရားရှင်သည် သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင်သိ၍ ဟောတော်မူသောကြောင့်တည်း။

၈။ ၎၈ါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား၊ သုခဝေဒနာသည် လည်းကောင်း၊ ဒုက္ခဝေဒနာသည် လည်းကောင်း အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ အဘယ်တရားမရှိလတ်သော် ဤဝေဒနာနှစ်ပါးတို့မဖြစ်ပေါ်လာကြပါကုန်သနည်း။ ဝိဘဝဒိဋ္ဌိသည်လည်းကောင်း၊ ဘဝဒိဋ္ဌိသည်လည်းကောင်း ပရမတ္ထသဘောအားဖြင့်ထင်ရှားရှိ၏။ ထိုတရားနှစ်ပါး၏ ထိုအကြောင်းကိုလည်း ၎ါဘုရားအားဖြကြားတော်မူပါလော့။

၉။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ သုခဝေဒနာသည် လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်းကောင်း ဖဿကြောင့် ဖြစ်ပေါ်လာကြရကုန်၏။ ဖဿမရှိလတ်သော် ထိုဝေဒနာနှစ်ပါးတို့ ဖြစ်ပေါ်မလာကြကုန်။ ဖဿကြောင့် ဖြစ်ပေါ်လာသော ဝိဘဝဒိဋ္ဌိသည် လည်းကောင်း၊ ဘဝဒိဋ္ဌိသည်လည်းကောင်း ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိ၏။ ထိုဖဿဟူသော အကြောင်းကို သင့်အား ၎ါဘုရား ဖြကြားတော်မူပါလော့။

၁၀။ ၎၈ါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား၊ ဖဿသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း။ သိမ်းပိုက်ခြင်းတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာကြရပါသနည်း။ အဘယ်တရား မရှိလတ်သော် ၎ါဟာဟူ၍ သိမ်းပိုက်ခြင်းတို့ မဖြစ်ပေါ်လာကြပါသနည်း။ အဘယ်တရားကို လွန်မြောက်သော် ဖဿတို့သည် မတွေ့ထိနိုင်ကြကုန်သနည်း။

၁၁။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ဖဿသည် နာမ်ရုပ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ သိမ်းပိုက်ခြင်းတို့သည် အလိုတဏှာကြောင့် ဖြစ်ပေါ်လာကြကုန်၏။ အလိုတဏှာမရှိလတ်သော် ၎ါဟာဟူ၍

http://www.dhammadownload.com

သိမ်းပိုက်ခြင်း မဖြစ်နိုင်ပေ။ ရုပ်ကို လွန်မြောက်သည်ရှိသော် ဖဿတို့သည် မတွေ့ထိနိုင်ကြပေ။

၁၂။ ၈၀ါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား၊ အဘယ်ကဲ့သို့ ကျင့်သုံးသော သူ၏ရုပ်သည် ချုပ်ပျောက်ပါသနည်း။ အဘယ်ကဲ့သို့ကျင့်သုံးသော သူ၏ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံသည်လည်း ချုပ်ပျောက်ပါသနည်း။ ဤသို့ နောက်ထပ်တဖန် မဖြစ်ပြန်ရပုံကို ၈ါဘုရားအား ဖြေကြားပါလော့။ ထိုအကြောင်းကို သိကြရတော့မည်ဟု ၈ါဘုရား မျှော်လင့်ပါ၏။

၁၃။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင်ပုဂ္ဂိုလ်သည် ပကတိသညာ ရှိသည်လည် းမဟုတ်၊ ရူးသွပ်သောသညာ ရှိသည်လည်း မဟုတ်။ လုံးဝ သညာမရှိသည်လည်းမဟုတ်၊ သညာကိုလွန်မြောက်သူလည်း မဟုတ်။ အာသာသာနဥ္စာယတနဈာန်ကို ရခြင်းငှာ အားထုတ်သောသူ၏ ကသိုဏ်းရုပ်သည် ချုပ်ပျောက်၏။ ထိုသို့ချုပ်သော်လည်း သညာကြောင့် ဖြစ်ကုန်သော ပပဉ္စ တရားတို့ကို ထိုပုဂ္ဂိုလ်သည် မပယ်ရသေးသည်သာ တည်း။

၁၄။ ၈၀ါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား၊ သိလိုသော ပြဿနာကို ၈ါတို့ မေးမြန်းခဲ့ကုန်ပြီ။ ၈ါတို့၏ အမေးကို အရှင်ဘုရားက ဖြေခဲ့ပါပြီ။ အရှင်ဘုရားကို အခြားပြဿနာမေးလိုပါကုန်၏။ ထိုပြဿနာကို အရှင်ဘုရား ဖြေပါလော့။ ဤလောက၌ ပညာရှိဟုဝန်ခံကြသော အချို့သော ပုဂ္ဂိုလ်တို့သည် ဤအရူပါဝစရဈာန်ရရုံမျှဖြင့် သတ္တဝါ၏ အမြင့်မြတ်ဆုံးသော စင်ကြယ်ခြင်းကို ဟောပြောကြပါကုန်သလော။ သို့မဟုတ် ဤမှကဲပါး အခြားသော တရားကို ဟောပြောကြပါကုန်သလော။

၁၅။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ဤလောက၌ ပညာရှိဟုဝန်ခံကြသော အချို့သော ပုဂ္ဂိုလ်တို့သည် ဤအရူပဈာန်ရရုံမျှဖြင့် သတ္တဝါ၏ အမြင့်မြတ်ဆုံးသော စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ ထိုမှတပါး ပညာရှိဟု ဝန်ခံကြသော ထိုပုဂ္ဂိုလ်တို့ဟုင် ခန္ဓာအကြွင်းအကျန်မရှိသော ချုပ်ငြိမ်းခြင်း၌ လိမ္မာကျွမ်းကျင်သည်ဟူ၍ ဝန်ခံ

http://www.dhammadownload.com

ပြောဆိုကြကုန်သော အချို့သော ဥစ္ဆေဒဝါဒီတို့သည် ဥစ္ဆေဒအယူကို ဟောပြော ကြကုန်၏။

၁၆။ စူးစမ်းဆင်ခြင် အာမုန်မြင်တော်မူသော ထိုမြတ်စွာဘုရားသည် ထို အယူတို့ကို သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟု မှီကုန်၏ဟူ၍ သိတော်မူ၍၊ မှီရာဖြစ်သော ထိုဒိဋ္ဌိတို့ကိုလည်း သိတော်မူ၍၊ တရားသဘောကို သိတော်မူ၍ ငြင်းခုံမှုကိုမပြုပေ။ တည်ကြည်သော ပညာရှိတော်မူသော ဘုရားရှင်သည် ထပ်ကာ ထပ်ကာ ဘဝသစ်သို့ ရောက်တော်မမူတော့ပြီတည်း။

[သုတ္တနိပါတ်၊ အဋ္ဌက ဝဂ်၌ တဆယ့်သုံးခုမြောက် ဖြစ်သော ကလဟဝိဝါဒသုတ် ပြီး၏]

http://www.dhammadownload.com



၅။ စူဋ္ဌမျူဟသုတ် မြန်မာပြန်

၁။ ဂေါတမန္ဒယ်ဖွား ရှင်တော်မြတ်ဘုရား၊ အယူဝါဒ အသီးသီး ရှိသော ရဟန်းပုဏ္ဏားတို့သည် မိမိအယူကို မြဲမြံစွာ ယူစွဲကြကုန်၍ မိမိကိုယ်ကို ကျွမ်းကျင်လိမ္မာ၏ဟု ဝန်ခံကြကုန်လျက် အမျိုးမျိုးပြောဆိုကြကုန်၏။ အကြင်သူသည် ငါ၏ဤအယူကိုနားလည်၏။ ထိုသူသည် ဟုတ်မှန်သောတရားကို သိ၏။ အကြင်သူသည်ကား ဤအယူကိုတားမြစ်၏။ ထိုသူသည် ယုတ်နိမ့်သူဖြစ်၏။

၂။ ဤသို့အားဖြင့် မိမိအယူကိုမြဲမြံစွာယူစွဲကြကုန်၍ ငြင်းခုံကြကုန်၏။ အခြားသူသည် ယုတ်ညံ့သူသာတည်း။ မကျွမ်းကျင်သူသာတည်းဟု ပြောဆိုကြ၏။ ဤသူတို့တွင် အဘယ်သူ၏ အယူဝါဒသည် မှန်ကန်ပါသနည်း။အလုံးစုံသောဤဝါဒရှင်တို့သည် မိမိကိုယ်ကို ကျွမ်းကျင်လိမ္မာသူဟု ပြောဆိုကြကုန်သည်သာလျှင် ဖြစ်ကုန်၏။

၃။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ပုဂ္ဂိုလ်တဦးသည် အခြားပုဂ္ဂိုလ်၏ အယူဝါဒကို လက်မခံသောကြောင့် မိုက်မဲသည်၊ ယုတ်နိမ့်သည်၊ ပညာမဲ့သည် ဖြစ်ငြားအံ့။ အားလုံးသောပုဂ္ဂိုလ်တို့သည် မိုက်မဲကုန်ရာ၏။ ပညာမဲ့ကုန်ရာ၏။ အလုံးစုံသော ဤသူတို့သည် အယူဝါဒအသီးသီး ရှိကုန်သည်သာတည်း။

http://www.dhammadownload.com

၄။ မိမိ၏အယူဝါဒဖြင့် မစင်ကြယ်သည်ဖြစ်ပါလျက် အလွန်စင်ကြယ်သော ပညာရှိမည်ကုန်ငြားအံ့။ကျွမ်းကျင်လိမ္မာသူ မည်ကုန်ငြားအံ့။ ပညာကြီးသူမည်ကုန်ငြားအံ့။ ထိုသူတို့တွင် ပညာမဲ့သူဟူ၍ မရှိနိုင်ပေရာ။ အခြားသူများကဲ့သို့ပင် ထိုသူများသည်လည်း မိမိအယူဝါဒကို စွဲယူထားကြသည်သာတည်း။

၅။ အကြင်အယူဝါဒကိုအကြောင်းပြု၍ နှစ်ဘက်သော ဝါဒရှင်တို့သည် တဘက်ကိုတဘက်က ယုတ်ညှံသူဟူ၍ ဆိုကြကုန်၏။ ဤသို့သော အယူဝါဒကို မှန်ကန်သောအယူဝါဒဟူ၍ ငါဘုရားမဟောကြားပေ။ သူတို့သည် မိမိ၏အယူဝါဒကို အမှန်ချည်းဟူ၍ တယူသန်ပြောဆိုကြကုန်၏။ ထိုကြောင့်သာလျှင် သူတပါးကို ယုတ်ညှံသူဟူ၍ ရှုမြင်ကြကုန်၏။

၆။ ဂဂါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ အကြင်အယူဝါဒကို အချို့သူတို့က မှန်သည်၊ဟုက်သည်ဟူ၍ ပြောဆိုကြကုန်၏။ထိုအယူဝါဒကိုပင် အချို့သူတို့က အခြီးနှိုးဖြစ်သည်၊ မှားယွင်းသည်ဟူ၍ ပြောဆိုကြကုန်၏။ ဤသို့လည်း မိမိအယူဝါဒကို မြဲမြံစွာစွဲယူကြကုန်လျက် ငြင်းခုံကြကုန်၏။ ကိလေသာငြိမ်းအေးသူဟူ၍ အခေါ်ခံရသော ထိုပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် တမျိုးတည်းသော အယူဝါဒကို မဟောပြောကြပါသနည်း။

၇။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင်အမှန်တရားကို အထူးသဖြင့် သိမြင်သောပုဂ္ဂိုလ်သည် မငြင်းခုံတော့ပါ။ အမှန်တရားသည် တမျိုးတည်းသာ ရှိ၏။ ဒုတိယအမျိုးဟူ၍ မရှိပါ။ ထိုသူတို့သည် မိမိတို့၏ အသီးသီးသောအမှန်တရားတို့ကို ဟောပြောကြကုန်၏။ထို့ကြောင့် သာလျှင် ကိလေသာငြိမ်းအေးသူဟူ၍ အခေါ်ခံရသော ထိုဝါဒရှင်တို့သည် တမျိုးတည်းသော အမှန်တရားကို မဟောပြောကြကုန်။

၈။ ဂဂါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ အယူဝါဒ အမျိုးမျိုးကို ဟောပြောကြကုန်သော၊ မိမိကိုယ်ကို လိမ္မာ ကျွမ်းကျင်သည်ဟူ၍ ဆိုလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် အမျိုးမျိုးသော အမှန်တရားတို့ကို ဟောပြောနေကြပါကုန်သနည်း။အမျိုးမျိုးသော အမှန်တရား

http://www.dhammadownload.com

တို့ကို ဆရာသမားများထံမှကြားနာ၍ ဟောပြောကြပါသလော။ သို့မဟုတ် အတွေးအကြံဖြင့် ဟောပြောကြပါသလော။

၉။ နိမ့်မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ သည်ပြင့် စဲယူအပ်ကုန်သော၊ မြဲ၏ဟူသော အယူအစဲတို့ကို ကြဉ်ထား၍ များစွာ ကုန်သော၊ အမျိုးမျိုးကုန်သော အမှန်တရားတော်သည် လောက၌ မရှိကြကုန်။ ကြံစည်စိတ်ကူး၍ ဒိဋ္ဌိအယူတို့ကို ထူထောင်ကြကာ "ငါ့အယူဝဒါသာ မှန်သည်၊ သင့်အယူဝါဒ မှားသည်"ဟူ၍ နှစ်မျိုးပြားသောစကားကို ပြောဆိုကြကုန်၏။

၁၀။ မင်္ဂလာရှိသောရူပါရုံကို မြင်ရလျှင်၊ မင်္ဂလာရှိသောအသံကို ကြားရလျှင်၊ နွားခွေးတို့၏အကျင့်ကို ကျင့်လျှင်၊ မင်္ဂလာရှိသောအနံ့၊အရသာ၊ အတွေအထိတို့ကို ခံစားရလျှင် ကိလေသာစင်ကြယ်၏ဟူသော ထိုအယူတို့ကို အမှီပြု၍ ကိလေသာမစင်ကြယ်ခြင်းတည်းဟူသော၊ မမြတ်နိုးအပ်သော အခြင်းအရာကို မြင်ကြရပါကုန်သော်လည်း စင်ကြယ်၏ဟူသော ဆုံးဖြတ်ချက်၌ မြဲမြံစွာရပ်တည်လျက်၊ အားတက် ရွှင်လန်းသည် ဖြစ်၍ "အခြားသူသည် ယုတ်နိမ့်၏။ ကျမ်းကျင်လိမ္မာသူ မဟုတ်" ဟူ၍ ကဲ့ရဲ့ပြောဆို၏။

၁၁။ အကြင်အကြောင်းဖြင့် သူတပါးကို မိုက်မဲသူဟူ၍ မှတ်ယူ၏။ ထို အကြောင်းဖြင့်ပင်လျှင် မိမိကိုယ်ကို လိမ္မာကျမ်းကျင်သူ ဟူ၍ ပြောဆို၏။ ထိုသူသည် မိမိကိုယ်ကို လိမ္မာကျမ်းကျင်သူ ဟူ၍ ပြောဆိုကာ သူတပါးကို မုန်းတီး၏။ "ဤသို့အားဖြင့် ဤသူသည် အယူမှားသူတည်း" ဟူ၍ ထိုအယူဝါဒကိုသာလျှင် ထုတ်ဖော်ပြောဆို၏။

၁၂။ ထိုပုဂ္ဂိုလ်သည် တရားသဘောကို ကျော်လွှားနေသော မိစ္ဆာအယူနှင့် ပြည့်စုံသည်ဖြစ်၍ မာန်ဖြင့်ယစ်မူး၏။ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ မိမိကိုယ်ကို မှတ်ထင်၏။ မိမိကိုယ်တိုင်ပင် မိမိကိုယ်ကို မာန်မာန ယစ်မူးသော စိတ်ဖြင့် အာဘိသိက်သွန်း၏။ အဘယ့်ကြောင့်နည်း ဟူမူကား ထိုပုဂ္ဂိုလ်

http://www.dhammadownload.com

သည် မိမိ၏ အယူဝါဒကို လုံးဝပြီးပြည့်စုံပြီဟု စွဲယူ ထားသောကြောင့် ပေတည်း။

၁၃။ သူတပါး၏စကားကြောင့် အပြောခံရသော ပုဂ္ဂိုလ်သည် ယုတ်နိမ့်သည် ဖြစ်ငြားအံ့။ ကဲ့ရဲ့ပြောဆိုသော သူသည်လည်း အပြောခံရသူနှင့် အတူတက္က ပညာမဲ့သူဖြစ်တော့၏။ သို့မဟုတ် မိမိ အလိုလို အသိဉာဏ် ပေါက်သူ၊ ပညာရှိသူ ဟူ၍ ဖြစ်ငြားအံ့။ ရဟန်းဟု အခေါ်ခံရသော ပုဂ္ဂိုလ်မျှားတွင် မိုက်မဲသူ ဟူ၍ မရှိတော့ပေရာ။

၁၄။ အကြင်ပုဂ္ဂိုလ်တို့သည် ဤဝါတို့၏အယူဝါဒမှ တပါးသောတရားကို ဟောပြောကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကိလေသာစင်ကြယ်ခြင်းကို လက်လှတ်ဆုံးရှုံးကုန်၏။ လုံးဝဥဿုံ ပြီးပြည့်စုံသော ကေဝလီ ပုဂ္ဂိုလ်တို့ မဟုတ်ကြကုန်။ဤသို့အားဖြင့် မျှားစွာသောအယူဝါဒရှင်တို့သည် ပြောဆိုကြကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား ထိုအယူဝါဒရှင်တို့သည် မိမိတို့ အယူဝါဒကို တပ်မက်နေကြသောကြောင့်တည်း။

၁၅။ ဤသို့အားဖြင့် အယူဝါဒရှင်တို့သည် မိမိတို့ စွဲယူထားသော အယူဝါဒဒဋ္ဌိသာလျှင် ကိလေသာ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ တပါးသူတို့၏အယူဝါဒဒဋ္ဌိ ကိလေသာစင်ကြယ်ခြင်းကို မဟောပြောကြကုန်။ ဤသို့အားဖြင့် မြောက်မြားစွာသော အယူဝါဒတို့ဋ္ဌိ သက်ဓင် ယုံကြည်ကုန်သော ဝါဒရှင်တို့သည် မိမိတို့ ရပ်တည်ရာဖြစ်သော အယူဝါဒဋ္ဌိ မြဲမြံစွာ ရပ်တည်လျက် ဟောပြောကြပေကုန်၏။

၁၆။ အယူဝါဒရှင်သည် မိမိ၏တည်ရာဖြစ်သော အယူဝါဒဋ္ဌိ မြဲမြံစွာ ရပ်တည်၍ ဟောပြော၏။ ထိုပုဂ္ဂိုလ်သည် ဤ အယူဝါဒဋ္ဌိ မိမိနှင့် ဝါဒ မတူသော သူတပါးကို မိုက်မဲသူဟူ၍ တရားသဖြင့် သတ်မှတ်နိုင်မည်နည်း။(ထိုသို့မထားနိုင်၍ အားလုံးကို ပညာရှိတွေ့ချည်းဟု သတ်မှတ်ရလျှင်လည်း) သူတပါးကို မိုက်မဲသူ၊ အယူမစင်ကြယ်သူဟု ပြောဆိုခဲ့သော ထိုပုဂ္ဂိုလ်သည် မိမိစကားနှင့် မိမိ ဆန့်ကျင်ဘက် ဖြစ်ပေရာ၏။

http://www.dhammadownload.com

၁၇။ ထိုပုဂ္ဂိုလ်သည် မိမိ၏အယူသာ မှန်၏ ဟူသော ဆုံးဖြတ်ချက်၌ ရပ်တည်၍ ဂိုဏ်းဆရာနှင့် ဝါဒသဘောမျှားကို မိမိဉာဏ်စွမ်းဖြင့် ချင့်ချိန် စဉ်းစား၍ လောက၌ မိမိအယူဝါဒကို ချီးမြှောက်၍ငြင်းခုံ၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား ငါ့အယူသာ အမှန်ဟူ၍ ဆုံးဖြတ်သော အလုံးစုံသော မိစ္ဆာဒိဋ္ဌိတို့ကို ပယ်စွန့်၍ လောက၌ ဝါဒငြင်းခုံမှုကို မပြုတော့ပြီတည်း။

[စုဠဇျ။ ဟသုတ် ပြီးပြီ]

http://www.dhammadownload.com



၆။ မဟာဗျူဟာသုတ် မြန်မာပြန်

၁။ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ အလုံးစုံသော ဝါဒရှင်တို့ သည် ငါတို့၏ အယူဝါဒသာလျှင် မှန်ကန်၏ဟု ငြင်းခုံကြကုန်၏။ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ကဲ့ရဲ့ခြင်းကိုသာ ခံယူကြရကုန်သလော။ သို့မဟုတ် မိမိတို့၏ အယူဝါဒ၌ ချီးမွမ်းမှုကိုလည်း ခံယူရပါသေးသလော။

၂။ နိမိုတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ဤသို့ အနည်းငယ်မျှ အချီးမွမ်းခံရခြင်းသည်လည်း ကိလေသာ ငြိမ်းအေးစေခြင်းငှာ မစွမ်းနိုင်ပါ။ ငြင်းခုံခြင်း၏ အကျိုးတရားနှစ်ပါးကို ငါဘုရား ဟောကြား၏။ ထို အပြစ်ကိုလည်း ရှုမြင်၍ ငြင်းခုံမှုကို မပြုရာ။ ငြင်းခုံစရာ မရှိသော နိဗ္ဗာန်ကို ဘေးရန်ကင်းကွာ ကိုးကွယ်ရာ ဟူ၍ ရှုမြင်၍ နေ၏။

၃။ ဤသို့ မငြင်းခုံသော ပညာရှိသည် ပုထုဇဉ်တို့ ပညတ်အပ်ကုန်သော အယူဝါဒအားလုံးသို့ မချဉ်းကပ်တော့ပေ။ မချဉ်းကပ်သော ထို ပညာရှိသည် မင်္ဂလာရှိသောအဆင်းကို မြင်ရလျှင် ကိလေသာ စင်ကြယ်၏ ဟူသော အယူဒဋ္ဌိလည်းကောင်း၊ မင်္ဂလာရှိသောအသံကို ကြားရလျှင် ကိလေသာ စင်ကြယ်၏ ဟူသော အယူဒဋ္ဌိ လည်းကောင်း ကြိုက်နှစ်သက်ခြင်း မပြုတော့သည်ဖြစ်၍ အဘယ်မည်သော ခန္ဓာကို ငါ၏ အတ္တဟု ယူစွဲတော့မည်နည်း။

http://www.dhammadownload.com

၄။ အကျင့်တခုတည်းကိုသာ အမဲ့နှံအံမြတ် ထားကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် စောင့်စည်းရုံမျှဖြင့် ကိုလေသာ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ ငါတို့သည် ဤသို့သော အယူဝါဒဥ္စာ ကျင့်ကြကုန်အံ့ ဟု ကြံစည်ကြကုန်၍ နှားခွေးတို့၏အကျင့်ကို ခံယူဆောက်တည်ကြကုန်၏။ ထိုအခါဥ္စာ ထိုထိုဘဝဥ္စာ မက်မောကုန်သည် ဖြစ်ပါလျက် ထိုသို့ ကျင့်သော သူ၏ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ မိမိ၏ကိုယ်ကို ကျွမ်းကျင်လိမ္မာသူဟု ပြောဆိုကြကုန်၏။

၅။ တစုံတယောက်သော သူသည် မိမိ ဖောင့်ထိန်းယားယံသော သိလမှ လျှောကျခြားအံ့။ မိမိပြုရသည့်အမှု ချွတ်ယွင်းသွားသဖြင့် တုန်လှုပ် ချောက်ချားရ၏။ အိမ်မှ ထွက်ခွာခဲ့၍ အဖော်ကုန်သည်များနှင့် ကဲ့ကျန်နေရစ်သော ယောကျားကဲ့သို့ သိလ အကျင့်ကို တဖွဖွမြည်တမ်းနေရ၏။ သိလ စင်ကြယ်ခြင်းကို တောင့်တနေရ၏။

၆။ ငါဘုရား၏တပည့်သည် အလုံးစုံသောသိလအကျင့်ကိုလည်းကောင်း၊ အပြစ်ရှိသော၊ အပြစ်ကင်းသော ကံတို့ကိုလည်းကောင်း ပယ်စွန့်၍၊ မစင်ကြယ်သော တရားကိုလည်းကောင်း၊ စင်ကြယ်သော ကံတို့ကို လည်းကောင်း မတောင့်တမူ၍ ရှောင်ကြဉ်လျက် ဒိဋ္ဌိအယူတို့ကို မယူပဲ ကျင့်ရာ၏။

၇။ အခြားသော ရဟန်းပုဏ္ဏားတို့သည် တပေါဇိဂုစ္ဆ အကျင့်ကို လည်းကောင်း၊ ဒိဋ္ဌိသုဒ္ဓိ အယူကိုလည်းကောင်း၊ သုတသုဒ္ဓိ အယူကိုလည်းကောင်း၊ မုတသုဒ္ဓိအယူကိုလည်းကောင်း စွဲလမ်းကြကုန်၍၊ သေပြီးသည့် နောက်၌ ဘဝဆက်၏ဟု အယူရှိကြကုန်သည် ဖြစ်၍ ဘဝ အမျိုးမျိုးတို့၌ အလိုတကျာ မကင်းကြပါပဲလျက် သံသရာမှ စင်ကြယ်ခြင်းကို အဖန်တလဲလဲ ချီးမွမ်းကြကုန်၏။

၈။ လိုချင်တောင့်တသောသူအား အလိုတကျာတို့သည် ထပ်ကာထပ်ကာ ဖြစ်လာကြကုန်၏။ တွေးကြံအပ်သော အရာဝတ္ထုတို့ကြောင့် တုန်လှုပ်ခြင်းလည်း ဖြစ်ပေါ်လာ၏။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌ သေလွန်ခြင်း၊ ပဋိသန္ဓေနေခြင်း မရှိတော့ပေ။ ထို ပုဂ္ဂိုလ်သည် အဘယ်မည်

http://www.dhammadownload.com

သော ကိလေသာကြောင့် တုန်လှုပ်လိမ့်မည်နည်း။ အဘယ်မည်သော အရာဝတ္ထုဌာန် မြည်တမ်းလိမ့်မည်နည်း။

၉။ ဂဂါတမနှယ်ဖွား ရှင်တော်မြတ်ဘုရား၊ အချို့သော ရဟန်းတို့က အကြင်အယူဝါဒကို မြင့်မြတ်သည်ဟု ဟောကြား ကြကုန်၏။ ထို အယူဝါဒကိုပင် အချို့သော ရဟန်းပုဏ္ဏားတို့က ယုတ်နိမ့်သည်ဟု ဟော ပြောကြကုန်၏။ ဤ ရဟန်းပုဏ္ဏားတို့၏ ဝါဒတို့တွင် အဘယ် ဝါဒသည် မှန်ကန်ပါသနည်း။ ဤရဟန်း ပုဏ္ဏားတို့သည် ကျမ်းကျင်လိမ္မာ၍ ပြောဆို သူမျှား ဟုတ်ကြပါသလော။

၁၀။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင် ရဟန်းပုဏ္ဏားတို့သည် မိမိတို့၏ ဝါဒကိုသာလျှင် ပြည့်စုံ လုံလောက်၏ဟု ဟောပြောကြကုန်၏။ အခြားသူတို့၏ဝါဒကိုကား ယုတ်နိမ့်၏ဟု ဟောပြောကြကုန်၏။ ထို ရဟန်းပုဏ္ဏားတို့သည် ဤသို့ပြောဆိုခြင်းဖြင့်လည်း မိမိဝါဒကို မြဲမြံစွာ ဆုပ်ကိုင်ထားကြကုန်လျက် ငြင်းခုံကြ၏။ မိမိဝါဒကိုသာ အမှန်ဟု ပြော ဆိုကြကုန်၏။

၁၁။ သူတပါးတို့ကဲ့ရဲ့ခြင်းကြောင့် ယုတ်နိမ့်သော ဝါဒဟူ၍ ဖြစ်ငြားအံ့။
ဤသို့ ဖြစ်လတ်သော် အယူဝါဒ အမျိုးမျိုးတို့တွင် မြင့်မြတ်သော ဝါဒဟူ၍ မရှိနိုင်ပေရာ။ အဘယ်ကြောင့်နည်း ဟူမူကား၊ ရဟန်း ပုဏ္ဏား များစွာတို့သည် သူတပါး၏ဝါဒကို ယုတ်နိမ့်သောအားဖြင့် ကဲ့ရဲ့ကြသော ကြောင့်တည်း။ မိမိဝါဒ၌ မြဲမြံခိုင်ခံ့၏ဟု ဟောပြောသောကြောင့်တည်း။

၁၂။ မိမိတို့ အယူဝါဒကို ချီးမွမ်းကြသည့်အတိုင်း မိမိတို့ ဆရာ၊ မိမိတို့ အယူဝါဒကို ချီးကျူးခြင်းသည် အကယ်၍ မှန်ကန်သည် ဖြစ်ငြားအံ့။ ဤသို့ဖြစ်လတ်သော် အယူဝါဒ အားလုံးတို့သည် မှန်ကန်သည်ချည်း ဖြစ်ကုန်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား ထို သူတို့၏ အယူဝါဒတို့ သည် တမျိုးစီ ကဲ့ပြားနေကြသောကြောင့်တည်း။

၁၃။ ရဟန္တာပုဂ္ဂိုလ်အား သူတပါးထံမှတဆင့် ဌားယူထားရသော အာသိ ဉာဏ်ဟူ၍ မရှိပေ။ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၌

http://www.dhammadownload.com

အကျိယူဝါဒကား မှန်၏ဟူ၍ ရွေးချယ်၍ စွဲယူထားအပ်သော အယူဝါဒ မရှိပေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ငြင်းခုံခြင်းတို့ကို ကျော်လွန်၏။ ဗေဓိပက္ခိယတရားများမှ တပါးသော တရားကို မြင့်မြတ်သောအားဖြင့် မရှုမြင်တော့ပေ။

၁၄။ အခြို့သော ရဟန်းပုဏ္ဏားတို့သည် ငါသိ၏။ ငါမြင်၏။ ငါသိမြင်ထားသည့်အတိုင်းသာလျှင် ဤအယူဝါဒသည် မှန်ကန်၏။ လောကသည် မြဲ၏ စသော ဤသို့သော အယူဝါဒဖြင့် သံသရာမှ စင်ကြယ်ခြင်းကို ယုံကြည်ကြကုန်၏။ထိုပုဂ္ဂိုလ်တို့သည် အဘိညာဉ်စွမ်းအားဖြင့်သိမြင်သည်ပင် ဖြစ်စေ၊ ထိုသို့ သိမြင်ခြင်းဖြင့် မင်္ဂလာစွဲ တစုံတခုကိုမျှ မပြုနိုင်ပေ။ ထိုသူတို့သည် လမ်းမှန်ကို ကျော်လွန်၍ လမ်းမှားဖြင့် သံသရာမှ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။

၁၅။ ထိုသူသည် ကြည့်ရှုလတ်သော် နာမ်ရုပ်ကို နိစ္စ သုခ အတ္တအားဖြင့် ရှုမြင်လတ္တံ့။ ရှုမြင်၍ထိုနာမ်နှင့်ရုပ်တို့ကိုပင် နိစ္စ သုခ အတ္တအားဖြင့် သိမှတ်လတ္တံ့။ ထိုသူသည် များပြားသော နာမ်ရုပ်ကိုလည်းကောင်း၊ နည်းပါးသော နာမ်ရုပ်ကိုလည်းကောင်း အကယ်၍ ရှုမြင်ပါစေ၊ ထိုသို့ရှုမြင်ခြင်းဖြင့် သံသရာမှ စင်ကြယ်ခြင်းကို တရားသဘော၌ လိမ္မာကျွမ်းကျင်သော ပုဂ္ဂိုလ်တို့က မဟောကြားကြကုန်။

၁၆။ ငါ့အယူသာမှန်၏ဟူ၍ သက်ဝင်၍ ပြောဆိုသော ရဟန်း ပုဏ္ဏားသည် ပြောဆိုဆုံးမ၍ မလွယ်ကူပေ။ မိမိ ပြုပြင်ဖန်တီးကားသော ဒိဋ္ဌိအယူကို ရှေတန်းတင်၍ လှည့်လည်၏။ မိမိမှီခိုအားထားသော အယူဝါဒ၌ တင့်တယ်ကောင်းမြတ်၏ဟု ပြောဆိုလေ့ရှိ၏။ သံသရာမှ စင်ကြယ်ကြောင်းဖြစ်၏ဟု ပြောဆိုလေ့ရှိ၏။ ထိုသူသည် ထိုအကျင့်ကို မှန်ကန်၏ဟူ၍သာလျှင် တထစ်ချ ရှုမြင်၏။

၁၇။ ရဟန္တာပုဂ္ဂိုလ်သည် တရားသဘောကို ရှုမြင်၍ ထိုထို့ကျိကျိ မကြံစည်တော့ပေ။ ဒိဋ္ဌိ အယူတို့ကို အနှစ်သာရအားဖြင့် မယုံကြည်တော့ပေ။ စျာန်အဘိညာဉ်တို့ဖြင့် ဆွမျိုးစပ်ခြင်း မပြုတော့ပေ။ စင်စစ်သော်ကား ထိုရဟန္တာပုဂ္ဂိုလ်သည် တရားသဘောကို သိမြင်၍ အမျိုးမျိုး

http://www.dhammadownload.com

သော ဝါဒရှင်တို့ သမုတ်ထားအပ်ကုန်သော ဒိဋ္ဌိအယူတို့ကို လျစ်လျူရှု၏။ တပါးသော သူတို့သည်ကား ထိုအယူတို့ကို စွဲယူကြကုန်၏။

၁၀။ ဤလောက၌ ပညာရှင်သည် ဂန္ထတရားလေးပါးတို့ကို ပယ်စွန့်၍ ဝါဒရေးရာငြင်းခုံနေကြသူတို့၌ ; ကဲ့ပြားကြောင်းဖြစ်သော အကုသိုလ် တရားတို့ဖြင့် မချဉ်းကပ်ပေ။ ကိလေသာငြိမ်းပြီးသော ထိုပညာရှင်သည် ကိလေသာ မငြိမ်းသေးသောသူတို့၌ လျစ်လျူရှု၏။ မိမိအကျင့်ကို ချီးမြှောက်၍ မပြောကြားပေ။ အခြားသောသူတို့သည်ကား မိမိ၏အကျင့်ကို ချီးမြှောက်ကြကုန်၏။

၂၉။ ပညာရှင်သည် အတိတ်ခန္ဓာတို့ကို စွဲယူသော အာသဝတို့ကို ပယ်စွန့်၍၊ ဖြစ်ဆဲခန္ဓာတို့ကို အစွဲပြု၍၊ တပ်မက်ခြင်းကိုမပြုမူ၍၊ ဆန္ဒာဂတိသို့ မလိုက်စားမူ၍ မိမိအယူဝါဒ၌ သက်ဝင်ပြောကြားလေ့မရှိပေ။ ထိုပညာရှိသည် ဒိဋ္ဌိအယူတို့မှ ကင်းလွတ်ပြီးဖြစ်၍ လောက၌ တဏှာဒိဋ္ဌိတို့ဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိပေ။ မိမိကိုယ်ကိုလည်း ကဲ့ရဲ့ခြင်း မပြုတော့ပေ။

၃၀။ ထိုပညာရှင်သည် မြင်မြင်သမျှသောရူပါရုံလည်းကောင်း၊ ကြားကြားသမျှသော သဒ္ဒါရုံလည်းကောင်း၊ ခံစားရသမျှသော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ လည်းကောင်း ဤသို့သော အာရုံငါးပါး တရားတို့၌ မာရ်နတ်မင်း၏ စစ်သည်အားလုံးကို ချိုးဖျက်နှိမ်နင်းနိုင်၏။ ထိုပညာရှင်သည် သုံးပါးသော ဝန်ထုပ်ဝန်ပိုးကို လွှတ်ချပြီးပြီဖြစ်၏။ ကိလေသာတို့မှ လွှတ်မြောက်ပြီးဖြစ်၏။ ထွေထွေရာရာကြံစည်ခြင်း မရှိတော့ပေ။ မကောင်းမှုကို တမင်တကာ ရှောင်ကြဉ်နေစရာ မရှိတော့ပြီ။ တစုံတခုသော ဘဝကိုမျှ တောင့်တခြင်း မရှိတော့ပြီတည်း။

[သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၌ တဆယ့်သုံးခုမြောက်ဖြစ်သော မဟာဝဂ်ပြီး၏]

http://www.dhammadownload.com



၇။ တုဝဋ္ဋကသုတ် မြန်မာပြန်

၁။ နေမင်းနှင့် အနှယ်တူ ဖြစ်တော်မူ၍ ကြီးမြတ်သော ဂုဏ်ကျေးဇူး တို့ကို ရှာမှီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားကို ဝိဝေကကို လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းကိုလည်းကောင်း မေးပါအံ့။ ရဟန်း သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ရှုမြင်၍ လောက၌ အနည်း ငယ်မျှသော တရားကိုမျှ မစဲလမ်းမူ၍ ကိလေသာ ငြိမ်းပါသနည်း။

၂။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရဟန်းသည် ပပဉ္စတရားတို့၏ အကြောင်းတရားကို လည်းကောင်း၊ ငါတကားဟု ထောင်လွှားတတ်သော မာနကို လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အကုန်အစင် ချုပ်စေရာ၏။ တဏှာဟူသမျှသည် စိတ်ကိုမှီ၍ ဖြစ်ပေါ်လာတတ်ကြ၏။ ထို တဏှာတို့၏ ချုပ်ငြိမ်းခြင်းငှာ အခါခပ်သိမ်း လေးပါးသော သတိတရား ရှိသည်ဖြစ်၍ ကျင့်သုံးရာ၏။

၃။ နေမင်းနှင့် အနှယ်တူ ဖြစ်တော်မူ၍ ကြီးမြတ်သော ဂုဏ်ကျေးဇူး တို့ကို ရှာမှီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားကို ဝိဝေကကို လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းကိုလည်းကောင်း မေးပါအံ့။ ရဟန်း သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ရှုမြင်၍ လောကဌ အနည်း ငယ်မျှသော တရားကိုမျှ မစဲလမ်းမူ၍ ကိလေသာ ငြိမ်းပါသနည်း။

၄။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရဟန်းသည် ပပဉ္စတရားတို့၏ အကြောင်းတရားကို လည်းကောင်း၊ ငါတကားဟု ထောင်လွှား တတ်သော မာနကို လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အကုန်အစင် ချုပ်စေရာ၏။ တဏှာဟူသမျှသည် စိတ်ကိုမှီ၍ ဖြစ်ပေါ်လာတတ်ကြ၏။ ထို တဏှာတို့၏ ချုပ်ငြိမ်းခြင်းငှာ အခါခပ်သိမ်း လေးပါးသော သတိတရား ရှိသည်ဖြစ်၍ ကျင့်သုံးရာ၏။

၅။ ရဟန်းသည် မိမိမှာရှိသော ဂုဏ်ကျေးဇူး အလုံးစုံကို သိရာ၏။ သူ တပါးမှာရှိသော ဂုဏ်ကျေးဇူးအလုံးစုံကို သိရာ၏။ ထိုနှစ်မျိုးသော ဂုဏ်ဖြင့် မာန်ထောင်လွှားခြင်းကို မပြုရာ။ အဘယ့်ကြောင့်ဆိုသော် ဘုရား အစရှိသော သူတော်ကောင်းတို့သည် ထိုသို့ မာန်ထောင်လွှားခြင်းကို ကိလေ သာ ငြိမ်းအေးခြင်းဟူ၍ မဟောကြားကြသောကြောင့်တည်း။

http://www.dhammadownload.com

၄။ ရဟန်းသည် ထိုနှစ်မျိုးသော ဂုဏ်ကျေးဇူးဖြင့် ငါမြင့်မြတ်၏ ဟူ၍ လည်းကောင်း၊ ငါယုတ်နိမ့်၏ ဟူ၍လည်းကောင်း၊ ငါတူညီ၏ ဟူ၍ လည်းကောင်း မာန်မမူ။ အမျိုးမျိုးသော အခြင်းအရာနှင့် ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ထူးထူးထွေထွေ ကြံစည်စိတ်ကူးလျက် မတည်ရှိရာ။

၅။ ရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ကိလေသာတို့ကို ငြိမ်းစေရာ၏။ မှားယွင်းသောအကျင့်လမ်းစဉ်ဖြင့် ကိလေသာငြိမ်းခြင်းကို မရှာဖွေရာ။ မိမိ သန္တာန်၌ ကိလေသာ ငြိမ်းစေပြီးသော ရဟန္တာပုဂ္ဂိုလ်အား စံယူထားအပ်သော တရားသည်လည်းကောင်း၊ စွန့်ပယ်အပ်သော တရားသည် လည်းကောင်း မရှိတော့ချေ။

၆။ တောင်စဉ်ခုနစ်ထပ်တို့၏အလယ်၌ရှိသော သမုဒ္ဒရာရေ၌ လှိုင်းတံပိုး မထသကဲ့သို့၊ တည်ငြိမ်သကဲ့သို့ ရဟန်းသည် လောကဓံတရားတို့ကြောင့် မတုန်မလှုပ်ပဲ တည်ငြိမ်ရာ၏။ တစုံတခုသော အာရုံ၌ ပဌားစိုးတတ်သော ကိလေသာကို မပြုလုပ်ရာ။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။)

၇။ အမြင်မျက်စိပွင့်လင်းတော်မူသော အရှင်မြတ်ဘုရား၊ အတွင်းရန် အပြင်ရန် ကင်းဝေးကြောင်းဖြစ်သော၊ ကိုယ်တိုင် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်တရားကို အရှင်ဘုရား ဟောကြားတော်မူပါပြီ။ အို အရှင်မြတ်ဘုရား၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ကို ဟောကြားတော် မူပါလော့။ သီလကိုလည်းကောင်း၊ သမာဓိကိုလည်းကောင်း၊ ဟောကြားတော် မူပါလော့။

၈။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရဟန်းသည် မျက်စိဖြင့် လော်လည်သူ မဖြစ်ရာ။ နားကိုလည်း ရွားစကား ရပ်စကားမှ ပိတ်ပင်ထားရာ၏။ အရသာတို့၌ မမက်မောရာ။ လောက၌ တစုံတခုသော တရားကိုမျှ ငါ့ဟာဟူ၍ မယူစွဲရာ။

၉။ ရဟန်းသည် အမျိုးမျိုးသော အနာရောဂါတို့ ဝေဒထိန်ိုပ်စက်သော အခါ၌ ငိုကြွေးခြင်းမပြုရာ။ တစုံတခုသော အကြောင်းကြောင့်

http://www.dhammadownload.com

ဘဝကို မတောင့်တရာ။ ကြောက်လန့်စရာ အာရုံများကြောင့်လည်း လွန်လွန်မင်းမင်း တုန်လှုပ်ခြင်း မရှိရာ။

၁၀။ ရဟန်းသည် ဆွမ်းတို့ကိုလည်းကောင်း၊ အဖျော်တို့ကိုလည်းကောင်း၊ မုန့်ခဲဖွယ်တို့ကို လည်းကောင်း၊ အဝတ်သက်နှင်းတို့ကို လည်းကောင်း တရားတော်နှင့်အညီ ရရှိပြီး၍ သိုမှီးထားခြင်းကို မပြုရာ။ ထိုပစ္စည်းများကို မရလျှင်လည်း ထိတ်လန့်ပူပန်ခြင်း မပြုရာ။

၁၁။ ရဟန်းသည် စျာန်ပွားများ၍ နေရာ၏။ ဟိုဟိုသည်သည် သွားလာ နေခြင်းဖြင့် ခြေဖြင့်လော်လည်သူ မဖြစ်ရာ။ ခြေလက် အငြိမ်မနေပဲခြင်း၊ စိတ်ပူပန်ခြင်းတို့မှ ရှောင်ကြဉ်ရာ၏။ ကုသိုလ်တရားတို့၌ မမေ့မလျော့ ဇွဲသန်သန်နှင့် ကြိုးစား အားထုတ်ရာ၏။ ထို့ပြင် လူသံ သူသံ တိတ်ဆိတ်သော နေရာ၊ အိပ်ရာတို့၌ နေထိုင်ရာ၏။

၁၂။ ရဟန်းသည် အချိန်ကြာမြင့်စွာ မအိပ်ရာ။ ကိလေသာကို ပူပန်စေ တတ်သော လုံလဝီရိယရှိသည်ဖြစ်၍ နိုးနိုးကြားကြား ဘာဝနာပွားလျက် နေရာ၏။ ပျင်းရိခြင်း၊ မိမိ အပြစ်ကို ဖုံးကွယ်ခြင်း၊ ရယ်မောခြင်း၊ မြူးထူးခြင်း၊ တန်းဆာဆင်ခြင်း၊ မေထုန်မှိုဝဲခြင်းတို့ကို ပယ်စွန့်ရာ၏။

၁၃။ ရဟန်းသည် အာထဗ္ဗဏ မန္တန် ရွတ်ခြင်းလည်းကောင်း၊ အိပ်မက်တိတ္ထုံ အတတ်ကိုလည်းကောင်း၊လက္ခဏာအတတ်ကိုလည်းကောင်း၊ နက္ခတ်အတတ်ကိုလည်းကောင်း သင်ယူခြင်း၊သင်ပေးခြင်း မပြုရာ။ ရတနာသုံးပါး၌ ကြည်ညိုမြတ်နိုးသော ရဟန်းသည် အထူးထူးသော သားငှက်တို့၏ မြည်တွန်သံကို အဓိပ္ပာယ် ဖော်နိုင်သော အတတ်ကိုလည်းကောင်း၊ ကိုယ်ဝန်မပျက်အောင် စောင့်ရှောက်သော အတတ်ကိုလည်းကောင်း၊ဆေးကုသသော အတတ်ကိုလည်းကောင်း သင်ယူခြင်း၊ သင်ပေးခြင်း မပြုရာ။

၁၄။ ရဟန်းသည် သူတပါးတို့ ကဲ့ရဲ့ခြင်းကြောင့် မတုန်လှုပ်ရာ။ သူတပါးတို့၏ ချီးမွမ်းခြင်းကို ခံယူရ၍လည်း မမော်ကြွားရာ။ မပေးရက်လိုဝန်တိုခြင်းနှင့်တကွ လောဘကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ ကုန်းတိုက်ခြင်းကိုလည်းကောင်း ပယ်ဖျောက်ရာ၏။

http://www.dhammadownload.com

၁၅။ ရဟန်းသည် သီတင်းသုံးဖော်များအတွင်း၌ သက်န်းသပိတ်စသော ပရိက္ခရာတို့ကို လှည့်စား၍လည်းကောင်း၊ အမြတ်အစွန်းကို မျှော်ကိုး၍လည်းကောင်း လဲလှယ်ခြင်းကို မပြုရာ။ သူတပါးတို့က မိမိအား စွပ်စွဲကြောင်းဖြစ်သော ကိလေသာတို့ကို မဖြစ်စေရာ။ ရွာ၌ကပ်ငြိခြင်းကို မပြုရာ။ လာဘ်ရလို၍မူကြောင့် လူကိုလည်းကောင်း၊ မိမိကိုလည်းကောင်း မြှောက်ပင့်၍ မပြောရာ။

၁၆။ ရဟန်းသည် မိမိဂုဏ်ကျေးဇူးကိုလည်း မချီးကျူးရာ။ ပစ္စည်းလေးပါး ရလို၍လည်းကောင်း၊ သူတပါးတို့၏ အကြည်အညို ခံလို၍လည်းကောင်း တရားဟောခြင်း၊ စကားပြောခြင်းကို မပြုရာ။ ကိုယ်နှုတ် နှလုံး သုံးပါးတို့ဖြင့် မာန်ဓက်ထန်ခြင်းကိုမပြုရာ။ ဆန့်ကျင်ဘက်ကို ဖြစ်စေတတ်သော စကားကို မပြောဆိုရာ။

၁၇။ ရဟန်းသည် မုသားစကားကို မဲ့ပြောဆိုရာ။ကောင်းစွာသိသည်ဖြစ်၍ ကောက်ကျစ်စဉ်းလဲသော အမှုကို မပြုရာ။ အသက်မွေးမှုအားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း၊ သီလ အကျင့်အားဖြင့်လည်းကောင်း သူတပါးကို မထီမဲ့မြင် မပြုရာ။

၁၈။ သူတပါးတို့ စွပ်စွဲနှိပ်စက်ခံရသောရဟန်းသည် ပရိဗိုဇ် ရဟန်းတို့၏ လည်းကောင်း၊ ရဟန်းများ၊ လူများ၊ နတ်များ၏လည်းကောင်း စွပ်စွဲနှိပ်စက်သော စကား မြောက်မြားစွာကို ကြားရ၍ ကြမ်းတမ်းသော စကားကို တုံ့ပြန်၍ မပြောဆိုရာ။ အဘယ်ကြောင့်နည်း ဟူမူကား သူတော်ကောင်းတို့ မည်သည် ရန်တုံ့မူခြင်းကို မပြုကြသောကြောင့်တည်း။

၁၉။ ရဟန်းသည် သိထိုက်သော တရားကို ပညာဖြင့် သိမြင်၍လည်းကောင်း၊ အနိစ္စစသော သဘောကို ဆင်ခြင်သုံးသပ်၍ လည်းကောင်း အခါခပ်သိမ်း သတိယှဉ်လျက် သိက္ခာသုံးပါးကို ကျင့်သုံးရာ၏။ ဂေါတမနွယ်ဖွား ငါဘုရား၏ သာသနာတော်၌ ကိလေသာ ငြိမ်းအေးကြောင်း နိဗ္ဗာန်ကို ကောန်စင်စစ် ငြိမ်းချမ်းသော တရားဟူ၍ သိမြင်၍ ရိုသေလေးမြတ်စွာ အားထုတ်ရာ၏။

http://www.dhammadownload.com

၂၀။ ထို့ရဟန်းသည် ကာမဂုဏ်အာရုံတို့ကို ကျော်လွှန် နှိမ်နင်းနိုင်သည် ဖြစ်၍၊ ကိလေသာတို့၏ ကျော်လွှန်နှိမ်နင်းခြင်းကို မခံယူရသည်ဖြစ်၍ ဤသို့ ဖြစ်သတဲ့ ဟူသော သူတပါးတို့၏စကားကို နားမယောင်ရတော့ပဲ ကိုယ်တိုင်ဒိဋ္ဌ သိမြင်အပ်သော နိဗ္ဗာန်တရားကို သိမြင်၏။ ထို့ကြောင့်သာလျှင် ထိုဘုရားရှင်၏ သာသနာတော်၌ မမေ့မလျော့ မပေါ့ဆမူ၍ ကောင်းမြတ်သောအကျင့်ကို အမြဲတစေ ကျင့်သုံးခြင်းဖြင့် ပူဇော်လျက် သိက္ခာသုံးရပ်ကို ကျင့်သုံးရာ၏။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။)

[သုတ္တနိပါတ်၊ အဋ္ဌကဝဂ်၌ တဆယ့်လေးခုမြောက် ဖြစ်သော တုဝဋ္ဋကသုတ် ပြီး၏။]

http://www.dhammadownload.com



၁။ မဟာသမယသုတ် အဖွင့်

ဖွင့်ဆိုအပ်သောစကားကို ပါဠိဘာသာဌ သံဝဏ္ဏေတဗ္ဗဟု ခေါ်၏။ ဖွင့်ဆိုသောစကား၊ တနည်းအားဖြင့် ဖွင့်ဆိုကြောင်း စကားကို သံဝဏ္ဏနာ ဟု ခေါ်၏။ သံဝဏ္ဏေတဗ္ဗနှင့် သံဝဏ္ဏနာ စကားနှစ်ရပ် ဆက်စပ်မိ၍ စာဖတ်သူများ လွယ်ကူစွာ လေ့လာ၍ လွယ်ကူစေရန် မြန်မာပြန်မှာ ပါပြီးသော သံဝဏ္ဏေတဗ္ဗ စကားများကို ထပ်မံ၍ ကောက်နုတ် ဖော်ပြ လိုက်ပါသည်။ ပါဠိတော်မူအတိုင်း အနက်အဓိပ္ပာယ်ပေါ်လွင်ထင်ရှားပြီးဖြစ်သော သံဝဏ္ဏေတဗ္ဗ စကားများကို ချန်လှပ်ခဲ့၍ အဋ္ဌကထာက အထူးတလည် ဖွင့်ပြသော စကားများကိုသာ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

၂။ ထိုအစည်းအဝေးဦး ရဟန်းတို့သည် မိမိတို့စိတ်ကို သမာဓိနှင့် ယှဉ်စေနိုင်ကြပါပေသည်။ ဖြောင့်အောင်ပြုနိုင်ကြပါပေသည်။ ရထားထိန်းသည် မြင်းဇက်ကြိုးကို ကိုင်ရုံမျှသာကိုင်၍ ရပ်တည်နေသကဲ့သို့၊ ပညာရှိကုန်သော ရဟန်းတို့သည် ဣန္ဒြေတို့ကို စောင့်စည်းနိုင်ကြပါပေသည်။

တောင်ဘက် စကြဝဠာအနားရေးဦး ဆင်းသက်လာသော သုဒ္ဓါဝါသ ဗြဟ္မာကြီး၏ ချီးကျူးစကား ဖြစ်ပေသည်။

ဤစကားဦး မိမိစိတ်ကို ဖြောင့်အောင်ပြုခြင်း ဟူသည်မှာ မိမိစိတ်ကို သုံးမျိုးသော ကောက်ကွေ့ခြင်းတို့ကို ဖယ်ရှား၍ ဖြောင့်စွာ ပြုခြင်းပင်ဖြစ်၏။

http://www.dhammadownload.com

ကောက်ကွေ့ခြင်းသုံးမျိုး ဟူသည်ကား

က။ ဂေါမုတ္တဝက်၊ နွားကျင်ငယ်ကြောင်းကဲ့သို့ ကောက်ကွေ့ခြင်း၊

ခ။ စန္ဒလေခါ၊ ဆန်းခါစ လအရေးကဲ့သို့ ကောက်ကွေ့ခြင်း၊

ဂ။ နဂ်လကောဋ္ဌိ၊ ထွန်တုံးအဖျားကဲ့သို့ ကောက်ကွေ့ခြင်းတို့ ဖြစ်၏။

ထိုသုံးမျိုးတို့တွင်

က။ ခရီးသွားယင်း စွန့်သွားသော နွားကျင်ငယ်ကြောင်းသည် အစမှ အဆုံးတိုင်အောင် ကောက်ကွေ့ နေသကဲ့သို့ တသက်တာ ကာလပတ်လုံး မကောင်းမှု ဒုစရိုက်များနှင့် ပျော်ပိုက်နေခြင်းကို ဂေါမုတ္တဝက်ဟု ခေါ်ရ၏။

ခ။ ဆန်းခါစ လအရေး ဖောင်ကြောင်းသည် သုံးပုံ နှစ်ပုံမျှသာ ကွေ့ကောက်ရာထင်နေသကဲ့သို့ ဒုတိယအရွယ်မှစ၍ တတိယအရွယ် တိုင်အောင် မကောင်းမှု ဒုစရိုက်များနှင့် ပျော်ပိုက်နေခြင်းကို စန္ဒလေခါဟု ခေါ်ရ၏။

ဂ။ ရွေးအခါက မင်္ဂိုမဒေသတွင် အသုံးပြုခဲ့ကြသော ထွန်တုံးသည် အဖျားတနေရာမှ ကောက်ကွေ့ နေသကဲ့သို့ ပထမ၊ ဒုတိယ အရွယ်တုန်းက လူကောင်း သူကောင်း ဖြစ်ခဲ့ပါလျက် တတိယအရွယ်ကျခါမှ မကောင်းမှု ဒုစရိုက်များနှင့် ပျော်မွေ့နေခြင်းကို နဂ်လကောဋ္ဌိဟု ခေါ်ဆိုရ၏။ ဤအစည်းအဝေးမှ ရဟန္တာပုဂ္ဂိုလ် ငါးရာတို့သည် ဤသို့သော ကောက်ကွေ့ခြင်း သုံးမျိုးလုံးကို မပြုလုပ်ကြဟု ဆိုလိုပေသည်။

ရထားထိန်းသည် မြင်းဇက်ကြိုးကို ကိုင်ရုံမျှသာကိုင်၍ ရပ်တည် နေသကဲ့သို့ ဟူသော ဥပမာမှာ သိန္ဓောမြင်းနှစ်ကောင် ကလာသော ရထားတွင် မြင်းနှစ်ကောင်တို့သည် တကောင့်ရှေ့ တကောင်က မကျော်လွန်ပါ၊ တကောင်ကောင်ကမျှ နောက်ကျမနေရစ်ပဲ အညီအမျှသွားနေကြသောအခါ ရထားထိန်းအဖို့ မောင်းနှင်ပေးရန်လည်းမလို၊ ဇက်ကြိုးကိုဆဲ့၍ အရှိန်သတ်ပေးရန်လည်း မလို။ ဇက်ကြိုးကို ကိုင်ရုံမျှသာကိုင်ကာ စိတ်လက်ပေါ့ပါးစွာ လိုက်ပါသွားရ၏။ ထို့အတူ ဤရဟန်းတို့မှာလည်း သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့ မျှမျှတတ ဖြစ်နေကြသဖြင့် အားစိုက် ပေးနေရန်လည်း မလို၊

http://www.dhammadownload.com

ထိန်းချုပ်ပေးနေရန်လည်း မလိုပေ။ သတိ တရားကို လက်ကိုင် ထားလျက် ဘုရားရှေ့တော်မှောက်၀ယ် စိတ်လက်ပေါ့ပါးစွာ၊ စိတ်နှလုံး ချမ်းမြေ့စွာ နေနိုင်ကြပါပေသည်။

ကွန်ဒြေကို စောင့်စည်းခြင်းဟူရာ၌ ကွန်ဒြေ ဟူသည်မှာ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေနှင့် မနိန္ဒြေ ဟူသော ဒွါရခြောက်ပါး၊ ခြောက်တံခါးကို ဆိုလိုပေသည်။ ဤရဟန်း ငါးရာတို့မှာလည်း ဤဒွါရခြောက်ပါး၊ ခြောက်တံခါးတို့၌ ခြောက်ပါးသော အာရုံတို့ တိုက်ခတ်လာသောအခါ ၀မ်းသာမှု၊ ၀မ်းနည်းမှု မရှိကြတော့ပေ။ ထိုသို့ အင်္ဂါခြောက်ပါးရှိသော ဆင်ဥဂုံပေကွာနှင့် ပြည့်စုံတော်မူသဖြင့် စက္ခု စသော ခြောက်ပါးသော ကွန်ဒြေတို့ကို နိုင်နိုင်နင်းနင်းကြီး စောင့်စည်း ကြပါပေသည်။

အရှယ်နုပျိုသော အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ အဆုံးအမကို ခံယူကြရကုန်သည် ဖြစ်၍ ကွန်ဒြေတို့ကို စောင့်စည်းလျက် ယဉ်ကျေး ကြပါပေသည်။ ငြောင့်တို့ကို ပယ်နုတ်ကြကုန်၍၊ တံခါးကျည် မင်းတုပ်ကို ဖယ်ရှားကြကုန်၍၊ တံခါးတိုင်ကို ပယ်နုတ်ကြကုန်၍၊ စိတ်ကိုတုန်လှုပ်စေတတ်သော တရားဟူ မရှိကုန်၍ လွတ်လပ်စွာ သွားလာနိုင်ကြပါပေသည် တကား။

အနောက်ဘက် စကြဝဠာ အနားရေးသို့ ဆင်းသက်လာသော သုဒ္ဓါဝါသ ဗြဟ္မာကြီး၏ ချီးကျူးစကား ဖြစ်ပေသည်။

ဤစကား၌ (စက္ခုမာ)ဟူသော ပါဠိတော်ကို အဋ္ဌကထာက ငါးပါးသော စက္ခုတို့ဖြင့် စက္ခုနှင့် ပြည့်စုံတော်မူသောဟု အမြဲက်မျှသာ ဖွင့်ပြထားပါသည်။သိလက္ခန် အဋ္ဌကထာ၊ဤမဟာ၀ဂ်အဋ္ဌကထာနှင့် သုတ္တန်ပါတ် အဋ္ဌကထာတို့၌လည်း ဤမျှသာ ဖွင့်ဆိုထားပါသည်။ မဟာနိဒ္ဒေသ ပါဠိတော်၊ တူဝဋ္ဋကသုတ်၊ ဂါထာအမှတ် ၇ မှ ၀ိ၀ဋ္ဋစက္ခုဟူသော ပုဒ်အဖွင့် တင်ကား အကျယ်တ၀င့် ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် စက္ခုငါးပါး ဆိုင်ရာ အချက်အလက်များကို ထိုသုတ်အဖွင့်ကျမှ ဖော်ပြပါတော့မည်။

ငြောင့်ကို ပယ်နုတ်ကြကုန်၍ ဟူရာ၌ ငြောင့်ဟူသည်မှာ သစ်တိုင်းစကို မဆိုလိုပေ။ စိတ်နှလုံးမှာ စူးဝင်မိလျှင် ပယ်နုတ်ရန် ခဲယဉ်းလှသော ရာဂ၊

http://www.dhammadownload.com

ဒေါသ၊ မောဟတို့ပင် ဖြစ်၏။ တံခါးကျည် မင်းတုပ်နှင့် တံခါးတိုင်တို့မှာလည်း ထိုကိလေသာမျှား၏အမည်မျှားပင် ဖြစ်ကြ၏။ တံခါးကျည် မင်းတုပ်နှင့် တံခါးတိုင်တို့သည် အဆောက်အအုံ၏ အတွင်းသို့ ဝင်လာလို့သူတို့အား တားမြစ်ဘိသကဲ့သို့ ထိုကိလေသာတို့ကလည်း နိဗ္ဗာန်ဘုံနန်းသို့ စံမြန်းလို့သူတို့အား တားမြစ်တတ်ကြ၏။ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော တရားကား တဏှာသာလျှင်ဖြစ်၏။ ဤသို့ ကိလေသာဟူသမျှ ကင်းစင်ကြသော ရဟန္တာပုဂ္ဂိုလ်တို့သည် ခြောက်ဒွါရမှာ ခြောက်အာရုံ ကြုံလာလေတိုင်း စိတ်နှလုံး ယဉ်ကျေးလျက်သာ ရှိကြပေသည်။

အလုံးစုံသော သတ္တဝါတို့သည် မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။ ထိုသတ္တဝါ အားလုံးတို့သည် အပါယ်လေးပါးသို့ မလားရောက်ကြရကုန်လတ္တံ့။ လူ့ဓနွဲကိုယ်ကို ပယ်စွန့်၍ နတ်ပြည်သို့ လားကြရပါလိမ့်မည်ဘုရား။

မြောက်ဘက်စကြဝဠာအနားရေးဌ် ဆင်းသက်ခဲ့သော သုဒ္ဓါဝါသ ဗြဟ္မာကြီး၏ ချီးကျူးစကား ဖြစ်ပေသည်။

ဘုရားရှင်ကို ဆည်းကပ်သည်ဟူရာ၌ တွေ့ဝေယိမ်းယိုင်မှု လုံးဝမရှိသော လောကုတ္တရာ သရဏဂုံဖြင့် ဆည်းကပ်ခြင်းကို ဆိုလိုပေသည်။ ဘုရားရတနာကို ဆိုသဖြင့် တရားကို ကိုးကွယ်ခြင်း၊ သံဃာကို ကိုးကွယ်ခြင်းတို့သည်လည်း သဘောအားဖြင့် တသားတည်း ပါဝင်ပြီး ဖြစ်ပေသည်။

၄။ ထိုရဟန်းတို့အား နတ်ဗြဟ္မာတို့ကိုမြင်နိုင်သော ဒိဗ္ဗစက္ခု၊ အဘိညာဉ် ထင်ရှားဖြစ်ပေါ်လာ၏။

ဤ၌ ဒိဗ္ဗစက္ခုအဘိညာဉ် ဖြစ်ပေါ်လာခြင်းမှာ ယခု အစည်းအဝေး ကျခါမှ ပရိကံပြု၍ ဖြစ်ပေါ်လာသည် မဟုတ်ပေ။ ဂိုပဿနာပုဗ္ဗင်းမျှား၍ အရဟတ္တမဂ် ဆိုက်ရောက်စဉ်ကပင် မဂ်နှင့်အတူ ရရှိထားကြပြီးဖြစ်၏။ သို့ရာတွင် ထိုအဘိညာဉ်ဖြင့် နတ်ဗြဟ္မာတို့ကို ရှုမြင်ရန် စိတ်မညွှတ်မိကြသေးသဖြင့် စိတ်ညွှတ်ကြစေရန် ဘုရားရှင်က ရွှေဂါထာတုန်းက တိုက်တွန်းဟော မူခဲ့၏။ ဘုရားရှင် တိုက်တွန်းတော် မူသည့်အတိုင်း ရဟန်းများကလည်း

http://www.dhammadownload.com

စိတ်ညွတ်ပေးကြသဖြင့် ရရှိထားသော အဘိညာဉ်ကို အသုံးချလိုက်ကြပေ တော့သည်။

၆။ အရှေ့အရပ်၌ ဓတရဋ္ဌနတ်မင်းကြီးသည် လည်းကောင်း၊ တောင် အရပ်၌ ဝိရုဠ္ဟက နတ်မင်းကြီးသည် လည်းကောင်း၊ အနောက် အရပ်၌ ဝိရူပက္ခ နတ်မင်းကြီးသည် လည်းကောင်း၊ မြောက်အရပ်၌ ကုဝေရ နတ်မင်းကြီးသည်လည်းကောင်း၊ ဤသို့အားဖြင့် လေးပါး သော နတ်မင်းကြီးတို့သည် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ လွန်စွာထွန်းတောက်ပကုန်သည်ဖြစ်၍ ကပိလဝတ္ထု မြို့တော်အနီး မဟာဝုန်တောကြီး၌ တည်နေကြကုန်၏။

ဤစကားတို့ကား ရှိရှိသမျှအလုံးစုံကို ခြုံငုံ၍ ဟောတော်မူထားခြင်း သာဖြစ်၏။ ဤစကြဝဠာတွင် ဓတရဋ္ဌနတ်မင်းကြီး ရှိနေသကဲ့သို့ တသောင်း သော စကြဝဠာတို့မှာလည်း ဓတရဋ္ဌ နတ်မင်းကြီးများ အသီးသီး ရှိနေကြ သည်သာဖြစ်၏။ နတ်မင်းကြီး တပါး တပါးထံမှာလည်း ကုဋ္ဌေတသိန်းစီ၊ ကုဋ္ဌေတသိန်းစီသော ဂန္ဓဗ္ဗနတ်များ ခြံရုံလျက်သာ ရှိကြ၏။ သူတို့အားလုံး သည် မဟာဝုန်တောကြီး၏ အရှေ့ဘက်တွင် စကြဝဠာတဝန်းလုံး အပြည့် အသိပ်မျှ တည်နေကြ၏။ ထို့အတူ တောင်ဘက်၊ အနောက်ဘက်၊မြောက် ဘက်တို့မှာလည်း ဝိရုဠ္ဟက စသော နတ်မင်းကြီးပေါင်း တသောင်း တသောင်းတို့ကလည်း မိမိတို့ သက်ဆိုင်ရာ အခြေအရုံတွေ့ ကုဋ္ဌေတသိန်းစီ၊ ကုဋ္ဌေတသိန်းစီဖြင့် တည်နေကြကုန်၏။

ဤသို့ စကြဝဠာနှင့်အပြည့်မျှ နေကြသော်လည်း ထိုနတ်ဗြဟ္မာတို့သည် ကပိလဝတ္ထုမြို့တော်ဆီသို့သာ ဦးတည်၍၊ ရည်ရွယ်၍ လာခဲ့ကြ၏။ ထို့ ကြောင့် ကပိလဝတ္ထုမြို့တော်အနီးဟု ဘုရားရှင် ဟောတော်မူပေသည်။

၉။ ကာဠကဉ္ဇ အမည်ရှိကုန်သော၊ကြောက်မက်ဖွယ် အဆင်းရှိကုန်သော အသုရာတို့သည် လည်းကောင်း၊ ဒါနဝေဃနသ အမည်ရှိကုန်သော အသုရာတို့သည် လည်းကောင်း ရောက်လာကြကုန်၏။ ဝေပစိတ္တိ အမည်ရှိသော အသုရာသည် လည်းကောင်း၊ သုစိတ္တိအမည်ရှိသော အသုရာသည်လည်းကောင်း၊ ပဟာရာဒ အမည်ရှိသော အသုရာသည်

http://www.dhammadownload.com

လည်းကောင်း၊ မာရ်နတ်သည်လည်းကောင်း အတူတက္ခ ရောက်လာကြကုန်၏။

သံသရာမှ လွတ်မြောက်၍မသွားနိုင်စေရန် ဆွဲဆောင်တတ်သောကြောင့် မာရ်နတ်ကို နမုစိ ဟူ၍လည်း ခေါ်ဝေါ်ကြ၏။ထိုမာရ်နတ်သည် နတ်ပြည်ခြောက်ထပ်တွင် အထက်ဆုံးဖြစ်သော ပရနိမ္မိတဝသဝတ္တိနတ်ပြည်၌နေ၏။ အသုရာတို့ကား မဟာသမုဒ္ဒရာမှာ နေကြကုန်၏။ ဤသို့ နေရာဌာနချင်း ကွာလှမ်းလွန်းကြပါလျက် သူတို့ အတူတက္ခ ရောက်လာကြခြင်းမှာ စိတ်ဓာတ် သဘောချင်း တူညီနေကြသောကြောင့် ဖြစ်ပေသည်။

အသုရာတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရလိုသော ကုသိုလ်ဆန္ဒမရှိကြပေ။ မာရ်နတ်မှာလည်း ဤသို့သော ကုသိုလ်ဆန္ဒ မရှိပေ။ ဤသို့ဖြင့် စိတ်ဓာတ် သဘောချင်းတူရာ ပေါင်းဆုံလာမိကြခြင်း ဖြစ်ပေသည်။

၁၂။ လျှပ်စီးတဝင်းဝင်းပြက်သော မိုးဦးလေဦးကဲ့သို့ ကြုံးသံ ဝါးသံ ဟစ်ကြွေးညံ့လျက် (မာရ်နတ်သည်) ဤအစည်းအဝေးကြီးသို့ မိမိစစ်တပ်များကို စေလွှတ်လိုက်လေပြီ။ ထိုအခါ ထိုမာရ်နတ်ယုတ်သည် သူ အလိုရှိရာ ဘာတခုမျှ မအောင်မြင်သည်ဖြစ်၍ အမျက်ခြောင်းခြောင်းထွက်လျက် ပြန်ဆုတ်သွားရပေပြီ။

ဤသို့ မာရ်နတ် ပြန်သွားရခြင်းမှာ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဖြစ်၏။ "ဤမာရ်နတ်သည် ဤအစည်းအဝေးကြီးကို ကြည့်ရှုပြီးလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ အန္တရာယ်ကိုပြုရန် အကြားအကြား၌ မာရ်စစ်သည်များကို လွှတ်ပြီးလျှင် ကြောက်မက်ဖွယ်ရာအာရုံများကိုပြလိမ့်မည်" ဟုဘုရားရှင်က ကြိုတင်၍သိမြင်ထားတော်မူ၏။ ဘုရားရှင်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်လာစရာမရှိသော တရားပွဲများ၌ ကြောက်မက်ဖွယ်ရာ အာရုံများ ပြလာသော မာရ်နတ်ကို တားမြစ်လေ့မရှိပေ။မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာစရာရှိသော တရားပွဲများမှာကား မာရ်နတ်က ပြလာသော အာရုံများကို မမြင်ရအောင်၊ မကြားရအောင် အဓိဋ္ဌာန်တော်မူ၏။ ဤအစည်းအဝေးကြီးမှာလည်း များစွာသော နတ်ဗြဟ္မာတို့အား မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်လာရန်ရှိနေ၏။ ထို့ကြောင့် မာရ်နတ်က ခြိမ်းခြောက်လာသော ရူပါရုံ၊ သဒ္ဒါရုံတို့ကို တစုံတယောက်မျှ မမြင်ရ၊ မကြားရစေရန် အဓိဋ္ဌာန်တန်ခိုးဖြင့် ကာ

http://www.dhammadownload.com

ကွယ်၍ ပေးတော်မူ၏။ ထို့ကြောင့် မာရ်နတ်သည် အကြံမအောင်ပဲ တပ်ခေါက်၍ ပြန်ပြေးရခြင်း ဖြစ်လေသည်။

မဟာသမယ ပရိတ်၏ အကျိုး

ဤ မဟာသမယသုတ္တန် မည်သည်ကား နတ်တို့ချစ်မြတ်နိုးသော သုတ္တန်ပေတည်း။ ထို့ကြောင့် အိမ်သစ်၊ကျောင်းသစ်၊ တိုက်တာမြို့ရွာအသစ်များ၌ မင်္ဂလာရှတ်လိုသူသည် ဤမဟာသမယသုတ်ကိုသာ ရွတ်သင့်၏။ နတ်တို့သည် ဤမဟာသမယသုတ်ကိုကြားနာရန် နှားစွင့်လျက်သာ သွားလာကြကုန်၏ ဟု ဆရာစဉ်ဆက် ပြောဟောလာခဲ့ကြရကုန်၏။ ဤဒေသနာတော်နှင့်တကွ ဆက်လက်၍ ဟောကြားသော ဒေသနာတော်များ၏အဆုံး၌ ကုဋေတသိန်းမျှသောနတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။သောတာပန်စသော အောက်ပိုင်းအရိယာများကိုကား ရေတွက်၍ပင် မရနိုင်ပေ။

ဤသုတ္တန်ကို နတ်တို့ချစ်မြတ်နိုးပုံ

သီဟိုဠ်ကျွန်း၊ ကောဋိပဗ္ဗတကျောင်းမှ နာဂ လိုဏ်ဂူ၏ တံခါးအနီးရှိ ကုံကော်ပင်တွင် နတ်သမီးတပါးနေထိုင်၏။ ရဟန်းငယ်တပါးသည် လိုဏ်အတွင်း၌ ဤ မဟာသမယသုတ္တန်ကိုရွတ်ဖတ်ရာ၊ ဒေသနာတော် အဆုံးတွင် နတ်သမီးသည် အသံကျယ်ကျယ်ဖြင့် သာမဏေ၏။

"သာမဏေသော သူ မည်သူနည်း" ဟု ရဟန်းငယ်က မေးသောအခါ

"တပည့်တော်မ နတ်သမီးတပါး ဖြစ်ပါသည် ဘုရား" ဟု နတ်သမီးက လျှောက်ထား၏။ ဤတွင် ရဟန်းငယ်က ဆက်လက်၍

"အဘယ့်ကြောင့် သာမဏေ ရပါသနည်း"

"အရှင်ဘုရား၊ မဟာဝုန်တောကြီး၌ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူစဉ်တုန်းက ဤသုတ္တန်ကို ပထမဦးစွာ ကြားနာခဲ့ပြီးနောက် ယခုမှတဖန် ကြားနာရပြန်ပါသည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သော

http://www.dhammadownload.com

ဒေသနာတော်မှ ဝ,အကွာရာ တလုံးတလေမျှ အကျအပျောက် မရှိစေပဲ ကျိသုတ္တန်ကို အရှင်ဘုရားတို့ ကောင်းမွန်စွာသင်ယူမှတ်သား၍ ထားနိုင်ပါပေသည်။ ထို့ကြောင့် သာဓုခေါ်ရခြင်းဖြစ်ပါသည့် ဘုရား''

''ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူစဉ်က သင် ကြားနာခဲ့ရပါသလော''

''ကြားနာခဲ့ရပါသည် ဘုရား''

''နှတ်ဖြဟ္မာတို့၏အစည်းအဝေးသည် ကြီးကျယ်လှန်းလှ၏။ သင်သည် မည်သည့်နေရာမှ နေ၍ ကြားနာခဲ့ရပါသနည်း''

''အရှင်ဘုရား၊ တပည့်တော်မသည် မဟာဝုန်တောကြီးမှာ နေထိုင်ခဲ့သော နှတ်သမီးဖြစ်ပါသည်။ တန်ခိုးကြီးသော နှတ်မင်းကြီးများ လာကြသောအခါ ဇမ္မူဒိပ်ကျွန်း၌ တပည့်တော်မအတွက် နေရာတကွက်မျှမရနိုင်တော့ပါ။ သို့ဖြစ်၍ ဤသီဟိုဠ်ကျွန်းသို့ လာခဲ့ပြီးလျှင် ဇမ္မူကောလသင်္ဘော်ဆိပ်မှ ကြားနာရန် ကြိုးစားခဲ့ပါသည်။ထိုနေရာဟုဆိုလည်း တန်ခိုးကြီးသောနှတ်တို့ ရောက်လာကြပြန်သဖြင့် အစဉ်အတိုင်း နောက်သို့ ဆုတ်လာခဲ့ရာ ရောဟကေ ဇနပုဒ် အတွင်းရှိ မဟာဂါမရွာ၏ကျောဘက်မှ မဟာသမုဒ္ဒရာသို့ ရောက်လာရပါသည်။ ထိုနေရာတွင်လည်း ကုန်းငမြေပေါ်မှာ နေရာမရ၍ လည်ပင်းပမာဏနက်သော ရေထဲမှနေ၍ ကြားနာရပါသည့် ဘုရား''

''အို နှတ်သမီး၊ သင်ရပ်နေသောနေရာမှ ပေးကွာလှသောဘုရားရှင်ကို ဖူးမြင်၍ ရပါသလော''

''အရှင်ဘုရား၊ မည်သို့ မိန့်ကြားတော်မူပါသနည်း။ ဘုရားရှင်သည် မဟာဝုန်တောကြီးဝယ် တရား ဟောတော်မူနေရာမှ တပည့်တော်မကိုသာ အစဉ်မပြတ် ကြည့်ရှုတော်မူနေသည်ဟု ထင်မိပါသည် ဘုရား''

''ထိုနေ့တုန်းက ကုဋ္ဌေတသိန်းမျှသော နှတ်ဖြဟ္မာတို့ အရဟတ္တဖိုလ် ရောက်ခဲ့ကြသည်ဟု ဆိုကြ၏။ သင်တို့သည်လည်း ထိုစဉ်က အရဟတ္တဖိုလ် ရောက်ခဲ့ကြပါသလော''

''မရောက်ခဲ့ပါဘုရား''

''အရဟတ္တဖိုလ်မရောက်သေးလျှင် အနာဂါမိဖိုလ်ကိုသော့ ပရောက်မည် ထင်၏''

''အနာဂါမိဖိုလ်ကိုလည်း မရောက်သေးပါဘုရား''

''ဤသို့ဆိုလျှင် သကဒါဂါမိဖိုလ်သို့ ရောက်ခဲ့ဟန် ရှိ၏''

http://www.dhammadownload.com

"သကဒါဂါမိဖိုလ်သို့လည်း မရောက်ခဲ့သေးပါဘုရား"

"အို နတ်သမီး၊ အောက်မင်္ဂသုံးပါးသို့ ရောက်ခဲ့သော နတ်ပြဟ္မာတို့သည် မရေမတွက်နိုင်အောင် ရှိခဲ့၏။ သောတာပန်လောက်တော့ ဖြစ်ခဲ့ဟန်ရှိပေသည်"

"အရှင်ဘုရားသည် မမေးသင့်သည်ကို မေးပေသည်တကား"

"အို နတ်သမီး၊ သောတာပန်မျှသာဖြစ်၍ ရှက်သောကြောင့် မပြောလိုလျှင် ရှိစေတော့။ ထိုမှတပြီးကား သင်၏ကိုယ်ကို ငါတို့အား ပြနိုင်ပါမည်လော"

"တကိုယ်လုံးကို မပြနိုင်ပါဘုရား။ လက်ညှိုး တဆစ်ကိုကား အရှင်ဘုရားအား ပြပါမည်"

ဤသို့ နတ်သမီးက လျှောက်ထားကာ သော့ပေါက်မှလျှို၍ လက်ညှိုးကို ထိုးပြလိုက်၏။ နေမင်းတထောင်၊ လမင်းတထောင် ထွန်းပေါ်လာဘိသကဲ့သို့ လိုဏ်တခုလုံး ဝင်းဝင်းလက်လက် ဖြစ်သွားလေသည်။ ဤတွင် နတ်သမီးသည် "အရှင်ဘုရားတို့၊ မမေ့မလျော့ ရှိကြပါကုန်လော့" ဟု လျှောက်ထားကာ ရဟန်းငယ်ကိုဦးချ၍ ပြန်သွားလေ၏။

ဤသို့အားဖြင့် ဤ မဟာသမယသုတ္တန်ကို နတ်အပေါင်းတို့ ချစ်မြတ်နိုးကြပေသတည်း။

http://www.dhammadownload.com



၂။ သမ္မာပရိဗ္ဗာဇနီယသုတ် အဖွင့်

ကပိလဝတ္ထု မြို့တော်အနီး မဟာဝုန် တောကြီး အတွင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ဗြဟ္မာတို့အနက် ရာဂစရိုက် ရှိသော နတ်ဗြဟ္မာတို့ အတွက် ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။ သို့ရာတွင် ရှေးဦးစွာ ဟောကြားသော မဟာသမယသုတ်မှာ ဒီဃနိကာယ်၊ မဟာဝဂ်တွင်ပါဂင်၍ ဤသုတ်နှင့်တကွ နောက်ပိုင်းသုတ်များမှာ ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ် ပါဠိတော်၌ ပါဝင်ကြပေသည်။

ဤသုတ်ကိုလည်း နတ်ဗြဟ္မာအပေါင်းတို့ ကြိုက်မျှယ်စွာ စည်းဝေးမိသောနေ့တွင် ဟောကြားတော်မူသဖြင့် မဟာသမယသုတ်ဟုပင် ခေါ်သင့်ကြောင်း အဋ္ဌကထာ ဆရာက ဖွင့်ပြထားပါသည်။ မဟာသမယသုတ်ကို ဖွင့်ဆိုသော အဋ္ဌကထာဆရာနှင့် ဤသုတ်များကို ပွင့်ဘိုသော အဋ္ဌကထာ ဆရာမှာ အရှင်မဟာဗုဒ္ဓဃောသ တပါးတည်းသာ ဖြစ်ပါသည်။ သို့ဖြစ်၍ မဟာသမယသုတ် အဋ္ဌကထာ နိဂုံးပိုင်း၌ ဤသုတ်ကို ဟောကြားသည့်အဆုံး၌ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ကျင်ခြင်း၊ မရေမတွက်နိုင်သော နတ်ဗြဟ္မာတို့ အောက်မင် အောက်ဖိုလ်များသို့ ဆိုက်ရောက်ခြင်းသည် ဤသုတ်များကိုပါ ဟောကြားသည့် အဆုံး၌ ဖြစ်နိုင်စရာရှိပါသည်။ နတ်ဗြဟ္မာတို့၏ စိတ်ဓာတ်များ နှုးညံ့ပျော့ပျောင်းသွားစေရန် သူတို့၏ နာမည်များ၊ အမျိုးအနွယ်များကို ဘုရားရှင် မြှက်ကြားတော်မူကြောင်း ဖွင့်ဆို

http://www.dhammadownload.com

ထားခြင်းကလည်း ဤအချက်ကို အထောက်အကူ ပြုနေပါသည်။ ပညာရှင်ကြီးများ ချင့်ချိန်နှိုင်းဆကြ၍ သင့်လျော်ရာကို ယူကြရန် ဖြစ်ပါသည်။

ဤသုတ်၏အဖွင့်ဌာနလည်း မဟာသမယသုတ်၏ နိဒါန်းအကျယ်ကို မဟာသမ္မတမင်းမှစ၍ ဖွင့်ဆိုထားပါသည်။ အဋ္ဌကထာဆရာတဦးတည်း၏ လက်ရာဖြစ်သော်လည်း မဟာသမယသုတ်တုန်းက နိဒါန်းနှင့် ဤသုတ်၏ နိဒါန်းတို့မှာ ထပ်တူ မကျလှပါ။ စာသွား စာလာအားဖြင့် ကဲလဲသော အချက်များ ပါရှိနေပါသည်။ သို့ရာတွင် ဆိုလိုသော ကြောင်းခြင်းရာများမှာ ထပ်တူ ထပ်မျှသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤသုတ်၏နိဒါန်းကို ထပ်မံ၍ မဖော်ပြတော့ပဲ သုတ်၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များကိုသာ ဖော်ပြပါတော့မည်။

၂။ နိမ္မိတကိုယ်စား မျှင်တော်မြတ်ဘုရား၊ အကြင်ရဟန်းသည် လောကီမင်္ဂလာတို့၌ ယုံကြည် စွဲလမ်းခြင်းကို လည်းကောင်၊ မိုးကြိုးခြင်း၊ လောင်မီးကျခြင်း စသည်တို့၏ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း၊ အိပ်မက်၏ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း၊ ထိုထို အမှတ်အသား လက္ခဏာတို့အရ အကျိုးအပြစ်၌ ယုံကြည်စွဲလမ်းခြင်းကိုလည်းကောင်း ကောင်းစွာပယ်သတ်ခဲ့လေပြီ။ ထိုရဟန်းသည် အပြစ်ရှိသော မင်္ဂလာတို့ကို ပယ်ပြီးသော ရဟန်းမည်၏။ ထိုသို့သော ရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်ဆောင်ပေနိုင်ရာ၏။

"လောကကြီးမှ လွန်မြောက်စေရန် မည်သို့ကျင့်ရပါမည်နည်း" ဟူသော နိမ္မိတဘုရားရှင်၏ မေးခွန်းကို ပကတိ ဘုရားရှင်က ဖြေတော်မူခြင်း ဖြစ်ပါသည်။ လောကကြီးမှလွန်မြောက်အောင်ကျင့်ခြင်းဟူသည်မှာ အာသဝက္ခယဉာဏ်ကို မရသေးလျှင် မကျင့်သုံးနိုင်သေးပါ။ ထို့ကြောင့် ရာဂ စသော စရိုက်အမျိုးမျိုး ရှိကုန်သော ဘဗ္ဗပုဂ္ဂိုလ်တို့တွင် ရာဂ စရိုက် ရှိကုန်သော နတ်ဗြဟ္မာအပေါင်း၏ အလေ့အကျက်ဖြစ်သော ရာဂတည်းဟူဘော အပြစ်ကို ပယ်စွန့်နိုင်စေရန် အရဟတ္တဖိုလ်လျှင် အထူတ်ရှိသော ရဟန္တာပုဂ္ဂိုလ်၏ အကျင့်ကို ဖြဆိုတော်မူလေသည်။

ထိုဖြေကြားချက်၌ လောကီမင်္ဂလာဟူသည်မှာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထဲမှာ မပါဝင်သော ဒိဋ္ဌမင်္ဂလာ စသည်တို့ ဖြစ်၏။ ဒိဋ္ဌမင်္ဂလာ ဟူသည်မှာ

http://www.dhammadownload.com

မိမိတို့ တွေ့လို မြင်လိုသော တင့်တင့်တယ်တယ် ဖွယ်ဖွယ်ရာရာ ရူပါရုံကို မြင်လိုက်ရလျှင် မင်္ဂလာရှိ၏။ မိမိတို့ ကြံစည်သမျှ ထမြောက် အောင်မြင်၏ဟု ယုံကြည်စွဲလမ်းခြင်း ဖြစ်၏။ သုတ မင်္ဂလာ၊ မုတမင်္ဂလာတို့မှာလည်း သဒ္ဒါပုံ၊ ဂန္ဓာရုံ စသည်တို့အပေါ် ယုံကြည်စွဲလမ်းခြင်း ဖြစ်ပေသည်။

ဤမင်္ဂလာ အစွဲအလမ်းတို့ကို ကောင်းစွာပယ်သတ်နိုင်သော တရားကား ဉာဏ်တည်းဟူသော ဓားလက်နက်သာ ဖြစ်ပေသည်။ ဤနေရာ၌ အရဟာတ္တ မဂ် ပညာကို ကောက်ယူရပါလိမ့်မည်။

ဥက္ကာကျခြင်း၊ လောင်မီးကျခြင်း စသည်တို့ကြောင့် ဒုက္ခအပြစ် ဖြစ်လိမ့်မည်ဟု ယုံကြည်စွဲလမ်းခြင်းကို ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်မှာပင် ရှောင်ကြဉ်အပ်သော တရားဖြစ်ကြောင်း ဘုရားရှင် ဟောကြားတော်မူခဲ့၏။ အိပ်မက်နှင့် ပတ်သက်၍လည်း ယုံကြည် စွဲလမ်းမှုများ ရှိနေကြ၏။ နံနက်ခင်းမှာ အိပ်မက် မက်လျှင် မည်သို့ ဖြစ်တတ်သည်။ နေ့လယ်ပိုင်းမှာ အိပ်မက် မက် မက်လျှင် မည်သို့ ဖြစ်တတ်သည်။ ဝဲဘက်နံပါးဖြင့် စောင်း၍ အိပ်စဉ် မြင်မက်လျှင် မည်သို့ ဖြစ်တတ်သည်။ ယာဘက်နံပါးဖြင့် စောင်း၍ အိပ်စဉ် မြင်မက်လျှင် မည်သို့ ဖြစ်တတ်သည်။ အိပ်မက်ထဲမှာ လက်မြင်လျှင် မည်သို့ ဖြစ်တတ်သည်။ နောက်မြင်လျှင် မည်သို့ ဖြစ်တတ်သည် စသည်ဖြင့် ယုံကြည်စွဲလမ်းတတ်ကြ၏။ လက္ခဏာ ဟူသည်မှာ တောင်ဝှေ့၊ အဝတ် အထည် စသည်တို့၏ အမှတ်အသားများအရ ဟောကိန်း တုတ်ထားသော လောက်ကျမ်းများ ဖြစ်၏။

အဃတ်ပါ ယုံကြည်စွဲလမ်းမှုများမှာ ဟရုးမရေသးသူမှန်သမျှ ဒုနည်းနှင့် အများ ရှိတတ်ကြသည်သာ ဖြစ်၏။ တမျိုးကို မစွဲလမ်းလျှင် တခြား တမျိုးမျိုးကို စွဲလမ်းနေသည်သာ ဖြစ်၏။ ထို့ကြောင့် ယုံဒာစွဲအလမ်းလုံးကို မင်္ဂလာတည်းဟူသော ဓားလက်နက်ဖြင့် အပြတ်မဲ့ ခုတ်ထွင်ပျင်းပေးမှန် နတ်ဗြဟ္မာ အပေါင်းအား ဘုရားရှင်က ဟောကြားတော်မူပေသည်။

အပြစ်ရှိသော မင်္ဂလာ ဟူသည်မှာ မင်္ဂလာတရား သို့ဆယ့် ရှစ်ပါးမှာ မပါဝင်သော ဒိဋ္ဌမင်္ဂလာ စသည်တို့ဖြစ်၏။ အရိယာမင်္ဂကုရုပြောသော ပုဏ္ဏာလ် တို့မှာကား ထိုမင်္ဂလာတို့ဖြင့် သာသနာမှ စင်ကြယ်ကြောင်း ဖြစ်သည်ဟု ယုံကြည် စွဲလမ်းမှု မရှိကြတော့ချေ။

http://www.dhammadownload.com

၃။ အကြင် ရဟန်းသည် လူတို့၏ ကာမဂုဏ်တို့ဌ် လည်းကောင်း၊ နတ်တို့၏ ကာမဂုဏ်တို့ဌ်လည်းကောင်း တပ်မက်သောရာဂကို ပယ်ဖျောက်ရာ၏။ သစ္စာလေးပါးတရားကို သိ၍ ဘဝသုံးပါးကို ကျော်လွန်၍ တည်ရာ၏။

ကာမဂုဏ်ငါးပါး ဟူသည်မှာ သာယာဖွယ်၊ မက်မောဖွယ် ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ ဖြစ်ကြ၏။ ထို ကာမဂုဏ်တို့ကို လူ့ပြည်မှာလည်း လူတို့အလျောက် ခံစားကြ၏။နတ်ပြည်မှာလည်း နတ်တို့အလျောက် ခံစားကြ၏။ လောလောဆယ် မခံစားရသေးသော သူမျှားကလည်း ခံစားရန် ဝေဘင့်တာ မျှော်ခေါ် နေကြ၏။ လောလောဆယ် ခံစားနေရသူမျှားကလည်း ဆက်ကာဆက်ကာ ခံစားရှိချည်း နေချင်ကြ၏။ ဤသို့ ခံစားချင်သော အလိုတဏှာကို အနာဂါမိမဂ်နှင့် သာလျှင် ပယ်ဖျောက်နိုင်ပေသည်။

သစ္စာလေးပါးဟူရာကိုသိ၍ ဟူရာ၌ အရဟတ္တမဂ်ဉာဏ်နှင့် သိခြင်းကို ဆိုလိုပေသည်။အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကိုသိရာတွင် တခုပြီးမှ တခု သိရှိခြင်းမဟုတ်ပါ။ သစ္စာလေးပါးလုံးကို တပြိုင်နက် သိသည်သာ ဖြစ်၏။ ဒုက္ခသစ္စာကို ပိုင်းခြားရှိသိသော ပရိညာကိစ္စအားဖြင့် သိ၏။ သမုဒယသစ္စာကို ပယ်သော ပဟာန ကိစ္စအားဖြင့် သိ၏။ နိရောဓသစ္စာကို မျက်မှောက်ပြုသော သစ္ဆိကရိယာ ကိစ္စအားဖြင့် သိ၏။မဂ္ဂသစ္စာကို ပွားများသော ဘာဝနာ ကိစ္စအားဖြင့် သိ၏။

အနာဂါမိမဂ်ဖြင့် ကာမဂုဏ်အာရုံ တပ်မက်မှုကို ပယ်ဖျောက်ပြီးနောက် အရဟတ္တမဂ်ဖြင့် သိစရာကိစ္စ အဝဝကို သိပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် ဘဝသုံးပါးကို ကျော်လွန်နိုင်ပေသည်။

၄။ အကြင်ရဟန်းသည် ချောပစ်ကုန်းတိုက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကို ကျောခိုင်း၍ မပေးလှူလို ဝန်တိုခြင်းကို ပယ်စွန့်ရာ၏။ပယ်စွန့်ပြီး၍ သခ်ါရတရားတို့၌ ချစ်ခြင်း မုန်းခြင်းကို ပြုတတ်သော လောဘ ဒေါသကို ပယ်သတ်ရာ၏။ တိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

http://www.dhammadownload.com

ချောပစ်ကုန်းတိုက်စကားဆိုရာ၌ နှစ်ဦးသောသူတို့ကို ပျက်စီးစေလိုသော ဒေါသဖြင့်လည်းကောင်း၊ မိမိကိုယ်ကို ချစ်ခင်စေလိုသော လောဘဖြင့်လည်းကောင်း ပြောမိဆိုမိကြ၏။ ထို့ကြောင့် ထိုဝစီဒုစရိုက်ကို အနာဂါမိမဂ်ဖြင့် ပယ်သတ်ရမည် ဖြစ်ပေသည်။ နိဗ္ဗာန်တရားကို စတင်၍ သိမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်သည် ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်ယုံကြည်ပြီးဖြစ်၍ ရတနာသုံးပါးနှင့် ပတ်သက်လာလျှင် လှူလို ဒါန်းလိုသော သဒ္ဓါတရား ထက်သန်နေသည်သာ ဖြစ်၏။ ထို့ကြောင့် ရတနာသုံးပါးတို့အား မပေးလှူလိုသော ဝန်တိုခြင်းတရားကို သောတာပတ္တိမဂ်ဖြင့် ပယ်သတ်ရမည် ဖြစ်ပါသည်။သခ်ါရတို့၌ ချစ်ခြင်း မုန်းခြင်းကို ပြုတတ်သော လောဘ ဒေါသတို့ကိုကား အနာဂါမိမဂ်ဖြင့် ပယ်သတ်ရမည် ဖြစ်ပါသည်။ ဤသို့ အောက်မဂ်မျှားဖြင့်ဆိုင်ရာ ကိလေသာတို့ကို ပယ်သတ်ပုံကို ဟောကြားခြင်းဖြင့် အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံး ပယ်သတ်ခြင်းကိုလည်း ဆောင်၍ သိကြရန် ဖြစ်ပေသည်။

၅။ အကြင်ရဟန်းသည် ချစ်အပ်သော ဝတ္ထုနှင့် မချစ်အပ်သော ဝတ္ထုတို့၌ ချစ်ခြင်း မုန်းခြင်းကို ပယ်စွန့်၍၊ တစုံတခုကိုမျှ မစဲလမ်းမူ၍၊ တစုံတခု၌မျှ မမှီမူ၍ သံယောဇဉ်တို့၏ အာရုံဖြစ်သော တရားတို့မှ လွတ်မြောက်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

ချစ်အပ်သောဝတ္ထုနှင့် မချစ်အပ်သောဝတ္ထုတို့မှာ သတ္တဝါနှင့်သခ်ါရဟူ၍ နှစ်မျိုးရှိသည်။ထိုနှစ်မျိုးသောဝတ္ထုတို့ကို စွန့်ရမည်ဟူ၍ ပါဠိတော်၌ ဟောကြားသော်လည်း စင်စစ်မှာမူ ထိုအရာဝတ္ထုများမှာ မဂ်ဖြင့် ပယ်၍ မရသော အပဟာတဗ္ဗတရားတို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာဆရာက ထို အရာဝတ္ထုတို့၌ ဆန္ဒရာဂနှင့် ပဋိဃတို့ကို ပယ်၍ဟု ဖွင့်ပြတော်မူသည်။ ဤ အဋ္ဌကထာနှင့်အညီ အထက်တွင် မြန်မာပြန်၍ ထားပါသည်။

တစုံတခုကိုမျှ မစဲလမ်းမူ၍ ဟူရာ၌ စဲလမ်းခြင်းဟူသည်မှာ ဥပါဒါန်လေးပါးတို့ ဖြစ်၏။ ထိုတွင် ကာမုပါဒါန်ဟူသည် ကာမဂုဏ်အာရုံတို့၌ ခုံမင် စဲလမ်းခြင်းတည်း။ ဒိဋ္ဌုပါဒါန်ဟူသည်မှာ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိတို့ဖြင့် စဲလမ်းခြင်းတည်း။

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိ ၆၂ မျိုးတို့ကို ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်၌ အပြည့်အစုံ လေ့လာ ဖတ်ရှုနိုင်ပါသည်။ ဤကျမ်းစာ၏ နေရာများစွာတို့၌ ထိုမိစ္ဆာဒိဋ္ဌိတို့ကို ရည်ညွှန်းထားသော စကားရပ်များ ထပ်ကာထပ်ကာ ပါဝင်နေသဖြင့် သုတေသီ ပုဂ္ဂိုလ်များ ပြည့်ပြည့်စုံစုံ လေ့လာနိုင်ရန် မိစ္ဆာဒိဋ္ဌိ ၆၂ မျိုးတို့ကို ဗြဟ္မဇာလသုတ်မှ အကျဉ်းချုပ် ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

မိစ္ဆာဒိဋ္ဌိ ၆၂ မျိုး ဟူသည်မှာ

ပုဗ္ဗန္တဒိဋ္ဌိ	၁၈ မျိုး
အပရန္တဒိဋ္ဌိ	၄၄ မျိုးတို့ ဖြစ်ပါသည်။

ပုဗ္ဗန္တဒိဋ္ဌိ ၁၈မျိုး ဟူသည်မှာ

သဿတဝါဒ	၄ မျိုး
ဧကစ္စသဿတဝါဒ	၄ မျိုး
အန္တာနန္တဝါဒ	၄ မျိုး
အမရာဝိက္ခေပဝါဒ	၄ မျိုး
အဓိစ္စသမုပ္ပန္နဝါဒ	၂ မျိုးတို့ ဖြစ်ပါသည်။

အပရန္တဒိဋ္ဌိ ၄၄ မျိုး ဟူသည်မှာ

သညီဝါဒ	၁၆ မျိုး
အသညီဝါဒ	၈ မျိုး
နေဝသညီနာသညီဝါဒ	၈ မျိုး
ဥစ္ဆေဒဝါဒ	၇ မျိုး
ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ	၅ မျိုးတို့ ဖြစ်သည်။

သဿတဝါဒ ၄ မျိုးမှာ

၁။ ပုဗ္ဗေနိဝါသာနုဿတိ အာဘိညာဉ်ရရှိသော ရဟန်း ပုဏ္ဏားတို့သည် ရှေးရှေးက တွေ့ကြုံခံစားခဲ့ရသော ဘဝ ရာပေါင်းထောင်ပေါင်း

http://www.dhammadownload.com

များစွာကို ပြန်လည်အောက်မေ့ကြပြီးလျှင် "ငါသည် ဤမည်သောဘဝ၌ ဤသို့ အမည်ရှိခဲ့၏" စသည်ဖြင့် တွေးတောကာ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏" ဟု ပညတ်ကြကုန်၏။

၂။ ထိုရဟန်းပုဏ္ဏားတို့သည် သံဝဋ္ဋကပ်တကပ်မှ ၁၀ကပ်အထိ ပြန်လည် အောက်မေ့ကြပြီးလျှင် အထက်ပါအတိုင်း တွေးတောကာ ပညတ်ကြကုန်၏။

၃။ ထိုရဟန်းပုဏ္ဏားတို့သည် သံဝဋ္ဋ ၁၀ ကပ်မှ ၄၀ကပ်အထိ ပြန်လည် အောက်မေ့ကြပြီးလျှင် အထက်ပါအတိုင်းတွေးတောကာ ပညတ်ကြကုန်၏။

၄။ အချိုရဟန်းပုဏ္ဏားတို့သည်ကား ပုဗ္ဗေနိဝါသအဘိညာဉ်ကို အခြေခံမပြုပဲ ကြံစည်တွေးတောမှုသက်သက်ဖြင့် အထက်ပါအတိုင်း ပညတ်ကြကုန်၏။

ကေစ္စသဿတဝါဒ ၄ မျိုး

၁။ ကမ္ဘာကြီးပျက်စီးသောအခါ ကမ္ဘာပေါ်ရှိ သတ္တဝါ အားလုံးတို့သည် အာဘဿရဗြဟ္မာ့ပြည်၌ဖြစ်ကြရကုန်၏။ ကာလများစွာကြာ၍ ကမ္ဘာမြေပြင် ပြန်လည်၍ ပေါ်ထွန်းလာသောအခါ အာဘဿရဘုံသား ဗြဟ္မာတယောက်သည် ကုသိုလ်အဟုန်ကုန်သဖြင့် ထိုဘုံမှ စုတေကာ ကမ္ဘာမြေပြင်ပေါ်သို့ ဘဝသစ်ဖြစ်ပေါ်လာ၏။ ထိုသူသည် တယောက်တည်း နေရသည်ကို ငြီးငွေ့ကာ အဖော်ကို တောင့်တနေစဉ် အခြားသော အာဘဿရ ဘုံသားတို့လည်း စုတေကာ သူ့ထံပါးသို့ ရောက်လာကြကုန်၏။ ပထမဆုံး ရောက်နေနှင့်သူသည် မိမိဖန်ဆင်းလိုက်၍ ဤသူများ ဖြစ်ပေါ်လာကြသည်ဟု မှတ်ယူ၏။ နောက်မှ ရောက်လာသူတို့ကလည်း မိမိတို့ကို ထိုသူကဖန်ဆင်းထားသည်ဟူ၍ပင် မှတ်ယူကြ၏။ ပထမ ရောက်နေနှင့်သူသည် နောက်ရောက်လာသူတို့ထက် အသက်ရှည်၏။ အစစ အရာရာ သာ

http://www.dhammadownload.com

လွန်၏။ ဤတွင် နောက်မှရောက်လာသူတို့က "ငါတို့ကား မမြဲကုန်။ ထိုသူကား မြဲ၏" ဟု ပညတ်ကြကုန်၏။

၂။ ခိဠာပဒေါသိက အမည်ရှိသော နတ်တို့သည် အပျော်ကြူးကာ နတ်သြဇာ စားချိန်တွင် မစားမိကြသဖြင့် နတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ရောက်လာကြကုန်၏။ ထိုသူတို့သည် ရဟန်းပြုကာ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ထိုအတိတ်ဘဝကို သုံးသပ်ကာ "အပျော်မကြူးသူတို့ကား မြဲကုန်၏။ ငါတို့မှာသာ အပျော်ကြူး၍ သေခဲ့ကြရကုန်၏" ဟု ပညတ်ကြကုန်၏။

၃။ မနောပဒေါသိကာ အမည်ရှိသော နတ်တို့သည် အခြား သူအား အမျက်ထွက်၍စုတေကာ လူ့ပြည်သို့ ရောက်လာကြကုန်၏။ ထိုသူတို့သည် ရဟန်းပြုကာ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် "အမျက်မထွက်သောသူတို့ကား မြဲကုန်၏။ ငါတို့မှာသာ အမျက်ထွက်၍ သေခဲ့ကြရကုန်၏" ဟု ပညတ်ကြကုန်၏။

၄။ အချို့သောရဟန်းပုဏ္ဏားကိုသည်ကား ထင်ရာမြင်ရာ ကြံစည်စိတ်ကူးကာ "စက္ခု၊သောတ၊ဃာန၊ဇိဝှာ၊ကာယ၊ဟူသော ရုပ်ကွန္ဒြေတို့သည် မမြဲကုန်။ စိတ်တရားတို့သာလျှင် မြဲကုန်၏" ဟု ပညတ်ကြကုန်၏။

အန္တာနန္တဝါဒ ၄ မျိုး

၁။ အချို့သောရဟန်းပုဏ္ဏားတို့သည် စျာန်အဘိညာဉ်ဖြင့် ကြည့်ရှု သုံးသပ်ပြီးလျှင် "ဤကမ္ဘာလောကကြီးသည် အဆုံးရှိ၏။ လုံးဝန်း၏" ဟု ပညတ်ကြကုန်၏။

၂။ အချို့သောရဟန်းပုဏ္ဏားတို့သည် စျာန်အဘိညာဉ်ဖြင့် ကြည့်ရှုသုံးသပ်ပြီးလျှင် "ဤကမ္ဘာလောကကြီးသည် အဆုံးရှိ၏။ လုံးဝန်း၏" ဟု ပညတ်ကြကုန်၏။

http://www.dhammadownload.com

၃။ အခ်ျိုသောရဟန်းပုဏ္ဏားတို့သည် စျာန်အဘိညာဉ်ဖြင့် ကြည့်ရှုသုံးသပ်ပြီးလျှင် "ဤ ကမ္ဘာလောကြီးသည် အထက်နှင့်အောက်တွင် အဆုံးရှိ၍ ဖီလာအားဖြင့် အဆုံးမရှိ" ဟု ပညတ်ကြကုန်၏။

၄။ အခ်ျိုသော ရဟန်းပုဏ္ဏားတို့သည် စျာန်အဘိညာဉ်ဖြင့် ကြည့်ရှုသုံးသပ်ပြီးလျှင် "ဤ ကမ္ဘာလောကြီးသည် အဆုံးရှိသည်လည်းမဟုတ်။ အဆုံးမရှိသည်လည်း မဟုတ်" ဟု ပညတ်ကြကုန်၏။

အမရာဝိက္ခေပ ဝါဒ ၄ မျိုး

၁။ အခ်ျိုသောရဟန်းပုဏ္ဏားတို့သည် ကုသိုလ် အကုသိုလ်ကို ခဲခြားမသိသဖြင့် အခြားသူများက မေးလျှင် အဖြေလွဲသွားမည်စိုး၍

၂။ အခ်ျိုသောရဟန်းပုဏ္ဏားတို့သည် ကုသိုလ် အကုသိုလ်ကို ခဲခြားမသိပဲ ဖြေကြားမိလျှင် အလိုတော်ရှာနှင့် မလိုမုန်းထားမှုများ ဖြစ်ပွားလာမည် စိုး၍

၃။ အခ်ျိုသောရဟန်းပုဏ္ဏားတို့သည် ကုသိုလ်အကုသိုလ်ကို ပညာရှိတို့က မေးမြန်းလျှင် ပြည့်စုံစွာ မဖြေနိုင်မည် စိုးသောကြောင့်

၄။ အခ်ျိုသောရဟန်းပုဏ္ဏားတို့သည်ကား ပင်ကိုကပင် ထုံထိုင်း ဖျင်းအ,သူများဖြစ်၍ ကုသိုလ်အကုသိုလ်ကို မေးမြန်းသောအခါ "ဤသို့လည်း ငါမယူ၊ ထိုသို့လည်း ငါမယူ" စသည်ဖြင့် မရေရာသော စကားကိုဖြင့် အမိဖမ်း၍မရနိုင်အောင် လှီးလွှဲ၍ ပြောဆိုကြကုန်၏။

အဓိစ္စသမုပ္ပန္နဝါဒ ၂ မျိုး

၁။ အသညသတ်ဘုံမှ စုတေ၍ ဤလူ့ဘုံသို့ ရောက်လာသော သူသည် ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ရှေဘဝကိုပြန်၍ သုံးသပ်လိုက်သော

http://www.dhammadownload.com

အခါ ဤလူ့ဘဝ၌ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာပုံကိုသာ မြင်၍ ထိုရှေ့၌ မည်သည့်စိတ်သည်ကိုမျှ မမြင်ရပေ။ဤတွင် ထိုသူသည် ငါသည် ရှေးက မရှိသေးပဲ ယခုဘဝမှ ဖြစ်ပေါ်လာ၏ဟု မှတ်ယူကာ "အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိပဲ ဖြစ်ပေါ်လာ၏"ဟု ပညတ်ကုန်၏။

၂။ အခွါသော ရဟန်းပုဏ္ဏားတို့သည် ကားကြံစည်တွေးတောမှုသက်သက်ဖြင့် အထက်ပါအတိုင်း ပညတ်ကြကုန်၏။

သညီဝါဒ ၁၆ မျိုး

၁၊ အတ္တသည် ရုပ်ရှိ၏။ ၂၊ အတ္တသည် ရုပ်မရှိ။ ၃၊ အတ္တသည် ရုပ်ရှိသည်လည်းဟုတ်၏။ ရုပ်မရှိသည်လည်းဟုတ်၏။ ၄၊ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်။ ရုပ်မရှိသည်လည်း မဟုတ်။ ၅၊ အတ္တသည်အဆုံးရှိ၏။ ၆ အတ္တသည် အဆုံးမရှိ။ ၇၊ အတ္တသည် အဆုံး ရှိသည်လည်း ဟုတ်၏။ အဆုံးမရှိသည်လည်း ဟုတ်၏။ ၈၊ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်။ အဆုံးမရှိသည်လည်း မဟုတ်။ ၉၊ အတ္တသည် သညာတခုသာ ရှိ၏။ ၁၀၊ အတ္တသည် သညာများစွာရှိ၏။ ၁၁၊ အတ္တသည် သညာသေးငယ်၏။ ၁၂၊ အတ္တသည် သညာကြီးမား၏။ ၁၃၊ အတ္တသည် ကောန် ချမ်းသာ၏။ ၁၄၊ အတ္တသည် ကောန်ဆင်းရဲ၏။ ၁၅၊ အတ္တသည် ချမ်းသာ ဆင်းရဲ ရောလျက် ရှိ၏။ ၁၆၊ အတ္တသည် ချမ်းသာလည်း မရှိ။ ဆင်းရဲလည်းမရှိ။ သေပြီးသည့်နောက်၌ မပျက်မစီးပဲ တည်ရှိ၏ဟု အခွါသော ရဟန်း ပုဏ္ဏားတို့က ပညတ်ကြကုန်၏။

အသညီဝါဒ ၈ မျိုး

၁၊ အတ္တသည် ရုပ်ရှိ၏။ ၂၊ အတ္တသည်ရုပ်မရှိ။ ၃၊ အတ္တသည် ရုပ်ရှိသည်လည်းဟုတ်၏။ ရုပ်မရှိသည်လည်း ဟုတ်၏။ ၄၊ အတ္တသည် ရုပ်ရှိသည်

http://www.dhammadownload.com

လည်း မဟုတ်။ ရုပ်မရှိသည်လည်း မဟုတ်။ ၅၊ အတ္တာသည် အဆုံးရှိ၏။ ၆၊ အတ္တာသည် အဆုံးမရှိ။ ၇၊ အတ္တာသည် အဆုံးရှိသည်လည်း ဟုတ်၏။ အဆုံးမရှိသည်လည်း ဟုတ်၏။ ၈၊ အတ္တာသည် အဆုံးရှိသည်လည်းမဟုတ်။ အဆုံးမရှိသည်လည်း မဟုတ်။ သေပြီးသည့်နောက် ပျက်စီး၏ဟု အချို့သော ရဟန်းပုဏ္ဏားတို့က ပညတ်ကြကုန်၏။

နေဝသညီ နာသညီဝါဒ ၈ မျိုးမှာလည်း အတက်ပါအတိုင်း ဖြစ်၏။

ဥဒ္ဓေဒဝါဒ ၇ မျိုး

၁။ အတ္တာသည် ရုပ်ရှိ၏။ မဟာဘုတ် အစုအဝေး ဖြစ်၏။ မိဘတို့၏ သုက်သွေးမှ ပေါက်ဖွား၏။ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲ၏။

၂။ ဤလူ့ဘုံမှ ခန္ဓာကိုယ် ပျက်စီးရုံမျှဖြင့် အတ္တာသည် မပျက်စီးသေး။ ကာမဘဝစရုနတ်တို့၏ ကိုယ်ခန္ဓာပျက်စီးခါမှ ပြတ်စဲ၏။

၃။ ဤမျှဖြင့် အတ္တာသည် မပြတ်စဲသေး။ ရူပ ဗြဟ္မာတို့၏ ကိုယ်ခန္ဓာ ပျက်စီးခါမှ ပြတ်စဲ၏။

၄။ ဤမျှဖြင့် အတ္တာသည် မပြတ်စဲသေး။ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ နာမကာယပျက်စီးခါမှ ပြတ်စဲ၏။

၅။ ဤမျှဖြင့် အတ္တာသည် မပြတ်စဲသေး။ ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ နာမကာယ ပျက်စီးခါမှ ပြတ်စဲ၏။

၆။ ဤမျှဖြင့် အတ္တာသည် မပြတ်စဲသေး။ အာကိဉ္စညာယတန ဗြဟ္မာတို့၏ နာမကာယပျက်စီးခါမှ ပြတ်စဲ၏။

၇။ ဤမျှဖြင့် အတ္တာသည် မပြတ်စဲသေး။ နေဝသညာနာသညာယတန ဗြဟ္မာတို့၏ နာမကာယ ပျက်စီးခါမှ ပြတ်စဲ၏ဟု အချို့သော သူကိုက အသီးသီး ပညတ်ကြကုန်၏။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုး

၁။ ဤအတ္တာသည် ကာမဂုဏ် ငါးပါးကို ပြည့်ပြည့်ဝဝ ံစားနေရသောအခါ လက်ငင်းလက်တွေ့ နိဗ္ဗာန်ရောက်နေ၏။

http://www.dhammadownload.com

၂။ ဤမျှဖြင့် အတ္တသည် လက်ငင်း လက်တွေ့ နိဗ္ဗာန်သို့မရောက်သေး။ ပထမစျာန်ချမ်းသာကို ခံစားရခါမှသာ ရောက်၏။

၃။ ဤမျှဖြင့် အတ္တသည် နိဗ္ဗာန်သို့မရောက်သေး။ ဒုတိယ စျာန်ချမ်းသာကို ခံစားရခါမှသာ ရောက်၏။

၄။ ဤမျှဖြင့် အတ္တသည် နိဗ္ဗာန်သို့ မရောက်သေး။ တတိယစျာန်ချမ်းသာကို ခံစားရခါမှသာ ရောက်၏။

၅။ ဤမျှဖြင့် အတ္တသည် လက်ငင်းလက်တွေ့ နိဗ္ဗာန်သို့ မရောက်သေး။ စတုတ္ထစျာန်ချမ်းသာကို ခံစားရခါမှသာ ရောက်၏ဟု အချို့သော သူတို့က အသီးသီး ပညတ်ကြကုန်၏။

ဤသို့လျှင် ဗြဟ္မာ့ဇာလသုတ်၌ ဘုရားရှင်က ရွှေဉာဏ်တော်ကွန်ယက်ဖြင့် ဖြန့်ကြက်လွှမ်းအုပ်ကာ ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိအယူတို့ကို ဟောတော်မူထားပေသည်။

အတ္တဝါဒုပါဒါန် ဟူသည်မှာ အတ္တရှိသည်ဟူသော စွဲလမ်းခြင်းတည်း။ သီလဗ္ဗတုပါဒါန် ဟူသည်မှာ ခွေးအကျင့်၊ နွားအကျင့် စသည်ဖြင့် သံသရာမှ ထွက်မြောက်၏ဟူ၍ စွဲလမ်းခြင်းတည်း။ ဤစွဲလမ်းခြင်း လေးမျိုးတို့ဖြင့် တစုံတခုသော ရုပ်နာမ်တရားကိုမျှ မစွဲလမ်းမူ၍ဟု ဆိုလိုပေသည်။

တစုံတခု၌မျှ မမှီမူ၍ ဟူရာ၌လည်း မှီခြင်းဟူသည်မှာ ၁၀၈ ပါးသော တဏှာတို့ဖြင့်မှီခြင်းနှင့် ၆၂ပါးသော ဒိဋ္ဌိတို့ဖြင့် မှီခြင်း ဖြစ်၏။ ဤတွင် တဏှာ ၁၀၈ ပါး ရေတွက်ပုံမှာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူသော တဏှာသုံးပါးကိုတည်ကာ အာရုံ ခြောက်ပါး၊ ကာလသုံးပါးတို့ဖြင့် ဆက်ကာဆက်ကာ မြောက်ပွားသဖြင့် တဏှာ ၅၄ ပါး ရ၏။ ထိုမှတဖန် ဒိဋ္ဌိဂတသမ္ပယုတ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ် နှစ်မျိုးဖြင့် မြောက်ပွားသဖြင့် တဏှာ ၁၀၈ ပါး ရပေသည်။

ထိုသို့သော တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော ရုပ်နာမ်ခန္ဓာ၊တစုံတခုသော ဘဝ၌ မမှီမူ၍ဟု ဆိုလိုပေသည်။ သံယောဇဉ်တို့၏အာရုံဖြစ်သော ဘုံသုံးပါး တရားတို့ကို မဂ္ဂဘာဝနာအားဖြင့် ပိုင်းပိုင်း ခြားခြား သိမြင်ထားသည်ဖြစ်၍ အချင်းခပ်သိမ်း လွတ်မြောက်၏ဟု ဆိုလိုပေသည်။

၆။ အကြင်ရဟန်းသည် မြဲမြံစွာ စွဲလမ်းရာဖြစ်သော ခန္ဓာ ငါးပါးတို့၌ ဆန္ဒရာဂကို ပယ်ရာ၏။ ထိုရဟန်းသည် ဒုက္ခ၏ တည်ရာ ဖြစ်သော

http://www.dhammadownload.com

ခန္ဓာငါးပါးတို့၌ အနှစ်သာရကို မရှာတော့ပေ။ ခန္ဓာငါးပါးတို့၌ မမှီတော့ပေ။ သူတပါးတို့က ဆဲဆောင်၍ မရတော့ပေ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

အနှစ်သာရကို မရှာတော့ပေ ဟူရာ၌ နိစ္စ၊ သုဘ၊ သုခ၊ အတ္တ ဟူသော အနှစ်သာရများ ရှိလိမ့်နိုးနိုး မျှော်ကိုးသောစိတ်ဖြင့် မရှာတော့ပြီဟု ဆိုလို၏။ သူတပါးတို့က ဆဲဆောင်၍ မပြောတော့ပေ ဟူရာ၌ အပုဒ် စသော သဘောတရားတို့ကို မိမိကိုယ်တိုင် သိမြင်ပြီးဖြစ်၍ နိစ္စ စသည် ဖြစ်ကြောင်း၊ မြင့်မြတ်ကြောင်းဖြင့် မည်သူက ဆဲဆောင်၍မျှ မရတော့ဟု ဆိုလိုပေသည်။

အရိယာသာဝကမှန်လျှင် ဤသို့ အပြစ်ခိုင်မြဲကြောင်း သိမြင်ထားရှာ၍ စေရန် အင်္ဂုတ္တရ၊ ကေကနိပါတ်၊ ဇတဒဂ္ဂဝဂ်၊ အဋ္ဌကထာမှ ယူဇမ္ဗဋ္ဌ ဒါယကာ၏ ဝတ္ထုကို ဆောင်၍ ပြပါဦးမည်။

တနေ့သ၌ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားပင်တို့၏ ပျဉ်းသရေတော်များ ကွန့်မြူးလျက် သူရမ္ဗဋ္ဌ ဒါယကာ၏ အိမ်သို့ ဟပါးတည့် ဆွမ်းခံ ကြွတော်မူ၏။ ဆွမ်းလောင်းနေခိုက်ကလေးမှာပင် အနှစ် ၄၀ အနတ္တဟူသော လက္ခဏာဂေးသုံးပါး တရားတော်ကို ဟောကြားတော်မူခဲ့၏။ ထို့နောက် ဘုရားရှင်သည် ဟည်ကြည်ဖော်ရွေ ကူညီခြင်းတရားဖြင့် သိမ်မွေ့ထက်ကြတော်မူ၏။

ဤသို့ ထွက်ကြွတော်မူပြီးမှ ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ် ဂုဏ်ပြုလျက်ပင် ဘုရားရှင်၏ ကိုယ်တော်သည် သူရမ္ဗဋ္ဌ ဒါယကာ၏ အိမ်ရှေ့သို့ တကျော့တဖန် ကြွရောက်လာပြန်၏။ ဘုရားရှင်ကို ပူးမြင်ရလျှင် ဤမျှင် ဒါန်းချင်သော စေတနာသဒ္ဓါတရားမျိုး ဟာက်ကြွလာ၍ သူရမ္ဗဋ္ဌသည် သပိတ်တော်ထဲသို့ ဆွမ်းများ လောင်းလှူ၏။ ဤဖျင် ဘုရားရှင်၏ ကိုယ်တော်က နှုတ်မြွက်ပြီးလျှင်

"သူရမ္ဗဋ္ဌ၊ ခုနက သင့်ကို ငါ ဟောကြားခဲ့သောပရမ္ပ လဲပဘာ ပြန်၍ပြင်ပေးရန် ရှိနေသည်။ သခ်ါရတရားဟူသမျှ ဒုနိစ္စသိုဖော်ပြသည် အားလုံးမဟုတ်။ နိစ္စဖြစ်သော သခ်ါရတရားလည်း ရှိသေးသည်။ သခ်ါရတရားဟူသမျှ ဒုက္ခဟုဆိုသော်လည်း အားလုံးမဟုတ်။ ဒုက္ခဖြစ်သော သခ်ါရတရားလည်း ရှိနေသေးသည်။ ဟရားဟူသမျှ အနတ္တသိုဖော်လည်း အားလုံးမဟုတ်။ အတ္တတရားလည်း ရှိနေသေးသည်" ဟု မိန့်ကြား၏။

http://www.dhammadownload.com

ဤတွင် အရိယာဉာဏ်ဖြင့် အမှန်ကို မြင်ထားပြီးသော သူရဖူဌသည် ဘုရားရှင်၏ အသရေတော်များကိုပင် ငဲ့ကွက်မနေတော့ပဲ "အသင်မာရ်နတ် မဟုတ်လော" ဟု မေးလိုက်၏။ ဘုရားရှင်၏ အယောင်ကိုဆောင်၍ အလဲ့အမှား တရားများကို ဟောကြားခဲ့သော မာရ်နတ်သည် အရိယာသာဝက၏ မေးခွန်းကို ဟုတ်တိုင်းမှန်စွာ ဖြေဆိုရပြီးလျှင် ကွယ်ပျောက်၍ သွားလေတော့၏။ ဤသို့အားဖြင့် ကိုယ်တိုင်ဒိဋ္ဌ သိမြင်ထားသော အရိယာ ပုဂ္ဂိုလ်တို့မှာ သူတပါးတို့ အလဲ့အမှားတရားဖြင့် ဆွဲဆောင်သော်လည်း မလိုက်ပါကြတော့ပေ။

၇။ အကြင်ရဟန်းသည် ဝစီကံနှင့်လည်းကောင်း၊ မနောကံနှင့်လည်းကောင်း၊ ကာယကံနှင့်လည်းကောင်း သုစရိုက် တရားတို့နှင့် မဆန့်ကျင်မူ၍၊ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ခန္ဓာတို့၏ ချုပ်ငြိမ်းရာဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်ကို တောင့်တ၏။ ထို ရဟန်းသည် လောကကြီးကို လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

ကံသုံးပါးတို့ဖြင့် သုစရိုက်တရားတို့နှင့် မဆန့်ကျင်၍ ဟူသည်မှာ ကံသုံးပါးတို့ဖြင့် ဒုစရိုက်တရားတို့ကို ပယ်ခြင်းကြောင့် ဖြစ်ပါသည်။ မပြုထိုက်သော ဒုစရိုက်ကို ပယ်သဖြင့် သုစရိုက်တရားတို့ ထွန်းကားလာကာ ထို သုစရိုက်တရားတို့နှင့် ဆန့်ကျင်ရန် မရှိတော့ဟု ဆိုလိုပါသည်။ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ဟူသည်မှာ မဂ်လေးပါးဖြင့် သိခြင်းဖြစ်ပါသည်။

အနုပါဒိသေသနိဗ္ဗာန် ဟူသည်မှာ ရဟန္တာ ပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်ခံပြီးနောက် ခန္ဓာ အကြွင်းအကျန်မရှိတော့ပဲ ချုပ်ငြိမ်းသွားသော သဘောဖြစ်ပါသည်။ပရိနိဗ္ဗာန် မစံသေးမီ အရိယာပုဂ္ဂိုလ်များ တွေ့မြင်ခံစားရသော နိဗ္ဗာန်ကား သဉ်ပါဒိသေသ နိဗ္ဗာန် ဖြစ်ပါသည်။ ခန္ဓာ အကြွင်းအကျန် ရှိခြင်း မရှိခြင်းဟူသော အမြင်မျက်မှန်ကို အကြောင်းပြု၍ ဤသို့ နိဗ္ဗာန်၏ အမည်နှစ်ပါး ခွဲခြားရသော်လည်း စင်စစ်မှာမူ နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းခြင်းဟူသော သဘောတမျိုးတည်းသာ ရှိပါသည်။ ထို တမျိုးတည်းသော နိဗ္ဗာန်ကို မဂ်လေးတန်ဖြင့် သိမြင်တော် မူကြသဖြင့် အနုပါဒိသေသနိဗ္ဗာန် ဝင်စံတော်မူကြရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

အနုပါဒိသေသနိဗ္ဗာန်ကို တောင့်တကြသည် ဟူရာ၌ သေဆုံးရမည့်ရက်ကို တောင့်တခြင်းနှင့် မရောထွေးစေလိုပါ။ ရဟန္တာပုဂ္ဂိုလ်တို့မည်သည် အသက်ရှင်ရန်လည်း မတောင့်တကြပါ။ အသက်သေရန်လည်း မတောင့်တကြပါ။ နွားကျောင်းသားသည် တနေ့ကုန်လျှင် တနေ့အတွက် နွားကျောင်းခရမည် ဖြစ်သကဲ့သို့ အနုပါဒိသေသနိဗ္ဗာန် ဝင်စံရလျှင် ငလေးလံစွာ ထမ်းပိုးရှိ ရထားသော ခန္ဓာဝန်ထုပ်ကြီးမှ လွတ်မြောက်သွားမည် ဖြစ်၍ ထိုသို့ လွတ်မြောက်ခြင်းကို မျှော်လင့်နေကြောင်း အရှင်သာရိပုတ္တရာက ဟောတော်မူပါသည်။

၈။ အကြင်ရဟန်းသည် လူအပေါင်းသည်ငါ့ကိုရှိခိုးပေ၏ဟူ၍ မတက်ကြွရာ။ အဆဲခံရသော်လည်း အမျက်မထွက်ရာ။ သူတပါးတို့က ပစ္စည်းလေးပါး ပေးလှူကြသဖြင့် မယစ်မူးရာ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

လူအပေါင်းတို့က မိမိအား ရှိခိုးကြခြင်းမှာ မိမိ၏သီလစသော ဂုဏ်ကျေးဇူးကို ရည်စူး၍ ရှိခိုးကြခြင်းသာဖြစ်၏။ ထိုဂုဏ်ကျေးဇူးမျှားကို ချီးကျူးပူဇော်ကြခြင်းသာ ဖြစ်၏။ ရှိခိုးခံရသူအား မာန်မာနတက်ကြွစေရန် အားပေးအားမြှောက်ပြုခြင်း မဟုတ်ချေ။ သီလမစင်ကြယ်ပဲ ရှိခိုးခံရခြင်းထက် ထက်လှစွာသော လုံသွားဖြင့် အထိုးခံရခြင်းက မြက်လေးဘဲဟူသော ဘုရားရှင်၏ မိန့်ကြားချက်ကို အထူးသတိပြုသင့်၏။

ရှိခိုးခံရခြင်းသည် သီလမရှိသူမျှားအတွက် ကြောက်စရာ ကောင်းလှသော ဒဏ်ခတ်မှုကြီး ဖြစ်သကဲ့သို့ သီလရှိသော ပုဂ္ဂိုလ်မျှားအဟုတ်လည်း သာယာစရာ၊ မာန်မာန တက်ကြွစရာ မဟုတ်ပါချေ။ မိမိ၏သီလစသော ဂုဏ်ကျေးဇူးမျှားနှင့်တကွ သီလစသော ဂုဏ်ကျေးဇူးကို အထူးသိ၍ ရှိခိုးပူဇော်ခြင်းကို သာမုခေါ်ဖို့သာ ရှိပေသည်။ ဤသို့မဟုတ်ပဲ ငါ့ကို ရှိခိုးကြပေသည်ဟူ၍ မာန်မူမိလျှင်ကား မင်္ဂိုလ်၏ အတားအဆီး ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဤသို့မတက်ကြွရန် ဘုရားရှင် ဟောကြားတော်မူပေသည်။ ပစ္စည်းလေးပါး ရရှိရာ၌လည်း ဤသဘောအတိုင်း မှတ်ယူသင့်ပေသည်။

http://www.dhammadownload.com

ဆဲရေးခြင်း ဟူရာ၌ မဟုတ်မမှန်သော စကားဖြင့်လည်းကောင်း၊ ဟုတ်မှန်သော်လည်း တဘက်သားကို ထိခိုက်နစ်နာစေသော စကားလုံးများဖြင့်လည်းကောင်း စေတနာဆိုးဖြင့် ပြောဆိုခြင်းဖြစ်၏။ ကျမ်းဂန်များ၌ ဆဲရေးကြောင်း ဝတ္ထုဆယ်မျိုးကို ပြသထားပေသည်။ မျိုးရိုး၊ ဇာတိ၊ အမည်နာမ၊ အနွယ်၊ အလုပ်၊ အတတ်၊ အနာရောဂါ၊ လိင်၊ ကိလေသာ၊ အာပတ်ဟူသော ၁၀ မျိုး ဝတ္ထုတို့မှာ ဆဲရေးကြောင်းဝတ္ထုများ ဖြစ်၏။ ထိုဝတ္ထုတို့တွင် မည်သည့် ဝတ္ထုနှင့် ဆဲဆဲ အမျက်မထွက်သောစိတ်ဖြင့် သည်းခံကြရန် ဖြစ်ပေသည်။ ကျန်သောအချက်များ သိသာပါသည်။

၄။ ဒေါကြွင်ရဟန်းသည် တဏှာကိုလည်းကောင်း၊ ကမ္မ ဘ၀ကိုလည်းကောင်း အကြွင်းမဲ့ပယ်၍ သူတပါးကို သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းမှလည်း ရှောင်ကြဉ်၏။ ထိုရဟန်းသည် သို့လော သို့လော တွေးတောယုံမှားခြင်းကို လွန်မြောက်ရာ၏။ ငြောင့်တံသင်းကင်းသည် ဖြစ်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

ပဏ္ဏာကို အကြွင်းမဲ့ ပယ်သတ်နိုင်သည်မှာ အနာဂါမိမဂ် ဖြစ်၏။ ကမ္မ ဘ၀ကို အကြွင်းမဲ့ပယ်သတ်နိုင်သည်ကား အရဟတ္တမဂ်ဖြစ်၏။ အရဟတ္တမဂ်မှ အရဟတ္တဖိုလ်ထိ တဆက်တည်း ဆိုက်ရောက်သွားပြီးနောက် အကုသိုလ်ဟူသမျှ လုံး၀ကင်းစင်သွားပေပြီ။ ရှေးရှေးက ပြုခဲ့ပြီးသော အကုသိုလ်ကံများမှာလည်း နောက်ထပ်တဖန် ဘ၀ဆက်ရန် မရှိတော့သဖြင့် အကျိုးပေးရန် မရှိတော့ပြီ။ ယခုဘ၀တွင် ဆက်လက်၍ ပြုလုပ် နေသေးသော ကောင်းမှုများမှာလည်း နောက်ထပ်တဖန် ဘ၀သစ်ဖြစ်၍ အကျိုးပေးရန် မရှိတော့သဖြင့် ကုသိုလ်ကံဟူ၍ မဆိုရတော့ပေ။ အရှင်မြတ်ကြီးတို့၏ ကရုဏာ၊ မေတ္တာအရ ပြုသင့်ပြုထိုက်၍ ပြုကြရသော ကိုယ်ဘာများသာ ဖြစ်ပေသည်။ ဤသို့ဖြင့် ကမ္မဘ၀ကို အရဟတ္တမဂ်က အကြွင်းမဲ့ ပယ်သတ်လေသည်။

သို့လော သို့လော တွေးတောယုံမှားမှုကို သောတာပတ္တိမဂ်နှင့် ပယ်ခဲ့ပြီးဖြစ်၏။ ထိုမဂ်မှတဆင့် အရဟတ္တမဂ်သို့ ဆိုက်ရောက် လာရပေသည်။

http://www.dhammadownload.com

စူးဝင်နှိပ်စက်တတ်သော သဘော၊ ပယ်နုတ်ရန် ခက်ခဲသော သဘော အားဖြင့် လောဘ၊ ဒေါသနှင့် မောဟတို့ကို ငြောင့်တံသင်းဟု ခေါ်ရကြောင်း ရှေ့၌ ဖွင့်ဆိုခဲ့ပေပြီ။

၁၀။ အကြင်ရဟန်းသည် မိမိနှင့်လျော်သော အကျင့်ကိုသိ၍၊ သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာသိ၍ သတ္တလောကတွင် ပါဝင်သော တစုံတယောက်ကိုမျှ မညှဉ်းဆဲရာ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

မိမိနှင့် သင့်လျော်သောအကျင့် ဟူသည်မှာ မိမိ၏ ရဟန်းအဖြစ်နှင့် လျော်ကန်ပတ်သော အကျင့်မျိုးဖြစ်၏။ ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသည်ဖြင့် ဒါယကာ၊ ဒါယိကာမတို့ကို စည်းရုံးသိမ်းသွင်း၍ ပစ္စည်းလေးပါးရအောင်ပြုခြင်းသည် ရဟန်းတို့နှင့်မအပ်စပ်သောရှာမှီးခြင်းဖြစ်၍ အနေသနဟု ခေါ်၏။ ထိုသို့သော အနေသနဖြင့် မရှာမှီးပဲ ဝိနည်းတော်က ခွင့်ပြုထားသော နည်းမျှားဖြင့် ရှာမှီး၍ သုံးဆောင်ခြင်း၊ အခြားသော ကျင့်ဝတ်များကို ဆောက်တည်ကျင့်သုံးခြင်းသည် ရဟန်းဘဝနှင့် လျော်ကန်ပတ်ကုန်၏။ ထိုအကျင့်တို့ကို သာမန်အားဖြင့် သိရုံသိရမည် မဟုတ်ပေ။ အသိနှင့်တကွ လက်တွေ့ကျကျ ကျင့်သုံးရပေမည်။ စိတ်ထဲကသိရုံသိပြီး လက်တွေ့မကျင့်သုံးပါလျှင်ကား တစုံတရာအကျိုးခံစားရမည် မဟုတ်ချေ။

သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ သိမြင်ရန်ကား မဂ်ဉာဏ်လေးပါး၏ကိစ္စ ဖြစ်ပေသည်။ ထိုသို့ အသိဉာဏ် အလင်းပေါက်ပြီးသော ပုဂ္ဂိုလ်သည် သတ္တလောက အနန္တ၏အပေါ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော ဗြဟ္မစိုရ်လေးပါး ပွားများသည်ဖြစ်၍ မည်သူ့ကိုမျှ ညှဉ်းဆဲလိုစိတ် မဖြစ်ပွားတော့ပါ။

၁၁။ အကြင်ရဟန်းအား အခွံ့သော အနုသယဟူသည်လည်း မရှိကြတော့ပြီ။ အရင်းအမြစ်ဖြစ်သော အကုသိုလ် တရားတို့ကုလည်း

http://www.dhammadownload.com

ကောင်းစွာပယ်နုတ်အပ်ကုန်ပြီ။ ထိုရဟန်းသည် အလိုတဏှာ မရှိတော့ပြီဖြစ်၍ တစုံတခုကိုမျှ မတောင့်တတော့ပြီ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

အနုသယ ဟူသည်မှာ သတ္တဝါတို့၏သန္တာန်၌ အကြောင်းအားလျော်စွာ ဖြစ်ခွင့် ဖြစ်ထိုက်၊ ဖြစ်စရာအလားအလာရှိသော ကိလေသာများ ဖြစ်၏။ ဝိတိက္ကမအဆင့်၊ ပရိယုဋ္ဌာနအဆင့်၊ အနုသယအဆင့် ဟူ၍ အဆင့် သုံးဆင့် ရှိရာတွင် နောက်ဆုံးအဆင့်မှာ အကျုံးဝင်၏။

ဝိတိက္ကမ ဟူသည်မှာ ကာယကံမြောက်၊ ဝစီကံမြောက် မှောက်မှားကျူးလွန်မိသော ကိလေသာများဖြစ်၏။ ကာယကံမြောက်၊ ဝစီကံမြောက်သည်အထိ မရောက်ပဲ စိတ်ထဲမှာပင် ထကြွဖြစ်ပေါ်လာသော ကိလေသာတို့မှာ ပရိယုဋ္ဌာန ဖြစ်ကြ၏။ စိတ်ထဲမှာ ထင်ထင်ရှားရှား ဖြစ်ပေါ်မလာသေးသော်လည်း အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ခွင့်ဖြစ်စရာ၊ ဖြစ်ဖို့ အလားအလာရှိသော ကိလေသာတို့ကား အနုသယ မည်ကုန်၏။

ထို့ကြောင့် အနုသယကိလေသာဟူသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟူသော ကာလသုံးတန် သတ်မှတ်၍ မရပေ။ ဥပါဒ်ဌီဘင် ထင်ရှားရှိသော ဘရားလည်း မဟုတ်ပေ။ မဂ်နှင့် မပယ်ရသေးသော သဘောကြောင့် အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ဖို့အလားအလာရှိနေသော သဘောကိုသာ အနုသယဟု ခေါ်ရပေသည်။

ထိုအနုသယတို့သည် ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပနိဿာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ ဟူ၍ ခုနစ်ပါး အပြားရှိကုန်၏။ ထိုတွင် ကာမရာဂါနုသယဟူသည်မှာ ကာမဂုဏ်အာရုံခံစားလိုသော လောဘဖြစ်၏။ ၎င်းကို အနာဂါမိမဂ်ဖြင့် ပယ်နိုင်၏။ ဘဝရာဂါနုသယ ဟူသည်မှာ ရူပဘုံ အရူပဘုံတို့၌ တပ်မက်သော လောဘဖြစ်၏။ ၎င်းကို အရဟတ္တမဂ်ဖြင့်ပယ်နိုင်၏။ ပဋိဃာနုသယ ဟူသည်မှာ ထိပါးပုတ်ခတ်တတ်သော ဒေါသဖြစ်၏။ ၎င်းကို အနာဂါမိမဂ်ဖြင့် ပယ်နိုင်၏။ မာနာနုသယဟူသည်မှာ ထောင်လွှားတတ်သော မာနပင် ဖြစ်၏။ ၎င်းကို အရဟတ္တမဂ်ဖြင့် ပယ်နိုင်၏။ ဒိဋ္ဌာနုသယဟူသည်မှာ ၆၂ ပါးသော ဒိဋ္ဌိပင် ဖြစ်၏။ ၎င်းကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်နိုင်၏။ ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာနှင့် သစ္စာလေးပါးတို့၌ သို့လော သို့လော တွေးတောယုံမှားခြင်းသည် ဝိစိကိစ္ဆာနုသယဖြစ်၏။ ၎င်းကို သောတာပတ္တိ

http://www.dhammadownload.com

မင်္ဂဖြင့် ပယ်နိုင်၏။ သိသင့်သိထိုက်သောတရားတို့ကို မသိတတ်သော မောဟသည် အဝိဇ္ဇာနုသယဖြစ်၏။ ၎င်းကို အရဟတ္တမင်္ဂဖြင့် ပယ်နိုင်၏။

ဤသို့ အနုသယခုနစ်ပါးရှိသည်အနက် အရင်းအမြစ်ဖြစ်သောအကုသိုလ်တရားတို့ကိုလည်း ကောင်းစွာ ပယ်နုတ်ပြီးပြီဟူသော ဒုတိယပိုဒ်၌ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ် မူလ တရားသုံးပါးကို ကောက်ရှိုးမည်ဖြစ်၍ ဤ ရှေပိုဒ်၌ ကျန်သော အနုသယမျိုးကိုသာ ကောက်သင့်ပေသည်။ ကျန်သောစကားမျိုးကား ထင်ရှားပါပြီ။

၁၂။ အကြင်ရဟန်းသည် အာသဝ ကုန်ပြီးသည်ဖြစ်၍၊ မာနကိုးပါးကို ပယ်ပြီးပြီ ဖြစ်၍၊ ရာဂ၏ သွားရာလမ်းကြောင်းကို ကျော်လွန်ပြီးပြီ ဖြစ်၍၊ ယဉ်ကျေးသည်ဖြစ်၍၊ ငြိမ်းအေးသည်ဖြစ်၍ မတုန်လှုပ်သော စိတ်ရှိ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

အာသဝဟူသည်မှာ ကြာမြင့်စွာထုံအပ်သော အရက်၏ အမည်တမျိုးဖြစ်၏။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော တရားလေးပါးတို့မှာလည်း အရက်ကဲ့သို့ပင် ကမ္ဘကမ္ဘာ ကြာမြင့်စွာသော အခါန်မှစ၍ ဖြစ်ပွားလာခဲ့ကြကာ အရှိန်အဟုန်ကောင်းနေကြသည့်အတွက် အာသဝဟု ခေါ်ရလေသည်။ ထိုလေးပါးတို့၏ အရကောက်မှာ ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ဒိဋ္ဌာနုသယနှင့် အဝိဇ္ဇာနုသယတို့မှ အရကောက်ခဲ့သော စေတသိက်များပင် ဖြစ်ပေသည်။

တနည်းအားဖြင့် ဘုံအားဖြင့်ဘဝဂ်တိုင်အောင်၊ တရားအားဖြင့် မဂ်ဉာဏ်၏ရှေ့မှ ဂေါတြဘူတိုင်အောင်သော တရားတို့ကို အာရုံပြုကာ၊ တပ်မက်စဲလမ်းကာ ယိုစီးတတ်သောကြောင့် အာသဝဟု ခေါ်ရပေသည်။ ရဟန္တာပုဂ္ဂိုလ်သည် ထိုအာသဝေလးပါးလုံး ကုန်ခဲ့ပြီဖြစ်၍ ခီဏာသဝဟု အမည်ရပေသည်။

မာန်ကိုးပါးဟူရာ၌ သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်ဟူ၍ ပထမဦးစွာ မာန်သုံးပါးရှိ၏။ ငါသည် အသာဆုံး အမြတ်ဆုံး ဟူသည်ကား သေယျမာန် မည်၏။ ငါသည် မည်သူနှင့် တူစွဲတကား ဟူသည်ကား

http://www.dhammadownload.com

သဒိသမာန် မည်၏။ ငါသည် မည်သူထက်နိမ့်ကျနေသော်လည်း ဘာ ဖြစ်ရမည်နည်း ဟူသည်ကား ဟီနမာန် မည်၏။

ထို မာန်သုံးမျိုးသည်ပင် မြင့်မြတ်သော သေယျပုဂ္ဂိုလ်၊ အလတ်တန်းစား ဖြစ်သော သဒိသပုဂ္ဂိုလ်နှင့် နိမ့်ကျသော ဟီန ပုဂ္ဂိုလ်များဌ ဖြစ်တတ်လေသောကြောင့် အားလုံး မာန်ကိုးပါး ဖြစ်ပေသည်။ ထို မာန်ကိုးပါးလုံးကို အကြွင်းမဲ့ပယ်သည်ကား အရဟတ္တမဂ် ဖြစ်ပေသည်။

ရာဂ၏သွားရာလမ်းကြောင်း ဟူသည်မှာ ရာဂ၏ ကျက်စားရာဖြစ်သော ဘုံသုံးပါး တရားများ ဖြစ်၏။ ထိုတရားတို့အပေါ်ဌ ပိုင်းခြားရှိသိသော ပရိညာအားဖြင့်လည်းကောင်း၊ တပ်မက်ခြင်းကို ပယ်သော ပဟာန ကိစ္စအားဖြင့်လည်းကောင်း ကျော်လွန်နိုင်ပေသည်။ထိုပုဂ္ဂိုလ်သည် ဖောက်ပြန်မှုမရှိတော့သော အရိယာတို့၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးကာ ကိလေသာဟူ အပူအားလုံးမှ ငြိမ်းအေးလေတော့သည်။

၁၃။ အကြင်ရဟန်းသည် မတုပ်လှုပ်သော သဒ္ဓါတရား ရှိ၏။ ပရမတ္ထတရားတို့ကို ကြားဖူးနား၀ ရှိ၏။ ဟုတ်မှန်၍ မြဲမြံသော မဂ်ဉာဏ်ကို မြင်ပြီးသူ ဖြစ်၏။ မိစ္ဆာအယူကို လက်ခံခြင်းဖြင့် ထိုအယူရှိသူများဌ ဆည်းကပ်ခြင်း မပြုပေ။ လောဘကိုလည်းကောင်း၊ ထိပါးပုတ်ခတ်တတ်သော ဒေါသကို လည်းကောင်း ပယ်ဖျောက်ရာ၏။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

မတုန်လှုပ်သော သဒ္ဓါတရားဟူသည်မှာ ဘုရားအစရှိသော ရတနာသုံးပါးတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို သူများ အပြောအဟောကောင်း၍ ယုံကြည်ရခြင်း မဟုတ်ပဲ ကိုယ်တိုင်ကိုယ်ကျပ် ငြိမ်းအေးချမ်းသာသော အရသာကို ခံစားရ၍ ဘက်ပေါင်းစုံမှ သက်ဝင်ယုံကြည်ခြင်း ဖြစ်၏။ တရားတော်ကို ကိုယ်တိုင်ကိုယ်ကျပ်ကျင့်သုံးခြင်းသည် သူတပါးစကားကို ယုံကြည်ရုံမျှနှင့် ဖြစ်နိုင်သည် မဟုတ်ပေ။ ပြောသံကြားနှင့် လမ်းဆုံးမနေပဲ ကိုယ်တိုင် ကိုယ်ကျပ် ကျင့်သုံးကြည့်ပါမှ တရားတော်၏ အရသာကို ကိုယ်တိုင် ခံစားရကာ "အရှင်ဘုရား၊ဤအရာဌ် တပည့်တော်သည် ဘုရားရှင်အား ယုံကြည်မှုသက်သက်ဖြင့် ဆည်းကပ်ခြင်း မဟုတ်ပါဘုရား" ဟု အရိယာ ပုဂ္ဂိုလ်ကြီးများ လျောက်ထားသကဲ့သို့ လျောက်ထားနိုင်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com

ဟုတ်မှန်၍ မြဲမြံသော မဂ်ဉာဏ်ကို သမ္မတ္တနိယာမ ဟု ခေါ်၏။ ဓမ္မသင်္ဂဏီပါဠိတော်တွင်ကား သမ္မတ္တနိယတ ဟု ဟောတော်မူ၏။ သေလျှင် ငရဲဘုံသို့ ဧကန်ကျစေရန် မြဲမြံသော တရားတို့ကား မိစ္ဆတ္တနိယတ တရားမည်၏။ အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြစ်မှားခြင်း၊ သံဃာကိုသင်းခွဲခြင်း တည်းဟူသော အနန္တရိယ ကံကြီးငါးပါးနှင့်တကွ မစွန့်လွှတ်ပဲ စွဲမြဲစွာ ဆုပ်ကိုင်ထားသော နိယတမိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေသည်။

မိစ္ဆာအယူရှိသော သူတို့ကို ဆည်းကပ်ရာ၌ ထိုသူတို့ကို တိုက်ရိုက်အားဖြင့် ဆည်းကပ်ကိုးကွယ်နေမှ မဟုတ်ပေ။ ထိုသူတို့၏အယူကို လက်ခံယုံကြည်လျှင်ပင် ဆည်းကပ်ပြီး ဖြစ်နေပေပြီ။ ထိုအယူဝါဒရှင်တို့မှာလည်း အချင်းချင်း ညီညွတ်ကြသည် မဟုတ်ပေ။ တချို့က မြဲသည်ဟု ယူဆကာ တချို့က ပြတ်သည်ဟု ယူဆကြ၏။ ဤသို့ စသည်ဖြင့် တဦးနှင့် တဦး ဆန့်ကျင်ဘက် ဖြစ်နေကြသူများထဲမှ တဦးဦး၏ အယူဝါဒကို လက်ခံ လိုက်မိလျှင် ကျန်သော ပုဂ္ဂိုလ်များနှင့် ဆန့်ကျင်ဘက် ဖြစ်ရပေတော့သည်။ ဤသို့သော အယူမှားများကို သောတာပတ္တိမဂ်မှာကတည်းက ပယ်ခဲ့ပြီး ဖြစ်ပေသည်။

၁၄။ အကြင်ရဟန်းသည် အလွန်စင်ကြယ်ကြောင်း ဖြစ်သော အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာကို အောင်နိုင်၏။ အဖုံးအပိတ်ကို ဖွင့်လှစ်နိုင်၏။ သစ္စာလေးပါး တရားတို့၌ လေ့လာပြီး ဖြစ်၏။ တဘက်ကမ်းသို့ ဆိုက်ရောက်၏။ တုန်လှုပ်တတ်သော တဏှာ မရှိပေ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

အဖုံးအပိတ်ဟူသည်ကား လောဘ၊ဒေါသ၊မောဟ ဟူသော အကုသိုလ်မူလတရားသုံးပါး ဖြစ်၏။ သစ္စာလေးပါးကို လေ့လာခြင်းသည် အရိယာပုဂ္ဂိုလ်အားလုံးနှင့် သက်ဆိုင်သော်လည်း ရဟန္တာပုဂ္ဂိုလ် သိသလောက်ကား မည်သူမျှ မသိနိုင်ပေ။ ထို့ကြောင့် ရဟန္တာ ပုဂ္ဂိုလ်ကိုသာ သစ္စာလေးပါး တရားတို့၌ လေ့လာပြီးသူဟု ဆိုရပေသည်။

ပရိနိဗ္ဗာန်မစံသေးမီ ခံစားရသော နိဗ္ဗာန်သည် သဥပါဒိသေသ နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်သို့ အရဟတ္တမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရောက်ခြင်းကို တဘက်ကမ်းသို့ ရောက်သည်ဟု ဆိုရပေသည်။

http://www.dhammadownload.com

သင်္ခါရချုပ်ငြိမ်းရာ နိဗ္ဗာန်ကို လေးပါးသော မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုကာ မဂ္ဂဘာဝနာကို ပွားများခဲ့ပြီး ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်သာလျှင် ထိုဉာဏ်အရာ၌ လိမ္မာသည်ဟု ဆိုရပေသည်။

၁၅။ အကြင်ရဟန်းသည် အတိတ်ခန္ဓာငါးပါး၊ အနာဂတ်ခန္ဓာ ငါးပါးတို့၌ ငါ၊ငါ့ဟာဟု ကြံစည်တတ်သောတဏှာကို ကျော်လွန်နိုင်၏။ အဓွန့်သုံးဖြာကို ကျော်လွန်၍ စင်ကြယ်သော ပညာ ရှိ၏။ အလုံးစုံသော အာယတနတို့မှ လွတ်ကင်း၏။ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

ငါဟု ကြံစည်ခြင်းသည် ဒိဋ္ဌိ ဖြစ်၍ ငါ့ဟာဟု ကြံစည်ခြင်းမှာ တဏှာ ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်လာ အဓွန့်သုံးဖြာမှ အဝိဇ္ဇာ တဏှာ ဟူသော အတိတ်အဓွန့်၊ ဇာတိ၊ ဇရာ၊ မရဏဟူသော အနာဂတ်အဓွန့်နှင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဟူသော ပစ္စုပ္ပန်အဓွန့်တို့၌ တွေးတော ယုံမှားခြင်းမှ ကျော်လွန်ခြင်းကို အဓွန့် သုံးဖြာမှ ကျော်လွန်ခြင်းဟု ဆိုလိုသည်။ ရဟန္တာပုဂ္ဂိုလ်သည် ထိုသို့ လွန်မြောက်၍ အရဟတ္တမဂ်ပညာဖြင့် စင်ကြယ်စွာ သိမြင်လေသည်။ ရဟန္တာ ပုဂ္ဂိုလ်အဖို့ နောက်ထပ်တဖန် ပဋိသန္ဓေနေရန် မရှိတော့သဖြင့် အာယတန အားလုံးမှ လွန်မြောက်နေပေသည်။

၁၆။ အကြင်ရဟန်းသည် သစ္စာတရား တပါးပါးကို ပိုင်းခြားကာ သိနှင့်ထား၍၊သစ္စာတရားအားလုံးကိုမဂ်ဉာဏ်ဖြင့်တပြိုင်နက်သိ၍၊အာသဝတရားတို့ကို ပယ်ကြောင်း ဖြစ်သော နိဗ္ဗာန်ကို မြင်၍၊ ဥပဓိတရားအားလုံး ကုန်ပြီဖြစ်၍ တစုံတခုသော တရားကိုမျှ မကပ်ငြိတော့ပေ။ ထိုရဟန်းသည် လောကကြီးမှ လွန်မြောက်အောင် ကျင့်နိုင်ပေရာ၏။

http://www.dhammadownload.com

သစ္စာတရား တပါးပါးကို ပိုင်းခြားကာ သိန့်ဇင်ထား၍ ဟူသည်မှာ မဂ်ဝိထိမကျမီ ရှေးဦးစွာ ကျင့်သုံးအပ်သော အစီအစဉ် ဖြစ်ပါသည်။ သစ္စာတရား တပါးစီ တပါးစီတို့၏ သဘောအဓိပ္ပာယ်တို့ကို ဆရာသမားများထံမှ သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာခြင်း၊ နှုတ်တက်ဆောင်ခြင်း၊ သဘော အဓိပ္ပာယ်ကို ဆင်ခြင်သုံးသပ်ခြင်းတို့ဖြင့် ပိုင်းပိုင်းခြားခြား နားလည်သဘော ပေါက်ထားခြင်း ဖြစ်၏။ သစ္စာတရားလေးပါးကို မဂ်ဉာဏ်ဖြင့် တပြိုင်နက် သိ၍ဟု ဟောကြားထားသဖြင့် နိဗ္ဗာန်ကို မြင်၍ ဟူရာ၌ မဂ္ဂဝိထိ ကျပြီး နောက်မှာ ဖြစ်ပေါ်လာသော ပစ္စဝေက္ခဏာဉာဏ်ဖြင့် မြင်ခြင်းကို ကောက် ယူရပါလိမ့်မည်။

ဥပမိ ဟူသည်မှာ ဒုက္ခ၏တည်ရာဟု အဓိပ္ပာယ်ရပါသည်။ ထိုဥပမိတရား လေးပါးမှာ ခန္ဓူပမိ၊ ကာမူပမိ၊ ကိလေသူပမိ၊ အဘိသင်္ခါရူပမိတို့ ဖြစ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်သည် ထိုဥပမိတရားလေးပါးလုံး ကုန်ခဲ့ပြီဖြစ်၍ ဟစုံတခုသော တရားကိုမျှ မကပ်ငြိတော့ပေ။ ဤသို့ ဖြေကြားတော်မူခြင်းဖြင့် ပကတိဘုရားရှင်က ဒေသနာတော် တပုဒ်ကို နိဂုံး ချုပ်တော်မူလေသည်။

၁၇။ အို ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား၊ အမျှင်ဘုရား ဖြေကြားသော စကားသည် ဖြေကြားသည့်အတိုင်း ဟုတ်မှန်လှပါပေ၏။ အဘယ့်ကြောင့်နည်း ဟူမူကား ဤသို့ ကျင့်သုံး နေထိုင်သော ရဟန်းသည် ယဉ်ကျေးသည် ဖြစ်၍ သံယောဇဉ်နှင့် ယောဂကို ကျော်လွန်နိုင်သောကြောင့်တည်း။ ထို့ဟန်းသည် လောကကြီးကို လွန်မြောက်အောင် ကျင့်နိုင်သောကြောင့်ဟည်း။

ဤစကားရပ်ကား ပကတိဘုရားရှင်၏ ဖြေကြားချက်ကို နှိမ့်ဖတ် ဘုရား ရှင်က ချီးကျူးတော်မူခြင်း ဖြစ်၏။

ထိုစကားရပ်မှာပါဝင်သော သံယောဇဉ်ဟူသည် သံသရာပင်္ကပ် မပျက် မထွက်ရစေရန် ဖွဲ့နှောင်တတ်သော တရားများ ဖြစ်၏။ ထိုသံယောဇဉ်တရား များမှာ သုတ္တန်အလိုအားဖြင့် ကာမရာဂသံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ဒိဋ္ဌိသံယောဇဉ်၊

http://www.dhammadownload.com

သီလဗ္ဘတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် အားဖြင့် ဆယ်ပါး ရှိ၏။

အဘိဓမ္မာ အလိုအားဖြင့် ကာမရာဂသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဘတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာ သံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်အားဖြင့် ဆယ်ပါး ရှိ၏။

ထိုတွင် ရူပရာဂသံယောဇဉ်ဟူသည်မှာ ရူပ ဆယ့်ခြောက်ဘုံ၌ သာယာတပ်မက်မှု ဖြစ်၏။ အရူပရာဂ သံယောဇဉ် ဟူသည်မှာ အရူပလေးဘုံ၌ သာယာ တပ်မက်မှု ဖြစ်၏။ ထိုနှစ်ပါးလုံးကို သိမ်းကျုံး၍ ဘဝရာဂ သံယောဇဉ်ဟု ဟောတော်မူ၏။ ဣဿာ ဟူသည်မှာ သူတပါး၏ တိုးတက်ကြီးပွားမှုကို မနာလိုခြင်း ဖြစ်၏။ မစ္ဆရိယ ဟူသည်မှာ မိမိ၏ ပစ္စည်းဥစ္စာနှင့် အတတ်ပညာ စသည်ကို သူတပါးအား မပေးလိုခြင်း ဖြစ်၏။ ကျန်သော သံယောဇဉ်တို့ကား ရှေ့ပိုင်းမှ ပွင့်ဆိုချက်များအရ သိသာလောက်ပါပြီ။

ယောဂ လေးပါးမှာ အာသဝ တရားလေးပါးကို နာမည် တမျိုးနှင့် ဟောတော်မူထားခြင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com



၃။ ပုရာဇာဒသုတ် အဖွင့်

ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီး အတွင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ဗြဟ္မာတို့အား ဘုရားရှင်ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။ ယခင် သမ္မာပရိဗ္ဗာဇနီယသုတ်ကဲ့သို့ပင် ဤသုတ်ကိုလည်း နိမ္မိတဘုရားရှင်နှင့် ပကတိဘုရားရှင်တို့ အဓေးအဖြေ ပြုလုပ်၍ ဟောတော်မူတော်မူပေသည်။

ဤသုတ္တန်နှင့်တကွ သုတ္တနိပါတ်၊ အဋ္ဌကဝဂ်မှာ ပါဝင်သော သုတ္တန်များကို မဟာနိဒ္ဒေသ ပါဠိတော်ဖြင့် ဖွင့်ဆိုထားပါသည်။ ၎င်းကိုတဖန် မဟာနိဒ္ဒေသ အဋ္ဌကထာက ထပ်ဆင့်၍ ဖွင့်ဆိုတားပါသည်။ သုတ္တနိပါတ် အဋ္ဌကထာကလည်း ပင်ရင်း သုတ္တန်များကို ဖွင့်ဆိုထားပါသည်။ သို့ဖြစ်၍ သုတ္တနိပါတ် အဋ္ဌကထာနှင့်တကွ မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကထာတို့၏ ဖွင့်ဆိုချက်များကိုပါ ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

၁။ ဂေါတမနှယ်ဖွား အို ရှင်တော်မြတ်ဘုရား၊ အဘယ်သို့သော ပညာနှင့် ပြည့်စုံသောသူ၊ အဘယ်သို့သော သီလနှင့် ပြည့်စုံသောသူကို ကိုလေသာ ငြိမ်းအေးသူ ဟူ၍ ခေါ်ရပါသနည်း။ နိမ္မိတဘုရားသည် မေးအပ်သော ပကတိဘုရားရှင်သည် ထိုယောကျ်ားမြတ်ကို ဖြေကြားတော်မူပါလေ့။

http://www.dhammadownload.com

၂။ နိမိတကိုယ်စား အိုရှင်တော် မြတ်ဘုရား၊ အကြင်သူသည် ခန္ဓာကိုယ် မပျက်စီးသေးမီက တဏှာ ကင်းပြီးသည်ဖြစ်၍ အတိတ်ကို မကပ်မိပေ။ ပစ္စုပ္ပန် ကာလ၌လည်း တပ်မက်သူ၊ အမျက်ထွက်သူ စသည်ဖြင့် မရှေတွက်သင့်ပေ။ ထိုပုဂ္ဂိုလ်အား အနာဂတ်၌လည်း တောင့်တခြင်း မရှိပြီ။ ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသူ ဟူ၍ ငါဆို၏။

နိမိတဘုရားရှင်၏ အဖေမးနှင့် ပကတ်ဘုရားရှင်၏ အဖြစ်ကားများ ဖြစ်၏။ နိမိတဘုရားရှင်၏ အဖေမးစကား၌ အဘယ်သို့သော ပညာနှင့် ပြည့်စုံသော်သူ ဟူသည်မှာ အဓိပညာသိက္ခာကို ဖေးမြှင်းခြင်း ဖြစ်၏။ အဘယ်သို့သော သီလနှင့် ပြည့်စုံသောသူ ဟူသည်မှာ အဓိသီလ သိက္ခာကို ဖေးခြင်း ဖြစ်၏။ ကိလေသာ ငြိမ်းအေးသူ ဟူသည်မှာ အဓိစိတ္တသိက္ခာကို ဖေးခြင်း ဖြစ်၏။ အဓိစိတ္တ ဟူသည်မှာ တည်ကြည် ငြိမ်သက်သော သမာဓိ ဦးစီးထားသောစိတ်ကို ဆိုလိုပေသည်။

ပညာသိက္ခာကို အမှူးပြု၍ သိက္ခာသုံးပါးလုံးကို ဖေးမြှင်း ထားသော်လည်း ထိုသိက္ခာသုံးပါးလုံးကို ပကတိဘုရားရှင်က သရုပ်အားဖြင့်ခွဲခြား၍ ဖြတောင်မမူပါ။ တရားနာ ပရိသတ်ဖြစ်သော နတ် ဗြဟ္မာတို့သည် ဉာဏ်ပညာကြီးမားသော ဗုဒ္ဓိစရိုက်ရှိသူများဖြစ်၍ ပညာ သိက္ခာဖြင့်သာ သိမ်းကျုံး၍ ဖြတောင်မူပါသည်။ တဏှာ စသော ကိလေသာများ ငြိမ်းအေးပုံကိုသာ ဉာဏ်ပညာဖြင့် မြင်သာအောင် ပြတော်မူပါသည်။ ပညာနှင့်အတူ သီလနှင့် သမာဓိတို့လည်း သဘောအားဖြင့် ပါဝင်ပြီး ဖြစ်ပါသည်။

အတိတ် ကာလကို မကပ်မိ ဟူသည်မှာ အတိတ်ကာလကို အကြောင်းပြု၍ ဖြစ်တတ်သော တဏှာဒိဋ္ဌိတို့ကို ပယ်စွန့်ခြင်း ဖြစ်ပါသည်။

တနည်းအားဖြင့် "အတိတ်ကာလတုန်းက ငါ၏ ရုပ်၊ ဝေဒနာ၊သညာ၊ သင်္ခါရ၊ဝိညာဉ်တို့သည် ဤသို့ဖြစ်ခဲ့လေပြီ" ဟုတွေးတော၍ သာယာခြင်းကို မပြုတော့ပေ။

http://www.dhammadownload.com

တနည်းအားဖြင့် အတိတ်ကာလတုန်းက ငါ၏ မျက်စိသည် ဤသို့ ဖြစ်ခဲ့၏။ ငါ မြင်ခဲ့သော ရူပါရုံသည် ဤသို့ ဖြစ်ခဲ့၏ ဟူ၍ စိတ်သည် ထို အတိုက်ဓာတ် အခံဓာတ် နှစ်ပါးလုံးအပေါ်၌ တပ်မက်မှုနှင့် မစပ်ယှဉ်ပေ။ တပ်မက်မှု မရှိခြင်းကြောင့် နှစ်သက်မှုလည်းမရှိပေ။ နားနှင့် သဒ္ဒါရုံ စသည် တို့မှာလည်း ဤသို့ပင် နှစ်သက်မှု မရှိပေ။

တနည်းအားဖြင့် ရှေးအခါတုန်းက အမျိုးသမီးနှင့်အတူတက္ခ ရယ်ရှင်ခြင်း၊ စကားဆိုခြင်း၊ မြူးထူး ပျော်ပါးခြင်း တို့ကို ပြန်တွေး၍ မသာယာတော့ပေ။ မတပ်မက်တော့ပေ။ ထိုအာရုံကို အကြောင်းပြု၍ နှစ်သက်ကြည်နူးမှုကို မခံစားတော့ပေ။ ဤသို့အားဖြင့် အတိတ်ကာလကို မကပ်မှီခြင်း ဖြစ်ပေသည်။

ပစ္စုပ္ပန်၌လည်း တပ်မက်သူ၊အမျက်ထွက်သူစသည်ဖြင့် မရေတွက်သင့်ပေ ဟူရာ၌ ပစ္စုပ္ပန်ကာလကို အကြောင်းပြု၍ ဖြစ်ပေါ်တတ်သော တဏှာကို ပယ်ပြီးပြီဖြစ်၍၊ ဒိဋ္ဌိကို စွန့်ပြီးပြီဖြစ်၍ တပ်မက်သူ ဟူ၍လည်းကောင်း၊ အမျက်ထွက်သူဟူ၍လည်းကောင်း၊ မိုက်မဲသူဟူ၍လည်းကောင်း၊ နှောင်ဖွဲ့ခံရသူ ဟူ၍လည်းကောင်း၊ မှားသောအားဖြင့် သုံးသပ်သူ ဟူ၍လည်းကောင်း၊ ပျံ့လွင့်ခြင်းသို့ရောက်သူ ဟူ၍လည်းကောင်း၊ မဆုံးဖြတ်နိုင်ခြင်းသို့ရောက်သူ ဟူ၍လည်းကောင်း၊ မိုက်အားကြီးသူ ဟူ၍ လည်းကောင်း မရေတွက်သင့်တော့ပေ။

ဘဝသစ်ကို ပြုပြင်စီရင်တတ်သော ကံဟုဆိုအပ်သော ထိုအဘိသခ်ါရတို့ကို ပယ်စွန့်ပြီးပြီဖြစ်၍ ငရဲလားမည့်သူ ဟူ၍လည်းကောင်း၊ တိရစ္ဆာန်ဘဝရောက်မည့်သူ ဟူ၍လည်းကောင်း၊ ပြိတ္တာဘုံရောက်မည့်သူ ဟူ၍လည်းကောင်း၊ လူ့ဘုံရောက်မည့်သူ ဟူ၍လည်းကောင်း၊ နတ်ပြစ်မည့်သူ ဟူ၍လည်းကောင်း၊ ရူပဘုံရောက်မည့်သူ ဟူ၍လည်းကောင်း၊ အရူပဘုံရောက်မည့်သူ ဟူ၍လည်းကောင်း၊ နာမ်ရှိသော ဘုံများသို့ ရောက်မည့်သူ ဟူ၍လည်းကောင်း၊ အသညသတ်ဘုံသို့ရောက်မည့်သူ ဟူ၍လည်းကောင်း မရေတွက်သင့်တော့ပေ။ ရေတွက်ခြင်း၏ အကြောင်းဖြစ်သော ကံကိလေသာတို့ မရှိတော့ပေ။ ထို့ကြောင့် ပစ္စုပ္ပန်၌ တပ်မက်သူ၊ အမျက်ထွက်သူ စသည်ဖြင့် မရေတွက်သင့်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

အနာဂတ်၌လည်း တောင့်တခြင်း မရှိပြီဟူရာ၌ တဏှာဒိဋ္ဌိတို့၏ စေစားရာသို့ မပါတော့ပြီ။ တဏှာဒိဋ္ဌိတို့ဖြင့် မဝင့်မဝါတော့ပြီ။ တဏှာဒိဋ္ဌိတို့၏ ဦးဆောင်မှုကို မခံယူတော့ပြီ။ တဏှာဒိဋ္ဌိတို့နှင့် မပေါင်းမယှဉ်တော့ပြီဟု ဆိုလိုပါသည်။

တနည်းအားဖြင့် "အနာဂတ်ကာလ၌ ငါ၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် ဤသို့ဖြစ်လတ္တံ့" ဟု တွေးတော၍ သာယာခြင်းကို မပြုတော့ပေ။

တနည်းအားဖြင့် အနာဂတ်ကာလ၌ ငါ၏မျက်စိသည် ဤသို့ဖြစ်လတ္တံ့။ ငါမြင်လတ္တံ့သော ရူပဘုံသည် ဤသို့ဖြစ်လတ္တံ့ ဟူ၍ မရသေးသည်ကို ရရှိစေရန် မတောင့်တပေ။ နားနှင့် သဒ္ဒါရုံတို့နှင့်ပတ်သက်၍လည်း ထိုသို့ပင် မတောင့်တပေ။ မတောင့်တသောကြောင့် နှစ်သက် ဝမ်းမြောက်ခြင်းလည်း မရှိပေ။

တနည်းအားဖြင့် ဤသို့သော သီလဖြင့်၊ ဤသို့သောအကျင့်ဖြင့်၊ ဤသို့သော ခြိုးခြံခြင်းဖြင့်၊ ဤသို့သော မြတ်သောအကျင့်ဖြင့် ငါသည် နတ်သားတပါး ဖြစ်ရအံ့" ဟု ဟူ၍ မရသေးသည်ကို ရရှိစေရန် မတောင့်တပေ။ မတောင့်တသောကြောင့် နှစ်သက်ဝမ်းမြောက်ခြင်းလည်း မရှိပေ။

ဤသို့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံး၌ တဏှာဒိဋ္ဌိကင်းရှင်းနေသော ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာ ငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟောကြားတော်မူပေသည်။

၃။ အကြင်ရဟန်းသည် အမျက်ထွက်လေ့မရှိ။ ထိတ်လန့်ခြင်းမရှိ။ မိမိဂုဏ်ကို ကြွားဝါခြင်းမရှိ။ ကုက္ကုစ္စဖြစ်ခြင်းမရှိ။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုတတ်၏။ မတုန်လှုပ်သောစိတ်ရှိ၏။ နှုတ်စောင့်စည်း၏။ ထိုရဟန်းကို ကိလေသာ ငြိမ်းအေးသောသူ ဟူ၍ ငါဆို၏။

http://www.dhammadownload.com

ဒေါသဖြစ်ခြင်း၏ အကြောင်းကို အာဃာတဝတ္ထုဟု ခေါ်၏။ ထို အာဃာတဝတ္ထုဆယ်ပါးမှာ ဤသို့တည်း။ "ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုခဲ့လေပြီ။ ငါ၌အကျိုးမဲ့ကို ပြုနေသည်။ ငါ၏အကျိုးမဲ့ကိုပြုလတ္တံ့။ ငါ့ချစ်သူ၏ အကျိုးမဲ့ကို ပြုခဲ့လေပြီ။ ငါ့ချစ်သူ၏အကျိုးမဲ့ကို ပြုနေသည်။ ငါ့ချစ်သူ၏အကျိုးမဲ့ကို ပြုလတ္တံ့။ ငါမုန်းသူ၏ အကျိုးစီးပွားကို ဆောင်ရွက်ခဲ့လေပြီ။ ငါမုန်းသူ၏ အကျိုးစီးပွားကို ဆောင်ရွက်နေသည်။ ငါမုန်းသူ၏ အကျိုးစီးပွားကို ဆောင်ရွက်လတ္တံ့" ဟူ၍ ဤကိုးမျိုးတို့တွင် တမျိုးမျိုးဖြင့် ရန်ငြိုးဖွဲ့ခြင်း၊ အရာဌာန မဟုတ်သော မိုးရွာခြင်း၊ နေပူခြင်း စသည်တို့၌ အမျက်ထွက်ခြင်း တို့ပင်တည်း။

တနည်းအားဖြင့် ဒေါသ၏ လွန်ကဲပုံ၊ ယုတ်လျော့ပုံတို့ကိုလည်း ဤသို့ သိအပ်၏။

ဟခါတရံတွင် ဒေါသသည် စိတ်နောက်ကျုံ့မျှသာ ဖြစ်၏။ ဟခါတရံ ထို့ထက်ပိုသော်လည်း နှုတ်ခမ်းပြင်ရုံမျှသာ ဖြစ်၏။ တခါဟရံ ထို့ထက်ပိုသော်လည်း မေးလှုပ်ရုံမျှသာ ဖြစ်၏။ တခါတရံ ထို့ထက်ပိုသော်လည်း ကြမ်းတမ်းသောစကားမျှား ဆဲဆိုရုံမျှသာဖြစ်၏။ ဟခါတရံ ထို့ထက်ပိုသော်လည်း ထိုထိုဤဤ လှည့်လည် ကြည့်ရှုရုံမျှသာဖြစ်၏။ ဟခါတရံ ထို့ထက်ပိုသော်လည်း တုတ်၊ ဓား လက်နက် ကိုင်ရုံမျှသာ ဖြစ်၏။ တခါတရံ ထို့ထက်ပိုသော်လည်း တုတ်၊ဓား လက်နက် မြှောက်ခိုရုံမျှသာ ဖြစ်၏။ တခါတရံ ထို့ထက်ပိုသော်လည်း တုတ်၊ ဓား လက်နက်ဖြင့် ရိုက်နှက်ထိုးခုတ်ရုံမျှသ်ာ ဖြစ်၏။ တခါတရံ ထို့ထက်ပိုသော်လည်း ပေါက်ရုံပြဲရုံမျှသာ ပြု၏။ တခါတရံ ထို့ထက် ပိုသော်လည်း ခွဲရုံ ဖြတ်ရုံမျှသာ ပြု၏။ တခါတရံ ထို့ထက် ပိုသော်လည်း အင်္ဂါအစိတ်အပိုင်းများကို ဖြတ်ပစ်ရုံသာပြု၏။ တခါတရံ ထို့ထက်ပိုသော်လည်း အသက်ဆုံးအောင် စီရင်လိုက်ရုံသာ ပြု၏။ ထို့ဒေါသသည် အလုံးစုံကို စွန့်လွှတ်သည့် အဆင့်သို့ကား မရောက်သေးပေ။ သူတပါးကို သတ်ဖြတ်ပြီးနောက် မိမိကိုယ်ကို ပါ သတ်ဖြတ်သည်တွင်ကား ထို့ဒေါသသည် အထွတ်အထိပ်သို့ ရောက်ပြီတည်း။

အောက်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့် တိုင်အောင်သော ဤဒေါသ အားလုံးကို ပယ်ပြီးပြီ။ ဖြတ်ပြီးပြီ။ ငြိမ်းပြီးပြီ။ ဒေးပြီးပြီ။ ဓနာဂတ်တပ် တဖန် ဒေါသဖြစ်ရန်မရှိပြီ။ ဉာဏ်တည်းဟူသောမီးဖြင့် ရှို့ပြီးပြီ။ အမျက်

http://www.dhammadownload.com

ထွက်ရန်အကြောင်း ဆယ်ပါးကို ပိုင်းခြားရှင်သိပြီးပြီ။ အမျက် ထွက်စရာ အကြောင်းကို ပယ်ဖြတ်ပြီးပြီ။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်သည် အမျက် မထွက်သူ မည်ပေ၏။

ထိတ်လန့်ခြင်းမရှိ ဟူရာ၌ ဒါယကာ ဒါယိကာမ၊ တပည့်အသိုက်အဝန်း၊ ကျောင်းကန်တိုက်တာ၊ လာဘ်၊ ဂုဏ်သတင်းကျော်စောခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ သက်န်း၊ ဆွမ်း၊ အိပ်ရာနေရာ၊ လူနာ၏ အထောက်အပံ့ဖြစ်၍ အသက်၏အရံအတားဖြစ်သော ဓဆေး၊လူနာစောင့်တို့တွင် "မိမိလိုအပ်ရာကို ငါမရလေခြင်း" ဟူ၍လည်းကောင်း၊ "ငါသည် မထင်မရှားဖြစ်ရလေခြင်း" ဟူ၍လည်းကောင်း ထိုရဟန်းသည် ထိတ်လန့်ခြင်း မရှိတော့ပေ။

မိမိဂုဏ်ကို ကြွားဝါခြင်းမရှိ ဟူရာ၌ ကြွားဝါတတ်သော ရဟန်းနှင့် ပထမဦးစွာ နှိုင်းယှဉ်ပြကြပါသည်။ ဤလောက၌ အချို့သော ရဟန်းသည် "ငါသည် သီလရှိ၏" ဟူ၍လည်းကောင်း၊ "ငါသည် အကျင့်နှင့်ပြည့်စုံ၏" ဟူ၍လည်းကောင်း ဝါကြွားတတ်၏။ "ငါသည် မြင့်သောအမျိုးမှ ရဟန်းပြုလာ၏" ဟူ၍လည်းကောင်း၊ "ငါသည် မြတ်သောအမျိုးမှ ရဟန်းပြုလာ၏" ဟူလည်းကောင်း၊ "ငါသည် စည်းစိမ်ဥစ္စာ ပေါများသောအမျိုးမှ ရဟန်းပြုလာ၏" ဟူ၍လည်းကောင်း၊ "ငါသည် ပြန့်ပြောသော စည်းစိမ်ဥစ္စာရှိသောအမျိုးမှ ရဟန်းပြုလာ၏" ဟူ၍လည်းကောင်း၊ "ငါသည် ရဟန်းပရိသတ်၊ လူပရိသတ်တို့အလယ်တွင် ထင်ရှား ကျော်ကြား၏" ဟူ၍လည်းကောင်း၊ "ငါသည် ပစ္စည်းလေးပါး ရရှိ၏" ဟူ၍လည်းကောင်း၊ "ငါသည် သုတ္တန်ဆောင် ဖြစ်၏" ဟူ၍လည်းကောင်း၊ "ငါသည် ဝိနည်းဓိုရ် ဖြစ်၏" ဟူ၍လည်းကောင်း၊ "ငါသည် ဓမ္မကထိကဖြစ်၏" ဟူ၍လည်းကောင်း၊ "ငါသည် ဓုတင်ဆောင်ဖြစ်၏" ဟူ၍လည်းကောင်း၊ "ငါသည် ဈာန်ရပုဂ္ဂိုလ်ဖြစ်၏" ဟူ၍လည်းကောင်း ဝါကြွားတတ်၏။ ဤသို့သော ဂုဏ်ထူးများ ရှိပါသော်လည်း မဝါမကြွားပဲ ရိုးသားစွာနေတတ်သော ပုဂ္ဂိုလ်ကို ဘုရားရှင်က ထုတ်ဖော်၍ မိန့်ကြားတော်မူပေသည်။

ကုက္ကုစ္စဖြစ်ခြင်းမရှိ ဟူရာ၌ လက် ခြေ အငြိမ်မနေတတ်ခြင်းကိုလည်း ကုက္ကုစ္စခေါ်၏။ မအေးသည်၌ အေး၏ဟု ထင်ခြင်း၊ အေးသည်၌ မအေးဟု ထင်ခြင်း၊ နေလွဲချိန်၌ နေမလွဲသေးဟု ထင်ခြင်း၊ နေမလွဲမီ၌ နေလွဲပြီဟု ထင်ခြင်း၊ အပြစ်မရှိသည်၌ အပြစ်ရှိသည်ဟု ထင်ခြင်း၊ အပြစ်ရှိသည်၌

http://www.dhammadownload.com

အပြစ်မရှိဟု ထင်ခြင်း ဟူသော ဝိနည်းဆိုင်ရာ တွေးတောယုံမှားမှုကိုလည်း ကုက္ကုစ္စဟု ခေါ်၏။

အဘိဓမ္မာဒေဿနာတော်မှာလည်း နောင်တတဖန်ပူပန်ရသော စေတသိက်ကို ကုက္ကုစ္စဟု ခေါ်၏။ ထိုကုက္ကုစ္စသည် စိတ်အပေါ်မှာအရာထင်အောင် ခြစ်ထားသကဲ့သို့ ဖြစ်၍ မနောဝိလေခဟုလည်း အဘိဓမ္မတ္ထသင်္ဂဟ ပြဆိုတော်မူ၏။ ထိုကုက္ကုစ္စသည် ပြုအပ်သောကြောင့်လည်းကောင်း၊ မပြုအပ်သောကြောင့်လည်းကောင်း ဤအကြောင်းနှစ်မျိုးကြောင့် ဖြစ်ပေါ်လာ၏။

"ငါသည် ဒုစရိုက်သုံးပါးကို ပြုခဲ့မိပြီ။ သုစရိုက်သုံးပါးကိုကား မပြုရသေး" ဟူ၍လည်းကောင်း၊

"ငါသည် ပါဏာတိပါတ စသော အကုသိုလ်ကံဆယ်ပါးကို ပြုခဲ့မိပြီ။ ထိုကံမျှားမှ ရှောင်ကြဉ်ခြင်းကိုကား မပြုရသေး" ဟူ၍လည်းကောင်း၊

"ငါသည် သီလနှင့်မပြည့်စုံသေး။ ငါသည် ဣန္ဒြေတို့ကိုမစောင့်ရသေး။ ငါသည် အစားအစာ၌ အတိုင်းအရှည်ကို မသိရသေး။ ငါသည် နိုးနိုးကြားကြား မနေနိုင်သေး။ ငါသည် သတိသမ္ပဇဉ်နှင့် မပြည့်စုံသေး။ ငါသည် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို မပွားရသေး။ ငါသည် သစ္စာလေးပါးကို မသိရသေး"

ဤသို့အားဖြင့် ပြုခဲ့မိသောမကောင်းမှုမျှားနှင့် မပြုရသေးသော ကုသိုလ်ကောင်းမှုမျှားကို တွေးတော၍ နောင်တ တဖန် ပူပန်ခြင်းသည် ကုက္ကုစ္စဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်မျှားမှာကား ဤသို့သော ဝနောင်တ ကရားမျှား လုံးဝ မရှိနိုင်ပါတော့ပြီ။

ပညာဖြင့်ဆင်ခြင်၍ ပြောဆိုတတ်၏ ဟူသည်မှာ စကားမျှားစွာပြောသိုပါသော်လည်း ပညာဖြင့်ဆင်ခြင်ထားသဖြင့် အမှားမပါဝင်အောင် ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။ မတုန်လှုပ်သောစိတ်ရှိ၏ ဟူသည်မှာ စိတ်ကိုပျံ့လွင့်စေတတ်သော ဥဒ္ဓစ္စစေတသိက် မကပ်လာ မယှဉ်သောစိတ်ဖြင့် ဝန်တိုင်းကျင့်သုံးခြင်း ဖြစ်၏။

နှုတ်အားဖြင့် စောင့်စည်း၏ ဟူသည်မှာ မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အဖျင်းစကား ပြောကြားခြင်းဟူသော ဂစီ

http://www.dhammadownload.com

ဒုစရိုက်လေးပါးကို ရှောင်ရှားပြီးလျှင် အကျိုးရှိသောစကားများကို ပြေပြစ်ချိုသာစွာ ပြောကြားခြင်းတည်း။ မင်းနှင့်စပ်သော၊ ခိုးသူ စသည်နှင့်စပ်သော၊ မက်ဖိုလ်နိဗ္ဗာန်၏ ဖီလာ ဖြစ်သော စကားများကိုလည်း မပြောကြားပဲ အကျိုးရှိသော စကားဆယ်မျိုးကို ပြောကြားခြင်းတည်း။

ထိုစကားဆယ်မျိုးကား အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ကင်းဆိတ်ခြင်း၊ လူတို့နှင့် အရောတဝင်မနေခြင်း၊ ဝီရိယကို အားထုတ်ခြင်း၊ သီလ၊သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိ၊ အရဟတ္တဖိုလ်ကို ပြန်လည် သုံးသပ်နိုင်သော ပစ္စဝေက္ခဏာဉာဏ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မက်၊ ဖိုလ်၊ နိဗ္ဗာန်တို့နှင့် စပ်သော စကားများတည်း။

မဟာနိဒ္ဒေသပါဠိတော်လာ ဖွင့်ဆိုချက်အတိုင်း အကျိုးရှိသောစကား ၁၀ မျိုးကို ဖော်ပြလိုက်ပါသည်။ ၁၀မျိုးဆိုသော်လည်း ပို၍အရေအတွက်များနေသည်ကို တွေ့နိုင်ပါသည်။ မဟာနိဒ္ဒေသ အဌကထာတွင်လည်း ဤအရေအတွက်နှင့်ပတ်သက်၍ တစုံတရာ ညွှန်ကြားချက် မပါရှိပါ။ သို့ဖြစ်၍ သဘောတူရာကိုပေါင်း၍ ၁၀ မျိုးဖြစ်အောင် ရေတွက်ကြရန်သာ ရှိပါတော့သည်။

ထိုစကား ၁၀ မျိုးတို့တွင် အလိုနည်းခြင်းဟူသည်မှာ အပိုစ္ဆတာဟူသော ပါဠိကို ဘာသာပြန်ထားခြင်းသာ ဖြစ်၏။ အမှန်စင်စစ်အားဖြင့် ရဟန္တာ အရှင်မြတ်များတွင် အလိုတဏှာဟူ၍ စိုးစဉ်းမျှ မရှိကြတော့ပေ။

အလိုနည်းခြင်းသည် ပစ္စည်းလေးပါး၊ ဓုတင်၊ ပရိယတ်၊ တရားထူးရခြင်းတို့၌ အလိုနည်းခြင်းအားဖြင့် လေးမျိုးရှိ၏။ထိုတွင် ပစ္စည်းလေးပါးတို့၌ အလိုနည်းခြင်း ဟူသည်မှာ ဒါယကာ၏သဒ္ဓါအင်အား၊ ပစ္စည်းအင်အားကို ချင့်ချိန်၍ အလှူခံခြင်းတည်း။ လှူဖွယ်ပစ္စည်းများက များသော်လည်း ဒါယကာက နည်းနည်းသာ လှူချင်နေလျှင် ဒါယကာ၏ သဒ္ဓါအင်အားအရ အနည်းငယ်မျှသာ ရဟန်းက အလှူခံ၏။ လှူဖွယ်ပစ္စည်းက နည်း၍ လှူချင်စိတ်ကများနေလျှင် ပစ္စည်းအင်အားအရ အနည်းငယ်မျှသာ အလှူခံ၏။ အကယ်၍ လှူချင်စိတ်ရော၊လှူဖွယ်ပစ္စည်းပါ များနေလျှင်လည်း မိမိ၏ အသုံးလိုသမျှကိုသာ ချင့်ချိန်၍အလှူခံ၏။

http://www.dhammadownload.com

ဓုတင်ဋ္ဌ အလိုနည်းခြင်းဟူသည်မှာ မိမိဓုတင်ဆောက်တည်ထားသည်ကို အများတကာသိစေရန် မလိုလားခြင်းဖြစ်၏။ ပရိယတ္တိဋ္ဌ အလိုနည်းခြင်းဟူသည်မှာ မိမိ စာပေကျမ်းဂန်တတ်မြောက်၍ အကြားအမြင်များသည်ကို အများတကာသိစေရန် မလိုလားခြင်းဖြစ်၏။ တရားထူးဋ္ဌ အလိုနည်းခြင်းဟူသည်မှာ သောတာပန်စသည်ဖြစ်ပြီးသော်လည်း ထိုအဖြစ်ကို အများတကာ သိစေရန် မလိုလားခြင်း ဖြစ်ပေသည်။

ရောင့်ရဲခြင်းဟူရာဋ္ဌ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ဋ္ဌ ရသမျှဖြင့် ရောင့်ရဲခြင်း၊ မိမိ သုံးနိုင်စွမ်းရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်း၊ မိမိနှင့် သင့်လျော်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်းဟူ၍ ၄မျိုး သုံးလီ ရောင့်ရဲခြင်း ၁၂ မျိုး ရှိပေသည်။

ထိုတွင် သင်္ကန်းဋ္ဌ ရောင့်ရဲပုံသုံးမျိုးကို နမူနာအဖြစ်ဖြင့် ယုတ်ပြန်ပြသော် သာသနာတော်ထမ်း ရဟန်းပုဂ္ဂိုလ်သည် ကောင်းသော သင်္ကန်းဖြစ်စေ၊ မကောင်းသော သင်္ကန်းဖြစ်စေ ရသမျှဖြင့် ရောင့်ရဲ၏။ ဤနှစ်၏။ အခြား သင်္ကန်းကို မတောင့်တပေ။ လှူလာလျှင်လည်း အလှူမခံတော့ပေ။ ဤကား ရသမျှဖြင့် ရောင့်ရဲခြင်းတည်း။

ရဟန်းတပါးမှာကား ပကတိအားဖြင့် အာနည်းနေ၍လည်းကောင်း၊ အနာရောဂါ ခံစားနေရ၍ လည်းကောင်း၊ အိုမင်းမစွမ်း ရှိနေ၍ လည်းကောင်း၊ ထူထဲလေးလံသော သင်္ကန်းကို ဝတ်ရုံရလျှင် ပင်ပန်း၏။ ထို ရဟန်းသည် ထူထဲ လေးလံသော သင်္ကန်းကို ခင်မင် ရင်းနှီးသော သီတင်းသုံးဖော်များနှင့် အလဲအလှယ်ပြုကာ ပေါ့ပါးသော သင်္ကန်းကို ဝတ်ရုံ၏။ ဤကား မိမိသုံးနိုင်စွမ်းရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းဖြစ်၏။

ရဟန်းတပါးမှာကား ဘုန်းကံကြီးမားသည်ဖြစ်၍ အဖိုးထိုက်တန်သော သင်္ကန်းကောင်းများ ရရှိသောအခါ ထိုသင်္ကန်းများကို သာသနာတော်၌ ကျေးဇူးများသော သီတင်းသုံးဖော်များနှင့် ဘုန်းကံနည်းပါးသော ရဟန်းများအား လှူဒါန်းကာ မိမိကား သင်္ကန်းဟောင်းကို ဖြစ်စေ၊ ပုံသဏ္ဌာန် သင်္ကန်း ရှာဖွေ၍ဖြစ်စေ ပတ်ရုံ၏။ ဤကား မိမိနှင့် သင့်လျော်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်း ဖြစ်၏။ ဆွမ်းစသော ပစ္စည်းများ၌ ရောင့်ရဲပုံကိုလည်း ဤနည်းကိုမှီး၍ သိရှိနိုင်လောက်ပါပြီ။

http://www.dhammadownload.com

ကင်းဆိတ်ခြင်း ဟူသည်မှာ ပိဝေကဟူသော ပါဠိကို ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ ထိုကင်းဆိတ်ခြင်းသည် ကိုယ်အားဖြင့် ကင်းဆိတ်ခြင်း၊ စိတ်အားဖြင့် ကင်းဆိတ်ခြင်း၊ ဥပဓိတရားတို့မှ ကင်းဆိတ်ခြင်း ဟူ၍ ၃ မျိုးရှိ၏။ ထိုတွင် အများနှင့် မရောနှောပဲ တပါးတည်း သွားလာနေထိုင် အိပ်စက်ခြင်းဖြစ်၏။ စိတ်အားဖြင့် ကင်းဆိတ်ခြင်း ဟူသည်မှာ သမာပတ် ဂ ပါးတို့ဖြစ်၏။ ဥပဓိဝိဝေက ဟူသည်ကား နိဗ္ဗာန် ဖြစ်ပေသည်။

လူတို့နှင့် မရောနှောခြင်း ဟူရာ၌ ရောနှောခြင်း ဟူသည်မှာ သတင်းကြားခြင်း၊ ရှုမြင်ရခြင်း၊ စကားပြောရခြင်း၊ ပစ္စည်းကို အသုံးပြုရခြင်း၊ ကိုယ်လက်နှိုးနှောရခြင်း ဟူသော အကြောင်း ၅ မျိုးကြောင့် ဖြစ်ပေါ်နိုင်ပေသည်။ ထိုတွင် တစုံတခုသော အရပ်၌ တပ်မက်ဖွယ်ရာ အမျိုးသမီးရှိကြောင်း ကြားသိရ၍ဖြစ်စေ၊ မိမိ ပြောဆိုရယ်မောခဲ့ပုံ၊ သီဆိုခဲ့ပုံများကို ဖြစ်စေ သာယာတပ်မက်လာ၏။ ဤကား သတင်းကြား၍ ရောနှောခြင်း ဖြစ်၏။ တပ်မက်ဖွယ်ရာ အာရုံကို ကိုယ်တိုင်မြင်၍ သာယာတပ်မက်ခြင်းကား ရှုမြင်ရ၍ ရောနှောခြင်းဖြစ်၏။ တပ်မက်နေသောသူနှင့်အတူ စကားပြောခဲ့ရပုံကို တွေးတော၍ သာယာတပ်မက်ခြင်းကား စကားပြောရ၍ ရောနှောခြင်း ဖြစ်၏။ ရဟန်းသည် ရဟန်းမ၏ ပစ္စည်းကို အသုံးပြု၍ ဖြစ်စေ၊ ရဟန်းမသည် ရဟန်း၏ ပစ္စည်းကို အသုံးပြုရ၍ဖြစ်စေ သာယာတပ်မက်ခြင်းသည် ပစ္စည်းကို အသုံးပြုရ၍ ရောနှောခြင်းဖြစ်၏။ လက်ကိုကိုင်ခြင်း စသည်ဖြင့် သာယာ တပ်မက်ခြင်းကား ကိုယ်လက် နှိုးနှောရ၍ ရောနှောခြင်း ဖြစ်ပေသည်။

ထိုသို့သော ရောနှောခြင်းကို ရှောင်ကြားကာ မရောနှောပဲနေ၍ မရောနှောခြင်းနှင့် စပ်သောစကားမျိုး ပြောဆိုနိုင်ရန် ဘုရားရှင်က တိုက်တွန်းထားပေသည်။ အခြားသော စကားများကား သိသာထင်ရှားပါပြီ။

၇။ အကြင်ရဟန်းသည် အနာဂတ်ကာလ၌ ကပ်ငြိခြင်းမရှိ။ အတိတ်ကို စဲ၍ စိုးရိမ်ပူဆွေးခြင်း မရှိ။ ဖဿတို့၌ ကင်းဆိတ်ခြင်းကို ရှုလေ့ရှိ၏။ ဒိဋ္ဌိတို့ ဆဲဆောင်၍ မရတော့ပြီ။ ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။

http://www.dhammadownload.com

အနာဂတ်၌ ကင်းငြိခြင်း မရှိ ဟူသည်မှာ အမှတ် ၂ ဂါထာမှ အနာဂတ်၌လည်း တောင့်တခြင်းမရှိ ဟူသော စကား၏ အဖွင့်အတိုင်း ဖြစ်၏။

အတိတ်ကိုစွဲ၍ စိုးရိမ်ပူဆွေးခြင်းမရှိ ဟူသည်မှာ မိမိနှင့်ပတ်သက်သော သတ္တဝါသခင်ဂါရများ ဖောက်ပြန်သွားသော်၊ ပျက်စီးသွားသော် မစိုးရိမ်ခြင်း၊ မပင်ပန်းခြင်း၊ မငိုကြွေးခြင်း၊ ရင်ကိုမထုခြင်း၊ တွေဝေမိန်းမော၍ မသွားခြင်းတည်း။

ဖဿတို့၌ ကင်းဆိတ်သည်ကို ရှုလေ့ရှိ၏ ဟူရာ၌ စက္ခုသမ္ဖဿစသည် ဖြင့် အမျိုးမျိုး အဖုံဖုံသော ဖဿတို့ကို ငါဟူသော အတ္တမှလည်းကောင်း၊ ငါ့ဟာဟု ယူစွဲအပ်သော အတ္တနိယမှလည်းကောင်း၊ အမြဲတစေ တည်ရှိနေသော သဘောမှ လည်းကောင်း၊ ဖောက်ပြန်ပျက်စီးခြင်း မရှိသော သဘောမှလည်းကောင်း ကင်းဆိတ်၏ဟု ရှုလေ့ရှိ၏။

တနည်းအားဖြင့် အတိတ်ဖဿသည် အနာဂတ်၊ ပစ္စုပ္ပန် ဖဿတို့မှ ကင်းဆိတ်၏။ အနာဂတ်ဖဿသည် အတိတ်ပစ္စုပ္ပန်ဖဿတို့မှ ကင်းဆိတ်၏။ ပစ္စုပ္ပန် ဖဿသည် အတိတ် အနာဂတ် ဖဿတို့မှ ကင်းဆိတ်၏ ဟူ၍ လည်းကောင်း ရှုမြင်၏။

တနည်းအားဖြင့် အာသဝတို့၏ အာရုံမဟုတ်ကုန်သော၊ လောကုတ္တရာ ဖြစ်ကုန်သော၊ သုညတသဘောနှင့် ဆက်စပ်ကုန်သော အရိယာတို့၏ ဖဿ တို့သည် အလုံးစုံသော အကုသိုလ်တရားတို့မှ ကင်းဆိတ်၏ဟု ရှုမြင်၏။

ဒိဋ္ဌိတို့၌ ဆဲဆောင်၍ မရတော့ပြီ ဟူသည်မှာ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ မည်သူကမျှ ထိုဒိဋ္ဌိတို့၌ ဆဲဆောင်၍ မရတော့ပြီ။ ဒိဋ္ဌိတို့တွင် တစုံတခုသော ဒိဋ္ဌိကိုမျှ အနှစ်သာရရှိသောအားဖြင့် လက်ခံယုံကြည်မှု မပြုတော့ပြီ။ ထိုကဲ့သို့သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ကိလေသာငြိမ်းအေးသူ ဟူ၍ ဘုရားရှင် ဟောကြားတော် မူပေသည်။

၅။ အကြင်ရဟန်းသည် အကုသိုလ်တရားတို့မှ တွန့်ဆုတ်၏။ လူအကပ် ကြီးအောင် မပြုတတ်။ အလိုလောဘ မရှိ။ ဝန်တိုခြင်းမရှိ။ ပဓာန်

http://www.dhammadownload.com

ခက်ထန်ခြင်းမရှိ။ ပညာရှိတို့ စက်ဆုပ်ဖွယ်ရာ အမှုအကျင့်မျိုး မရှိ။ ကုန်းတိုက်စကားကို မဆိုတတ်။ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။

အကုသိုလ် တရားတို့မှ တွန့်ဆုတ်၏ ဟူသည်မှာ ငါတည်းဟူသော မာန်မာနကို အမှုးထား၍ အကုသိုလ်တရား ဟူသမျှကို ပယ်ပြီးဖြစ်သောကြောင့် ဖြစ်ပေသည်။

လူအထင်ကြီးအောင် မပြုတတ် ဟူရာ၌ လူအထင်ကြီးအောင် ပြုခြင်းကို ကျမ်းဂန်များ၌ ကုဟနဝတ္ထုဟု ခေါ်ဝေါ်ကြ၏။ လူအထင်ကြီးအောင် ပြုပုံ သုံးမျိုးရှိရာ ၎င်းတို့မှာ ပစ္စည်းလေးပါး အလှူခံခြင်း တည်းဟူသော ကုဟနဝတ္ထု၊ ဣရိယာပုထ်ဟု ဆိုအပ်သော ကုဟနဝတ္ထု၊ အနီးကပ်၍ ပြောဆိုခြင်း ဟူသော ကုဟနဝတ္ထု ဟူ၍ သုံးမျိုး ရှိပေသည်။

ထိုတွင် ပထမဆုံး ကုဟနဝတ္ထုမှာ ဤသို့ဖြစ်၏။ ဒါယကာတို့က ရဟန်းတပါးကို ပစ္စည်းလေးပါးဖြင့် အလိုရှိသောအခါ မိန့်ကြားပါရန် လျှောက်ထားကြ၏။ ဤတွင် ရဟန်းသည် ပိုပိုမိုမိုကြီး ရလိုသဖြင့် "ရဟန်းအား အဖိုးထိုက်တန်သော သက်နှံးဖြင့် အာဘယ်အသုံးကျမည်နည်း။ သုသာန်မှ လည်းကောင်း၊ အမှိုက်ပုံမှလည်းကောင်း၊ စေးမှလည်းကောင်း အဝတ်စုတ်များကို မိမိကိုယ်တိုင် စုဆောင်ပြီးလျှင် သက်နှံးဖြစ်အောင် ချုပ်၍ ဝတ်ရုံခြင်းသည်သာလျှင် သင့်လျော် လျောက်ပတ်၏" ဟုဆိုကာ လူလာသော သက်နှံးကောင်းကို ငြင်းပယ်၏။

တဖန် ဆွမ်းနှင့် ဆွမ်းဟင်းများ အပေါအလှူ ရောက်လာ ရာတွင်လည်း "ရဟန်းအား အဖိုးထိုက်တန်သော ဆွမ်းဖြင့် အာဘယ် အသုံးကျမည်နည်း။ သလုံးမြင်းခေါင်းဖြင့် ရင်းနှီးကာ ဆွမ်းခံ၍ စားခြင်းသည်သာလျှင် သင့်လျော် လျောက်ပတ်၏" ဟုဆိုကာ ပိုလာလူလာသောဆွမ်းကို ငြင်းပယ်၏။

တဖန် ကျောင်းများဆောက်၍ လူရာတွင်လည်း "ရဟန်းအား အဖိုးထိုက်သောကျောင်းဖြင့် အာဘယ် အသုံးကျမည်နည်း။ သစ်ပင်ရင်းမှာ နေခြင်းသည်လည်းကောင်း၊ သုသာန်မှာ နေခြင်းသည်လည်းကောင်း၊ လွင်တီးခေါင်မှာ နေခြင်းသည်လည်းကောင်း သင့်လျော် လျောက်ပတ်၏" ဟု ဆိုကာ ဆောက်၍လူသော ကျောင်းကို ငြင်းပယ်၏။

http://www.dhammadownload.com

တဖန် ဆေးဝါးပစ္စည်းများ လှူလာရာတွင်လည်း "ဂဟန်းအား အဖိုး ထိုက်သော ဆေးဖြင့် အဘယ် အသုံးကျမည်နည်း။ နွားကျင်ငယ်ရေပုပ်ကို လည်းကောင်း၊ သျှိသျှားသီးခြမ်းကိုလည်းကောင်း ဆေးပါးအဖြစ် အသုံး ပြုခြင်းသည် သင့်လျော် လျောက်ပတ်၏" ဟု ဆိုကာ ပို့လာ လှူလာသော ဆေးဝါးပစ္စည်းများကို ငြင်းပယ်၏။

ဤသို့ ငြင်းပယ်ပြီးလျှင် လူအထင်ကြီးစေရန် အဖိုး မထိုက်သော၊ ညံ့ဖျင်းသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်မိုဝဲ၏။ ဤတွင် ဒါယကာများ ကလည်း ထိုရဟန်းကို အထင်ကြီးလာကြ၏။ "ဤရဟန်းသည် အလိုနည်း၏။ ရောင့်ရဲ၏။ ကင်းဆိတ်၏။ လူတို့နှင့် အဆောဝင်ခြင်း မရှိ။ အားထုတ်အပ်သော ဝိရိယ ရှိ၏။ ကိလေသာကို ခါတုံ့တက်အပ်၏ ဟူသော ဝါဒရှိ၏" ဟု အချင်းချင်း သတင်းဖြန့်ကြကာ ပစ္စည်းလေးပါးတို့ဖြင့် ပို၍ပို၍ ဖိတ်ကြား လာကြ၏။ ပို၍ ပို၍ အပို့အလှူ ရောက်လာကြ၏။

ဤတွင် လူ အထင်ကြီးအောင် တမင်တကာ ကြိုးစားထားခဲ့သော ရဟန်းက အကွက်ဆိုက်လာပြီ ဖြစ်၍ ဤသို့ ပြောဆို၏။ "ဒါယကာတို့၊ သုံးမျိုးသော အရာဝတ္ထုတို့ မျက်မှောက်ထင်ရှားဖြစ်ပေါ်မှုကြောင့် သဒ္ဓါ တရားရှိသော အမျိုးသားသည် ကုသိုလ်များစွာ ပွားစီး၏။ သဒ္ဓါတရား ထင်ရှားရှိနေခြင်း၊ လှူဖွယ်ဝတ္ထုထင်ရှားရှိနေခြင်း၊ အလှူခံပုဂ္ဂိုလ်များ ထင် ရှား ရှိနေခြင်း ဟူ၍ သုံးမျိုးသော ထင်ရှားရှိခြင်းတို့ဝယ် ယခု ဒါယကာ တို့၏ လှလိုဒါန်းလိုသော သဒ္ဓါတရားလည်း ထင်ရှားရှိနေ၏။ လှူဖွယ်ဝတ္ထု လည်း ထင်ရှားရှိနေ၏။ ငါသည်လည်း အလှူခံပုဂ္ဂိုလ်ဖြစ်နေ၏။ အကယ်၍ ငါကသာ အလှူမခံလိုက်ပါလျှင် သင်တို့သည် ကုသိုလ်မရပဲ ရှိနေကြရပေ တော့မည်။ ငါသည်ကား ဤပစ္စည်းကို အလိုမရှိပေ။ ပင်ငစ်မူကား သင် တို့ကို ငဲ့ညှာသောအားဖြင့်သာလျှင် အလှူခံရပေ၏။"

ဤသို့ ဟိတ်ဟန်ထုတ်၍ပြောဆိုကာ များလှစွာသော ပစ္စည်းလေးပါးကို အလှူခံလေတော့သည်။ ဤကား ပစ္စည်းလေးပါး အလှူခံခြင်းဟု ဆိုအပ် သော ကုဟနဝတ္ထုတည်း။

ဤရိယာပုထ်ဟု ဆိုအပ်သော ကုဟနဝတ္ထုကား ဤသို့တည်း။ ဤသာ သနာတော်၌ အချို့သော ရဟန်းသည် အချိုးမှမ်းခံလိုလှသဖြင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းတို့ကိုပြုရာတွင် သမာဓိရပြီးသော ဟရူး

http://www.dhammadownload.com

ရှင်နှင့် တူအောင် ဟန်ဆောင်ကာ ပြုမူ၏။ လူသူ ပရိသတ် မြင်လောက်ရာ၌ သာ တရားအာဒါးထုတ်၏။ ဤကား ဣရိယာပုထ်ဟု ဆိုအပ်သော ကုဟန ဝတ္ထုတည်း။

အနီးကပ်၍ပြောဆိုခြင်းဟုဆိုအပ်သော ကုဟနဝတ္ထုကား ဤသို့တည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် အခြီးမှုံး ခံလိုလှသဖြင့် အရိယာတို့၏ တရားနှင့်စပ်သောစကားကို ပြောဆို၏။ "ဤကဲ့သို့ သင်္ဘန်း ကို ဝတ်ရုံသော ရဟန်းသည် တန်ခိုးကြီးသော ရဟန်းပေတည်း" ဟု မိမိ ဝတ်ရုံထားသော သင်္ဘန်း၏ အရောင်အသွေးနှင့် အမျိုးအစားကို ညွှန်ပြ၍ ရေလာမြောင်းပေး ပြောဆို၏။ ထို့ပြင် မိမိ ကိုင်တွယ်သုံးဆောင်သော သပိတ်၊ ကြေးခွက်၊ ရေစစ်၊ သွေ့၊ ဖိနပ်၊ခါးပန်းကြိုးစသည်တို့၏ အရောင် အသွေးနှင့် အမျိုး အစားကို ညွှန်ပြ၍ ရှေးနည်းတူ ပြောဆို၏။ မိမိ၏ ဥပဇ္ဈာယ်ဆရာ၊ မိမိ၏ စာချဆရာ၊ မိမိနှင့်အတူ ဥပဇ္ဈာယ်ယူသော သူများ၊ မိမိနှင့်အတူ စာလိုက်သူများ၊ ခင်မင်သူများ၊ ရင်းနှီးသူများကို ညွှန်ပြ၍ လည်း "ဤသို့ ဥပဇ္ဈာယ်ရှိသော ရဟန်းသည် တန်ခိုးကြီး၏" စသည်ဖြင့် ပြောဆို၏။ တဖန် မိမိနေသော ကျောင်း၊မိမိနေသော အဆောက်အအုံတို့၏ ပုံပန်းသဏ္ဌာန်ကိုညွှန်ပြကာ "ဤသို့သော ကျောင်းမျိုး၌ နေသော ရဟန်း သည် တန်ခိုးကြီး၏" ဟု မိမိကိုအထင်ကြီးစေရန် သွယ်ဝိုက်သောနည်းဖြင့် ပြောဆို၏။ ထို့ပြင် "ဤသို့သော ရဟန်းသည် ဤသို့ ဌိမ်သက်သော သဘောရှိကုန်သော သမာပတ်ကိုရလေပြီ" ဟူ၍ သိမ်မွေ့လှစွာသော လောကုတ္တရာ စကားကို ပြောကြား၏။ ဤကား အနီးကပ်၍ ပြောဆိုခြင်းဟု ဆိုအပ်သော ကုဟနဝတ္ထုတည်း။ ဤသုံးပါးသော ဤကုဟန ဝတ္ထုတို့ကို အမြစ်ပြတ်ပယ်စွန့်ပြီး ဖြစ်၍ ရဟန္တာပုဂ္ဂိုလ် စစ်မှန်လျှင် လူ အထင်ကြီး အောင် ပြုမနေတော့ချေ။

အလိုလောဘမရှိဟူရာ၌ အာရုံခြောက်ပါး တရားများ၊ ပတ်ဝန်းကျင် အသိုက်အဝန်းများ၊ ပစ္စည်းအသုံးအဆောင်များ၊ ဘုံဘဝ အမျိုးမျိုးများ တွင် ဘာတခုကိုမျှ အလိုလောဘ မရှိတော့ခြင်းတည်း။

ဝန်တိုခြင်းမရှိဟူရာ၌ မိမိ၏ကျောင်းကန်တိုက်တာ၌ သူတပါး မနေစေ လိုခြင်း၊ မိမိ၏ဒါယကာ ဒါယိကာမများက အခြားပုဂ္ဂိုလ်ကို မကိုးကွယ်

http://www.dhammadownload.com

မဆည်းကပ်စေလိုခြင်း၊ မိမိ၏လာဘ်လာဘကို သူတပါးအား ဝေမျှ၍မပေးလိုခြင်း၊ သူတပါးအား မိမိကဲ့သို့ ဂုဏ်သတင်းမကျော်စောစေလိုခြင်း၊ မိမိတတ်ကျမ်းထားသော ကျမ်းဂန်စာပေကို သူတပါးတို့ မတတ်ကျမ်းစေလိုခြင်း ဟူ၍ ဝန်တိုခြင်းငါးမျိုး ရှိကုန်၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား ဤသို့သော ဝန်တိုခြင်းတို့ ကင်းရှင်း၍ပေနေသည်။

မာန်ခက်ထန်ခြင်းမရှိ ဟူရာ၌ ကိုယ်ဖြင့် မာန်ခက်ထန်ခြင်း၊ နှုတ်ဖြင့် မာန်ခက်ထန်ခြင်း၊ စိတ်ဖြင့် မာန်ခက်ထန်ခြင်း ဟူ၍ သုံးမျိုးရှိ၏။

ထိုတွင် ကိုယ်ဖြင့်မာန်ခက်ထန်ခြင်းသည် သံဃာ့အစည်းအဝေး၊ ရဟန်းများ ပေါင်းဆုံမိရာ၊ ဆွမ်းစားဇရပ်၊ ဇရချိုးအိမ်၊ ဇရချိုးထိပ်၊ ရွာတွင်းသို့ အဝင်၊ ရွာဟွင်းသို့ ဝင်နေစဉ်တို့၌ ဖြစ်ပွားတတ်၏။

သံဃာ့အစည်းအဝေး၌ ဖြစ်ပွားပုံမှာ ဤသာသနာတော်၌ အခွို့သော ရဟန်းသည် မရှိသေသောစိတ်သဘောဖြင့် ထေရ်ကြီး ပုဂ္ဂိုလ်များကို တိုးဝှေ့၍ ရပ်၏။ တိုးဝှေ့၍ထိုင်၏။ ရှေ့မှာရပ်၏။ ရှေ့မှာထိုင်၏။ မြင့်သော နေရာမှာထိုင်၏။ ခေါင်းမြီးခြုံလျက်ထိုင်၏။ ရပ်လျက် စကားပြော၏။ လက်ရုံးကိုမြှောက်လျက် စကားပြော၏။ ရဟန်းများ ပေါင်းဆုံမိရာ ဆွမ်းစားဇရပ်တို့၌လည်း ဤသို့ပင်ဖြစ်တတ်၏။ ဇရချိုးအိမ်၌ ဖြစ်ပုံများဟူ၍ကား အခြားရဟန်းများကို မပန်ကြားပဲ၊ အခြားရဟန်းများက မတိုက်တွန်းပဲ ရရှေးကျိုသောမီးဖိုထဲသို့ ထင်းများထည့်ခြင်း၊ တံမဲပိတ်ခြင်းတို့ ထူးခြားလာ၏။

ရေချိုးဆိပ်မှာဖြစ်ပွားပုံကား မထေရ်ကြီးများတို့ မရှိသေဟုသာစိတ်ဖြင့် တိုးဝှေ့၍ဆင်း၏။ မထေရ်ကြီးများ၏ရှေ့မဆင်း၏။ တိုးပြု၍ ရေချိုး၏။ ရှေ့မလည်း ရေချိုး၏။ ရေအထက်မှလည်း ရေချိုး၏။ တိုးဝှေ့၍တက်၏။ ရှေ့မှတက်၏။ အထက်မှတက်၏။

ရွာတွင်းသို့ အဝင်တွင် ဖြစ်ပွားပုံမှာ မထေရ်ကြီးများကိုမလေးစားသော စိတ်ဖြင့် တိုးဝှေ့၍သွား၏။ ရှေ့မှသွား၏။ သံဃာ အတန်းထဲမှဖယ်၍ မထေရ်ကြီးများ၏ရှေ့မှ ကျော်လွှား၍ သွား၏။

http://www.dhammadownload.com

ရွာတွင်းသို့ဝင်နေစဉ် ဖြစ်ပွားပုံကား "အရှင်ဘုရား၊ မဝင်လာပါနှင့်" ဟု အိမ့်ရှင်များကတားမြစ်ပါလျက် အတင်းဝင်၏။ "အရှင်ဘုရား၊ မရပ်လာပါနှင့်" ဟု ဆိုပါလျက် အတင်းဝင်ရပ်၏။ "အရှင်ဘုရား၊ ဝင်မထိုင်ပါနှင့်" ဟု ဆိုလျက် အတင်းဝင်ထိုင်၏။

အိမ်ရှင်က ခွင့်မပြုပဲလျက်ဝင်၏။ ခွင့်မပြုသောနေရာတွင် ရပ်၏။ ခွင့်မပြုသောနေရာတွင် ထိုင်၏။ အိမ်အတွင်းမှ လျှိုဝှက်အပ်သော အခန်းများ၊ အမျိုးသမီးများနေထိုင်ရာအခန်းများသို့ အဆောတလျင် ဝင်၏။ အိမ်ရှိကလေးငယ်၏ခေါင်းကို ကိုင်တွယ်၏။ ဤကား ကိုယ်အားဖြင့် မာန်ခက်ထန်ပုံတည်း။

နှုတ်အားဖြင့် မာန်ခက်ထန်ခြင်းမှာ သံဃာ့အစည်းအဝေး၊ ရဟန်းများ ပေါင်းဆုံမိရာ၊ ရွာထဲသို့ ဝင်နေစဉ်တွင် ဖြစ်ပွားတတ်၏။

သံဃာ့အစည်းအဝေး၌ ဖြစ်ပုံမှာ ဤသာသနာတော်၌ အချိုသော ရဟန်းသည် သံဃာ့အစည်းအဝေးသို့ ဝင်ရောက်လာသောအခါ လေးစားသောအားဖြင့် မထေရ်ကြီးများကို မပန်ကြားပဲ၊ မထေရ်ကြီးများက မတိုက်တွန်းပဲ အရာမ်တွင်းသို့ရောက်လာသော ရဟန်းများကို တရားဟော၏။ အမေးပုစ္ဆာကိုဖြေဆို၏။ ပါတိမောက်ကိုပြ၏။ ရပ်လျက်စကားပြော၏။ လက်ရုံးကိုမြောက်၍ စကားပြော၏။ ရဟန်းများ ပေါင်းဆုံမိရာ၌လည်း ဤသို့ပင် ဖြစ်ပွားတတ်၏။

ဆွမ်းခံရာဖြစ်ပွားပုံကား အိမ်မှာရှိသော အမျိုးသမီးတယောက်၏ နာမည်ကို ခေါ်၍ "ငါတို့အတွက်ဘာရှိသနည်း။ ယာဂုရှိသလော။ ဆွမ်းရှိသလော။ ခဲဖွယ်ရှိသလော။ငါတို့ ဘာကိုသောက်ရမည်နည်း။ငါတို့ ဘာကိုစားရမည်နည်း။ငါတို့ ဘာကိုခဲရမည်နည်း။မည်သည့်လှူဖွယ်ဝတ္ထုရှိသနည်း။ ငါ့အား ဘာလှူမည်နည်း" ဟု လျှပ်ပေါ်လော်လည်စွာ ပြောဆို၏။ဤကား နှုတ်အားဖြင့်မာန်ခက်ထန်မှု ဖြစ်ပုံတည်း။

စိတ်အားဖြင့် မာန်ခက်ထန်ခြင်းဖြစ်ပုံမှာ မြင့်သောအမျိုးမှ ရဟန်းပြုလာသူမဟုတ်ပါပဲလျက် မြင့်သောအမျိုးမှ ရဟန်းပြုလာသူနှင့် မိမိကိုယ်ကို စိတ်အားဖြင့်ထပ်တူထား၏။ မြင့်သောအမျိုးမှ ရဟန်းပြုလာသူ မဟုတ်ပါပဲလျက်၊ ဥစ္စာပေါသောအမျိုးမှ ရဟန်းပြုလာသူ မဟုတ်ပါပဲလျက်၊ ပြန့်

http://www.dhammadownload.com

ပြောသော ဥစ္စာရှိသောအမျိုးမှ ရဟန်းပြုလာသူ မဟုတ်ပါပဲလျက်၊သုတ္တန် ဆောင်ပုဂ္ဂိုလ် မဟုတ်ပါပဲလျက်၊ဝိနည်းမိုရ်ပုဂ္ဂိုလ် မဟုတ်ပါပဲလျက်၊ ဓုတင် ဆောင်ပုဂ္ဂိုလ် မဟုတ်ပါပဲလျက်၊စျာန်ရပုဂ္ဂိုလ် မဟုတ်ပါပဲလျက် ထိုပုဂ္ဂိုလ် များနှင့် မိမိကိုယ်ကို စိတ်အားဖြင့်ထပ်တူထား၏။ ဤကား စိတ်အားဖြင့် မာန်ခက်ထန်မှု ဖြစ်ပွားပုံတည်း။

ဤ သုံးမျိုးသောမာန်ခက်ထန်မှုတို့ကို ရဟန္တာပုဂ္ဂိုလ်သည် လုံးလုံးကြီး စွန့်လွှတ်ထားပေပြီ။

ပညာရှိတို့ စက်ဆုပ်ဖွယ်ရာ အမူအကျင့် ဟူရာ၌ သီလ မစောင့်ခြင်း၊ ယုတ်မာညစ်ညမ်းသောအကျင့်ရှိခြင်း၊ လျှိဝှက်အပ်သောမကောင်းမှု ရှိခြင်း၊ ရဟန်းမဟုတ်ပါပဲလျက် ရဟန်းယောင်ဆောင်နေခြင်း၊ အတွင်းကဆွေး၍ အမှုန်တဖွဲ့ဖွဲ့ကျနေသော သစ်တုံးကဲ့သို့ စိတ်ထဲမှာ ကိုလေသာ တဖွားဖွား ဖြစ်နေခြင်းတည်း။

တနည်းအားဖြင့် အမျက်ထွက်ခြင်း၊ရန်ငြိုးဖွဲ့ခြင်း၊ အနည်းငယ်မျှပြောမိ ဆိုမိရုံနှင့် အမျက်ထွက်ခြင်း၊ အမျက်ဒေါသကို တင်စွာ ပြခြင်းတို့တည်း။ တနည်းအားဖြင့် မကောင်းသောစိတ်နေသဘော အားလုံးသည် ပညာရှိတို့ စက်ဆုပ်ဖွယ်ရာ အမူအကျင့်များ ဖြစ်၏။ ထိုကဲ့သို့သော အမူအကျင့်များ လုံးဝမရှိသဖြင့် ရဟန္တာပုဂ္ဂိုလ်သည် ပညာရှိတို့မာက်ထုပ်အပ်သောသူ ဖြစ် ပေသည်။

ကုန်းတိုက်သောစကား ဟူရာ၌ တနေရာမှ စကား တစွန်းတစကို နားထောင်ပြီးလျှင် သူတို့ချင်းကွဲပြားကြစေရန် တနေရာသို့ သယ်ဆောင်၍ ပြောကြားခြင်းတည်း။ ညိညွတ်နေသူများကို သွေးခွဲပေးခြင်း၊ ကွဲပြားနေ သူများကို အားပေးခြင်း၊ ကွဲပြားမှုကို လိုလားခြင်း၊ ကွဲပြားစေတက်သော စကားကို ပြောဆိုခြင်းတို့တည်း။

ကုန်းတိုက်စကားကိုဆိုရာ၌ မိမိကိုယ်ကို ချစ်စေလိုသောကြောင့်လည်း ကောင်း၊ သူတို့အချင်းချင်းကွဲပြား၍ ဒုက္ခရောက်စေလိုသောကြောင့်လည်း ကောင်း၊ ဤအကြောင်းနှစ်မျိုးတွင် တမျိုးမျိုးကြောင့် ပြောဆိုဟတ်ကြ၏။ ရဟန္တာပုဂ္ဂိုလ်မှာကား ဤသို့ ယုတ်ညံ့သော စိတ်သဘောများ ရှိကော့

http://www.dhammadownload.com

ပါခဲ့ချေ။ အကုသိုလ်တရားတို့မှ တွန့်ဆုတ်ခြင်းစသော ဤဂုဏ်ကျေးဇူးမျှားနှင့် ပြည့်စုံသော ရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟောကြား တော်မူပေသည်။

၆။ အကြင်ရဟန်းသည် ကာမဂုဏ် ငါးပါးဌ ယိုစီးခြင်း မရှိ။ မာန် ထောင်လွှားခြင်းဌ မယှဉ်။ နှုးညံ့ပြေပြစ်၏။ သိုးမျိုးသော ဉာဏ် ပညာ ရှိ၏။ သူတပါး၏ စကားကို မယိုကြည်။ တပ်မက်မှု ကင်းနေ ဆဲ ပဂိုလ် မဟုတ်တော့။ ထိုရဟန်းကို ကိလေသာငြိမ်းအေးသူ ဟူ၍ ငါဆို၏။

ကာမဂုဖော် အာရုံငါးပါးတို့ကို ယူရော နှတ်ပါ လိုချင်မက်မောကြွလွန်း သဖြင့် ပါဋိတေဝ်ဌ သာတိယ ဟု အမည်တပ်၍ ထား၏။ ရဟန္တာပဂိုလ် မှာကား သာတိယ မည်သော ကာမဂုဏ်ငါးပါးတို့ဌ သာယာတပ်မက်မှုကို ပယ်ပြီး ဖြစ်၍ ယိုစီးမှု မရှိတော့ပါပြီ။

မာန်ထောင်လွှားခြင်း ဟူရာဌ ဤသုတ်အဖွင့်တွင် ပေယျာလထိုးပြသဖြင့် ဒုဒ္ဒကသုတ်အဖွင့်ကို ဆောင်၍ ဖော်ပြလိုက်ပါသည်။

မာနသည် စိတ်ဘက်ကြွခြင်း သဘောအားဖြင့် တပါးသာတည်း။
ထိုမှ မိမိကိုယ်ကို ချီးမွမ်းခြင်း၊ သူတပါးကို ရှုတ်ချခြင်းဖြင့် ၂ ပါး။
ငါမြတ်သည်၊ ငါဟူသည်၊ ငါယုတ်နိမ့်သည် ဟူသောအားဖြင့် ၃ ပါး။
လာဘ်ရခြင်းကြောင့်၊ အခြံအရံ များခြင်းကြောင့်၊ အချီးမွမ်း ခံရခြင်း ကြောင့်၊ ချမ်းသာခြင်းကြောင့် ဟူ၍ ၄ ပါး။
နှစ်သက်ဖွယ်ကောင်းသော ရူပါရုံကို ငါရ၏ စသည်ဖြင့် ၅ ပါး။
မျက်စိကောင်းခြင်း၊ နားကောင်းခြင်း၊ နှာခေါင်းကောင်းခြင်း၊ လျှာ ကောင်းခြင်း၊ ကိုယ်ကာယကောင်းခြင်း၊ စိတ်ကောင်းခြင်းတို့ဖြင့် ၆ ပါး။
သာမန် မာန်မူခြင်း၊ ပို၍ မာန်မူခြင်း၊ အတိုင်းထက်အလွန် မာန်မူခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိတ်ဟက်ကြွခြင်း၊ ငါဖြစ်၏ဟု ထင်မှတ်ခြင်း၊ မှားယွင်း သော မာန်မူခြင်းအားဖြင့် ၇ ပါး။

http://www.dhammadownload.com

လာဘ်ရ၍ စိတ်တက်ကြွခြင်း၊ လာဘ်မရ၍စိတ်မာတ်ကျခြင်း၊ အခြွေအရံ ပေါ၍ စိတ်တက်ကြွခြင်း၊ အခြွေအရံ မရှိ၍ စိတ်မာတ်ကျခြင်း၊ အခြံမွမ်း ခံရ၍ စိတ်တက်ကြွခြင်း၊ အကဲ့ရဲ့ခံရ၍ စိတ်မာတ်ကျခြင်း၊ ချမ်းသာ၍ စိတ်တက်ကြွခြင်း၊ ဆင်းရဲ၍ စိတ်မာတ်ကျခြင်းအားဖြင့် ဂ ပါး။

မြင့်မြတ်သောသူ၊ တူမျှသောသူ၊ ယုတ်နိမ့်သောသူ သုံးယောက်တို့၏ "ငါမြတ်သည်။ ငါတူသည်။ ငါယုတ်နိမ့်သည်"ဟူ၍ သုံးမျိုး ဖြစ်သော အားဖြင့် ဓ ပါး။

အမျိုး၊ အနွယ်၊ အမျိုးကောင်းသားဖြစ်ခြင်း၊ ရုပ်ဆင်းဒေါ်နှင့် ပြည့်စုံခြင်း၊ ဥစ္စာ၊ အကြီးအမှူးဖြစ်ခြင်း၊ အလုပ်၊ အတတ်ပညာ၊ အသိပညာ၊ အကြားအမြင်၊ ထိုးတွင်းသွင်မြင်မှုတို့ပြင့်လည်းကောင်း၊ အခြားအကြောင်း တခုခုဖြင့်လည်းကောင်း မာန်တက်ကြွခြင်းအားဖြင့် ၁၀ ပါး။ ဤသို့သော မာန်တက်ကြွခြင်းတို့၌ ရဟန္တာပုဂ္ဂိုလ်၏ စိတ်အစဉ်သည် မယှဉ် မစပ်တော့ချေ။

နှုးညံ့ပြပြစ်၏ ဟူရာ၌ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးလုံးဖြင့် နှုးညံ့ပြပြစ်ခြင်း၊ နှုးညံ့ပြပြစ်သော ပေါမိပက္ခိယတရား ဘုံးဆယ့်ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်းကို နှုးညံ့ပြပြစ်ခြင်းဟု ခေါ်ရပေသည်။

သုံးမျိုးသော ဉာဏ်ပညာဟူသည်မှာ သင်ယူခြင်း၊ မေးမြန်း ဆွေးနွေးခြင်း၊ ကိုယ်တိုင်သိခြင်း သုံးမျိုးတို့ပြင့် ရရှိလာသော ဉာဏ်ပညာတို့ ဖြစ်၏။

ထိုတွင် သင်ကြားခြင်းဖြင့် ရရှိသော ဉာဏ်ပညာ ဟူသည်မှာ ပိဋကတ် ကျမ်းဂန်များကို ဆရာသမားထံမှ သင်ယူခြင်းကို အမှီပြု၍ ပဋိလဒ်းလာသော ဉာဏ်ပညာ ဖြစ်၏။ မေးမြန်းခြင်းဖြင့် ရရှိသော ဉာဏ်ပညာ ဟူသည်မှာ ဘုရားဟော ဒေသနာတော်များ၏ အနက် အဓိပ္ပာယ်၊ လက္ခဏာ၊ အကြောင်းနှင့် အရာဌာန ဟုတ် မဟုတ်တို့ကို မေးမြန်းခြင်းဖြင့် ရရှိလာသော ဉာဏ်ပညာ ဖြစ်၏။ ကိုယ်တိုင်သိရရှိသော ဉာဏ်ပညာ ဟူသည်ကား သုံးမျိုးသော ဘုံးဆယ့်ခုနစ်ပါး၊ မင်္ဂလေးပါး၊ ဗိုလ်လေးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါးတို့၌ အကျုံးဝင်သော ပညာကောင်း၊ အကြောင်းအားဖြင့်လည်းကောင်း၊ သဒ္ဒါနည်းအားဖြင့်လည်းကောင်း ပဋိသမ္ဘိဒါလေးပါး ပဋိသမ္ဘိဒါလေးပါး ပဋိသမ္ဘိဒါလေးပါး

http://www.dhammadownload.com

မည်သူ့ကိုမျှ မယုံကြည် ဟူရာ၌ တရားသဘောကို မိမိကိုယ်တိုင် သိမြင်ပြီးဖြစ်သောကြောင့် ဤလောကတွင် မည်သို့သော ရဟန်း၊ မည်သို့သော ပုဏ္ဏား၊ မည်သို့သော နတ်၊ မည်သို့သော မာရ်၊ မည်သို့သော ဗြဟ္မာ၏ စကားကိုမျှ ယုံကြည်လက်ခံနေစရာ မလိုတော့ပေ။ လက္ခဏာရေးသုံးပါး၊ ပဋိစ္စသမုပ္ပဒ်အင်္ဂါ ဆယ့်နှစ်ပါး၊ သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင် သိမြင်ပြီးဖြစ်၍ သူတပါးထံမှ ပြောသံကြားရုံနှင့် ယုံကြည်မနေရတော့ပြီဟု ဆိုလိုသည်။

တပ်မက်မှုကင်းနေဆဲ ပုဂ္ဂိုလ် ဟူသည်မှာ တရားသဘောကို နားလည်၍ ဘာဝနာစီးဖြန်းကာ ကမ္မဋ္ဌာန်းနှင့် မကင်းသော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်မှ စ၍ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့ ဖြစ်၏။ တရားသဘောကို နားမလည်၊ ဘာဝနာစီးဖြန်းမှုကိုလည်းမပြုသော အန္ဓပုထုဇဉ်တို့ကား တပ်မက်မှု မကင်းသူများသာ ဖြစ်ကြ၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား သေက္ခပုဂ္ဂိုလ် အဆင့်မှ လွန်မြောက်ခဲ့ပြီ ဖြစ်၍ တပ်မက်မှု ကင်းနေဆဲပုဂ္ဂိုလ် မဟုတ်တော့ပေ။

ဤသို့အားဖြင့် ကာမဂုဏ် ငါးပါး၌ ယိုစီးခြင်း၊ မရှိခြင်း စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟောကြားတော်မူပေသည်။

၇။ အကြင်ရဟန်းသည် လာဘ်ရလို၍ စာပေကျမ်းဂန် သင်ယူခြင်း၊ မုတင်ဆောက်တည်ခြင်းကို မပြု။ မရခြင်းကြောင့် အမျက် မထွက်။ အလိုတဏှာကြောင့် အမျက်မထွက်။ အရသာတို့၌ မက်မောခြင်း မရှိ။ ထိုရဟန်းကို ကိလေသာငြိမ်းအေးသူ ဟူ၍ ငါဆို၏။

လာဘ်ရလို၍ စာပေကျမ်းဂန်သင်ယူခြင်း ဟူသည်မှာ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပစ္စည်းလေးပါး ပေါမြားသော သူတွန်ဆောင် ပုဂ္ဂိုလ်၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်၊ ဓမ္မကထိကပုဂ္ဂိုလ်၊ အာဘိဓမ္မာဆောင် ပုဂ္ဂိုလ်တို့ကို အားကျကာ သူတို့ကဲ့သို့ လာဘ်ပေါမြားလိုသဖြင့် သုတ္တန်ကျမ်း၊ ဝိနည်းကျမ်း၊ အာဘိဓမ္မာကျမ်းကြီးများကို သင်ယူ၏။

http://www.dhammadownload.com

အခွါသောရဟန်းကား ပစ္စည်းလေးပါး ပေါများသော မုတင်ဆောင်ပုဂ္ဂိုလ်များကို အားကျကာ မုတင်အကျင့်များကို ဆောက်တည်၍ ကျင့်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား ဤသို့ အလိုတော့သာ အကြောင်းမပြုပဲ မိမိစိတ်များ ငြိမ်းအေးသွားစေရန် သုတ္တန်ကျမ်း၊ ဝိနည်းကျမ်းနှင့် အဘိဓမ္မာကျမ်းကြီးများကိုသာ သင်ယူ၏။ အလိုနည်းခြင်း၊ ရောင့်ရဲခြင်း စသော အကြောင်းများဖြင့် မုတင် တည်ဆောက်ခြင်းကိုသာ ပြုကြပေသည်။

လာဘ်မရခြင်းကြောင့် အမျက်မထွက်ဟူသည်မှာ ထိုရဟန္တာပုဂ္ဂိုလ်သည် ဒါယကာ ဒါယိကာမ၊ တပည့် အသိုက်အဝန်း၊ ကျောင်း တိုက်တာ၊ လာဘ် လာဘ၊ အခြေအရံ၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ပစ္စည်းလေးပါးနှင့် သူနာပြုများကို မရလေခြင်းဟူ၍ အမျက်မထွက်ပါပေ။ "ငါသည် မထင်ရှား မကျော်ကြားလေခြင်း" ဟူ၍လည်း အမျက်မထွက်တော့ပေ။ တကျော်ကြောင့် အမျက်မထွက်သည်မှာလည်း ရှုပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗနှင့် ဓမ္မဟူသော အာရုံခြောက်ပါးအပေါ်၌ တပ်မက်တတ်သောကဲ့သို့ ပယ်ပြီး ဖြစ်သောကြောင့် ဖြစ်ပါသည်။

အရသာတို့၌ မက်မောမှုမရှိခြင်းမှာ အစားအစာ စားသောက်ရခြင်း၏ အကြောင်းရင်းကို သိမြင်ထားသောကြောင့် ဖြစ်ပါသည်။ အသားဥတက်လာစေရန် အနာဝဂို့ ဆေးလိမ်းပေးရဘိသကဲ့သို့၊ ကုန်ပစ္စည်းများကို သယ်ဆောင်နိုင်စေရန် လှည်းဝင်ရိုးခွဲ လှည်းစာထိုးရဘိသကဲ့သို့၊ ကန္တာရဧရိုးကြမ်းမှ ထွက်လှမ်းနိုင်စေရန် သားငယ်၏အသားကို မလဲသော မရှောင်သော စားသောက်ရသကဲ့သို့ သာသနာတော်၏ အကျိုးကို ဆောင်ရွက်နိုင်စေရန် အလို့ငှာ သာလျှင် အစားအစာ စားသောက်ကြရ၏။ ဤသို့စသည်ဖြင့် ရသတဏှာကို ပယ်စွန့်နိုင်ပေသည်။

ဤသို့အားဖြင့် လာဘ်ရလို၍ စာပေကျမ်းဂန် သင်ယူမှု၊ မုတင်ဆောက်တည်မှု မပြုခြင်း စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန်းကို ကိလေသာငြိမ်းအေးသူ ဟူ၍ ဘုရားရှင် ဟောကြားတော်မူပေသည်။

၈။ အကြင် ရဟန်းသည် ဥပေက္ခာ ရှုတတ်၏။ အမြဲဟုဆို သတိကောင်း၏။ လူအပေါင်း၌ "ဤသူနှင့်ငါ တူမျှ၏" ဟူ၍ မဟန်မမူ။

http://www.dhammadownload.com

"ဤသူထက် ငါသာ၏" ဟူ၍ မာန်မမူ။ "ဤသူအောက် ငါ ယုတ်နိမ့်၏" ဟူ၍ မာန်မမူ။ ထိုပုဂ္ဂိုလ်အား ထူထပ်စွာသော ကိလေသာတို့ မရှိကုန်။ ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။

ဥပေက္ခာရှုခြင်း ဟူသည်မှာ ခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဥပေက္ခာရှုခြင်း ဖြစ်၏။ အမြဲတစေ သတိကောင်း၏ ဟူသည်မှာ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတည်းဟူသော သတိပဋ္ဌာန်လေးပါးကို အမြဲမပြတ် အထပ်ထပ်အခါခါ ပွားနေခြင်း ဖြစ်ပါသည်။ မာန်မူခြင်း သုံးမျိုးမှာ သိသာပါပြီ။

ထူထပ်သော ကိလေသာတို့ ဟူသည်မှာ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာနှင့် ကံဟူ၍ ၇ မျိုးသော ထူထပ်ခြင်းတို့ ဖြစ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်အား ဤသို့သော ထူထပ်ခြင်းတို့ မရှိတော့ပါ။ ဤသို့အားဖြင့် ဥပေက္ခာရှုခြင်းစသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟောကြားတော်မူပေသည်။

၉။ အကြင်ရဟန်းအား မှီတွယ်တတ်သော တရားမရှိ။ တရားသဘောကို သိ၍ မမှီတွယ်တော့ပေ။ အကြင်ရဟန်းအား ဘဝဆက်ခြင်းငှာလည်းကောင်း၊ ဘဝပြတ်ခြင်းငှာလည်းကောင်း အလိုတဏှာမရှိတော့ပေ။ ထိုရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။

မှီတွယ်တတ်သောတရားနှင့် မှီတွယ်ခြင်းတို့မှာ တဏှာဒိဋ္ဌိတို့ဖြစ်ကြောင်းရှေ့မှာ ပြခဲ့ပါပြီ။ နောက်နောင်တွင် ပါဋ္ဌိတော် မြန်မာပြန်၌ ဤစကားလုံးများ ပါဝင်ခဲ့သော် ဤအနက်အဓိပ္ပာယ်သာဖြစ်၍ ထပ်မံဖော်ပြခြင်း မပြုတော့ပြီ။

တရားသဘောကိုသိ၍ ဟူရာ၌ အနိစ္စ၊ဒုက္ခ၊အနတ္တ ဟူသော လက္ခဏာရေး သုံးပါးကို သိခြင်း ဖြစ်ပါသည်။

ဘဝဆက်ခြင်းကား သဿတဒိဋ္ဌိဖြစ်၍ ဘဝပြတ်ခြင်းကား ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါသည်။ ထို ဒိဋ္ဌိနှစ်မျိုးလုံးကို သောတာပတ္တိမင်က ပယ်သတ်ပြီးဖြစ်၍

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်သည် ဘဝဆက်ရန်သော်လည်းကောင်း၊ ဘဝပြတ်ရန် သော်လည်းကောင်း တွေးခေါ်နေခြင်း၊တောင့်တနေခြင်း မရှိတော့ချေ။

ဤသို့အားဖြင့် မှီတွယ်တတ်သောတရားမရှိခြင်းစသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟော တော်မူပေသည်။

၁၀။ ထို့ရဟန်းအား 'ဝန္ဆလေးပါ'တို့ မရှိကုန်။ ထို့ရဟန်းသည် အရာရာသို့ ပို့ဆို့တတ်သောတဏှာကို ကျော်လွှန်ခဲ့လေပြီ။ ကာမတို့ဥဃ ငုံကွက်ခြင်း ကင်းပြီးသော ထို့ရဟန်းကို ကိလေသာငြိမ်းအေးသူဟူ၍ ငါဆို၏။

ဤဂါထာမှ (ထို့ရဟန်းကို ကိလေသာ ငြိမ်းအေးသူဟူ၍ ငါဆို၏) ဟူသော ဝါကျကို ရွှေဂါထာမျှားဌ ယှဉ်စပ်၍ မြန်မာပြန်ဆိုခြင်း ဖြစ်ပေသည်။

ဝန္ဆလေးပါးဟူသည်မှာ သံသရာဝဋ်မှ မလွတ်ရအောင် တုပ်နှောင်ကတ်သော တရားလေးပါးဖြစ်၏။ ထို့တရားတို့မှာ အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထတို့ ဖြစ်ပါသည်။ ထို့ ဂန္ထလေးမျိုးတို့၏ အရင်းကောက်မှာ အဘိဇ္ဈာသည် သူတပါးပစ္စည်းကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်းဖြစ်၍ လောဘသာ ဖြစ်ပါသည်။ဗျာပါဒမှာ နှိပ်စက်ဖျက်ဆီးသောသဘောရှိသော ဒေါသဖြစ်၏။ သီလဗ္ဗတပရာမာသမှာ ခွေးအကျင့်၊နွားအကျင့်စသည်ဖြင့် သံသရာမှ စင်ကြယ်၏ဟူသော အယူဖြစ်၍ ဒိဋ္ဌိတမျိုးသာဖြစ်၏။ ဣဒံသစ္စာဘိနိဝေသမှာလည်း မိမိ၏အယူသာလျှင် မှန်ကန်၏ဟု တထစ်ချစွဲယူတာဒေါသကြောင့် ဒိဋ္ဌိတမျိုးသာဖြစ်ပေသည်။ရဟန္တာပုဂ္ဂိုလ်အား ထို့ဂန္ထလေးပါးတို့ မနှောင်ဖွဲ့နိုင်တော့ချေ။

ရူပါရုံစသော အာရုံခြောက်ပါး အပေါ်သို့လည်းကောင်း၊ ဒါယကာ ဒါယိကာမ၊ တပည့်အသိုက်အဝန်း၊ကျောင်းကန်တိုက်ဟာစသည်ပို့အပေါ်၌ ပို့ဆို့တတ်သော သဟောကြောင့် တဏှာကို ဝိသတ္တိကာဖူ၍ ပါဠိတော်၌ အမည်တပ်၍ ဟောကြားတော်မူပေသည်။

http://www.dhammadownload.com

ကာမတို့၌ ငဲ့ကွက်ခြင်းမရှိ ဟူရာ၌ ကာမသည် ဝတ္ထုကာမနှင့် ကိလေသာ ကာမဟူ၍ နှစ်မျိုးရှိ၏။ ဝတ္ထုကာမဟူသည်မှာ လိုချင်စဖွယ်၊ နှစ်သက်စဖွယ်ရှိကုန်သော ရူပါရုံစသော ကာမဂုဏ်ငါးပါးတို့ဖြစ်၏။ ကိလေသာကာမဟူသည်မှာ ထိုအာရုံတို့ကို လိုချင်မက်မောသော တဏှာဖြစ်၏။ ထိုတွင် ဝတ္ထုကာမကို ပရိညာကိစ္စအားဖြင့် ပိုင်းခြား၍သိကာ ပဟာနကိစ္စအားဖြင့် ကိလေသာကာမကို ပယ်ရမည် ဖြစ်ပေသည်။

ဤသို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာငြိမ်းအေးသူဟူ၍ ဘုရားရှင် ဟောကြားတော်မူပေသည်။

၁၁။ ထိုရဟန်းအား ငါ့သား ငါ့သမီးဟု စွဲယူခြင်းသည်လည်းကောင်း၊ ငါ့ဆိတ် ငါ့သိုးဟု စွဲယူခြင်းသည်လည်းကောင်း၊ ငါ့လယ်ငါ့ယာဟု စွဲယူခြင်းသည် လည်းကောင်း၊ ငါ့မြေ ငါ့နေရာဟု စွဲယူခြင်းသည် လည်းကောင်း မရှိပေ။ ထိုရဟန်း၌ ယူစရာကို လည်းကောင်း၊ စွန့်ပစ်စရာကိုလည်းကောင်း မရအပ်ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုအပ်၏။)

ထိုရဟန္တာပုဂ္ဂိုလ်အား လူ့ဘဝတွန်းက သားသမီးများ ရှိကောင်းရှိပေလိမ့်မည်။ ထိုသားသမီးတို့ကို လောကဝေါဟာရများအရ သားသမီးဟူ၍ အသိအမှတ်ပြုပေလိမ့်မည်။ သို့သော် တဏှာဒိဋ္ဌိတို့ဖြင့် ယှဉ်စပ်၍ ငါ့သား ငါ့သမီး ဟူ၍ကား စွဲယူသိမ်းပိုက်တော့မည် မဟုတ်ပေ။ ထိုအယူအစွဲတို့ကို အမြစ်ပြတ်ပယ်စွန့်ပြီးဖြစ်ပေသည်။ ဆိတ်၊ သိုး စသော အိမ်မွေးသတ္တဝါများ၊ ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးသော လယ်ယာများ၊ အိမ်နေရာ၊ ကျိန်နေရာ စသည်များကိုလည်း ငါ့ဟာ၊ ငါ့စွာဟူ၍ မစွဲယူတော့ချေ။

ယူစရာလည်းမရှိပေ၊ စွန့်ပစ်စရာလည်းမရှိပေ ဟူရာ၌ ယူစရာဟူသည်မှာ အတ္တဒိဋ္ဌိဖြစ်၏။ စွန့်ပစ်စရာဟူသည်မှာ ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။ ယူစရာမရှိသော သူအား စွန့်ပစ်စရာမရှိပေ။ စွန့်ပစ်စရာ မရှိသောသူအား ယူစရာ မရှိပေ။ ရဟန္တာပုဂ္ဂိုလ်သည် ယူခြင်း၊စွန့်ပစ်ခြင်းမှ ကင်းလွတ်ပြီး ဖြစ်၏။ တိုးခြင်း လျော့ခြင်းကို လွန်မြောက်ပြီး ဖြစ်၏။

ငါ့သား ငါ့သမီးဟူ၍ စွဲယူမှုမရှိခြင်း စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ထို ရဟန္တာပုဂ္ဂိုလ်ကို ငြိမ်းချမ်းသူ ဟူ၍ ဆိုသင့်ပေသည်။

http://www.dhammadownload.com

၁၂။ ထိုရဟန်းကို ပုထုဇဉ် နတ်လူတို့သည်လည်းကောင်း၊ ပရိဗိုဇ် ရဟန်းနှင့် ပုဏ္ဏားတို့သည်လည်းကောင်း အကြင်သို့သော အပြစ်ဖြင့် စွပ်စွဲကုန်ရာ၏။ ထိုစွပ်စွဲကြောင်းဖြစ်သော အပြစ်ကို ထိုရဟန်းသည် ပယ်အပ်ပြီ။ ထို့ကြောင့် စွပ်စွဲသောစကားများကြောင့် မတုန်လှုပ်တော့ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်၏။)

ပုထုဇဉ်ဟူသောစကားကို သဒ္ဒါနည်းအရ အမျိုးမျိုးအဖုံဖုံဖွင့်ဆိုထား၏။ ဤမြန်မာဘာသာပြန်၌ကား သဒ္ဒါနည်းတက် အနက်အဓိပ္ပာယ်သာ အဓိကထား၍ ဖော်ပြနိုင်ပါသည်။ ပုထုဇဉ်တို့သည် မြောက်မြားစွာသော ကိလေသာတို့ကို ဖြစ်စေတတ်ကုန်၏။ မြောက်မြားစွာသော မပယ်ရသေးသော သက္ကာယဒိဋ္ဌိ ရှိကုန်၏။ မြောက်မြားစွာသော ဆရာတို့၏မျက်နှာကို ကြည့်နေကြရကုန်၏။ အလုံးစုံသော ဂတိတို့မှ မထမြောက်ကြကုန်။ အမျိုးမျိုးသော အဘိသခ်ါရတို့ကို ပြုကြကုန်၏။ အမျိုးမျိုးသောသြဃတို့ဖြင့် နစ်မွန်းကြရကုန်၏။ အမျိုးမျိုးသောအပူတို့ဖြင့်အလောင်ခံရကုန်၏။ အမျိုးမျိုးသော အပူတို့ဖြင့် အကျွမ်းခံရကုန်၏။ ကာမဂုဏ်ငါးပါးတို့၌ မက်မောကြကုန်၏။ နီဝရဏ ငါးပါးတို့ဖြင့် အဆို့အပိတ် ခံကြရကုန်၏။ ဤကား ပုထုဇဉ်ဟူသော စကား၏ အနက်အဓိပ္ပာယ်များပေတည်း။

အကြင်သို့သောအပြစ်ဖြင့် စွပ်စွဲကုန်ရာ၏ ဟူရာ၌ အကယ်၍ ဗုဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာနှင့် အနုသယတို့ကို မပယ်ရသေးလျှင် ထိုကိလေသာတို့ဖြင့် "မက်မောသူ" ဟူ၍လည်းကောင်း၊ "ပြစ်မှားသူ" ဟူ၍လည်းကောင်း၊ "တွေဝေသူ" ဟူ၍လည်းကောင်း၊ "မာန်ခက်ထန်သူ" ဟူ၍လည်းကောင်း၊ "မှားသောအားဖြင့် သုံးသပ်သူ" ဟူ၍လည်းကောင်း၊ "ပျံလွင့်သူ" ဟူ၍လည်းကောင်း၊ "မဆုံးဖြတ်နိုင်သူ" ဟူ၍လည်းကောင်း၊ "ကိလေသာ အားကောင်းသူ" ဟူ၍လည်းကောင်း စွပ်စွဲနိုင်ကုန်ရာ၏။ ထို ကိလေသာတို့ကို ပယ်ခဲ့လေပြီ။

အကယ်၍ ပုညဘိသခ်ါရ၊ အပုညဘိသခ်ါရ၊ အာနေဥာဘိသခ်ါရ ဟူသော အဘိသခ်ါရသုံးပါးကို မပယ်ရသေးလျှင် "ငရဲကျမည့်သူ၊ တိရစ္ဆာန် အဝရောက်မည့်သူ" စသည်ဖြင့် လားရာဂတိဖြင့် စွပ်စွဲနိုင်ရာ၏။ ထို အဘိသခ်ါရတို့ကို ပယ်ခဲ့လေပြီ။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်သည် မလို့သူတို့၏ပုတ်ခတ်

http://www.dhammadownload.com

စကားမျှားကြောင့် မတုန်လှုပ်ကြတော့ပေ။ ထိုကဲ့သို့သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို စင်စစ်အားပြင့် ငြိမ်းချမ်းသူဟူ၍ ဆိုသင့်ပေသည်။

၁၃။ ထိုရဟန်းသည် မက်မောခြင်းကင်း၏။ မနာလို ဝန်တိုခြင်း မရှိ။ မိမိထက် မြင့်မြတ်သောပုဂ္ဂိုလ်တို့၌၊ မိမိနှင့်ညီတူသောပုဂ္ဂိုလ်တို့၌၊ မိမိအောက် ယုတ်နိမ့်သော ပုဂ္ဂိုလ်တို့၌ မိမိကိုယ်ကို နှိုင်းယှဉ်၍မဆိုပေ။ တွေးတောကြံစည်မှု မပြုသည်ဖြစ်၍ တွေးတော ကြံစည်ခြင်းသို့ မချဉ်းကပ်ပေ။ (ထိုရဟန်းကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူ ဟူ၍ ဆိုသင့်၏။)

မက်မောခြင်းမှာ တဏှာလောဘဖြစ်ကြောင်း ထင်ရှားပါပြီ။ ဝန်တိုခြင်း ငါးမျိုးကိုလည်း ရှေ့မှာ ဖော်ပြခဲ့ပါပြီ။

မြင့်မြတ်သောပုဂ္ဂိုလ် စသည်တို့၌ မိမိကိုယ်ကို နှိုင်းယှဉ်၍ ဆိုတတ်ပုံမှာ "ငါသည် မြင့်မြတ်၏" ဟူ၍လည်းကောင်း၊ "ငါသည် တူညီ၏" ဟူ၍လည်းကောင်း၊ "ငါသည် ယုတ်နိမ့်၏" ဟူ၍လည်းကောင်း အခြားသူမျှားနှင့် နှိုင်းယှဉ်၍ မာန်မူခြင်းတို့ဖြစ်ပေသည်။ ကြံစည် တွေးတောခြင်း ဟူသည် တဏှာဒိဋ္ဌိတို့ဖြင့် ငါ၊ ငါဟာဟူသော အယူအစဲကို ရှေ့တန်း တင်ကာ ကြံစည်တွေးတောခြင်းတည်း။

ထိုကဲ့သို့သော ကိလေသာတို့ကို ပယ်စွန့်ပြီးသော ထိုရဟန္တာ ပုဂ္ဂိုလ်အား စင်စစ်အားဖြင့် ငြိမ်းချမ်းသူ ဟူ၍ ခေါ်သင့်ပေသည်။

၁၄။ အကြင်ရဟန်းအား လောကဌ မိမိဉစ္စာ ဟူ၍ စဲ့ယူခြင်း မရှိပေ။ မရှိသောကြောင့် စိုးရိမ်ပူဆွေးခြင်း မရှိပေ။ သဒ်ါရ တရားတို့၌ အဂတိတရား မလိုက်စားပေ။ ထိုရဟန်းကို ကောန်အားဖြင့် ငြိမ်းချမ်းသူ ဟူ၍ ဆိုသင့်၏။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူသတည်း။)

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်သည်ခန္ဓာငါးပါးတရားတို့ကို ငါ့ဟာဟူ၍မယူစွဲတော့ပေ။ ငါ့ဟာဟူ၍ ယူစွဲစရာမရှိသဖြင့် သူ့ဟာ ဟူ၍လည်း ဆိုစရာမရှိပေ။ သူ့ဟာ ငါ့ဟာဟု ယူစွဲသော တဏှာဒိဋ္ဌိတို့ကို ပယ်ခဲ့ပေပြီ။

မရှိသောကြောင့်လည်း စိုးရိမ်ပူဆွေးခြင်းမရှိ ဟူရာ၌ ဖောက်ပြန်ပျက်စီးသွားလေကုန်သော သက်ရှိသက်မဲ့ အရာဝတ္ထုများကြောင့် မစိုးရိမ်ခြင်း၊ မပူဆွေးခြင်း ဖြစ်၏။

တနည်းအားဖြင့် အမျိုးမျိုးသော ရောဂါဝေဒနာတို့ ဖိစီးနှိပ်စက်ခံရသောအခါ အချမ်းအပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ ခြင်ကိုက်ခြင်း၊ မှက်ကိုက်ခြင်း၊ လေပူအတိုက်ခံရခြင်း၊ နေပူအမိခံရခြင်း၊ မြွေကိုက်ခံရခြင်းတို့ကြောင့် မစိုးရိမ်ခြင်း၊ မပူဆွေးခြင်း ဖြစ်၏။

တနည်းအားဖြင့် မရှိနိုင်သောအရာဝတ္ထုတို့ကို အကြောင်းပြု၍ မစိုးရိမ်ခြင်း၊ မပူဆွေးခြင်း ဖြစ်၏။

သင်္ခါရတရားတို့၌ အဂတိတရားမလိုက်စားပေ ဟူရာ၌ သင်္ခါရ ကရားတို့၌ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ အနုသယတို့၏ အစွမ်းအားဖြင့် မပြုသင့်သည်ကို မပြုပဲ တရားသဘောဖြင့် ရှုမြင် သုံးသပ်နေခြင်း ဖြစ်၏။ သူ့ဟာ၊ ငါ့ဟာ ဟူ၍ အုပ်စုခဲခြားမကားတော့ပဲ တသား တည်း ရှုမြင်သုံးသပ်ခြင်း ဖြစ်၏။

သူ့ဟာ ငါ့ဟာဟူ၍ စွဲယူမှု မပြုခြင်း စသော ဂုဏ်တော်များကြောင့် ပြည့်စုံသော ထိုရဟန္တာပုဂ္ဂိုလ်ကို စင်စစ်အားဖြင့် ငြိမ်းချမ်းသူ ဟူ၍ သိုသင့်ပေသည်။

ဤသို့လျှင် နိမ္မိတဘုရားရှင်၏ မေးခွန်းတော်ကို ပကတိဘုရားရှင်က ဖြေကြားတော်မူပါသတည်း။

http://www.dhammadownload.com



၄။ ကလဟစိဝါဒသုတ် အဖွင့်

ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီး အတွင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ဗြဟ္မာတို့အနက် ဒေါသ စရိုက်ရှိသော နတ်ဗြဟ္မာတို့အား ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။ ယခင်သုတ်များကဲ့သို့ပင် ဤသုတ်ကိုလည်း နိမိတ်ဘုရားရှင်နှင့် ပကတိဘုရားရှင်တို့ အမေးအဖြေပြုလုပ်၍ ဟောတော်မူတားပေသည်။

ဤသုတ္တန်ကို သုတ္တနိပါဒ်အဋ္ဌကထာ၊ မဟာနိဒ္ဒေသပါဠိတော်နှင့် ၎င်း အဋ္ဌကထာတို့က ဖွင့်ပြထားလေရာ၊ ထိုဖွင့်ဆိုချက် သုံးရပ်လုံးကို တဲ့စပ်၍ ဖော်ပြလိုက်ပါသည်။

သမ္မာပရိဗ္ဗာဇနီယသုတ်နှင့် ပုရာဘေဒ သုတ်တို့၌ နိမိတ် ဘုရားရှင်က တဂါထာမျှသာမေး၍ ပကတိဘုရားရှင်ကချည်း တောက်လျှောက်ဖြေကြားတော်မူခဲ့၏။ ဤသုတ္တန်၌ကား အမေးတလှည့် အဖြေတလှည့် ဖြစ်၏။ နိမိတ် ဘုရားရှင်က တဂါထာမေးလျှင် ပကတိဘုရားရှင်က တဂါထာ ဖြေတော်မူ၏။ ရံခါ နှစ်ဂါထာဆက်၍ ဖြေတော်မူသည်လည်း ရှိ၏။ အမေး ဂါထာနှင့် အဖြေဂါထာမှာပါသော စကားနှစ်ရပ်တွင် ထပ်တူစကားများ ပါဝင်နေ၏။ ထို့ကြောင့် ပါဠိတော် မြန်မာပြန်ကို ထုတ်ဆောင်ရာတွင် အဖြေစကားကိုသာ ထုတ်ဆောင်လိုက်ပါသည်။ သို့ရာတွင် အဖြေစကား၏ ဖွင့်ဆိုချက်တွင် မပါဝင်သော အမေးဘက်မှ ဖွင့်ဆိုချက်များကိုလည်း ဆက်စပ်၍ ဖော်ပြလိုက်ပါသည်။

http://www.dhammadownload.com

၂။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရန်ဖြစ်ခြင်းတို့သည် လည်းကောင်း၊ ငြင်းခုံခြင်းတို့သည် လည်းကောင်း၊ ဝန်တိုခြင်းနှင့်တကွ ငိုကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့သည် လည်းကောင်း၊ ကုန်းတိုက်ခြင်းနှင့်တကွ မာန်မူခြင်း၊ အလွန်မာန်မူခြင်းတို့သည်လည်းကောင်း၊ ချစ်အပ်သော ဝတ္ထုကြောင့် ဖြစ်ပေါ်လာကြရကုန်၏။ ရန်ဖြစ်ခြင်းတို့သည်လည်းကောင်း၊ ငြင်းခုံခြင်းတို့သည်လည်းကောင်း ဝန်တိုခြင်းနှင့် ယှဉ်ကုန်၏။ ငြင်းခုံမှုတို့ ဖြစ်ပေါ် လာကြသောကြောင့် ကုန်းတိုက်ခြင်းတို့လည်း ဖြစ်ပေါ်လာကြကုန်၏။

ရန်ဖြစ်ခြင်းနှင့် ငြင်းခုံခြင်းကို အဓိပ္ပာယ် တမျိုးတည်း ယူလျှင်လည်း ရနိုင်၏။ တနည်းအားဖြင့် ငြင်းခုံခြင်းမှာ ရန်ဖြစ်ရန် အစပျိုးခြင်း ဖြစ်၏။ လောက၌ စစ်ပွဲကြီးများ၊ ရန်ပွဲကြီးများ ဖြစ်ပွားလာစေရန် ငြင်းခုံမှုဖြင့် အစပျိုးတတ်ကြပေသည်။ မင်းတို့သည်လည်း မင်းတို့နှင့် ငြင်းခုံကြ၏။ နယ်ရှင်တို့သည်လည်း နယ်ရှင်တို့နှင့် ငြင်းခုံကြ၏။ ပုဏ္ဏားတို့သည်လည်း ပုဏ္ဏားတို့နှင့် ငြင်းခုံကြ၏။ သငှေးတို့သည်လည်း သငှေးတို့နှင့် ငြင်းခုံကြ၏။ ထို့ပြင် သားနှင့် အမိ၊ သားနှင့်အဖ၊ ည်အစ်ကို မောင် နှမ အချင်းချင်း၊ မိတ်ဆွေအချင်းချင်းလည်း ငြင်းခုံကြ၏။ ဤသို့ ငြင်းခုံကြရာမှ ကိုယ်တိလက်ရောက် ရန်ဖြစ်လာကြရတော့သည်။ ထိုရန်ပွဲများက အင်အားကြီးမားလာသော် စစ်ပွဲကြီးများ ဖြစ်ပွားလာကြရပေတော့သည်။

ငိုကြွေးခြင်း ဟူသည်မှာ ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ စည်းစိမ် ဥစ္စာ ပျက်စီးခြင်း၊ အနာရောဂါရ၍ ပျက်စီးခြင်း၊ သီလ၏ပျက်စီးခြင်း၊ အယူမှား၍ ပျက်စီးခြင်းတို့နှင့်လည်းကောင်း၊ တခြားတပါးသော ပျက်စီးခြင်း တခုခုနှင့်လည်းကောင်း တွေ့ကြုံရ၍ ငိုကြွေးခြင်းတည်း။

စိုးရိမ်ခြင်း ဟူသည်မှာ အတွင်းမှာ လှိုက်၍ ပူနေခြင်း၊ ငြောင့်စူး၍နေသကဲ့သို့ စိတ်ထဲမှာ အခံရခက်နေခြင်း ဖြစ်၏။ ထိုစိုးရိမ်မှုမှာလည်း အထက်ပါ အကြောင်းများကြောင့်သာ ဖြစ်ပေါ်လာကြရပေသည်။

ဝန်တိုခြင်းဟူသည်မှာ မိမိရရှိထားသည့် ပစ္စည်း ဥစ္စာ၊ အရှိန်အဝါနှင့် အတတ်ပညာများကို သူတပါးအား မပေး မဝေလိုသော သဘောတည်း။

http://www.dhammadownload.com

တောင်းမည့်ရမ်းမည့်သူများကိုမြင်လျှင် မျက်စိထဲမှာ အမှိုက်ဝင်ကာ ရှုံသွားသကဲ့သို့ တွန့်တိုဆုတ်နစ်သွားသော သဘောတည်း။ ထိုဝန်တိုခြင်း ငါးမျိုးကို ရှေ့မှာဖော်ပြခဲ့ပေပြီ။ အမျိုးအနွယ်စသော ဆယ်ပါးသော အကြောင်းတို့ကြောင့် မာန်မူခြင်း၊ အလွန်မာန်မူခြင်းတို့ ဖြစ်ပေါ်လာကြရ၏။ ငြင်းခုံခြင်းမှစ၍ အလွန်မာန်မူခြင်း တိုင်အောင်သော ဤ အကုသိုလ်တရားတို့၏ အရင်းခံကား ချစ်အပ်သောဝတ္ထု ဖြစ်ပေသည်။

ချစ်အပ်သောဝတ္ထုဟူရာ၌ သက်ရှိနှင့် သက်မဲ့၊ တနည်း သတ္တဝါနှင့် သင်္ခါရအားဖြင့် နှစ်ပါးရှိ၏။ သတ္တဝါဟူသည်မှာ မိမိ၏ ကြီးပွားချမ်းသာခြင်းကို လိုလားကုန်သော၊ မိမိက ကြီးပွားချမ်းသာစေလိုသော မိသားစုများ၊ ဆွေမျိုးများ ဖြစ်၏။ သင်္ခါရ ဟူသည် အလိုရှိအပ်၊ တောင့်တအပ်သော ရူပါရုံ စသော အာရုံ ငါးပါး သင်္ခါရတရားတို့ ဖြစ်ပေသည်။

ချစ်အပ်သောဝတ္ထုကို အကြောင်းရင်းပြု၍ အကုသိုလ် တရားများ ဖြစ်ပွားလာပုံမှာ ဤသို့ ဖြစ်၏။

ချစ်အပ်သော ဝတ္ထုကို လုယက်မည် ပြုသောအခါ၊ လုယက်နေသောအခါ၊ လုယက်ပြီးသောအခါတွင် လည်းကောင်း၊ ချစ်အပ်သော ဝတ္ထု ဖောက်ပြန်ပျက်စီးမည် ပြုသောအခါ၊ ဖောက်ပြန် ပျက်စီးနေသော အခါ၊ ဖောက်ပြန်ပျက်စီးပြီးသွားသောအခါတွင်လည်းကောင်း ငြင်းခုံခြင်း စသော အကုသိုလ်တရားများ ဖြစ်ပွားလာကြပေတော့သည်။

အချို့သူတို့မှာ ချစ်အပ်သောဝတ္ထုကို အကြောင်းပြု၍ "ငါသည်ကား အလိုရှိအပ်၊ တောင့်တအပ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ရပေစွာ့တကား" ဟု မာန်တက်တတ်ကြ၏။ ထို့ထက်ကဲသူတို့ကား "အလိုရှိအပ်၊ နှစ်သက်အပ်သော အာရုံတို့ကို ငါတို့သာလျှင် ရနိုင်ကြ၏။ အခြားသူတို့ကား ငါတို့ကဲ့သို့ မဟုတ်ရှာကြကုန်" ဟူ၍ အလွန် မာန်တက်ကြကုန်၏။

ငြင်းခုံခြင်း၊ ရန်ဖြစ်ခြင်းတို့သည် ဝန်တိုခြင်းနှင့် ယှဉ်ကုန်၏ ဟူရာ၌ ငိုကြွေးခြင်း၊ စိုးရိမ် ပူဆွေးခြင်း စသော အကုသိုလ်တရားတို့လည်း အပါအဝင် ဖြစ်ပေသည်။ ဤသို့ ငြင်းခုံပွဲများ ဖြစ်ပွားလာသောအခါ ချစ်ခင်မှုကို ရလိုခြင်း၊ နှစ်ဘက်လုံး ပျက်စီးစေလိုခြင်းဟူသော အကြောင်းတရား နှစ်ပါးတို့ဖြင့် ကုန်းတိုက်သူများ ရောက်လာကြပေလိမ့်မည်။

http://www.dhammadownload.com

၄။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ လောကဋ္ဌ ချစ်ခင်အပ်သော ဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရင်း ရှိကုန်၏။ အကြင် သူတို့သည် လောဘကြောင့် လှည့်လည်သွားလာကြကုန်၏။ တို့သူတို့၏ လောဘသည်လည်း ကာမစ္ဆန္ဒလျှင် အကြောင်းရင်း ရှိ၏။ လူ၏မိုခိုအားထားရာဖြစ်သော အကျိုးတရား၌ တောင့်တမျော်လင့်ခြင်းသည်လည်းကောင်း၊ ပြည့်စုံ ပြီးစီးခြင်းသည် လည်းကောင်း ကာမစ္ဆန္ဒလျှင် အကြောင်းရင်းရှိကုန်၏။

နိမ္မိတဘုရားရှင်၏ ဒုတိယမေးခွန်းကို ပကတိဘုရားရှင်က ဒုတိယအကြိမ်ဖြေတော်မူခြင်း ဖြစ်၏။

ချစ်အပ်သောဝတ္ထုတို့သည် ကာမစ္ဆန္ဒလျှင် အကြောင်းရင်း ရှိကုန်၏ ဟူရာ၌ ကာမစ္ဆန္ဒဟူသော အကြောင်းကြောင့် ချစ်အပ်သော သတ္တဝါသန်ဓါရတို့ ဖြစ်ထွန်းပေါ်ပေါက် လာကြရသည် ဟူ၍ ဇနက အကြောင်းမျိုးကို မဆိုလိုပါ။ ထိုသတ္တဝါသန်ဓါရတို့ကို ချစ်အပ်သော အခြင်းအရာ၊ ချစ်စရာအာရုံအဖြစ်ဖြင့် ရှုမြင်သုံးသပ်ခြင်းကိုသာ ဆိုလိုပါသည်။ ကာမစ္ဆန္ဒဟူသည်မှာ ကာမဂုဏ်အာရုံကို လိုချင် မက်မောသော လောဘ ဖြစ်ပါသည်။ထိုလောဘသည် ဖောက်ပြန်စွာမှတ်သားတတ်သော သညာဝိပ္ပလ္လာသ၊ ဖောက်ပြန်စွာ သိတတ်သော စိတ္တ ဝိပ္ပလ္လာသ၊ ဖောက်ပြန်စွာ ရှုမြင်တတ်သော ဒိဋ္ဌိဝိပ္ပလ္လာသတို့၏ အကူအညီဖြင့် ယူစရာ၊ ရစရာ၊ ချစ်စရာ၊ မုန်းစရာမဖက်၊ ဓမ္မသဘာဝသက်သက်မျှသာဖြစ်သော အာရုံငါးပါး သန်ဓါရတရားတို့ကို ချစ်စရာဟူ၍ အဆုံးအဖြတ်ပေးလိုက်၏။ ထို့ကြောင့် ချစ်အပ်သောဝတ္ထုသည် ချစ်တတ်သော ကာမစ္ဆန္ဒကြောင့် ဖြစ်ပေါ်လာ၏ဟု ဟောတော်မူပေသည်။

ထိုဆန္ဒသည် ပရိယေသနစ္ဆန္ဒ၊ ပဋိလာဘစ္ဆန္ဒ၊ ဝိနိစ္ဆယစ္ဆန္ဒ၊ သန္နိဓိစ္ဆန္ဒ။ ဝိသဇ္ဇနစ္ဆန္ဒ ဟူ၍ ငါးမျိုးရှိ၏။

ထိုတွင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို နေ့မနားညမနား ရှာဖွေ၍ နေတတ်ခြားလည်း ရှာဖွေ၍ အားမရနိုင်ခြင်းသည် ပရိယေသနစ္ဆန္ဒမည်၏။

http://www.dhammadownload.com

မိမိစွမ်းအားအလျောက် ရှာဖွေ၍ရလာပြန်တော့လည်း "ရလေ လိုလေ အိုတစ္ဆေ" ဟူသကဲ့သို့ ရသမျှနှင့်မရောင့်ရဲမတင်းတိမ်နိုင်ခြင်းသည် ပဋိလာဘစ္ဆန္ဒ မည်၏။

ရှာဖွေ၍ရလာသောအာရုံငါးပါးတရားတို့ကိုတသက်တာလုံး အမျိုးမျိုး အဖုံဖုံ သုံးဆောင်ခံစား၍ လာခဲ့ပါသော်လည်း သုံးဆောင်ခံစား၍ အား မရနိုင်ခြင်းသည် ပရိဘောဂစ္ဆန္ဒ မည်၏။

စုဆောင်းမိသောပစ္စည်းများကို သုံးရုံစားရုံမျှနှင့် မကုန်ပြန်သောအခါ "နောင်အခါ ဘေးရန်ရှိသောအခါ အသုံးပြုရန်ဖြစ်လိမ့်မည်" ဟူ၍ သိုမှီး သိမ်းဆည်း၍ မတင်းတိမ်နိုင်ခြင်းသည် သန္နိဓိစ္ဆန္ဒမည်၏။

တောင်ပုံရာပုံဖြစ်အောင် ပစ္စည်းများ စုဆောင်းမိသောအခါ မိမိနှင့် တကွ ပစ္စည်းများကို စောင့်ရှောက်ရန် လိုအပ်လာသဖြင့် ဆင်စီးသူရဲ၊မြင်း စီးသူရဲ စသူတို့အား လစာရိက္ခာများ ပေးကမ်းရပြန်၏။ ဤသို့ ပေးကမ်း ခြင်းမှာ စေတနာသဒ္ဓါတရားကြောင့် မဟုတ်ပဲ မိမိ၏ အကျိုးအတွက်သာ ဖြစ်၍ ဝိသဇ္ဇနစ္ဆန္ဒဟု ခေါ်ဆိုရပေသည်။

လူအမျိုးမျိုးတို့သည် လောဘကိုရှေသွားပြု၍ သုံးဆယ့်တဘုံကို စုန်ချေ ဆန်ချေ ကူးလူးသွားလာ၍ နေကြရလေရာ၊ ထိုသို့သွားလာကြောင်း ဖြစ် သော လောဘသည်လည်း ကာမဂုဏ်အာရုံကို ခုံမင်သော ကာမစ္ဆန္ဒကြောင့် သာ ဖြစ်ပေါ်လာရပေသည်။

လူတို့၏အားထားရာသည်ကား မရသေးသောပစ္စည်းများကို တနေ့နေ့ တွင် ရလိမ့်မည်ဟု တောင့်တမျော်လင့်ခြင်း၊ တောင့်တသည့် အတိုင်း ပြီးစီးပြည့်စုံခြင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့၏ အကြောင်းရင်းမှာလည်း ကာမစ္ဆန္ဒသာလျှင် ဖြစ်ပေသည်။

၆။ လောက၌ အကြင်ဝေဒနာကို သာယာဖွယ် ဟူ၍လည်းကောင်း၊ မသာယာဖွယ်ဟူ၍လည်းကောင်း ခေါ်ဆိုကြကုန်၏။ ထိုဝေဒနာကို

http://www.dhammadownload.com

အကြောင်းပြု၍ အလိုဆန္ဒဖြစ်ပေါ်လာ၏။ လောက၌ သတ္တဝါသည် ရုပ်တရားတို့၌ ပျက်စီးခြင်းကိုလည်းကောင်း၊ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း မြင်၍ ဆုံးဖြတ်ခြင်းကိုပြု၏။

နိမ္မိတဘုရားရှင်၏ တတိယမေးခွန်းကို ပကတိ ဘုရားရှင်က တတိယအကြိမ် ဖြေတော်မူခြင်းဖြစ်၏။ ဤအကြိမ်တွင်ကား တဂါထာနှင့်ဖြေ၍ မလုံလောက်သဖြင့် နှစ်ဂါထာဖြင့်ဖြေတော်မူရ၏။ဤကား ပထမဂါထာ၏ မြန်မာပြန် ဖြစ်ပေသည်။

သာယာဖွယ်ဟူရာ၌ သုခဝေဒနာကို ကောက်ရ၏။ အလိုရှိအပ်သော အရာဝတ္ထုဟူသောဣဋ္ဌာရုံကိုလည်း ကောက်ရ၏။ မသာယာဖွယ် ဟူရာ၌ ဒုက္ခဝေဒနာကိုလည်း ကောက်ရ၏။အလိုမရှိအပ်သော အရာဝတ္ထုဟူသော အနိဋ္ဌာရုံကိုလည်း ကောက်ရ၏။ ထိုဝေဒနာ၊ထိုအာရုံတို့ကို အကြောင်းပြု၍ အလိုဆန္ဒ ဖြစ်ပေါ်လာပေသည်။

ရုပ်တရားတို့၌ ပျက်စီးခြင်းနှင့် ဖြစ်ပေါ်ခြင်းကိုမြင်၍ ဆုံးဖြတ်ခြင်းကိုပြု၏ ဟူရာ၌ ဆုံးဖြတ်ခြင်းမှာ တဏှာဖြင့်ဆုံးဖြတ်ခြင်း၊ ဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်း ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် တဏှာဖြင့် ဆုံးဖြတ်ပုံမှာ ဤသို့တည်း။

လောက၌ လူတယောက်သည် ကြိုးကြိုးစားစားလုပ်ကိုင်ရှာဖွေပါသော်လည်း ပစ္စည်းဥစ္စာများ မရရှိပေ။ ရရှိထားသမျှမှာလည်း ဆုံးရှုံး ပျက်စီးခဲ့ရ၏။ ဤတွင် ဆုံးရှုံးရခြင်း၏ အကြောင်းကို ဆင်ခြင် သုံးသပ်လိုက်ရာ သေသောက်ကြူး၏။ အချိန်မတော် လမ်းသလားခြင်း၊ ပွဲသဘင်ကြူးခြင်း၊ လောင်းကစားကြူးခြင်း၊ လူပေါင်းမှားခြင်း၊အပျင်းထူခြင်းဟူသော ပစ္စည်းဥစ္စာပျက်စီးကြောင်းခြောက်ပါးကို တွေ့မြင်ရ၏။ ဤသို့ ဉာဏ်ဖြင့်တွေ့မြင်ပြီးနောက် ပစ္စည်းဥစ္စာပျက်စီးကြောင်းတို့ကို ရှောင်ကြဉ်၏။ ပစ္စည်းဥစ္စာတိုးပွားကြောင်းတို့ကို မှိဝဲ၏။

တနည်းအားဖြင့် လယ်လုပ်ခြင်း၊ကုန်သွယ်ခြင်း၊နွားကျောင်းခြင်း၊ လေးအတတ် တတ်ကျွမ်းခြင်း၊ မင်းမှုထမ်းလုပ်ခြင်း တစုံတခုသောအသက်မွေးဝမ်းကျောင်း အတတ်ပညာတို့ဖြင့် ပစ္စည်းဥစ္စာစုဆောင်း၏။ ဤသို့လည်း တဏှာဖြင့်ဆုံးဖြတ်ခြင်းကို ပြုလေသည်။

http://www.dhammadownload.com

ဒိဋ္ဌိဖြင့်ဆုံးဖြတ်ပုံကား စက္ခု သောတ စသော အခံဓာတ်မျှား၊ရူပ သဒ္ဒ စသော အတိုက်ဓာတ်မျှား အကြောင်းအားလျော်စွာ ဖြစ်ကြပျက်ကြရာတွင် "ငါ၏အတ္တ ဖြစ်လာပြီ။ ငါ၏အတ္တ ပျက်သွားပြီ။ ငါ၏အတ္တ ကင်းရှင်းသွားပြီ" ဟူ၍ အတ္တအယူဖြင့် ရှုမြင်သုံးသပ်ခြင်းတည်း။

၂။ အမျက် ထွက်ခြင်းသည်လည်းကောင်း၊ မုသား ပြောဆိုခြင်းသည်လည်းကောင်း၊ ဘို့လောဘို့လော ဖြစ်ခြင်းသည် လည်းကောင်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ နှစ်မျိုး ထင်ရှားရှိသော် ထိုတရားတို့သည် ဖြစ်ပေါ်လာကုန်၏။ သို့လောသို့လော ဖြစ်နေသောသူသည် ဉာဏ်အမြင်ကိုရခြင်းငှာ ကျင့်သုံးရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား ကိလေသာငြိမ်းပြီးသော ဘုရားရှင်သည် သစ္စာ လေးပါး တရားတို့ကို ကိုယ်တိုင်သိ၍ ပေါတော်မူသောကြောင့်တည်း။

နိမ္မိတဘုရားရှင်၏ တတိယမေးခွန်းကို ပကတိ ဘုရားရှင်က တတိယအကြိမ် ပြတော်မူခြင်း ဖြစ်၏။ ဒုလိုဆန္ဒနှင့် တဏှာဒိဋ္ဌိတို့ဖြင့် ဆုံးဖြတ်ပုံမျှားကို ပထမဂါထာဖြင့် ပြကြားတော်မူပြီးနောက် အမျက်ထွက်ခြင်း၊ မုသားပြောဆိုခြင်း၊ သို့လောသို့လော ဖြစ်ခြင်းတို့၏ အကြောင်းကို ဤဂါထာဖြင့် ဆက်လက်၍ ပြကြားတော်မူပေသည်။

ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ နှစ်မျိုးကြောင့် အမျက်ထွက်ရာတွင် အနိဋ္ဌာရုံကြောင့် အမျက်ထွက်ပုံမှာ အဋ္ဌာနကောပကို ဖယ်ထား၍ ရှေပိုင်းက အာဃဲဘတဝတ္ထုကိုးပါး ဖြစ်ပွားပုံအတိုင်းဖြစ်၏။ ဣဋ္ဌာရုံကြောင့် ဒေါသဖြစ်ပုံကား အလိုရှိအပ်၊ မြတ်နိုးအပ်သော သင်္ဃာရှိ သက်မဲ့ အရာဝတ္ထုကို လုယူမည်ပြုသောအခါ၊ လုယူနေသောအခါ၊ လုယူပြီးသောအခါတို့၌ လည်းကောင်း၊ အလိုရှိအပ်၊ မြတ်နိုးအပ်သော သင်္ဃာရှိ သက်မဲ့ အရာဝတ္ထု ဖောက်ပြန်ပျက်စီးမည်ပြုသောအခါ၊ ဖောက်ပြန်ပျက်စီးနေသောအခါ၊ ဖောက်ပြန်ပျက်စီးပြီးသောအခါ၌ အမျက်ဒေါသ ထကြွလာ၏။

အနိဋ္ဌာရုံကြောင့် မုသားပြောဆိုပုံမှာ ဤလောက၌ တစုံတယောက်သောသူသည် ကြိုး၊ ဝံ့ခြေချင်း စသည်ဖြင့် အကျဉ်းချုပ်ခံရသောအခါ၊ ရာနိုင်း မြို့တိုင်းပြည်တို့မှ မထွက်ရ၊ ဇနပုဒ်မှ မထွက်ရဟူသော အကျယ်

http://www.dhammadownload.com

ချုပ်ဖြင့် အချုပ်အနှောင် ခံနေရသောအခါ ထိုအချုပ်အနှောင်မှ လွတ် မြောက်စေရန် သိလျက်နှင့် မုသားပြောဆို၏။

ဣဋ္ဌာရုံကြောင့် မုသားပြောဆိုပုံမှာ ဤလောကဌ် အခွါသောသူသည် အလိုရှိအပ်၊ မြတ်နိုးအပ်သော ရူပါရုံစသော အာရုံငါးပါးကို အလိုရှိ၍ သိလျက် မုသားပြောဆို၏။ သက်န်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဝါးဟူသော ပစ္စည်းလေးပါး ရလိုသဖြင့် သိလျက် မုသားပြောဆို၏။

အနိဋ္ဌာရုံကြောင့် သို့လော သို့လော ဖြစ်ပုံမှာ "ငါသည် ဤမျက်စိ ရောဂါမှ လွတ်ဦးမည်လော၊ မလွတ်တော့ပြီလော" စသည်ဖြင့် သို့လော သို့လော တွေးတောမှု ဖြစ်တတ်ပေသည်။

ဣဋ္ဌာရုံကြောင့် သို့လော သို့လော ဖြစ်ပုံမှာ "ငါသည် အလိုရှိအပ်၊ မြတ်နိုးအပ်ကုန်သော ရူပါရုံတို့ကို ရဦးမည်လော၊ မရတော့ပြီလော" စသည် ဖြင့် သို့လော သို့လော တွေးတောမှု ဖြစ်တတ်ပေသည်။

ဤသို့ လောကရေးရာနှင့် ပတ်သက်၍ သို့လော သို့လော ဖြစ်တတ်ပုံကို ဟောကြားတော်မူပြီးနောက် တရားမမှုရေးရာတွင် သို့လော သို့လော ဖြစ် နေရသူများအတွက်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ပို့လင်းလာစေရန် သိလ သိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို ကျင့်သုံးရန်လည်း ညွှန်တော် မူပေသည်။

ထိုတွင် သိလသိက္ခာ ဟူသည်မှာ လူများအတွက် အမြဲစောင့်ရမည့် ငါးပါးသီလ၊ စွမ်းနိုင်သလောက် စောင့်ရမည့် ဥပုသ်သီလကို မကျိုးမပေါက် အောင် စောင့်ရှောက်ခြင်း၊ ရဟန်းများအတွက် ပါတိမောက္ခသံဝရသီလ ကို မကျိုးမပေါက်အောင် စောင့်ရှောက်ခြင်းတို့တည်း။

သမာဓိသိက္ခာဟူသည်မှာ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နှင့် စတုတ္ထစျာန် သမာပတ်များတည်း။

ပညာသိက္ခာဟူသည်ကား သစ္စာလေးပါးကို သိသော ဉာဏ်ပေတည်း။

http://www.dhammadownload.com

ဤသို့သော သိက္ခာသုံးရပ်တို့ကို ယုံယုံကြည်ကြည်၊ တက်တက်ကြွကြွ၊ စိတ်နှလုံး တည်တည်ငြိမ်ငြိမ်ဖြင့် ကျင့်သုံးရမည် ဖြစ်ပေသည်။

၉။ နိမိုဂကိုယ်စားရှင်တော်မြတ်ဘုရား၊ သုခဝေဒနာသည်လည်းကောင်း၊ ဒုက္ခဝေဒနာသည်လည်းကောင်း ဖဿကြောင့်ဖြစ်ပေါ်လာကြရကုန်၏။ ဖဿမရှိလတ်သော် ထိုဝေဒနာနှစ်ပါးတို့မဖြစ်ပေါ်လာကြကုန်။ ဖဿကြောင့် ဖြစ်ပေါ်လာသော ဝိဘဝဒိဋ္ဌိသည် လည်းကောင်း၊ ဘဝဒိဋ္ဌိသည် လည်းကောင်း၊ ပရမတ္ထ သဘောအားဖြင့် ထင်ရှားရှိ၏။ ထိုဖဿဟူသော အကြောင်းကို သင့်အား ငါဖြကြားပါ၏။

နိမိုတဘုရားရှင်၏ စဟုတ္ထမေးခွန်းကို ပကတိဘုရားရှင်က စတုတ္ထအကြိမ် ဖြတော်မူခြင်းဖြစ်၏။ ဖဿကြောင့် ဝေဒနာနှစ်ပါးဖြစ်ပုံမှာ ဖဿပစ္စယာ ဝေဒနာဟူသော ပဋိစ္စသမုပ္ပဒ် ဒေသနာတော်အတိုင်းဖြစ်၏။ ဖဿမရှိလတ်သော် ဝေဒနာ နှစ်ပါး မဖြစ်ပေါ်လာကြခြင်းမှာ ပဋိစ္စသမုပ္ပဒ်၊ ပဋိလောမ ဒေသနာတော်အတိုင်း ဖြစ်ပေသည်။

ဝိဘဝဒိဋ္ဌိဖြစ်ပုံမှာ ဝေဒနာနှစ်ပါးတို့ ပျက်စီးသွားပုံကို ကြည့်ရှုမိသော ပုထုဇဉ်သည် အကြောင်းရှိလျှင် ရှိနိုင်၊ ဖြစ်နိုင်သေးသော ပဋိစ္စသမုပ္ပဒ် ဒေသနာတော်ကို သတိမမူမိပဲ လုံးဝတခါတည်း ပြတ်စဲသွားပြီဟု ဥစ္ဆေဒအယူကို ယူတတ်၏။ ဘဝဒိဋ္ဌိဖြစ်ပုံမှာလည်း ဝေဒနာနှစ်ပါးတို့၏ ဖြစ်ပေါ်ပုံကို ရှုမြင်မိသော ပုထုဇဉ်သည် အကြောင်းရှိမှ ဖြစ်ပေါ်လာရသော ပဋိစ္စသမုပ္ပဒ် ဒေသနာတော်ကို သတိမမူမိပဲ အကြောင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အမြဲတစေ ဖြစ်နေ တည်နေသည်ဟု ယူဆတတ်၏။ ဤဒိဋ္ဌိနှစ်မျိုးလုံးမှာလည်း ဝေဒနာနှစ်ပါးကို အာရုံပြုကာ ဖြစ်ပေါ်လာကြရသဖြင့် ဖဿဟူသော အရင်းခံ အကြောင်းနှင့် မကင်းနိုင်ကြပါခေ။

၁၁။ နိမိုတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ဖဿသည် နာမ်ရုပ်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ သိမ်းပိုက်ခြင်းတို့သည် အလိုတဏှာအကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန်၏။ အလိုတဏှာ မရှိ

http://www.dhammadownload.com

လတ်သော် ငါဟာဟူ၍ သိမ်းပိုက်ခြင်း မရှိနိုင်ပေ။ ရုပ်ကို လွန်မြောက်သည်ရှိသော် ဖဿတို့သည် မတွေ့ထိနိုင်ကြပေ။

နိမိတဘုရားရှင်၏ ပဥ္စမမေးခွန်းကို ပကတိဘုရားရှင်က ပဥ္စမအကြိမ် ဖြေကြားတော်မူခြင်း ဖြစ်၏။ နာမ်ရုပ်ကို အကြောင်းပြု၍ ဖဿဖြစ်ပေါ်ပုံနှင့် နာမ်ရုပ် မရှိသော် ဖဿမရှိပုံတို့မှာ နာမရူပ ပစ္စယာ ဖဿော ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အနုလုံ ပဋိလုံတို့ ဖြစ်ပေသည်။

နာမ်ရုပ်ကို အကြောင်းပြု၍ ဖဿ ဖြစ်ပုံကား ဤသို့တည်း။ စက္ခု ဟူသော အခံဓာတ်ကိုလည်းကောင်း၊ ရူပါရုံဟူသော အတိုက်ရုပ်တို့ကို လည်းကောင်း အကြောင်းပြု၍ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာ၏။ သုံးပါး သော တရားတို့ ပေါင်းဆုံမှုသည် ဖဿ ဖြစ်၏။ စက္ခုပသာဒနှင့် ရူပါရုံတို့ သည် ရုပ်တရား မည်၏။ စက္ခုပသာဒကိုမှီသော ဖဿကို ဖယ်ထား၍ ကျန် သော စက္ခုဝိညာဉ်စိတ်နှင့် သဗ္ဗစိတ္တသာဓရဏ စေတသိက် ခြောက်ခုတို့ သည် နာမ်တရား မည်၏။ ဤသို့အားဖြင့် နာမ်ရုပ်ကိုအမှီပြု၍ ဖဿ ဖြစ် ပေါ်လာရ၏။ ဤသို့အားဖြင့် ခြောက်ဒွါရ ခြောက်အာရုံ တိုက်ဆိုင်ရာ၌ ဖဿဖြစ်ပေါ်ပုံကို သိရှိနိုင်ပေသည်။

သိမ်းပိုက်ခြင်းဟူသည်မှာ တဏှာဖြင့် သိမ်းပိုက်ခြင်း၊ ဒိဋ္ဌိဖြင့် သိမ်းပိုက် ခြင်း ဟူ၍ နှစ်မျိုး ရှိ၏။ တဏှာဒိဋ္ဌိတို့ကိုပင် သိမ်းပိုက်ခြင်းဟူသော ဝေါ ဟာရဖြင့် ဟောတော်မူထားခြင်း ဖြစ်၏။ ထိုတဏှာဒိဋ္ဌိတို့ဖြင့် အသိမ်းပိုက် ခံရသော တရားတို့မှာလည်း လောကီ ရုပ်နာမ်ခန္ဓာတို့သာ ဖြစ်ကြပေသည်။

ရုပ်ကို လွန်မြောက်ခြင်း ဟူရာ၌ ဉာတပရိညာဖြင့် လွန်မြောက်ခြင်း၊ တီရဏပရိညာဖြင့် လွန်မြောက်ခြင်း၊ ပဟာနပရိညာဖြင့် လွန်မြောက်ခြင်း၊ အရူပစျာန်ဖြင့် လွန်မြောက်ခြင်း ဟူ၍ လေးမျိုး ရှိပေသည်။

ဉာတပရိညာဖြင့် လွန်မြောက်ပုံမှာ မဟာဘုတ် လေးပါး၊ ဥပါဒါရုပ် များဟူ၍ ရုပ်တရားတို့၏ သရုပ်ကို ကွဲကွဲပြားပြား ထင်ထင်ရှားရှား သိမြင် ခြင်းသည် ဉာတပရိညာ ဖြစ်၏။ ထိုဉာဏ်ဖြင့်လည်း ရုပ်ကို ကျော်လွန်နိုင် ပေသည်။

http://www.dhammadownload.com

တိရဏပရိညာဖြင့် လွန်မြောက်ပုံမှာ ရုပ်တရားတို့၏ သရုပ်မျှားကို ကဲ့ကဲ့ပြားပြား ထင်ထင်ရှားရှား ဉာတပရိညာဖြင့် သိထားပြီးနောက် အနိစ္စ၊ ဒုက္ခ စသော ဝိပဿနာဉာဏ် လေးဆယ့်လေးမျိုးတို့ဖြင့် ရှုမြင်သုံးသပ်ခြင်းသည် တိရဏပရိညာ ဖြစ်၏။ ထိုဉာဏ်ဖြင့်လည်း ရုပ်ကို ကျော်လွန်နိုင်ပေသည်။

ပဟာနပရိညာဖြင့် ကျော်လွန်ပုံမှာ ရုပ်တရားတို့ကို ဤသို့ ဝိပဿနာဉာဏ်ဖြင့် သုံးသပ်ပြီးနောက် ထိုရုပ်တရား အပေါ်မှာ တပ်မက်တတ်သော ဆန္ဒရာဂကို မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်စွန့်လိုက်၏။ ဤသို့သော ပဟာနပရိညာဖြင့်လည်း ရုပ်ကို ကျော်လွန် နိုင်ပေသည်။ ဉာတပရိညာနှင့် တိရဏပရိညာတို့မှာ ဤပဟာနပရိညာ၏ အခြေခံဖြစ်၍ ရုပ်ကို ကျော်လွန်နိုင်၏ဟု ဆိုရခြင်း ဖြစ်ပေသည်။

အရူပစျာန် လေးပါးကို ရသော သူသည် ရုပ်တရားတို့ လုံးဝ မရှိရာ အရူပ ဗြဟ္မာဘုံသို့ ရောက်သွားရသဖြင့် ရုပ်ကို ကျော်လွန် နိုင်ပေသည်။ သို့ရာတွင် ဤသို့ ကျော်လွန်ခြင်းမှာ ထိုအရူပဘုံတို့၏ သက်တမ်းနှင့် အမျှသာ ဖြစ်၏။ ပဟာနပရိညာဖြင့် ပယ်စွန့်ခြင်းသည် သဘ်လျှင် လုံးဝဥဿုံကျော်လွန်ခြင်း ဖြစ်ပေသည်။ အနုပါဒိသေသနိဗ္ဗာန် ဝင်စံ၍ ရုပ်တရားတို့ လက်စသတ် ချုပ်ငြိမ်းသွားသောအခါ တွေ့ထိမည့် ဖဿတို့သည် တွေ့စရာ ထိစရာ မရှိကြတော့သဖြင့် လက်စသတ် ချုပ်ငြိမ်းကြရ လေတော့သည်။

၁၃။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင်ပုဂ္ဂိုလ်သည် ပကတိသညာ ရှိသည်လည်းမဟုတ်။ ရူးသွပ်သော သညာ ရှိသည်လည်း မဟုတ်။ လုံးဝသညာမရှိသည်လည်း မဟုတ်။သညာကို လွန်မြောက်သူလည်း မဟုတ်။ အာကာသာနဉ္စာယတန စျာန်ကို ရခြင်းငှာ ကောင်းစွာ ကျင့်သော သူ၏ ကသိုဏ်းရုပ်သည် ချုပ်ပျောက်၏။ ထိုသို့ ချုပ်သော်လည်း သညာကြောင့် ဖြစ်ကုန်သော ပပဉ္စတရားတို့ကို ထို ပုဂ္ဂိုလ်သည် မပယ်ရသေးသည်သာတည်း။

http://www.dhammadownload.com

နိမ္မိတဘုရားရှင်၏ ဆဋ္ဌမမေးခွန်းကို ပကတိဘုရားမျှင်က ဆဋ္ဌမ အကြိမ် ဖြေကြားတော်မူခြင်း ဖြစ်၏။ ပကတိသည် ရှိသည်လည်းမဟုတ်။ ရှိသည်သော်သည် ရှိသည်လည်း မဟုတ် ဟူသော စကားမျိုးမျှ သိသာပါပြီ။ လုံးဝသည်မရှိသောသူမှာ နိရောဓသမာပတ်ဝင်စားနေသူနှင့် အသည်းသတ် ဘုံသားများ ဖြစ်၏။ သညာကို လွန်မြောက်သူ ဟူသည်မှာ ရူပသညာကို လွန်မြောက်သော အရူပဈာန်ရသူများ ဖြစ်၏။ တိုပုဂ္ဂိုလ်များဝင် မည်သူမျှ မဟုတ်ဟု ဆိုလိုပါသည်။

အာကာသာနဉ္စာယတနဈာန်ရရန် အားယုတ်နိုင်သူမှာ ရူပါဝစရပုဂ္ဂိုလ်ဈာန် ရရှိသူသာ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် အာသာသကသိုဏ်း ဥဇ္ဈိသော ကသိုဏ်းကိုးပါးကို စတုတ္ထဈာန်ပြင့် ပွားများပြီးနောက် လုံးဝနှံ့ကို ခွာနိုင်သောအခါ ကသိုဏ်းရုပ်အစား ဟင်းလင်းပြင် ပညတ်ကို သာလျှင် ထိုပုဂ္ဂိုလ်၏ရှေ့မှာ ထင်နေ၏။ ဤသို့ ကသိုဏ်း တည်ဟူသော ရုပ် ချုပ်သွားအောင် ကျင့်နိုင်သော်ငြားလည်း မင်္ဂစန်း ပိုင်ဖော်နှံသို့ မတက်လှမ်းရသေးသဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော သံသရာ ခဲ့ယှဉ်ကြောင်း ပပဉ္စတရားတို့ကား မပယ်ရသေးပါချေ။

၁၅။ နိမ္မိတဘုရားရှင်တော်မြတ်ဘုရား၊ ဤ ဝေဒနာဒဋ္ဌ ပုဂ္ဂိုလ်ဝန်ခံကြသော အချို့သော သဿတဝါဒီတို့သည် ဤအရူပဈာန်ရရှိဖြင့် သတ္တဝါ၏ အမြင့်မြတ်ဆုံးသော ငြိမ်းချမ်းခြင်းကို ဟောပြောကြကုန်၏။ ထိုမှတပါး ပညာရှိဟု ဝန်ခံကြသော ထိုပုဂ္ဂိုလ်ပုဂ္ဂိုလ်ခွင် ခန္ဓာ အကြွင်းအကျန်ရှိသော ချုပ်ငြိမ်းခြင်းဌာန ထိုမှ ကျင့်သည် ဟူ၍ ဝန်ခံပြောဆိုကြကုန်သော အချို့သော ဥစ္ဆေဒဝါဒီတို့သည် ဥစ္ဆေဒအယူကို ဟောပြောကြကုန်၏။

နိမ္မိတဘုရားရှင်၏ သတ္တမမေးခွန်းကို ပကတိဘုရားရှင်က သတ္တမ အကြိမ် ဖြေတော်မူခြင်း ဖြစ်ပေသည်။

အချို့သော သဿတဝါဒီပုဂ္ဂိုလ်တို့သည် သံသရာ ခဲ့ယှဉ်ကြောင်း ဖြစ်သော ပပဉ္စတရားတို့ကို မင်္ဂလေးပါးဖြင့် မပယ်နိုင်သေးပါဝဲလျက် အရူပ

http://www.dhammadownload.com

စျာန်ဂုဏ်မျှဖြင့် သံသရာမှ စင်ကြယ်ပြီဟူ၍ ဟောပြောကြကုန်၏။ အခြို့သော ဥစ္ဆေဒဝါဒီမျှားသည်ကား ဘဝဆက်ခြင်းကို ကြောက်ရွံ့ကြကုန်၍ ဘဝပြတ်ခြင်းကို နှစ်သက်ကြကုန်၏။ အမှန်အားဖြင့် ဘဝပြတ်ခြင်း၊ ဘဝဆက်ခြင်းမှာ မိမိ၏ ကြောက်ခြင်း၊ နှစ်သက်ခြင်းနှင့် လုံးဝ မဆိုင်ပေ။ ဥပါဒါနုပစ္ဆယဘဝေါဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဥပါဒါန်ကျန်ရှိနေသေးလျှင် ဘဝရှိ၍ ဥပါဒါန်ကို အကြွင်းအကျန်မရှိ ပယ်စွန့်နိုင်လျှင် ဘဝချုပ်မည်သာ ဖြစ်၏။

ဤသို့သော တရားသဘောကို မသုံးသပ်မိသော ဥစ္ဆေဒဝါဒီ ပဂ္ဂိုလ်သည် သတ္တဝါတစုံတယောက် သေဆုံးသွားသည်ကိုပင် အပြီးသတ်ချုပ်ငြိမ်းသွားပြီဟု ယူဆကြ၏။ "အချင်းတို့၊ ဤအတ္တသည် ကိုယ်ခန္ဓာပျက်စီးသွားသောအခါ၌ ပြတ်တောက်သွား၏။ ပျက်စီးသွား၏။ သေပြီးသည့်နောက် ဘဝတဖန်ဖြစ်ရန် မရှိတော့ပြီ" ဟု ဟောပြောကြ၏။

အမှန်အားဖြင့် အတ္တဟူသည်မှာ ဝါဒရှင်တို့၏ အထင်မျှသာဖြစ်၍ တရားကိုယ်အားဖြင့် လက်ဆုပ် လက်ကိုင် ကောက်ယူရန် မရှိပါ။ ထို့ကြောင့် ထိုအတ္တသည် ဆက်ရန်လည်းမရှိပါ။ ပြတ်သွားရန်လည်း မရှိပါ။ ဘုရားရှင်၏ အဆုံးအမတော်အရ ထိုကဲ့သို့သော အတ္တဟူ၍မရှိ။ အကြောင်းအကျိုး ဆက်ကာဆက်ကာ ဖြစ်ပေါ်နေကြသော၊ အတ္တမဟုတ်သော အနုတ္တ ကရားတို့သာလျှင် ရှိကြောင်း သဘောပေါက် သင့်ကြပေသည်။

ဝါဒရှင် နှစ်မျိုးတို့တွင် သဿတ ဝါဒရှင်ကလည်း အတ္တကိုအခြေပြု၍ မိမိဝါဒကို ဟောပြော၏။ ဥစ္ဆေဒဝါဒရှင်ကလည်း အတ္တကို အခြေပြု၍ သာလျှင် မိမိဝါဒကို ဖြန့်ဖြူး၏။ အနုတ္တဉာဏ်မပါပဲ အတ္တဟု တယူသန်စွဲလမ်းကာ မိမိကိုယ်ကို ပညာရှိဟူ၍လည်းကောင်း၊ ခန္ဓာအကြွင်းအကျန် မရှိသော ချုပ်ငြိမ်းမှုဌ် လိမ္မာသည်ဟူ၍လည်းကောင်း မိမိကိုယ်ကို ဝန်ခံကြသော်လည်း ဝန်ခံသည့်အတိုင်း ကျမ်းကျင်သူမျှား မဟုတ်ကြပါပေ။

ဤသို့ တကယ်မကျမ်းကျင်ပါပဲလျက် ကျမ်းကျင်သည်ဟု ဝန်ခံကြသော သာသနာ့အပြင်မှ ဝါဒရှင်များကို ထုတ်ဖော်တော်မူပြီးလျှင် ခန္ဓာအကြွင်းအကျန်မရှိသော ချုပ်ငြိမ်းမှုဌ် အဟုတ်တကယ် ကျမ်းကျင်လိမ္မာပြီးသော ပဂ္ဂိုလ်ကို ထုတ်ဆောင်တော်မူရန် ပကတိဘုရားရှင်က ဆက်လက်ဟောကြားတော်မူပေသည်။

http://www.dhammadownload.com

၁၆။ စူးစမ်းဆင်ခြင် အာမှန်မြင်တော်မူသော ထိုမြတ်စွာဘုရားသည် ထို အယ္ယုတို့ကို သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ မှိုက်မှောက်၍ သိတော်မူ၍၊ မှိုရာဖြစ်သော ဒိဋ္ဌိတို့ကိုလည်း သိတော်မူ၍၊ တရားသဘောကို သိတော်မူ၍ ငြင်းခုံမှုကို မပြုပေ။ တည်ကြည်သော ပညာရှိတော်မူသော ဘုရားရှင်သည် ထပ်ကာထပ်ကာ ဘဝသစ်သို့ ရောက်တော် မမူတော့ပြီတည်း။

နိမိတဘုရားရှင်၏ မေးခွန်းကို ပကတိဘုရားရှင်က ဖြေဆိုတော်မူကာ ဤဒေသနာတော်တခုလုံးကို အရဟတ္တဖိုလ်ဖြင့် နိဂုံးချုပ်၍ ပေးတော်မူလိုက်ပေသည်။

ဤလောက၌ ဝါဒရှင် အသီးသီးတို့သည် မိမိတို့၏ဝါဒကို အမှန်းတင် ဟောပြောယင်း အခြားဝါဒရှင်များနှင့် ငြင်းခုံနေကြရ၏။ သဿတ ဝါဒရှင်သည် ဥစ္ဆေဒ ဝါဒရှင်နှင့် ထိပ်တိုက်ရင်ဆိုင် တွေ့နေရ၏။ ဝါဒရှင်နှစ်ဦးလုံးကပင် မိမိဝါဒကိုသာ အမှန်ဟု တရားသေ ဆုပ်ကိုင်ထားကြသဖြင့် တဘက်နှင့်တဘက် ညှိနှိုင်း၍ မရနိုင်ကြပေ။ မည်သူကမျှ အရှုံးမပေးကြပေ။ မည်သူကမျှလည်း အနိုင်မရပေ။ တွေ့လေရာ ဆုံလေရာတွင် ဝါဒငြင်းခုံမှုများ ကျင်းပယင်း သားစဉ်မြေးဆက် ဆင်းသက်လာခဲ့လေသည်။

စူးစမ်းဆင်ခြင် အာမှန်မြင်တော်မူသော ဘုရားရှင်သည်ကား ထိုဝါဒငြင်းခုံပွဲများသို့ မည်သည့်ဘက်ကမျှ ဝင်ရောက်ခြင်း ပြုတော်မမူပေ။ ထိုဝါဒတို့ကညွှန်ပြသော ဘဝဆက်ခြင်း၊ ဘဝပြတ်ခြင်းသဘောတို့နောက်သို့ လိုက်ပါ၍မကြည့်ပဲ ထိုဝါဒတို့၏ မှိုရာ တည်ရာကိုသာ ကြည့်တော်မူ၏။ ထိုဝါဒတို့၏ မှိုရာ တည်ရာကား သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့သာဖြစ်ရာ ထိုဒိဋ္ဌိ နှစ်မျိုးကိုသာ တိုက်ရိုက်ကြည့်ရှုတော်မူ၏။ ထိုဒိဋ္ဌိနှစ်မျိုးလုံးပင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့မှ မလွတ်ကင်းနိုင်ပုံကို သိမြင်တော်မူ၏။ ထိုသို့သိမြင်တော်မူ၍ပင် ဝါဒငြင်းခုံမှုတို့တွင် မပါဝင်ပဲ နေတော်မူခဲ့၏။ တဘက်နှင့်တဘက် မာန်မာနတလွှဲလွှဲဖြင့် ငြင်းခုံပွဲကို စွန့်လွှတ်တော်မူသဖြင့် ငြင်းခုံမှုစသော အကုသိုလ် ဟူသမျှ၏ ချုပ်ငြိမ်းရာ တရားတော်မြတ်ကြီးကို အမြင့်ဆုံးသော အရဟတ္တ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခဲ့ပြီဖြစ်၍ နောက်ထပ်တဖန် ဘဝဆက်ရန် မရှိတော့ပြီတည်း။

http://www.dhammadownload.com



၅။ ဗုဒ္ဓဗျာဟသုတ် အဖွင့်

ကပိလဝတ်မြို့တော် ဒန်းမဟာဝုန်တောကြီး အတွင်း၌ပင် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ဗြဟ္မာတို့အနက် ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အား ဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။

ထိုအစည်းအဝေး၌ ဝိတက်စရိုက်ရှိသောနတ်ဗြဟ္မာတို့သည် ဤသို့ကြံစည်မိကြကုန်၏။ "ဤလောက၌ အယူဝါဒ အသီးသီးရှိကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို စိတ်ကောင်းသဘောကောင်း ရှိကြပါသည်ဟု ပြောဆိုကြကုန်၏။ ဤသူတို့သည် စိတ်ကောင်း သဘောကောင်း ရှိကြကုန်၍သာလျှင်၊ မိမိ အယူဝါဒကိုသာလျှင် တယူသန်စွဲယူဆုပ်ကိုင်၍ ရပ်တည်ကြကုန်သလော။ သို့မဟုတ် အခြားသော အယူဝါဒကိုလည်း လက်ခံကြသေးသလော" ဟု ကြံစည်မိကြကုန်၏။ ဤတွင် ဘုရားရှင်က ထိုအကြောင်းကို ထင်ရှားစွာပြဆိုခြင်းငှာ ဤသုတ်ကို ဟောကြားတော်မူလေသည်။

ကပိလဝတ်မြို့တော် ဒန်းမဟာဝုန်တောကြီး အတွင်း၌ပင် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ဗြဟ္မာတို့အနက် ဝိတက်စရိုက်ရှိသော နတ်ဗြဟ္မာတို့အား ဘုရားရှင် ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။

ထိုအစည်းအဝေး၌ ဝိတက်စရိုက်ရှိသောနတ်ဗြဟ္မာတို့သည် ဤသို့ကြံစည်မိကြကုန်၏။ "ဤလောက၌ အယူဝါဒ အသီးသီးရှိကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို စိတ်ကောင်းသဘောကောင်း ရှိကြပါသည်ဟု ပြောဆိုကြကုန်၏။ ဤသူတို့သည် စိတ်ကောင်း သဘောကောင်း ရှိကြကုန်၍သာလျှင်၊ မိမိ အယူဝါဒကိုသာလျှင် တယူသန်စွဲယူဆုပ်ကိုင်၍ ရပ်တည်ကြကုန်သလော။ သို့မဟုတ် အခြားသော အယူဝါဒကိုလည်း လက်ခံကြသေးသလော" ဟု ကြံစည်မိကြကုန်၏။ ဤတွင် ဘုရားရှင်က ထိုအကြောင်းကို ထင်ရှားစွာပြဆိုခြင်းငှာ ဤသုတ်ကို ဟောကြားတော်မူလေသည်။

ဤသုတ္တန်ကိုလည်း သုတ္တန်ပါဠိတော် အဋ္ဌကထာ၊ မဟာနိဒ္ဒေသ ပါဠိတော်နှင့် ၎င်းအဋ္ဌကထာတို့က ဖွင့်ပြထားလေရာ၊ ထိုဖွင့်ဆိုချက် သုံးရပ်လုံးကို တွဲစပ်၍ ဖော်ပြလိုက်ပါသည်။

ကလဟဝိဝါဒသုတ်မှာကဲ့သို့ပင် ဤ သုတ်မှာလည်း အမေး တလှည့် အဖြေတလှည့် ဖြစ်၏။ အမှတ် ၁၊ ၂ ဂါထာတို့ဖြင့် နိမိတ ဘုရားရှင်က မေးတော်မူသည်ကို အမှတ် ၃၊ ၄၊ ၅ ဂါထာတို့ဖြင့် ပကတိဘုရားရှင်က

http://www.dhammadownload.com

ဖြေတော်မူ၏။ တဖန် အမှတ် ၆ ဂါထာဖြင့် မေးတော်မူသည်ကို အမှတ် ၇ ဂါထာဖြင့် ဖြေတော်မူ၏။ တဖန် အမှတ် ၈ ဂါထာဖြင့် မေးတော်မူသည်ကို ကျန်ဂါထာမျှားဖြင့် ဖြေကြားတော်မူပေသည်။

အဖြေစကားမျှားခွ် မေးလိုသောအချက်မျှား ပါဝင်ပြီးဖြစ်နေ၍ ပါဠိတော် မြန်မာပြန်ကို ထုတ်ဆောင်ရာတွင် အဖြေစကားမျှားကိုသာ ဖော်ပြလိုက်ပါသည်။ သို့ရာတွင် အဖြေစကား၏ ဖွင့်ဆိုချက်တွင် မပါဝင်သော အမေးဘက်က ဖွင့်ဆိုချက်မျှားလည်း ဆက်စပ်၍ ဖော်ပြ ထားပါသည်။

၃။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ပုဂ္ဂိုလ်တည်းသည် အခြားပုဂ္ဂိုလ်၏ အယူဝါဒကို လက်မခံသောကြောင့် မိုက်မဲသည်၊ ယုတ်ညံ့သည်၊ ပညာမဲ့သည် ဖြစ်ငြားအံ့။ အားလုံးသော ပုဂ္ဂိုလ်တို့သည် မိုက်မဲကုန်ရာ၏။ ပညာမဲ့ကုန်ရာ၏။ အလုံးစုံသော ဤပုဂ္ဂိုလ်တို့သည် အယူဝါဒ အသီးသီး ရှိနေကြသည်သာတည်း။

နိမ္မိတဘုရားရှင်၏ ပထမမေးခွန်းကို ပကတိဘုရားရှင် ဖြေကြားတော်မူခြင်း ဖြစ်၏။ လောကဌ် ဝါဒရှင်အသီးသီးတို့သည် မိမိအယူဝါဒ လက်ခံသူတို့ကိုသာ ချီးမြှောက်၍ လက်မခံသောသူတို့ကိုမူ ယုတ်ညံ့သူ၊ မိုက်မဲသူစသည်ဖြင့် ရှုတ်ချပြောဆိုကြကုန်၏။ သူတို့ပြောသည့် အတိုင်းသာ ဟုတ်မှန်ပါလျှင် အယူဝါဒရှင်အားလုံး မိုက်မဲသူ၊ ပညာမဲ့သူတို့ချည်း ဖြစ်ကြရပေတော့မည်။ အဘယ့်ကြောင့်ဆိုသော် အယူဝါဒ အသီးသီး ရှိနေကြသော ပုဂ္ဂိုလ်များသည် မိမိအယူဝါဒမှတပါး အခြားသူ၏ အယူဝါဒကို လက်မခံနိုင်ကြသောကြောင့်ပင်တည်း။

၄။ မိမိ၏ အယူဝါဒဖြင့် မစင်ကြယ်သည် ဖြစ်ပါလျက် အလွန်စင်ကြယ်သော ပညာရှိမည်ကုန်ငြားအံ့။ ကျမ်းကျင် လိမ္မာသူ မည်ကုန်ငြားအံ့။ ပညာကြီးသူ မည်ကုန်ငြားအံ့။ ထိုသူတို့တွင် ပညာမဲ့သူ ဟူ၍

http://www.dhammadownload.com

မရှိနိုင်ပေရာ။ အခြားသူမျှားကဲ့သို့ပင် ထိုသူမျှားသည်လည်း မိမိ၏ အယူဝါဒကို စွဲယူထားကြသည်သာတည်း။

၅။ အကြင်အယူဝါဒကို အကြောင်းပြု၍ နှစ်ဘက်သော ဝါဒရှင်တို့သည် တဘက်ကို တဘက်က ယုတ်ညံ့သူ ဟူ၍ ဆိုကြကုန်၏။ ဤသို့သော အယူဝါဒကို မှန်ကန်သောအယူဝါဒဟူ၍ ငါဘုရား မဟောကြားပေ။ သူတို့သည် မိမိ၏ အယူဝါဒကို အမှန်ချည်းဟူ၍ တယူသန် ပြောဆိုကြကုန်၏။ ထို့ကြောင့်သာလျှင် သူတပါးကို ယုတ်ညံ့သူ ဟူ၍ ရှုမြင်ကြကုန်၏။

ဤဂါထာနှစ်ပုဒ်တို့ကား ပထမဂါထာကိုပွား၍ ဖွင့်ဆိုထားခြင်း ဖြစ်၏။ ပထမဂါထာ၌ ပြဆိုခဲ့ပြီးသော အကြောင်းအရာကို ပေါ်လွင်ထင်ရှားလာစေရန် အကျယ်ခဲ့၍ ပြလိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် ဤသုတ်ကို ဗျူဟသုတ်ဟု အမည်ပေးရ၏။ ဤသုတ်နောက်မှာ ကပ်လျက်ပါလာသော သုတ်သည်လည်း ဤသဘောအတိုင်း ဖြစ်၍ ဗျူဟသုတ်ဟုပင် အမည်တွင်၏။ သို့သော် ထိုသုတ်ကား ဤသုတ်ထက် ဂါထာပိုများသဖြင့် မဟာဗျူဟသုတ်ဟု ဝိသေသ နာမည် ရရှိကာ ထိုသုတ်ကို ထောက်ဆ၍ ဤသုတ်ကိုလည်း စူဠဗျူဟသုတ်ဟူ၍ ခဲ့ခြားသတ်မှတ်ထားကြရပေသည်။ ဤစကားတို့၏ အနက်အဓိပ္ပာယ်မှာ သိသာထင်ရှားနေပါပြီ။

၆။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ အကြင်အမှန်တရားကို အထူးသဖြင့် သိမြင်ပြီးသော ပုဂ္ဂိုလ်သည် မငြင်းခုံတော့ပေ။ အမှန်တရားသည် တမျိုးတည်းသာ ဖြစ်၏။ ဒုတိယ အမျိုးဟူ၍ မရှိပါ။ ထိုသူတို့သည် မိမိတို့၏ အသီးသီးသော အမှန်တရားတို့ကို ဟောပြောကြကုန်၏။ ထို့ကြောင့်သာလျှင် ကိလေသာငြိမ်းပြီးသူ ဟူ၍ အခေါ်ခံကြသော ဝါဒရှင်တို့သည် တမျိုးတည်းသော အမှန်တရားကို မပြောဟောကြကုန်။

http://www.dhammadownload.com

နိမိုတ ဘုရားရှင်၏ "ဤလောကရှိ ဝါဒရှင်အသီးသီးတို့သည် အဘယ့်ကြောင့် အမှန်တရား တမျိုးတည်းကို တညီတညွတ်တည်း မပြော မဟော ကုပါသနည်း" ဟူသော မေးခွန်တို့ ပကတိဘုရားရှင်က ဖြေကြားတော်မူခြင်း ဖြစ်၏။

သစ္စာ ဟူသော အမှန်တရားသည် သိရန်အတွက်သာ ဖြစ်၏။ မျက်မှောက်ပြုရန်အတွက်သာ ဖြစ်၏။ အမှန်ကို အကြောင်းပြု၍ ငြင်းခုံနေရန် မဟုတ်ပေ။ ငြင်းခုံနေသမျှ ကာလပတ်လုံးလည်း အမှန်တရားကို မသိနိုင်ပေ။ အမှန် သိသွားပြန်တော့လည်း ငြင်းခုံလိုစိတ် မရှိနိုင်တော့ချေ။

စင်စစ်အားဖြင့် သစ္စာ ဟူသည်မှာ တမျိုးတည်းသာ ရှိစကောင်း၏။ နှစ်မျိုး မရှိနိုင်ပေ။ အကယ်၍ နှစ်မျိုးရှိနေလျှင်လည်း အမှန် မဟုတ်နိုင်တော့ပေ။ နှစ်မျိုးနှစ်စား ရှိနေသည့်အနက် တမျိုးက မှန်လျှင် တမျိုးက မှားနေပေလိမ့်မည်။ ဒုတိယ အမျိုးဟူ၍ မရှိနိုင်သော တမျိုးတည်းသော အမှန်တရားကို မသိနိုင်၍သာလျှင် မိမိထင်ရာ မြင်ရာတို့ကို အမှန်တရားပဲ ကင်မှန်းတပ်ကာ သူတမျိုး ငါတဖုံ မျိုးစုံအောင် ဟောပြောနေကြခြင်း ဖြစ်ပေသည်။

တမျိုးတည်းသော အမှန်တရားကို သရုပ်တရားကိုယ်ကောက်ယူပါလျှင် နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ကောက်ယူရမည် ဖြစ်၏။ ကိလေသာ ဟူသော အပူမပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ၊ ဝဋ်ဒုက္ခအပေါင်းတို့၏ လမ်းဆုံးရာ အမှန်တရားဖြစ်၍ ယင်းကို နိရောဓသစ္စာဟု ခေါ်ဆိုကြရ၏။ ထို့သစ္စာသည် အသိခံတရား ဖြစ်၏။ အသိခံတရားဖြစ်သော ထိုအာရုံကို သိတတ်၊ မြင်တတ်၊ မျက်မှောက်ပြုတတ်သော မဂ္ဂသစ္စာကိုလည်း တနည်းအားဖြင့် ကောက်ယူနိုင်၏။ မဂ္ဂသစ္စာကို ကိုယ်ပိုင် ကိုယ်တိုင် ရရှိကြသောကြောင့်သာလျှင် ဘုရား အစရှိသော အရိယာ သူတော်ကောင်းတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသောကြောင့် ဖြစ်ပေသည်။

၉။ နိမိုတကိုယ်စား ရှင်တော်မြတ်ဘုရား၊ သည်ပြင့် စွဲယူအပ်ကုန်သော မြဲ၏ဟူသော အယူအစွဲတို့ကို ကြဉ်ထား၍ မျှားစွာ ကုန်သော၊

http://www.dhammadownload.com

အမျိုးမျိုးကုန်သော အမှန်တရားတို့သည် လောကဦ့် မရှိကြကုန်။ ကြံစည်စိတ်ကူး၍ ဒိဋ္ဌိအယူတို့ကို ထူထောင်ကြကာ "ငါ့အယူဝါဒသာ မှန်သည်။ သင့်အယူဝါဒမှားသည်" ဟူ၍ နှစ်မျိုးပြားသော စကားကို ပြောဆိုကြကုန်၏။

"အဘယ်ကြောင့် သစ္စာတရားကို အမျိုးမျိုး ဟောပြော နေကြပါသနည်း" ဟူသော နိမ္မိတဘုရားရှင်၏ မေးခွန်းကို ပကတိ ဘုရားရှင်က ဖြေတော်မူခြင်းဖြစ်၏။ ဤမေးခွန်းကို နောက်ဂါထာသုံးဖြင့်လည်း ဆက်ကာ ဆက်ကာ ဖြေကြားတော်မူလိမ့်ဦးမည်။ ဖြေဆိုခဲ့ပြီးသော အကြောင်းအရာကိုပင် ပိုမို၍ထင်ရှားလာအောင် နောက်ဂါထာများဖြင့် ပွား၍ အကျယ်ခဲ့၍ ဟောတော်မူလိမ့်ဦးမည်။

ခန္ဓာကိုယ်ကြီး သေဆုံး၍သွားသော်လည်း အတ္တဟူသော အမာခံတရားကား မသေ။ ကိုယ်ခန္ဓာတွေ့ ဆက်ကာဆက်ကာပြောင်းရွှေ့ကာ အမြဲတစေတည်နေ၏ ဟူသည်မှာ သဿတဝါဒ ဖြစ်၏။ ထိုဝါဒ၏ တည်ရာမှီရာကား အခြားမဟုတ်ပေ။ လွဲမှားစွာမှတ်သားထားသော သညာသာလျှင် ဖြစ်၏။ ထို့ကြောင့် ထိုသို့သောသညာကို သညာဝိပ္ပလ္လာသဟု ဆိုရလေသည်။ ထိုသို့ သညာဝိပ္ပလ္လာသဖြင့် မှားယွင်းစွာ မှတ်သားထားအပ်သော သဿတ အယူအစွဲမျိုးကို ကြဉ်ထား၍ ထိုပုဂ္ဂိုလ်တို့၏သန္တာန်ဝယ် အမှန်တရားဟူ၍ မရှိပါချေ။ မိမိတို့ယူစွဲထားသော ဒိဋ္ဌိအယူမှတပါး ဘာအမှန်တရားကိုမျှ မသိကြပေဟု ဆိုလိုပါသည်။ ဤသို့ ကိုယ်တိုင်မသိကြပါဲလျက် စိတ်ကူးဖြင့် မှန်းဆကာ အမှန်တရားကို ဟောပြောကြပေသည်။ ထို့ကြောင့်ပင် အမှန်တရားတွေ့ အမျိုးမျိုးအဖုံဖုံ မှားပြားနေခြင်း ဖြစ်ပေသည်။ ငြင်းခုံ၍ မဆုံးနိုင်အောင် ဖြစ်နေကြရပေသည်။

ဤသို့အားဖြင့် ထင်ရှားမရှိသော အထူးထူးသော အမှန်တရားတို့ဦ့ကြံစည်ရုံမျှသာ အောက်မေ့နိုင်သော ဝါဒရှင်တို့၏ ဖောက်ပြန် မှားယွင်းသော အကျင့်များကို ဆက်လက်၍ဟောပြတော်မူ၏။ ထိုမှဆက်လက်၍ ဝါဒငြင်းခုံသူတို့၏စကားများ ရွေ့နောက်မညီပုံကို ပြဆိုတော်မူကာ ထိုဝါဒငြင်းခုံမှုအားလုံးကိုပယ်စွန့်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏အဖြစ်ကို ညွှန်ပြတော်မူကာ ဒေသနာတော်ကို နိဂုံးချုပ်၍ ပေးတော်မူလေသည်။

http://www.dhammadownload.com

ဤ စကားရပ်များသည် အမှတ် ၉ ဂါထာ၌ ပြဆို အပ်ပြီးသော အကြောင်းအရာများကိုပင် ထပ်မံ၍ပွားကာ၊ အကျယ်ခဲ့ကာ ဟောတော်မူထားခြင်းဖြစ်၍ ပါဠိတော် ဘာသာပြန်များဖြင့်ပင် အဓိပ္ပာယ် သိသာပါပြီ။ ဤစကားရပ်များမှာပါဝင်သော ဝေါဟာရများ၏ အရကောက်ကိုလည်း ရှေးပိုင်းက ဖွင့်ခဲ့ပုံများကို မှီး၍ ကောက်နှိုင်လောက်ပါပြီ။

http://www.dhammadownload.com



၆။ မဟာဗျူဟသုတ် အာဖွင့်

ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီးအတွင်း၌ပင် စကြဝဠာပေါင်း တိုက်တသောင်းမှ စည်းဝေးလာကြသော နတ်ပြဟ္မာတို့အနက် မောဟ စရိုက်ရှိသော နတ်ပြဟ္မာများအား ဟောကြားတော်မူသော ဒေသနာ တော် ဖြစ်ပေသည်။

ထိုအစည်းအဝေး၌ မောဟစရိုက်ရှိသော နတ်ပြဟ္မာတို့သည် ဤသို့ စဉ်းစားမိကြကုန်၏။ "ဤလောက၌ အယူဝါဒ အမျိုးမျိုး ရှိကြသော ပုဂ္ဂိုလ်တို့သည် ပညာရှိများ၏အထံမှ ကဲ့ရဲ့မှုကိုသာ ခံယူကြရပါသလော။ သို့မဟုတ် ချီးမွမ်းခြင်းကိုလည်း ခံယူရသေးပါသလော" ဟု စဉ်းစားမိကြကုန်၏။ ဤတွင် ဘုရားရှင်က ဤအကြောင်းကို ထင်စွာပြခြင်းငှာ ဤသုတ္တန်ကို ဟောတော်မူလေသည်။

ဤသုဇွန်ကိုလည်း သုတ္တနိပါတ် အဋ္ဌကထာ၊ မဟာနိဒ္ဒေသ ပါဠိတော်နှင့် ၎င်းအဋ္ဌကထာများက ဖွင့်ပြထားလေရာ ထိုဖွင့်ဆိုချက်သုံးရပ်လုံးကို တွဲစပ်၍ ဖော်ပြလိုက်ပါသည်။

ရှေသုက်များကဲ့သို့ပင် ဤသုတ်မှာလည်း အမေးတလှည့် အဖြေတလှည့် ဖြစ်၏။ အမှတ် ၁ ဂါထာဖြင့် နိမ္မိတဘုရားရှင်က မေးတော်မူသည်ကို အမှတ် ၂မှ အမှတ် ၇ထိ ၆ ဂါထာတို့ဖြင့် ပကတိဘုရားရှင်က ဖြေတော်မူ၏။ အမှတ် ၈ ဂါထာဖြင့် မေးတော်မူသည်ကို အမှတ် ၉မှ အမှတ် ၂၀ ထိ ၁၂ ဂါထာတို့ဖြင့် ပကတိဘုရားရှင်က ဖြေတော်မူ၏။

http://www.dhammadownload.com

အဖြေစကားများ၌ပင် မေးလိုသောအချက်များ ပါဝင်ပြီး ဖြစ်နေ၍ ပါဠိတော်မြန်မာပြန်ကို ထုတ်ဆောင်ရာတွင် အဖြေစကားများကိုသာ ထုတ်ဆောင်လိုက်ပါသည်။

၂။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ဤသို့ အနည်းငယ်မျှ အခြိုးမှမ်း ခံရခြင်းသည်လည်း ကိလေသာငြိမ်းအေးစေခြင်းငှာ မစွမ်းနိုင်ပါ။ ငြင်းခုံခြင်း၏ အကျိုးတရား နှစ်ပါးကို ငါဘုရား ဟောကြား၏။ ထိုအပြစ်ကိုလည်း ရှုမြင်၍ ငြင်းခုံမှုကိုမပြုရာ။ ငြင်းခုံစရာမရှိသော နိဗ္ဗာန်ကို ဘေးရန်ကင်းကွာ ကိုးကွယ်ရာဟူ၍ ဆင်ခြင်၍ နေရော၏။

"အယူဝါဒရှင်တို့သည် ကဲ့ရဲ့ခြင်းကိုသာ ခံယူကြရပါသလော။ ချီးမွမ်းခြင်းကိုလည်း ခံယူရသေးသလော" ဟူသော နိမ္မိတဘုရားရှင်၏ ဒေသနာကို ပကတိဘုရားရှင်က စတင်၍ ပြတော်မူခြင်း ဖြစ်ပါသည်။

အယူဝါဒရှင်များသည် တခါတရံတွင် ဝါဒပြိုင်ပွဲတချို့တွင် ပညာရှိတို့၏ ချီးမွမ်းမှုကိုလည်း ခံယူကြရပါသေးသည်။ သို့သော် ကဲ့ရဲ့ခံရခြင်းနှင့် စာသော် နည်းပါးလှပါသည်။ ထို့သို့ ရှားရှားပါးပါး အချို့မှမ်းခံရခြင်းမှာလည်း ကိလေသာငြိမ်းစေရန် မစွမ်းနိုင်ပါ။ ကိလေသာငြိမ်းစေခြင်းကောင်းမြတ်သောအကျင့်လည်းမဟုတ်။ ကိလေသာငြိမ်းရာ နိဗ္ဗာန်ကို ဖြင့်ပြီးသော ဆရာသမားများ၏ လမ်းညွှန်မှုကိုလည်း မမှီယူကြသောငြာင့် ဖြစ်ပေသည်။ ရှားရှားပါးပါး အချို့မှမ်းခံရသော အချက်သုံးပါးကိုများသည်ပင် ကိလေသာငြိမ်းစေရန် မစွမ်းနိုင်လျှင် အကဲ့ရဲ့ခံရသော အကျင့်များမှာကား ဆိုဖွယ်ရာမရှိတော့ပြီ။

ငြင်းခုံခြင်း၏ အကျိုးတရားနှစ်ပါးဟူသည်မှာ နိုင်ငြင်းနှင့်ခွဲခြားခြင်း အရံများခြင်းနှင့် နည်းခြင်း၊ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်း၊ ဝမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ ဝမ်းသာခြင်းနှင့်ဝမ်းနည်းခြင်း စသော သန့်ကျဉ်တဲ့အကျိုးများဖြစ်၏။ ဤအကျိုးများတွင် အလိုရှိအပ်သော အကျိုးများ ပါဝင်သော်လည်း အမှန်အားဖြင့် အရှည်သဖြင့်ကောင်းကျိုးချမ်းသာကိုမဆောင်

http://www.dhammadownload.com

နိုင်ပါ။ သန်လျက်ဖျားမှ ပျားရည်စက်ကဲ့သို့ပင် မဆင်မခြင်လျက်မိသူအတွက် ထိခိုက်နစ်နာစေဖို့သာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ထိုသို့ ငြင်းခုံသော ကံမျိုးကို ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့သို့ ကျရောက်စေနိုင်သည်ဟု ဘုရားရှင် ဟောတော်မူခြင်း ဖြစ်ပါသည်။

ဤသို့သောအပြစ်ကိုမြင်၍ ငြင်းခုံမှုမှ ရှောင်ကြဉ်ရာတွင် ရှောင်ကြဉ်ရုံသက်သက်ကလေးမျှကို ဘုရားရှင် ရည်ညွှန်းတော်မူသည် မဟုတ်ပါ။ အပါယ်လားဖကြောင်း မကောင်းသောငြင်းခုံမှုကို ရှောင်ကြဉ်ပြီးလျှင် သတ္တဝါရှိသမျှ အနန္တတို့ အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးတို့ဖြင့် ဖြန့်ကြက်၍ နေထိုင်ရန် ဖြစ်ပေသည်။

ဝါဒရေးရာ ငြင်းခုံမှုများကို ဘေးရန်ဟူမြင်ကာ ဝါဒရေးရာ ငြင်းခုံစရာ ဟူ၍ မရှိ၊ မျက်မှောက်ပြုရန်သာရှိသော နိဗ္ဗာန်ကိုသာလျှင် ဘေးအပေါင်း၊ ရန်အပေါင်းမှ လွတ်ကင်းရာ၊ ကိုးကွယ် လဲလျောင်းရာ၊ သေခြင်းကင်းရာ တရားအဖြစ် ရှုမြင်၍ ဘေးရန်ကင်းစွာနေထိုင်သွားကြရန် ဖြစ်ပါသည်။

၃။ ဤသို့ မငြင်းခုံသော ပညာရှိသည် ပုထုဇဉ်တို့ ပညတ်အပ်ကုန်သော အယူဝါဒ အားလုံးသို့ မချဉ်းကပ်တော့ပေ။ မချဉ်းကပ်သော ထိုပညာရှိသည် မင်္ဂလာရှိသော အဆင်းကိုမြင်ရလျှင် ကိုလသာ စင်ကြယ်၏ဟူသော အယူဒိဋ္ဌလည်းကောင်း၊ မင်္ဂလာရှိသော အသံကိုကြားရလျှင် ကိုလေသာစင်ကြယ်၏ ဟူသော အယူဒိဋ္ဌလည်းကောင်း ကိုက်နှစ်သက်ခြင်း မပြုတော့သည်ဖြစ်၍ အဘယ်မည်သော ခန္ဓာကို ငါ၏အတ္တဟု စွဲယူတော့မည်နည်း။

နိမိတ္တ ဘုရားရှင်၏ မေးခွန်းကို ပကတိ ဘုရားရှင်က ဆက်လက်၍ ဖြေကြားတော်မူခြင်း ဖြစ်၏။ အယူဝါဒ အမျိုးမျိုးကို ပညတ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို ပြီးပြည့်စုံသော ကေဝလီပုဂ္ဂိုလ်ဟု အမှတ်းတင်ကြသော်လည်း စင်စစ်အားဖြင့် ပုထုဇဉ်များသာ ဖြစ်ကြ၏။ သစ္စာလေး

http://www.dhammadownload.com

ပါးကိုမသိပဲ မိမိဘာသာ ကြံစည်တွေးတော၍ ဟောပြောထားကြသဖြင့် ထို အယူအစဲကို မစွန့်နိုင်သမျှ နိဗ္ဗာန်ကို မမြင်နိုင်ကြပါ။ ထိုအကြောင်းကို သိမြင်သဖြင့် ပညာရှိများသည် ၆၂ ပါးသော မိစ္ဆာအယူများကို တကျာ ဒိဋ္ဌိတို့ဖြင့် ချဉ်းကပ်မှု မပြုကြတော့ပေ။

ဒိဋ္ဌေသုတေဟု ပါဠိတော်မှာ ဟောထားသော်လည်း နေယျတ္ထအား ဖြင့် မုတေလည်း ပါနိုင်သည်သာ ဖြစ်၏။ ထို့ကြောင့် မင်္ဂလာရှိသော အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ခံစားရလျှင် ကိလေသာစင်ကြယ်၏ ဟူသော အယူဋ္ဌလည်း ကြိုက်နှစ်သက်ခြင်းကို မပြုသင့်ပေ။

ဒိဋ္ဌေ၊ သုတေ၊ မုတေ ဟူသော ပါဠိဝေါဟာရများ၏ အနက်ကို တနည်းအားဖြင့်လည်း ကောက်နိုင်သေး၏။ ထိုနည်းအရ မြင်အပ်သော၊ ကြားအပ်သော၊ နံအပ်သော၊ စားအပ်သော၊ တွေ့ထိအပ်သော အာရုံငါးပါးတို့ကို ကောက်နိုင်၏။ ဤ အာရုံငါးပါးတို့၌ ကြိုက်နှစ်သက်ခြင်း မပြုတော့သော ပညာရှိတို့သည် ခန္ဓာငါးပါး တရားတို့တွင် မည်သည့် တရားကိုမျှ ငါ၏အတ္တ ဟူ၍ မယူစဲ့တော့ပေ။

၄။ အကျင့်တခုတည်းကိုသာ အမှန်အမြတ် ထားကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် စောင့်စည်းရုံမျှဖြင့် ကိလေသာ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ ငါတို့သည် ဤသို့သော အယူဝါဒ၌ ကျင့်ကြံကုန်အံ့ဟု ကြံစည်ကြကုန်၍ နွား၊ခွေးတို့၏ အကျင့်ကို ခံယူဆောက်တည်ကြကုန်၏။ ထိုအခါ၌ ထိုထိုဘဝ၌ မက်မောကြကုန်သည် ဖြစ်ပါလျက် ထိုသို့ ကျင့်သောသူ၏ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။ မိမိကိုယ်ကို ကျမ်းကျင်လိမ္မာသူဟု ပြောဆိုကြကုန်၏။

ခေတ်အဆက်ဆက်တွင် အကျင့်သိုလ တခုတည်းကိုသာ အထွတ်အမြတ် ထားသော ပုဂ္ဂိုလ်များ ရှိနေကြသည်သာ ဖြစ်၏။ သူတို့၏ အယူပါဒအရ အသိဉာဏ်ရှိဖို့ မလို။ သိရေး မြင်ရေး မလို။ မိမိတို့၏အကျင့်ကို စိုက်လိုက်မတ်တတ် ကျင့်သုံးသွားပါလျှင် အလိုလိုပင် ကိလေသာမှ စင်ကြယ်မည်၊ ဘံသရာမှ လွတ်မြောက်မည်ဟု လက်ခံယုံကြည်ထား၏။ ထိုသို့ ယုံကြည်၍

http://www.dhammadownload.com

ဇဲ့ကောင်းကောင်းနှင့် ကျင့်နေကြသူများလည်း အမြောက်အများ ရှိကြ၏။ ထိုအထဲတွင် သမဏမုဏ္ဍိကာပုတ္တ ဟူသော ပရိဗိုဇ် တယောက်လည်း ပါဝင်ပေသည်။

သမဏမုဏ္ဍိကာပုတ္တ၏ အဆိုမှာ ဤသို့ဖြစ်၏။ "အို ဒါယကာ၊ ငါသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ယောကျ်းမြတ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ၊ မြင့်မြတ်သော ကုသိုလ်ရှိသူ၊ မြတ်မြတ်သော အဖိုသို ရောက်ရှိသူ၊ ကိလေသာ ငြိမ်းအေးသူ၊ ရန်သူအပေါင်းတို့ တိုက်ခိုက်၍ မရသူဟူ၍ ငါဟော၏။ အဘယ် အင်္ဂါလေးပါးတို့နှင့်နည်း ဟူမူကား ဒါယကာ၊ ဤလောက၌ ကိုယ်ဖြင့် မကောင်းမှုကို မပြု။ နှုတ်ဖြင့် မကောင်းသောစကားကိုမဆို။ စိတ်ဖြင့် မကောင်းသော အကြံအစည်ကို မကြံစည်။ ယုတ်မာသော အသက်မွေးမှုဖြင့် အသက်မမွေး။ ဒါယကာ၊ ဤသို့သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ယောကျ်းမြတ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ၊ မြင့်မြတ်သော ကုသိုလ်ရှိသူ၊ မြင့်မြတ်သောအဖိုသို့ ရောက်ရှိသူ၊ ကိလေသာ ငြိမ်းအေးသူ၊ရန်သူအပေါင်းတို့ တိုက်ခိုက်၍ မရသူဟူ၍ ငါဟော၏"

ဤကဲ့သို့ အယူဝါဒ ရှိသူများသည် ဆင်တို့၏အကျင့်၊မြင်းတို့၏အကျင့်၊ နွားတို့၏အကျင့်၊ ခွေးတို့၏အကျင့်၊ ကြိုးတို့၏အကျင့် စသည်ဖြင့် ထင်ရာမြင်ရာ အကျင့်များကို ခံယူ ဆောက်တည်ကြကုန်၏။

မိမိတို့ယုံကြည်ရာ အကျင့်များကို ဇဲ့ကောင်းကောင်းနှင့် ကျင့်သုံးကြရာတွင် သူတို့၏ ဇဲ့ကိုကား ခြိုးကျူးဖွယ် ဖြစ်ပါ၏။ သို့ရာတွင် သူတို့၏အကျင့်တွင် အသိဉာဏ်က မယှဉ်ပေ။ အသိဉာဏ် မယှဉ်သဖြင့် အကျင့်ကလည်း လမ်းမမှန်နိုင်တော့ပေ။

ဘုရားရှင်သည် ဒီဃနခိကာယ်၊ သီလက္ခန္ဓဝဂ်၊ ယောဏဒဏ္ဍသုတ်၌ သီလနှင့် ပညာ နှစ်ပါးစုံသော တရားကို အမြတ်ဆုံး ဟူ၍ ဟောကြားတော်မူခဲ့၏။ သီလရှိသူအား ပညာရှိ၏။ ပညာရှိသူအား သီလရှိ၏။ လက်တဘက်၌ ရှိပေနေပါသော် အခြား လက်တဘက်ဖြင့် ဆေးကြောရသကဲ့သို့ သီလကို ပညာဖြင့် ဆေးကြောရ၏။ ပညာကို သီလဖြင့် ဆေးကြောရ၏။ သို့မှသာလျှင် အကျင့်မှန်၍ အမြင်မှန်ရကာ သံသရာမှ လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com

ထို ဝါဒရှင်တို့မှာကား လွတ်မြောက်ရေးအတွက် ရည်မှန်းချက်ထားကာ ပင်ပန်းကြီးစွာ ကျင့်သုံးနေကြပါလျက် ဘဝတဏှာကို မပယ်နိုင်ရှာကြပေ။ ထိုသို့ ဘဝ၌ ကပ်ငြိနေပါလျက်၊ဘဝကို တွယ်တာနေပါလျက်နှင့်ပင် မိမိတို့ နည်းတူ ကျင့်သုံးသောသူ၏ ကိလေသာမှ စင်ကြယ်ခြင်း၊ သံသရာမှ လွတ် မြောက်ခြင်းကို ဟောပြော နေကြသေး၏။ သံသရာမှ လွတ်မြောက်မှု၌ မကျွမ်းကျင် မလိမ္မာကြပါပဲလျက် မိမိတို့ကိုယ်ကို ကျွမ်းကျင် လိမ္မာသည်ဟု ပြောဆိုကြသေး၏။ ထို ဝါဒရှင်တို့၏ အပြောနှင့် အဖြစ် မညီညွတ်ပုံကို ဘုရားရှင်က ထင်ရှားအောင် မိန့်ကြားတော်မူခြင်း ဖြစ်ပေသည်။

၅။ ဟစ္စံ တယောက်သော သူသည် မိမိ စောင့်ထိန်းထားသော သိလ အကျင့်မှ လျှောကျခြားအံ့။ မိမိပြုရမည့်အမှု ချွတ်ယွင်းသွားသဖြင့် တုန်လှုပ်ချောက်ချားရ၏။ အိမ်မှထွက်ခွာခဲ့၍ အဖော်ကုန်သည်များနှင့် ကဲ့ကျန်နေရစ်သော ယောကျ်ားကဲ့သို့ သီလအကျင့်ကို တဖွဖွ မြည်တမ်းနေရ၏။ သီလစင်ကြယ်ခြင်းကို တောင့်တနေရ၏။

မိမိစောင့်ထိန်းထားသော သီလအကျင့်မှ လျှောကျခြင်း ဟူသည်မှာ သူတပါးတို့ ဖျက်ဆီးခြင်း၊ မိမိဘာသာမစွမ်းနိုင်ခြင်း ဟူသော အဓိကြောင်း နှစ်မျိုးကြောင့် ဖြစ်၏။ သူတပါးတို့ဖျက်ဆီး၍ လျှောကျရပုံမှာ "ထိုဂိုဏ်း ဆရာသည် သဗ္ဗညုပုဂ္ဂိုလ်မဟုတ်၊ တရားသည် ကောင်းစွာဟောအပ်သော တရားမဟုတ်။ တပည့် အသိုက်အဝန်းသည် ကောင်းစွာ ကျင့်သုံးသည် မဟုတ်။ အယူသည် မကောင်းမြတ်ပေ။ ကျင့်ဝတ်ကို ကောင်းစွာပညတ်၍ မထားပေ။ အကျင့်လမ်းစဉ်သည် သံသရာမှ ထွက်မြောက်ကြောင်းမဟုတ်။ ထိုအဆုံးအမ၌ လွတ်မြောက်ခြင်း ဟူ၍ မရှိ" ။ ဤသို့ စသည်ဖြင့် သူတပါး တို့က ဖျက်ဆီးသဖြင့် ထိုဂိုဏ်းဆရာ၊ ထိုတရား၊ ထိုအသိုက်အပန်း စသည် တို့ကို စွန့်လွှတ်လိုက်၏။ ဤသို့ဖြင့် သူတပါးတို့ ဖျက်ဆီးခြင်းကြောင့် သီလ အကျင့်မှ လျှောကျရပေသည်။ မစွမ်းနိုင်ခြင်းကြောင့် လျှောကျခြင်းမှာ ကား ဂိုဏ်းဆရာကြီးတို့ သတ်မှတ်ထားသော ကျင့်ပုံ ကျင့်နည်းများမှာ ပြင်းထန်လွန်း၊ ပင်ပန်းလွန်းသဖြင့် ဆက်လက်၍ မကျင့်နိုင်တော့သဖြင့် လျှောကျရခြင်းပင်တည်း။

http://www.dhammadownload.com

မိမိပြုရသည့်အမှု ချွတ်ယွင်းသွားရှာ၌ ချွတ်ယွင်းသွားသော အမှုသည် ပုညာဘိသင်္ခါရလည်း ဖြစ်နိုင်၏။ အပုညာဘိသင်္ခါရလည်း ဖြစ်နိုင်၏။ အာနေဉ္ဇာဘိသင်္ခါရလည်း ဖြစ်နိုင်၏။ ထိုတွင် အပုညာဘိသင်္ခါရကို ပြုလုပ်ခြင်းကား ချွတ်ယွင်းသောအမှုသာ ဖြစ်၏။ ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကိုကား အဝိဇ္ဇာ တဏှာ ဥူးစိးခံရ၍သာ ချွတ်ယွင်းသည်ဟု ဆို ရ၏။ ထိုတရားသက်သက်တို့ကား အပြစ်ကင်းသော ကုသိုလ်တရားတို့သာ ဖြစ်ပေသည်။ ဤကုသိုလ်ကံမျှားမှတဆင့် သံသရာ လွတ်မြောက်ရေးအထိ တက်လှမ်းနိုင်ရန် အခွင့်အရေးမျှား ရှိနေပါလျက် ထိုအခွင့်အရေးကို လက်လွတ်ရသဖြင့် တုန်လှုပ်ချောက်ချားရခြင်း ဖြစ်ပေသည်။

အိမ်မှ ထွက်ခွာခဲ့၍ အဖေ၏ ကုန်သည်မျှားနှင့် ကွဲကျန် ရစ်ခဲ့သော ယောကျွားသည် အဖေ၏မျှားကို တမ်းတ ခေါင်ကာ ထို ကုန်သည်မျှား နောက်သို့သော်လည်း လိုက်ရာ၏။ သို့မဟုတ် မိမိအိမ်သို့သော်လည်း ပြန်ခဲ့ရာ၏။ ထို့အတူပင် သီလအကျင့်မှ လျှောကျသော သူသည်လည်း ဆည်းကပ်ခဲ့ပြီးသော ဂိုဏ်းဆရာထံသို့သော်လည်း ချဉ်းကပ်ရာ၏။ အခြားဂိုဏ်းဆရာ တဦးဦး ထံသို့သော်လည်း ပြောင်းရွှေ့ရာ၏။ သို့ရာတွင် အသိဉာဏ်ယှဉ်ပါမှ အကျင့်မှန် ဖြစ်သည်ကို သဘော မပေါက်သေးသမျှ ထင်ရာမြင်ရာ ဟောကြားထားသော အကျင့်မျှားနောက်သို့ ကောက်ကောက်ပါ နေကြရဦးမည်သာ ဖြစ်ပေသည်။

၆။ ဂါဘုရား၏ တပည့်သည် အလုံးစုံသော သီလ အကျင့်ကို လည်းကောင်း၊ အပြစ်ရှိသော၊ အပြစ်ကင်းသော ကံတို့ကို လည်းကောင်း ပယ်စွန့်၍၊ မစင်ကြယ်သော တရားကိုလည်းကောင်း၊စင်ကြယ်သော တရားကိုလည်းကောင်း မတောင့်တမူ၍ ရှောင်ကြဉ်လျက် ဒိဋ္ဌိအယူကို မယူပဲ ကျင့်ရာ၏။

ဂါဘုရား၏တပည့် ဟူသည်မှာ ရဟန္တာပုဂ္ဂိုလ် ဖြစ်၏။ ထို ပုဂ္ဂိုလ်သည် သံသရာစင်ကြယ်ကြောင်း ဟူ၍ သာသနာပပုဂ္ဂိုလ်တို့ ကြံစည် စိတ်ကူး၍ ဟောပြောထားသော သီလအကျင့်မျှားကို ပယ်၏။ ဘုရားရှင်၏ အဆုံး

http://www.dhammadownload.com

အမများဖြစ်သော ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလနှင့် အာဇီဝပါရိသုဒ္ဓိသီလတို့ကိုကား မပယ်စွန့်ပေ။ ဓုတင် ဆောက်တည်မှု များကိုလည်း မပစ်ပယ်ပေ။ ဓုတင် ဆယ့်သုံးပါးလုံးကို ရာသက်ပန် ဆောင်သွားခဲ့သော အရှင်မဟာကဿပ ရဟန္တာအရှင်မြတ်ကြီးကား ဤအရာတွင် ထင်ရှားသော သာဓကတရပ် ဖြစ်ပါ၏။

အပြစ်ရှိသောကံ ဟူသည်မှာ အကုသိုလ်ကံ ဖြစ်၏။ ထို အကုသိုလ်ကံများကို သောတာပတ္တိမဂ်မှစ၍ စွမ်းအား ရှိသလောက် ပယ်လာခဲ့ရာ အရဟတ္တမဂ် အရောက်တွင် အကုသိုလ်ဟူသမျှ တစပကျန်ရအောင် ပယ်လိုက်၏။ အကုသိုလ်ဟူသမျှ ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် လောက အကျိုး၊ သာသနာ့အကျိုးကို ဆောင်သောအားဖြင့် ကောင်းမှုများကို ပြုပါ၏။ သို့သော် ထိုကောင်းမှုများကို ကုသိုလ် ဟူ၍ မဝေါ်ရတော့ပါ။ ကုသိုလ်ကံဟု ဆိုသည့်အတိုင်း ကုသိုလ်ဆိုလျှင် ကံသဘောပါနေ၏။ နောင်ဘဝ အကျိုးပေးခြင်းသဘော ရှိနေ၏။ ရဟန္တာပုဂ္ဂိုလ်မှာကား နောက်ထပ်တဖန် ဘဝဆက်ရန် မရှိတော့ပေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ပြုလေသမျှသော ကောင်းမှုများသည် ကုသိုလ်ကံမဟုတ်တော့ပဲ စေတနာ မေတ္တာအရ ပြုလုပ်အပ်သော အပြုအမူ၊ တနည်းအားဖြင့် ကြိယာမျှသာ ဖြစ်ပေသည်။ ကုသိုလ်စိတ်များအစား ကြိယာစိတ်များသာ ဖြစ်ခွင့်ရှိကြပေသည်။ ဤသို့အားဖြင့် ရဟန္တာပုဂ္ဂိုလ်သည် အကုသိုလ်၊ ကုသိုလ်ကံ နှစ်မျိုးလုံးကို ပယ်စွန့်လေသည်။

မစင်ကြယ်သောတရား ဟူသည်မှာ အကုသိုလ်တရားများ၊ ကာမဂုဏ်ငါးပါး၊ ၆၂ ပါးသော ဒိဋ္ဌိအယူများဖြစ်၏။ စင်ကြယ်သောတရား ဟူသည်မှာ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်ဟူသော လောကိကုသိုလ်တရားများ ဖြစ်၏။ ထို့ဖြင် ကဿျာဏ ပုထုဇဉ်တို့ တောင့်တအပ်သော မဂ်ဉာဏ်ဆိုက်ခြင်းသည်လည်းကောင်၊ သေက္ခပုဂ္ဂိုလ်တို့ တောင့်တအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သည်လည်းကောင်း စင်ကြယ်ဘောတရားမည်၏။ ရဟန္တာပုဂ္ဂိုလ်သည် အကုသိုလ်နှင့် လောကိကုသိုလ်များကို ပယ်စွန့်ခဲ့ပြီးဖြစ်၏။ ထို့ကြောင့် လောကုတ္တရာဉာဏ်တို့၏ အထွက်အထိပ်သို့ရောက်ပြီး ဖြစ်၏။ မဂ်လေးတန်၊ ဖိုလ်လေးတန် ဆိုက်ရောက်ရေးကိုလည်း တောင့်တဖွယ် မရှိတော့ပြီ။

http://www.dhammadownload.com

ထိုသို့သော မစင်ကြယ်သောတရားနှင့်တကွ စင်ကြယ်သော တရားတို့ကိုပါ ပယ်စွန့်တော်မူပြီးသော ရဟန္တာပုဂ္ဂိုလ်သည် သာသနာပ ရဟန်းပုဏ္ဏားတို့က ကိလေသာငြိမ်းအေးကြောင်းဟု သမုတ်ထားသော ဒိဋ္ဌိအယူတို့ကို လက်ခံရန် အကြောင်းမရှိတော့ပါခြေ။

၇။ အခြားသော ရဟန်းပုဏ္ဏားတို့သည် တပေါဇိဂုဏ္ဌ အကျင့်ကိုလည်းကောင်း၊ ဒိဋ္ဌသုဒ္ဓိအယူကိုလည်းကောင်း၊ သုတသုဒ္ဓိ အယူကိုလည်းကောင်း၊ မုတသုဒ္ဓိအယူကိုလည်းကောင်း စွဲလမ်းကြကုန်၍ သေပြီးသည့်နောက်၌ ဘဝဆက်၏ဟု အယူရှိကြကုန်သည်ဖြစ်၍ ဘဝအမျိုးမျိုးတို့၌ အလိုတော့ဘာမကင်းကြပါပဲလျက် သံသရာမှစင်ကြယ်ခြင်းကို အဖန်တလဲလဲ ချီးမွမ်းကြကုန်၏။

ပြင်းထန်သော်အကျင့်များဖြင့် မကောင်းမှုကို စက်ဆုပ်ခြင်းကို ပါဋိတော်မျာ၌ တပေါဇိဂုဏ္ဌဝါဒဟု အမည်ပေးထား၏။ ဤသုတ်၌ကား ဇိဂုဏ္ဌိတဟု အတိုချုံး၍ထား၏။ အဝတ်မဝတ်ခြင်း၊ ရေစိမ်းကို မသောက်ခြင်း၊ သားငါးမစားခြင်း၊ ကိုယ်ဝန်ဆောင် လောင်းသောဆွမ်းကို မခံခြင်းစသော အကျင့်များဖြင့် မကောင်းမှုကို စက်ဆုပ်သည်၊ပယ်စွန့်နိုင်သည်ဟု စွဲယူထားကြခြင်းကို တပေါဇိဂုဏ္ဌဝါဒဟု ခေါ်၏။ ထိုသို့စွဲယူထားသည့် အတိုင်း ဇွဲကောင်းကောင်းနှင့်ကျင့်ခြင်းကို တဇပါဇိဂုဏ္ဌအကျင့်ဟု ခေါ်ပေသည်။

ဒိဋ္ဌဟူသည်မှာ မြင်အပ်သော အဆင်းအာရုံဖြစ်၏။ ထိုအပေါ်မှာ စွဲလမ်းခြင်းကိုလည်း ကောက်ယူနိုင်၏။ မင်္ဂလာရှိသော အဆင်းကို မြင်ရလျှင် ကိလေသာစင်ကြယ်၏ ဟူသည်ကား ဒိဋ္ဌသုဒ္ဓိ အယူဖြစ်၏။ ပါဋိတော်လာ ဒိဋ္ဌံဝဟူသောပုဒ်၌ ဤအနက်အဓိပ္ပာယ်နှစ်မျိုးလုံး ပါဝင်နိုင်ပေသည်။ သုတဟူသည်မှာ ကြားအပ်သောအသံ၊ မုတဟူသည်မှာ ခံစားအပ်သော အနံ့၊အရသာ၊အတွေ့အထိတို့ဖြစ်၏။ထိုအာရုံမျာ၌လည်း ဒိဋ္ဌနည်းတူသိအပ်ပေသည်။

http://www.dhammadownload.com

သေပြီးသည့်နောက် ဘဝဆက်၏ဟု ဟောပြောသူတို့ကား အကိရိယ ဝါဒီများဖြစ်၏။ သဿတဒိဋ္ဌိအုပ်စုမှာ အပါအဝင် ဖြစ်ကြ၏။ အကိရိယ ဝါဒဟူသည်မှာ ကောင်းမှုပြုလျှင်လည်း ကောင်းကျိုး ခံစားရန်မရှိ။ မကောင်းမှုပြုလျှင်လည်း အပြစ်ဒဏ်ခံရဖွယ် မရှိ။ပြုပြုကမျ အချည်းနှီးသာ ဖြစ်၏ဟူသော အယူဖြစ်၏။

ထိုဝါဒရှင်တို့သည် ဘဝအမျိုးမျိုး၌ ကျင်လည်နေရခြင်းကို သာယာ တပ်မက်နေကြပါလျက် သံသရာမှ စင်ကြယ်ခြင်းကို အဖန်တလဲလဲချီးမွမ်းနေ ကြသေး၏။ သံသရာမှ လွတ်မြောက်ရာတရားကို မိမိကိုယ်တိုင်က မသိနိုင် ပါပဲလျက် သိသကဲ့သို့ ဟန်ဆောင်ကာ ဟောပြော၍ နေကြပေသည်။

၈။ လိုချင်တောင့်တသော သူအား တဏှာတို့သည် ထပ်ကာထပ်ကာ ဖြစ်လာကြကုန်၏။တွေးကြံအပ်သောအရာဝတ္ထုတို့ကြောင့် တုန်လှုပ် ခြင်းလည်း ဖြစ်ပေါ်လာ၏။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌ သေလွန်ခြင်း၊ ပဋိသန္ဓေနေခြင်း မရှိတော့ပေ။ ထိုပုဂ္ဂိုလ်သည် အဘယ်မည်သော ကိလေသာကြောင့် တုန်လှုပ် လိမ့်မည်နည်း။ အဘယ်မည်သောအရာဝတ္ထု၌ မြည်တမ်းလိမ့်မည်နည်း။

လိုချင်တောင့်တသူအား တဏှာဖြစ်ပေါ်လာ၏ ဟူသည်မှာ ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာသောအလိုတဏှာသည် အာသောနုပစ္စယသတ္တိကိုရ၍ အားကောင်းလာကာ တဏှာပြီးလျှင် တဏှာများ ထပ်ကာထပ်ကာ ဖြစ် ပေါ်လာစေရန် အထောက်အပံ့ပြုသည်ဟု ထိုကိုပါသည်။

တွေးကြံအပ်သောအရာဝတ္ထုတို့ကြောင့်တုန်လှုပ်၏ဟူရာ၌ သက်ရှိသက်မဲ့ အရာဝတ္ထုများကို တဏှာဒိဋ္ဌိတို့ဖြင့် "ငါ့ဟာ"ဟူ၍၊ "ငါ"ဟူ၍ တွေး ကြံလိုက်မိ၍ တုန်လှုပ်မှုများဖြစ်ပွားကြရပေသည်။ ငါ့ဟာ လုပ်ထားသော အရာဝတ္ထုကို လုမည်ပြုသောအခါ၊ အလုခံနေရသောအခါ၊ အလုခံရပြီး သောအခါတို့၌ တုန်လှုပ်ရ၏။ငါ့ဟာလုပ်ထားသောအရာဝတ္ထု ဖောက်ပြန် ပျက်စီးမည်ပြုသောအခါ၊ ဖောက်ပြန်ပျက်စီးနေသောအခါ၊ ဖောက်ပြန် ပျက်စီး၍ သွားလေသောအခါ စိတ်နှလုံး တုန်လှုပ်ရ၏။

http://www.dhammadownload.com

ရဟန္တာအရှင်မြတ်များမှာကား ငါ့ဟာဟူ၍လည်းကောင်း၊ ငါဟူ၍လည်းကောင်း တွေးကြံမှု မပြုကြတော့ချေ။ နောက်ထပ်တဖန် သေဆုံးရန်နှင့် ပဋိသန္ဓေနေရန် မရှိတော့ချေ။ထိုကြောင့် ထိုပုဂ္ဂိုလ်တို့မှာ တုန်လှုပ်စရာ ကိလေသာလည်း မရှိတော့ပြီ။ မြည်တမ်းစရာကိလေသာလည်း မရှိတော့ပြီ။ တုန်လှုပ်ခြင်း၊ မြည်တမ်းခြင်းမရှိ ပကတိအေးချမ်းစွာ နေထိုင်သွားကြရလေတော့သည်။

ဤသို့အားဖြင့် "အယူဝါဒရှင်တို့သည် ကဲ့ရဲ့မှုကိုသာ ခံယူကြရပါသလော။ ချီးမွမ်းခြင်းကိုလည်း ခံယူရသေးသလော" ဟူသော နိမ္မိတဘုရားရှင်၏ မေးခွန်းကို ၇၈ ါထာတို့ဖြင့် ပကတိဘုရားရှင်က အကျယ်တဝင့် ဖြေကြားတော်မူ၏။ သာသနာပမှ ဝါဒရှင်တို့၏ ရှေနောက် မညီသော ဟောပြောချက်များကို ထုတ်ပြတော်မူကာ ထိုဝါဒအစွဲအလမ်းတို့မှ လွတ်မြောက်သော ရဟန္တာပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူးကို ချီးကျူးတော်မူလေသည်။ ဤသို့ချီးကျူးခြင်းဖြင့် လိုက်၍မဆုံး၊ ငြင်း၍မဆုံးနိုင်သော ဝါဒအမျိုးမျိုးနောက်သို့ လိုက်မနေတော့ပဲ နည်းမှန်လမ်းကျ ကျင့်သုံးခြင်းဖြင့် အရဟတ္တဖိုလ် ထိုက်သည်အထိ ကြိုးစားနိုင်ကြရန် တရားနာပရိသတ် အပေါင်းအားတိုက်တွန်းတော်မူပေသည်။

အမှတ် ၉ ဝါထာမှာ နိမ္မိတဘုရားရှင်၏ မေးခွန်းဖြစ်၏။ "မိမိဝါဒကို ချီးမြောက်၍ သူတပါး၏ဝါဒကို ရှုတ်ချနေကြသော ဝါဒရှင်တို့၏ အယူဝါဒများတွင် အဘယ်ဝါဒသည် မှန်ကန်ပါသနည်း။ ထိုဝါဒရှင်တို့သည် တကယ်တမ်း ကျွမ်းကျင်လိမ္မာ၍ ဟောပြောဆိုသူများ ဟုတ်ကြပါသလော" ဟု မေးတော်မူ၏။

ထိုအမေးကို ပကတိဘုရားရှင်က အမှတ် ၁၀ မှစ၍ အမှတ် ၂၀ ထိ ဂါထာ ၁၁ပုဒ်တို့ဖြင့် အကျယ်တဝင့် ဖြေကြားတော်မူပေသည်။ ထိုတွင် အမှတ် ၁၀၊ ၁၁ နှင့် အမှတ် ၁၂ ဂါထာတို့ကား ထိုထို ဝါဒရှင်တို့၏ မြင့်မြတ်သည်၊ ယုတ်နိမ့်သည်ဟူသော အဆိုပြုချက်များ ယုတ္တိမရှိပုံကို မိန့်ကြားတားပါသည်။ ပါဋ္ဌိတော်တာသာပြန်အတိုင်းပင် အနက်အဓိပ္ပာယ်ပေါ်လွင်ပြီးဖြစ်၍ ယင်းတို့ကို ဤအဖွင့်၌ ထုတ်ဆောင်ခြင်း မပြုတော့ပါ။

http://www.dhammadownload.com

၁၃။ ရဟန္တာပုဂ္ဂိုလ်အား သူတပါးထံမှ ငှားယူထားရသော အသိဉာဏ်ဟူ၍ မရှိပေ။ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့၌ ဤအယူဝါဒကား မှန်၏ ဟူ၍ ရွေးချယ်၍ စွဲယူအပ်သော အယူဝါဒ မရှိပေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ငြင်းခုံခြင်းတို့ကို ကျော်လွန်၏။ ဗောဓိပက္ခိယ တရားများမှတပါး အခြားတရားများကို မြင့်မြတ်သောအားဖြင့် မရှုမြင်တော့ပေ။

နိမ္မိတဘုရားရှင်၏ မေးခွန်းထဲမှ "အဘယ်ဝါဒသည် မှန်ပါသနည်း" ဟူသော အချက်ကို အဓိကထား၍ ဖြေတော်မူခြင်းဖြစ်၏။ ဤသို့ ဖြေတော်မူရာ၌ ထိုထိုအယူဝါဒများအပေါ် လိုလားခြင်း၊ မလိုလားခြင်းဟူသော သဘောများ မပါပေ။ သူတပါးထံမှ တဆင့်ခံကြားနာရ၍ ယောင်ယောင်ဝါးဝါး ဖြေကြားခြင်းလည်း မဟုတ်ပေ။ မိမိ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်သိ၍ ဖြေကြားတော်မူခြင်းသာ ဖြစ်ပေသည်။

ရဟန္တာပုဂ္ဂိုလ်များ၌ သူတပါးထံမှတဆင့် ငှားယူထားရသော အသိဉာဏ်ဟူ၍ မရှိပေ။ တရားသဘောကို ကိုယ်တိုင်သိသော ကိုယ်ပိုင်ဉာဏ်သာ ရှိကြပေသည်။ သင်္ခါရတရားတို့၏ အနိစ္စသဘောကို သူတပါးက ပြောပေးနေစရာ မလိုပေ။ ဒုက္ခသဘောကို သူတပါးက ပြောပေးနေစရာမလိုပေ။ ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှ ချုပ်ခြင်းသဘော ရှိကြောင်းကို ပြောပေးနေစရာမလိုပေ။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် မိမိဘာသာ ကြည်လင်စွာ သိမြင်ထားပြီး ဖြစ်ပေသည်။

၆၂ ပါးသော ဒိဋ္ဌိတို့တွင် နိဂဏ္ဌနာဋပုတ္တ၏ ဝါဒသည် ကံကို ပယ်ပယ်ပေ။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ထိုက်တန်သော အကျိုးပေးမှုကို မငြင်းဆိုပေ။ ဗုဒ္ဓသာသနာတော်သည်လည်း ကံနှင့် ကံ၏အကျိုးကို ယက်ခံထားသည်ဖြစ်ရာ ထိုသို့သော အကြောင်း တစိတ်တဒေသဖြင့် ဗုဒ္ဓသာသနာနှင့် တူညီပါ၏။ သို့ရာတွင် ထိုအယူဝါဒသည် အတ္တဟူသော အယူအစွဲကို မစွန့်နိုင်သောကြောင့် သမ္မာဝါဒဟု မဆိုနိုင်ပဲ မှားယွင်းသော စွာဝါဒသာဖြစ်ကြောင်း ဒီဃာနိကာယ်၊ သီလက္ခန္ဓဝဂ် သာမညဖလသုတ်မိုကာက ဖွင့်ဆိုထားပေသည်။

http://www.dhammadownload.com

ပုရေဏကာသပ စသော ထင်ရှားသော ဆရာကြီးခြောက်ဦး ရှိရာ ထို ခြောက်ဦးသော ဆရာကြီးတို့သည် မိမိတို့ စိတ်ကူးတည့်ရာ အယူဝါဒများ ကို ဖော်ထုတ်ကြ၏။ ထို အယူဝါဒ အားလုံးကို ဘုရားရှင်က ဖြဟ္မဇာလ သုတ်တော်တွင် သဗ္ဗညုတညာဏ်တော်တည်းဟူသော ပိုက်ကွန်ကြီးနှင့် အုပ်၍ ဖမ်း၍ ပြတော်မူခဲ့၏။ မြင့်မြတ်သော ပိုက်ကွန်ကြီးနှင့် ဖမ်း၍ ပြလိုက်သော အဝါ ၆၂ မျိုးသော အယူဝါဒများ ပေါ်ထွက်လာပေသည်။

ထို အယူဝါဒများဌ် တစုံတခုကို မှန်ကန်သည်ဟူ၍ ယူလိုက်မိလျှင် ဝါဒ ငြင်းခုံပွဲကြီးထဲသို့ မိမိတို့လည်း ပါဝင်သွားကြရမည်သာ ဖြစ်၏။ သို့ရာတွင် မှန်ကန်သည်ဟူ၍ ယူစရာကား မရှိပေ။ ဗောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးမှတပါး မြင့်မြတ်သော လမ်းကြောင်းဟူ၍ မရှိတော့ပေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ဝါဒ ငြင်းခုံပွဲများတွင် မပါဝင်တော့ပဲ ကိုယ့် တရားနှင့်ကိုယ် ချမ်းသာစွာ နေရလေတော့သည်။

၁၄။ အချို့သော ရဟန်းပုဏ္ဏားတို့သည် ငါသိ၏။ငါမြင်၏။ ငါ သိမြင် ထားသည့် အတိုင်းသာလျှင် ဤအယူဝါဒသည် မှန်ကန်၏။လောက သည်မြဲ၏ စသော ဤအယူဝါဒဖြင့် သံသရာမှ စင်ကြယ်ခြင်းကို ယုံကြည်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် အဘိညာဉ် စွမ်းအားဖြင့် မြင်နိုင်သည်ပင် ဖြစ်စေ၊ ထိုသို့သိမြင်ခြင်းဖြင့် မင်္ဂလာစ တစုံတခုကိုမျှ မပြုနိုင်ပေ။ ထိုသူတို့သည် လမ်းမှန်ကိုကျော်လွန်၍ လမ်းမှားဖြင့် ဘံသရာမှ စင်ကြယ်ခြင်းကို ဟောပြောကြကုန်၏။

ဤ စကားရပ်တို့ကား "ထို ဝါဒရှင်တို့သည် တကယ်တမ်း ကျွမ်းကျင် လိမ္မာ၍ ဟောပြောသူများ ဟုတ်ကြပါသလော" ဟူသောမေးခွန်းကို အဓိက ထား၍ ဖြေတော်မူခြင်း ဖြစ်၏။ နောက် ဂါထာများတွင်လည်း ဆက် လက်၍ ပွား၍ ဟောပါလိမ့်ဦးမည်။ဤသို့ပွား၍ အကျယ်ခွဲ၍ ဟောကြား သော ဤသုတ္တန်သည် ဗျူဟ မည်ပါ၏။ စူဠဗျူဟသုတ်ထက် ဂါထာ ပို၍များသဖြင့် ထိုသုတ်နှင့် နှိုင်းယှဉ်ကာ မဟာဗျူဟသုတ်ဟူ၍ မှည့်ခေါ် ရပေသည်။ ရှေ့ပိုင်း မေးခွန်းကို ဖြေကြားစဉ်တုန်းကလည်း ဤသို့ပင် ပွား၍၊ အကျယ်ခွဲ၍ ဖြေကြားတော်မူခဲ့ပေသည်။

http://www.dhammadownload.com

အယူဝါဒ အမျိုးမျိုးကို တီထွင်ကြသော ပုဂ္ဂိုလ်တို့တွင် တချို့မှာ ထူးခြားသော အရည်အချင်းဟူ၍ မရှိပဲ မိမိ ဟူးတော ကြံစည်၍ ရာသမျှကို လူကြိုက်များအောင် ဟောပြောကာ ဂိုဏ်းဂဏ ထူထောင်ကြ၏။ တချို့မှာကား ထူးခြားသော အရည်အချင်းများ ရှိနေကြ၏။ စျာန် အမျိုးမျိုးကို ကျွမ်းကျင်စွာ ဝင်စားနိုင်ကြ၏။ အဘိညာဉ်တန်ခိုး အမျိုးမျိုးကို ရကြ၏။ ဤသို့ ထူးခြားသော စိတ်တန်ခိုးများဖြင့် သာမန် လူသားတို့ မတွေ့နိုင်၊ မမြင်နိုင်၊ မခံစားနိုင်သော သိမ်မွေ့လှသော အာရုံများကို ခံစားရသဖြင့် ငါသိသည်။ ငါမြင်သည်။ ငါ သိမြင်သည့်အတိုင်းသာ ဟုတ်မှန်သည်ဟု ကြုံးဝါးကြ၏။

ထိုသူတို့ ကြုံးဝါးသည့်အတိုင်း သိမြင် ခံစားရခြင်းမှာ မှန်ကန်ပါ၏။ သို့သော် ထိုသို့ သိမြင်ခြင်းသည် လောကီစျာန် အဘိညာဉ်မျှသာ ဖြစ်နေ၏။ လောကုတ္တရာ အသိဉာဏ် မပါဝင်ပေ။ ထို့ကြောင့် ထိုသို့ သိမြင်ခြင်းဖြင့် မင်္ကိစ္စ တခုကိုမျှ မပြုနိုင်ပါချေ။ ဒုက္ခသစ္စာကို ပိုင်းခြား၍ ပသိနိုင်ပေ။ သမုဒယသစ္စာကို မပယ်နိုင်ပေ။ မဂ္ဂဘာဝနာကို မပွားများနိုင်ပေ။ ဖိုလ်ကို မျက်မှောက် မပြုနိုင်ပေ။ ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့ကို အကြွင်းမဲ့ မပယ်နိုင်ပေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့သည် လမ်းမှန်ကို မသိနိုင်၊ မမြင်နိုင်ကြပဲ လမ်းမှားကို ညွှန်ကြားနေကြရခြင်း ဖြစ်ပေသည်။

၁၄။ ထိုသူသည် ကြည့်ရှုလတ်သော် နာမ်ရုပ်ကို နိစ္စ၊သုခ၊အတ္တ အားဖြင့် ရှုမြင်၍ ထို နာမ်နှင့်ရုပ်တို့ကို နိစ္စ၊သုခ၊ အတ္တအားဖြင့် သိမှတ်လတ္တံ့။ ထိုသူသည် မျှားပြားသော နာမ်ရုပ်ကိုလည်းကောင်း၊ နည်းပါးသော နာမ်ရုပ်ကိုလည်းကောင်း၊ အကယ်၍ ရှုမြင်ပါစေ၊ထို့သို့ ရှုမြင်ခြင်းဖြင့် သံသရာမှ စင်ကြယ်ခြင်းကို တရားသဘော၌ လိမ္မာကျွမ်းကျင်သူတို့က မဟောပြောကြကုန်။

ဝါဒရှင်အသီးသီးတို့ နာမ်ရုပ်ကို ရှုကြရာတွင် သူတပါးစိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့်သော်လည်းကောင်း၊ ရှေးဦးနေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ်ဖြင့်သော်လည်းကောင်း၊သတ္တဝါတို့၏ကံအားလျော်စွာ သုဂတိ ဒုဂ္ဂတိ လား

http://www.dhammadownload.com

ရောက်ရပုံကို သိမြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်သော်လည်းကောင်း ရှုမြင်ကြရာ၏။ စျာန်အဘိညာဉ်မရသူများကား ရိုးရိုးမျက်စိဖြင့်သာ ကြည့်ကုန်ရာ၏။ ထိုသို့ကြည့်ကြရာတွင် ထိုသူတို့သည် နာမ်ရုပ်ကို နိစ္စ၊ သုခ၊ အတ္တဟူ၍ မှားသောအားဖြင့်သာ ရှုမြင်၍ ထိုအတိုင်း အသိအမှတ်ပြုကြကုန်၏။ ထိုနာမ်ရုပ်တို့၏ ဖြစ်ခြင်းသဘော၊ ချုပ်ခြင်းသဘော၊ သာယာဖွယ်သဘော၊ ကြောက်လန့်ဖွယ် သဘောနှင့် လွတ်မြောက်ရာတို့ကို မသိမြင်နိုင်ကြကုန်။

ထိုသို့ မသိနိုင်၊ မမြင်နိုင်ကြသဖြင့် ထိုသူတို့သည် မြောက်မြားစွာသော နာမ်ရုပ်တို့ကို ရှုမြင်သည်ဖြစ်စေ၊ အနည်းငယ်မျှသော နာမ်ရုပ်ကို ရှုမြင်သည်ဖြစ်စေ သူတို့၏ အမြင်မှာ မစင်ကြယ်ပေ။ ထို့ကြောင့် ခန္ဓာ၊ ဓာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ဗောဓိပက္ခိယတရားတို့၌ လိမ္မာ ကျွမ်းကျင်ပြီးသော်ပ ညာရှင်များက ထိုသို့ရှုမြင်ခြင်းဖြင့် သံသရာမှစင်ကြယ်နိုင်သည်ဟု မဟောကြခြင်း ဖြစ်ပေသည်။

အမှတ် ၁၆ ဂါထာမှာ ထို၀ါဒရှင်၏ တယူသန် စွဲလမ်းပြောဆိုပုံကို ထင်ရှားအောင် မိန့်ကြားထားခြင်းဖြစ်၏။ ပါဠိတော်ဘာသာပြန်ဖြင့်ပင် အနက်အဓိပ္ပာယ် ထင်ရှားနေပါပြီ။

၁၇။ မဟာန္တောပုဂ္ဂိုလ်သည် တရားသဘောကို ရှုမြင်၍ ထိုထို့ကြို့ကြို့ မကြုံစည်တော့ပေ။ ဒိဋ္ဌိအယူတို့ကို အနှစ်သာရအားဖြင့် မယုံကြည်တော့ပေ။ စျာန်အဘိညာဉ်တို့ဖြင့် ဆွေမျိုးစပ်ခြင်း မပြုတော့ပေ။ စင်စစ်သော်ကား ထို့ရဟန္တာပုဂ္ဂိုလ်သည် တရားသဘောကိုသိမြင်၍ အမျိုးမျိုးသော ၀ါဒရှင်တို့ သမုတ်ထားအပ်ကုန်သော ဒိဋ္ဌိအယူတို့ကို လျစ်လျူရှု၏။ တပါးသော သူတို့သည်ကား ထိုအယူတို့ကို စွဲယူထားကြကုန်၏။

ထိုထို၀ါဒရှင်တို့ လိမ္မာကျွမ်းကျင်၍ ဟောပြောကြသည်မဟုတ်ကြောင်း ဖြေဆိုတော်မူရာမှ ဆက်လက်၍ တရားသဘော၌ အပြည့်အစုံ ကျွမ်းကျင်လိမ္မာပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဘုရားရှင်က မိန့်ကြားတော်မူခြင်းဖြစ်၏။

http://www.dhammadownload.com

ထိုရဟန္တာပုဂ္ဂိုလ်သည် တဏှာဒိဋ္ဌိတို့ဖြင့် ခန္ဓာငါးပါးတရားတို့ကို ငါဟာဟူ၍လည်းကောင်း၊ ငါဟူ၍လည်းကောင်း တွေးကြံခြင်းမပြုတော့ပေ။ ရရှိထားသော စျာန်အဘိညာဉ် တန်ခိုးများဖြင့် သာမန်လူတို့ မသိနိုင်၊ မမြင်နိုင်သောအာရုံများကို ရှုမြင်သုံးသပ်ကာ ငါဟာဟူသော တဏှာကို လည်းကောင်း၊ ငါဟူသော ဒိဋ္ဌိကိုလည်းကောင်း ယှဉ်စပ်လာအောင် မပြုတော့ပေ။ တဏှာဒိဋ္ဌိတို့နှင့် ဆွေမျိုးမစပ်တော့ပေ။

သဿတ စသော အယူဝါဒများသည် တရားမသိသော ပုထုဇဉ်တို့ တွေးတောကြံစည်၍ ရနိုင်သမျှ ပညတ်ထားကြခြင်းသာဖြစ်၍ ရဟန္တာပုဂ္ဂိုလ်သည် ထိုအယူဝါဒတို့ကို မှားသည် မှန်သည် ငြင်းခုံမှုမပြုတော့ပဲ လျစ်လျူရှုလေတော့၏။

အမှတ် ၁၈ ဂါထာမှာ ရဟန္တာပုဂ္ဂိုလ်၏ အရည်အချင်းကို ဆက်လက် ချီးကျူးထားခြင်းဖြစ်၏။ ဤစကားရပ်မှာ ပါဝင်သော ဂန္ဆလေးပါး သည်လည်းကောင်း၊ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ဥပေက္ခာကို လည်းကောင်း ရှေ့မှာဖော်ပြခဲ့ပါပြီ။ ယင်းဂါထာ၏ အနက်အဓိပ္ပာယ်ကို ပါဠိတော် မြန်မာပြန်ဖြင့်ပင် သိနိုင်လောက်ပါပြီ။

၁၉။ ပညာရှင်သည် အတိတ်ခန္ဓာတို့ကိုစဲယူသော အာသဝတို့ကို ပယ်စွန့်၍၊ ဖြစ်ဆဲခန္ဓာတို့ကို အစဲပြု၍၊ တပ်မက်ခြင်းကို မပြုမူ၍၊ ဆန္ဒဂတိသို့ မလိုက်စားမူ၍ မိမိအယူဝါဒဉာဏ် သက်ဝင်ပြောကြားလေ့မရှိပေ။ ထိုပညာရှိသည် ဒိဋ္ဌိအယူတို့မကင်းလွတ်ပြီးဖြစ်၍ လောကဌ္ဌ တဏှာ ဒိဋ္ဌိတို့ဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိပေ။ မိမိကိုယ်ကိုလည်း ကဲ့ရဲ့ခြင်း မပြုတော့ပေ။

ဤဂါထာမှာလည်း ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ဆက်လက် ကျူးထားခြင်းဖြစ်၏။ အတိတ်ခန္ဓာ၊ ပစ္စုပ္ပန်ခန္ဓာတို့နှင့်ပတ်သက်၍ အာသဝ ပယ်ပုံကို ရှေ့တွင်ဖော်ပြခဲ့ပါပြီ။ ဆန္ဒဂတိသို့ မလိုက်စားမူ၍ ဟူသည်မှာ ဥပလက္ခဏာ နည်းအရ ထင်ရှားရာကိုမှတ်၍ မိန့်ကြားခြင်းဖြစ်၏။ ဆန္ဒနှင့်

http://www.dhammadownload.com

တက္ခ ကိလေသာအားလုံးတို့ဖြင့် တစုံတခုသော သခ်ၤါရတရားကိုမျှ ကပ် ရောက်ခြင်း မပြုတော့ပါ။

မိမိကိုယ်ကိုလည်း ကဲ့ရဲ့ခြင်းမပြုတော့ပေ ဟူရာ၌ မိမိကိုယ်ကို ကဲ့ရဲ့ခြင်း သည် မပြုထိုက်သော ဒုစရိုက်တို့ကို ပြုခဲ့မိ၍သော်လည်းကောင်း၊ ပြုသင့် ပြုထိုက်သောကောင်းမှုသုစရိုက်မျိုးကို မပြုလိုက်မိ၍သော်လည်းကောင်း၊ ဤ အကြောင်းနှစ်ပါးကြောင့် ဖြစ်တတ်ပေသည်။ ရဟန္တာပုဂ္ဂိုလ်မှာ မကောင်းမှု ဟူသမျှကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်ပြီးပြီဖြစ်၏။ ပြုသင့်ပြုထိုက်သော ကောင်းမှုမျိုးကိုလည်း အစုံမ်းကုန် ပြုခဲ့ပြီဖြစ်၏။ ထို့ကြောင့် မိမိကိုယ်ကို ကဲ့ရဲ့နေရန်မလိုတော့ပဲ စိတ်နှလုံးချမ်းမြေ့စွာဖြင့် လောကအကျိုး၊ သာသနာ့ အကျိုးကို ဆောင်ရွက်နေရုံသာ ရှိပါတော့သည်။

၂၀။ ထိုပညာရှင်သည် မြင်မြင်သမျှသော ရူပါရုံကိုလည်းကောင်း၊ ကြားကြားသမျှသော သဒ္ဒါရုံကိုလည်းကောင်း၊ ခံစားရသမျှသော ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံတို့ကို လည်းကောင်း၊ ဤသို့သော ခန္ဓာ ငါးပါး တရားတို့၌ မာရ်မင်း၏ စစ်သည်အားလုံးကို ချိုးဖျက် နှိမ်နင်းနိုင်၏။ ထိုပညာရှင်သည် သုံးပါးသော ဝန်ထုပ်ဝန်ပိုးကို လွှတ်ချပြီးဖြစ်၏။ကိလေသာတို့မှလွတ်မြောက်ပြီးဖြစ်၏။ ထိုထို့ကြောင့် ကြံစည်ခြင်း မရှိတော့ပေ။ မကောင်းမှုကို တမင်တကာ ရှောင်ကြဉ် နေစရာ မရှိတော့ပြီ။ တစုံတခုသော ဘဝကိုမျှ တောင့်တခြင်း မရှိတော့ပြီတည်း။

ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးယင်း ဒေသနာ နိဂုံးချုပ် လိုက်သော စကားရပ် ဖြစ်ပေသည်။

အာဂုံခြောက်ပါးတို့၌ လာ၍တပ်စွဲတတ်သော မာရ်မင်း၏ စစ်သည် ဟူသည်မှာ ရာဂ၊ ဒေါသ၊ မောဟ စသော မကောင်းညစ်ကျုံး အကုသိုလ် တရားတို့ ဖြစ်ပေသည်။ ထိုစစ်သည်အပေါင်းကို ရဟန္တာပုဂ္ဂိုလ်သည် လေးပါးသော မာရ်တို့ဖြင့် ထောင်းထောင်းကြည်အောင် ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်၏။

http://www.dhammadownload.com

သုံးပါးသော ဝန်ထုပ်ဝန်ပိုး ဟူသည်မှာ ခန္ဓာဝန်ထုပ်ဝန်ပိုး၊ ကိလေသာ ဝန်ထုပ်ဝန်ပိုး၊ အဘိသင်္ခါရ ဝန်ထုပ်ဝန်ပိုးတို့ ဖြစ်ကြ၏။ ခန္ဓာ ဝန်ထုပ် ဝန်ပိုး ဟူသည် ပဋိသန္ဓေအခါမှာ ရအပ်သော ခန္ဓာငါးပါးတို့ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်မှာ နောက်ထပ်တဖန် ပဋိသန္ဓေနေရန် မရှိတော့သဖြင့် ထို ဝန်ထုပ်ဝန်ပိုးကို လွှတ်ချပြီး ဖြစ်၏။ အရဟတ္တမဂ်ဖြင့် ကိလေသာ ဝန်ထုပ်ဝန်ပိုးကို လွှတ်ချခဲ့၏။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရနှင့် အာနေဥာဘိသင်္ခါရတို့မှာလည်း အရဟတ္တမဂ်ဖြင့် အကြောင်းအဝိဇ္ဇာကို ပယ်ခြင်းဖြင့် ပယ်ပြီး ဖြစ်၏။

မကောင်းမှုကို တမင်တကာ ရှောင်ကြဉ် နေစရာ မလိုတော့ပြီ ဟူရာဉ် အန္ဓပုထုဇဉ်တို့သည် တဏှာဖြင့် တပ်မက်ကြကုန်၏။ ကလျာဏပုထုဇဉ်နှင့် တကွ သေက္ခပုထုဇဉ်တို့သည် မရသေးသော အထက်မဂ်များကို ရရှိစေရန် မကောင်းမှုမှ ရှောင်ကြဉ်ကြရ၏။ ရဟန္တာပုဂ္ဂိုလ်မှာကား အထွတ်အထိပ်သို့ ရောက်ပြီး ဖြစ်၍ တစုံတရာကိုမျှ တမင်တကာ ရှောင်နေရန် မလိုတော့ပြီ။ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်ပြီး ဖြစ်နေပေပြီ။ တစုံ တခုသော ဘဝကိုမျှလည်း တောင့်တမှု မပြုတော့ပဲ ရရှိထားသော ဖလသမာပတ်များဖြင့် ကျေနပ်၍ နေပြီတည်း။

ဤသို့ဖြင့် ဤဒေသနာတော်ကို ပကတိဘုရားရှင်က အရဟတ္တဖိုလ်ဖြင့် အဆုံးသတ်၍ ပေးတော်မူလေသည်။

http://www.dhammadownload.com



၇။ တဝဋ်ကြွေးကုသိုလ် အမျှင့်

ဤသူတော်တန်ကိုးလည်း မဟာဝဋ်ဥန် တောကြီးအတွင်း စကြဝဠာပေါင်း တိုက်တသောင်းမှ ရောက်လာကြသော နတ် ဗြဟ္မာတို့၏ အစည်းအဝေးခွင် ဘုရားရှင် ဟောကြားတော်မူခဲ့၏။ အထူးသဖြင့် သဒ္ဓါစရိုက်ရှိသော နတ်ဗြဟ္မာများအတွက် ရည်ရွယ်၍ ဟောကြားတော်မူခဲ့၏။

ဤ အစည်းအဝေးကြီးခွင် သဒ္ဓါစရိုက် ရှိသော နတ် ဗြဟ္မာများသည် ဤသို့ တွေးမိကြ၏။ "ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးများကို အမျိုးမျိုးအဖုံဖုံ ဟောကြားတော်မူခဲ့၏။ ထို့သို့ အရဟတ္တဖိုလ် ရောက်ရှိနိုင်သော အကျင့်ကား မည်သို့ပါနည်း" ဟု တွေးတောကြ၏။ ထိုအတွေးကို သိတော်မူ၍ ဘုရားရှင်က ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းများကို ထင်ရှားစွာ ပြခြင်းငှာ ဤသူတော်တန်ကို ဟောကြားတော်မူလေသည်။

ဤသူတော်တန်ကိုလည်း သူတော်နိပါတ် အဋ္ဌကထာ၊ မဟာနိဒ္ဒေသ ပါဠိတော်နှင့် အဋ္ဌကထာများက ဖွင့်ပြထားလေရာ ဖွင့်ဆိုချက်သုံးရပ်လုံးကို တွဲစပ်၍ ဖော်ပြလိုက်ပါသည်။

ဤသူတော်နှစ်ခွလည်း အမေးအဖြေ ပြုလုပ်၍ ဟောကြားထား၏။ အမှတ် ၁ ဂါထာဖြင့် နိမ္မိတဘုရားရှင်က မေးတော်မူသည်ကို ပတိကဘုရားရှင်က အမှတ် ၂ မှ ၆ အထိ ၅ ဂါထာဖြင့် ဖြေကြားတော်မူ၏။ တဖန် အမှတ် ၇ ဂါထာဖြင့် မေးတော်မူသည်ကို အမှတ် ဂ မှ အမှတ် ၂၀ ထိ ဂါထာ ၁၃ ပုဒ်တို့ဖြင့် အကျယ်တဝင့် ဖြေကြားတော်မူ၏။ အဖြေစကားများ ဖွင့်

http://www.dhammadownload.com

ဆိုချက်တွင် အမေးဘက်က အချို့သော အနက်အဓိပ္ပာယ်များ မပါဝင်လာပါ။ ထို့ကြောင့် အမေးဂါထာ နှစ်ပုဒ်၏ မြန်မာပြန်များကိုပါ ဖွင့်ဆိုချက်များနှင့်တကွ ဖော်ပြလိုက်ပါသည်။

၁။ နေမင်းနှင့် အနှယ်တူ ဖြစ်တော်မူ၍ ကြီးမြတ်သော ဂုဏ်ကျေးဇူးတို့ကို ရှာမှီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားကို ဝိဝေကကို လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းကိုလည်းကောင်း မေးပါအံ့။ ရဟန်းသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ရှုမြင်၍ လောက၌ အနည်းငယ်မျှသော တရားကိုမျှ မစွဲလမ်းမူ၍ ကိလေသာငြိမ်းပါသနည်း။

နိမိတ်ဘုရားရှင်၏ မေးခွန်းဖြစ်ပါသည်။

ပဂ္ဂုလ်တဦးက တခြားပဂ္ဂုလ်တဦးကို မေးမြန်းရာတွင် ပုစ္ဆာ သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးတို့မှာ မိမိ မသိသေးသော သဘောလက္ခဏာကို သိရှိရန် မေးမြန်းသော အဒိဋ္ဌဇောတနာ ပုစ္ဆာ၊ မိမိသိမြင်ပြီးသော သဘောလက္ခဏာကိုအခြားသောပညာရှိများနှင့်ဆွေးနွေးညှိနှိုင်းလို၍ မေးမြန်းသော ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာ၊ သို့လော သို့လော တွေးတောမရ၊ နှစ်လုံးနှစ်ခု ဖြစ်နေသော ပြဿနာကို မေးမြန်းသော ဝိမတိစ္ဆေဒနာ ပုစ္ဆာတို့ ဖြစ်ပါသည်။

နိမိတ်ဘုရားရှင်၏ မေးခွန်းသည် ဤ သုံးပါးထဲမှာ မပါဝင်နိုင်ပါ။ ဘုရားရှင် ကိုယ်တော်တိုင်က မိမိဘာသာ ဖြေကြားလို၍ မေးမြန်းသော ကထေတုကမျတာ ပုစ္ဆာ ဖြစ်ပါသည်။

အခြားနည်းဖြင့်လည်း ပုစ္ဆာ သုံးမျိုး ကောက်ယူ နိုင်ပါသေးသည်။ ထိုသုံးမျိုးတို့မှာ လူသားတို့ မေးမြန်းသော မနုဿပုစ္ဆာ၊ နဂါး၊ ဂဠုန်၊ ဘီလူး၊ အသုရ၊ ဂန္ဓဗ္ဗ၊ စတုမဟာရာဇ် နတ်မင်းကြီးများ၊ သိကြား၊ ဗြဟ္မာနှင့် နတ်များစွာတို့ မေးမြန်းသော အမနုဿ ပုစ္ဆာ၊ ဘုရားရှင်က မိမိစိတ်တော်ဖြင့် မိမိနှင့်ထပ်တူ အင်္ဂါလက္ခဏာနှင့်ပြည့်စုံသော နိမိတ်ဟ်ကိုယ်တော်စားကို ဖန်ဆင်း၍ မေးမြန်းသော နိမိတပုစ္ဆာတို့ ဖြစ်ပါသည်။ ထိုသုံးမျိုးတို့တွင် နောက်ဆုံးအမျိုးဖြင့် နိမိတ်ဘုရားရှင်က မေးမြန်းတော် မူပေသည်။ အခြားနည်းဖြင့် ပုစ္ဆာသုံးမျိုး ကောက်ယူပုံများလည်း ရှိသေးသည်။

http://www.dhammadownload.com

ဘုရားရှင်ကို နေမင်း၏ အဆွေဟု ခေါ်ဝေါ်ရခြင်းမှာ အနှယ်တူသော ကြောင့် ဖြစ်၏။ နေမင်း၏ အနှယ်မှာ ဂေါတမဖြစ်၍ ဘုရားရှင်၏အနှယ်မှာလည်း ဂေါတမ ဖြစ်ပေသည်။ ဤသို့ အနှယ်တူသောအားဖြင့် ဆွေမျိုးစပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကြီးမြတ်သော ဂုဏ်ကျေးဇူးဟူသည်မှာ သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်များ ဖြစ်ပါသည်။ ထိုဂုဏ်တော်များ ရှာမှီးတော်မူသဖြင့် ဘုရားရှင်ကို ပါဋ္ဌိဘာသာ၌ မဟေသီ ဟု ခေါ်ဝေါ်ရပါသည်။ အခြားနည်းဖြင့် မဟေသီ ဟု ခေါ်ရပုံများလည်း ရှိသေးသည်။

ဝိဝေက ဟူရာ၌ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကဟူ၍ သုံးမျိုး ရှိပါသည်။ ထိုတွင် ကာယဝိဝေက ဟူသည်မှာ လူသူ ကင်းဆိတ်သော တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ ဂူ၊ သုသာန်၊ တောအုပ်၊ လွင်တီးခေါင်၊ ကောက်ရိုးပုံတို့တွင် နှစ်သက်ရာ တခုခုသို့ ချဉ်းကပ်၍ တဦးတည်း လွတ်လပ်စွာ နေထိုင်ခြင်း ဖြစ်၏။

စိတ္တဝိဝေက ဟူသည်မှာ စျာန် အဆင့်ဆင့်နှင့် လောကုတ္တရာစိတ်များ ဖြစ်၏။ပထမစျာန်ရလျှင် စိတ်သည် နီဝရဏ တရားငါးပါးမှ ကင်းဆိတ်၏။ ဒုတိယစျာန်ရလျှင် ဝိတက်ဝိစာရတို့မှ ကင်းဆိတ်၏။ တတိယစျာန်ကိုရလျှင် ပီတိမှ ကင်းဆိတ်၏။ စတုတ္ထစျာန်ကိုရလျှင် သုခဒုက္ခတို့မှ ကင်းဆိတ်၏။ အာကာသာနဥ္စာယတန စျာန်ကိုရလျှင် ရူပသညာ၊ ပဋိဃသညာနှင့် နာနတ္တသညာတို့မှ ကင်းဆိတ်၏။ဝိညာဏဥ္စာယတန စျာန်ကိုရလျှင် အာကာသာနဥ္စာယတနသညာမှ ကင်းဆိတ်၏။ အာကိဥ္စညာယတန စျာန်ကိုရလျှင် ဝိညာဏဥ္စာယတနသညာမှ ကင်းဆိတ်၏။ နေဝသညာနာသညာ ယတန စျာန်ကိုရလျှင် အာကိဥ္စညာယတနသညာမှ ကင်းဆိတ်၏။

သောတာပန် ပုဂ္ဂိုလ်၏စိတ်သည် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယတို့နှင့် တကွ ထိုနှင့်အလားတူစွာ အပါယ်လားနိုင်သော အကုသိုလ် တရားတို့မှ ကင်းဆိတ်၏။သကဒါဂါမ်ပုဂ္ဂိုလ်၏စိတ်သည် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်တို့နှင့်တကွ အလားတူသော အကုသိုလ် တရားတို့မှ ကင်းဆိတ်၏။အနာဂါမ် ပုဂ္ဂိုလ်၏စိတ်သည် ကာမရာဂါနုသယ၊

http://www.dhammadownload.com

ပဋိဃာနုသယတို့နှင့်တကွ အလားတူသော အကုသိုလ်တရားတို့မှ ကင်းဆိတ်၏။ရဟန္တာ ပုဂ္ဂိုလ်၏စိတ်သည် ကိလေသာ ဟူသမျှတို့မှလည်းကောင်း၊ ပြင်ပမှ အရိပ်နိမိတ်များ အားလုံးမှလည်းကောင်း ကင်းဆိတ်၏။ ဤသို့သက်ဆိုင်ရာ အာရုံများ၊တရားများမှ ကင်းဆိတ်သောစိတ်ကို စိတ္တဝိဝေကဟု ခေါ်ပေသည်။

ဥပဓိဝိဝေက ဟူသည်မှာ ကိလေသာ၊ ခန္ဓ၊ အဘိသင်္ခါရဟူသော ဥပဓိသုံးပါးမှ ကင်းဆိတ်သော နိဗ္ဗာန် ဖြစ်ပေသည်။ ထိုသုံးပါးတို့တွင် ကာယဝိဝေကသည် လွတ်ရာ ကျွတ်ရာ ထွက်ခွာ၍ မွေ့လျော်လိုသူများအတွက် ဖြစ်၏။ စိတ္တဝိဝေကသည် စိတ်စင်ကြယ်သူများအတွက် ဖြစ်၏။ ဥပဓိဝိဝေကသည် သင်္ခါရတို့ ကင်းလွတ်ရာ နိဗ္ဗာန်ကို အာရုံပြုသူများအတွက် ဖြစ်ပေသည်။

နိဗ္ဗာန်ရောက်ကြောင်းဟူသည်မှာ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ဖြစ်၏။

အနည်းငယ်မျှသော တရားကိုမျှ မစွဲလမ်းမူ၍ ဟူရာ၌ ဥပါဒါန်ပေးပါးဖြင့် မစွဲလမ်းခြင်းကို ဆိုလိုပါသည်။

၂။ နိမ္မိတကိုယ်စား ရှင်တော်မြတ်ဘုရား၊ ရဟန်းသည် ပပဉ္စတရားတို့၏ အကြောင်းတရားကိုလည်းကောင်း၊ ငါတကားဟု ထောင်လွှားတတ်သော မာနကိုလည်းကောင်း အရဟတ္တ မဂ်ဉာဏ်ဖြင့် အကုန်အစင် ချုပ်စေရာ၏။ တဏှာဟူသမျှသည် စိတ်ကိုမှီ၍ ဖြစ်ပေါ်လာကြ၏။ ထိုတဏှာတို့၏ ချုပ်ငြိမ်းခြင်းငှာ အခါခပ်သိမ်း လေးပါးသော သတိတရား ရှိသည်ဖြစ်၍ ကျင့်သုံးရာ၏။

နိမ္မိတ ဘုရားရှင်၏ မေးခွန်းကို ပကတိ ဘုရားရှင်က စတင်၍ ဖြေတော်မူခြင်း ဖြစ်ပေသည်။

ပပဉ္စတရားဟူသည်မှာ သံသရာကို ချဲထွင်တတ်သော တဏှာ၊မာန၊ဒိဋ္ဌိတို့ပင်ဖြစ်၏။ထို ပပဉ္စတရားတို့၏ အကြောင်းကား အဝိဇ္ဇာ၊ အယောနိသော

http://www.dhammadownload.com

မနသိကာရ၊ ငါဖြစ်၏ဟူသော မာန၊ မကောင်းမှု မရှက်တတ်သော အဟိရိက၊မကောင်းမှုကို မကြောက်တတ်သော အနောတ္တပ္ပ၊စိတ်ပျံ့လွင့်သော ဥဒ္ဓစ္စတို့ ဖြစ်ကြ၏။ ထို့တွင် ငါဖြစ်၏ဟူသော မာနကို သီးသန့် ဟောထား သည်ဖြစ်၍ ဤအရာဝယ် ကျန်သော အကြောင်းတရား ငါးပါးတို့ကို သာ ကောက်ယူသင့်ပေသည်။

လေးပါးသောသတိပဋ္ဌာန် ဟူသည်မှာ ကိုယ်ခန္ဓာ၏ အခြေအနေနှင့် လှုပ်ရှားပုံမျှားကို သင်ကြပ်၍သုံးသပ်သော ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာတို့ကို သတိကပ်၍ သုံးသပ်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ်အမျိုးမျိုးကို သတိကပ်၍ သုံးသပ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန် နှင့် တရားဟူသမျှကို ဘတိကပ်၍ သုံးသပ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူသော ဤသတိတရားလေးပါးတို့ ဖြစ်ပါသည်။ အခြားနည်းဖြင့် သတိ လေးမျိုး ခွဲခြားပုံမျှားလည်း ရှိသေးသည်။

ကျင့်သုံးရာ၏ ဟူသည်မှာ အဓိသီလ၊အဓိစိတ္တ၊အဓိပညာဟူသော သိက္ခာ သုံးပါးကို ကျင့်သုံးခြင်းဖြစ်၏။ ထိုသိက္ခာတို့၏ အနက်အဓိပ္ပာယ်ကို ရှေ့မှာ ဖော်ပြခဲ့ပါပြီ။

၃။ ရဟန်းသည် မိမိမှာရှိသော ဂုဏ်ကျေးဇူးအလုံးစုံကို သိရာ၏။ သူ တပါးမှာရှိသော ဂုဏ်ကျေးဇူးအလုံးစုံကို သိရာ၏။ထိုနှစ်မျိုးသော ဂုဏ်ဖြင့် မာန်ထောင်လွှားခြင်းကို မပြုရာ။ အဘယ့်ကြောင့်နည်း ဟူမူကား ဘုရားအစရှိသော သူတော်ကောင်းတို့သည် ထိုသို့မာန် ထောင်လွှားခြင်းကို ကိလေသာငြိမ်းအေးကြောင်း ဟူ၍ မဟော ကြား ကြသောကြောင့်တည်း။

နိမိတဘုရားရှင်၏ ပထမမေးခွန်းကို ဆက်လက်၍ ဖြေဆိုတော်မူခြင်း ဖြစ်၏။ ပထမဂါထာဖြင့် သိက္ခာသုံးပါးနှင့်ယှဉ်သော ဒေသနာတော်ကို အရဟတ္တဖိုလ်အထွတ်တင်ကာ ဟောကြားတော်မူပြီးနောက် မာန်မာနကို ပယ်ခြင်း၏ အစွမ်းအားဖြင့် ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

မိမိမှာရှိသော ဂုဏ်ဟူသည်မှာ မြင့်မြတ်သောအပျိုးမှ ရဟန်းပြုခဲ့ခြင်း၊ ဥစ္စာများသောအမျိုးမှ ရဟန်းပြုခဲ့ခြင်း၊ဥစ္စာကြွယ်ဝသောအမျိုးမှ ရဟန်းပြုခဲ့ခြင်း၊ ရဟန်းရှင်လူတို့အကြားတွင် ပေါ်လွင်ထင်ရှားခြင်း၊ အခြံအရုံ များခြင်း၊ ပစ္စည်းလေးပါးပေါများခြင်း၊ သုတ္တန်ဆောင်ဖြစ်ခြင်း၊ ဝိနည်းဓိုရ်ဖြစ်ခြင်း၊ ဓမ္မကထိကဖြစ်ခြင်း၊ ဓုတင် အကျင့်များ ဆောက်တည်ခြင်း၊ လောကီစျာန်များ ရရှိခြင်းတို့တည်း။

သူတပါးမှာရှိသော ဂုဏ်ကျေးဇူးဟူသည်မှာ မိမိ၏ ဥပဇ္ဈာယ်ဆရာနှင့် နိဿရည်းဆရာတို့၏ အထက်ပါဂုဏ်ကျေးဇူးများ ဖြစ်ပေသည်။ ထိုဂုဏ်ကျေးဇူးနှစ်မျိုးတို့တွင် မည်သည့်ဂုဏ်ကျေးဇူးနှင့်မျှ မာန်မာန မထောင်လွှားသင့်ပေ။ မာန်ထောင်လွှားခြင်းဖြင့် ကိလေသာ ငြိမ်းအေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည် မဟုတ်ပါခြေ။

၄။ ရဟန်းသည် ထိုမာန်မာနဖြင့် ငါမြင့်မြတ်၏ ဟူ၍လည်းကောင်း၊ ငါယုတ်နိမ့်၏ ဟူ၍လည်းကောင်း၊ ငါတူညီ၏ ဟူ၍လည်းကောင်း မာန်မမူရာ။ အမျိုးမျိုးသော အခြင်းအရာနှင့် ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ထိုထို၌၌ ကြံစည်လျက် မတည်ရှိရာ။

ရွှေဂါထာဖြင့် မာန်မာန ထောင်လွှားသင့်ကြောင်း ဂေဟကြားပြီး၍ မာန်ထောင်လွှားမှုမပြုရပုံ အစီအငံကိုပြလို၍ ဤပါဌိယာကို ပြုံးရေးတော်မူပေသည်။

မာန်ထောင်လွှားမှုဟူသည်မှာ မိမိက မြင့်မြတ်နေမှသာ ထောင်လွှားမှုရှိသည် မဟုတ်ပေ။ မိမိသတ်မှတ်ထားသော ပုဂ္ဂိုလ် တဦးဦးနှင့် တူညီနေလျှင်လည်း ထောင်လွှားတတ်၏။ သူတကာအောက် ယုတ်ညံ့ပါးနှမ်းလျော်လည်း မာန်ထောင်လွှားသေးသည်သာ ဖြစ်၏။ မိမိကိုပင်ကို သူတပါးနှင့် နှိုင်းယှဉ်၍ကြည့်မိလေသမျှ မာန်မာန ထောင်လွှားတတ်သည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com

ထိုမာန်မာနကို အားပေး အားမြှောက်ပြုသော အကြောင်းတရားတို့ကား အမျိုးကောင်းခြင်း၊ အနွယ်ကောင်းခြင်း၊ မိကောင်းဖခင် သားသမီး ဖြစ်ရခြင်း၊ အဆင်းအရောင်နှင့်တကွ ကိုယ်လုံးကိုယ်ပေါက် လှပချောမောခြင်း၊ ဥစ္စာပေါခြင်း၊ အစိုးရခြင်း၊ အလုပ်အကိုင်၊ အတတ်ပညာ၊ အသိပညာ၊ အကြားအမြင်ဗျားခြင်း၊ ထိုးထွင်းသိမြင်ခြင်း စသော အရည်အချင်းများ ဖြစ်ပေသည်။ ထိုအရည်အချင်းများဖြင့် သာလွန်သူကလည်း သာလွန်သည့်အလျောက်၊ တူညီသူကလည်း တူညီသည့်အလျောက် မာန်ထောင်လွှားကြ၏။ မတူနိုင်၊ မတူနိုင်သူ များကလည်း "ငါတို့ဘာသာ အောက်တန်းကျ၍ကော ဘာဖြစ်မည်နည်း" ဟူသော သဘောဖြင့် မာန်ထောင်လွှားကြသေးသည်သာ ဖြစ်၏။ မာန်မာနဆိုလျှင် မည်သို့ပင်ဖြစ်ဖြစ် ပူပန်စေတတ်သော သဘောရှိသည်သာဖြစ်၍ ပယ်အပ်၊ စွန့်အပ်သည် ဖြစ်ပေသည်။

၅။ ရဟန်းသည် မိမိသန္တာန်၌ဖြစ်သော ကိလေသာတို့ကိုသာ ငြိမ်းစေရာ၏။ မှားယွင်းသောအကျင့်လမ်းစဉ်ဖြင့် ကိလေသာငြိမ်းခြင်းကို မရှာဖွေရာ။ မိမိသန္တာန်၌ ကိလေသာငြိမ်းစေပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား စွဲယူထားအပ်သော တရားသည်လည်းကောင်း၊စွန့်ပစ်အပ်သော တရားသည်လည်းကောင်း မရှိတော့ချေ။

ရှေဂါထာဖြင့် မာနပယ်ပုံ အစီအစဉ်ကို ဟောကြားပြီးနောက် ကိလေသာအားလုံး ပယ်ခြင်းကို ဆက်လက်၍ဟောတော်မူခြင်း ဖြစ်၏။ မိမိ၏သန္တာန်၌ ရှိသော ကိလေသာကိုငြိမ်းစေရာ၌ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးမှ တပါးသော မှားယွင်းသော အကျင့်များဖြင့် အားမထုတ်မိရန် သတိပေးထားခြင်း ဖြစ်၏။

ဗောဓိပက္ခိယတရားတို့ဖြင့် နည်းမှန်လမ်းကျကျင့်သုံးခဲ့သော ပုဂ္ဂိုလ်အား အတ္တရှိနေသည်ဟူ၍ စွဲယူအပ်သော သဿတဒိဋ္ဌိလည်း မရှိတော့ပေ။ အတ္တပြတ်စဲသွားပြီဟု စွန့်ပစ်အပ်သော ဥစ္ဆေဒဒိဋ္ဌိလည်း မရှိပေ။ အမှန်အားဖြင့် သဿတနှင့် ဥစ္ဆေဒတို့မှာ အခြင်းအရာသာ ကွာခြားကြပါသည်။ အတ္တကို စွဲယူပုံကား အတူတူသာ ဖြစ်ပါသည်။ ဆက်လက်၍ တည်ရှိနေခြင်းကို

http://www.dhammadownload.com

လက်ခံခြင်းနှင့် စွန့်ပစ်ခြင်းသာ ကွာခြားပါသည်။ ထို့ကြောင့် စွဲယူစရာမရှိသော ပုဂ္ဂိုလ်၌ စွန့်ပစ်စရာ မရှိပေ။ စွန့်ပစ်စရာမရှိသော ပုဂ္ဂိုလ်၌လည်း စွဲယူစရာမရှိပေ။ စွဲယူစရာရှိသော သူမှာသာ စွန့်ပစ်စရာရှိ၏။ စွန့်ပစ်စရာရှိသောသူမှာသာ စွဲယူစရာရှိ၏။ ဤသို့လျှင် ဤဒိဋ္ဌိနှစ်မျိုးသည် အပြန်အလှန်ဆက်သွယ်လျက်ရှိကြပေသည်။ ထိုနှစ်မျိုးလုံးမှ လွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာကား ဘဝသံသရာခရီး ပြီးဆုံးလေပြီတည်း။

၆။ တောင်စဉ်ခုနစ်ထပ်တို့၏ အလယ်၌ရှိသော သမုဒ္ဒရာရေ၌ လှိုင်းတံပိုး မထသကဲ့သို့၊ တည်ငြိမ်သကဲ့သို့ ရဟန်းသည် လောကမံတရားတို့ကြောင့် မတုန်လှုပ်ပဲ တည်ငြိမ်ရာ၏။ တစုံတခုသော အာရုံ၌ ပွားစီးတတ်သော ကိလေသာကိုမပြုရာ။ (ဤသို့ ပကတိဘုရားရှင်က ဖြေကြားတော်မူ၏။)

ကိလေသာငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ တည်ကြည်ငြိမ်သက်ပုံကို ဆက်လက်၍ ဟောကြားတော်မူခြင်းဖြစ်၏။ တောင်စဉ်ခုနစ်ထပ်တို့အကြားရှိ သီတာခုနစ်တန် သမုဒ္ဒရာတို့၌ လှိုင်းတံပိုး မထသကဲ့သို့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်လည်း လာဘ်ရခြင်း၊ လာဘ်မရခြင်းစသော လောကမံတရား ရှစ်ပါးတို့ကြောင့် တုန်လှုပ်ခြင်း မရှိတော့ပေ။ တုန်လှုပ်တတ်သော တဏှာ မရှိတော့သဖြင့် တည်ကြည်ငြိမ်သက်လျက်သာ ရှိပေသည်။

ပွားစီးတတ်သော ကိလေသာ ဟူသည်ကား ရာဂ၊ဒေါသ၊မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာနှင့် ကံတို့ဖြစ်ကြ၏။ ကိလေသာနှင့်ယှဉ်သော အကုသိုလ်ကံကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်ကာ ကုသိုလ်ကံများကိုကား နောက်ထပ်တဖန် ဘဝဆက်ရန် မရှိသောအားဖြင့် ပယ်စွန့်လေသည်။

၇။ အမြင်မျက်စိပွင့်လင်းတော်မူသော အရှင်မြတ်ဘုရား၊ကိုယ်တိုင် မျက်မှောက်ပြုအပ်သော၊ ဘေးရန်ကင်းဝေးကြောင်းဖြစ်သော နိဗ္ဗာန်

http://www.dhammadownload.com

တရားကို အရှင်ဘုရား ဟောကြားတော်မူခဲ့ပါပြီ။ အို အရှင်မြတ်ဘုရား၊ ကောင်းမြတ်သောအကျင့်ကို ဟောကြားတော်မူပါလော့။ သီလကိုလည်းကောင်း၊ သမာဓိကိုလည်းကောင်း ဟောကြားတော်မူပါလော့။

နိမ္မိတဘုရားရှင်က ဒုတိယအကြိမ် မေးတော်မူခြင်းဖြစ်၏။ အရဟာတ္တဖိုလ် အထုတ်တင်၍ ဟောကြားသော ပကတိဘုရားရှင်၏ ဒေသနာတော်ကို အနုမောဒနာပြုလျက် ထိုအရဟာတ္တဖိုလ်၏ကျင့်စဉ်များကို အခြေခံမှစ၍ မေးမြန်းရန် ဤစကားရပ်ကို နိမ္မိတဘုရားရှင်က မိန့်ကြားတော်မူခဲ့ပေသည်။

အမြင်မျက်စိပွင့်လင်းတော်မူသောမြတ်စွာဘုရား ဟူသည်မှာ ဘုရားရှင်၏ စကျွေငါးပါးနှင့် ပြည့်စုံပုံတို့ ဖော်ကျူးလိုက်ခြင်း ဖြစ်ပါသည်။ဘုရားရှင်သည် မံသစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု ဟူသော စကျွေငါးပါးနှင့် ပြည့်စုံတော်မူပါပေသည်။

ထိုတွင် မံသစက္ခုဟူသည်မှာ ဘုရားရှင်၏ပကတိမျက်လုံးတော် ဖြစ်ပေသည်။ ဘုရားရှင်၏ မျက်လုံးတော်သည် အညို၊ အဝါ၊ အနီ၊ အနက်နှင့် အဖြူဟူသော အဆင်းငါးမျိုးတို့ဖြင့် ရှုချင့်စဖွယ် တင့်တယ်သပ်ပြာယ်လှပါပေသည်။ မျက်တောင်မွေးများ ပေါက်ရာအရပ်တွင် ညိုသောအဆင်းရှိ၏။ ထို၏အပြင်ဘက် နေရာများတွင် ဝါရှေသော အဆင်းရှိ၏။မျက်တောင်စွန်းနှစ်ဘက်တို့တွင် နီမြန်းသောအဆင်းရှိ၏။ အလယ်ကမျက်ဆံမှာ မည်းနက်သော အဆင်းရှိ၏။ မျက်ဆံဝန်းကျင်မှ မျက်သားတွင်မူ ဖြူဖွေးသော အဆင်း ရှိပေသည်။

ဤသို့ ပြည့်စုံသော မျက်လုံးတော်ကို ဘုရားရှင်သည် ရှေးရှေးက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကြောင့် ရရှိတော်မူပေသည်။ ထိုမျက်လုံးတော်ဖြင့် ဘုရားရှင်သည် နေ့ရောညပါ အခါမရွေး တယူဇနာတိုင် မြင်နိုင်တော်မူ၏။ လက္ခဏနှေ့ည၊ ညဉ့်နက်သန်းခေါင်၊ နက်လှစွာသော တောအုပ်ကြီးအတွင်း၊တိမ်မည်းညိုများတမိုးလုံးဖုံးအုပ်နေချိန်ဟူ၍ အင်္ဂါလေးပါးရှိသော အမိုက်မှောင်အတွင်းမှာ ဖြစ်ပါစေ မြင်နိုင်တော်မူသည်သာ ဖြစ်၏။ နံရံ၊ ကံခါးရွက်၊ တံတိုင်း၊ တောင်၊ သစ်ပင်ချုံနွယ် စသည်တို့သည် ဘုရားရှင်၏

http://www.dhammadownload.com

မြင်နိုင်စွမ်းအားကို တားဆီးနိုင်စွမ်းမရှိကြခေ။ အကယ်၍ နှမ်းစေ့တစေ့ကို အမှတ်အသားပြုကာ နှမ်းပုံထဲမှာ ပစ်ထည့်တားငြားအံ့။ ဘုရားရှင်သည် ထိုနှမ်းစေ့ကိုပင် ထုတ်ယူတော်မူနိုင်ပေသည်။

ဒိဗ္ဗစက္ခုဟူသည်မှာ ဒိဗ္ဗစက္ခု အဘိညာဉ် ဖြစ်၏။ နတ်တို့၏ မျက်စိကဲ့သို့ မြင်နိုင်စွမ်းရှိသော မျက်စိဟု အဓိပ္ပာယ် ရ၏။ နတ်တို့၏မျက်စိသည် ကောင်းစွာ ကျင့်သုံးအပ်သော ကုသိုလ်ကံကြောင့် ရရှိသည်ဖြစ်၍၊ သည်းခြေ၊ သလိပ်၊ သွေး စသော အနှောင့်အယှက်များ၊ အညစ်အကြေးများမှ ကင်းလွတ်သည်ဖြစ်၍ ဝေးလံလှသော အရပ်မှ ရူပါရုံကို မြင်ခြင်းငှာ စွမ်းနိုင်၏။ လုံ့လစိုက်ကာ အားထုတ်အပ်သော ဘာဝနာကြောင့် ရှိသော ဤ အဘိညာဉ်သည်လည်း ထို့အတူပင် စွမ်းနိုင်၏။ ဤသို့ နတ်တို့၏ ဥစ္စာနှင့်တူသောကြောင့် ဒိဗ္ဗမည်၏။ ထို ဒိဗ္ဗသည်ပင် မြင်ခြင်းကိစ္စကို ပြုဟတ်သောကြောင့် စက္ခုမည်၏။ ဝေါဟာရ နှစ်ရပ်လုံးကိုပေါင်း၍ ဒိဗ္ဗစက္ခုဟု အမည် ရပေသည်။ အခြားသော ဖွင့်ဆိုချက်များ ရှိသေးသည်။

မြင်နိုင်စွမ်းဖြား ထက်သန်လှယော ဒိဗ္ဗစက္ခု အဘိညာဉ်သည် စင်ကြယ်သည်လည်း ရှိ၏။ မစင်ကြယ်သည်လည်း ရှိ၏။ ဒိဋ္ဌိ ဝိသုဒ္ဓိဉာဏ် ဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သော အဘိညာဉ်သည် စင်ကြယ်၏။ မစင်ကြယ်ခြင်းမှာကား စုတိနှင့် ပဋိသန္ဓေနှစ်မျိုးလုံးကို ပြည့်စုံစွာမမှု၊ ပမျိုးမျိုးကိုသာ ကွက်၍ ရှုမြင်မိသောကြောင့် ဖြစ်၏။ စုတိကိုသာ ရှုမြင်၍ ပဋိသန္ဓေကို မရှုမြင်မိသော သူသည် သေလျှင် ဘဝပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိကို ယူစွဲတတ်၏။ ပဋိသန္ဓေကိုသာ ရှုမြင်၍ စုတိကို မရှုမြင်မိသော သူသည်ကား သတ္တဝါအသစ် ဖြစ်ပေါ်လာခြင်းဟူသော သဿတဒိဋ္ဌိကို ယူစွဲ၏။ ဘုရားရှင်၏ တပည့်သားများသည်ကား စုတိနှင့် ပဋိသန္ဓေနှစ်ရပ်လုံးကို ပြည့်ပြည့်စုံစုံ ရှုမြင်ကြသဖြင့် ထို ဒိဋ္ဌိနှစ်မျိုးမှ လွတ်မြောက်ကြပေသည်။

ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စုတိ ပဋိသန္ဓေကို ရှုမြင်သည်ဆိုသော်လည်း စုတိစိတ်၊ပဋိသန္ဓေစိတ် ဖြစ်ပေါ်နေသဲ့ အခိုက်တွင်းကား ရှုမြင်၍ မရနိုင်ပေ။ စုတိစိတ် ကျခါနီးအခါ၌၊ ပဋိသန္ဓေ ဖြစ်ပြီးစအခါ၌သာ ရှုမြင်ခြင်းသာ ဖြစ်ပေသည်။

http://www.dhammadownload.com

ဒီဗ္ဗစက္ခု အဘိညာဉ် ဖြစ်ပေါ်ပုံကား ဤသို့ ဖြစ်၏။ အဘိညာဉ်ရသော ရဟန်းသည် ငရဲတည်ရှိရာ အောက်အရပ်သို့ အာလောက ကသိုဏ်းကိုပွားကာ ဆင်းရဲကြီးစွာ ခံစားနေရသော ငရဲသားများကို ရှုမြင်၏။ ဤသို့ မြင်ခြင်းကား ဒိဗ္ဗစက္ခု အဘိညာဉ်၏ကိစ္စ ဖြစ်၏။ ဤသို့ ရှုမြင်ပြီးလျှင် "ဤသတ္တဝါတို့သည် အဘယ်သို့သော ကံကို ပြုခဲ့မိ၍ ဤကဲ့သို့သော ဆင်းရဲခြင်းကို ခံစားနေကြရပါသနည်း" ဟု စဉ်းစားလိုက်ရာ "ဤသို့သော ကံကို ပြုခဲ့မိ၍ ဤကဲ့သို့ ခံစားနေကြရကုန်၏" ဟု အသိဉာဏ် ပေါ်လာ၏။

တဖန် နတ်ပြည် အထပ်ထပ်တို့ တည်ရှိရာ အထက်အရပ်သို့ အာလောက ကသိုဏ်းကိုပွားကာ နန္ဒနဥယျာဉ်၊ မိဿက ဥယျာဉ်၊ ဖာရုသကဥယျာဉ် စသည်တို့၌ စည်းစိမ်ကြီးစွာ ခံစားနေရသော နတ်သမီး နတ်သားများကို ရှုမြင်၏။ ဤသို့ ရှုမြင်ခြင်းကား ဒိဗ္ဗစက္ခု အဘိညာဉ်၏ကိစ္စ ဖြစ်၏။ ဤသို့ ရှုမြင်ပြီးလျှင် "ဤ နတ်သမီး နတ်သားတို့သည် အဘယ်သို့သော ကံကို ပြုခဲ့ကြ၍ ဤသို့သော စည်းစိမ်ချမ်းသာကို စံစား၍ နေကြရပါသနည်း" ဟု စဉ်းစားလိုက်ရာ "ဤသို့သောကံကို ပြုခဲ့မိ၍ ဤကဲ့သို့ စံစားနေကြကုန်၏" ဟု အသိဉာဏ် ပေါ်လာ၏။

ချမ်းသာဆင်းရဲ ခံစားရခြင်း၏ အကြောင်းရင်းဖြစ်သော ကံကို အာရုံပြုကာ သိမြင်ခြင်းသည် ယထာကမ္မူပဂဉာဏ် ဖြစ်၏။ ဤဉာဏ် ဖြစ်ပေါ်ရေးအတွက် သီးခြား စီးဖြန်းနေရန် မရှိပါ။ ထို့အတူ အနာဂတ်မှာ ဖြစ်ပေါ်မည့် ကြောင်းခြင်းရာများကို ကြိုတင် သိမြင်နိုင်သော အနာဂတံသဉာဏ်အတွက်လည်း သီးခြား စီးဖြန်းနေရန် မလိုပါ။ ဒိဗ္ဗစက္ခု ဉာဏ်မှာ အခြေခံရှိကြသဖြင့် ထိုဉာဏ်နှစ်မျိုးလုံးသည် ဒိဗ္ဗစက္ခု အဘိညာဉ်နှင့်အတူ သာလျှင် ပြည့်စုံလာကြပါသည်။

ငရဲလားစေကြောင်း မကောင်းသော ကံဝဋ်တွင် အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲသော အရိယူပဝါဒကံသည် ကြောက်မက်ဖွယ်ကောင်းလှ၏။ ယုတ်စွအဆုံး လူပုဂ္ဂိုလ် သောတာပန်ကိုပင် မဟုတ် မတရား စွပ်စွဲမိလျှင် ဤကံ မြောက်၏။ "ဤရဟန်းတို့အား ရဟန်းတရား မရှိပြီ။ ဤရဟန်းတို့သည် ရဟန်းတုများတည်း" ဟူ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲလျှင်လည်းကောင်း၊ "ဤရဟန်းတို့အား စျာန် မဂ်ဖိုလ် တရား မရှိ" စသည်ဖြင့် ဂုဏ်ကျေးဇူးကို

http://www.dhammadownload.com

ထိပါးပုတ်ခတ်လျှင်လည်းကောင်း အရိယာပုဂ္ဂိုလ်ကံ ထိုက်၏။ ဤကံသည် အလွန်တရာ ဝန်လေးလှ၏။ ပဉ္စာနန္တရိယ ကံကြီးမျိုးနှင့် အလား တူ၏။ နတ်ရွာသုဂတိနှင့် မဂ်ကို တားမြစ်တတ်၏။ သို့သော် ကုစားရှိကား ရနိုင်ပေသည်။

ထို့ကြောင့် အရိယာပုဂ္ဂိုလ်အား တနည်းနည်းဖြင့် စုပ်စဲ့ ပုတ်ခတ်မိသောသူသည် စုပ်စဲ့ပုတ်ခတ်ခြင်း ခံရသော ပုဂ္ဂိုလ်တံသို့ ကိုယ်တိုင်သွားရှိ မိမိက အသက်သိကွာ ကြီးသူဖြစ်လျှင် ဆောင့်ကြောင့်ထုံလျက် "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားကို ဤသို့ ဤသို့သော စကားကို ပြောဆိုခဲ့မိပါပြီ။ ထိုအပြစ်ကို ခွင့်လွှတ်တော်မူပါဘုရား" ဟု တောင်းပန်သင့်၏။ မိမိက ဒသက်သိကွာ ငယ်နေလျှင်ကား လက်အုပ်ချီမိုး ရှိခိုးကာ ဆောင့်ကြောင့်ထိုင်လျက် ရှေးနည်းတူ တောင်းပန်သင့်၏။ အကယ်၍ စုပ်စဲ့ပုတ်ခတ်ခြင်းခံရသော ပုဂ္ဂိုလ်က သည်းမခံငြားအံ့။ အရပ်တပါးသို့မူလည်း ထွက်သွားငြားအံ့။ ကိုယ်တိုင်သွားရှိဖြစ်စေ၊ တပည့်တို့ကို လွှတ်ရှိဖြစ်စေ တောင်းပန်သင့်၏။ အကယ်၍ ကိုယ်တိုင်လည်း မသွားနိုင်၊ ကပည့်ကိုလည်း မလွှတ်နိုင်ငြားအံ့၊ ထိုကျောင်းမှာ အတူနေသော ရဟန်းတို့ကံသို့ သွား ရောက်ကာ "အရှင်ဘုရား၊ တပည့်တော်သည် ဤမည်သော ရဟန်းကို ဤသို့ ဤသို့သော စကားများ ပြောကြားခဲ့မိပါပြီ။ ယုံအရှင်သည် ထို စကားကို သည်းခံစေချင်ပါသည်ဘုရား" ဟု လျှောက်ထားသင့်၏။ ဤ မျှောက်တွင် သည်းမခံလျှင်လည်း ဤသို့ပင် ကျိုးသုံးကောင်၏။

အကယ်၍ တပါးတည်းနေသောရဟန်း ဖြစ်ငြားအံ့။ သူ၏ ဒုရာဌာန၊ သွားလာကျက်စားရာဌာနကို မသိနိုင်ငြားအံ့။ ပညာရှိ ရဟန်းတပါးထံသို့ ချဉ်းကပ်ကာ "အရှင်ဘုရား၊ တပည့်တော်သည် ဤမည်သော အပျက်ကို ဤသို့ ဤသို့သော စကားများ ပြောကြားခဲ့မိပါပြီ။ ယခုတပည့်တော်သည် ထိုစကားကို ပြန်၍အောက်မေ့မိတိုင်း စိတ်မချမ်းမသာ ဖြစ်နေရပါသည်။ တပည့်တော် မည်သို့ ပြုရပါမည်နည်း ဘုရား" ဟု မေးလျှောက်သင့်၏။ ပညာရှိ ရဟန်းကလည်း "သင် မည်သို့မျှ ကြေးတောမနေပါနှင့်။ ယုံအရှင်သည် သင့်အား သည်းခံပါ၏။ သင့် စိတ်များ ငြိမ်သက်လာအောင် ကျင့်သုံးပါလော့" ဟု ပြောဆိုပေလိမ့်မည်။ စုပ်စဲ့ပုတ်ခတ်မိသော သူကလည်း

http://www.dhammadownload.com

အရိယာပုဂ္ဂိုလ် သုဒ္ဓါရာအရပ်ဆီသို့ လက်အုပ်ချီကာ "အရှင်ဘုရား၊ သည်းခံတော်မူပါဘုရား" ဟု ဆိုသင့်၏။

အကယ်၍ အရိယာပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုသွားခြင်းအံ့။ ပရိနိဗ္ဗာန်ပြုရာအရပ်သို့ သွား၍လည်းကောင်း၊ ဖုတ်ကျည်းသင်္ဂိုဟ်ရာဌာနသို့ သွား၍လည်းကောင်း တောင်းပန်သင့်၏။ ဤသို့တောင်းပန်လျှင် အရိယပုဂ္ဂိုလ်သည် နတ်ရွာ သုဂတိနှင့် မဂ်ကို မတားဆီးတော့ပေ။ ပကတိ အတိုင်း အေးပြီး ငြိမ်းပြီး ဖြစ်နေပေတော့သည်။

ဤကဲ့သို့သော အကုသိုလ်ကံကြောင့် အပယ်လေးပါးသို့ ကျရောက်နေကြရသော သတ္တဝါများနှင့်တကွ ကောင်းမှု ကုသိုလ်ကြောင့် သုဂတိဘုံဘဝ၌ စည်းစိမ်ချမ်းသာ ခံစားနေရသော သတ္တဝါတို့ကို ဘုရားရှင်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၏။ ထို့သို့သော သတ္တဝါတို့ နေထိုင်ရာ လောကဓာတ်တခုမှစ၍ အပိုင်းအခြားမရှိသော လောကဓာတ် တိုင်အောင် အလိုရှိသမျှကို သိမြင်တော်မူပေသည်။

ပညာစက္ခုဟူသည်မှာ ဂုဏ်ထူးဝိသေသ အမျိုးမျိုးနှင့်ပြည့်စုံသော ပညာဖြစ်၏။ ဘုရားရှင်သည် ကြီးကျယ်သော ပညာ၊ ပြန့်ပြောသော ပညာ၊ ရှင်သော ပညာ၊ လျင်မြန်သော ပညာ၊ ထိုးဖောက်နိုင်သောပညာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သတ္တဝါ ဝေနေယျတို့အား မသိ သိအောင်၊ မမြင် မြင်အောင် ဟောပြောပြသ ဆုံးမတော်မူပေသည်။ ဘုရားရှင်မသိနိုင်သော၊ ဘုရားရှင်၏ ဉာဏ်တော်နှင့် မတွေ့နိုင် မထိနိုင်သော တရားဟူ၍ လုံးဝ မရှိပေ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလ သုံးတန်၌ တည်ရှိကုန်သော တရားအလုံးစုံကို အလုံးစုံသော အခြင်းအရာအားဖြင့် ဘုရားရှင် သိတော်မူ၏။

ဘုရားရှင်၏ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးတွင် ဉာဏ်သို့အစဉ်လိုက်၏။ ဉာဏ်ယှဉ်လျက် ရှိ၏။ ဘုရားရှင်၏ဉာဏ်တော်သည် အတိတ် အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးတန်တို့၌ အပိတ်အပင် အတားအဆီး မရှိပဲ ပွင့်လင်းစွာ သိမြင်တော်မူ၏။ ဥပမာအားဖြင့် ယသတ္တာ၏ နှုတ်ခမ်းနှစ်ခုတို့သည် တခုကို တခုက မကျော်လွန်ပဲ အညီအညွတ် တည်ရှိနေကြ သကဲ့သို့

http://www.dhammadownload.com

သိစရာ တရားနှင့် သိတတ်သော ဉာဏ်တော်တို့သည် တခုကို တခုက မကျော်လွန်ကြပေ။ သိစရာရှိသလောက် သိတတ်သောဉာဏ်တော် ဖြန့်ကြက်၏။ ဉာဏ်တော် ဖြန့်ကြက်သလောက် သိစရာ တရားက တည်ရှိပေသည်။

ဥပမာအားဖြင့် တိမိ၊ တိမိပိင်္ဂလ ငါးကြိုးများမှစ၍ ရေသတ္တဝါအနန္တတို့သည် မဟာသမုဒ္ဒရာ၏ အတွင်းမှာသာ လှည့်လည်၍ နေကြရသကဲ့သို့ လူ နတ် ဗြဟ္မာ သတ္တဝါ အနန္တတို့သည်လည်း ဘုရားရှင်၏ ဉာဏ်တော် အတွင်းမှာသာ လှည့်လည်၍ နေကြရကုန်၏။ ဥပမာအားဖြင့် ဂင်္ဂါနဒီကြီးများကို အစပြု၍ ကျေးငှက်သတ္တဝါ အနန္တတို့သည် ကောင်းကင်၏ တစ်တစ်တဒေသမှာသာ ကျက်စားနိုင်ကြသကဲ့သို့ အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးသော ပုဂ္ဂိုလ်များသည်ပင် ဘုရားရှင့်ဉာဏ်တော်၏ တစိတ်တဒေသမှာသာ လှည့်လည်ကျက်စားနိုင်ကြ၏။ ဘုရားရှင်၏ဉာဏ်တော်သည် နတ် လူ အဲပေါင်းတို့၏ ဉာဏ်ပညာအားလုံးထက် လွန်မြိုးလျက် ရှိပေသည်။

ဗုဒ္ဓစက္ခုဟူသည်မှာ ဝေနေယျ သတ္တဝါတို့၏ စိတ်ဓာတ် အနုအရင့်ကို သိနိုင်သော ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ အာသယာနုသယဉာဏ်တော်နှစ်ပါးလုံးနှင့်ဆိုင်သော အမည်ဖြစ်၏။ ဘုရားရှင်သည် သတ္တဝါ အနန္တတို့ကို ဉာဏ်တော်ဖြင့် ဖြန့်ကြက်၍ ကြည့်တော်မူလိုက်သောအခါ ဉာဏ်ပညာတည်းဟူသော မျက်စိ၌ ကိလေသာမှုန်တိမ် ပါးလျားစွာ ဖုံးလွှမ်းနေသော သတ္တဝါ၊ ဉာဏ်ပညာတည်းဟူသောမျက်စိ၌ ကိလေသာမှုန်တိမ် ထူထပ်စွာ ဖုံးလွှမ်းနေသော သတ္တဝါ၊ ဉာဏ်ထက်သော သတ္တဝါ၊ ဉာဏ်မထက်သော သတ္တဝါ၊ ကောင်းသော အခြင်းအရာရှိသော သတ္တဝါ၊ မကောင်းသော အခြင်းအရာရှိသော သတ္တဝါ၊ လွယ်လွယ်ကူကူနှင့် သိမြင်နိုင်စွမ်းပျိုသော သတ္တဝါ၊ လွယ်လွယ်ကူကူနှင့် သိမြင်နိုင်စွမ်းမရှိသော သတ္တဝါ စသည်တို့ကို ကဲ့ကဲ့ပြားပြား၊ ထင်ထင်ရှားရှား သိမြင်တော်မူပေသည်။

ဥပမာအားဖြင့် ရေကန်ကြီးတခုအတွင်း၌ ကြာလေးမျိုးတို့ ရှိကြပုံနှင့်တူ၏။ တမျိုးသောကြာသည် ရေပေါ်သို့ အဖူးတက်ကာ နေရောင်ခြည်နှင့် ထိတွေ့ရလျှင် ယနေ့ပင် ပွင့်မည်ဖြစ်၏။ ရေပြင်နှင့်အညီ တည်ရှိနေသော ကြာဖူးကား နက်ဖြန်ပွင့်မည်ဖြစ်၏။ ရေထဲမှာသာရှိနေသေးသော ကြာဖူးကား တတိယနေ့တွင် ပွင့်မည်ဖြစ်၏။ အခြားသော ကြာဖူးများမှာကား

http://www.dhammadownload.com

ရောဂါမကင်းသဖြင့် ရေထဲမှ ရေပေါ်သို့ တက်၍ပင့်ရန် မရှိတော့ပေ။ ငါးလိပ်တို့ စားစရာသာ ဖြစ်ကြကုန်၏။

ထို့အတူပင် ဝေနေယျသတ္တဝါမျှားမှာလည်း ဥဿဒ်တည်း၊ ဝိပဉ္စိတည်း၊ နေယျ၊ ပဒပရမ ဟူ၍ လေးမျိုး ရှိပေသည်။ ထိုတွင် ဥဿဒ်တည်း ဟူသည်မှာ တဂါထာ တဝါကျ ကြားရုံမျှဖြင့် တရားထူးရသော ပုဂ္ဂိုလ် ဖြစ်၏။ ဝိပဉ္စိတည်း ဟူသည်မှာ တဂါထာ တဝါကျအားဖြင့် အကျဉ်း ဟောထားသော ဒေသနာတော်ကို အကျယ်အားဖြင့် ဝေဖန်၍ ဟောပြသောအခါ တရားထူးရသော ပုဂ္ဂိုလ်ဖြစ်၏။ နေယျဟူသည်မှာ ပါဠိတော် အဋ္ဌကထာသင်ယူခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ အရိယာသူတော်ကောင်းကို ဆည်းကပ်ခြင်းတို့ဖြင့် တရားထူးရသော ပုဂ္ဂိုလ်ဖြစ်၏။ ပဒပရမ ပုဂ္ဂိုလ်မှာကား မည်မျှပင် ဟောပြပါသော်လည်း ထိုဘဝမှာ တရားထူး မရနိုင်သော ပုဂ္ဂိုလ် ဖြစ်ပေသည်။

ဘုရားရှင်သည် ကြာတောနှင့် တူစွာသော စကြဝဠာပေါင်း တိုက် တသောင်းကို ကြည့်တော်မူလိုက်သောအခါ ယနေ့ပင်မည့်ကြာနှင့်တူသော ဥဿဒ်တည်း ပုဂ္ဂိုလ်များ၊ နက်ဖြန်ပင်မည့်ကြာနှင့်တူသော ဝိပဉ္စိတည်းပုဂ္ဂိုလ် များ၊ တတိယနေ့မှာပင်မည့် ကြာနှင့်တူသော နေယျပုဂ္ဂိုလ်များ၊ ပင့်ရန် အလားအလာမရှိသောကြာနှင့်တူသော ပဒပရမ ပုဂ္ဂိုလ်များကို ခွဲခြား၍ မြင်တော်မူ၏။ တိုလေးမျိုးတို့တွင် ရှေပိုင်းပုဂ္ဂိုလ်သုံးမျိုးတို့အတွက် ဘုရား ရှင်၏ ဒေသနာတော်သည် ဤဘဝမှာပင် တရားထူးကို ပေးနိုင်စွမ်း၏။ ပဒပရမပုဂ္ဂိုလ်များအတွက် နောက်နောင်တွင် အထုံဝါသနာ ပါရှိသွား ဂစရန် စွမ်းဆောင်ပေသည်။

ဘုရားရှင်သည် ဤသို့ ပုဂ္ဂိုလ်အမျိုးမျိုး၊ ဥာဏ်အဆင့်အတန်းအမျိုးမျိုး ကို သိမြင်တော်မူပြီးလျှင် ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်အား အသုဘ ဘာဝနာနှင့်စပ်သော တရားစကားကို ဟောကြားတော်မူ၏။ ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်အား မေတ္တာဘာဝနာကို ဟောကြားတော်မူ၏။ မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်အား ပါဠိတော် အဋ္ဌကထာများ သင်ကြားရန်၊ သင့်လျော်သောအခါ၌ တရားနာရန်၊ တရားစကားဆွေးနွေး ရန်၊ ဆရာကောင်းထံ ဆည်းကပ်ရန် တိုက်တွန်းတော်မူ၏။ ဝိတက်စရိုက် ထူပြောသော ပုဂ္ဂိုလ်အား အာနာပါနကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ သဒ္ဓါ

http://www.dhammadownload.com

စရိုက်. ထူပြောသော ပုဂ္ဂိုလ်အား ကြည်ညိုသဒ္ဓါပွားစေနိုင်သော စူဋ္ဌဝေဒလ္လ၊မဟာဝေဒလ္လ စသော သုတ္တန်များကိုလည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များကိုလည်းကောင်း၊ မိမိ၏ သီလကို လည်းကောင်း ဟောကြားတော်မူ၏။ ပညာစရိုက် ထူပြောသော ပုဂ္ဂိုလ်အား အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော သုံးပါးသော အခြင်းအရာဖြင့် ဝိပဿနာအာရုံကို ဟောကြားတော်မူပေသည်။

ဤသို့သော ဗုဒ္ဓစက္ခုဖြင့် ရှုမြင်တော်မူသော်လည်း သတ္တဝါ ရှိရှိသမျှသည် ဘုရားရှင်၏ဉာဏ်တော်မြင်ကွင်းသို့ သက်ရောက်ခွင့်မရကြပါ။ ဥပမာအားဖြင့် လယ်သမားများသည် တောင်ခြေရင်းတွင် လယ်ကွင်းများ၊ လယ်စောင့်တဲများ ပြုလုပ်ကာ ညအခါတွင် မီးထွန်းကြရာ၊ တောင်ပေါ်မှကြည့်လိုက်သောအခါ လယ်ကွက်များ၊ ကန်သင်းများ၊ လယ်စောင့် တဲများနှင့် လယ်သမားများကို မမြင်ရပဲ မီးများကိုသာမြင်ရ၏။ ထို့အတူပင် တရားတည်းဟူသော ပြာသာဒ်ထက်သို့ ဘုရားရှင်တက်၍ ကြည့်တော်မူလိုက်သောအခါ ကုသိုလ်ကောင်းမှုမပြုခဲ့ဖူးသော ပုဂ္ဂိုလ်များသည်ကား တကျောင်းတည်းမှာ နေသည်ဖြစ်စေ၊ပုဆစ်ဒူးတော်နားမှာ နေသည်ဖြစ်စေ ဗုဒ္ဓစက္ခုဉာဏ်တော်၌ ပေါ်၍မလာ့ကြပေ။ညအခါမှာ ပစ်လိုက်သော မြားတံကဲ့သို့ မထင်မရှားသာ ဇာတ်သိမ်းသွားကြရ၏။ကုသိုလ်ကောင်းမှု ပြုခဲ့ဖူး၍ ကျွတ်ထိုက်သော ပုဂ္ဂိုလ်များသည်ကား အဝေးအလံမှာ ရှိနေကြသော်လည်း ဘုရားရှင်၏ဉာဏ်တော်ရှေ့၌ ထင်ရှား၍ နေကြပေတော့သည်။

သမန္တစက္ခုဟူသည်ကား သဗ္ဗညုတ ဉာဏ်တော်ဖြစ်၏။သင်္ခါရ၊ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ် ဟူ၍ ငါးမျိုးပြားကုန်သော သိစရာတရား ဟူဟူသမျှကို သိနိုင် မြင်နိုင်သော ဉာဏ်တော်ဖြစ်၏။ ဤသည်တို့ကား စက္ခုငါးပါးနှင့် ပြည့်စုံပုံကို ဖွင့်ဆိုချက်များ ဖြစ်ပေသည်။

ကိုယ်တိုင် မျက်မှောက်ပြုအပ်သော ဟူသည်မှာ သူတပါးထံမှ ပြောသံကြားဖြင့် တတ်ယောင်ကားမပြုပဲ ကိုယ်ပိုင်ကိုယ်တိုင် ထိုးထွင်း၍ သိအပ်သော တရားဖြစ်၏။ တချိုက သူတပါးထံမှ ပြောသံကြားရုံနှင့် "ဤသို့ဖြစ်သတဲ့။ ဤသို့ဖြစ်သတဲ့"ဟု သံယောင်လိုက်တတ်ကြ၏။ တချိုက "ဤအကြောင်းက ဤလိုတဲ့။ ဤအကြောင်းက ဤလိုတဲ့"ဟု သိယောင်ကား

http://www.dhammadownload.com

လုပ်တတ်ကြ၏။ တခ္ဆို့က ဘိုးစဉ်ဘောင်ဆက် ပြောကြားလာသော စကား ကို တရားသေစွဲမှတ်ထားကြ၏။ တခ္ဆို့က မိမိတို့ သင်ကြားထားသော ကျမ်းဂန်များနှင့် ကိုက်ညီသမျှ အမှန်တခ္ဆုချည်းဟု တယူသန် စွဲမှတ်ထား ကြ၏။တခ္ဆို့က အတွေးအကြံဖြင့်၊တခ္ဆို့ကသင့်လျော်သောအကြောင်းများ၊ နည်းများကို ရှာကြံ၍၊ တခ္ဆို့က အခြင်းအရာကိုတွေးတော၍၊ တခ္ဆို့က မိမိတို့အကြိုက်နှင့် ကိုက်ညီရာကိုရွေးချယ်၍ စွဲယူကြကုန်၏။ ထိုသူများကဲ့သို့ ယောင်ဝါးဝါး မပြုမူပဲ ကိုယ်ပိုင်ကိုယ်တိုင်သိအပ်သော တရားသည်သာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ပွင့်စေနိုင်ပေသည်။

ဘေးရန်ကင်းဝေးကြောင်း ဟူရာ၌ ဖြစ်ရှားသောဘေးရန်နှင့် မထင် ရှားသော ဘေးရန်ဟူ၍ နှစ်မျိုးရှိ၏။ ထင်ရှားသော ဘေးရန် ဟူသည်မှာ ခြင်္သေ့၊ ကျား စသော အန္တရာယ်ပြုနိုင်သည့် သားရဲကြီးများ၊ အကောင် သေးသေးလည်း ဘေးဆင့်စေတတ်သော မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေ များ စသော သတ္တဝါများနှင့် ရောဂါအမျိုးမျိုးတို့ ဖြစ်ပေသည်။

ထင်ရှားသောဘေးရန် ဟူသည်ကား အကုသိုလ်မျိုး တရားဆိုး အား လုံးတို့ ဖြစ်၏။ ဤတရားတို့ကို ဘေးရန်ဟု ဆိုရခြင်း၌ အကြောင်းသုံးမျိုး ရှိပေသည်။ ထို အကြောင်းသုံးမျိုးမှာ ညှဉ်းပန်းနှိပ်စက်တတ်ခြင်း၊ ယုတ် လျော့အောင် ပြုတတ်ခြင်း၊ အကုသိုလ်တရားတို့၏ တည်ရာမှီရာ ဖြစ်ခြင်းတို့ ဖြစ်၏။

ညှဉ်းပန်းနှိပ်စက်သောကြောင့် ဘေးရန် မည်ပုံမှာ ထိုဘေးရန်တို့သည် မိမိတည်ရှိရာ ပုဂ္ဂိုလ်ကို ညှဉ်းပန်းနှိပ်စက်တတ်ကြ ပေသည်။

ယုတ်လျော့အောင် ပြုတတ်သောကြောင့် ဘေးရန်မည်ပုံမှာ ထိုတရား ဆိုးတို့သည် သီလစောင့်ထိန်းခြင်း၊ ဤနေ့ စောင့်စည်းခြင်း၊ ဘာဇဉ်ဒွါ အတိုင်းအရှည်ကိုသိခြင်း၊ နိုးနိုးကြားကြားရှိခြင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံ ခြင်း၊ ဧဗာမ်ပဂ္ဂိုဃ တရားများကို ပွားများ အားထုတ်နည်း ဟူသော အကုသိုလ်တရားများကို အနှောင့်အယှက် ပြုတတ်ကြကုန်၏။ ယုတ်လျော့ အောင် ပြုတတ်ကြကုန်၏။

http://www.dhammadownload.com

အကုသိုလ်တရားတို့၏ တည်ရာမှီရာဖြစ်၍ ဘေးရန်မည်ပုံကား အခြို့သော အကုသိုလ်တရားတို့သည် စက္ခုစသော ဒွါရကို အမှီပြု၍ ဖြစ်တတ်ကြလေရာ၊ ထိုအကုသိုလ်တရားတို့၏ တည်ရာမှီရာ ဖြစ်နေသဖြင့် ရရှိထားသော ခန္ဓာတရားကြီးသည်ပင်လျှင် ဘေးရန်ဖြစ်၍နေပေသည်။ ဤသို့သော ဘေးရန်အမျိုးမျိုး၏ ကင်းလွတ်ရာကား နိဗ္ဗာန်သာ ဖြစ်ပေသည်။

ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကိုလည်းကောင်း၊ ပါတိမောက္ခသံဝရ သီလကိုလည်းကောင်း၊ သမာဓိ ကို လည်း ကောင်း ဟောတော်မူပါဟု နိမိတဘုရားရှင်က မေးခွန်းထုတ်တော်မူပေသည်။

၈။ နိမိတကိုယ်စား ရှင်တော်မြတ်ဘုရား၊မျက်စိဖြင့်လော်လည်သူ မဖြစ်ရာ။ နားကိုလည်း ရွာစကားရပ်စကားမှ ပိတ်ပင်ထားရာ၏။ အရသာတို့၌ မမက်မောရာ။ လောက၌ တစုံတခုသော တရားကိုမျှ ငါ့ဟာဟူ၍ မမက်မောရာ။

နိမိတဘုရားရှင်၏ ဒုတိယမေးခွန်းကို ပကတိဘုရားရှင်က စတင်၍ ဖြေကြားတော်မူခြင်း ဖြစ်၏။ နိမိတဘုရားရှင်၏ မေးခွန်းထဲ၌ ပါတိမောက္ခသံဝရ သီလ ပါရှိနေရာ ထိုသီလကို ဣန္ဒြေစောင့်စည်းခြင်းက စောင့်ရှောက်ထား၏။ ထို့ကြောင့် စက္ခုစသော ဣန္ဒြေစောင့်စည်းခြင်းဖြင့် စတင်၍ ဖြေကြားတော်မူပေသည်။ တနည်းအားဖြင့် တရားနာပရိသတ် နတ်ဗြဟ္မာများ ထင်ရှားစွာ နားလည်သဘောပေါက်ကြစေရန် ဣန္ဒြေ စောင့်စည်းခြင်းက စတင်၍ ဟောကြားတော်မူပေသည်။

မျက်စိဖြင့်လော်လည်သူမဖြစ်ရာ ဟူရာ၌ မျက်စိဖြင့် လော်လည်ပုံမျှားကို ပထမဦးစွာ ဖော်ပြရပါဦးမည်။ မမြင်ဖူးသေးသည်ကို မြင်ရရန်၊ မြင်ဖူးပြီးသည်ကို ကျော်လွှားရန်၊တကျော်ငးမှ တကျော်ငးသို့၊ဥယျာဉ်တခုမှ ကခုသို့၊ တရွာမှတရွာသို့၊ နိဂုံးတခုမှတခုသို့၊ တမြို့မှတမြို့သို့၊ တတိုင်းမှတတိုင်းသို့၊ ဇနပုဒ်တခုမှတခုသို့ ခရီးရှည်လှည့်လည်ခြင်း၊ ရူပါရုံတို့ကိုကြည့်ရှုရန် မရပ်မနားပဲ တသွားတည်း သွားနေခြင်းသည် မျက်စိဖြင့်လော်လည်ခြင်း မည်၏။

http://www.dhammadownload.com

တနည်းအားဖြင့်၊ ရဟန်းတပါးသည် ရှာထဲသို့ဝင်သောအခါ စောင့်စည်းမှုမရှိပဲ လှည့်လည်သွားလာ၏။ ဆင်ကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း၊ ရထားကိုလည်းကောင်း၊ ခြေလျင် စစ်သားကိုလည်းကောင်း၊ မိန်းမကိုလည်းကောင်း၊ ယောကျ်ားကိုလည်းကောင်း၊ မိန်းကလေး တို့ကိုလည်းကောင်း၊ ယောကျ်ားလေးတို့ကိုလည်းကောင်း၊ စျေးကြိုစျေးကြားတို့ကိုလည်းကောင်း၊ အိမ်တံခါးဝတို့ကိုလည်းကောင်း၊ အထက်ကိုလည်းကောင်း၊အောက်ကိုလည်းကောင်း ကြည့်ရှုခဲ့သွား၏။ ထိုထိုအရပ်မျက်နှာသို့ လှည့်လည်ကြည့်ရှုလျက်သွား၏။ဤသို့အားဖြင့်လည်း မျက်စိဖြင့် လော်လည်ခြင်း ဖြစ်၏။

တနည်းအားဖြင့် ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို ရှုမြင်ပြီးလျှင် ယောကျ်ား မိန်းမ စသော နိမိတ်ကို စွဲယူလေ့ ရှိ၏။ လက်ခြေ ပုံသဏ္ဌာန် စသည်ကို စွဲယူလေ့ရှိ၏။ အကြင် စက္ခုန္ဒြေကို မစောင့်စည်းသဖြင့် ထိုရဟန်းအား လောဘ ဒေါသ စသော မကောင်းမှုတရားများ ဖိစီးလာကြကုန်၏။ ထိုက္ခန္ဓေ၌ မကောင်းမှုတရားများ ဖြစ်ပွားမလာစေရန် မပိတ်ပင် မတားမြစ်ပေ။ စက္ခုန္ဒြေကို မစောင့်ရှောက်ပေ။ ဤသို့အားဖြင့်လည်း မျက်စိဖြင့် လော်လည်ခြင်း ဖြစ်၏။

တနည်းအားဖြင့် အခြို့သော ရဟန်းတို့သည် သဒ္ဓါတရားဖြင့် ပေးလှူသော ဆွမ်းများကို စားသောက်ကြပြီးလျှင် သာသနာတော်၏ တံကျင်သဖွယ်ဖြစ်သော ပဲ့လမ်းသဘင် အမျိုးမျိုးကို ကြည့်ရှု ကြကုန်၏။ ဤသို့လည်း မျက်စိ၏ လော်လည်ခြင်း ဖြစ်၏။ ဤသို့ လော်လည်ခြင်းဟူသမျှကို မပြုပဲ သတိထား၍ ရှောင်ကြဉ်နိုင်သူကား မျက်စိဖြင့် မလော်လည်သူ ဖြစ်ပေသည်။ စက္ခုန္ဒြေကို စောင့်စည်းသူ ဖြစ်ပေသည်။

တနည်းအားဖြင့် အခြို့သော ရဟန်းတို့သည် သဒ္ဓါတရားဖြင့် ပေးလှူသော ဆွမ်းများကို စားသောက်ကြပြီးလျှင် သာသနာတော်၏ တံကျင်သဖွယ်ဖြစ်သော ပဲ့လမ်းသဘင် အမျိုးမျိုးကို ကြည့်ရှု ကြကုန်၏။ ဤသို့လည်း မျက်စိ၏ လော်လည်ခြင်း ဖြစ်၏။ ဤသို့ လော်လည်ခြင်းဟူသမျှကို မပြုပဲ သတိထား၍ ရှောင်ကြဉ်နိုင်သူကား မျက်စိဖြင့် မလော်လည်သူ ဖြစ်ပေသည်။ စက္ခုန္ဒြေကို စောင့်စည်းသူ ဖြစ်ပေသည်။

စက္ခုန္ဒြေကိုစောင့်စည်းခြင်း ဟူရာ၌ စက္ခုန္ဒြေသန့်သန့်၌ စောင့်စည်းခြင်းသည်လည်းကောင်း၊ မစောင့်စည်းခြင်းသည်လည်းကောင်း မရှိပေ။ စက္ခုပသာဒကို အမှီပြု၍ သတိကောင်းခြင်း၊ သတိလွတ်ခြင်းတို့ မဖြစ်ကြပေ။ စင်စစ်မှာကား နှစ်စက္ခုဒ္ဒါရိကဝီထိစိတ် တခုလုံးကို သိမ်းကျုံး၍သာ ခေါ်ဝေါ်ကြရပေသည်။

http://www.dhammadownload.com

စက္ခုဒ္ဓါရဉ် ရူပါရုံထင်ဟပ်လာသောအခါ ဘဝင်နှစ်ကြိမ်၊ ပဉ္စဒ္ဓါရာ ဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏနှင့် ဝုံဋ္ဌောစိတ်များ အစဉ် အတိုင်း ဖြစ်ပေါ်လာကြ၏။ ထိုစိတ်များသည် မိမိကို့သက်ဆိုင်ရာ ကိစ္စများ ကိုသာ ဆောင်ရွက်ကြ၏။ ထိုစိတ်များ ဖြစ်နေစဉ်တွင် စောင့်စည်းခြင်း လည်း မရှိ။ မစောင့်စည်းခြင်းလည်း မရှိပေ။ ဇောစိတ်များ ဖြစ်နေခိုက် တွင် အကုသိုလ် စေတသိက်များ ယှဉ်လာပါက မစောင့်စည်းခြင်း ဖြစ်လာ ၏။ ဤသို့ဖြစ်လျှင် စက္ခုနေ့ကို မစောင့်စည်းခြင်း ဖြစ်၏။ ဥပမာအား ဖြင့် မြို့တံခါးလေးရပ်ကို ဖွင့်ထားပြီးလျှင် အိမ်တံခါး၊ ကျီတံခါး စသည် များကို ပိတ်ပင်ထားသော်လည်း လုံခြုံမှုမရှိနိုင်သကဲ့သို့ ဇောစိတ်ကိုမစောင့် စည်း နိုင်ခဲ့သော် စက္ခုဒ္ဓါရကို လည်းကောင်း၊ ဘဝင်ကို လည်းကောင်း၊ အာဝဇ္ဇန်း စသော ဝီထိစိတ်များကို လည်းကောင်း မစောင့်စည်းနိုင်တော့ ပေ။ ထို့ကြောင့် စက္ခုဒ္ဓါရိက ဇောစိတ်၌ အကုသိုလ် စေတသိက်များ ယှဉ်မလာအောင် မစောင့်စည်း နိုင်ခြင်းကို စက္ခုနေ့ မစောင့်စည်းခြင်းဟု ခေါ်၍ စက္ခုဒ္ဓါရိကဇောစိတ်၌ အကုသိုလ် စေတသိက်များ ယှဉ်မလာ အောင် စောင့်စည်းနိုင်ခြင်းကို စက္ခုနေ့ စောင့်စည်းခြင်းဟု ခေါ်ရပေ သည်။

နားကိုလည်း ရွာစကား ရပ်စကားမှ ပိတ်ပင်ထားရာ၏ ဟူသည်မှာ နတ်ရွာသုဂတိနှင့် မဂ်ဖိုလ်နိဗ္ဗာန်တို့၏ ဖီလာဖြစ်သော တိရစ္ဆာန ကထာကို နားမထောင်ရန် ဖြစ်ပေသည်။

ထိုတွင် မင်းနှင့်စပ်သော စကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်ကြီး နှင့်စပ်သောစကား၊ စစ်တပ်နှင့်စပ်သောစကား၊ ဘေးနှင့်စပ်သော စကား၊ စစ်ပွဲနှင့်စပ်သောစကားတို့ကို သာယာပွယ်၊ အားကျဖွယ်ဖြစ်အောင် ပျိုးမွမ်း သောအားဖြင့် မပြောသင့်ပေ။ ကိုကဲ့သို့သော ပုဂ္ဂိုလ်များပင် အနိစ္စ သဘောကိုမလွန်ဆန်နိုင်ပုံကို ကမ္မဋ္ဌာန်းဘာဝနာ ပွားနိုင်ကြရန်အတွက်ကား ပြောကြားနိုင်ပါသည်။

ထမင်းနှင့်စပ်သောစကား၊ အဖျော်နှင့်စပ်သောစကား၊ အဝတ်နှင့် စပ် သောစကား၊ ယာဉ်နှင့်စပ်သောစကား၊ အိပ်ရာနှင့်စပ်သောစကား၊ ပန်းနှင့် စပ်သောစကား၊ နံ့သာနှင့်စပ်သော စကားတို့ကို ပြောကြားရာတွင် မိမိ

http://www.dhammadownload.com

တွေ့ကြုံ ခံစားခဲ့ရဖူးသည်ကို သာယာသော သဘောဖြင့် မပြောသင့်ပေ။ ထိုကဲ့သို့ မှန်မြတ်သော ပစ္စည်းမျှားကို လှူဒါန်းခဲ့ပုံ၊ ပူဇော်ခဲ့ပုံ တို့ကိုကား စေတနာ သဒ္ဓါတရား ထက်သန်လာစေရန် ပြောကြားသင့်ပါသည်။

ဆွေမျိုးနှင့်စပ်သောစကားကိုလည်း ဆွေဂုဏ် မျိုးဂုဏ် ထုတ်ဖော်သော သဘောဖြင့် မပြောသင့်ပေ။ အနိစ္စသဘော မလွန်ဆန်နိုင်ပုံကိုကား ပြောကြားနိုင်ပါသည်။

ရွာနှင့်စပ်သောစကား၊ နိဂုံးနှင့်စပ်သောစကား၊ မြို့နှင့်စပ်သောစကား၊ ဇနပုဒ်နှင့်စပ်သောစကားတို့ကိုလည်း သာယာဖွယ်၊ အားကျဖွယ် သဘောဖြင့် မပြောသင့်ပေ။ ဤသူတို့၏ သဒ္ဓါတရားထက်သန်ပုံကို လည်းကောင်း၊ အနိစ္စသဘောကို မလွန်ဆန်နိုင်ပုံကိုလည်းကောင်း ပြောသင့်ပါသည်။

မိန်းမနှင့်ပတ်သက်သော စကားကိုလည်း သာယာဖွယ်၊ တပ်မက်ဖွယ်ဖြစ်အောင် မပြောသင့်ပေ။ သဒ္ဓါတရားရှိပုံ၊ အနိစ္စသဘောကို မလွန်ဆန်နိုင်ပုံကိုကား ပြောသင့်ပါ၏။ သူရဲကောင်းနှင့်စပ်သော စကားမျှားလည်းမင်း စသည်နှင့် စပ်သောစကားတို့အတိုင်း ဖြစ်၏။ အိမ်စဉ်နှင့် စပ်သော စကား၊ ရေဆိပ်နှင့်စပ်သော စကားတို့မှာလည်း ရွာစသည်တို့နှင့် စပ်သော စကားမျှားအတိုင်း ဖြစ်၏။ ဆိုခဲ့ပြီးသည်မှတပါး အမျိုးမျိုး အဖုံဖုံသော အကျိုးမဲ့သော စကားမျိုးကို လည်းကောင်း၊ ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ ကတ်သီးကတ်သတ်ပြောကြားသော စကားမျှားကိုလည်းကောင်း၊ သမုဒ္ဒရာနှင့် ပတ်သက်သော ယုံတမ်းစကားမျှားကိုလည်းကောင်း၊ ဤသို့တိုးပွားဏ်၊ ဤသို့ ယုတ်လျော့၏ စသည်ဖြင့် အကျိုးမဲ့စွာ ထင်ရာမြင်ရာပြောကြားသော စကားမျိုးကိုလည်း လုံးဝ မပြောကြားသင့်ပေ။ မပြောသင့်သော စကား ဟူသမျှကို မိမိကိုယ်တိုင် ရှောင်ကြဉ်ရုံမက သူတပါးပြောကြားသည်ကိုလည်း လုံးဝ နားမတောင်ပေ။ ဤသို့ဖြင့် ရွာစကား ရပ်စကားမှ နားကို ပိတ်ပင်၍ထားရမည် ဖြစ်ပေသည်။

အရသာတို့၌ မမက်မောရာ ဟူရာ၌ အမြစ်၊ ပင်စည်၊ အခေါက်၊အရွက်၊ အပွင့်နှင့် အသီးတို့မှရသော အရသာမျှား၊ ချဉ်၊ ချို၊ ခါး၊ စပ်၊ ငန်၊ ဖန်၊ ဏအေး၊ အပူ စသည်ဖြင့် အရသာအမျိုးမျိုး ရှိကြ၏။ တချို့သောသူမျှား

http://www.dhammadownload.com

သည် အရသာ တခုကို စားရပြီးလျှင် အခြားအရသာတခုကို မရမနေ ရှာဖွေ ကြ၏။ အရသာတို့၌ မက်မောကုန်သည်ဖြစ်၍ လျှာဖျားဖြင့် အရသာကို ရှာဖွေ၍ နေကြကုန်၏။ ထို့သို့မပြုကြပဲ အစားအစာ စားသောက်ရခြင်း၏ အကြောင်းရင်းများ၊ အစာ စားရခြင်းနှင့် နှိုင်းယှဉ်ရန် ဥပမာ များကို တွေးတော ,ဆင်ခြင်ကာ ရသတဏှာကို ပယ်စွန့်ကြရန် ဖြစ်ပါသည်။ နှိုင်းယှဉ်ရန် ဥပမာတို့ကို ရှေ့၌ ပေါ်ပြခဲ့ပါပြီ။

တစုံတခုသော တရားကို မျှ ငါဟာ ဟူ၍ မမက်မောရာ ဟူရာ၌ ငါဟာ လုပ်၍ မက်မောခြင်းသည် တဏှာဖြင့်လည်းကောင်း၊ ဒိဋ္ဌိဖြင့်လည်းကောင်း မက်မောကြ၏။ ငါဟာ မဟုတ်သော သဘောကို ရှုမြင်သုံးသပ်ကာ ငါဟာ လုပ်တတ်သောတရားများကို ပယ်စွန့်ကြရန် ဘုရားရှင်က တိုက်တွန်းတော်မူပေသည်။

http://www.dhammadownload.com

၇။ တုဝဋ္ဋကသုတ် အဖွင့် (၂)

၉။ ရဟန်းသည် အမျိုးမျိုးသော အနာရောဂါတို့ နှိပ်စက်သောအခါ၌ ငိုကြွေးခြင်းကို မပြုရာ။တစုံတခုသော အကြောင်းကြောင့် ဘဝကို မတောင့်တရာ။ ကြောက်လန့်စရာ အာရုံများကြောင့်လည်း လွန်လွန်မင်းမင်း တုန်လှုပ်ခြင်းမရှိရာ။

အနာရောဂါအမျိုးမျိုး ဟူသည်မှာ မျက်စိရောဂါ၊ နားရောဂါ၊ နှာခေါင်းရောဂါ၊ လျှာရောဂါ၊ ကိုယ်ခန္ဓာပေါ်မှာ ဖြစ်သောရောဂါ၊ ဦးခေါင်းရောဂါ၊နားတွင်းရောဂါ၊ခံတွင်းရောဂါ၊သွားရောဂါ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံသော ရောဂါဝေဒနာများ ဖြစ်၏။ ထို ရောဂါဝေဒနာများ ခံစားရသောအခါ ကိုယ်ပေါ်မှာသာ နာကျင်စေ၍ စိတ်မှာ ဒေါမနဿ စသည်ဖြင့် မနာစေပဲ သတိသမ္ပဇဉ်ယှဉ်လျက် သည်းခံ သင့်ပေသည်။

တစုံတခုသော အကြောင်းကြောင့် ဘဝကို မတောင့်တရာ ဟူသည်မှာ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတို့ကို မတောင့်တကြရန် ဆုံးမတော်မူခြင်း ဖြစ်၏။

ကြောက်လန့်စရာအာရုံ ဟူသည်မှာ ခြသေ့်၊ကျားသစ် စသော သားရဲတိရစ္ဆာန်ကြီးများ၊ မြွေ၊ ကင်း၊ ကင်းခြေများ စသော အဆိပ်ရှိသော သတ္တဝါများ၊ ခိုသားဒမြ စသော အပြင်အပမှ ကြောက်စရာ-အာရုံများ

http://www.dhammadownload.com

ဖြစ်၏။ တနည်းအားဖြင့် အတွင်းစိတ်ကို မှီ၍ဖြစ်သော ကြောက်ရွံ့ ထိတ်လန့်ခြင်းများ ဖြစ်၏။ ပဋိသန္ဓေ နေရခြင်းဘေး၊ အိုဘေး၊ နာဘေး၊ သေဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး၊ မိမိကိုယ်ကိုမိမိ စွပ်စွဲမိသောဘေး၊ သူတပါးတို့၏ အစွပ်စွဲခံရခြင်းဘေး၊ ဒဏ်ရိုက်ခံရခြင်းဘေး၊ ဒုဂ္ဂတိဘုံသို့ ကျရောက်ရခြင်းဘေး၊ လှိုင်းဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးမန်းဘေး၊ အသက်မွေးမှု မပြည့်စုံခြင်းဘေး၊ အကဲ့ရှဲခံရခြင်းဘေး၊ ပရိသတ်ကို ရွံ့ခြင်းဘေး၊ မာန်ထောင်လွှားခြင်းဘေး စသည်တို့သည်လည်း ကြောက်စရာ အာရုံများ ဖြစ်ပေသည်။ ထိုအာရုံများနှင့် တွေ့ကြုံသောအခါ ကြောက်ရွံ့တတ်သောစိတ်များ မပေါ်လာစေပဲ ခိုင်မြဲသောစိတ်ဖြင့် ဣန္ဒြိယသဝရသီလကို ပြည့်ပြည့်ဝဝကြီး စောင့်စည်းနိုင်ကြရန် ဘုရားရှင် ဟောကြားတော် မူပေသည်။

၁၀။ ရဟန်းသည် ဆွမ်းတို့ကိုလည်းကောင်း၊ အဖျော်တို့ကိုလည်းကောင်း၊ မုန့်ခဲဖွယ်တို့ကို လည်းကောင်း၊ အဝတ်သက်နှင်းတို့ကိုလည်းကောင်း တရားတော်နှင့်အညီ ရရှိပြီး၍ သိုမှီးထားခြင်းကို မပြုရာ။ တိုပစ္စည်းများကို မရလျှင်လည်း ထိတ်လန့်ပူပန်ခြင်း မပြုရာ။

ဆွမ်း စသော ပစ္စည်းများကို တရားတော်နှင့်အညီ ရရှိပြီး၍ ဟူရာဌ ရဟန်းများနှင့် မအပ်စပ်သော အပြုအမူများကို ရှောင်ရှား၍ ဒါယကာ၊ ဒါယိကာမတို့က စေတနာသဒ္ဓါတရားသန့်သန့်ဖြင့် လှူဒါန်းသော ပစ္စည်းများကို ဆိုလိုပါသည်။

ဆွမ်းစသော ပစ္စည်းများကို ရှာဖွေရာတွင် ရဟန်းများသည် မိမိကိုယ်တို့ အထင်ကြီးအောင် မပြုရပေ။ ပစ္စည်းလေးပါး ရရှိစေရန် စကားဖြင့် ဆွဲဆောင်ရပေ။ ဤ၌ စကားဖြင့် ဆွဲဆောင်ပုံမှာ ဤသို့ဖြစ်၏။ ဒါယကာများက ကျောင်းသို့လာ၍ ရဟန်းများကို ပင့်ရန်လာကြောင်း ပြောဆိုသော အခါ ရဟန်းက "ဤသို့ဆိုလျှင် သွားနှင့်ကြကုန်လော့။ ပါပင့်၍ လာခဲ့မည်" ဟု မိမိပါပါအောင် ပြောဆိုခြင်းမျိုး ဖြစ်၏။ လှူချင် ပေးချင်လာအောင် အရိပ်နိမိတ်ပြစကားများ မပြောရပေ။ အခြားသူများ၏ ဂုဏ်

http://www.dhammadownload.com

ကျေးဇူးကို ချေဖျက်ခြင်းဖြင့် မိမိ လာဘ်ရအောင် မပြုသင့်ပေ။ တဦးထံမှ ရရှိလာသောပစ္စည်းဖြင့် နောက်တဦးထံသို့ လက်ဆောင် မထိုးသင့်ပေ။

ထို့ပြင် ရဟန်းတို့ ပစ္စည်းရှာဖွေရာတွင် အသုံးမပြုသင့်သော အပြုအမူများလည်းရှိသေး၏။ထို အပြုအမူများကို ဝိနည်းတော်၌ အနေသနဟု ခေါ်ဝေါ်၏။ ရဟန်းတို့ ရှောင်ကြဉ်သင့်သော အနေသန အပြုအမူများမှာ သစ်ပေးခြင်း၊ ဝါးပေးခြင်း၊ အရွက်ပေးခြင်း၊ အပွင့်ပေးခြင်း၊ အသီးပေးခြင်း၊ ရေချိုးကသည်မှုန့်ပေးခြင်း၊နံ့သာမှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ တံပူပေးခြင်း၊ မျက်နှာသစ်ရေပေးခြင်း၊ မိမိကိုယ်ကို ကျေးကျွန်သဖွယ်ပြု၍ နှိမ်ချ၍ ပြောဆိုဆက်ဆံခြင်း၊အမှားရော အမှန်ပါ ရောပြွမ်း၍ ပြောဆိုခြင်း၊ကလေးငယ်များကို ပွေ့ချီချော့မြူခြင်း၊အိမ်တွင်းသို့အဆောတလျင်ဝင်ကာ ခုတင်၌ ထိုင်နေခြင်း၊ရွာတည်ရန်မြို့တည်ရန် စသော မြေနေရာကိုသိသော ကျမ်းအတတ်၊နတ်ရွာနိဗ္ဗာန်၏ ဖီလာဖြစ်သော အခြားအတတ်များ၊ ယောကျ်ားမိန်းမတို့၏ လက္ခဏာအကျိုး အပြစ်ကိုသိသော အင်္ဂဝိဇ္ဇာအတတ်၊ နက္ခတ်ယှဉ်ခြင်းကို သိသောအတတ်၊ လူတို့၏ တမန်အဖြစ် ဆောင်ရွက်ခြင်း၊ လူတို့စေခိုင်းချက်အရ တအိမ်ဝင် တအိမ်ထွက် သွားလာခြင်း၊ ရွာတပါး အရပ်တပါးသို့ အစေအပါးခံ၍ သွားခြင်း၊ဆေးကုခြင်း၊မိမိအား ဆွမ်းလောင်းခဲ့သူများအား တို့ပြန်၍ ထမင်းပေးခြင်း၊မိမိအား လှူခဲ့သူများအား တို့ပြန်၍ ပေးကမ်းခြင်း။ ဤသို့သော အပြုအမူအားလုံးသည် ရဟန်းတို့ ပစ္စည်းရှာရာတွင် အသုံးမပြုသင့်သော အနေသန အပြုအမူများ ဖြစ်ပေသည်။

ထို အနေသန အပြုအမူများတွင် သစ်သီးပေးခြင်းဟူသည်မှာ ပစ္စည်းလေးပါးကို ရလိုမှုဖြင့် ပေးခြင်းဖြစ်၏။ ဒါယကာတို့အား ချီးမြှောက်ရန် မိမိပိုင် သစ်သီးကိုပေးလျှင် ကုလဒူသကဒုက္ကဋ် အာပတ်သင့်၏။ သူတပါး၏ ပစ္စည်းကို ခိုးယူလိုစိတ်ဖြင့်ပေးလျှင် အဖိုးထိုက်တန်သည့် အားလျော်စွာ အာပတ်သင့်၏။ သံဃိကသစ်မှာလည်း ထို့အတူပင်ဖြစ်၏။ သံဃိကပစ္စည်းကို အစိုးရသဖြင့် ပေးငြားအံ့၊ ဂရုဘဏ်ပစ္စည်းကို ပေးစွန့်သဖြင့် ဒုက္ကဋ် အာပတ်သင့်၏။သစ်သည် ဂရုဘဏ်၊လဟုဘဏ်ဟူ၍နှစ်မျိုးရှိရာ မစိုက် မပျိုးရသော သယံဇာတ သစ်တောများ၌ သံဃာက ပိုင်းခြားမှတ်သား၍ထားသော သစ်သာလျှင် ဂရုဘဏ်ဖြစ်၏။ မသတ်မှတ်ရသေးသော သစ်များကား လဟုဘဏ်ဖြစ်၏။ စိုက်ပျိုးထားသော သစ်များကား အားလုံး ဂရု

http://www.dhammadownload.com

ဘဏ်ချည်း ဖြစ်၏။ အရွယ်အားဖြင့် အသုံးပြု၍ရသော သစ်သားသည် ဂရုဘဏ် ဖြစ်ပေသည်။

ဝါးပေးခြင်းမှာလည်း သစ်ပေးခြင်းကဲ့သို့ပင်ဖြစ်၏။ အရွယ်အားဖြင့် ဆီကျည်တောက်ပြုလောက်လျှင် ဂရုဘဏ်ဖြစ်၏။ လူများကတောင်းလျှင် ကျောင်းထဲ၌ မြက်အမှိုက်ရှင်းခြင်း၊ ရေသယ်ခြင်း၊ သဲထမ်းခြင်း စသော ဒဏ်များပေးပြီးမှ ပေးကောင်း၏။

အရွက်ပေးခြင်း၌ အရွက်ရှားပါး၍ အရောင်းအဝယ်ပြုရသော ဌာနတွင် သာ ဂရုဘဏ်ဖြစ်၏။ ထန်းရွက်မှာ သယံဇာတ ထန်းတော၌ သံဃာက သတ်မှတ်ပိုင်းခြားထားသော ထန်းရွက်သာလျှင် ဂရုဘဏ်ဖြစ်၏။ မသတ်မှတ်၊ မပိုင်းခြားရသော ထန်းရွက်ကား လဟုဘဏ်ဖြစ်၏။ စိုက်ပျိုးထားသော ထန်းရွက်များကား အားလုံး ဂရုဘဏ်ချည်းဖြစ်၏။ အရွယ်အားဖြင့် လက်ရှစ်သစ်ခန့် ဖူးတံထွက်နေလျှင် ဂရုဘဏ်ဖြစ်ပေသည်။ သံဃာ့ကိစ္စ၊ စေတီကိစ္စများ ဆောင်ရွက်ပြီးနောက် ပိုလျှံသောထန်းရွက်များကို ပဂ္ဂလိက ကိစ္စများအတွက် ပေးနိုင်၏။ သစ်ဝါးတို့၌လည်း ထို့အတူပင်ဖြစ်ပေသည်။

ပန်းပေးခြင်း၌ ဤပန်းများဖြင့် ယာဂုကပ်ရန်၊ ဆွမ်းကပ်ရန်၊ ကျောင်းတိုက် တာ ပြုပြင်ရန်ဟူ၍ သတ်မှတ်ပိုင်းခြားထားသော ပန်းများသာ ဂရုဘဏ်ဖြစ်၏။ ပစ္စည်းလေးပါး ရလိုမှုဖြင့် ပန်းပေးခြင်းကို တားမြစ်ထားသော်လည်း စေတီတော်ပူဇော်ရန်အတွက် မိဘများကိုကား ပေးကောင်း၏။ ပန်းများကို မိဘအိမ်သို့ သယ်ဆောင်၍ဖြစ်စေ၊ မိဘများကိုခေါ်၍ ဖြစ်စေ ပေးကောင်း၏။ ကျန်သော ဆွမျိုးများကိုကား စေတီတော် ပူဇော်ရန် ခေါ်၍သာလျှင် ပေးကောင်း၏။ ပန်ဖို့ကား မည်သူ့ကိုမျှ မပေးကောင်းပေ။ ပူဇော်ရာဌာနသို့ ရောက်လာသော အခြားသူများကိုကား တစုံတရာ မျှော်လင့်ချက်မထားပဲ စိတ်နှလုံးသန့်ရှင်းစွာဖြင့် စေတီတော် ပူဇော်ရန် ပန်းများပေးနိုင်ပေသည်။

သစ်သီးပေးခြင်းမှာလည်း ပန်းပေးခြင်းကဲ့သို့ပင် သတ်မှတ်ပိုင်းခြားထားသော သစ်သီးများသာလျှင် ဂရုဘဏ်ဖြစ်၏။ ကျောင်းရှိ သစ်သီးများကို စားသုံးလိုသော ဒါယကာများအတွက် သတ်မှတ်ပေးထား၍ ထိုသစ်သီး

http://www.dhammadownload.com

များကို ဒါယကာတို့ဆွတ်လျှင်မတားမြစ်ပဲနေရန်ရဟန်းများက ကတိကဝတ်ပြုထားသင့်၏။ ဒါယကာများ၏ အငြိုအငြင် မခံရရန် ဖြစ်ပေသည်။ ခိုးသား ဒမြများ၊ အစိုးရသူများက နိုင့်ထက်စီးနင်းပြုကာ အလိုရှိရာ ဆွတ်ကြလျှင်ကား လုံးဝ မတားသင့်ပေ။

ရေချိုးကသည်မှုန့်မှာ မထောင်းရသေးသော၊ သစ်ပင်မှာ တည်နေဆဲသော သစ်ခေါက်သည်သာလျှင် ဂရုဘဏ်ဖြစ်၏။ ပစ္စည်းရလိုမှုဖြင့် မဟုတ်ပဲ ဖျားနာနေသောသူကိုကား အမှုန့်ဟူသမျှ ပေးကောင်း၏။ အမှုန့်ဟူသည်မှာ ကုက္ကိုမှုန့် စသည်ဖြင့် လူသုံးပစ္စည်းမှာ ပါဝင်သော အမှုန့် ဖြစ်၏။ မြေညက်မှာလည်း ရနိုင်ခဲသော အရပ်ဒေသရှိ ပိုသုံးဆယ်ရှိ တင်လဲခဲရွယ်ရှိသော မြေညက်ခဲသာလျှင် ဂရုဘဏ်ဖြစ်၏။ တံပူမှာလည်း မဖြတ်ရသေးသော တံပူသာလျှင် ဂရုဘဏ်ဖြစ်၏။

မိမိကိုယ်ကို ကျေးကျွန်သဖွယ် နှိမ့်ချပြောဆိုဆက်ဆံခြင်း စသည်တို့မှာ ထင်ရှားပါပြီ။ ရွာတပါး အရပ်တပါးသို့ အစေအပါးခံ၍သွားခြင်း၌ မိဘများ၊ မိဘများကိုပြုစုလုပ်ကျွေးသူများ၏ သတင်းစကားကိုကား သယ်ဆောင်၍သွားကောင်း၏။ စေတီတော်၏ကိစ္စ၊ သံဃာ၏ကိစ္စနှင့် မိမိ၏ကိစ္စကို ဆောက်ရွက်နေသော လက်သမားများ၏သတင်းစကားကိုလည်း သယ်ဆောင်ကောင်း၏။ "အလှူပေးလိုပါသည်။ ပူဇော်ပွဲ ပြုလိုပါသည်။သံဃာတော်အား လျှောက်ထားပေးပါ"ဟု လူတို့က လျှောက်ထားလျှင် လည်းကောင်း၊ "ဤမည်သောမထေရ်အား ကပ်လိုက်ပါ"ဟု ဆွမ်း၊ဆေး၊သက်နှံးများ ပေးလိုက်လျှင်သော်လည်းကောင်း၊ "ကျောင်းမှာ ပူဇော်ကြပါ"ဟု ပန်းနှံ့သာများ၊တံခွန်ကုက္ကား စသည်တို့ကို အပ်နှင်းလိုက်လျှင်လည်းကောင်း ထိုအလုံးစုံကို သယ်ဆောင်ကောင်း၏။ အခြားသော အမှာစကားများကို သယ်ဆောင်၍သွားလျှင်ကား ခြေလှမ်းတိုင်းလှမ်းတိုင်း အပြစ်သင့်ပေသည်။

တို့ပြန်၍ ထမင်းပေးခြင်း၌ ပစ္စည်းလေးပါးရလိုမှုဖြင့် မပေးကောင်းသော်လည်း ထိုသို့သောအလိုမပါပဲ ပေးကောင်းသည်လည်းရှိ၏။ ပေးကောင်းသော ပုဂ္ဂိုလ်များမှာ မိဘ၊မိဘကိုပြုစုလုပ်ကျွေးသူ၊ ရှင်လောင်းနှင့် ရဟန်းလောင်း၊ မိမိထံ ရောက်လာသော ခိုးသားဒမြနှင့် မပေးလျှင် ရန်ပြုမည့် အစိုးရသူများဖြစ်၏။ ဤကဲ့သို့ ခြွင်းချက်များမရှိပဲ ပစ္စည်း

http://www.dhammadownload.com

လေးပါး ရလိုမှုဖြင့် တစုံတရာ ပေးကမ်းခြင်း၊ ပြုမူပြောဆိုခြင်းများသည် အနေသန အပြုအမူများသာ ဖြစ်ပေသည်။

ထိုကဲ့သို့သော အနေသန အပြုအမူများကို ရှောင်ကြဉ်ကာ ဝိနည်းတော်နှင့်အညီ ရရှိလာသော ပစ္စည်းများကိုလည်း သိုမှီးသိမ်းဆည်း၍မထားရန် ဆက်လက်၍ မိန့်ကြားတော်မူပေသည်။ သိုမှီးသိမ်းဆည်း၍ မထားသင့်သော ပစ္စည်းများမှာ အစားအစာ၊ အဖျော်၊ သင်္ကန်း၊ ယာဉ်၊ ညောင်စောင်း၊ နံ့သာနှင့် အခြားလူသုံးပစ္စည်းများ ဖြစ်၏။

ထိုတွင် ဝိနည်းတော်အရ ယနေ့ရသော အစားအစာကို သိုမှီးထား၍ နက်ဖြန်မှစားသောက်လျှင် အာပတ်သင့်၏။ ယနေ့ရသော အစားအစာကို သာမဏေများအား ပေးစွန့်ကာ သူတို့ထံမှတဆင့် နက်ဖြန်ခါ၌ ဆက်ကပ်ခံရ၍ စားသောက်လျှင် အာပတ်မသင့်ပေ။သို့သော် အလိုခေါင်းပါးမှု ဟူသော သလ္လေခတရားကား မဖြစ်နိုင်တော့ချေ။အဖျော် သိုမှီးခြင်း၌လည်း ထို့အတူပင် ဖြစ်ပေသည်။

သင်္ကန်းသိုမှီးခြင်း၌ သင်္ကန်းသုံးထည်ရှိပြီးနောက် လေးခုမြောက် ရလာသောပစ္စည်းကို အခြားရဟန်းအား လှူသင့်၏။ မိမိ လှူလိုသော ရဟန်းက ပါဋ္ဌိအဋ္ဌကထာသင်ရန် သွားနေလျှင် ပြန်လာသောအခါ လှူသင့်၏။သင်္ကန်းတထည်ဖြစ်အောင် မချုပ်လောက်သေးလျှင်၊ နောက်ထပ်ရစရာ မျှော်လင့်ချက်လည်း ရှိနေသေးလျှင် ဝိနည်းတော်က ခွင့်ပြုထားသမျှ ကာလတိုင်အောင် သိမ်းထားခွင့်ရ၏။ အပ်ချည်ကျစ်ပေးမည့်သူ၊ သင်္ကန်းချုပ်တတ်သူကို မရသေးလျှင် ဝိနည်းကံကိုပြုကာ ထို့ထက်ပို၍ တားခွင့်ရသေး၏။ "ဤသင်္ကန်းဆွေးမြည့်သွားလျှင် ဤသို့သောသင်္ကန်းကို အဘယ်မှာ ရဟော့မည်နည်း" ဟု သိုမှီးထားလျှင်ကား သိုမှီးခြင်းအပြစ်လည်း သင့်၏။သလ္လေခတရားလည်း ပျက်စီးတော့၏။

ယာဉ်သိုမှီးခြင်း၌ ရထား၊ လှည်းစသော ယာဉ်များသည် ရဟန်းနှင့် မဆိုင်ပေ။ ဖိနပ်တည်းဟူသောယာဉ်သာလျှင် ရဟန်းနှင့်ဆိုင်၏။ ရဟန်းတပါးအတွက် တောခရီးအတွက်တရံ၊ခြေဆေးပြီးလျှင်တရံဟူ၍ အလွန်ဆုံး

http://www.dhammadownload.com

ဖိနပ်နှစ်ရံသာ ထားသင့်၏။ သုံးရံမြောက်ရရှိလာလျှင် အခြားရဟန်းအား ပေးလှူသင့်၏။

ညောင်စောင်းသို့မှီးရာ၌ ရဟန်းတပါးအတွက် အခန်းထဲမှာတလုံး၊ နေ့နေရာမှာတလုံး ဟူ၍ အလှန်ဆုံး ညောင်စောင်းနှစ်လုံးသာ ထားသင့်၏။ တတိယမြောက် ညောင်စောင်းတလုံးရလာလျှင် အခြားရဟန်းအားလည်း ကောင်း၊ ဂိုဏ်းအားလည်းကောင်း လှူသင့်၏။

နံ့သာသို့မှီးခြင်း ဟူသည်မှာ ပေး၊ဝဲစသော အရေပြား ရောဂါများကြောင့် ကိုယ်နံ့ဆိုးနေသောရဟန်းများအတွက်သာ အပ်စပ်၏။ ထိုနံ့သာဖြင့် ထိုရောဂါများ ပျောက်ကင်းသွားလျှင် အခြားရောဂါရှင် ရဟန်းအားသော်လည်း လှူသင့်၏။ တံခါးရွက်ပေါ်၌ နံ့သာ လက်ငါးချောင်းရာ ပြုခြင်း၊ အခန်းတွင်း၌ အခိုးထုံခြင်းစသည်တို့၌လည်း အသုံးပြုသင့်၏။

အခြားသော လူသုံးကုန်ပစ္စည်းများ သို့မှီးရာ၌ ရဟန်း၏နေရာကျောင်းတွင် ဆန်တပြည်၊တင်လဲ တခဲ၊ထို၏လေးဖို့တခုမျှရှိသော ထောပတ်၊ ဤမျှသောပစ္စည်းကို သို့မှီး၍ထားနိုင်၏။ သူခိုး၊ဒမြများ ရောက်လာလျှင် ဤပစ္စည်းများ၏မျက်နှာကိုထောက်ကာ မိမိအား ရန်မမူစေရန် ဖြစ်ပေသည်။ ဝိနည်းတော်အရ အပ်စပ်အောင်၊ ထားကောင်းအောင် ပြုထားသော ကပိယကုဋိ၌ ပစ္စည်းများစွာသို့မှီးထားလျှင်လည်း အပြစ်မရှိပေ။ထို့သို့သော သဘောမရှိပဲ နောင်အခါလိုအပ်လျှင် သုံးစွဲရန်ဟူ၍ သို့မှီး ထားလေ့သမျှကား သို့မှီးခြင်းအပြစ်လည်းရှိ၍ သလွေခတရားလည်း ပျက်စီးပေသည်။

အလိုရှိအပ်သောအရာဝတ္ထုနှင့် အလိုရှိအပ်သော ဂုဏ်သတင်း ကျော်စောမှုကို မရသောအခါမှာလည်း ထိတ်လန့်ပူပန်ခြင်း မဖြစ်သင့်ပုံကို ရှေ့မှာ ဖော်ပြခဲ့ပါပြီ။

၁၁။ ရဟန်းသည် စျာန်ပွားများ၍ နေရာ၏။ခြေထောက်ဖြင့် လော်လည်သူ မဖြစ်ရာ။ ခြေလက်အငြိမ်မနေခြင်း၊ စိတ်ပူပန်ခြင်းကို ရှောင်

http://www.dhammadownload.com

ကြဉ်ရာ၏။ ကုသိုလ်တရားတို့၌ မမေ့မလျော့ ကြိုးစားအားထုတ်ရာ၏။ ထို့ပြင် လူသံသူသံတိတ်ဆိတ်သော နေရာတို့၌ နေတိုင်ရာ၏။

ချဉ်နဝင်စား၍နေရာ၏ ဟူရာ၌ ပထမချဉ်မှစ၍ လေဘဲ့ချဉ်နှံ ဒေါမျိုးမျိုးများ၊ လောကုတ္တရာစိတ်နှင့်ယှဉ်သော ချဉ်များအထိ ချဉ်အားလုံးကို ဆိုလိုပေသည်။

ခြေထောက်ဖြင့် လော်လည်ခြင်းမှာ တကျောင်းမှတကျောင်းသို့၊ ဥယျာဉ်တခုမှတခုသို့ စသည်ဖြင့် ရပ်တည်ရာမရပဲ တဝဲလည်လည် သွားလာနေခြင်းတည်း။ ထိုသို့ သွားလာရာတွင် လုံလောက်သော အကြောင်းရှိလျှင်၊ တစုတခုသော အကျိုးတရား ထွန်းကားလာမည်ဆိုလျှင် ဘုရားရှင်က တားမြစ်ခြင်း မပြုပါ။ လုံလောက်သော အကြောင်းလည်း မရှိ၊ ပဟုပဟုသော အကျိုးဖြစ်ထွန်းစရာလည်း မရှိပဲ စိတ် မတည်ငြိမ်မှုကြောင့် ရောက်တတ်ရာရာ သွားနေခြင်းကိုသာ တားမြစ်တော် မူပါသည်။ ဤသို့ ရောက်တတ်ရာရာသွားခြင်းဖြင့် မိမိမှာလည်း အကျိုးမရှိပေ။ သူ့ဘာသာ အေးချမ်းစွာ ရှိကြသော တရားရှင်များကိုလည်း နှောင့်ယှက်ရာ ကျပေသည်။ ရောက်တတ်ရာရာ သွားလာယင်း မိမိနှင့် ဝါသနာတူ ပုဂ္ဂိုလ်များ ဆုံမိကြသော် ရောက်တတ်ရာရာ စကားများ ပြောမိတတ်ကြပေသည်။ ထိုကဲ့သို့ အကျိုးမဲ့ကိစ္စများဖြင့် အချိန်မဖြုန်းကြရန် သတိ ပြုသင့်ကြပေသည်။

ဟတ္ထကုက္ကုစ္စနှင့် ဝိနယကုက္ကုစ္စများ၊ နောင်တတဖန် ပူပန်ရပုံများကို ပုရာဘေဒသုတ် အဖွင့်၌ ဖော်ပြခဲ့ပါပြီ။

ကုသိုလ်တရားတို့၌ မမေ့မလျော့ ကြိုးစားအားထုတ်ခြင်း ဟူသည်မှာ ကုသိုလ်တရားတို့၌ ရိုရိုသေသေပြုခြင်း၊ အမြဲတစေပြုခြင်း၊ မပြတ်မလပ်ပြုခြင်း၊ မတွန့်မဆုတ်ပြုခြင်း၊ ကုသိုလ်ပြုလိုသော စိတ်ဆန္ဒကို မလျော့ခြင်း၊ ကုသိုလ်ပြုရန် ထက်သန်သောစိတ်ကို မလျော့ခြင်း၊ မမေ့လျော့ခြင်းတို့ ဖြစ်၏။ "ငါသည် အဘယ်သို့သောအခါ၌ သိလစသော ဂုဏ်ကျေးဇူးများကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်ပါမည်နည်း။ ဖြည့်ကျင့်ပြီးသော ဂုဏ်ကျေးဇူးများကို ပညာဖြင့် ချီးမြှောက်နိုင်ပါမည်နည်း" ဟူ၍ ကုသိုလ်

http://www.dhammadownload.com

ဆန္ဒမျှား ထက်သန်စွာဖြင့် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းတော်မူပေသည်။ လူသံ သူသံ တိတ်ဆိတ်သော နေရာမျှားကား ထင်ရှားပါပြီ။

၁၂။ ရဟန်းသည် အချိန်ကြာမြင့်စွာ မအိပ်ရာ။ ကိလေသာကို ပူပန်စေတတ်သော လုံ့လ ဝီရိယ ရှိသည်ဖြစ်၍ နိုးနိုးကြားကြား ဘာဝနာပွားလျက် နေရာ၏။ ပျင်းရိခြင်း၊ မိမိအပြစ်ကို ဖုံးကွယ်ခြင်း၊ ရယ်မောခြင်း၊ မြူးထူးခြင်း၊ တန်ဆာဆင်ခြင်း၊ မေထုန်မှီဝဲခြင်းတို့ကို ပယ်စွန့်ရာ၏။

အချိန်ကြာမြင့်စွာမအိပ်ရာ ဟူသည်မှာ တရက်တာကာလကို ခြောက်ပုံပုံကာ တပုံသာအိပ်၍ ငါးပုံတို့ဥ နိုးနိုးကြားကြား၊ ထထကြကြ နေထိုင်ရန် ဆုံးမတော်မူခြင်း ဖြစ်၏။ ထိုမှဆက်လက်၍ စိတ်အင်္ဂါမှာ ပိတ်လာဆို့လာတတ်ကုန်သော ကိလာသာအပေါင်းတို့ကို သုတ်သင်ရှင်းနိုင်ရန် နေ့ခင်း တချိန်လုံးတွင် စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် ကြိုးစားအားထုတ်ရန်၊ည၌ဦးယံတွင်လည်း ထို့အတူ အားထုတ်ရန်၊ သန်းခေါင်ယံတွင် သတိသမ္ပဇဉ် မလွတ်စေပဲ ကျိန်းစက်အနားယူရန်၊နောက်ဆုံးယံတွင်ထ၍ စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် ကြိုးစားကြရန် တိုက်တွန်းတော် မူပေသည်။

သန်းခေါင်ယံ အချိန်ကလေးဌ အိပ်စက်ရာတွင်လည်း လက်ပဲနံစောင်းဖြင့်သာ များသောအားဖြင့် အိပ်တတ်သော ကာမဂုဏ်ခံစားသူတို့၏ အိပ်ခြင်း၊ အသွေးအသား နည်းပါးလွန်းသဖြင့် အရိုးအဆစ်ချင်း ထိခိုက်မှုကို မခံနိုင်၍ များသောအားဖြင့် ပက်လက်သာ အိပ်တတ်သော ပြိတ္တာတို့၏ အိပ်ခြင်းမျိုးကိုပယ်ကာ ခြင်္သေ့မင်း၏ အိပ်ခြင်းမျိုးဖြင့် အိပ်စက်တတ်ရန် လုပေသည်။

တောတခွင်၌ အရှိန်အဝါ ကြီးလှသော ခြင်္သေ့မင်းသည် အိပ်စက်မည်ပြုသောအခါ လက်နှစ်ချောင်းကို တနေရာ၊ ခြေနှစ်ချောင်းကို တနေရာမှာ နေထားတက္ခ ထားပြီးလျှင် အမြီးကို ပေါင်ခြံမှာ သိမ်းဆည်းကာ လက်ခြေ အမြီးတို့၏ တည်နေရာဌာနကို မှတ်သားလျက် လက်နှစ်ချောင်းပေါ်

http://www.dhammadownload.com

မှာ ခေါင်းတင်၍ အိပ်၏။ ဤသို့ တနေ့ခင်းလုံး အိပ်စက်ပြီး၍ နေကုန်သောအခါတွင် မထိတ်မလန့်ပဲ နိုးလာ၏။ နိုးလာပြီးနောက် ခေါင်းကို အသာကြွ၍ ကြည့်လိုက်သောအခါ လက်ခြေနှင့် အမြီးများ နေရာရွှေ့နေသည်ကို တွေ့ရလျှင် နှလုံး မသာမယာ ဖြစ်ရတော့၏။ အစာရှာဖွေခြင်းကို ပင် မပြုတော့ပဲ အဆာခံကာ ဆက်၍ အိပ်တော့၏။လက်ခြေနှင့် အမြီးတို့ နေရာရွှေ့မနေသည်ကို တွေ့ရလျှင်ကား ဝမ်းမြေးတဲဝမ်းသာဖြစ်ကာ သုံးကြိမ်တိုင်တိုင် ဟိန်းဟောက်လျက် အစာရှာ ထွက်လေတော့၏။ စတုတ္ထစျာန်ဖြင့် ကျိန်းစက်ခြင်း သည်ကား ဘုရားရှင်တို့၏ ကျိန်းစက်ခြင်း ဖြစ်၏။

ဤတွင် ဘုရားတပည့်သား ရဟန်းများနှင့် သက်ဆိုင်သည်မှာ ခြသေ့်မင်းတို့ အိပ်စက်ခြင်း ဖြစ်၏။ ခြသေ့်မင်းတို့၏အိပ်စက်ခြင်း ဆိုသော်လည်း ခြသေ့်မင်းနှင့် အစစအရာရာ တူညီစွာ ပြုလုပ်ရမည်ဟု မဆိုလိုပါ။အိပ်စက်မည် ပြုသောအခါ သတိသမ္ပဇဉ် ယှဉ်စပ်လျက် အိပ်စက်ပြီးလျှင် နိုးလာသောအခါမှာလည်း စိတ်နှလုံး ချမ်းမြေ့စွာ နိုးနိုင်ကြရန်သာ ဟောတော်မူလိုရင်း ဖြစ်ပေသည်။

ပျင်းရိခြင်း၊မိမိအပြစ်ကို ဖုံးကွယ်ခြင်းတို့ကား သိသာပါပြီ။ ရယ်မောခြင်း ဟူသည်မှာ သွားတပြုံလုံးပေါ်အောင် အချိန်ကြာမြင့်စွာ ရယ်မောနေခြင်းဖြစ်ပါသည်။ ဤသို့သော ရယ်မောခြင်းကို ကလေးဆန်သော အပြုအမူဟူ၍ အင်္ဂုတ္တရနိကာယ်၌ ဘုရားရှင် ဟောတော်မူပါသည်။

မြူးထူးခြင်း ဟူရာတွင် ကိုယ်ဖြင့် မြူးထူးခြင်း၊ နှုတ်ဖြင့် မြူးထူးခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ထိုတွင် ကိုယ်ဖြင့်မြူးထူးခြင်း ဟူသည်မှာ ဆင်၊ မြင်းစသော တိရစ္ဆာန်များ၊ ရထား၊ ကား၊ ကျားကွက် စသော ဝတ္ထုပစ္စည်းများဖြင့် ကစားခြင်းဖြစ်၏။ နှုတ်ဖြင့် မြူးထူးခြင်း ဟူသည်မှာ ပါးစပ်ဆိုင်းတီးခြင်းနှင့် သီချင်းဆိုခြင်းတို့ ဖြစ်ပေသည်။

တန်ဆာဆင်ခြင်း ဟူရာတွင် လူသားတို့၏ တန်ဆာဆင်ခြင်း၊ ရဟန်းတို့၏ တန်ဆာဆင်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် လူတို့၏ တန်ဆာဆင်ခြင်း ဟူသည်မှာ ထွေထွေရာရာ များပြားလွန်းလှ၏။ ရဟန်းတို့၏ တန်ဆာဆင်ခြင်းမှာမူ သင်္ကန်း၊ သပိတ်၊ ကျောင်း၊ အိပ်ရာ နေရာတို့ကို တန်ဆာ ဆင်

http://www.dhammadownload.com

ခြင်း၊ ကိုယ်ခန္ဓာကို တန်ဆာဆင်ခြင်း၊ အပြင်အပက ပရိက္ခရာတို့ကို တန်ဆာဆင်ခြင်းတို့ ဖြစ်၏။ ထိုကဲ့ယူသော အမှုများနှင့်တက္ခ မေထုန်မှီဝဲခြင်းတို့ကို မပြုကြရန် ဘုရားရှင် တားမြစ်တော်မူပေသည်။

၁၃။ ရဟန်းသည် အာထဗ္ဗဏမန္တန် ရွတ်ခြင်း လည်းကောင်း၊ အိပ်မက်တိတ္ထုံအတတ်ကိုလည်းကောင်း၊ လက္ခဏာအတတ်ကို လည်းကောင်း၊ နက္ခတ်အတတ်ကိုလည်းကောင်း သင်ယူခြင်း၊သင်ပေးခြင်း မပြုရာ။ ရတနာသုံးပါး၌ ကြည်ညိုသော ရဟန်းသည် ငှက် မြည်သံကို သိသော အတတ်ကိုလည်းကောင်း၊ ကိုယ်ဝန် မပျက်အောင် စောင့်ရှောက်သော အတတ်ကိုလည်းကောင်း၊ဆေးကုသသော အတတ်ကို လည်းကောင်း သင်ယူခြင်း၊ သင်ပေးခြင်း မပြုရာ။

အာထဗ္ဗဏမန္တန် ဟူသည်မှာ သူတပါးကို နှိပ်စက်ခြင်း၊ သတ်ဖြတ်နိုင်သော မန္တန် ဖြစ်၏။ မိမိမြို့ကို ရန်သူဘပ်များက ဝန်းရံ ပိတ်ဆို့ခြင်း ခံရစဉ်မှာဖြစ်စေ၊ စစ်ပွဲကြီးများ ဖြစ်ပွားနေစဉ်မှာဖြစ်စေ ထိုမန္တန် ရရှိထားသူများက ရန်သူဘပ်များ ဘေးကြီးသင့်စေရန်၊ရောဂါဝေဒနာများ ဖြစ်ပွားစေရန် အာထဗ္ဗဏမန္တန်ကို အသုံးပြုကြ၏။ ထိုမန္တန်ကို ရွတ်ရန် ကိစ္စပေါ်ပေါက်လာသောအခါ မန္တန်ရွတ်မည့်သူသည် ခုနစ်ရက်တိုင်တိုင် ဆားမပါသော အစားအစာများ စားသောက်ရသည် ဟူ၏။ ခုနစ်ရက်စေ့သော နေ့တွင် မြေစာမြက်များကို မြေပေါ်မှာဖြန့်ခင်းပြီးလျှင် ထိုမြက်အခင်းပေါ်၌ သမာဓိ အကျင့်တခုခုကို ကျင့်ကာ ခုနစ်ရက်စေ့သောနေ့၌ သုသာန် မြေကို စီရင်ပြီးလျှင် ခုနစ်ဖဝါးအကွာ၌ရပ်လျက် လက်ကိုလှည့်ပတ် လှုပ်ယမ်းကာ လှုပ်ယမ်းကာ မန္တန်ကိုရွတ်ဆိုကြ၏။ ဤတွင် တဘက်မှ စစ်တပ်ကြီးများ ဖရိုဖရဲ ပျက်စီးကြရသည် ဟူ၏။ ဤသို့သော အတတ်မျိုးမှာ ရဟန်းနှင့် မလျောက်ပတ်သောကြောင့် ဘုရားရှင် တားမြစ်တော်မူရပေသည်။

အိပ်မက်၏ အကျိုးအပြစ်များ ဟောကိန်းထုတ်ပုံကို သမ္မာပရိဗ္ဗာဇနီယ သုတ်အဖွင့်၌ ဖော်ပြခဲ့ပါပြီ။ ထို့ကြောင့် ဤနေရာ၌ အိပ်မက် မက်ခြင်း၏ အကြောင်းများကိုသာ ဖော်ပြပါတော့မည်။

http://www.dhammadownload.com

မရေမတွက်နိုင်အောင် ပုံပန်း သဏ္ဌာန် ခြားနားသော အိပ်မက်တို့ကို အကြောင်းတရားဖြင့် ခွဲခြားကြည့်လျှင် လေးမျိုးသာ တွေ့ရပေလိမ့်မည်။ သည်းခြေ စသော ဓာတ်သဘောတို့ ခြောက်ခန်း၍ မက်သော အိပ်မက်၊ ရှေးက တွေ့ကြုံခံစားဖူးသည်ကို အာရုံပြုမ်၍ မက်သော အိပ်မက်၊ နတ်တို့က အိပ်မက်ပေး၍ မက်သော အိပ်မက်နှင့် တွေ့ကြုံရတော့မည့် ကောင်းကျိုး ဆိုးပြစ်ကို ပုဗ္ဗနိမိတ်ပြသောအားဖြင့် မက်သော အိပ်မက်ဟူ၍ အကြောင်း တရားအားဖြင့် အိပ်မက်လေးမျိုး ရှိပေသည်။

ထိုတွင် ရှေအိပ်မက်နှစ်မျိုးကား တစုံတရာ အကျိုးအပြစ် မဖြစ်နိုင်ပေ။ အကြောင်းသင့်ရာ မက်ခြင်းသာ ဖြစ်၏။ နတ်တို့ပေးသော အိပ်မက်ကား မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ အကြောင်းမှာ တခါတရံတွင် နတ်တို့သည် သူတို့မလိုလားသောသူကို လွဲမှားသောအိပ်မက်များ ပေးတတ်ကြ၍ ဖြစ်၏။ ပုဗ္ဗနိမိတ်ပြသောအားဖြင့် မက်သောအိပ်မက်တို့ကား မက်သည့်အတိုင်း ဧကန် ဖြစ်ကြရပေသည်။

ထိုလေးမျိုးသော အိပ်မက်တို့ကို ဝိပလ္လာသတရားကို မပယ်ရသေးသော သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ သာလျှင် မက်ကြ၏။ ရဟန္တာပုဂ္ဂိုလ်မှာ ဝိပလ္လာသတရားအားလုံးကို ပယ်ပြီးဖြစ်၍ အိပ်မက် မမက်တော့ပေ။ ထိုသို့ အိပ်မက် မက်သည်မှာလည်း အိပ်မောကျနေစဉ်မှာလည်း မဟုတ်။ နိုးနေစဉ်မှာလည်း မဟုတ်။ အိပ်တဝက် နိုးတဝက် ငိုက်နေသော အချိန်ပိုင်းဟွင်သာ မက်တတ်ပေသည်။ အိပ်မက်များနှင့်ပတ်သက်၍ ကောင်းကျိုးဆိုးပြစ် ဟောကိန်းထုတ်နေခြင်းသည် မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးကို အနှောင့် အယှက်ပြုတတ်ကြသဖြင့် ထိုအတတ်မျိုးကို မိမိအတွက်လည်း သင်၍ မယူကောင်းပေ။ သူတပါးအတွက်လည်း ပို့ချ၍ မပေးကောင်းပေ။

လက္ခဏာအတတ် ဟူသည်မှာ ပတ္တမြား၊ တုတ် စသည်တို့၏ အသွင်အပြင် လက္ခဏာကို ကြည့်ရှုပြီးလျှင် ကောင်းကျိုး ဆိုးပြစ် ဟောကိန်း ထုတ်ခြင်း ဖြစ်၏။ ကြတ္တိကာ စသော နက္ခတ် ၂၈ လုံးတို့၌ ကျွမ်းကျင်သောသူများသည် အိမ်တက်မင်္ဂလာပြုရန်၊ တန်ဆာဆင်မင်္ဂလာပြုရန်၊ ထိမ်းမြားမင်္ဂလာပြုရန်နှင့် မျိုးစေ့များကြဲချရန် နက္ခတ်သင့်ချိန်တို့ကို ရွေးချယ်၍ ပေးကြ၏။ ဤသို့သော အတတ်မျိုးကို မိမိအတွက်လည်း သင်၍ မယူကောင်းပေ။ သူ

http://www.dhammadownload.com

တပါးကိုလည်း ပို့ချ၍ မပေးကောင်းပေ။ ဤ အတတ်များက မင်္ဂိုလ် နိဗ္ဗာန်ရရာရကြောင်းကို တိုက်ရိုက်အားဖြင့် တားဆီးပိတ်ပင်မှု မပြုကြသော်လည်း ဤ အတတ်များ သင်ယူခြင်း၊ သင်ပေးခြင်းဖြင့် အချိန်ကုန်၏။ တတ်မြောက်ထားသောအခါ မိမိ အတတ်ကို သာယာလာ၏။ ဒါယကာဒါယိကာမများအား ဟောကြားမိ၍ လာဘ်လာဘ ပေါများလာသောအခါ အနေသန အပြုအမူများထဲတွင် အကျုံးဝင်သွားသဖြင့် အာပတ်သင့်တော့၏။ ထို့ကြောင့် ထိုအတတ်များကို သင်ယူခြင်း၊ သင်ပေးခြင်း မပြုရန် တားမြစ်တော်မူရပေသည်။

ထို့အတူပင် တောတိရစ္ဆာန်များ၊ ကျေးငှက်များ အားလုံး၏ မြည်သံတွန်သံကို အဓိပ္ပာယ်ဖော်နိုင်သော အတတ်မျိုးလည်း ရှိ၏။ ထိုအတတ်ကိုလည်း သင်ယူခြင်း၊ သင်ပေးခြင်း မပြုသင့်ပေ။

ကိုယ်ဝန်မပျက်အောင် စောင့်ရှောက်သောအတတ် ဟူသည်မှာ တကြိမ်တခါ ကိုယ်ဝန်ပျက်ကျဖူးသော အမျိုးသမီးအား သင့်လျော်သော ဆေးဝါး၊ မာတ်စာဖြင့် နောက်တခါ ကိုယ်ဝန် ပျက်မကျအောင် ကုသပေးခြင်းတည်း။ လေဖောက်ပြန်၍ ကိုယ်ဝန်ပျက်ကျရာတွင် လေဖောက်ပြန်မှုကို ပယ်ဖျောက်နိုင်သော အေးသောဆေးများ တိုက်ကျွေး၏။ ပိုးကြောင့် ကိုယ်ဝန်ပျက်ကျရာတွင် ပိုးကို ပယ်ဖျောက်နိုင်သောဆေးကို တိုက်ကျွေး၏။ ကံကြောင့် ကိုယ်ဝန်ပျက်ကျရာတွင် ဘုရားရှင်သော်မှ ကယ်မ၍ မရနိုင်ပေ။ ထို့ကြောင့် မဟာနိဒ္ဒေသ ပါဠိတော်တွင် ရွှေအကြောင်းနှစ်မျိုးဖြင့် ပျက်ကျခြင်းကိုသာ ဖွင့်ဆိုရကြောင်း ယင်း၏ အဋ္ဌကထာက ရှင်းပြပေသည်။ ဤအတတ်မျိုးမှာလည်း ရဟန်းများနှင့် မသင့်လျော်သော အတတ်များသာ ဖြစ်ပေသည်။

အမှတ် ၁၄ ဂါထာ၏ အနက်အဓိပ္ပာယ်များမှာ ရွှေပိုင်းက ဖွင့်ဆိုချက်များအတိုင်းဖြစ်၍ ပါဠိတော် ဘာသာပြန်အတိုင်းပင် သိသာနေပါပြီ။

၁၅။ ရဟန်းသည် သီတင်းသုံးဖော်များအတွင်း၌ နှိုးသက်နှိုး သပိတ် စသော ပရိက္ခရာ လဲလှယ်ခြင်းကို မပြုရာ။ သူတပါးတို့က မိမိအား စွပ်စွဲ

http://www.dhammadownload.com

ကြောင်းဖြစ်သော ကိလေသာတို့ကို မဖြစ်စေရာ။ ရွာ၌လည်း ကပ်ငြိုခြင်းကို မပြုရာ။ လာဘ် ရလို့မှုကြောင့် လူကိုလည်းကောင်း၊ မိမိကို့လည်းကောင်း မြောက်ပင့်၍ မပြောဆိုရာ။

ဝိနည်းတော်၌ လူတို့နှင့် သင်္ကန်း စသော ပရိက္ခရာ လဲလှယ်မှုကို တားမြစ်ထားပြီး ဖြစ်သောကြောင့် ဤနေရာ၌ သီတင်းသုံးဖော်အချင်းချင်း လဲလှယ်ခြင်းကိုသာ ပြဆိုရပေသည်။ သီတင်းသုံးဖော်များ အချင်းချင်း လဲလှယ်ကြရာတွင် မိမိပစ္စည်းက အဖိုးမတန်သည်ကို တန်သည်ဟု လှည့်စား၍လည်းကောင်း၊ မိမိဘက်က အမြတ်ထွက်လို၍လည်းကောင်း လဲလှယ်ခြင်းမျိုးကို ဆိုလိုပေသည်။

မိမိအား စွပ်စွဲမည့် ပုဂ္ဂိုလ်များမှာ အဘိညာဉ်ရ ရဟန်းပုဏ္ဏားများနှင့် တန်ခိုးကြီးသော နတ်များဖြစ်၏။ သူတို့သည် ဝေးကွာလှသော အရပ်မှလည်း မိမိကို မြင်နိုင်ကုန်၏။ ကိုယ်ထင်မပြပဲနှင့်လည်း အနီးအနားမှာ လာ၍နေနိုင်ကုန်၏။ မိမိ၏ စိတ်အကြံကိုလည်း သိနိုင်ကုန်၏။

ထို တန်ခိုးရှင်တို့က မိမိအား အကြမ်းစား၊ အလတ်စား၊ အနုစားဟူသော သုံးမျိုးသုံးစားသော ကိလေသာတို့ဖြင့် စွပ်စွဲရန် ရှိပေသည်။ ထိုတွင် အကြမ်းစားကိလေသာ ဟူသည်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ ဖြစ်၏။ အလတ်စား ကိလေသာဟူသည် ကာမဂုဏ် ခံစားရန် တွေးကြံခြင်းဟူသော ကာမဝိတက်၊ သူတပါးကို ဖျက်ဆီးရန် တွေးကြံခြင်းဟူသော ဗျာပါဒဝိတက်နှင့် သူတပါးကို နှိပ်စက်ရန် တွေးကြံသော ဝိဟိံသာဝိတက်တို့ ဖြစ်၏။ အနုစားကိလေသာ ဟူသည်ကား ဆွေမျိုးတို့ကို တွေးကြံခြင်း စသည်တို့ ဖြစ်၏။ ဆွေမျိုးတို့ကို တွေးကြံရာတွင် ဆွေမျိုးတို့၏ ချမ်းသာပုံ၊ ကြွယ်ဝပုံတို့ကို တွေးကြံခြင်းကိုသာ ကိလေသာဟု ဆိုရပါသည်။ "သဒ္ဓါတရား ထက်သန်ကြပေသော ငါ၏ ဆွေမျိုးများ ပျက်စီးသွားကြလေပြီ" ဟူ၍ ကမ္မဋ္ဌာန်းနှင့်စပ်သော တွေးကြံခြင်းမျိုးကဲ့သား ကိလေသာဟု မဆိုရပါ။ ထို့အတူ ဇနပုဒ်ကို တွေးကြံခြင်းကိုလည်း ကိလေသာ ဟုက်သောအပိုင်းနှင့် မဟုတ်သောအပိုင်း ခွဲခြားနိုင်ပေသည်။

http://www.dhammadownload.com

ထို့ပြင် အာမရဝိတက်ဟူသော အနုစား ကိလေသာလည်း ရှိသေး၏။ ထို ကိလေသာမှာ ဒိဋ္ဌိအယူ ရှိသူများမှာ ဖြစ်တတ်၏။ ထိုပုဂ္ဂိုလ်များသည် ဆောင့်ကြောင့်ထိုင်ခြင်း စသော အကျင့်များဖြင့် ဒုက္ခကို ချေဖျက်လိုက် သောအခါ နောင်ဘဝ၌ အတ္တသည် ချမ်းသာစွာ ခံစားရ၏ဟူ၍ တွေး တော ကြံစည်ကြ၏။ ပြဿနာများကို မေးသောအခါ အာမရာမည်သော ငါးသည် ဖမ်းရှိမမိနိုင်အောင် အရှောင်အတိမ်းတတ်ဘိသကဲ့သို့ မဆုံး နိုင် အောင် ဝေ့လည်ကြောင်ပတ် ဖြေဆိုတတ်ကြ၏။ ဤပုဂ္ဂိုလ်များ၏ အတွေး အကြံများကို တပေါင်းတည်းပြုကာ အာမရဝိတက်ဟု ဆိုထား၏။ ထိုဝိတက် ကိုကား နှစ်ပိုင်းခဲ့ခြားရန် မလိုပါ။ ကိလေသာ ဘက်ကသာ ဖြစ်ပါသည်။

သူဟာပါးတို့အား သနားခြင်းနှင့် ယှဉ်သော ဝိတက်သည်လည်း အနု စား ကိလေသာဟာမျိုးသာ ဖြစ်၏။ စင်စစ်အားဖြင့် သူတပါးကို သနား ခြင်းမှာ ကောင်းမြတ်သော ကရုဏာစေတသိက်သာ ဖြစ်၏။ သို့ရာတွင် ထို ကဲ့သို့ သန့်ရှင်းသော သဘောထားရှိသကဲ့သို့ပင် မသန့်ရှင်းသော ဝိတက်က လည်း ကရုဏာအယောင်ဆောင်၍ ကပ်ရောက်လာတတ်၏။ ထိုဝိတက်ဖြင့် မိမိ၏ ဒါယကာ ဒါယိကာမများ ဝမ်းမြောက်လျှင် သူတို့ထက် နှစ်ဆတိုး၍ ဝမ်းမြောက်ရ၏။ ဒါယကာ ဒါယိကာမများ ပူဆွေးလျှင် မိမိက နှစ်ဆတိုး၍ ပူဆွေးရ၏။ ဒါယကာ ဒါယိကာမတို့ ချမ်းသာရာ ဆင်းရဲရာမှာလည်း ထို့ အတူ ခံစား၏။ ဒါယကာ ဒါယိကာမတို့၏ အရေးကိစ္စများကို ပါဝင် ဆောင်ရွက်၏။ ဤသို့ ဆောင်ရွက်ယင်း ဝိနည်း သိက္ခာပုဒ်များကို ချိုး ဖောက်မိသည်လည်း ရှိ၏။ ခြိုးခြံစွာ ကျင့်သုံးရသော သလ္လေခ တရားကို လည်း ဖျက်ဆီးမိတတ်၏။ ဤဝိတက်ကိုလည်း နှစ်ပိုင်း ခဲ့ခြားရန် မလို။ ကိလေသာဘက်မှာသာ ရှိ၏။

ထို့အတူ သက်နှံး စသော ပစ္စည်းဓလေးပါး၊ ဂုဏ်သတင်း ကျော်စော ခြင်းတို့နှင့်စပ်သော တွေးကြံခြင်းသည်လည်း အနုစား ကိလေသာ ဖြစ်၏။ မိမိအား သူတပါးက မထီမဲ့မြင် မပြုစေလိုသော ဝိတက်သည်လည်း ကိလေ သာ စာရင်းမှာ ပါဝင်ပေသည်။

ရာဋ္ဌကပ်ငြိခြင်း ဟူသည်မှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ချမ်းသာ ခြင်း၊ ဆင်းရဲခြင်းတို့ကို လူတို့နှင့်အတူ ရောနှော၍ ခံစားခြင်း၊ လူတို့၏

http://www.dhammadownload.com

အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်း စသည်ဖြင့် လူတို့နှင့် ရောနှော ဆက်ဆံခြင်းကို ဆိုလိုပါသည်။

တနည်းအားဖြင့် ရွာထဲရပ်ထဲသို့ ဆွမ်းခံဝင်သောရဟန်းသည် ကိုယ်နှင့် နှုတ်ကို မစောင့်စည်းပဲ၊ သတိလက်ကိုင် မခိုင်မြဲပဲ၊ ဣန္ဒြေတို့ကို မစောင့်စည်းပဲ မြင်ရကြားရသော အာရုံများကို စွဲလမ်း၏။ မခွဲနိုင်မခွာရက် ဖြစ်၏။ ဤသို့ ဖြင့် ရွာ၌ကပ်ငြိလာရ၏။ ဤသို့သော အဖြစ်မျိုးသို့ မကျရောက်ရလေ အောင် သတိထား၍ ရှောင်ရှားသင့်ပေသည်။

လာဘ်ရလိုမှုကြောင့် လူတို့နှင့် စကားပြောရာတွင် အချို့သော ရဟန်း များက လူတို့ကို မြောက်ပင့်ကာ မိမိကိုယ်ကို နှိမ့်ချ၍ ပြောတတ်ကြ၏။ "သင်တို့သည် ငါ့အပေါ် ကျေးဇူးများကြပါပေ၏။ သင်တို့ကို အမှီပြု၍ ငါသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို ပြည့်ပြည့်စုံစုံ ရရှိပါ၏။ အခြားလှူလိုသူ၊ ကောင်းမှုပြုလိုသူတို့မှာလည်း သင် တို့၏ နမူနာကိုကြည့်၍ လှူကြကုန်၏။ ကောင်းမှုပြုကြကုန်၏။ သင်တို့ ရွာ၊ သင်တို့ကျောင်းတိုက်မှာနေရသဖြင့် ငါ၏မိဘများ ပေးလိုက်သော နာမည် ဟောင်းပင် ပျောက်ကွယ်နေပါပြီ။ သင်တို့၏ ဘုန်းကြီး၊ သင်တို့၏ ဆရာ တော်အဖြစ်သာ လူသိများနေပါတော့သည်။"

ဤသို့ ဒါယကာ ဒါယိကာမများက ပို၍ လှူချင်လာအောင် လူတို့ကို မြောက်ပင့်၍ ပြောဆိုတတ်ကြ၏။

အချို့သော ရဟန်းများက မိမိကိုယ်ကိုမြောက်ပင့်ကာ ဒါယကာ ဒါယိ ကာမများကို နှိမ့်ချ၍ပြောတတ်ကြ၏။ "ငါသည် သင်တို့အပေါ် ကျေးဇူး များလှ၏။ ငါ့ကို အကြောင်းပြု၍ သင်တို့သည် သရဏဂုံဆောက်တည်ကြ ရ၏။ ကံငါးပါးမှ ရှောင်ကြဉ်ကြရ၏။ ငါသည် သင်တို့အား ဘုရားဟော ပါဋိတော်များ ဟောကြား၏။ အဌကထာကို ဟောကြား၏။ ဥပုသ်တရား ကို ဟောကြား၏။ သာသနာရေးဆိုင်ရာ ကိစ္စများ ပေါ်လာကိုင်း ဆောင် ရွက်ပေး၏။ သို့ပါလျက် သင်တို့သည် ငါ့ကို ပစ်ပယ်ကာ အခြားပုဂ္ဂိုလ်ကို ရှိသေကြဘိ၏။ လေးစားကြဘိ၏။ မြတ်နိုးကြဘိ၏။ ကိုးကွယ် ပူဇော်ကြ ဘိ၏။"

http://www.dhammadownload.com

ဤသို့လည်း ဒါယကာ ဒါယိကာမတို့က မိမိ အပေါ် အထင်ကြီးလာအောင်လည်း ပြောတတ်ကြ၏။ နှစ်မျိုးလုံးမှာပင် မိမိလာဘ်ရလိုမှုကို ရှေးရှုထားသဖြင့် ရှောင်ကြဉ်အပ်သော အပြုအမူမျှားသာ ဖြစ်ပေသည်။

အမှတ် ၁၆ ဂါထာ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ရှေ့တွင် ဖော်ပြခဲ့ပါပြီ။

၁၇။ ရဟန်းသည် မုသားစကားကို မပြောဆိုရာ။ ကောင်းစွာ သိသည် ဖြစ်၍ ကောက်ကျစ်စဉ်းလဲသော အမှုကို မပြုရာ။ အသက်မွေးမှုအားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း၊ သီလအကျင့်အားဖြင့်လည်းကောင်း သူတပါးကို မထီမဲ့မြင် မပြုရာ။

မုသားစကားကို မပြောဆိုမိကပင် ငါ မုသားစကား ပြောဆိုအံ့ ဟူ၍ သိ၏။ ပြောဆိုနေဆဲမှာလည်း ငါမုသားပြောနေသည်ဟု သိ၏။ ပြောပြီးချိန်မှာလည်း ငါမုသားပြောခဲ့ပြီဟု သိ၏။ ဤကား မုသားစကား ပြောဆိုခြင်း၏ အင်္ဂါသုံးမျိုး ဖြစ်ပေသည်။ အခြားသော အင်္ဂါများကို တိုး၍ အင်္ဂါလေးပါးမှ အင်္ဂါရှစ်ပါးအထိ ရေတွက်ပုံများလည်း ရှိသေးသည်။ ထိုတွင် မပြောမီက မုသားပြောမည်ဟု ရည်ရွယ်မထားပဲ မတော်တဆ ပြောမှား ဆိုမှား ဖြစ်သွားသော်လည်း မုသာဝါဒ မဖြစ်ပါ။

သာဒ္ဒေယျ ဟူသော စကားကို ကောက်ကျစ်စဉ်းလဲခြင်းဟု မြန်မာ ပြန်ထားခြင်း ဖြစ်ပါသည်။ မိမိမှာ ဧကန်မရှိသော ဂုဏ်ကျေးဇူးကို ရှိဟန် ဆောင်ခြင်းပင် ဖြစ်ပါသည်။

အသက်မွေးမှုအားဖြင့် မထီမဲ့မြင်ပြုရာတွင် ခွိုးခြံစွာ စားသောက်နေထိုင်သူကလည်း အလျှံပယ် စားသောက် နေထိုင်သူကို "ဤပုဂ္ဂိုလ်ကား အစားဆိုလျှင် ဘာမျှမရှောင်" ဟု မထီမဲ့မြင် ပြောဆိုတတ်၏။ အလျှံပယ် စားသောက်နေထိုင်သူကလည်း ခွိုးခြံစွာ စားသောက် နေထိုင်သောသူကို "ဤသူကား ဘုန်းကံ နည်းပါးလှပေသည်" ဟု မထီမဲ့မြင်ပြောဆိုတတ်၏။

http://www.dhammadownload.com

ထို့အတူ ပညာရှိသူ၊ သီလအကျင့်နှင့် ပြည့်စုံသူတို့ကလည်း မိမိကဲ့သို့ မပြည့်စုံသောသူများကို နှိမ့်နှိမ့်ချချ ပြောဆိုတတ်ကြ၏။ သူတော်ကောင်း စိတ်ဓာတ် ကိန်းဝပ်သူတို့အဖို့ကား ဤသို့သော အပြုအမူများကို ရှောင်ရှားပြီးလျှင် အလှုံ့ပယ် စားသောက်သုံးစွဲခွင့်ရသူများကို မုဒိတာပွားကာ မဝရေစာ စားသုံးရသူများအတွက် ကရုဏာပြဟ္မစိုရ် ပွားကြရန်သာ ရှိပါသည်။

၁၈။ သူတပါးတို့ စွပ်စွဲနှိပ်စက်ခံရသော ရဟန်းသည် ပရိဗိုဇ် ရဟန်းတို့၏ လည်းကောင်း၊ သာသနာတွင်းမှ ရဟန်းများ၊ လူများ၊ နတ်များ၏ လည်းကောင်း၊ စွပ်စွဲနှိပ်စက်သောစကား မြောက်များစွာကို ကြားရ၍ ကြမ်းတမ်းသောစကားဖြင့် တုံ့ပြန်၍ မပြောဆိုရာ။ အဘယ့်ကြောင့်နည်း ဟူမူကား ပညာရှိတို့မည်သည် ဂုန်တုံမူခြင်းကို မပြုကြသောကြောင့်တည်း။

စွပ်စွဲနှိပ်စက်သော စကားများကို ကြမ်းတမ်းသော စကားဖြင့် တုံ့ပြန်၍ မပြောဆိုပဲ သိမ်မွေ့သောစကားတို့ဖြင့် အကျိုးသင့် အကြောင်းသင့် ဖြေရှင်းသင့်ပေသည်။ ထို့ကြောင့်ပင် သီလကျွန်ဓဂ်၊ ဗြဟ္မဇာလသုတ်တွင် "ထိုသို့ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားတို့ဌ သင်တို့သည် မဟုတ်မှန်သည်ကို မဟုတ်မှန်သည့်အတိုင်း ဖြေရှင်းအပ်၏။ ဤစကားသည် ဤသို့သော အကြောင်းကြောင့် မမှန်။ ဤစကားသည် ဤသို့သော အကြောင်းကြောင့် မဟုတ်။ ဤသို့သော သဘောမျိုးသည် ငါတို့ဌ မရှိ" ဟူ၍ အကြောင်းနှင့်တကွ လိပ်ပတ်လည်အောင် ဖြေရှင်း သင့်ပေသည်" ဟု ဘုရားရှင် မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

၁၉။ ရဟန်းသည် သံသင့်သိထိုက်သော ထိုတရားကို ပညာဖြင့် သံမြင်၍ လည်းကောင်း၊ အနိစ္စ စသော သဘောကို ဆင်ခြင်သုံးသပ်၍လည်း

http://www.dhammadownload.com

ကောင်း အခါခပ်သိမ်း သတိယှဉ်လျက် သီကွာသုံးပါးကို ကျင့်သုံးရာ၏။ ဂေါတမနွယ်ဖွား ငါဘုရား၏ သာသနာတော်၌ ကိလေသာ ငြိမ်းအေးကြောင်း နိဗ္ဗာန်ကို ကောန်စင်စစ် ငြိမ်းချမ်းသောတရားဟူ၍ သိမြင်၍ ရိုသေလေးမြတ်စွာ အားထုတ်ရာ၏။

သို့သင့်သိထိုက်သောတရား ဟူသည်မှာ ညီညွတ်အောင် ပြုတတ်သော သုစရိုက် တရားများ၊ မညီညွတ်အောင် ပြုတတ်သော ဒုစရိုက် တရားများ၊ လမ်းမှန်ဖြစ်သော၊ အပြစ်ကင်းသော ကုသိုလ်တရားများ၊ လမ်းမှားဖြစ်သော၊ အပြစ်မကင်းသော အကုသိုလ်တရားများ စသည်တို့ ဖြစ်၏။

တနည်းအားဖြင့် သီလနှင့်ပြည့်စုံခြင်း၊ ဣန္ဒြေစောင့်စည်းခြင်း၊ အစားအစာ၌ အတိုင်းအရှည်ကိုသိခြင်း၊ နိုးနိုးကြားကြား နေတတ်ခြင်း၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့နှင့်တကွ နိဗ္ဗာန်တို့ကို သိသင့်သိထိုက်လှပေသည်။

ဤ ဘုရားရှင်၏ သာသနာတော်၌ အရေးအကြီးဆုံး အချက်ကား ကိလေသာတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြုကာ "ဤနိဗ္ဗာန်ကား ငြိမ်းချမ်းလေစွတကား" ဟု ဥဒါန်းကျူးနိုင်ရေးသာလျှင် ဖြစ်ပေသည်။

၂၀။ ထိုရဟန်းသည် ကာမဂုဏ် အာရုံတို့ကို ကျော်လွန် နှိမ်နင်းနိုင်သည်ဖြစ်၍၊ ကိလေသာတို့၏ ကျော်လွန် နှိမ်နင်းခြင်းကို မခံရသည်ဖြစ်၍ ဤသို့ ဖြစ်သတဲ့ဟူသော သူတပါးကို၏ စကားကို နားထောင်မနေရတော့ပဲ ကိုယ်တိုင် ဒိဋ္ဌ သိမြင်အပ်သော နိဗ္ဗာန်ကို သိမြင်၏။ ထို့ကြောင့်သာလျှင် ထိုဘုရားရှင်၏ သာသနာတော်၌ မမေ့မလျော့ မပေါ့မဆမူ၍ ကောင်းမြတ်သောအကျင့်ကို အမြဲတစေ

http://www.dhammadownload.com

ကျင့်သုံးခြင်းဖြင့် ပူဇော်လျက် သိက္ခာသုံးရပ်ကို ကျင့်သုံးရာ၏။
(ဤသို့ ပကတိ ဘုရားရှင်က ဖြေကြားတော်မူ၏။)

ဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ဖြောင့်ဖြောင့်မှန်မှန် ကျင့်သုံးလာခဲ့သော ရဟန်းသည် ကာမဂုဏ် အာရုံငါးပါးတို့ကို သွေးဆောင်ဖြားယောင်းခြင်းကို ကျော်လွှန် နှိမ်နင်းကာ မိမိကိုလည်း ကိလေသာတို့၏ နှိမ်နင်းမှုကို မခံတော့ချေ။ ထိုပုဂ္ဂိုလ်သည် သူတပါး ပြောသံကြားနှင့် ယောင်ဝါးဝါး ဖြစ်မနေရတော့ပဲ အေးရာ ငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်ကြီးကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရလေတော့သည်။

ဤသို့ နိဗ္ဗာန်ကို သိမြင်၍ နိဗ္ဗာန်နှင့်လျော်စွာ သိက္ခာသုံးပါးကို မမေ့မလျော့သော သတိတရားဖြင့် လေးလေးစားစား ကျင့်သုံးခြင်းသည်ပင်လျှင် အနန္တ ကျေးဇူးရှင်ကြီးအား အမှန်မြဟ်ဆုံးယော ရှိခိုးပူဇော်ခြင်းဖြင့် ရှိခိုးပူဇော်ခြင်း ဖြစ်ပါ၏။

ဤသုတ်မှ ပကတိဘုရားရှင်၏ ဖြေကြားချက်များကို ပြန်၍သုံးသပ်ကြည့်ပါလျှင် "မျက်စိတို့ဖြင့် လော်လည်သူ မဖြစ်ရာ" စသည်ဖြင့် ဣန္ဒြိယ သံဝရသီလကို ဟောတော်မူ၏။ "ဆွမ်းတို့ကိုလည်းကောင်း၊ အဖျော်တို့ကိုလည်းကောင်း" စသည်ဖြင့် သိုမှီး သိမ်းဆည်းထားခြင်းကို တားမြစ်သောအားဖြင့် ပစ္စယသန္နိဿိတ သီလကို ဟောတော်မူ၏။ "မေထုန်၊ မုသားပြောခြင်းနှင့် ကုန်းချောစကား" စသည်တို့ကို ရှောင်ရှားရန် ဟောတော်မူခြင်းဖြင့် ပါတိမောက္ခသံဝရ သီလကို ပြတော်မူ၏။ "အာထဗ္ဗမကာန္တန်ရှတ်ခြင်းအတတ်၊ အိပ်မက် ဖတ်ခြင်းအတတ်၊ လက္ခဏာဖတ်ခြင်းအတတ်" စသည်တို့ကို ပယ်စွန့်ရန် ဟောတော်မူခြင်းဖြင့် အာဇီဝပါရသုဒ္ဓိသီလကို ပြတော်မူ၏။ "စျာန်ဝင်စား၍ နေရာ၏။ ခြေဖြင့် လော်လည်သူ မဖြစ်ရာ" စသည်ဖြင့် သမာဓိကို ဟောတော်မူ၏။ "စဉ်းစား နှိုင်းချိန်လျက်" စသည်ဖြင့် ပညာကို ဟောတော်မူ၏။ "အခါခပ်သိမ်း သတိယှဉ်လျက် သိက္ခာသုံးပါးကိုကျင့်သုံးရာ၏" ဟူသော စကားဖြင့် သိက္ခာသုံးရပ်စလုံးကို အကျဉ်းအားဖြင့် ပေါင်းရုံးပျိုပြ၏။ ထို့ပြင် ထို သိက္ခာသုံးရပ်အား ကျေးဇူးပြုနိုင်သော အကျင့်များနှင့် ကျေးဇူး မပြုနိုင်သော အကျင့်များကိုလည်း ထိုထိုစကားရပ်တို့ဖြင့် အပြည့်အစုံ ညွှန်ကြားတော် မူပေသည်။

http://www.dhammadownload.com

ဤသို့အားဖြင့် ကပိလဝတ် မြို့တော်အနီး မဟာဝုန်တောကြီးအတွင်း၌ စံတော်မူစဉ် တသောင်းသော စကြဝဠာမှ ရောက်လာကြသော နတ်ဗြဟ္မာတို့၏ အစည်းအဝေး၌ နိမိတ ဘုရားရှင်ကို ဖန်ဆင်းတော်မူလျက် မေးခွန်းများ ထုတ်စေပြီးလျှင် ဘုရားရှင်ဖြေကြားတော်မူသော ဒေသနာတော်မြတ်သည် အရဟတ္တဖိုလ်ကို အထုတ်တင်လျက် နိဂုံးကမ္ပတ် အဆုံးသတ်ပါလေသတည်း။

http://www.dhammadownload.com



ဖန္ဒနဇာတ်

[ဤဇာတ်တော်မှာ ဆွေတော်မျိုးတော်တို့၏ ခိုက်ရန်ဒေါသများ ပြေပျောက်စေရန် ဘုရားရှင် ဟောကြားတော်မူသော ဇာတ်တော် ၃ ခုမှ ပထမဇာတ်တော်ဖြစ်၍ တေရသနိပါတ်မှ ဒုတိယဇာတ်တော် ဖြစ်ပါသည်။ ရန်ငြိုးဖွဲ့ခြင်း၌ သာယာဖွယ် မရှိပုံ၊ အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့မိသဖြင့် ဤကမ္ဘာတိုင်အောင် ရန်ငြိုး မပြေနိုင်ပုံတို့ကို ပုံစံပြ၍ ဟောကြားတော်မူထားပေသည်။]

ရှေးသရောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ထိုမြို့တော်၌ လက်သမား ပုဏ္ဏားတယောက် နေထိုင်လေသည်။ ဟိမဝန္တာတောအတွင်း၌လည်း ကြို့ပင်စောင့် နတ်တပါး ရှိလေသည်။ တနေ့သ၌ ဝက်ဝံတကောင်သည် ထို ကြို့ပင်အောက်သို့ လာ၍ အိပ်လေရာ ကြို့ပင်မှ ကိုင်းခြောက်တခုသည် လေတိုက်သဖြင့် ကျိုးပဲ့ကာ ဝက်ဝံပေါ်သို့ ကျ၏။ ဝက်ဝံသည် ရုတ်တရက် လန့်နိုးကာ ထပြေး၏။ ပြီးမှ ကြို့ပင်ဆီသို့ ပြန်ကြည့်ရာတွင် မိမိကိုရန်မူမည့် သတ္တဝါ ဟူ၍ မတွေ့ရချေ။ ခြသေ့်လည်း လိုက်မလာပေ။ ကျားလည်း လိုက်မလာပေ။ ကြို့ပင် ထီးထီးကိုသာ မြင်နေရ၏။ ဤတွင် ဝက်ဝံသည် ကြို့ပင်စောင့်နတ်ကို ရန်ငြိုးထားလေတော့သည်။

http://www.dhammadownload.com

"အို ကြိုပင်စောင့်နတ်၊ ငါသည် သင့်အပင်၏အရွက်ကိုလည်း မဲ့စား၊ သင့်အပင်၏ အခက်ကိုလည်း မချိုးဖဲ့၊ သင့်အပင်အောက်၌ အခြားသော သတ္တဝါများ နားနေသည်ကို သင် လက်ခံ၏။ ငါ့ကိုကား သင် လက်မခံနိုင်။ ငါ့မှာ ဘာအပြစ် ရှိသနည်း။ နှစ်ရက် သုံးရက်မျှ သင် နေနှင့်ဦး။ သင့် အပင် အမြစ်ပါမကျန် နုတ်စေပြီး အပိုင်းပိုင်း ပြတ်အောင် ငါကြံဆောင်အံ့"

ကြိုပင်ကို ပုတ်ခတ်ယင်း ဤသို့ ကြုံးဝါးပြောဆို၍ ထွက်သွား၏။

မကြာမီပင် လက်သမား ပုဏ္ဏားနှင့် သူ့အဖော်များသည် လှည်းများ၊ ရထားများအတွက် သစ်ရှာဖွေရန် ထိုတောထဲသို့ ရောက်လာကြ၏။ သူတို့သည် လှည်းကို သင့်လျော်ရာတွင် ချုတ်ထားကာ လက်သမား ကိရိယာများ ဆဲကိုင်လျက် ကြိုပင်အနီးသို့ ရောက်လာကြ၏။

ဤအချက်ကို စောင့်ကြည့်နေသော ဝက်ဝံသည် လူတို့၏ဘာသာစကားဖြင့် "အို လက်သမားတို့၊ အဘယ်သစ်ကို အလိုရှိကြပါသနည်း" ဟု မေးမြန်း၏။

လူတို့၏ စကားကို ပြောဆိုနိုင်သော ဝက်ဝံကို တွေ့ရသဖြင့် ပုဏ္ဏား လက်သမားသည် တအံ့တသြဖြစ်ကာ "အို အဆွေ ဝက်ဝံ၊ ရထားတံကူ ပြုလုပ်ရန် အဘယ်သစ်စနှင့် သင့်လျော်ပါသနည်း" ဟု ပြန်၍မေး၏။ ဝက်ဝံသည် မိမိ၏အလို ပြည့်ဝပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်လျက် "အို လက်သမား၊ လှည်းတံကူအတွက်ဆိုလျှင် အခြားသော အသားများ မခိုင်ပေ။ ကြိုသားသာလျှင် ခိုင်ခံ့၏" ဟု ပြောဆို၏။ ဤတွင် ပုဏ္ဏားလက်သမားက

"အို အဆွေဝက်ဝံ၊ ကြိုပင်ဟူသည်မှာ မည်သို့ ရှိပါသနည်း"

"အို အဆွေ၊ ကြိုပင်၏ အကိုင်းအခက်တို့သည် တဲလျားကျနေကုန်၏။ ယင်း၏ အကိုင်းအခက်တို့သည် မကျိုးလွယ်ကုန်။ ထို့ကြိုပင်ကို အခြားမှာ ရှာမနေကြနှင့်။ ကြိုပင်၏ အမြစ်ရင်းမှာပင် ငါရှိပ်နေပေသည်။ ဤကြိုပင်၏ အသားသာလျှင် ရထားနှင့် ပတ်သက်သမျှ အသုံးပြု၍ ကောင်းလှပေသည်"

http://www.dhammadownload.com

လက်သမားတို့၏အမေးကို ဖြေပြီးသည်နှင့် ဝက်ဝံသည် ထိုနေရာမှ တွက်ခွာသွား၏။ ပုဏ္ဏားလက်သမားနှင့် အဖော်များလည်း ကြို့ပင်ကို လှဲရန် လက်နက်ကိရိယာများ ပြင်ဆင်ကြ၏။

ဤတွင် ကြို့ပင်စောင့်နတ်သည်လည်း ဝက်ဝံကိုပြန်၍ လက်စားချေနိုင်ရန် တောလည်ယောကျ်ားကဲ့သို့ ဖန်ဆင်းကာ လက်သမားများထံ လာပြီးလျှင် "အဆွေတို့၊ ဤသစ်ဖြင့် ရထားပြုလုပ်ရန် မည်သူက ပြောကြားပါသနည်း" ဟု မေးမြန်း၏။

"အဆွေ၊ ဝက်ဝံတကောင်က ပြောကြားသွားပါသည်"

"အဆွေတို့၊ သူပြောကြားသည့်အတိုင်း ဟုတ်ပေလိမ့်မည်။ ထို့ထက် ဤအသားဖြင့် ပြုလုပ်ထားသော ရထားဘီးမှ တံကူကို ဝက်ဝံရေဖြင့် ကုပ်ထားရလျှင် ပို၍ ခိုင်မာပေလိမ့်မည်။ ပို၍ အဖိုးအခ ရပေလိမ့်မည်"

"အဆွေ၊ ဝက်ဝံရေကို အဘယ်မှာ ရနိုင်ပါမည်နည်း"

"အဆွေတို့၊ သင်တို့ မိုက်လေစွဉ်တကား။ ဤသစ်ပင်သည် ဘယ်ကိုမှ ပြေးလိမ့်မည် မဟုတ်ပေ။ ဝက်ဝံကား မကြာမီ ဝေးရာသို့ရောက်သွားပေလိမ့်မည်။ သင်တို့အား ပြောကြားသွားသော ဝက်ဝံနောက်သို့ လိုက်ကြပါတော့လော့။ ဝက်ဝံနှင့် တွေ့သောအခါ ကြို့ပင်ပေါ်မှာ ဖြတ်ရမည့်နေရာကို အပြခိုင်းကြပါတော့လော့။ ဝက်ဝံကပြသောအခါ သူ့ကို ပုဆိန်နှင့် တချက်တည်းပေါက်၍ သတ်နိုင်သည် မဟုတ်ပါလော"

ကြို့ပင်စောင့်နတ် အကြံပေးသည့်အတိုင်း လက်သမားများပြုလုပ်ကြလေရာ ရန်မီးကို စတင်၍ပျို့သော ဝက်ဝံသည် ပုဆိန်သွား၌ အသက်ပါသွားရလေသည်။ ရန်ကို ရန်နှင့် တုံ့ပြန်သော ကြို့ပင်စောင့် နတ်သည်လည်း အကျိုးမဲ့ ပျက်စီးရလေတော့သည်။

ဤသို့ ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ ရန်ကိုရင်ချင်းတုံ့ပြန်၍ ပျက်စီးရပုံကို ထုတ်ဆောင်ဟောပြီးလျှင် ဘုရားရှင်က ဆက်လက်၍

http://www.dhammadownload.com

"အို မင်းမြတ်တို့၊ ထိုအကြောင်းကြောင့် သင်တို့အား ငါဘုရား ဟောကြားပါအံ့။ သင်တို့အား ကောင်းမြတ်သော အကျိုးတရား ဖြစ်ပွားပါစေသတည်း။ ဤအရပ်သို့ တစုတဝေးကြီးရောက်လာကြကုန်သော မင်းအပေါင်းတို့ ဝမ်းမြောက် ကြပါကုန်လော့။ ခိုက်ရန် ဒေါသ မဖြစ်ကြပါကုန်လင့်။ ဝက်ဝံနှင့် ကြုံ့ပင်စောင့်နတ်ကဲ့သို့ မကျင့်ကြပါကုန်လင့်။

"အို မင်းမြတ်တို့၊ သင်တို့ ညီညွတ်စွာ ကျင့်သုံး ကြပါကုန်လော့။ ဤသို့ ညီညွတ်ခြင်းကို ဘုရားရှင်တို့ ချီးမွမ်း ကြကုန်၏။ ညီညွတ်သည်၏ အဖြစ်၌ မွေ့လျော်၍ သုစရိုက်တရားများ ကြိုးစားအားထုတ်သော သူသည် နိဗ္ဗာန်တရားတော်နှင့် မလွဲနိုင်ချေ"

ဤသို့သော ဒေသနာတော်ကို ကြားနာရသဖြင့် ဆွေတော် မျိုးတော်များ သင့်တင့်ညီညွတ်၍ သွားကြလေကုန်၏။

http://www.dhammadownload.com



ပထဝိဉ္ဇိယဇာတ်

[ဤဇာတ်တော်မှာ ဆွေးတော် မျိုးတော်တို့၏ ခိုက်ရန် ဒေါသများ ပြေပျောက်စေရန် ဘုရားရှင်ဟောကြားတော်မူသော ဇာတ်တော် ၃ ခုမှ ဒုတိယဇာတ်တော်ဖြစ်၍ စတုက္ကနိပါတ်၊ ကုဋိဒူသက ဝဂ်၌ ဒုဒ္ဒုဘ ဇာတ်ဟူသော အမည်ဖြင့် ပါရှိပါသည်။ သူတပါးတို့ထံမှ ပြောသံကြားရုံမျှဖြင့် တထစ်ချယုံကြည်ကာ အဆောတလျင် မဆင်မခြင်မပြုမိရန် ပုံစံပြ၍ ဟောကြားထားပါသည်။]

ရှေးသရောအခါ ဗာရာဏသီမြို့တော်၌ ပြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်း ခြင်္သေ့မင်းသည် တောင်ခြေနေ၏။ ယုန်ငယ် တကောင်သည်လည်း အနောက်သမုဒ္ဒရာအနီးရှိ ဥသျစ်ပင်နှင့် ရောသော ထန်းတောင်ခြေနေ၏။ယုန်သည် အစားအစာ ဝလင်စွာစားသောက်ပြီးနောက် ထန်းပင်ငယ် တပင်၏ အလက်အောက်တွင် ဝပ်နေကျဖြစ်၏။ ထိုနေ့တွင်လည်း ထိုနေရာသို့လာ၍ဝပ်ယင်း ဤမြေကြီးပြိုခဲ့လျှင် အဘယ်သို့ သွားရပါမည်နည်းဟု မဦးမချက်တွေးတောမိ၏။ ထိုသို့တွေးတောမိခိုက်မှာပင် ဥသျစ်ပင်မှ အသီးမှည့်တလုံးကြွေကာ သူ့ခေါင်းပေါ်မှ ထန်းလက်ပေါ်သို့ကျလာ၏။ ဒုတ်ဒုတ်ဟူသောအသံကို ကြားသည်နှင့် မြေပြိုပြီဟု တဟစ်ချမူတ်ထင်ကာ ယုန်ငယ်သည် တဟုန်တိုး ထွက်ပြေးလေတော့သည်။

http://www.dhammadownload.com

အမောတကောပြေးနေသော ထိုယုန်ငယ်ကို အခြားသော ယုန်ငယ်တကောင်ကမြင်၍ "အသင်၊ အဘယ့်ကြောင့် ပြေးသနည်း" ဟု မေး၏။ ပထမယုန်ငယ်က "မမေးနှင့်၊ မမေးနှင့်" ဟုဆိုကဲ့ ပြေးမြဲပြေး၏။ ဒုတိယယုန်ငယ်က နောက်မှအမီလိုက်၍ ထပ်ကာထပ်ကာ မေးမြန်းခါမှ ပထမယုန်ငယ်က နောက်သို့ပြန်၍မကြည့်နိုင်ပဲ ပြေးရခြင်းအကြောင်းကို ပြောပြ၏။ မြေပြို၍ပြေးရကြောင်းကို ကြားသိရသဖြင့် ဒုတိယ ယုန်ငယ်သည်လည်း ပထမယုန်ငယ်နောက် ထက်ကြပ်မကွာ ပြေး၍ လိုက်ပါသွား၏။ ထို့နောက် အခြားယုန်များလည်း ဆက်ကာဆက်ကာ လိုက်ပါသွားလေရာ ယုန်တသိန်းမျှ တသီတတန်းကြီးပြေး၍ နေကြလေသည်။

မြေပြိုသည်ပြောသံကြား၍ ပြေးလွှား နေကြသော ယုန်တန်းကြီးကို သမင်တကောင်ကမြင်ပြန်၍ ယုန်များထံ မေးကြည့်လေရာ သူသည်လည်း ယုန်များနောက်မှာ လိုက်ပါသွားပြန်၏။ ထို့နောက် ဝက်၊ စိုင်၊ ကျဲ၊ နွား၊ ကြုံ၊ ကျား၊ ခြင်္သေ့နှင့် ဆင်များလည်း အစဉ်အတိုင်း လိုက်ပါသွားကြရပြန်၏။ ဤသို့ဖြင့် ပြောသံကြားနှင့် ပြေးလွှားနေကြရသော သတ္တဝါအတန်းကြီးသည် တယူဇနာတိုင်တိုင် ရှည်လျားလာလေသည်။

ဘုရားလောင်းခြင်္သေ့မင်းသည် တူးထူးခြားခြား ပြေးလွှားနေကြသော သတ္တဝါတို့ကိုမြင်၍ အကျိုးအကြောင်းကိုမေးမြန်းကြည့်၏။ ဥသျစ်ပင်နှင့်ရောသော ထန်းတောဌ မြေပြို၏ဟူသော အဖြစ်ကားကို ကြားရသော အခါ သူတပါးကဲ့သို့ တထစ်ချမယုံကြည်ပဲ တဦးဦးက နားကြားလွဲ၍သာဖြစ်မည်ဟု စဉ်းစားမိ၏။ ထို့ကြောင့် ရှေ့မှာရှိသော တောင်ခြေရင်းသို့ခြင်္သေ့မင်း၏အဟုန်ဖြင့်ပြေးသွားကာ တောတောင် တခုလုံးကို ပဲ့တင်သံဟည်းသွားအောင် သုံးကြိမ်ဟောက်လိုက်၏။ ဤတွင်မှ အမောတကော ပြေးလွှားနေကြသော သတ္တဝါတန်းကြီးသည် ခြင်္သေ့ဟောက်သံကိုကြောက်လန့်၍ အပြေးရပ်ကာ တစုတဝေးကြီး ဖြစ်သွားကြ၏။

ခြင်္သေ့မင်းသည် နိုးရာသတ္တဝါများထံချဉ်းကပ်၍ မြေပြိုသည်ကို မည်သူမြင်သနည်းဟု မေး၏။ ထိုသတ္တဝါများက "ကျွန်ုပ်တို့ကား မမြင်ပါ။ဆင်များ သိကြပါ၏" ဟု ဖြေကြ၏။ ဆင်များကို မေးကြည့်ပြန်သောအခါ "ကျွန်ုပ်တို့ မမြင်ပါ။ ခြင်္သေ့များ သိကြပါကုန်၏" ဟုပင် ဖြေကြကုန်၏။

http://www.dhammadownload.com

ဤသို့ဖြင့် တဆင့်ပြီးတဆင့်မေးလာခဲ့၍ ပထမယုန်ငယ်ထံ ရောက်လာသော အခါ "အရှင်ခြသေ့်မင်း၊ မြေပြိုသည်မှာ ဟုတ်မှန်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် မြင်ခဲ့ရပါသည်။ ဥသျှစ်ပင်နှင့်ရောသော ထန်းတော၌ ကျွန်ုပ် ဝပ်နေစဉ် မြေကြီးပြိုသဖြင့် ဒုတ်ဒုတ်မြည်သောအသံကိုပင်၊ ကျွန်ုပ် ကြားခဲ့ရပါသည်" ဟု ဖြေကြား၏။

ခြသေ့်မင်းသည် ယုန်ငယ်၏အဖြစ်မှန်ကိုသိရ၍ သတ္တဝါ အပေါင်းအား "ဤနေရာမှစောင့်နေကြပါ" ဟု မှာကြားကာ ယုန်ငယ်ကို ကျောပေါ် တင်၍ ထန်းတောဆီသို့ ပြေသွား၏။ ယုန်ငယ်နေသော ထန်းတောသို့ ရောက်သောအခါ ယုန်ငယ်က မလိုက်ဝံ့ပါဆိုကာ ခြသေ့်မင်း၏ ကျော ပေါ်မှ ဆင်း၍ မိမိဝပ်နေရာ ထန်းပင်ငယ်ကို အဝေးမှ ညွှန်ပြလိုက်၏။ ခြသေ့်မင်းက ထန်းပင်ငယ်နားသို့သွား၍ ကြည့်သောအခါ ထန်းလက်ပေါ် မှာ ကြွေကျနေသော ဥသျှစ်သီးမှည့်ကို တွေ့ရလေတော့သည်။ ဤသို့ဖြင့် ဘုရားလောင်းခြသေ့်မင်းသည် သတ္တဝါ အပေါင်းတို့ သမုဒ္ဒရာထဲကျ၍ သေကြေပျက်စီးမည့်ဘေးမှ ကယ်တင်၍ပေးလိုက်ပေသည်။

သဗ္ဗညု ဘုရားရှင်သည် ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူပြီးလျှင်

"ယုန်ငယ်သည် ဥသျှစ်သီးမှည့်ကြွေကျ၍ ဒုတ်ဒုတ်မြည်သော အသံ ကို ကြား၍ပြေး၏။ တောသတ္တဝါ အပေါင်းသည် ယုန်ငယ်၏ စကားကို တဆင့်ကြား၍ ထိတ်လန့်တကြား ပြေးလွှားကြရကုန်၏။ အကြင်လူမိုက်တို့သည် နိဗ္ဗာန်ကို ကိုယ်တိုင်မြင်နိုင်သော သောတာ ပတ္တိမဂ်ဉာဏ် မရကုန်၍ သူတပါး၏စကားနောက်သို့ အစဉ်လိုက်ပါ ကြကုန်၏။ ထိုလူမိုက်တို့သည် မေ့မေ့လျော့လျော့ နေကြကုန်သည် ဖြစ်၍ သူတပါး၏စကားကို တထစ်ချယုံကြည်ကြရကုန်၏။

"အကြင်ပညာရှိတို့သည်ကား အရိယာမဂ်သီလနှင့်လည်း ပြည့်စုံ ကုန်၏။ အရိယာမဂ် ပညာနှင့်လည်း ပြည့်စုံကုန်၏။ ကိလေသာ

http://www.dhammadownload.com

ငြိမ်းခြင်း၌ မွေ့လျော်ကုန်၏။ မကောင်းမှုမှ ဝေးဝေးခွာကုန်၏။ ထိုပညာရှိတို့သည်ကား သူတပါး၏ ယုတ္တိမရှိသောစကားကို မယုံကြည်ကြတော့ပေ”

ဤသို့အားဖြင့် ဆွေတော်မျိုးတော်အပေါင်းအား ဆုံးမစကား မြွက်ကြားတော်မူလေသည်။

http://www.dhammadownload.com



လဋ္ဌကိကဇာတ်

[ဤဇာတ်တော်မှာ ဆွေတော်မျိုးတော်တို့၏ ခိုက်ရန်ဒေါသများ ပြေပျောက်စေရန် ဘုရားရှင် ဟောကြားတော်မူသော ဇာတ်တော် ၃ ခုမှ တတိယဇာတ်တော်ဖြစ်၍ ပဉ္စကနိပါတ်၊ မဏိကုဏ္ဍလဝဂ်၌ ပါရှိပါသည်။ တခါတရံတွင် အင်အား သေးငယ်သောသူသည်လည်း အင်အား ကြီးမားသောသူကို လက်စားချေရန် အခွင့် သာတတ်ပေသည်ဟု ပုံစံပြ၍ ဟောကြားထားပါသည်။]

ရှေးသရောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်း ဆင်မင်းသည် အခြံအရံ ဆင် ရှစ်သောင်းကို ဦးဆောင်လျက် ဟိမဝန္တာတော၌ လှည့်လည် ကျက်စား၏။ ထိုစဉ် နှံစုတ်ငှက်မတကောင်သည် ဆင်တို့သွားရာ လမ်းကြောင်းပေါ်၌ အသိုက်ယုပ်ကာ ဥများဥ၍ ဝပ်နေ၏။ တနေ့သ၌ ဘုရားလောင်း ဆင်မင်းသည် ထိုလမ်းကြောင်းအတိုင်း လှည့်လည်လာရာ နှံစုတ်ငှက်မ၏ အသိုက်နားသို့ ထိုက်ရောက်လာလေသည်။ နှံစုတ်ငှက်မသည် အတောင်နှစ်ဘက်ကိုယှက်၍ လက်အုပ်ချီသကဲ့သို့ အရိုအသေပြုကာ သားငယ်များအား ချမ်းသာပေးပါရန် တောင်းပန်၏။

http://www.dhammadownload.com

ဘုရားလောင်း ဆင်မင်းက "နှံစုတ်ဌက်မငယ်၊ သင် မစိုးရိမ်လင့်။ သင့် သားငယ်တို့ကို ငါ စောင့်ရှောက်အံ့" ဟုဆိုကာ ဌက်သိုက်အပေါ်မှ မိုးချိ ရပ်နေ၏။ ရှစ်သောင်းသော အခြံအရံ ဆင်တို့သည် ဘုရားလောင်း ဆင်မင်း၏ဘေးမှ သွားကြရသဖြင့် နှံစုတ်ဌက်မ၏ သားငယ်များ အသက် ချမ်းသာခွင့် ရကြလေသည်။

ထို့နောက် ဘုရားလောင်း ဆင်မင်းက "အို နှံစုတ်ဌက်မငယ်၊ ငါတို့ နောက်မှာ ဆင်တစီး လာလိမ့်ဦးမည်။ ထိုဆင်ကား ငါ၏စကားကို နားမထောင်ပေ။ထိုဆင်ကိုလည်း ကျေနပ်အောင် တောင်းပန်ပေဦးလော့" ဟု သတိပေးကာ ထွက်ခွာသွားလေသည်။

မကြာမီမှာပင် ဆင်ကြီးတစီးသည် နှံစုတ်ဌက်မ၏ အသိုက်နားသို့ ရောက်လာ၏။ နှံစုတ်ဌက်မသည် ရွှေးနည်းတူ အရိုအသေပြုကာ သားငယ်များအား ချမ်းသာပေးပါရန် တောင်းပန်၏။ သို့ရာတွင် ဆင်ကား ဒေဝဒတ်လောင်းဖြစ်၍ ဘုရားလောင်း ဆင်မင်းကဲ့သို့ သနားကြင်နာစိတ် မရှိပေ။

"ဟယ် နှံစုတ်ဌက်မငယ်၊ သင့် သားငယ်များကို ငါသတ်အံ့။ သင် ကဲ့သို့ အားနည်းလှသော ဌက်မကလေးသည် ငါကဲ့သို့သော ဆင်ပြောင်ကြီးကို မည်သို့ ပြုနိုင်အံ့နည်း။ သင့် သားငယ်များကဲ့သို့သော အကောင်ပေါင်း တသိန်းကို ငါ၏ ဓဝဂက်ခြေတချောင်းတည်းနှင့်ပင် ညက်ညက်ကြေအောင် နင်းခြေနိုင်၏"

ဤသို့ ကြုံးဝါးပြောဆိုလျက် သားငယ်များကို နင်းခြေပြီးလျှင် ကျင်ငယ်ရေမှာ မျောပါစေ၍ အော်သံပေးကာ ထွက်ခွာသွား၏။ နှံစုတ်ဌက်မသည် သစ်ကိုင်းထက်မှာ နားလျက်

"အို ဆင်မင်း၊ အရာဌာနအားလုံး ခွန်အားဗလ တာခုတည်းကိုသာ အသုံးပြု၍ မရနိုင်ပါ။ ခွန်အားဗလ သက်သက်သည် လူမိုက်တို့အတွက် သဘေး သေဒဏ် ဖြစ်သည်။ အင်အားနည်းလှသော ငါ့သားငယ်များကို သတ်သော သင့်အား ငါ လက်စားချေအံ့"

ဤသို့ ဟစ်အော် ပြောဆို၏။ ထို့နောက် နှစ်ရက် သုံးရက်ခန့်ရှိသော အခါ နှံစုတ်ဌက်မငယ်သည် ကျီး၊ ယင်မမဲရိုင်းနှင့် ဖားတို့ကို မိတ်ဆွဖွဲ့ပြီးလျှင် မိမိ၏ကိစ္စကို ဆောင်ရွက်ပေးပါရန် ပန်ကြား၏။

http://www.dhammadownload.com

ထို မိတ်ဆွေသုံးဦးကလည်း ပန်ကြားချက်ကို လက်ခံကြ၏။ ဤသို့ဖြင့် ကျီးသည် ဆင်ဆိုးကြီး၏ မျက်လုံးနှစ်ဘက်ကို ထိုးဖောက်လိုက်၏။ ထိုဒဏ်ရာပေါ်တွင် ယင်မမဲရိုင်းက ဥများကို ဥချ၏။ ဆင်ဆိုးကြီးသည် ပိုးလောက်ကိုက်သော ဝေဒနာကို အပြင်းအထန် ခံစားယင်း ရေငတ်လှသဖြင့် ဟိုဟို သည်သည် လှည့်လည်၏။

ဤတွင် ဖားက တောင်ထိပ်သို့တက်ကာ အသံပေး၏။ ဆင်ဆိုးကြီးသည် ရေရှိအံ့ထင်၍ တောင်ထိပ်သို့ တက်လာ၏။ ဖားသည် တောင်ထိပ်မှ ကမ်းပါးထိပ်သို့ တဖန်သွားကာ အသံပြု၏။ ဆင်ကန်းကြီးသည် ရေရှိအံ့ထင်၍ ထိုအရပ်သို့ အဆောတလျင် လာလေရာ ကမ်းပါးပြတ်မှကျ၍ သေလေ၏။နှံစုတ်ဌက်မငယ်သည် ဆင်ဆိုးကြီး၏ ကိုယ်ပေါ်၌ လူးလားခေါက်ပြန် လမ်းလျှောက်ကာ အောင်ပွဲ ခံလိုက်လေသည်။

သဗ္ဗညုဘုရားရှင်သည် ထို အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မှကာ ဝေနေယျများကို ဆုံးမတော် မူလိုသဖြင့်

"ကျီး၊ နှံစုတ်ဌက်မငယ်၊ ယင်မမဲရိုင်းနှင့် ဖားတို့ကို ရှုကြကုန်လော့။ထို သတ္တဝါကလေး လေးကောင်တို့သည် ဆင်ပြောင်ကြီးကို ပင် သတ်နိုင်ကြကုန်၏။ရန်ကိုရန်ချင်း အတုံအပြန်ပြုခြင်းကား ဤသို့ပင် အကျိုးမဲ့ ပျက်စီးရာ၏။ထို့ကြောင့် မုန်းသူဟူ၍ တစုံတယောက်နှင့်မျှ ခိုက်ရန်ဒေါသ မဖြစ်ကြစေရာ"

ဟု မိန့်ကြားတော် မူလေသည်။

http://www.dhammadownload.com



ရက္ခမပ္ပဇာတ်

[ဤဇာတ်တော်မှာ ဆွေတော် မျိုးတော်များ၏ စည်းလုံးညီညွတ်ခြင်း အကျိုးငှာ ဘုရားရှင်ဟောကြားသော ဇာတ်တော် ၂ ခုမှ ပထမ ဇာတ်တော် ဖြစ်၍ ကောကနိပါတ်၊ ဝရဏဝဂ်၌ ဤဇာတ်တော် ပါရှိပါသည်။ တခဲနက် စည်းလုံးညီညွတ်နေကြလျှင် မည်သူတစုံတယောက်ကမျှ နှိပ်စက်ဖျက်ဆီးခွင့် မရနိုင်ကြောင်းကို ပုံစံပြ၍ ဟောကြားထားပေသည်။]

ရှေးသရောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်း ရက္ခစိုးနတ်မင်းသည် ဟိမဝန္တာအတွင်းရှိ အင်ကြင်းတော၌ နေထိုင်၏။ ထိုအခါ တောတောင်တို့ကို အစိုးရသော ဝေဿဝဏ်နတ်မင်းကြီးသည် စုတေသဖြင့် သိကြားမင်းက နောက်ထပ် ဝေဿဝဏ် နတ်မင်းကြီးတပါးကို အသစ်ခန့်အပ်၏။ အသစ်ဖြစ်သော ဝေဿဝဏ်နတ်မင်းကြီးသည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရက္ခစိုးနတ် အပေါင်းအား မိမိတို့ အလိုရှိရာအရပ်၌ မိမိတို့ အလိုရှိရာ သစ်ပင်ချုံနွယ်များကိုယူ၍ ဘုံဗိမာန်ပြုကြရန် ကြေငြာလိုက်၏။

ဤတွင် ဘုရားလောင်း ရက္ခစိုးနတ်သည် ဆွေမျိုးနတ်များကို သတိပေး၏။

http://www.dhammadownload.com

"အို အဆွေအမျိုးတို့၊ လှုင်တီးခေါင်၌ တကဲ့စီတည်ရှိနေသော သစ်ပင်များကို မယူကြကုန်လင့်။ ငါ့ဗိမာန်နှင့် တစပ်တည်းတည်၍ အကိုင်းခြင်းယှက်နေသော အပင်များကို ယူကြကုန်လော့" ဟု ဆိုဆုံးမ၏။

ဘုရားလောင်းစကားကို လိုက်နာကုန်သော နတ်တို့သည် တစပ်တည်းတည်ရှိ၍ အကိုင်းခြင်း ယှက်နေသော ထိုအင်ကြင်းတောမှ အပင်များကို ယူ၍ ဘုံဗိမာန်ပြုကြကုန်၏။ ဘုရားလောင်း စကားကို မလိုက်နာလိုသော နတ်တို့ကား ဟိမဝန္တာမှ ထွက်ခွာလာကြ၏။ "တောကြိုအုံကြားမှဘုံဗိမာန်ဖြင့် ငါတို့မှာ ဘာအကျိုးရှိမည်နည်း။ ငါတို့သည် လူတို့၏ မြို့ပြကျေးရွာများအနီး၌ ဘုံဗိမာန်ပြုကြကုန်အံ့။ သို့မှသာလျှင် လူတို့၏ကိုးကွယ်ပသခြင်းကို ခံယူကြရကုန်လတ္တံ့" ဟုဆိုကာ လူ့ရပ်လူ့ရွာအနီးသို့ လာခဲ့ကြကုန်၏။ တကဲ့စီတည်ရှိနေကြသော အပင်များယူ၍ ဘုံဗိမာန် ပြုကြကုန်၏။

တနေ့သောအခါတွင်ကား မိုးသက် လေပြင်းကြီး တိုက်ခတ်လာလေရာ တကဲ့စီတည်ရှိနေကြသော သစ်ပင်များသည် အမြစ်မှ ကော်လဲကြရကုန်၏။ တစပ်တည်းတည်ရှိ၍ အကိုင်းခြင်းယှက်ကာ တည်နေကြသော အင်ကြင်းပင်တို့မှာကား မည်သို့မျှ မထိခိုက်ပါဘေး။ ဘုံဗိမာန် ပျောက်၍ ကိုးကွယ်ရာမရှိသော နတ်တို့သည် သားသမီးများကိုလက်ဆွဲကာ ဟိမဝန္တာသို့ ပြန်လာကြရလေကုန်၏။

ဤအကြောင်းများကို ဘုရားလောင်း ရုက္ခစိုးနတ် ကြားသိရသောအခါ

"ဆွေမျိုးများသည် တစည်းတရုံးတည်း တည်ရှိမူ ကောင်းလေစ့။ တောမှာ ပေါက်သော သစ်ပင်တို့သည်လည်း တစည်းတရုံးတည်း တည်ရှိမူ ကောင်းလေစ့။ တပင်တည်း ကဲ့နေသော တောစိုးသစ်ပင်ကြီးများကိုပင် လေပြင်းတိုက်ခတ်၍ လဲနိုင်ပါဘေ၏"

ဆွေမျိုးနတ် အပေါင်းအား ဤသို့ ဆုံးမစကား မြွက်ကြားလိုက်လေသည်။

http://www.dhammadownload.com



ဝဋ္ဌကဇာတ်

[ဤဇာတ်တော်မှာ ဆွေတော်မျိုးတော်များ၏ စည်းလုံးညီညွတ်ခြင်းအကျိုးငှာ ဘုရားရှင် ဟောကြားတော်မူသော ဇာတ်တော် ၂ ခုမှ ဒုတိယဇာတ်တော်ဖြစ်၍ ဧကကနိပါတ်၊ ကုလာဝကဝဂ်၌ သမ္မောဒမာနဇာတ် ဟူသော အမည်ဖြင့် ပါရှိပါသည်။ စည်းလုံးညီညွတ်နေကြစဉ်တွင် မည်သူ တစုံတယောက်ကမျှ နှိပ်စက်ဖျက်ဆီးခွင့် မရနိုင်။ အချင်းချင်း ကဲပြား လာကြလျှင်ကား ရန်သူ့ လက်တွင်း သက်ဆင်းရကြောင်းကို ပုံစံပြ၍ ဟောကြားထားပါသည်။]

ရှေးသရောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်း ငုံးမင်းသည် အခြံအရံ ငုံးပေါင်းများစွာနှင့်တကွ တော၌နေ၏။ ငှက်မုဆိုးတယောက်သည် ငုံးများ တစုတဝေးကြီးနား၍ မြည်သံပေးနေကြရာသို့ တိတ်တဆိတ် ချဉ်းကပ်ကာ အပေါ်မှ ငုံးပိုက်ဖြင့် ပစ်၍ အုပ်၏။ ပိုက်နှင့်အုပ်မိသမျှ ငုံးများကို ဖမ်းယူကာ ရောင်းချ၍ အသက်မွေး၏။ တနေ့သ၌ ဘုရားလောင်း ငုံးမင်းသည် ငုံးများကို စည်းဝေး၍ မုဆိုး၏ပိုက်မှ လွတ်မြောက်နိုင်သောနည်းလမ်းကို ညွှန်ပြလေသည်။

နောက်တနေ့၌ ငှက်မုဆိုးသည် ထိုတောသို့လာ၍ ငုံးများပေါ်သို့ ပိုက်ကို လှမ်း၍ပစ်လိုက်၏။ပိုက်ကျလာသည်နှင့် တပြိုင်နက် ငုံးများသည် တဟုန်

http://www.dhammadownload.com

တည်းထ၍ ပုံ့တက်ကာ ပိုက်ကို သယ်ဆောင်သွားကြ၏။ မုဆိုးနှင့် ဝေးရာသို့ ရောက်ခါမှ ဆူးချုံတခုပေါ်သို့ ပိုက်ကိုချကာ ပိုက်အောက်မှ ထွက်ပြေးလာခဲ့ကြကုန်၏။

ငှက်မုဆိုးသည် ဆူးချုံမှာ ငြိနေသော ပိုက်ကို ဖြေနေရသဖြင့် အချိန်ကုန်ကာ လက်ချည်းသက်သက်ဖြင့် ပြန်သွားရ၏။ အိမ်ရောက်သော အခါ မယားဖြစ်သူက ငုံးများပါမလာသဖြင့် မကျေမနပ်ဖြစ်၏။ "အခြားမယား တယောက်ကို တိတ်တိတ်ပုန်း လုပ်ကျွေးနေသလော" ဟု ဆဲဆို ရေရွတ်၏။

ငှက်မုဆိုးက "ငါ့မှာ တခြားမယား မရှိပါ။ စင်စစ်မှာမူ ငုံးများက စည်းလုံး ညီညွတ် နေကြသဖြင့် ပိုက်ကို သယ်ဆောင်၍ သွားကြကုန်၏။ အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြသောအခါ၌တင်ကား ထိုငုံးတို့ ငါ့လက်တွင်း ရောက်လာကြပါလိမ့်မည်" ဟု ဖျောင်းဖျ ပြောဆို၏။

နှစ်ရက်သုံးရက်ခန့် ကြာသောအခါ ငုံးတကောင်သည် စားကျက်ပေါ်သို့ ဆင်းသက်ရာ အခြားငုံးတကောင်၏ ခေါင်းပေါ်သို့ မတော်တဆ နင်းမိ၏။ အနင်းခံရသောငုံးက အမျက်ထွက်၍ ကြိမ်းမောင်းရာ နင်းမိသော ငုံးက မတော်တဆနင်းမိကြောင်းပြော၍ တောင်းပန်၏။ သို့သော်လည်း အနင်းခံရသော ငုံးကား မကျေနပ်နိုင်ပေ။ ထို ငုံးနှစ်ကောင်တို့ မပြေနိုင်၊ မငြိမ်းနိုင်ဖြစ်နေကြသဖြင့် အခြားငုံးများသည်လည်း နီးစပ်ရာဘက်မှဝင်၍ ငြင်းခုံကာ ခိုက်ရန်ဖြစ်ပွားကြကုန်၏။

ဘုရားလောင်း ငုံးမင်းသည် "ခိုက်ရန်ဖြစ်ရာအရပ်၌ ချမ်းသာခြင်း မရှိနိုင်" ဟုဆိုကာ မိမိစကားလိုက်နာသော ငုံးများကိုခေါ်၍ လွတ်ရာကျွတ်ရာ ပြောင်းရွှေ့သွား၏။ နှစ်ရက် သုံးရက် ကြာလတ်သော် ကျန်နေရစ်သော ငုံးများပေါ်သို့ ငှက်မုဆိုးက ပိုက်ဖြင့် လှမ်းပစ်လိုက်၏။ ယခင်က တဟုန်တည်း ပုံ၍ ပိုက်ကို သယ်ဆောင်ခဲ့ကြသော ငုံးများသည် ထိုနှမျောကား မသယ်နိုင်ကြတော့ပေ။ "သင် သယ်လော့၊ သင် သယ်လော့" ဟု အချင်းချင်း ငြင်းခုံတွက်ကတ်၍သာ နေကြ၏။ ထိုစဉ်တွင် ငှက်မုဆိုးသည် ပိုက်ကို အဖျားမှစု၍ သိမ်းဆွဲယူကာ ငုံး အားလုံးကို ဖမ်းလိုက်လေတော့သည်။

http://www.dhammadownload.com

သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ

"ဆွေတော် မျိုးတော် အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မသင့်လျော်ပေ။ ခိုက်ရန်ဖြစ်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းသာတည်း"

ဟု ဆုံးမစကား မြွက်ကြားတော်မူလေသည်။

http://www.dhammadownload.com



အတ္တဒဏ္ဍသုတ်

မြန်မာပြန်နှင့် အဖွင့်

ဤသုတ္တန်သည် ရှေသုတ်များကဲ့သို့ပင် ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ် ပါဠိတော်၊ အဌကဝဂ်၌ ပါရှိပေသည်။ သို့ရာတွင် နတ်ဗြဟ္မာများအား ဟောကြားသော ဒေသနာတော်ကား မဟုတ်ပါ။ ရောဟိဏီ မြစ်ရေအတွက် ကပိလဝတ္ထုနှင့် ကောလိယ နှစ်ပြည်ထောင်တို့မှ စစ်တပ်ကြီးစွာ ချီလာကြသော ဆွေတော်မျိုးတော်အပေါင်းအားဟောကြားသော ဒေသနာတော် ဖြစ်ပါသည်။

သွေးချောင်းစီး စစ်ပွဲကြီး ဆင်နွဲရမည့်ဆဲဆဲတွင် ဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူလာ၍ ဤဒေသနာကို ဟောကြားတော်မူလေရာ နှစ်ပြည်ထောင်မှ ဆွေတော်မျိုးတော်များကကျေးဇူးတင်လှသဖြင့် တဘက်လျှင် ခွင့်ရသူ ငါးဆယ်စီသော မင်းသားများကို ရဟန်းပြုရန်ပေးလှူကြ၏။ ထိုငါးရာသော ရဟန်းတို့ ရဟန္တာ ဖြစ်သောနေ့ဝယ် နတ်ဗြဟ္မာ အပေါင်းတို့ စည်းဝေးလာကြသဖြင့် ဘုရားရှင်က မဟာသမယသုတ်များကို ဟောကြားတော်မူရ၏။ ထို့ကြောင့် ဤသုတ္တန်သည် မဟာသမယ သုတ်များနှင့် နိဒါန်းချင်းဆက်စပ်နေသဖြင့် ဤကျမ်း၏နောက်ဆက်တွဲအဖြစ်ဖြင့် ဖော်ပြလိုက်ပါသည်။

ဤသုတ္တန်ကို သုတ္တနိပါတ် အဌကထာ၊ မဟာနိဒ္ဒေသ ပါဠိတော်နှင့် ယင်း၏အဌကထာဟူသော အဖွင့်ကျမ်းကြီး ၃ ကျမ်းတို့က ဖွင့်ပြထားပါ

http://www.dhammadownload.com

သည်။ ပါဠိတော်ကို မြန်မာပြန်ရာတွင် ယင်းအဖွင့်ကျမ်းကြီးများ၏ အာဘော်ကို သုတ်သင်းချပြန်ဆိုပါသည်။ ပထမဦးစွာ ပါဠိတော်မြန်မာပြန်ကို တဂါထာချင်းဖော်ပြပြီးလျှင် ယင်းနောက်မှဆက်လက်၍ အဖွင့်ကျမ်းကြီးများမှ အဆိုအမိန့်များကို ဆက်လက်၍ ဖော်ပြလိုက်ပါသည်။

သုတ္တန်ိပါတ် အဋ္ဌကထာနှင့် မဟာနိဒ္ဒေသ ပါဠိတော်တို့တွင် တခါတရံ မတူညီသောဖွင့်ဆိုချက်များ ပါရှိနေရာ အားများရာ ပါဠိတော်မူကို ယူ၍ ဖော်ပြလိုက်ပါသည်။

၁။ ဘေးအန္တရာယ်သည် အပြစ်ဒဏ်ကြောင့်ဖြစ်ပေါ်လာ၏။ ခိုက်ရန်ဖြစ်နေသော သတ္တဝါအပေါင်းတို့ကို ရှုကြကုန်လော့။ ငါကိုယ်တိုင် ထိတ်လန့်ခြင်း သံဝေဂ ခံစားခဲ့ရသည့်အတိုင်း ထိတ်လန့်ဖွယ်ရာ သံဝေဂတရားကို ဟောကြားပေအံ့။

ပထမဦးစွာ ဟောကြားအပ်သော ဤစကားရပ်၌ အပြစ်ဒဏ်ဟူသည်မှာ ကာယ၊ ဝစီ၊ မနောတို့၌ ဖြစ်ပွားသော ဒုစရိုက်သုံးပါးတို့ ဖြစ်၏။ ဘေးအန္တရာယ်ဟူသည်မှာ မျက်မှောက်ဘဝတွင်ခံရသော ဘေးနှင့် တမလွန်တွင် ခံရသောဘေး ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် မျက်မှောက်ဘဝတွင် ခံရသော ဘေးမှာ မင်းပြစ်မင်းဒဏ်အမျိုးမျိုး ခံရခြင်းဖြစ်၏။ မိမိပြုခဲ့မိသော အပြစ်အားလျော်စွာ မင်းတို့၏ကြိမ်းမောင်းမာန်မဲခြင်းကို ခံယူရခြင်း၊ အကျဉ်းချုပ်၊ အကျယ်ချုပ် အမျိုးမျိုးခံရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးခံရခြင်း၊ရက်စက်ကြမ်းတမ်းလှသော နှိပ်စက်နည်းအမျိုးမျိုးဖြင့် နှိပ်စက်သတ်ဖြတ်ခြင်းကို ခံယူရခြင်းတို့ ဖြစ်၏။

တမလွန်မှာ ခံရသော ဘေးကား ငရဲ၊ ကိရဏ္ဆာန်၊ ပြိတ္တာဘုံတို့မှာ ကျရောက်၍ ခံစားရသောဘေး၊ လူ့ပြည်သို့ တဖန်ပြန်ရောက်ခွင့်ရပါသော်လည်း အမျိုးမျိုးအဖုံဖုံခံစားရသော ဒုက္ခဘေးတို့ဖြစ်၏။ ဤဘေးများကို မည်သူကမျှ ပြုပေးသည်မဟုတ်ပေ။ မိမိပြုခဲ့သော ဒုစရိုက်အပြစ်ဒဏ်များကြောင့် တွေ့ကြုံခံစားရခြင်းသာ ဖြစ်ပေသည်။

တမလွန်မှာ ခံရသော ဘေးကား ငရဲ၊ ကိရဏ္ဆာန်၊ ပြိတ္တာဘုံတို့မှာ ကျရောက်၍ ခံစားရသောဘေး၊ လူ့ပြည်သို့ တဖန်ပြန်ရောက်ခွင့်ရပါသော်လည်း အမျိုးမျိုးအဖုံဖုံခံစားရသော ဒုက္ခဘေးတို့ဖြစ်၏။ ဤဘေးများကို မည်သူကမျှ ပြုပေးသည်မဟုတ်ပေ။ မိမိပြုခဲ့သော ဒုစရိုက်အပြစ်ဒဏ်များကြောင့် တွေ့ကြုံခံစားရခြင်းသာ ဖြစ်ပေသည်။

http://www.dhammadownload.com

ရှေတော်မှောက်မှာရှိနေကြသော ဆွေတော်မျိုးတော်များမှစ၍ ကမ္ဘာပေါ်ရှိ လူတန်းစားအသီးသီးတို့သည် ခိုက်ရန်ဖြစ်ပွားလျက် ရှိနေကြ၏။ ထိုရန် ထိုဘေးတို့ကြောင့် မိမိကိုယ်တိုင် သံဝဂ ရတော်မူသော ဘုရားရှင်က ဆွေတော်မျိုးတော်များလည်း သံဝဂ ရကြပါစေရန် ဆက်လက်၍ ဟောကြားတော်မူပေသည်။

၂။ ရေနည်းနည်းမှာနေရှာကြရသော ငါးများကဲ့သို့ တုန်လှုပ်နေသော သတ္တဝါအပေါင်းကိုမြင်၍၊ အချင်းချင်း ငြင်းခုံခိုက်ရန် ဖြစ်နေကြသော လူတို့ကိုမြင်၍ ဘေးအန္တရာယ်သည် ငါ့ထံ ဝင်ရောက်လာ၏။

ရေနည်းနည်းမှာနေရှာကြရသော ငါးများသည် အသက်ဘေးအတွက် ယောက်ယက်ခတ်၍ နေကြရသကဲ့သို့ သတ္တဝါအပေါင်းမှာလည်း အမျိုးမျိုးသော တုန်လှုပ်ခြင်းတို့ဖြင့် တုန်လှုပ်၍ နေရပေသည်။ တုန်လှုပ်ခြင်း အမျိုးမျိုးဟူသည်မှာ တဏှာ၊ ကိလေသာ၊ ဒုစရိုက်၊ အကျိုးတရား၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ၊ အနုသယတို့ဖြင့် တုန်လှုပ်ခြင်း၊ လောကဓံတရား ၈ ပါးတို့ကြောင့်လည်း သတ္တဝါများ တုန်လှုပ်ခြင်း၊ ထို့ပြင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ဖြင့် တုန်လှုပ်ခြင်း၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံတို့မှ ဒုက္ခတို့ဖြင့် တုန်လှုပ်ခြင်း၊ ပဋိသန္ဓေ စတင်တည်နေခြင်း၊ အမိဝမ်းမှာ ကိန်းအောင်းရခြင်း၊ မွေးဖွားရခြင်း၊ မွေးဖွားပြီးနောက် သူတပါးပြုသမျှ ခံယူနေရခြင်း၊ မိမိကိုယ်တိုင် ပြုမိ၍ ခံရခြင်း၊ သူတပါးက ပြုသဖြင့် ခံရခြင်း စသော ဒုက္ခ အမျိုးမျိုးတို့ကြောင့်လည်း တုန်လှုပ်နေကြရ၏။ အမျိုးမျိုးသော ရောဂါဝေဒနာများ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသော ဗျသနတရား ၅ ပါးတို့ကြောင့်လည်း တုန်လှုပ်နေကြရ၏။

ဤသို့ ဒုက္ခ အသီးသီးဖြင့် တုန်လှုပ်နေကြရသည့်ကြားမှ လူတန်းစားအသီးသီးတို့သည်လည်းကောင်း၊ သားချင်းဆွေမျိုး အချင်းချင်းတို့သည်လည်းကောင်း ငြင်းခုံနေကြသေး၏။ လက်နက်အမျိုးမျိုးဖြင့် ထိုးခုတ်ပစ်ခတ်ကြသေး၏။ ထိုရန်ပွဲများကြောင့် တချို့လည်း သေကြကုန်၏။ ကချို

http://www.dhammadownload.com

လည်း သေခါနီးမျှ ခံစားကြရကုန်၏။ထို ဘေးရန်အမျိုးမျိုးသည် ကြောက်လန့်ဖွယ်ရာများချည်း ဖြစ်ပေသည်။

၃။ သက်ဝန်းကျင်မှ လောကတခုလုံးသည် အနှစ်သာရ မရှိပေ။ အရပ်မျက်နှာအားလုံးမှာ ရှိနေကြသော သင်္ခါရတရားတို့သည် တုန်လှုပ်နေကြ၏။ မိမိ ရပ်တည်ရာကို အလိုရှိသောသူသည် မကောင်းသော သဘောတို့ အလွှမ်းမိုး မခံရသောတရားကို မတွေ့ရပေ။

လောကဟူသည်မှာ သုဂတိ ဒုဂ္ဂတိဘုံ အဆင့်ဆင့်နှင့် ခန္ဓာ၊ ဓာတ်၊ အာယတနဟူသော လောကတို့ ဖြစ်၏။ ထို လောကအားလုံးသည် နိစ္စ၊ သုခ၊အတ္တ ဟူသော အနှစ်သာရတို့မှ ကင်းဆိတ်နေ၏။ ကျူပင်၊ ကြက်ဆူပင် စသည်တို့၌ အနှစ်သာရ မရှိသကဲ့သို့ပင်တည်း။

အရပ်လေးမျက်နှာ၊ ထောင့်လေးထောင့်၊ အထက်နှင့်အောက် ဟူသော အရပ် ၁၀ မျက်နှာရှိ သင်္ခါရတရား ဟူသမျှတို့သည် ရွှေလျား နေကြ၏။ ကုန်လှုပ်နေကြ၏။ အနိစ္စသဘောဖြင့် တွန်းထိုးခြင်း ခံနေကြရ၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘရားတို့၏ နှိပ်စက်ခြင်းကို ခံနေကြရ၏။ ဒုက္ခညွှန်ဗွက်၌ နစ်မွန်းကာ ကိုးကွယ်ရာမရှိ သင်္ခါရတရားတို့သည် အားလုံး ထပ်တူချည်း ဖြစ်ကြကုန်၏။

အနိစ္စဖြစ်သော လောကကြီးအတွင်း၌ ရပ်တည်ရာကို ရလိမ့်နိုးနိုး မျှော်ကိုး၍ နေသော်လည်း အိုနာသေ သဘောတရားတို့ အလွှမ်းမိုး မခံရသော ဘုံဘဝဟူ၍ လုံးဝ မရှိနိုင်ပေ။အသက်အရွယ် နုနယ်ပျိုမျစ်ခြင်း ဟူသမျှကို အိုခြင်းတရားက လွှမ်းမိုး၏။ကျန်းမာသန်စွမ်းမှု ဟူသမျှကို နာခြင်းတရားက လွှမ်းမိုး၏။ အသက်ရှင်ခြင်း ဟူသမျှကို သေခြင်းတရားက လွှမ်းမိုး၏။ လာဘ်ပေါများခြင်း ဟူသမျှကို လာဘ် မရခြင်းက လွှမ်းမိုး၏။ အခြံအရံပေါများခြင်း ဟူသမျှကို အခြံအရံမရှိခြင်းက လွှမ်းမိုး၏။ ချီးမွမ်းခြင်း ဟူသမျှကို ကဲ့ရဲ့ခြင်းက လွှမ်းမိုး၏။ ချမ်းသာခြင်းဟူသမျှကို ဆင်းရဲခြင်းက လွှမ်းမိုး၏။ဤသို့ဖြင့် သင်္ခါရ လောကထဲတွင် အကောင်းကိုရှာသော်လည်း

http://www.dhammadownload.com

မကောင်းသော တရားတို့ဖြင့် ရှောင်လွဲ၍ မရနိုင်အောင် ဖြစ်ရပေတော့သည်။

၄။ အဆုံးတနေ့၌ အဆိုးတရားတို့၏ နှိပ်စက်ခြင်းကို ခံကြရကုန်သော သတ္တဝါတို့ကိုမြင်၍ ငါ့အား မမေ့လျော့ခြင်းသည် ဖြစ်ခဲ့၏။ ထို့ပြင် ရှုမြင်ရန် ခဲယဉ်းသော စိတ်နှလုံးကို မှီ၍နေသော ငြောင့်ကို ငါမြင်ခဲ့ပြီ။

နုနယ်ပျိုမျစ်ခြင်း ဟူသမျှ၏ အဆုံးကား အိုခြင်းဖြစ်၏။ ကျန်းမာ သန်စွမ်းခြင်း ဟူသမျှ၏ အဆုံးကား နာခြင်းဖြစ်၏။ အသက်ရှင်ခြင်း ဟူသမျှ၏ အဆုံးကား သေခြင်းဖြစ်၏။ လာဘ် ပေါမြားခြင်း ဟူသမျှ၏ အဆုံးကား လာဘ်မရခြင်း ဖြစ်၏။ အခြံအရံပေါခြင်း ဟူသမျှ၏ အဆုံးကား အခြံအရံ မရှိခြင်းဖြစ်၏။ ချီးမွမ်းခြင်း ဟူသမျှ၏ အဆုံးကား ကဲ့ရဲ့ခြင်းဖြစ်၏။ ချမ်းသာခြင်း ဟူသမျှ၏ အဆုံးကား ဆင်းရဲခြင်းဖြစ်၏။

ဤသို့ အဆုံးဟာနေ့သို့ ရောက်ကြရသောအခါ နုနယ်ပျိုမျစ်ခြင်း စသော အကောင်းတရားကို အလိုရှိသူတို့သည် အိုခြင်း စသော အဆိုးတရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကြရကုန်၏။ အလိုရှိသော အကောင်းတရားကို ရှာမတွေ့ပဲ အဆိုးတရားတို့၏ ဆိုးရွားစွာ နှိပ်စက်ခြင်းကိုသာ ခံယူကြရကုန်၏။ ထို့ကြောင့် ဘုရားရှင်သည် လူ့ဘောင် လောကကို သာယာစုံမက်ခြင်း မရှိပေ။ မွေ့လျော် ပျော်ပိုက်ခြင်း မရှိပဲ ဉာဏ်ရှေးရှုသော သံဝေဂဖြင့် ငြီးငွေ့တော်မူလေသည်။

စိတ်ကို မှုတ္ထယ်၍၊ စိတ်နှင့်ယှဉ်စပ်၍ ဖြစ်ကြသော ငြောင့်တို့ကား၊ များ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ သောက၊ ဝိစိကိစ္ဆာဟူသော ၇ မျိုးသော ကိလေသာတို့တည်း။ မြင်နိုင်ခဲသော တို မြားငြောင့်တို့ကို ဘုရားရှင်သည် မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူလေသည်။

http://www.dhammadownload.com

၅။ အကြင် ငြောင့်ဖြင့်စူးဝင်ခြင်း ခံနေရသူသည် အရပ်မျက်နှာဟူသမျှ သို့ ပြေးသွားနေရ၏။ ထိုငြောင့်ကိုပင် နုတ်ပယ်လိုက်၍ မပြေးသွားရတော့ပေ။ မနစ်မြုပ်ရတော့ပေ။

ငြောင့်ဟူသည်မှာ ရာဂစသော ကိလေသာ ၇ မျိုးပင် ဖြစ်၏။ ထို ကိလေသာတို့၏ အနက်အဓိပ္ပာယ်မျှားကို ရှေတွင် ဖွင့်ဆိုခဲ့ပြီးပါပြီ။

ထိုတွင် ရာဂတည်းဟူသော ငြောင့် အစူးခံနေကြရသော သူတို့သည် မကောင်းမှု ဒုစရိုက် အမျိုးမျိုးကိုလည်း ပြုကြကုန်၏။ ဝေးလံလှသော ရေခြား မြေခြား အရပ်မျှားသို့လည်း ဆင်းရဲပင်ပန်းကြီးစွာခံကာ စီးပွားအရှာ သွားကြရကုန်၏။ စီးပွားရှာ၍မရလျှင်လည်း စိတ်ဆင်းရဲကြရကုန်၏။ စီးပွားရှာ၍ ရပြန်တော့လည်း ရန်သူမျိုးငါးပါးတို့က နှိပ်စက်မည်လော၊ လုယူမည်လောဟု တွေးတောပူပန်ကြရ၏။ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းထားသည့်ကြားမှ ထိုဥစ္စာမျှား ပျက်စီးသွားလျှင် စိတ်ဆင်းရဲကြရကုန်၏။

ဒေါသ၊ မောဟ၊ မာန ငြောင့်မျှား အစူးခံနေကြရသူမျှားသည်လည်း မကောင်းမှု ဒုစရိုက်မျိုးစုံကို ပြုမိကြရကုန်၏။

ဒိဋ္ဌိတည်းဟူသောငြောင့် အစူးခံရသော ပရိဗိုဇ်ရဟန်းမျှား၊နိဂဏ္ဌရဟန်းမျှားသည် အတ္တကိလမထ အကျင့်အမျိုးမျိုးကို သန်ရာသန်ရာ ကျင့်ကြရကုန်၏။ သောကငြောင့် အစူးခံရသူတို့သည် ရင်ဘတ်စည်တီး ငိုကြွေးကြရကုန်၏။ တွေဝေမိန်းမောသွားကြရ၏။ ထိုသို့သော ဖြစ်ရပ်နမူနာမျှားကို သာဝတ္ထိမြို့တော်ကြီးနှင့်တကွ အရပ်ဒေသအားလုံး၌ တွေ့မြင်နိုင်ကြပေသည်။

သို့လော သို့လော တွေးတောယုံမှားသော ဝိစိကိစ္ဆာသည် အတိတ်၊ အနာဂတ်၊ပစ္စုပ္ပန် ကာလသုံးပါးတွင် ငါကို အရှိထား၍ တွေးတောယုံမှားခြင်းဖြစ်၏။ ထိုကဲ့သို့ တွေးတောယုံမှားသဖြင့် အရပ်မျက်နှာ အမျိုးမျိုးသို့ ပြေးလွှားနေရ၏။ ဘုံဘဝအမျိုးမျိုးသို့ စုန်ခေါ်ဆန်ခေါ် ကျင်လည်ကျက်စား နေရ၏။

http://www.dhammadownload.com

ထိုငြောင့်တို့ကို မဂ်ဉာဏ်တည်းဟူသော လက်နက်ဖြင့် ပယ်နုတ်လိုက်သောအခါ ပြေးသွားမှုဟူသမျှရပ်ဆိုင်းကြရကုန်၏။ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော ဩဃ လေးဖြာ အဏ္ဏဝါ၌လည်း နစ်မွန်းမျောပါရန် မရှိတော့ပါချေ။

၆။ ဤ လူ့ဘောင်လောက၌ တပ်မက်ဖွယ်ရာ ကာမဂုဏ်တို့သည် ရှိကြကုန်၏။ ထို တပ်မက်ဖွယ်ရာ ကာမဂုဏ်တို့ကြောင့် အတတ်ပညာ အမျိုးမျိုးကို သင်ယူကြရကုန်၏။ ထိုအတတ်ပညာ၊ ထိုကာမဂုဏ်တို့၌ လေ့လာလိုက်စားသူ မဖြစ်ရာ။ ထိုကာမတို့ကို ခပ်သိမ်းသော အားဖြင့် ထိုးထွင်းသိမြင်၍ မိမိဌိမ်းချမ်းခြင်းအလို့ငှာ ကျင့်သုံးရာ၏။

တပ်မက်ဖွယ်ရာ ကာမဂုဏ် အာရုံငါးပါးကို ခံစားနိုင်စေရန် အတတ်ပညာ အမျိုးမျိုးကို သင်ယူကြရကုန်၏။ ထိုအတတ်ပညာတို့ကား ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်၊ မျက်စိမှတိမ်ကို ခွဲစိတ်ကုသခြင်းအတတ်၊ စူးဝင်နေသောငြောင့်ကို ခွဲထုတ်ကုသခြင်းအတတ်၊ ကိုယ်ဖြင့် ဆေးကုခြင်းအတတ်၊ ဖုတ်သွင်းခြင်းအတတ်၊ ကလေးငယ်ကို ချီပိုးမွေးမြူခြင်းအတတ် စသည်တို့ ဖြစ်၏။

ထိုအတတ်ပညာတို့ကို ကာမဂုဏ် အာရုံငါးပါးကို ခံစားနိုင်ရေးအတွက်သာ သင်ယူနေကြ၍ ဘုရားရှင်က တားမြစ်တော်မူခြင်း ဖြစ်၏။ ထိုအတက်ပညာကို အမှီပြု၍ ရရှိလာသော ကာမဂုဏ် အာရုံတို့ကိုလည်း ပက်မောတွယ်တာမှုမပြုရန် ဆုံးမတော်မူ၏။ ထိုသို့ ဆုံးမတော်မူပြီးလျှင် ဝတ္တုကာမ၊ ကိလေသာကာမ ဟူသော ကာမနှစ်မျိုးလုံးကို အနိစ္စစသော သဘောဖြင့် ခြွင်းချက်မရှိ သိမြင်ပြီးလျှင် မိမိ၏ ကိလေသာငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးရပ်ကို ကျင့်သုံးရန် ဘုရားရှင် တိုက်တွန်းတော်မူလေသည်။

http://www.dhammadownload.com

၇။ ရဟန်းသည် သစ္စာတရားနှင့် ပြည့်စုံသည်ဖြစ်ရာ၏။ မကြွမ်းတမ်းသူ၊ မာယာမရှိသူ၊ ကုန်းတိုက်ခြင်းကင်းသူ၊ အမျက်မထွက်သူ ဖြစ်ရာ၏။ ယုတ်မာသော လောဘကိုလည်းကောင်း၊ ဝန်တိုခြင်းကိုလည်းကောင်း လွန်မြောက်ရာ၏။

သစ္စာတရားဟူသည်မှာ မှန်ကန်သောစကားကို ပြောဆိုခြင်း တည်းဟူသော ဝါစာသစ္စာ၊ တနည်း ဝစီသစ္စာ၊ သမ္မာဒိဋ္ဌိတည်းဟူသော ဉာဏသစ္စာ၊ မဂ္ဂင်ရှစ်ပါးကည်းဟူသော မဂ္ဂသစ္စာတို့ဖြစ်၏။ ဘုရားရှင်၏ တပည့်သားရဟန်းသည် ဤသစ္စာတရားအားလုံးနှင့် ပြည့်စုံအောင် ကျင့်သုံးရန် ဖြစ်ပေသည်။ ကြမ်းတမ်းခြင်း၊ မာန်ဝင်ထန်ခြင်း သုံးမျိုးကို ရှေတွင် အကျယ်ဖော်ပြခဲ့ပါပြီ။မာယာဟူသည်မှာ မိမိပြုလုပ်ထားပြီးသော မကောင်းမှုကို အများတကာတို့ မသိစေရန် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် လှည့်စားခြင်း၊ဖုံးကွယ်ခြင်း ဖြစ်၏။ ထိုအယုတ်တရားနှင့်တကွ ကုန်းတိုက်ခြင်း၊ အမျက်ထွက်ခြင်း၊ အလိုကြီးခြင်း၊ ဝန်တိုခြင်းတရားတို့နှင့် ကင်းရှင်းကြစေရန်လည်း ဘုရားရှင် ဆုံးမတော်မူလေသည်။

ရှေဂါထာ၌ မိမိ၏ဇြိမ်းချမ်းခြင်းအလို့ငှာ ကျင့်သုံးရာ၏ဟူ၍ မိန့်တော်မူခဲ့ရာ ယခုဂါထာဖြင့် ထိုမိန့်ဆိုချက်အတိုင်း လိုက်နာကျင့်သုံးပုံကို ဖွင့်ဆိုတော်မူခြင်း ဖြစ်ပေသည်။

၈။ နိဗ္ဗာန်သို့ညွတ်သောစိတ် ရှိသူသည် ငိုက်မျဉ်းခြင်းကိုလည်းကောင်း၊ ပျင်းရိခြင်းကိုလည်းကောင်း၊ ထိုင်းမှိုင်းခြင်းကိုလည်းကောင်း နှိမ်နင်းရာ၏။ မေ့လျော့ခြင်းဖြင့် မနေထိုင်ရာ။ အလွန်ထောင်လွှားသော မာနဓာ မတည်ရာ။

နိဗ္ဗာန်သို့ညွတ်သောစိတ်ဟူသည်မှာ ကုသိုလ်ကောင်းမှုတခုခု ပြုလုပ်သောအခါတိုင်း နိဗ္ဗာန်ကို ရည်စူး၍ ပြုလုပ်ခြင်း ဖြစ်၏။ အလှူပေးသောအခါ၊ သီလဆောက်တည်သောအခါ၊ ဥပုသ်စောင့်သောအခါ၊ သောက်ရေသုံးရေ တည်ထားသောအခါ၊ ကျောင်းဝင်းကို တံမြက်လှည်းသောအခါ၊

http://www.dhammadownload.com

စေတီတော်ကို ရှိခိုးသောအခါ၊ စေတီတော်၌ ပန်းနံ့သာ စသော လူဖွယ် ပစ္စည်းများ တင်လူသောအခါ၊ စေတီတော်ကို လက်ယာရစ်လှည့်၍ ပူဇော်သောအခါ၊ ကာမ၊ရူပ၊အရူပ ဘုံသုံးပါးနှင့် သက်ဆိုင်သော ကုသိုလ် တခုခု ပြုလုပ်သောအခါ ဝဋ်နှင့် သက်ဆိုင်သော လောကီဆုဟူသမျှကို မတောင့်တမူ၍၊ နိဗ္ဗာန်သို့သာလျှင်စိတ်ကိုညွတ်၍ ပြုလုပ်ခြင်း ဖြစ်ပေသည်။

ငိုက်မျဉ်းခြင်းမှာ ခန္ဓာနှင့်သက်ဆိုင်၏။ ပျင်းရိခြင်းနှင့် ထိုင်းမှိုင်းခြင်း တို့ကား စိတ်နှင့်ပတ်သက်ပေသည်။မေ့လျော့ခြင်းဟူသည်ကား မကောင်းမှု၊ ကောင်းမှု နှစ်မျိုးလုံးနှင့် သက်ဆိုင်ပေသည်။ ဒုစရိုက်သုံးမျိုး၊ ကာမဂုဏ် ငါးပါးတို့၌ စိတ်ဝင်စားနေခြင်းသည်လည်း မေ့လျော့ခြင်း ဖြစ်၏။ ကုသိုလ်ကောင်းမှုပြုလုပ်ရေးတို့၌တက်တက်ကြွကြွ၊ထက်ထက်သန်သန်မရှိခြင်း သည်လည်း မေ့လျော့ခြင်း ဖြစ်ပေသည်။ နှစ်မျိုးလုံးသော မေ့လျော့ခြင်း တို့နှင့်မနေပဲ ထိုမေ့လျော့ခြင်းကို ပယ်ဖျောက်ရန် ဘုရားရှင် ဆုံးမတော် မူပေသည်။

မာန်ထောင်လွှားပုံ အမျိုးမျိုးကို ရှေ့မှာ ဖော်ပြခဲ့ပါပြီ။

၉။ မုသားစကားကို မပြောဆိုရာ။ ရုပ်တရား၌ဘယ်တော့မှလုံး မပြုရာ။ မာနကိုလည်း ပိုင်းခြားရှု၍ သိရာ၏။ အဆောတလျင် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သည်ဖြစ်၍ ကျင့်ရာ၏။

မုသားပြောဆိုခြင်း၊ ရုပ်တရား၌ တွယ်တာခြင်းတို့ကား သိသာထင်ရှား ပါပြီ။ မာနကို ပိုင်းခြားရှုသိရာ၏ ဟူသည်မှာ မာနကို ဉာတပရိညာ၊တီရဏ ပရိညာ၊ ပဟာနပရိညာတို့ဖြင့် ပိုင်းခြားရှု သိခြင်းဖြစ်၏။

ထိုတွင် ဉာတပရိညာအားဖြင့် ပိုင်းခြားရှုသိပုံကား ဤသို့ဖြစ်၏။

မာနသည် စိတ်၏ ထောင်လွှားတက်ကြွသော သဘောဖြင့် တပါးသော ဖြစ်၏။ မိမိကိုယ်ကိုချီးမြှောက်ခြင်း၊ သူတပါးကို ရှုတ်ချခြင်းဖြင့် ခဲခြားလိုက်

http://www.dhammadownload.com

သော် ၂ ပါးဖြစ်၏။ ငါမြတ်သည်၊ ငါတူညီသည်၊ ငါယုတ်နိမ့်သည်ဟူ၍ တွေးကြံသောအားဖြင့် ၃ ပါးဖြစ်၏။ လာဘ်ပေါမျှားခြင်း၊ အခြံအရံမျှားခြင်း၊ အခြီးမှမ်းခံရခြင်း၊ ချမ်းသာခြင်းတို့ကြောင့် မာန်ထောင်လွှားခြင်းဖြင့် ၄ ပါးဖြစ်၏။ ကောင်းမြတ်သောအာရုံငါးပါးကို ရခြင်းကြောင့် မာန်ထောင်လွှားခြင်းဖြင့် ၅ ပါးဖြစ်၏။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊မနော ဟူသော ဣန္ဒြေ ၆ ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် မာန်ထောင်လွှားခြင်းဖြင့် ၆ ပါးဖြစ်၏။ ဤသို့စသည်ဖြင့် သိခြင်းသည် မာနကို ဉာတပရိညာဖြင့် ပိုင်းခြား၍ သိခြင်း ဖြစ်ပေသည်။

မာနကို တီရဏပရိညာဖြင့် ပိုင်းခြား၍သိပုံကား မာနကို အနိစ္စ၊ ဒုက္ခ စသော သဘောတို့ဖြင့် ဝိပဿနာဉာဏ်တင်၍ ဆင်ခြင်သုံးသပ်ခြင်းပင်တည်း။

အဆောတလျင်ပြုလုပ်ခြင်း ဟူသည်မှာ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌ၊ဥဒ္ဓစ္စ၊ဝိစိကိစ္ဆာ ဟူသော ကိလေသာတို့ ဖြစ်ပေါ်လာခြင်းဖြစ်၏။ထို့ပြင် အာသေဝန ပစ္စည်းကိုရ၍ အားအင်ကောင်းသော အနုသယ ကိလေသာတို့ကိန်းနေခြင်းသည်လည်း အဆောတလျင်ပြုလုပ်ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ မကောင်းမှုတို့ကို ရှောင်ကြဉ်ခြင်းသည် ကိလေသာငြိမ်းချမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း ဖြစ်ပေသည်။

၁၀။ အတိတ်ခန္ဓာတို့ကို မနှစ်သက်ရာ။ ပစ္စုပ္ပန်ခန္ဓာတို့၌ နှစ်သက်ခြင်းကို မပြုရာ။ တစုံတရာ ဆုံးရှုံးသွားသောအခါ စိုးရိမ်ပူဆွေးခြင်းမရှိရာ။ ဝဋ်ထဲသို့ဆွဲငင်ထားတတ်သော တဏှာကို မှီတွယ်သူ မဖြစ်ရာ။

အတိတ်၊ပစ္စုပ္ပန် ခန္ဓာငါးပါးတို့ကို မနှစ်သက်ရာ ဟူသည်၌ တဏှာဖြင့် နှစ်သက်ခြင်းနှင့်အတူ ဒိဋ္ဌိဖြင့် စွဲလမ်းခြင်းကိုလည်း ဘုရားရှင် တားမြစ်တော်မူလေသည်။

တစုံတခုဆုံးရှုံးသွားသောအခါ ဟူသည်မှာ မျက်စိ၊နှားစသော အတွင်းပစ္စည်းများ ဆုံးရှုံးပျက်စီးသွားသောအခါ၊ အဆင်း၊အသံ စသော အပြင်

http://www.dhammadownload.com

ပစ္စည်းများ လက်လှတ်ဆုံးရှုံးသောအခါ၊ အလိုရှိအပ်၊ တောင့်တအပ်သော ဣဋ္ဌာရုံများ လက်လှတ် ဆုံးရှုံးသွားသောအခါတို့ ဖြစ်၏။ ထိုအခါတို့၌ စိုးရိမ်ပူဆွေးနေသဖြင့် အကျိုးမရှိပြီ။ တရားသဘောကို ရှုမြင်သုံးသပ်ဟော သောကကိုပယ်ဖျောက်နိုင်မှသာ ထိုဒုက္ခမှ လွတ်မည် ဖြစ်ပေသည်။

၁၁။ တပ်မက်ခြင်းကို ကြီးစွာသော ရေလျဉ်ဟူ၍ ငါဘုရားဟောကြား၏။ လျင်စွာ ဖြစ်လာတတ်သော တရားကို တောင့်တခြင်းဟူ၍ လည်းကောင်း၊ မလှတ်မူ၍ ဆွဲကိုင်ထားခြင်း ဟူ၍လည်းကောင်း၊ တုန်လှုပ်ခြင်း ဟူ၍လည်းကောင်း ငါဘုရားဟောကြား၏။ ကာမဟူသောညွှန်ကို လွန်မြောက်နိုင်ခဲ့၏။

ဤဂါထာကား ပါဠိတော်မူရင်းနှင့်ပင် သိသာနေပါပြီ။ မဟာနိဒ္ဒေသ ပါဠိတော်နှင့် သက်ဆိုင်ရာအဋ္ဌကထာများတွင်လည်း အကျယ်တဝင့် ပွင့်ဆို ချက်များ မလာရှိပါ။

၁၂။ မကောင်းမှုမှအပပြုပြီးသော ထိုရဟန်းသည် သစ္စာဟရားမှ မရှောင်ရှားမူ၍၊ အလုံးစုံသောသင်္ခါရတရားကို စွန့်လွှတ်၍ ကြည်းကုန်းထက်၌ တည်၏။ ထိုရဟန်းကို ငင်စစ်အားဖြင့် ငြိမ်းချမ်းသူဟူ၍ ဆိုအပ်၏။

သစ္စာတရားဟူသည်မှာ ရှေးတွင် ဖေါ်ပြခဲ့ပြီးသော ဝစီသစ္စာ၊ ညာဏသစ္စာနှင့် မဂ္ဂသစ္စာတို့ ဖြစ်၏။ အလုံးစုံသော သင်္ခါရတရားတို့ကို စွန့်လွှတ်ခြင်း ဟူသည်မှာ ထိုတရားတို့ကို သာယာကပ်ငြိ စွဲလမ်းတပ်သော ဟကျာ၊ ဒိဋ္ဌိ၊ မာနတို့ကို ပယ်စွန့်ခြင်းဖြစ်၏။ ကြည်းကုန်း ဟူသည်မှာကား နိဗ္ဗာန်ဖြစ်ပေသည်။

http://www.dhammadownload.com

၁၃။ ထိုပုဂ္ဂိုလ်သည် ပညာရှိမည်၏။ ထိုပုဂ္ဂိုလ်သည် မဂ်ဉာဏ်သို့ ရောက်ပြီးသူ မည်၏။ တရားကိုသိ၍ မမှီတွယ်ပဲ လောကဋ္ဌ ကောင်းစွာ ကျင့်သော ထိုပုဂ္ဂိုလ်သည် ဤလောကဋ္ဌ တစုံ တယောက်ကိုမျှ မချစ်ခင်တော့ပေ။

တရားကိုသိ၍ဟူသည်မှာ သခ်ါရ တရားတို့၏ အနိစ္စ စသော သဘော လက္ခဏာကိုလည်းကောင်း၊ ဖြစ်လာသောတရားမှန်သမျှ ပျက်စီးရ၏ ဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း ဖြစ်၏။

လောကဋ္ဌ ကောင်းစွာကျင့်ခြင်း ဟူသည်မှာ အတွင်းအပြင် ဖြစ်သော အာယတနတရား ၁၂ ပါးတို့ဋ္ဌ ဆန္ဒရာဂကို ပယ်ခြင်း ဖြစ်၏။ တနည်း အားဖြင့် အဝိဇ္ဇာ အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာကြသော ပုညာဘိသခ်ါရနှင့် အာနေဉ္ဇာဘိ သခ်ါရတို့ကို အဝိဇ္ဇာဉာဏ်ဖြင့် ပယ်ဖြတ်ခြင်း ဖြစ်ပေသည်။

၁၄။ ဤလောလဋ္ဌ အကြင်ပုဂ္ဂိုလ်သည် ကာမတို့ကို လွန်မြောက်ခဲ့ပြီ။ လောကဋ္ဌ လွန်မြောက်နိုင်ခဲသော ကပ်ငြိုခြင်းကို လွန်မြောက်ခဲ့ပြီ။ ရေအလျဉ်ကိုဖြတ်၍ အနှောင်အဖဲ့ မရှိတော့သော ထိုပုဂ္ဂိုလ်သည် မပူဆွေးတော့ပေ။ မတွေးကြံတော့ပေ။

ကာမတို့ဟူရာဋ္ဌ ဝတ္ထုကာမနှင့် ကိလေသာ ကာမတို့ အကျုံးဝင်၏။ ကပ်ငြိုခြင်းဟူသည်မှာ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာ၊ ဒုစရိုက်ဟူသော တရား ၇ မျိုး ဖြစ်ပေသည်။

ရေအလျဉ်ဟူသည်မှာ တဏှာဖြစ်၏။ အနှောင်အဖဲ့ဟူသည်မှာ ကပ်ငြိုခြင်းတရား ၇ ပါးကို နာမည်တမျိုးဖြင့်ဟောကြားထားခြင်း ဖြစ်ပေသည်။ ထိုကိလေသာတရားတို့ကို ပယ်စွန့်ပြီးသော ပုဂ္ဂိုလ်သည် ကိုယ်တွင်းကိုယ်ပ အရာဝတ္ထုများ ပျက်စီးဆုံးရှုံးမှုနှင့် တွေ့ကြုံရသော်လည်း စိုးရိမ်ပူဆွေး

http://www.dhammadownload.com

ခြင်း၊ တွေးကြံ မှိုင်တွေနေရခြင်း မရှိတော့ပြီဟု အကျိုးတရားကို ပြ၍ ဘုရားရှင် ဟောကြားတော်မူလေသည်။

၁၅။ အတိတ်သန်ဓါရတို့ကိုအာရုံပြု၍ဖြစ်သော ကိလေသာကို ခန်းခြောက်စေလော့။ အနာဂတ်သန်ဓါရတို့ကို အာရုံပြု၍ဖြစ်သော ကြောင့်ကြခြင်းကို မဖြစ်စေလင့်။ ပစ္စုပ္ပန် ခန္ဓာငါးပါးတို့၌ မစဲ့ မယ္လသည် ဖြစ်အံ့။ သင်သည် ငြိမ်းချမ်းစွာ သွားလာရံလတ္တံ့။

အတိတ် သန်ဓါရတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာ ဟူသည်မှာ (ယံ ပုဗ္ဗေတံ)ဟူသော ပါဠိကို သက်ဆိုင်ရာ ပါဠိတော်၊အဋ္ဌကထာများနှင့် အညီ ဘာသာပြန်ထားခြင်း ဖြစ်၏။ ထိုပါဠိကိုပင် မဟာနိဒ္ဒေသ ပါဠိတော်က အကျိုးပေးခွင့် မကြုံသေးသော အတိတ် ကမ္မာဘိသန်ဓါရများဟုလည်း တနည်းအားဖြင့် ဖွင့်ပြပါသေးသည်။ ကိလေသာတို့ကို အရဟတ္တဖိုလ်မဂ်ဖြင့် အကြွင်းမဲ့ပယ်နိုင်သောအခါ ထို ကမ္မာဘိသန်ဓါရ တို့ကိုလည်း ပယ်ပြီး ဖြစ်ပါတော့သည်။

ကြောင့်ကြခြင်းဟူသည်မှာ ကိုဠုန ဟူသော ပါဠိကို ဘာသာပြန်ထားခြင်း ဖြစ်ပါ၏။ ကပ်ငြိခြင်းတရား ၇ ပါးတို့ကိုပင် နာမည် တမျိုးဖြင့် ဟောတော်မူထားခြင်း ဖြစ်ပေသည်။ မစဲ့မယ္လသည်ဖြစ်အံ့ ဟူသော စကားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မစဲ့မယ္လရန် ဘုရားရှင်က ဆုံးမတော်မူကာ ထိုအယ္လအစဲ့များကို ပယ်ခြင်း၏ အကျိုး ကျေးဇူးကိုလည်း တဆက်တည်း ပြဆိုတော်မူပေသည်။

၁၆။ အကြင် ရဟန္တာပုဂ္ဂိုလ်အား နာမ်ရုပ်တရား အပေါင်း၌ ခြင်းချက်မရှိ တွယ်တာမြတ်နိုးခြင်း မရှိပေ။ ကိုယ်တွင်းကိုယ်ပ အရာဝတ္ထုများ ပျက်စီးသော်လည်း စိုးရိမ်ပူဆွေးခြင်း မရှိ။ ထိုပုဂ္ဂိုလ်သည် လောက၌ မဆုံးရှုံးနိုင်တော့ပေ။

http://www.dhammadownload.com

ကိုယ်တွင်းကိုယ်ပ အရာဝတ္ထုများ ပျက်စီးသော်လည်း ဟူသော ပါဋ္ဌိမှာ အသတာစ ဟူသော ပါဋ္ဌိကို မဟာနိဒ္ဒေသ ပါဋ္ဌိတော်၊ ဖွင့်ဆိုသည်နှင့် အညီ မြန်မာပြန်ထားခြင်း ဖြစ်၏။ ထိုပါဋ္ဌိကိုပင် မဟာနိဒ္ဒေသပါဋ္ဌိတော်က ဒုက္ခဝေဒနာများ ခံစားရခြင်း၊ အလိုရှိအပ်သော အရာဝတ္ထုများမရရှိခြင်း များကိုလည်း ဆက်လက်၍ ဖွင့်ပြထားပါသေးသည်။

ဆုံးရှုံးခြင်း ဟူသည်မှာ ခန္ဓာငါးပါး သင်္ခါရ တရားတို့ကို ငါ့ဟာ သူ့ဟာ ဟူသော အယူအစွဲရှိသူများမှ တွေ့ကြုံရ၏။ ရဟန္တာပုဂ္ဂိုလ်မှာကား ထိုကဲ့သို့သော အယူအစွဲများ မရှိတော့သဖြင့် ဆုံးရှုံးဖွယ် မရှိနိုင်တော့ပေ။

၁၇။ အကြင်ရဟန္တာပုဂ္ဂိုလ်အား ဤသည်မှာ ငါ့ဟာဟူ၍လည်းကောင်း၊ ဤသည်မှာ သူတို့ဟာ ဟူ၍လည်းကောင်း ကြောင့်ကြခြင်း မရှိပေ။ ထိုပုဂ္ဂိုလ်သည် မြတ်နိုးအပ်သော အရာဝတ္ထုကို မရသော်လည်း ငါ့အား မရလေခြင်း ဟူ၍ မစိုးရိမ်၊ မပူဆွေးတော့ပေ။

မိမိတို့ရရှိတားသော ကိုယ်ခန္ဓာသည် ငါ့ဟာလည်း မဟုတ်ပေ။ သူများ ဟာလည်း မဟုတ်ပေ။ ရှေးရှေးဘဝက ဆည်းပူးခဲ့သော ကံတို့က ပြုပြင် ဖန်တီး၍ ပေးလိုက်ကြသဖြင့် ယခု ဘဝ၌ တွေ့ကြုံခံစားရသော အကျိုး တရားမျှသာ ဖြစ်ပေသည်။ ထို အကျိုး တရားသည် အကြောင်း တရား အဆက်ဆက်တို့ကြောင့်သာ ဖြစ်၏။ အကြောင်းတရား ဟူသမျှ၏ အမွန် အစဖြစ်သော အဝိဇ္ဇာချုပ်သော် အကျိုးတရားအားလုံး ချုပ်ပျောက်ရ လေတော့သည်။ ဤသို့သော ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ သူ့ဟာ ငါ့ဟာ မဟုတ်ပုံကို နားလည်သင့်ပေသည်။

ထိုမှတပါး အခြားသော သုတ္တန်များ၌လည်း ခန္ဓာငါးပါး တရားတို့၌ သူ့ဟာ ငါ့ဟာဟူ၍ ယူစရာ စွဲစရာ မရှိပုံ၊ ငါ၊ ငါ့ဟာဟူ၍ ယူစရာ စွဲစရာ မရှိပုံများကို ပြဆိုထားပါသေးသည်။ အခြားသော စကားများ၏ အနက် အဓိပ္ပာယ်များကို ရှေ့မှာ ဖော်ပြခဲ့ပါပြီ။

http://www.dhammadownload.com

၁၈။ တုန်လှုပ်ခြင်းမရှိသူကို ငါ့အား မေးသည်ရှိသော် ငြူစူခြင်းမရှိသူ၊ မက်မောခြင်း မရှိသူ၊ တုန်လှုပ်ခြင်း မရှိသူ၊ အာယတန အားလုံး၌ ဉပေက္ခာရှုနိုင်သူတို့၏ ထို အကျိုးတရားကို ငါ ဟောကြား၏။

သူတပါးတို့ လာဘ်ပေါမျှားခြင်း၊ အရိုအသေခံခြင်း စသည်တို့၌ ငြူစူခြင်းသည် ထိုအကျိုးကျေးဇူးမျှားကို မိမိတဦးတည်း ခံယူလိုသော လောဘကြောင့်သာ ဖြစ်၏။ ထိုအလိုဆိုးကို ပယ်စွန့်နိုင်ပြီဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်သည် တုန်လှုပ်ခြင်း မရှိ။ ပကတိမြဲမြံခိုင်ခံသောစိတ်မာတ် ရှိနေပေသည်။ နောက်စကားမျှားမှာလည်း ရဟန္တာ ပုဂ္ဂိုလ်၏ အလို တကှာ ပယ်စွန့်နိုင်ခြင်း၏ အကျိုးတရားမျှားကို ဖော်ပြထားခြင်းသာ ဖြစ်ပေသည်။

၁၉။ တုန်လှုပ်မှုကင်းပြီးသော သမ်မြင်ယောသူအား တစုံတခုသော သခ်ၤါရ မျှ မရှိပေ။ ထိုပုဂ္ဂိုလ်သည် သခ်ၤါရတို့မှ ရှောင်ကြဉ်သည် ဖြစ်၍ ခပ်သိမ်းသော အရာဌာနဌ် ဘေးကင်းရာကို မြင်၏။

သခ်ၤါရဟူသည်မှာ ပုညာဘိသခ်ၤါရ၊ အပုညာဘိသခ်ၤါရနှင့် အာနေဉ္စာဘိသခ်ၤါရတို့ ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည် ထိုသခ်ၤါရတို့၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာကို ပယ်ပြီးဖြစ်၍ အကျိုးဖြစ်သော ထိုသခ်ၤါရ တို့ကိုလည်း ပယ်ပြီး ဖြစ်၏။ ထိုသို့ ပယ်ပြီးဖြစ်၍ အလုံးစုံသော အရာဌာနတို့၌ ကြောက်မက်ဖွယ်ကိုပြုတတ်သော၊ ဘေးသင့်စေတတ်သော ကိလေသာ အားလုံးတို့ လွတ်ကင်းရာ နိဗ္ဗာန်တရားကို သိမြင်လေတော့သည်။

၂၀။ အကြင်ရဟန်းသည် တူညီသော ပုဂ္ဂိုလ်တို့၌ ငါတူညီ၏ဟု မပြောဆို။ ယုတ်နိမ့်သော ပုဂ္ဂိုလ်တို့၌ ငါမြင့်မြတ်၏ဟု မပြောဆို။ မြင့်မြတ်သော ပုဂ္ဂိုလ်တို့၌ ငါ ယုတ်နိမ့်၏ဟု မပြောဆို။ ကိလေသာငြိမ်းအေးပြီးသော၊ ဝန်တိုခြင်းကင်းပြီးသော ထိုရဟန်းသည် စဲယူခြင်းလည်း မပြုတော့ပေ။ ပယ်စွန့်ခြင်းလည်း မပြုတော့ပေ။

http://www.dhammadownload.com

ငါ၊ သူတပါး ဟူ၍ ပုဂ္ဂလသတ္တ အယူအစဲ့ ကင်းပြီး ဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်သည် မိမိနှင့် သူတပါးကို နှိုင်းယှဉ်ကာ မာန်မာန တက်ကြွမှု မပြု တော့ပေ။ ငါဟာ ဟူ၍ စဲ့ယူခြင်းမရှိသဖြင့် ဝန်တိုခြင်း ငါးပါးတို့လည်း မရှိတော့ပေ။ တစုံတခုသော တရားကိုမျှ ငါဟာဟူ၍ စဲ့ယူ မထားတော့ သဖြင့် ငါဟာ အဖြစ်မှ ပယ်စွန့်စရာလည်း မရှိတော့ပေ။

ဤသို့သော အရဟတ္တဖိုလ်၏ ဂုဏ်ကျေးဇူးကို အထူတ်တင်၍ ဘုရား ရှင်က ဒေသနာတော်ကို အဆုံးသတ်တော်မူ၏။ ထိုအခါ သက္ကျ၊ ကောလိယ အမျိုးအနွယ် နှစ်ဘက်လုံးမှ ငါးရာသော မင်းသားများသည် ဘုရားရှင်၏ ရှေတော်၌ ဖေါ်ဘိက္ခု ရဟန်းအဖြစ်ကို ရကြကုန်၏။ ဘုရားရှင်သည် ထို ရဟန်းငါးရာကို နောက်တော်ပါးမှ ခေါ်ဆောင်ကာ မဟာဝုန်တောကြီးသို့ ဝင်ရောက်တော်မူလေသည်။

http://www.dhammadownload.com



မဟာကုဏ္ဍာလဇာတ်

[ဤဇာတ်တော်ကား သက္ကၠကောလိယ နှစ်ပြည်ထောင်တို့မှ ဆွေတော် မျိုးတော် ရဟန်းသစ် ငါးရာတို့၏ လူထွက်ချင်သောစိတ်များး ပြေပျောက်သွားစေရန် ဘုရားရှင် ဟောကြားသော ဇာတ်တော် ဖြစ်ပေသည်။ အိမ်မှာ ကျန်ရစ်ကြသော ဇနီးသည်များအပေါ် သံယောဇဉ် တွယ်နေကြသဖြင့် ဘုရားရှင်က မိန်းမတို့၏ အပြစ်များကို ထူးကူးခြားခြားကြီး ထုတ်ဖော်၍ ဟောတော် မူရပေသည်။ အသိတိနိပါတ်တွင် ဤဇာတ်တော် ပါရှိပါသည်။

ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာသမယာသုတ် အဖွင့်၌ ဂါထာပေါင်း သုံးရာဖြင့် တန်ဆာဆင်၍ ကုဏ္ဍာလဇာတ်ကို ဟောကြား၏ဟု ဖွင့်ဆို ထားပါသည်။ ဤဇာတ် အဋ္ဌကထာတွင်မူ ဂါထာအမှတ် ၂၀၃ မှ ၇၂၃ ထိ ၁၇၁ ဂါထာသာ တွေ့ရပါသည်။

၁၄၁ ဂါထာတို့ဖြင့် အကျယ်တဝင့် ဟောကြားကားသော ဤဇာတ်တော်ကြီးကို ဤကျမ်း နောက်ဆက်တွဲတွင် အပြည့်အစုံ ဖော်ပြရန် မစွမ်းနိုင်ပါ။ ထို့ကြောင့် မဟာကုဏ္ဍာလ ဌက်မင်းက ပုံစံပြု၍ ဟောကြားထားသော ဇာတ်

http://www.dhammadownload.com

လက်တက်မျှားနှင့် အသေးစိတ် အချက်အလက်များကို ချန်ထားကာ အဓိက ဇာတ်ကြောင်းကိုသာ သိသာရုံမျှထုတ်၍ ဖော်ပြလိုက်ပါသည်။]

ရှေးသရောအခါ ဘုရားအလောင်းတော်သည် မဟာကုဏ္ဍာလ ဟူသော အမည်ဖြင့် ဥဿဌက်မင်း ဖြစ်လေ၏။ မဟာကုဏ္ဍာလ ဌက်မင်းသည်၊ ဆေးဖက်ဝင်သော ပစ္စည်းမျှားနှင့်တကွ တင်းထုက် ရတနာတို့ ကြွယ်ဝသော မြေထက်မှာ စိုးစံ၏။ ထို မြေပြင်ပေါ်ရှိ တောအုပ်ထဲတွင် သီးပင် ပန်းပင် မျိုးစုံတို့ ဖူးပွင့် ဝေဆာလျက် ရှိကြ၏။ သားကောင်မျိုးစုံ၊ ဌက်မျိုးစုံတို့ ကျင်လည်ကျက်စား နားခိုလျက် ရှိကြ၏။

မွေလျော်ဖွယ် ကောင်းလှသော ထို တောအုပ်ထဲတွင် မဟာကုဏ္ဍာလ ဌက်မင်းသည် ဌက်မအပေါင်း ခြံရံလျက် ကြီးစွာသော ဌက်မင်းစည်းစိမ်ကို ခံစားလျှက်နေ၏။ ထို ဌက်မင်း၏ အမွေးအတောင်တို့သည် အရောင်မျိုးစုံ ယှက်သန်းကာ ပြိုးပြိုးပြက်ပြက် တောက်ပကုန်၏။ ဌက်မင်း၏ အခြံအရံ အလုပ်အကျွေး ဌက်မတို့ကား သုံးထောင့်ငါးရာတိတိ ရှိကြလေသည်။

မဟာကုဏ္ဍာလဌက်မင်း ခရီးသွားလိုသောအခါ သူကိုယ်တိုင် အတောင် ခတ်၍ ပျံသန်းရန် မလိုချေ။ဌက်မင်း စီးနင်းလိုက်ပါနိုင်ရန် ဌက်မနှစ်ကောင် တို့က တုတ်တံတခုကို နှုတ်သီးနှင့်ကိုက်ချီ၍ ပျံသန်းပေးကြ၏။ ခရီးစဉ် တလျှောက်လုံးတွင် ဌက်မ ငါးရာတို့သည် ဌက်မင်း၏အောက်မှ ပျံသန်းလျက် လိုက်ပါကြရ၏။ မတော်တဆ ဌက်မင်း လိမ့်ကျခဲ့လျှင် အတောင် ချင်းယှက်၍ ဖမ်းယူ ကယ်တင်နိုင်ကြရန် ဖြစ်၏။ ဌက်မ ငါးရာတို့သည် ဌက်မင်း၏အပေါ်မှ ပျံသန်းလျက် လိုက်ပါကြရ၏။ ဌက်မင်းအား နေပူဒဏ်မှ ကာကွယ်ပေးရန် ဖြစ်၏။ ဌက်မ ငါးရာတို့သည် ဌက်မင်း၏ နံပါးနှစ်ဘက်မှ ပျံသန်းလျက် လိုက်ပါကြရ၏။ အအေးအပူ၊ မြက်ပင်၊ မြူမှုန်၊ လေနှင့် ဆီးနှင်းတို့ကို ကာကွယ်ပေးရန် ဖြစ်၏။

ဌက်မ ငါးရာတို့သည် ဌက်မင်း၏ရှေ့မှ ပျံသန်း၍ သွားကြရကုန်၏။ နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ မြက်ရိတ်သူ၊ ထင်းခွဲသူနှင့် တော အလုပ်သမားတို့က တခုခုနှင့် ပစ်ခတ်လျှင် အရန်သင့် အကာအကွယ်

http://www.dhammadownload.com

ပေးနိုင်ရန်လည်း ဖြစ်၏။ ချုံနွယ်သစ်ပင်များ၊ တိုင်များ၊ ကျောက်ဆောင်များ၊ အားကောင်းသော ငှက်ကြီးများနှင့် တိုက်ခိုက်ခြင်းကို ကာကွယ်ရန်လည်း ဖြစ်ပေသည်။

စကားချိုသာ၍ လိမ္မာစွာ ပြောဆိုတတ်ကုန်သော ငှက်မ ငါးရာတို့သည် ငှက်မင်း၏နောက်မှ ပံ့သန်း၍ လိုက်ပါကြရကုန်၏။ ခရီးစဉ်တလျှောက်တွင် ငှက်မင်း မငြိုးငွေ့စေရန် သူတို့က ဖြေဖျော်၍ ပေးကြရပေသည်။ အခြား ငှက်မ ငါးရာတို့ကား ငှက်မင်း ဆာလောင်မွတ်သိပ်လျှင် အရန်သင့် ဆက်သနိုင်ရန် အထူးထူးသော သစ်သီးများကို ကိုက်ချီလျက် သင့်ရာအရပ်မှ လိုက်ပါကြရကုန်၏။

ငှက်မင်းသည် အရာမ်၊ ဥယျာဉ်၊ မြစ်ဆိပ်၊ တောင်ထွတ်၊ သရက်တော၊ သပြေတော၊ တောင်ပိန္နဲတောနှင့် အုန်းတောများတွင် စိတ် နှစ်သက်သော နေရာတခုမှ အခြားတခုသို့ ဤသို့သော အခမ်းအနားဖြင့်သာလျှင် သွားလာလှည့်လည်၍ နေ၏။ဤသို့ ငှက်မတို့၏ ပြုစုလုပ်ကျွေးမှုကို လိုလေသေးမရှိ ခံစားနေရသော်လည်း မဟာကုဏာလ ငှက်မင်းသည် ငှက်မတို့ကို မျက်နှာသာ မပေးပါချေ။ အမျိုးမျိုး အဖုံဖုံ ပြစ်တင် မောင်းမဲ၍သာ နေလေသည်။

တနေ့သ၌ မဟာကုဏာလငှက်မင်း၏ မိတ်ဆွေဖြစ်သော ပဏ္ဏမုခ ဥဩငှက်သည် သူ့ အခြံအရံ ငှက်မများနှင့်တကွ ငှက်မင်းထံ ခစားရန် ပံ့သန်းလာ၏။ ပဏ္ဏမုခ ဥဩငှက်၏ အမွေးအတောင်များကား အားလုံး အနက်ရောင်ချည်း ဖြစ်၏။သူ၏ ရှေ့နောက်၊အထက်အောက်နှင့် ဝဲယာနံပါးတို့ကွင် ငါးဆယ် ငါးဆယ်စီသော ငှက်မတို့သည် ပံ့သန်းလျက် လိုက်ပါလာကြ၏။ ငှက်မ ငါးဆယ်တို့သည် သစ်သီးများခဲ့ကာ သင့်ရာအရပ်မှ လိုက်ပါလာကြ၏။

ပဏ္ဏမုခသွားရာအရပ်များသို့ ငှက်မများက ဤဘုံပင်ပို့ဆောင်၍ ပြုလုပ်ကျွေးမွေးကြရ၏။ ငှက်မတို့၏ ပြုစုလုပ်ကျွေးမှုကို လိုလေသေးမရှိ ခံစားရသည်ဖြစ်၍ ပဏ္ဏမုခသည် ငှက်မတို့ကို အမျိုးမျိုးအဖုံဖုံ ချီးကျူး မြွောက်စားခဲ့လေသည်။

http://www.dhammadownload.com

ပုဏ္ဏမုခ ပျံသန်းလာသည်ကို မဟာကုဏ္ဍာလ ဌက်မင်း၏ အလုပ်အကျေး ဌက်မများက ခရီးဦးကြိုဆိုယင်း "အမောင်ပုဏ္ဏမုခ၊ မဟာကုဏ္ဍာလ ဌက်မင်းသည် ငါတို့ကို အမျိုးမျိုးအဖုံဖုံ ပြစ်တင်မောင်းမဲ၍သာ နေပါသည်။ သင် ဖျောင်းဖျပေးလျှင်ကား ငါတို့အား သာယာ ပြေပြစ်စွာ ပြောဆို ကောင်း ပြောဆိုပါလိမ့်မည်"ဟု ပန်ကြားကြ၏။

"အို နှမတို့၊ သာယာပြေပြစ်စွာ ပြောဆိုကောင်းပြောဆိုပါလိမ့်မည်" ဤသို့ ပုဏ္ဏမုခက စကားတုံ့ပြန်ပြီးလျှင် မဟာကုဏ္ဍာလဌက်မင်းထံ ဝင်၍ ခစားပြီးလျှင် "အဆွေ ကုဏ္ဍာလ၊ မိမိနှင့် အမျိုးဇာတ် တူမျှကုန်သော ဌက်မများက ကောင်းမွန်စွာပြုစုလုပ်ကျွေးကြပါလျက် အကျင့်ပျက်မများဟူ၍ သင်အဘယ့်ကြောင့် ဆိုရသနည်း။ ဌက်မများက မနှစ်မြို့ဖွယ်ရာ ပြောဆိုကြသည်ကိုပင် နှစ်မြို့ဖွယ်ရာပြောဆိုကြသကဲ့သို့ ဌက်ဖိုများက သဘော ထားကြရပါသေးသည်။ နှစ်မြို့ဖွယ်ရာပြောဆိုပါမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု ဌက်မများဘက်မှ ထောက်ခံပြောဆို၏။ သူ့စကားကို မဟာကုဏ္ဍာလဌက်မင်းက လက်မခံပဲ ခြိမ်းခြောက် မာန်မဲ၍ နှင်လွှတ်လိုက်လေသည်။

ထို့နောက် အချိန်များစွာကြာလတ်သောအခါ ပုဏ္ဏမုခ ဥဩဌက်သည် သွေးဝမ်းကျရောဂါကို ခံစားရ၏။ ရောဂါဒဏ် ပြင်းထန်လှသဖြင့် သေမတတ်ခံစားရ၏။ ဤတွင် အလုပ်အကျေးဌက်မတို့သည် ပုဏ္ဏမုခ အသက် ချမ်းသာဦးမည်ဟု မမျှော်လင့်ကြသဖြင့် ပုဏ္ဏမုခကို တကောင်တည်း ချန်ထားကာ မဟာကုဏ္ဍာလ ဌက်မင်းထံသို့ ချဉ်းကပ်လာကြကုန်၏။

မဟာကုဏ္ဍာလ ဌက်မင်းသည် ထိုဌက်မတို့ လာနေသည်ကို အဝေးမှ လှမ်းမြင်နေသဖြင့် "ဟယ် အယုတ်မတို့၊ သင်တို့၏လင် အဘယ်မှာနည်း"ဟု ဆီးမေး၏။ ဌက်မတို့က ပုဏ္ဏမုခ ရောဂါရနေကြောင်း လျှောက်ထားကြသောအခါ မဟာကုဏ္ဍာလဌက်မင်းက "ဟယ် အယုတ်မတို့၊ သင်တို့သည် ခိုးသူနှင့် တူကုန်၏။ လှည့်စားတတ်ကုန်၏။ သတိမယှဉ်ပဲ လျင်မြန်စွာ ပြောင်းလဲ ဖောက်ပြန်သောစိတ်ရှိကုန်၏။ ကျေးဇူးကန်းကုန်၏။ အလိုရှိရာ အရပ်သို့လေကဲ့သို့ သွားတတ်ကြကုန်၏။ သင်တို့ ပျက်စီးကြလေကုန်လော့" ဟု မောင်းမဲလိုက်၏။

http://www.dhammadownload.com

ဤသို့ မောင်းမဲပြီးနောက် မဟာကုဏာလငှက်မင်းသည် ပုဏ္ဏမုခရှိရာ သို့ ချဉ်းကပ်လာပြီးလျှင် အသက်ရှင်နေသေးသည်ကို တွေ့ရသဖြင့် ပုဏ္ဏမုခ အား မိမိ၏ အတောင်များဖြင့် လည်းကောင်း၊ နှုတ်သီးဖြင့် လည်းကောင်း ယုယစွာ ပွေ့ပိုက်ထူမ၍ အထူးထူးသော ဆေးများကို တိုက်ကျွေးပြုစု၏။ ဤသို့ဖြင့် ပုဏ္ဏမုခ၏ သွေးဝမ်းကျရောဂါ ပျောက်ကင်း သွားလေသည်။

ရောဂါဒဏ် ခံစားနေရစဉ်က ပစ်ခွာ၍သွားခဲ့ကြသော ငှက်မတို့သည် ပုဏ္ဏမုခ ကျန်းမာလာသောအခါ ပြန်၍ချဉ်းကပ်လာကြ၏။ မဟာကုဏာလ ငှက်မင်းသည် ချက်ချင်း မပြန်သေးပဲ ပုဏ္ဏမုခအားရှိလာစေရန် သစ်သီး ကြီးငယ်များဖြင့် ကျွေးမွေး ပြုစု၍ နေ၏။ ဤသို့ နှစ်ရက်သုံးရက်မျှ ပြုစု ပြီးမှ "အဆွေပုဏ္ဏမုခ၊ ယခု အသင် ရောဂါကင်းပြီ။ သင့် အလုပ်အကျွေး ငှက်မများနှင့်အတူ သင် နေရစ်လော့။ ငါ၏ နေရာသို့ ငါပြန်ဦးမည်" ဟု နှုတ်ဆက်၏။ ထိုအခါ ပုဏ္ဏမုခက "အဆွေ ကုဏာလ၊ ဤ ငှက်မတို့သည် ကျွန်ုပ် ရောဂါခံစားနေစဉ်က ကျွန်ုပ်ကို စွန့်ပစ်၍ သွားခဲ့ကြကုန်၏။ ကာမ ကြူးသော ဤငှက်မတို့ကို ကျွန်ုပ် အလိုမရှိတော့ပြီ" ဟု ပြန်ကြား၏။

ဤတွင် မဟာကုဏာလငှက်မင်းက "အဆွေ ပုဏ္ဏမုခ၊ ထိုသို့ဖြစ်လျှင် မိန်းမတို့၏ ဖောက်လွဲဖောက်ပြန် ယုတ်မာမှု မျိုးစုံကို သင့်အား ငါဟော ကြားအံ့" ဟု ဆိုကာ ပုဏ္ဏမုခအား ဟိမဝန္တာသို့ ခေါ်လာခဲ့၏။ ခုနစ်ယူဇနာ ရှိသော အင်ကြင်းပင်ရိပ်ရှိ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာထက်သို့ ဆင်းသက်ခဲ့ကြ၏။ ဤနေရာမှနေ၍ ကြီးကျယ်စည်ကားလှသော တရားပွဲ ကြီး ကျင်းပရန် ဖြစ်ပေသည်။

ဟိမဝန္တာတောတခုလုံးရှိ နတ်အပေါင်းသည် တရားပွဲကြီး ကျင်းပမည့် အကြောင်းကို ကြွေးကြော်ကြကုန်၏။ "ယခုအခါ ကုဏာလငှက်မင်းသည် ဟိဝမန္တာဝယ် ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာထက်မှာနေ၍ သဗ္ဗညု ဘုရားရှင်တို့၏ တင့်တယ်ခြင်းဖြင့် တင့်တယ် စံပယ်စွာ တရားဟောလတ္တံ့။ တရားနာရန် လာရောက်ကြကုန်လော့" ဟု နှိုးဆော်ကြကုန်၏။ ထိုနှိုးဆော် သံကိုကြားသဖြင့် နတ်ပြည်ခြောက်ထပ်မှ နတ်အပေါင်းတို့ ကြားကြကုန်၍ များစွာသော နတ်တို့သည် တရားနာရန် လာရောက်ကြကုန်၏။ ဂဋ္ဌုန်၊ ကိန္နရာ၊ ဝိဇ္ဇာဓိုရ်အစရှိသော သတ္တဝါတို့လည်း ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာသို့ စည်းဝေးလာကြကုန်၏။

http://www.dhammadownload.com

ဂိဇ္ဈကူဋ်တောင်၌နေသော အာနန္ဒာ လင်းတမင်းသည်လည်း ထို ကြွေးကြော်သံကို ကြား၍ မိမိ အခြေအရံများနှင့်တကွ လာရောက်၍ သင့်လျော်ရာ အရပ်မှာ နေ၏။ စျာန်အဘိညာဉ်ရသော နာရဒရှင်ရသေ့ သည်လည်း ရသေ့တသောင်း ခြံရုံလျက် တရားနာရန် ရောက်လာ၏။ သဗ္ဗညုတ ဘုရားရှင်၏ အစည်းအဝေးကြီးကဲ့သို့ပင် ကြီးကျယ် ခမ်းနား လှသော အစည်းအဝေး ဖြစ်ပေါ်လာပေသည်။

ထိုအစည်းအဝေးကြီး၌ မဟာကုဏ္ဍာလဉ်က်မင်းသည် ရှေးဘဝကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ်ဖြင့် မိမိကိုယ်တိုင် တွေ့ကြုံခဲ့ရသော လူမိန်းမတို့၏ ဖောက်လဲ့ဖောက်ပြန် ယုတ်မာမှု အမျိုးမျိုးကို တမျိုးပြီး တမျိုး ထုတ်ဖော်ဟောကြား၏။ တရားနာ ပရိသတ်အပေါင်းက တရား တော်ကို ကောင်းချီးနုမော် သာဓုခေါ်ကြကုန်၏။ အာနန္ဒာလင်းတမင်းနှင့် နာရဒရှင်ရသေ့တို့ကလည်း မိန်းမတို့၏ ယုတ်မာမှုများကို ဟောပြောကြကုန် ၏။ ထို့နောက် မဟာကုဏ္ဍာလဉ်က်မင်းက မိန်းမတို့ ယုတ်မာမှုများကို ဆက်လက်၍ ဟောကြားပြီလျှင်

"အကြင် ယောကျ်ားတို့သည် မိန်းမတို့ကို အလိုမရှိပဲ မြတ်သော အကျင့်ကို ကျင့်သုံးကြကုန်၏။ ထိုယောကျ်ားတို့သည် ကိလေသာ ငြိမ်းကုန်သည်ဖြစ်၍၊ ကိလေသာ စင်ကြယ်ကုန်သည်ဖြစ်၍ ဆင်းရဲ ဒုက္ခအပေါင်းမှ လွန်မြောက်သော၊ ငြိမ်သက်သော၊ ကိလေသာ ဟူသော တုန်လှုပ်ခြင်း မရှိသော၊ ကာ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် မပြို့မပြင် မစီရင် အပ်သော နိဗ္ဗာန်တရားတော်ကို အလွယ်တကူနှင့် ရနိုင်သည် သာတည်း"

ဤသို့လျှင် ဘုရားလောင်း မဟာကုဏ္ဍာလဉ်က်မင်းသည် အမြို့က်နိဗ္ဗာန်သို့ ပို့ဆောင်လျက် ဤ ဇာတ်တော် ဒေသနာတော်ကို နိဂုံးချုပ်လိုက်လေသည်။ တရားနာ ပရိသတ်အပေါင်းသည် သောင်းသောင်းဖြဖြ ကောင်းချီး ထောပနာပြုကာ မိမိနေရာသို့ ပြန်ကြကုန်လေသတည်း။

နတ်တို့ချစ်ရာဒေသနာတော် (မဟာသမယသုတ္တန်များအဖွင့်) ပြီး၏။

http://www.dhammadownload.com

အက္ခရာစဉ် အညွှန်း

'က'

ကမ္မဘဝ ၁၄၄
ကြွယ်ငါးစိတ်များ ၂၀၇
ကြောင့်ကြခြင်း ၇ ပါး ၂၀၉

'ခ'

ခီဏာသဝ ၁၄၇
ခီဠာပနဒါသိက ၁၃၆
ခတ္တိယမိသ ၃၂
ခန္ဓာဝန်ယုပ်ဝန်ပိုး ၂၁၇
ချစ်အပ်သောဇတ္တု ၁၃၃၊၁၈၂၊၁၈၃
ခြေထောက်ဖြင့်လော်လည်ခြင်း ၂၄၇
ခြင်္သေ့ငင်းတို့၏ အိပ်စက်ခြင်း ၂၄၉

'ဂ'

ဂန္ဓဗ္ဗနတ် ၈၂၊၁၇၅
ဂန္ဓိ ၄ ပါး ၉၉၊၁၇၅

'င'

ငိုခြင်းကြွေးခြင်း ၁၈၁
ငြင်းခုံခြင်း၏အကျိုးတရား ၂ ပါး ၂၀၁
ငြောင့် ၂၀၂
ငြောင်အစုးခံနေကြရသူများ ၂၀၂

'ဃ'

ဃာနိန္ဒြေ ၁၂၂

'စ'

စရိုက် ၆ ပါး ၉၀
စူဠဇျုတသုတ်မြန်မာပြန် ၁၀၅
စူဠဇျုတသုတ်(သုတ္တံ) ၄၀၊၆၅၊၂၁၂
စူဠဇျုတသုတ်အဖွင့် ၁၉၄

'ဆ'

ဆဋ္ဌာယတန ၁၂၄
ဆန်ခါတင်ခြင်း ၁၂၆
ဆယ်ပါးသီလ ၁၂၆
ဆွမ်းခံဝတ် ၁၂၆
ဆွမ်းခံသွားခြင်း ၁၂၆
ဆွမ်းခံသွားခြင်း၏ အကျိုးတရား

http://www.dhammadownload.com

စိုးရိမ်ခြင်း ၁၈၁
စက္ခု ၅ ပါး ၈၁၊၁၂၂၊၂၂၆
စက္ခုနွေကို စောင့်စည်းခြင်း ၂၃၆၊ ၂၃၇
စိတ်အားဖြင့်မာန်ခက်ထန်ခြင်း ၁၆၈
စိတ္တဝိဝေက ၂၂၀

'ဆ'

ဆဋ္ဌဂုံပေက္ခာ ၁၂၂
ဆဲရေးကြောင်းဝတ္ထုဆယ်မျိုး ၁၄၄
ဆဲရေးခြင်း ၁၄၄
ဆန္ဒ ၅ မျိုး ၁၈၃
ဆန္ဒရာဂ ၁၃၃၊၁၄၀
ဆုံးဖြတ်ခြင်း ၂ မျိုး ၁၈၅
ဆုံးရှုံးခြင်း ၂၉၀

'ဇ'

ဇမ္ဗုကောလသင်္ဘောဆိပ် ၁၂၇
ဇမ္ဗူဒိပ်ကျွန်း ၁၂၇

'ဉ'

ဉာတပရိညာ ၁၈၉

'ည'

ညောင်စောင်းသိုမှီးခြင်း ၂၄၆

'တ'

တဏ္ဍာ ၁၀၈ ပါး ၁၄၀
တဏ္ဍာသုံးပါး ၁၄၀
တဏ္ဍာ ၅၄ ပါး ၁၄၀
တပေါဇိဂုစ္ဆာဝါဒ ၁၁၁၊၂၀၈
တိရဏပရိညာ ၁၉၀၊၂၈၆
တုဝဋ္ဌကသုတ်မြန်မာပြန် ၁၁၅
တုဝဋ္ဌကသုတ်(သုတ္တ) ၄၀၊၇၃၊၁၂၂
တုဝဋ္ဌကသုတ်အဖွင့် ၂၁၈၊၂၄၀

'ထ'

ထူထပ်သောကိလေသာ ၁၇၄
ထိတ်လန့်ခြင်းမရှိ ၁၅၈

'ဒ'

ဒိဋ္ဌခမ္မနိဗ္ဗာနဝါဒ ၅ မျိုး ၁၃၉
ဒိဋ္ဌမင်္ဂလာ ၁၃၀၊၁၃၁
ဒိဋ္ဌိသုဒ္ဓိ ၁၁၁
ဒိဋ္ဌုပါဒါန် ၁၃၃
ဒိဗ္ဗစက္ခု ၂၂၆
ဒိဗ္ဗစက္ခုအဘိညာဉ် ၈၀၊၈၁၊၁၂၃၊ ၂၁၄၊၂၂၆ ၂၂၈
ဒွါရမြောက်ပါး ၁၂၂

'ဓ'

ဓာရဋ္ဌနတ်မင်းကြီး ၈၂၊၈၄၊၁၂၄
ဓူတင်၌အလိုနည် ခြင်း ၁၆၁

'န'

နမုခိ ၁၂၅
နိယတမိစ္ဆာဒိဋ္ဌိ ၁၄၉
နိဝရဏဝါးပါး ၁၇၇
နေဝသညီနာသညီဝါဒ ၈ မျိုး ၁၃၉
နှံသာသိုမှီ ခြင်း ၂၄၆
နက္ခတ်အတတ် ၁၁၇၊၂၅၀
နတ်တို့ချစ်မြတ်နိုးကြပုံ ၁၂၆
နတ်သမီး၏လက်ညှိုးတဆစ် ၁၂၈
နိမ္မိတဘုရားရှင် ၁၃၀၊၁၅၀၊၁၅၃၊ ၁၅၄၊၁၇၉၊၁၈၀၊ ၁၈၃၊၁၈၆၊၁၈၈၊ ၁၈၉၊၁၉၁၊၁၉၃၊ ၁၉၄၊၂၁၀၊၂၈၀၊

http://www.dhammadownload.com

နှုတ်အားဖြင့် မာန်ခက်ထန်ခြင်း ၁၆၈

'ပ'

ပဉ္စာစက္ခု ၂၂၆၊၂၃၀
ပဉ္စာသက္ခာ ၁၀၇
ပဉ္ဇဲယ ၁၃၃
ပဉ္ဇိသမ္ဘိဒါဓလေးပါး ၃၀၊၁၇၁
ပထမသင်္ကိယနာ ၁၁
ပထဝီဥန္ဒြိယဇာတ် ၂၅၊၂၆၅
ပပဉ္စဘရား ၁၁၅၊၁၆၃၊၂၂၁
ပရိကံ ၈၇၊၁၂၃
ပရိညာ ၁၄၀
ပရိဇ္ဈာသယဒဿနာ ၆၁
ပရိယုဋ္ဌာန(ကိလေသာ) ၁၄၆
ပဟာနကိစ္စ ၁၄၀
ပဟာနပရိညာ ၁၆၀
ပီဘကသိုဏ်း ၃၇
ပုဆုဇဉ် ၁၇၊၂၀၇
ပုရာဇာဒဿုတ် ၄၀၊၅၆၊၁၀၀
ပုရာဇာဒဿုတ်မြန်မာပြန် ၆၇
ပုရာဇာဒဿုတ်အဖွင့် ၁၅၃၊၂၄၇
ပေါက္ခရသာတိပုဏ္ဏား ၁၂
ပစ္စုပ္ပန်ကာလဒ္ဓါဓမ္မသို့မျှ
မဇရတွက်သင့်သူ ၁၅၅
ပုစ္ဆာ ၃ မျိုး ၂၁၆
ပုစ္ဆာဝသိကဒဿနာ ၄၁
ပန်းခေးခြင်း ၂၄၃
ပုဒ္ဓနိဝါသအဘိညာဉ် ၁၃၅၊၁၃၆၊
၁၃၇

'ဖ'

ဖဿနုဇာတ် ၂၁၊၂၆၁
ဖဿတို့ဌာန်းဆိတ်သည်ကို
ရှုခြင်း ၁၆၃
ဖလသမာပတ်ဝင်စားခြင်း ၁၀၆
ဖုသနာ ၁၀၆
ဗာရာဏသီမင်း ၁၆
ဗောဓိပက္ခိယဘရား ၁၁၃၊၁၂၁၊
၂၂၁၊၂၂၄
ဗုဒ္ဓစက္ခု ၂၃၁၊၂၃၃
ဗုဒ္ဓဝံထိ ၃၇
ဗျဉ်ဃပထမြို့ ၂၀
ဗြဟ္မဇာလသုတ် ၁၁၊၁၃၊၁၃၄၊
၁၄၀
ဗြဟ္မာပြည်၏မြင့်ပုံ ၂၂

'ဘ'

ဘဂဆောက်ခြင်း ၁၆၂
ဘဝပြတ်ခြင်း ၁၆၂
ဘဝရာဂသံယောဇဉ် ၁၅၂
ဘုရားရှင်၏ဂုဏ်ကျေးဇူး ၆၀
ဘဿပုဂ္ဂိုလ်မျိုး ၄၊၁၃၀
ဘုန်းတော်လမည်းသာအာဘော်ပညာ ၁၅
ဘုံသုံးပါဟာရားများ ၁၄၈

'မ'

မချက်အပ်သောဝတ္ထု ၁၃၃
မစင်ကြယ်သောတရား ၂၀၇
မဇ္ဈိမဒေသ ၁၅၆
မနိစ္စခြေ ၁၁၂

ဗေဒင်ဆရာတို့ဘုရား ၂၅၂

http://www.dhammadownload.com

ဝဋ္ဌကဇာတ် ၂၆၊၂၇၄
ဝန်တိုခြင်း ၁၈၁
ဝန်တိုခြင်းဝါးမျိုး ၁၆၇၊၁၇၈၊၁၈၂

'သ'

သကျ ၂၀
သကျမျိုးနွယ် ၂၀၊၂၁၊၂၂
သညီဝါဒ ၁၆ မျိုး ၁၃၈
သမဏမုဏ္ဍိကာပုတ္တ၏အဆို ၂၀၄
သမာဓိသိက္ခာ ၁၈၇
သမန္တစက္ခု ၂၃၃
သဥပါဒိသေသနိဗ္ဗာန် ၁၄၂၊၁၄၉
သာယာဖွယ် ၁၈၅
သာရိပုတ္တရာ၊ အရှင် ၁၄၃
သီလသိက္ခာ ၁၈၇
သီလက္ခန်အဌကထာ ၁၂၂
သီလဗ္ဗတုပါဒါန် ၁၄၀
သုတဒိဋ္ဌိ ၁၁၁
သူရမ္ပဋ္ဌဒါယကာ ၁၄၁
သောတိန္ဒြေ ၈၂
သံယောဇဉ် (၁၀) ပါး ၁၅၂
သံဝဋ္ဌ ၁၀ ကပ် ၁၃၅
သံဝဏ္ဏနာ ၁၂၀
သံဝဏ္ဏေတဗ္ဗ ၁၂၀
သိုမှီးသိမ်းဆည်း၍ မထားသင့်
သော ပစ္စည်းများ ၂၄၅
သိက္ခာသုံးပါး ၁၅၄
သက်နှံးကိုသိုမှီးခြင်း ၂၄၅
သက်နှံးဌာရောင့်ရဲပုံသုံးမျိုး ၁၆၁
သစ်ပေးခြင်း ၂၄၂
သစ်သီးပေးခြင်း ၂၄၃
သစ္စာလေးပါး ၁၃၂၊၁၄၅၊၀၄၆
သုဒ္ဓါဝါသဗြဟ္မာကြီး ၃၅၊၃၇၊၃၈၊
၁၂၂၊၁၂၃
သုဒ္ဓါဝါသဘုံ ၇၇
သမ္မာပရိဗ္ဗာဇနီယသုတ် ၄၀၊၄၄၊၅၅၊
(သုတ္တ) ၁၅၃
သမ္မာပရိဗ္ဗာဇနီယသုတ်
မြန်မာပြန် ၉၃၊၁၈၀
သမ္မာပရိဗ္ဗာဇနီယသုတ်အဖွင့် ၁၂၉
သမ္မတ္တနိယာ ၁၄၉
သိမ်းပိုက်ခြင်းနှစ်မျိုး ၀၈၉
သုံးပါးသောဝန်ထုပ်ဝန်ပိုး ၂၁၇
သဿတဒိဋ္ဌိ ၁၀၄
သဿတဝါဝါဒ ၄ မျိုး ၁၃၄
သဿတဝါဒီ ၁၀၃၊၁၉၁

'ဟ'

ဟာရိတဗြဟ္မာကြီး ၉၁

'အ'

အကနိဋ္ဌဗြဟ္မာပြည် ၃၈၊၄၂
အကိရိယဝါဒီ ၂၀၉
အကုသိုလ်မူလတရားသုံးပါး ၁၄၉
အကျိုးရှိသောစကားဆယ်မျိုး ၁၆၀
အကြမ်းစားကိလေသာ ၂၅၃
အတိတ်ကာလကို မကပ်မှီခြင်း ၁၅၅
အတိတ်ကိုစွဲ၍စိုရိမ်
ပူဆွေးခြင်းရှိ ၁၆၃
အတိတ်ခန္ဓာငါးပါး ၁၅၀
အဓိစိတ္တသိက္ခာ ၁၅၄
အဓိပညာသိက္ခာ ၁၅၄
အဓိသီလသိက္ခာ ၁၅၄
အဓိစ္စသမုပ္ပန္နဝါဒနှစ်မျိုး ၁၃၇
အဓွန့်သုံးဖြာ ၁၅၀
အနာဂတ်ခန္ဓာငါးပါး ၁၅၀
အနာဂတ်၌ကပ်ငြိခြင်းရှိ ၁၆၃
အနုစားကိလေသာ ၂၅၃၊၂၅၄

http://www.dhammadownload.com

အနုပါဒိသေသနိဗ္ဗာန် ၉၃၊၁၄၂၊ ၁၄၃၊၁၉၀
အနုပါဒိသေသနိဗ္ဗာန်ဟူသည် ၁၄၂
အနုသယ ၉၅၊၁၄၅၊၁၄၆
အနုသယကိလေသာ ၁၄၆
အနုသယ(၇)ပါး ၁၄၆၊၁၄၇
အနန္တရိယကံကြီးငါးပါး ၁၄၉
အနှောင်အဖွဲ့ ၂၈၈
အနှစ်သာရများ ၁၄၁
အပဟာတဗ္ဗတရား ၁၃၃
အပြစ်ရှိသောကံ ၂၀၇
အပြစ်ရှိသောမင်္ဂလာ ၁၃၁
အဖုံးအပိတ်ဟူသည် ၁၄၉
အမရဝိတက် ၂၅၄
အမရာဝိကွေပဝါဒလေးမျိုး ၁၃၇
အမျက်မထွက်သူ ၁၅၈
အရဟတ္တဖိုလ် ၃၀၊၃၁
အရဟတ္တမင်(ဥာဏ်) ၁၁၅၊၁၃၂
အရိယာသာဝက ၁၄၁
အရူပါဝစရစျာန် ၁၅၇
အရွက်ပေးခြင်း ၂၄၃
အလိုနည်းခြင်းလေးမျိုး ၁၆၀
အလတ်စားကိုလေသာ ၂၅၃
အဝိဇ္ဇာသံယောဇဉ် ၁၅၂
အသညီဝါဒ ၈ မျိုး ၁၃၈
အသုရာနတ် ၁၂၄၊၁၂၅
အတ္တဒဏ္ဍသုတ် ၂၆၊၂၇၇
အတ္တဝါဒုပါဒါန် ၁၄၀
အန္တာနန္တဝါဒလေးမျိုး ၁၃၆
အမ္ဗဋ္ဌလုလင် ၁၂

'အာ'

၁၉၁
၁၀၃
အာကာသာနဉ္ဇာယတနစျာန်
ရရန် အားထုတ်နိုင်သူ ၁၉၁
အာဃာတဝတ္ထုဆယ်ပါး ၁၅၇
အာထဗ္ဗဏမန္တန် ၁၁၇၊၂၅၀
အာနန္ဒာ၊အရှင် ၁၁၊၁၂
အာဘဿရဗြဟ္မာ့ပြည် ၁၃၅
အာသဝ ၉၅၊၁၄၇၊၁၆၃
အာသဝလေးပါး ၁၄၇၊၁၅၂

'အိပ်'

အိပ်မက်တိတ္ထုံအဘတ် ၁၁၇၊၂၅၀
အိပ်မက်မက်ခြင်း
အကြောင်းလေးပါး ၂၅၀

'ဣ'

ဣန္ဒြေကိုစောင့်စည်းခြင်း ၁၂၂

'ဥ'

ဥပဓိဘရားလေးပါး ၁၅၀၊၁၅၁
ဥပဓိဝိဝေက ၁၆၂၊၂၂၁
ဥပဓိဟူသည် ၁၅၁
ဥပါဒါန်လေးပါး ၁၃၃၊၂၂၁
ဥစ္ဆေဒဝါဒ ၇ မျိုး ၁၃၉
ဥစ္ဆေဒဝါဒီ ၁၀၄၊၁၉၂

'ဧ'

ဧကစ္စသဿဘဝါဒလေးမျိုး ၁၃၅
ဧဝံမေသုတံ ၁၁

'ဩ'

ဩဃလေးဖြာ ၂၈၃
ဩဂ္ဂာကမင်းကြီး ၁၃၊၂၀၊၂၁